မန္တလေးမြို့

မြန်မာ့ကြားပင့်ပတ်သာသနာပြုအဖွဲ့ချုပ်

မှ 138

မဟာသတိပဋ္ဌာန်ပင့်ပတ်လုပ်ငန်းစဉ်

# တရားတော်ဟောစဉ်ကျမ်း

## တတိယတွဲ

မူပိုင်



ကျမ်း ၈၁

မြန်မာ့ကြားပင့်ပတ်သာသနာပြုရိပ်သာ
မင်္ဂလာဥယျာဉ်ရပ်-အရှေ့ပြင်
မန္တလေးမြို့

ပထမတွဲ – အုပ်ရေ (၃၀၀၀)

ဒုတိယတွဲ – အုပ်ရေ (၃၀၀၀)

တတိယတွဲ – အုပ်ရေ (၃၀၀၀)

ရိုက်နှိပ်ဖြန့်ချိပါသည်။

စာကြည့်တိုက်
ပိဋကတ်ဘာသာပြန်စာပေ
ပြန့်ပွါးရေးအဖွဲ့
မန္တလေးမြို့

ဓမ္မစကြာ ပဋိပတ်သာသနာပြု အဖွဲ့ချုပ်

မှ

## မဟာသတိပဋ္ဌာန် ပဋိပတ်လုပ်ငန်းစဉ်

# တရားတော်ဟောစဉ်ကျမ်း

တတိယတွဲ

မူပိုင် ☆ ကျမ်းစာ

သာသနာ့ဘောင်တွင်းအားကြီးပွါးရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး - ရန်ကုန်။

ဓမ္မစကြာ ပဋိပတ် သာသနာပြုရိပ်သာ
မင်္ဂလာဥယျာဉ်ရပ် - အရှေ့ပြင်
မန္တလေးမြို့။



ကျေးဇူးရှင် ဓမ္မစကြာ မူလမဟာနာယက ဆရာတော်ဘုရား။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အကြောင်းပြန်ဒါန်း | ၁ |
| ၂။ | အာနာပါန ဒုတိယတံခါးနေပုံ၊ ပုံစံနံပါတ် (၂၀) ဟောစဉ် | ၃ |
| ၃။ | ဒုတိယတံခါး ရုပ်နာမ်ပေါ်ထွက်ပုံ၊ ပုံစံနံပါတ် (၂၁) ဟောစဉ် | ၂၆ |
| ၄။ | မီးခွတ်လေးပါးပေါ်ပုံ၊ ပုံစံနံပါတ် (၂၂) ဟောစဉ် | ၃၇ |
| ၅။ | သဘာဝမှ နှလုံးအိမ်နေပုံ၊ ပုံစံနံပါတ် (၂၃) ဟောစဉ် | ၄၉ |
| ၆။ | ကာသသုံးပါး ရုပ်နာမ်ပေါ်ထွက်ပုံ၊ ပုံစံနံပါတ် (၂၄) ဟောစဉ် | ၆၆ |
| ၇။ | ပရိပါစကမီးခါတ်နေပုံ ပုံစံနံပါတ်(၂၅)ဟောစဉ် | ၇၅ |
| ၈။ | ဥဒယဗ္ဗယနာမက္ခန္ဓာပေါ်ပုံ၊ ပုံစံနံပါတ် (၂၆) ဟောစဉ် | ၉၇ |
| ၉။ | သန္တတိပညတ်ရိပ်နေပုံ၊ ပုံစံနံပါတ် (၂၇) ဟောစဉ် | ၁၂၉ |
| ၁၀။ | ဣရိယာပထ လုပ်ငန်းစဉ်နေပုံ၊ ပုံစံနံပါတ် (၂၈) ဟောစဉ် | ၁၅၀ |
| ၁၁။ | ဓာတုမနသိကာရအပိုင်း သဘာဝနေပုံ၊ ပုံစံနံပါတ် (၂၉) ဟောစဉ် | ၁၆၈ |

( ခ ) မာတိကာ။


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၂။ | မာတုမနသိကာရလုပ်ငန်းစဉ်နေပုံ၊ ပုံစံနံပါတ် (၃၀) ဟောစဉ် | ၁၉၈ |
| | **အသမ္မောဟ သမ္ပဇညအပိုင်း။** | |
| ၁၃။ | အသမ္မောဟ သမ္ပဇည(၇)ပါးနေပုံ၊ ပုံစံနံပါတ် (၃၁) ဟောစဉ် | ၂၄၄ |
| ၁၄။ | သမ္ပဇညအပိုင်း၊ သတိပဋ္ဌာန် ပုံစံနံပါတ် (၃၂) ဟောစဉ် | ၂၈၂ |
| ၁၅။ | ပဋိကူလမနသိကာရအပိုင်း ပုံစံနံပါတ် (၃၃) ဟောစဉ် | ၂၉၀ |
| ၁၆။ | ပဋိကူလမနသိကာရခန္ဓာပေါ်ပုံ ပုံစံနံပါတ် (၃၄) ဟောစဉ် | ၂၉၉ |
| ၁၇။ | အကျိုးပစ္စုပ္ပန်နာမပညတ် ပုံစံနံပါတ် (၃၅) ဟောစဉ် | ၃၃၃ |
| ၁၈။ | သတိပဋ္ဌာန်အနုသယဓမ္မက္ခန္ဓာ ၂-ပါးငြိမ်းပုံ၊ ပုံစံနံပါတ် (၃၆) ဟောစဉ် | ၃၅၁ |
| ၁၉။ | စိတ္တာနုပဿနာ သတိပဋ္ဌာန်ဝင်ပုံ၊ ပုံစံနံပါတ် (၃၇) ဟောစဉ် | ၃၈၁ |
| ၂၀။ | ပစ္စုပ္ပန်ခဏပေါ်ထွက်ပုံ ပုံစံနံပါတ် (၃၈) ဟောစဉ် | ၃၉၂ |
| ၂၁။ | အာရမ္မဏိကခန္ဓာချုပ်ငြိမ်းပုံ၊ ပုံစံနံပါတ် (၃၉) ဟောစဉ် | ၃၉၄ |
| ၂၂။ | အရဟတ္တမဂ်ဉာဏ်ပေါ်ပုံ ပုံစံနံပါတ်(၄၀) | ၄၀၁ |

# အကြောင်းပြန်ဒါန်း။

ရှင်တော်မြတ်ဘုရား ဝါတော်နှစ်ဆယ် ပြည့်မြောက်တော်မူပြီးမှ ကမ္ဘာသ ဓမ္မနိဂုံး၌ တဏှာ စရိတ မန္ဒပုဂ္ဂိုလ်၊ တဏှာ စရိတ တိက္ခပုဂ္ဂိုလ်၊ ဒိဋ္ဌိ စရိတ မန္ဒပုဂ္ဂိုလ်၊ ဒိဋ္ဌိ စရိတ တိက္ခပုဂ္ဂိုလ် ဤသို့စသည်ဖြင့် ကုရုတိုင်းသား လေးပါးသော ပရိသတ်တို့အား စရိုက်နှင့်လျော်ညီစွာ လုပ်ငန်းစဉ်ထား၍ ဟောကြား ဖွင့်ပြတော်မူခဲ့ပြီးသော မဟာသတိပဋ္ဌာန သုတ်တော်မြတ်ကြီးကို....

"ကျေးဇူးရှင် ဓမ္မာစရိယ မူလနာယက ဆရာတော်ဘုရားကြီး" ကိုယ်တော်တိုင် မန္တလေးမြို့ဆင်တံတားရပ်နေ အောင်မြန်မာညွန့် သိမ်စက်ပိုင် ဤရိပ်သာကြီးကို ဆောက်လုပ် လှူဒါန်း ကိုးကွယ် ဆည်းကပ်ရန် အဓိဋ္ဌာန်ပြုခဲ့သည့်နေ့မှစ၍ ယနေ့ယခုတိုင်အောင် ပင် ပန်ဆည်းဆေးပါး ဒါယကာဖြစ်ပါပေသော "ကျောင်းတကာ ဦးကိုကြီး - ကျောင်း အမ ဒေါ်ကြည်ကြည်" သမီး "တင်တင်ဦး"တို့၏ ပါရမီရိပ်ကြီး တည်းဟူသော ဤဓမ္မစကြာ ပဋ္ဌိပတ်သာသနာပြုရိပ်သာကြီးတွင်....

ဓမ္မဓိဋ္ဌာန်အနေအားဖြင့် ပဋိပတ္တိဓမ္မဖြစ်တဲ့ ဤသင်တန်းပေး ဟောစဉ်ကျမ်း၏ သဘာဝကို " သုတ္တန္တ ဘာဇနီယ" နည်းဖြင့်ရင် သုဒ္ဓဝိပဿနာယာနိက လမ်းစဉ်ကြီး အဖြစ်ဖြင့် သံဃာတော် အရှင်မြတ်များနှင့်တကွ သီလရှင် ယောဂီတို့ပါ အန္တေဝါသိက တပည့်အပေါင်းတို့အား မဂ်ဖိုလ်ရရာရကြောင်း ကောင်းမြတ်သော ကျင့်စဉ်လမ်း ပဋိပတ်တရား လုပ်ငန်းစဉ် တရားတော်များကို ဟောကြားဖွင့်ပြ ဆိုဘုမ္မပြီး ချီးမြှင့်တော်မူသွားသည့် အတိုင်း....

မဟာသတိပဋ္ဌာန် ပဋိပတ် လုပ်ငန်းစဉ် တရားတော်မြတ်ကြီး၏ ဤဟောစဉ်ကျမ်းကို လောကုတ္တရာတရား ကိုးပါးအား လျော်သော ဝိပဿနာဉာဏ် ၁၀-ပါး လုပ်ငန်းစဉ် ပဋိပတ် ဓမ္မစကြာ, အနတ္တလက္ခဏသုတ်, မဟာသတိပဋ္ဌာန် တရားခေတ် အကျင့်မြတ်တို့ဖြင့် သီတင်းသုံး မွေ့လျော်တော်မူကြကုန်သော "ဝန်ဆောင်သံဃာတော်များအဖွဲ့" မှ ကြီးမှူးတော်မူကြလျက် ကျေးဇူးရှင် ဓမ္မစကြာ မူလနာယက ဆရာတော် ဘုရားကြီး၏ ၄-နှစ် ၄-မိုးတိုင်တိုင် ဤရိပ်သာကြီးတွင် ဟောကြားပြသ ဆုံးမချီးမြှင့်တော်မူသွားသည့် တရားတော်များကို ဖေါ်ထုတ်ရေး, ပေါ်ထွက်ရေး, ကိန်းဝပ်တည်ရှိရေး တည်းဟူသော မူဝါဒအားဖြင့် တာဝန်ယူ ဆောင်ရွက်တော်မူခဲ့ကြရာ....

ပဌမတွဲ အားဖြင့် ရုပ်နာမ်ပိုင်းကဏ္ဍ၊ ဒုတိယတွဲ အားဖြင့် ခန္ဓာပိုင်းကဏ္ဍတို့ကို ရိုက်နှိပ်ထုတ်ဝေခဲ့ပြီး၍ ယခု တတိယတွဲ ပဋိစ္စ သမုပ္ပါဒ် အပိုင်းကဏ္ဍ အနေအားဖြင့် ရိုက်နှိပ်ထုတ်ဝေ အပ်ပြီ ဖြစ်ပါသောကြောင့်....သုံးဖွဲ့အစု အပေါင်းပြု၍ စည်းလုံး ညီညာ သဒ္ဓါပန်းဖြာကြကုန်သော ဖေါ်ထုတ်ရေး, ပေါ်ထွက်ရေး, ကိန်းဝပ်တည်ရှိရေး တည်းဟူသော ကံကျိုးတူဆုံ ကျွတ်ခွင့်ကြုံသဖြင့် ပါရမီအစုံ ဘာဂီအဟုန်ပင့်ခံမြှောက်လျက် ပါရမီရှင် သူတော်စင် အပေါင်းတို့၏ မနောဖြူဖြူနဲ့ သဘောတူ အားလုံး အတူတူ မဟာသတိပဋ္ဌာန်ကျေးဇူး ဉာဏ်ဆောင်မြူးကာ ပစ္စယာနုဂ္ဂဟာ ဓမ္မာနုဂ္ဂဟာ တို့ဖြင့်ရင် ဤသင်တန်းပေး ဟောစဉ်ကျမ်း တစောင်ကို အပြီးသို့တိုင် အောင်မြင်စွာ ရိုက်နှိပ်ထုတ်ဝေလိုက် ပါသတည်း။

ပုံစံနံပါတ် (၂၀)





မဟာသတိပဋ္ဌာန်ပဋိပတ်လုပ်ငန်းစဉ်

# တရားတော်ဟောစဉ်ကျမ်း

## တတိယတွဲ

ဝေါ်သလင်းလဆန်း ( ၂ ) ရက် နေ့ဟောစဉ်။

## ပုံစံနံပါတ် (၂၀)

ဒုတိယတံခါးဖြစ်တဲ့ ငယ်ထိပ်ဦးခေါင်းကျောက်မှာ ဘယ်မီးခါတ်ရှိသလဲ၊ သန္တပ္ပနမီးခါတ်ရှိတယ်၊ သန္တပ္ပနမီးခါတ်ဆိုတာ ဘာကိုခေါ်သလဲ၊ ဒါကိုပဋ္ဌမကဏ္ဍသင်တန်းတုံးက ရှင်းပြခဲ့ပြီ၊ဒီတော့ သန္တပ္ပနမီးခါတ်ဆိုတာ ဘာကိုခေါ်သလဲ၊ ပြင်းစွာပူလောင်တဲ့မီးခါတ်ပါ၊ ဒါကတကာမကြီးတွေအတွက် ပြောလိုက်တာပါ၊ ဒီတော့ သန္တပ္ပနမီးခါတ်မှာ အဖျက်မီးခါတ်နဲ့ အဖြစ်မီးခါတ်ဆိုပြီး ၂-မျိုးရှိတယ်၊ ဒီတော့ အဖျက်သန္တပ္ပန မီးခါတ်ကျတော့ တောက်လောင်လိုက်တဲ့ သဘောပါ၊ အခု ဒုတိယတံခါးဖြစ်တဲ့ ငယ်ထိပ် ဥကျောက်အိမ်မှာရှိတဲ့ သန္တပ္ပန မီးခါတ်ကျတော့ အောက်ကပရိပါစကမီးခါတ်နဲ့ ဥသမမီးခါတ်တွေနဲ့ ဆက်လိုက်တဲ့အခါမှာ မီးလေးတွေဟာလက်လာတယ်၊ ဒါဟာသညာလေးတွေပေါ်လာတာပါ၊ ဒါကို အဖြစ်သန္တပ္ပနမီးခါတ်လို့ ခေါ်တယ်။

သန္တပ္ပန အဖျက်မီးခတ်ကျတော့ ဇမီးခတ်လောင်မြိုက် လိုက်တဲ့အခါမှာ ဆံဖြူ ခါးကိုင်း နားထိုင်းသွားကျိုးပြီး အဖျား ရောဂါတွေဖြစ်လာတာကို အဖျက်သန္တပ္ပန မီးခတ်လို့ ခေါ် တယ်၊ ဒါကိုနားလည်ပြီလား၊ ဒီမီးခတ်ဟာ အရေးကြီးပါ တယ်၊ ဒီတော့ အာနာပါနတရားကို အားထုတ်တဲ့အခါမှာ ဒီသန္တပ္ပနမီးခတ်ကို ပေါက်သွားရင်ဘဲ ကျောက်နဂါးမီးခတ် မှာ ခေါင်းပိုင်းအနေနဲ့ ရလာပြီ၊ဒီကျောက်နဂါးမီး ခတ်ကြီးကို ဘယ်ပုဂ္ဂိုလ်မှ မပယ်နိုင်ပါ၊ ဒီတော့ ဘိုးဘိုးကြီး, ဘဘကြီးစတဲ့ အင်းဆေးမှော် စမ ဗေဒင်ကိန်းခန်း ဆေးပညာတွေ ဖြစ်တဲ့ လောကီပညာရပ်ဘတွေဟာလဲ ဒီကျောက်နဂါးမီးခတ်ကို မပယ် နိုင်ပါ၊ ဒါကြောင့် ဒီမီးခတ်ကို သိအောင်အားထုတ်ပြီး ပေါက် အောင်ကြိုးစားရမယ်။

ဒီတော့ဘယ်ဆရာတွေမဆို အသိတိခတ် ( ၈၀ ) ကိုအမှီ ပြုပြီးတော့ ဗေဒင်ကိန်ခန်းတွေကို အားထုတ်နေရတယ်၊ ဒီတော့ ကျောက်နဂါးမီးခတ်ကြီးကို ပေါက်ရောက်ရင်ဘဲ ဘုန်းတန်ခိုး တွေဟာ တောက်လာတော့မယ်၊ ကိုင်း ဒီသန္တပ္ပန မီးခတ်ကို တွေ့အောင် ဘယ်လိုအားထုတ်ရမလဲ။

ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာ နာတိ၊ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာ နာတိ၊ ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာ မီတိ ပဇာနာတိ။

ဆိုပြီးဘုရားရှင်ဟောကြားခဲ့ပါတယ်၊ ဒီတော့ အာနာပါန တရား ထွက်လေဝင်လေကနေပြီး ဒီမီးခတ်ကိုရှာရမယ်၊ ဒီက

နေပြီး ထွက်လာတဲ့ရုပ်နာမ်မှ ပရမတ်ရုပ်နာမ် ဖြစ်ပြီးတော့ တန်ဘိုးရှိလာမယ်။

ဒီတော့ ကျောက်နဂါးအသားတွေကို စားချင်ကြလို့ တရားတွေကို ရှာနေကြရတယ်၊ ဒီတော့ ပဒုံပါစကမီးခါတ်, ဥဿမ မီးခါတ်, သန္တပ္ပနမီးခါတ်, ဥဟမီးခါတ်-ဒီမီးခါတ် ၄-ပါးကို ကျောက်နဂါးမီးခါတ်လို့ခေါ်တယ်၊ အချုပ်မှာ ဒီမီးခါတ် ၄-ပါးပေါက်အောင်လို့ တရားအားထုတ်နေကြတာပေါ့၊ ဒီမီး ခါတ် ၄ ပါးပေါက်သွားရင် ရဟန္တာကြီးဖြစ်သွားပြီ၊ ဒီမီးခါတ် ၄-ပါးကို ကျောက်နဂါးမီးခါတ်လို့ခေါ်တယ်၊ ဒီတော့လောကီ ပညာရပ်တွေကျတော့ တကိုယ်တခါး အထိသာပေါက်တယ်၊ မီးခါတ်အကုန်လုံး မပေါက်ပါ၊ဒီတော့ကျောက်နဂါးအသားကို စားမလားလို့ တရားရှာခဲ့တာဟာ သပ္ပုရိသူပနိဿယနဲ့ မတွေ့ခဲ့ကြလို့ အဲဒါအသက်ဆုံးပြီး နောက်ဆုံး ဥဩဘုံကြီးတဲ့ သာလည်ကြရပြန်တယ်။

ဒါ့ကြောင့်....

ကျောက်နဂါးဟု၊ ကျော်ကြားလူတွင်၊ ထိုခါတ် ရှင်ကို၊ လိုချင်ကြ၍၊ နေ့ညကြိုးစား၊ ရှာကြငြားလည်း၊ တရားခါတ်ထူး၊ မရဘူး၍၊ အရှုံးပမာ၊ အရွာရွာတွင်၊ ပညာရှင်များ၊ ခါတ်တရားကို၊ စားရှိုးရှိုး အားထုတ် ကြိုးလည်း၊ အဘိုးကြီးဘ၊ အိုကုန်းကွနှင့်၊ သေရသည် သာ၊ ဆက်ခါသားမြေး၊ မျှော်ဆတွေးလည်း၊ အရေး မလှ၊ ရက်လနှစ်ကုန်၊ စရိတ်ကုန်နှင့်၊ ဆန်-စုန်-အောက် ထက်၊ တောင်ထက်တောင်အောက်၊ တူးဖေါက်ဖွေရှာ၊ သပြာငွေသား၊ ဝတ်စားရွှေငွေ၊ ကျေးကျွန်တွေကို၊

မထေလေးစား၊ စုန့်ငယ်ထား၍၊ ရုပ်နာမ်သောက၊ နိဗ္ဗာန
ဟု၊ အားကျမာန်ပါ၊ ပြုလုပ်ခါဖြင့်၊ မဟာဥဿာဟ၊
အားထုတ်ကြသည်၊ များလှရှင်လူ၊ စိတ်ငေက်ပူ၍၊ ဟိုက်ရှူ
ပင်ပန်း၊ အမှန်းမသိ၊ ပြုမိပြုရာ၊ ဝါသနာကြောင့်၊
ဗြဟ္မာမင်းစစ်၊ ငက်ကြီးဖြစ်သို့၊ ညစ်ညစ်မွဲတေ၊ သေ
ရလေ၏....။

လို့ တရားပိုင် ဓာတ်ပိုင်ကြသော ပုဂ္ဂိုလ်ကြီးမှ၊ မိန့်ဆိုခဲ့ကြ
ပါတယ်၊ ဒါ့ကြောင့် ဒီမီးခတ်ကြီးပေါက်အောင် ကြိုးစား
ကြပါ။

ကိုင်း-ဒီတော့ အသက် (၁၀) နေရတဲ့ပုဂ္ဂိုလ်ဟာ မီးခတ်
ပြည့်အောင် နေရဘယ်လို့ခေါ်ဘယ် ၊ဒီပုဂ္ဂိုလ်သေတဲ့အခါမှာ
ရေနံဆီခန်း မီးစာကုန်လို့သေတဲ့ အသေမျိုးပါ၊ (၀၁)အသက်
ရော ကံပါကုန်လို့ သေရတဲ့အသေမျိုးပါ၊ ဒီပုဂ္ဂိုလ်သေရင်
ကောင်းရာသုဂတိကို ရောက်နိုင်တယ်လို့ ပိဋကတ်ကပြလာတယ်
ဒီတော့ ဒီသန္တပ္ပနမီးခတ်ကို ဖွင့်တဲ့အခါမှာ ပင်ပင်ပန်းပန်း
နဲ့ဖွင့်ရပါတယ်၊ ဒီမီးခတ်ပေါက်သွားရင်ဘဲ အင်း၊ ဆေး၊ မှော်၊
စမ စတဲ့လောကီပညာရပ်တွေဟာ ထိုပုဂ္ဂိုလ်ရဲ့လက်ထဲကိုရောက်
လာပြီ၊ ဒါကြောင့် ဒီမီးခတ်ပေါက်အောင် ကြိုးစားကြပါ၊
ကိုင်းဒါက သန္တပ္ပနမီးခတ်ရဲ့တန်ခိုး ဣဒ္ဓိပါဒ်ကို ဖေါ်ပြလိုက်
တာပါ။

ကိုင်းဒီနေ့ ဒီသန္တပ္ပနမီးခတ်ကို တွေ့အောင် ဘယ်လိုရှာမလဲ၊
ဒီတော့ ကြိုတင်ပြီးတော့ ပြောထားမယ်၊ ဒီသန္တပ္ပနမီးခတ်ကို
တွေ့မယ်ကြံရင် သဏ္ဌာန် အရိပ် နိမိတ် လက္ခဏာတွေဟာ ပေါ်
လာလိမ့်မယ်၊ ဒီနိမိတ်တွေ ပေါ်လာရင်ဘဲ သန္တပ္ပနမီးခတ်ကို
တွေ့တော့မယ်၊ ဒီသဏ္ဌာန် အရိပ် နိမိတ် လက္ခဏာတွေဟာ

သန္တပ္ပနမီးခွက်ကိုတွေ့မှ ပညတ်ရိပ်တွေပါ၊ ဒီတော့ဆက်သေ ဝင်လေကို ရှုမှတ်ပါများလာတော့ သဏ္ဍာန် အရိပ် နိမိတ် လက္ခဏာတွေဟာ အကြည်ခွက်မှာ ပေါ်လာတော့တယ်။

ကိုင်း သဏ္ဍာန်ဆိုတာဘာကိုခေါ်သလဲ၊ပြောပြမယ်၊သဏ္ဍာန် ဆိုတာမှာပညတ်သဏ္ဍာန်, ပရမတ်သဏ္ဍာန် ဆိုပြီး ၂-မျိုးရှိတယ်၊ ပညတ်သဏ္ဍာန်ဆိုတာက အတို့,အရှည်,အပု,အဝိုင်း, အလုံး,အခုံး, အပြား, အတွဲ့, အရှဲ့, အစောင်း ယောကျ်ားသဏ္ဍာန် မိန်းမ သဏ္ဍာန် စသည့်သဏ္ဍာန်မျိုးကို ခေါ်တယ်၊ ဒီတော့ အရှည်လို့ ပြောတာသည်ပင်အတိုကို ထောက်ပြီးတော့ပြောတာပါ၊ထောက် ထဲ့သဘောက ဝိညာဏ်သဘော၊မြော်တဲ့သဘောက (ဝါ) ပေါ် တဲ့သဘောက သညာသဘောပါ၊ ဒီတော့ အရှည်လို့ထွက်လာ တဲ့သဘောမှာကို အတိုဆိုတဲ့အနေနဲ့ ဝိညာဏ်ရိပ်လေး ဟာပေါ် လာတယ်၊ဒါကြောင့် သညာဝိညာဏ်တို့ရဲ့ ဗျာပါရကထွက်လာ တာဖြစ်ခြင်းကြောင့်သဏ္ဍာန်လို့ခေါ်တယ်။

ပရမတ်သဏ္ဍာန်ဆိုတာက ဘယ်ဟာသဲ၊ သူ့ကျတော့သညာ ဝိညာဏ်နဲ့ မဆိုင်တော့ပါ၊ သဘာဝအားဖြင့် တည်းတည်း (ဒိုးဒိုး) လေး ပေါ်ထွက်နေတာကိုခေါ်တယ်၊ ဒီတော့ ဓမ္မာ စရိယတွေ့အတွက် ပြောပြအုံးမယ်၊ သဏ္ဍာနဟာ တည်ခြင်း အနက်ကို ဟောပါတယ်၊ သူကသဘာဝလေးအနေနဲ့ ပေါ်နေ တာပါ၊ တစုံတခုသော ပုဒ် ပစ္စည်းတွေနဲ့ ပေါ်လာတာမဟုတ် ပါ သူ့သဘာဝအနေနဲ့ ပေါ်လာတာပါ၊ ဒါကို သဏ္ဍာန တည်တဲ့သဘောလို့ ပြောတာပါ၊ဒါဟာ သစ်တသောကကြီးမှာ ပေါ်ထွက်နေတဲ့သဘောပါ၊ ဒါဟာ အာနာပါနတရားကို အား ထုတ်တဲ့ပုဂ္ဂိုလ်ရဲ့နှလုံးအိမ်မှာ ပရမတ်ရုပ်နာမ်အဘုံးလေးဟာ ပေါ်ထွက်နေတဲ့သဘောပါ၊ ဒါဟာ ပဌမဘုံခါးထဲက ပေါ်ထွက်

နေ့တာပါ၊ အဲဒါ အကြည်ဓာတ် ၅-ပါးမှာကို ပရမတ်ရုပ်နာမ် လေး ထင်နေတာကို သဏ္ဌာန်လို့ ခေါ်တာပါ။

ဥပမာ... ကြေးမုံပြင်ရဲ့ ရှေ့မှာ ရပ်လိုက်တဲ့အခါ ကြေးမုံပြင် အကြည်ထဲမှာ မိမိရဲ့ အသွင်ရုပ်ဟာ ပေါ်နေသလိုဘဲ၊ အခုလဲ အကြည်ဓာတ်၅ပါးထဲမှာကို သဏ္ဌာန်လေးဟာပေါ်နေပြီ၊ ဒါဟာ သညာဥာဏ်လုပ်ကြံလို့ ထွက်လာတာမဟုတ်ပါ သူ့သဘာဝ အတိုင်း အကြည်ဓာတ်မှာကို ပေါ်လာတာပါ၊ ဒါဟာ ဘယ် မှာဘဲကြည့်ကြည့် ပေါ်နေပြီ၊ (ဥပမာ) ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ကို စီးဖြန်းနေတဲ့ပုဂ္ဂိုလ်ဟာ မိမိကြည်ညိုတဲ့ ဘုရားကို အာရုံပြု လိုက်တဲ့အခါမှာ ဘုရားပုံတော်ကို မြင်နေရသလိုဘဲ၊ အခုလဲ အကြည်ဓာတ်မှာကို ပေါ်နေပြီ၊ ဒီတော့ အခု ဒုတိယတံခါး မှာကို ဒီသဏ္ဌာန်ကနေစပြီး ဆွဲရတယ်။

ကိုင်း...သဏ္ဌာန်ကိုတွေ့ရင် အရိပ် နိမိတ် လက္ခဏာ ဆိုတာ ဘာကိုခေါ်သလဲ၊ ဒီတော့ သဏ္ဌာန်ဆိုတာဟာမျက်စေ့အကြည် ထဲမှာ တည်နေတဲ့သဘောကို ခေါ်တာပါ၊ ဒါဟာမျက်စေ့နဲ့ ဖွင့်ပြီးကြည့်တဲ့အခါမှာ မြင်ရသလို မျက်စေ့မှိတ်လိုက်တဲ့အခါ မှာလဲ မပျောက်တော့ဘဲ ပေါ်နေပြီ၊ ဟိုဘက်ဒီဘက်ကိုကြည့်တဲ့ အခါမှာလဲ ပေါ်နေပြီ ဘယ်ဘက်ကိုဘဲကြည့်ကြည့် မပျောက် တော့ပါ အမြဲပေါ်နေပြီ၊ ဒီလိုပေါ်နေရင် သဏ္ဌာန်ဟာ ပေါ် နေပြီ ဒါဟာ တကဲ့ပရမတ်အစစ်မဟုတ်သော်လဲ ပရမတ်ရုပ်နာမ် ထွက်မဲ့သဘောဖြစ်လို့ ပရမတ်သဏ္ဌာန် တည်တဲ့သဘောလို့ ယူလိုက်ပါ နားလည်ပြီလား၊ နားလည်ရင် အရိပ် နိမိတ် လက္ခဏာဆိုတာ ဘာကိုခေါ်သလဲ၊ ဒါတွေကိုလဲရှာရအုံးမယ်၊

# ညဟောစဉ်။

အခု ဒုတိယတံခါးဟာ အရေးကြီးပါတယ်၊ ဒီတော့ ပရိပါစကမီးခတ်, ဥသဓမီးခတ်, သန္တပ္ပနမီးခတ်တို့ဟာ အရေးကြီးတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတောင်မှ ဒီမီးခတ် ၃-ပါးပေါက်ပြီး လောကအမြုတေကြီးကို ဆောင်တော်မူတယ်၊ ဒီတော့ အခု ဒုတိယတံခါး သန္တပ္ပနမီးခတ်ဟာ အရေးကြီးတယ် ဒီမီးခတ် မပေါက်ကြလို့သာ ဒီမီးခတ် ပေါက်ရင် လောကီရော လောကုတ္တရာပါ ပြည့်စုံလာမယ်၊ ဒီတော့ ဒီမီးခတ် ၄-ပါးကို ကျောက်နဂါးမီးခတ်လို့ ခေါ်တယ်၊ အခု အာနာပါနလုပ်ငန်းစဉ်ကို ဟောကြားလာတာဟာ ၅-ရက်ရှိသွားပြီ၊ ဒီနေ့ ငယ်ထိပ်ဦးကျောက်အိမ်ကြီးကို ဖွင့်ရတော့မယ်။

ဒီတော့ငယ်ထိပ်ဦးကျောက်မှာ သန္တပ္ပနမီးခတ်ရှိတယ်၊ ဒီမီးခတ်ဟာ အဖျက်သန္တပ္ပန မီးခတ်နဲ့ အဖြစ်သန္တပ္ပန မီးခတ်ဆိုပြီး ၂-မျိုးရှိတယ်၊ အဖျက်သန္တပ္ပနမီးခတ်ဆိုတာက အဲဒါ ဆံဖြူ ခါးကိုင်း နားထိုင်းသွားကျိုးစေသော ဖျားနာတာတွေကို ခေါ်တယ်၊ အဖြစ်သန္တပ္ပနမီးခတ်ကျတော့ အဆင်းနဲ့အကြည် ဆုံလိုက်တဲ့အခါမှာ မြင်မှု, ကြားမှု, နံမှု, လျက်မှု, ထိတွေ့မှုတွေဟာ ဦးကျောက်အိမ်မှာ ဖြစ်ပေါ်လာတာကို ခေါ်တယ်၊ ဒီတော့ ဒီသန္တပ္ပနမီးခတ်မပွင့်ကြလို့ တနေ့တခြား ရေနဲ့ငါး ပမာဖြစ်နေကြတာပါ၊ ဒီတော့ ဒီသန္တပ္ပနမီးခတ်ပေါ်အောင် အာနာပါနတရားကြီးနဲ့ရှာရတော့မယ်။

နားလည်ပြီလား၊ နားလည်ရင် ရှေ့ကိုတခါတက်ပြီး ပြောပြအုံးမယ်။

ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

လို့ ဟောကြားလာတဲ့အတိုင်း ဘုရားရှင်က ဒီသန္တပ္ပနမီးခွက် ဒုတိယတံခါးကို ဖွင့်မယ်ဆိုရင် လေရှည်လေတိုနဲ့ ဖွင့်ရမယ်လို့ ဟောကြားလာတယ်၊ ဘယ်လိုဖွင့်မယ်ဆိုတာကို နောက်ကျတော့ ရှင်းလာလိမ့်မယ်၊ ဒီတော့ ထွက်လေ ဝင်လေကို ရှုမှတ်ပါများလာတော့ ထွက်လေဝင်လေဟာ အပ်ချည်မျှင် လေးပမာ့ ဖလ်ချောင်းလေးပမာ နှာသီးဖျားနဲ့ နှုတ်ခမ်းဖျားအရပ်မှာကို ထင်လာပြီ၊ ဒီကနေ့ချုပ်နာမ်ကူးခဲ့ပြီမဟုတ်လား။

အခုဒုတိယတံခါးကျတော့ ထွက်လေဝင်လေကို ငယ်ထိပ် ဦးခေါင်းမှာထားပြီး မှတ်ရမယ်၊ ဒါဖြင့်ဘယ်လိုထားမလဲ၊ ပဌမတံခါးကို ဖွင့်ပြီးတဲ့ပုဂ္ဂိုလ်ကျတော့ထားတတ်လာပြီ၊ ပဌမတံခါးကိုတောင် အားမထုတ်ဘူးတဲ့ပုဂ္ဂိုလ်ကျတော့ မထားတတ်သေးပါ၊ ဒီတော့မိမိရဲ့ စိတ်ဝိညာဏ်လေးကို ငယ်ထိပ်ဦးခေါင်းမှာထားပြီး ထွက်လေဝင်လေကို မှတ်လာရင်ဘဲ အပ်ချည်မျှင်သေးပမာ့ ဖလ်ချောင်းလေးပမာ လေကြောင်းနိမိတ်လေးဟာ ပေါ်လာတော့မယ်၊ ဒီလိုပေါ်လာမှ အဲဒါ သဏ္ဌာန် အရိပ် နိမိတ် လက္ခဏာအနေနဲ့ သွင်းရမယ်၊ ဒီတော့လေကြောင်းနိမိတ်လေးကို ခွဲလိုက်တဲ့အခါမှာ သဏ္ဌာန် အရိပ် နိမိတ် လက္ခဏာအနေနဲ့ ခွဲရမယ်။

ဒီလိုနိမိတ်တွေကို ခွဲပြီးထင်လာမှ ကျောက်နဂါးမီးခဲတ်ကို တွေ့မယ်၊ ဒီတော့ ထွက်လေ ဝင်လေမှာကို လေကြောင်းနိမိတ် လေးဟာ ဖလ်ချောင်းလေးပမာ၊ အပ်ချည်မျှင်လေးပမာပေါ် နေတာကို သဏ္ဍာန် အရိပ် နိမိတ် လက္ခဏာအခနန့် ခွဲရမယ်၊ ဒါမှကျောက်နဂါးမီးခဲတ်ကိုတွေ့မယ်။

ကိုင်း....သာဓုခေါ်ကြပါတော့၊

သာဓု....သာဓု....သာဓု။

တော်သလင်းလဆန်း ( ၉ ) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၂၀)

ဒီ ဒုတိယတံခါးဟာ ခက်ပါတယ်၊ ဒီ ဒုတိယတံခါးဟာ ငယ်ထိပ် ဦးခေါင်းအိမ်က ဖမ်းရတယ်၊ ဒီ ဒုတိယတံခါး ငယ်ထိပ်ဦးခေါင်းမှာ သန္တာပွနမီးခတ်ရှိတယ်၊ ဒီ မီးခတ်ဟာ ကျောက်နဂါးမီးခတ်ကြီးပါ၊ ဒီမီးခတ်ကနေ ရုပ်နာမ်ကို ရှာရမယ်၊ ဒီ ဒုတိယတံခါးပေါက်သွားရင်ဘဲ ကျန်မီးခတ်ငွေ့ဟာ အလွယ်တကူနဲ့ ပေါက်လာပြီ ဒီတော့ ဒီ ဒုတိယတံခါး သန္တာပွနမီးခတ်ကို လုပ်ငန်းစဉ်ပေးကဲ့အခါမှာ....

ဒိဿံဝါ အဿာသန္တော ဒိဿံအဿာသာမီတိ ပဇာနာတိ၊
ဒိဿံဝါ ပဿာသန္တော ဒိဿံ ပဿာသာမီတိ ပဇာနာတိ၊
ရဿံဝါ အဿာသန္တော ရဿံ အဿာသာမီတိ ပဇာနာတိ၊
ရဿံဝါ ပဿာသန္တော ရဿံ ပဿာသာမီတိ ပဇာနာတိ။

ဆိုပြီး ဟောကြားလာတဲ့အတိုင်း အားထုတ်ရမယ်။

ဒီတော့ သန္တာပနမီးခတ်ကိုတွေ့တဲ့အခါမှာလဲ ဒွိဟိတ်ပုဂ္ဂိုလ်အနေနဲ့ မြင်တာကတမျိုး၊ တိဟိတ်ပုဂ္ဂိုလ်အနေနဲ့ မြင်တာကတမျိုးဆိုပြီး ၂-မျိုးရှိတယ်၊ ဒီတော့ ထွက်လေဝင်လေကို အားထုတ်လာလို့ လေကြောင်းနိမိတ်လေးတွေဟာ ဖယ်ချောင်းလေးပမာ အပ်ချည်မျှင်လေးပမာ ပေါ်လာပြီးနောက် သဏ္ဌာန်အရိပ် နိမိတ်သင်္ကေတတွေ ပေါ်လာတာကို မြင်လာမယ်၊ ဒီလို မြင်လာတာကို ဒွိဟိတ်ပုဂ္ဂိုလ် မြင်တာလို့ခေါ်တယ်၊ နောက် တိဟိတ်ပုဂ္ဂိုလ်မြင်တာကျတော့ ဒီ နိမိတ်တွေတွင် မရပ်သေးဘဲ

သက်တန့်ရောင်ကြီး ပေါ်လာတဲ့အထိ ပေါ်လာတယ်၊ (ဝါ) ပေါက်လာဘာယ်၊ ဒီကနေပြီးတော့မှ ဥက္ကောက်အိမ်ကနေ ရုပ်တရားနာမ်တရားတွေကို ဆင်ခြင်သွားတာက တိဟိတ်ပုဂ္ဂိုလ် မြင်တာလို့ ခေါ်တယ်။

ဒီတော့ ထွက်လေဝင်လေကို မှတ်လာလို့ လေကြောင်း နိမိတ်လေးကနေ သဏ္ဌာန် အရိပ် နိမိတ် လက္ခဏာ ပေါ်လာအောင် ဘယ်လိုရှုမလဲ၊ ဒါကိုမှတ်ချက်ယူရမယ်၊ ဒီတော့ သဏ္ဌာန်ဆိုတာဟာ အတို အရှည် အပု အဝိုင်း အလုံး အခုံး အပြား အတဲ့ အရှဲ့ အစောင်း ယောက်ျားသဏ္ဌာန် မိန်းမသဏ္ဌာန်စတဲ့ သဏ္ဌာန်တွေကိုလဲ သဏ္ဌာန်လို့ခေါ်တယ်၊ ဒီတော့ သဏ္ဌာန်ကို ပညတ်သဏ္ဌာန် ပရမတ်သဏ္ဌာန် (တနည်း) ရုပ်သဏ္ဌာန် နာမ်သဏ္ဌာန်ဆိုပြီး ၂-မျိုးရှိဘာယ်၊ ဒီတော့ ပညတ်သဏ္ဌာန် (ဝါ) ရုပ်သဏ္ဌာန်ဆိုတာဟာ အတို အရှည် အပု အဝိုင်း အလုံး အခုံး အပြား အတဲ့ ရှဲ့ အစောင်း ယောက်ျားသဏ္ဌာန် မိန်းမသဏ္ဌာန်စတဲ့ သဏ္ဌာန်တွေကိုခေါ်တယ်။

ဘာ့ကြောင့် ပညတ်သဏ္ဌာန် (ဝါ) ရုပ်သဏ္ဌာန်လို့ ခေါ်သလဲ၊ ဒီတော့ ထွက်လေ ဝင်လေကို အားထုတ်တဲ့အခါမှာ အပ်ချည်မျှင်လေးပမာ, ဖလ်ချောင်းလေးပမာ လေကြောင်း နိမိတ်လေးဟာထင်လာတယ်၊ ဒါဟာ မမြဲသေးပါ အဲဒါ ရှည်လိုက် တိုလိုက် စသည်ဖြင့် ပြုပြင်မှုသဘောတွေရှိနေသေးတယ်၊ ဒီလေကြောင်းနိမိတ်ကို ဖမ်းတဲ့အခါမှာ မငြိမ်သက်သေးပါ၊ အဲဒါ အမျိုးမျိုး ပြောင်းလွဲနေသေးတယ် ဒီလိုပေါ် ထွက်နေတဲ့ သဏ္ဌာန်ကျတော့ ရုပ်သဏ္ဌာန် (ဝါ) ပညတ်သဏ္ဌာန်လို့ ခေါ်

တယ်၊ ဒီနိမိတ်ကိုတွေ့တာနဲ့ ဟုတ်ပြီလို့ မယူပါနဲ့အုံး၊ ဒါက ရုပ် (ဝါ) ပညတ်သဏ္ဌာန်တွေပါ၊ ဒီကနေ ရုပ်နာမ်ကူးလို့ မရပါ။

နောက် နာမ်သဏ္ဌာန် (ဝါ) ပရမတ်သဏ္ဌာန်ကျတော့ (ဥပမာ) ကြေးမုံပြင်ရှေ့မှာ သွားရပ်လိုက်ရင် မိမိရဲ့အသွင် ရုပ်ဟာ ကြေးမုံပြင်အကြည်ထဲမှာ ထင်နေသလိုဘဲ ယခုလဲ စိတ်ဝိညာဏ်က ဆွဲထားတဲ့ အရိပ်လေးဟာ အကြည်ခာတ် ထဲမှာလာပေါ်နေတာကို ခေါ်တယ်၊ ဒါကျတော့ ပျောက်လဲ မပျောက်တော့ပါ ပြောင်းလည်းမပြောင်းလဲတော့ပါ၊ အဲဒါ ကိုယ်ကအလိုမရှိမှဘဲ ပျောက်သွားမယ် ဒီသိုကိုပေါ်နေရမယ်၊ ဒါကို နာမ် (ဝါ) ပရမတ်သဏ္ဌာန်လို့ခေါ်တယ်၊ ဒီလိုသဏ္ဌာန် ကို ၂-မျိုးခွဲလိုက်ပါ၊ ဒီလိုခွဲပြီးတော့မှ အဲဒါနာမ်သဏ္ဌာန်(ဝါ) ပရမတ်သဏ္ဌာန်ပေါ်လာမှ ဒီကနေ ငယ်ထိပ်ဦးကျောက်သန္တပ္ပန မီးခေါတ်ဖွင့်ပြီး ရုပ်တရားနာမ်တရားကိုရှာရမယ်။

ရှေ့တခါသွားပါအုံး၊ အရိပ်ဆိုတာဘာကိုခေါ်သလဲ ပြော ပြမှယ်၊ ဒါဟာအင်မတန်မှ သိမ်မွေ့ပါတယ်၊ ဒီအာနာပါနကို ပေါက်ရင် ကမ္ဘာသိအောင်ကျော်ကြားသွားတော့မယ်၊ ဒီအာ နာပါနတရားကြီးဟာ ပေါက်ရောက်တဲ့ ပုဂ္ဂိုလ်ကြီးတွေ လက် ကိုင်ထားတဲ့ အာနာပါနတရားကြီးပါ၊ ဒီတော့အရိပ်ဆိုတာဟာ ပဌမကဏ္ဍတုံးက အဆင်းလေးဟာ အကြည်ရိပ်ထဲမှာ ပေါ် လိုက်ပျောက်လိုက်နဲ့ အဆင်းလေးကိုဆွဲလာတယ်၊ အခုဒုတိယ တခါးကျတော့ အဲဒါမြင်လိုက် ပျောက်လိုက်အနေနဲ့ ဆွဲလာ တဲ့အဆင်းမျိုးမဟုတ်တော့ဘဲ မျက်စေ့အကြည်ထဲမှာ အစဉ် ပေါ်နေတဲ့ သဏ္ဌာန်လေးကို အရိပ်လို့ခေါ်တယ်၊ ဆိုလိုရင်းက

သွားသွဲလို့လာသင်ဘဲအဆင်း သွားမဆွဲတဲ့နဲ့ အကြည်ခေတ်ထဲမှာထင်နေတဲ့ အဆင်းဆိုပြီး ၂-မျိုးခွဲပါ။

ဒီတော့ ပဋ္ဌမကာဏ္ဍက မျက်ခေ့အကြည်လေးက သွားသွဲတဲ့အတွက် လာပေါ်နေတဲ့အဆင်းပါ၊ ဒါကသညာဝိညာဏ် လှည့်ပတ်တဲ့ ပညတ်သဘောပါ၊ အခုဒုတိယတံခါးကျတော့ အကြည်ခေတ်က သွားမဆွဲရတော့ဘဲ အကြည်ရိပ်ထဲမှာ လာပေါ်နေတာကို အရိပ်လို့ခေါ်တယ်၊ ဒါဟာ ဘယ်လောက်အဆင့်အတန်းမြင့်သလဲ၊ သူ့မှာသညာဝိညာဏ်ဆွဲတဲ့ ပညတ်အဆင်းက လွတ်ပြီးတော့ ပရမတ်သဘောထဲ ဝင်လာပြီ။

မှတ်ချက်။ ။အရိပ်ဆိုသည်မှာ အကြည်ခေတ်၌ အစဉ်ပေါ်နေသောပရမတ်အဆင်းရိပ်လေးကို ဆိုလိုသည်။

ဒီအရိပ်လေးဟာ ဘယ်လောက်တန်ဘိုးရှိသလဲ၊ ဒါဟာလောကီအဘိညာဉ်ကိစ္စထဲကို ဝင်သာတဲ့ကိစ္စလေးလို့ မှတ်လိုက်ပါ၊ ဒီလောကခိုင်မြဲတဲ့ နိမိတ်ကိုရလာတဲ့ပုဂ္ဂိုလ်တွေမှာ သာသနာပြုသွားနိုင်ကြပြီ၊ နောက်တခါနိမိတ်ဆိုတာ ဘာကိုခေါ်သလဲ ပြောပြမယ်၊ နိမိတ်ဆိုတာဟာ အကြောင်းတရားကို ခေါ်တယ်၊ ဒါဟာ အဆင်းနဲ့အကြည် ၂-ပါးဆုံလိုက်တဲ့ အခါမှာဒီထဲမှာပါလာတဲ့ သညာသဘောလေးကို နိမိတ်လို့ခေါ်တယ်၊ အဘိဓမ္မာနည်းနဲ့ပြောမယ်ဆိုရင် စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်,ဇိဝှါဝိညာဏ်, ကာယဝိညာဏ်-ဒီဝိညာဏ်လေး ၅-သုံးကို နိမိတ်လို့ခေါ်တယ်၊ ဒီသညာလေးတွေရှိလာမှ ပေါ်လို့ရတာပါ၊ ဒီတော့နိမိတ်ကို အကြောင်းလို့ခေါ်တယ်၊ အဆင်းကိုဆွဲတာလဲဒီသညာရဲ့ဗျာပါရကြောင့်ဆွဲတာဘဲ၊ အကြည်ခေတ်ထဲမှာပေါ်လာတာလဲ ဒီသညာရဲ့ဗျာပါရကြောင့်ဘဲ၊ ဒါကြောင့် သူ့ကိုနိမိတ်လို့ခေါ်တာပါ....။

မှတ်ချက်။ ။နိမိတ်ဆိုသည်မှာ အမြင်သဘောခေါ် သညာသိ သဘောကို ခေါ်သည်၊ ၎င်းသညာသည် စက္ခု အကြည်နှင့်အဆင်းတို့၏ ပေါင်းဆုံသော ဗျာပါရ ပင်ဖြစ်သည်။

ဒီတော့ လူများ မျက်တောင်ခတ်တာဟာ သညာပြဋ္ဌာန်း နေတဲ့အတွက်ကြောင့်ပါ၊ နတ်များကျတော့ မျက်တောင်မခတ် ပါ၊ သာ့ကြောင့်လဲ နတ်များမှာ ဝိညာဏ်ပြဋ္ဌာန်းတဲ့အတွက် ကြောင့်ပါ၊ နောက်တခါ လက္ခဏာဆိုတာ ဘာကိုခေါ်သလဲ၊ လက္ခဏာ-ဆိုတာမှတ်ကြောင်းသဘောပါ၊ ဒါဟာ ဝိညာဏ်သိမှု ကြီးလဲကျရော ဒါဟာယောကျ်ားဘဲ, ဒါဟာ မိန်းမဘဲဆိုပြီး ပညတ်နဲ့တကွ အာရုံကိုတင်ပြီး ဆွဲယူဆုံးဖြတ်နိုင်ခြင်းသည်လက္ခ ဏာလို့ခေါ်တယ်၊ ကိုင်းဒီတော့ သဏ္ဌာန်အရိပ် နိမိတ် လက္ခ ဏာ ဒီ-၄ ချက်တို့ကို သူ့ဟာနဲ့သူ ကွဲလာအောင် ခွဲနိုင်ရမယ်။

ဒီတော့သဏ္ဌာန်ကြောင်းနိမိတ်လေးဟာ ဘယ်နေရာက ထွက် လာသလဲ၊ ဘယ်ကျအောင် ဝင်သွားတယ်ဆိုတာကို အတိ အကျနဲ့ ဒီ ၄-ချက်ကို ကွဲပြားထင်ရှားလာအောင် ရှုရမယ်၊ ဒီတော့လေကြောင်းနိမိတ်လေးဟာ အပ်ချည်မျှင်လေးပမာ,ဖလ် ချောင်းလေးပမာ ပေါ်ရုံနဲ့ မရပ်ဘဲနဲ့ သဏ္ဌာန် အရိပ် နိမိတ် လက္ခဏာ ဒီ ၄-ချက်ပေါ်ပြီး တခုစီတခုစီ ကွဲပြားလာအောင် ရှုပါ၊ ဒီလိုရှုလို့ ကွဲပြားလာတော့မှ ဒီကနေ ရုပ်နာမ်ကိုပေါ် အောင်ရှုရမယ်။

ကိုင်း....သာဓုခေါ်ကြပါတော့။

သာဓု....သာဓု....သာဓု။

တော်သလင်းလဆန်း (၁၀) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၂၀)

ဒီတော့ ရဟန်းတရားဟာ အာနာပါနတရား ဖြစ်ပါတယ်၊ ဒီတော့ အာနာပါနတရားကို အပြင်းအထန်အားမထုတ်သော်လဲ စိတ်ဝိဘက် ငြိမ်းရှံလောက်တော့ အားထုတ်ရမယ်၊ ဒီလိုမှ အားမထုတ်ရင်ဒီရဟန်းဟာ မွေ့လျော်ခြင်း ၈-ပါးထဲမှာ ကျရောက်နေပြီ၊ ဒီတော့ ဒီအာနာပါနတရားကို အားထုတ်သင့်ပါတယ်၊ ကိုင်း....မဒန္ဒက သဏ္ဌာန်, အရိပ်, နိမိတ်, လက္ခဏာ ဒီ ၄-ချက်ကို ပြလိုက်ပြီ ဒီ ၄-ချက်ကို ကွဲရမယ်၊ ဒီနှစ်နယ်ကို အာနာပါန တရားခေတ်ကြီး ချီတဲ့အခါမှာ ဇရင်ကလိုမဟုတ်တော့ဘဲ အနည်းဆုံး ၁၀-ရက်လောက်လုပ်ငန်းစဉ်အနေနဲ့ ပေးသွားရမယ်၊ ဒီတော့ တကယ်အားထုတ်ရင် တကယ်ဖြစ်ပါတယ်၊ ဒီတရားတော်ကြီးဟာ ကိုယ်နှလုံးအိမ်ထဲမှာပင် သိထားလို့မရသေးပါ၊ သူများကိုလဲ တရားပေးရအုံးမှာဖြစ်ခြင်းကြောင့် ယခုလို ခွဲပြလာရတာပါ။

ကိုင်း သဏ္ဌာန်, အရိပ်, နိမိတ်, လက္ခဏာတို့ကို ခွဲပြခဲ့ပြီ၊ ဒီတော့ သဏ္ဌာန်ဆိုတာ ဘာလဲဆိုတော့ အဆင်းကိုခေါ်တာဘဲ၊ အဆင်းဆိုတာ အကြည်ခေတ်ကဆဲ့လို့ ရုပ်က ထွက်လာတဲ့အဆင်း, နာမ်ကထွက်လာတဲ့အဆင်း ဆိုပြီး ၂-မျိုးခွဲလိုက်ပါ၊ ဒီတော့ ရုပ်ကထွက်လာတဲ့အဆင်းဆိုတာက ရုပ်သဘောကနေ သဏ္ဌာန်ထွက်နေတဲ့သဘောကိုခေါ်တယ်၊ နောက် နာမ်ကထွက်လာတဲ့ အဆင်းဆိုတာက အကြည်ရိပ်ထဲမှာ ရှိနေတဲ့ (ဝါ) အကြည်ရိပ်ထဲမှာထင်နေတဲ့ အဆင်းရိပ်ခလေးကို ခေါ်တယ်၊

(ဥပမာ) ကြေးမုံပြင်ရှေ့မှာ ရပ်လိုက်ရင် မိမိရဲ့အသွင်ရိပ်ဟာ ထင်လာသလိုဘဲ၊ ဒီတော့ သဏ္ဌာန်ဆိုဘာက အဆင်းပါဘဲ၊ အဆင်းဆိုတာက သညာကနေ မှတ်တဲ့သဘောပါ၊ ဒီတော့ ဘယ်လိုမှတ်သလဲ၊ အဲဒါ အဖြူ-အနီ-အတို-အရှည် စသည်ဖြင့် မှတ်လာတဲ့သဘောပါ၊ ဒါဟာ သဏ္ဌာန်ဘဲ မဟုတ်လား၊ ဒါကို အဆင်းလို့ပြလာတာပါ။

ဒီတော့ သဏ္ဌာန်ဆိုဘာ အဆင်းဆိုတော့ သဏ္ဌာန်ဟာ ရုပ်က ထွက်လာတဲ့သဏ္ဌာန်, နာမ်ကထွက်လာတဲ့သဏ္ဌာန်ဆိုပြီး ၂-မျိုး ခွဲပါ ရုပ်ကထွက်လာတဲ့သဏ္ဌာန်ကျတော့ အတိုအရှည် စသည် ဖြင့် ဖြစ်ပေါ်နေတဲ့ သဘောကိုယူပါ၊ နာမ်က ထွက်လာတဲ့ သဏ္ဌာန်ကျတော့ အကြည်ရိပ်ထဲမှာပေါ်နေတဲ့ သဏ္ဌာန်မျိုးကို ယူပါ၊ ဒါဟာ (ဥပမာ) ကြေးမုံပြင်ရှေ့မှာ ရပ်လိုက်တဲ့အခါ မှာ မိမိရဲ့အသွင်ရိပ်ဟာ ကြေးမုံပြင် အကြည်ရိပ်ထဲမှာ ပေါ် နေတဲ့သဘောမျိုးပါ၊ ဒီတော့ ယခု ဒုတိယတံခါးမှာ အဆင့် အတန်းဟာ တက်လာပြီ၊ ဒီ ဒုတိယတံခါးကနေ သဏ္ဌာန်ကိုယူတဲ့ အခါမှာ အကြည်ရိပ်ထဲမှာ ပေါ်လာတဲ့သဏ္ဌာန်ကိုယူပါ၊ (ဝါ) နာမ်ကထွက်လာတဲ့သဏ္ဌာန်ကိုယူပါ။

ဒီတော့ အကြည်ခုံတံခါးမှာထင်လာတာဟာ သာမညနဲ့မထင် ပါ၊ အကြည်ခုံ ၅ ပါးလုံးက ဆွဲမှထင်တယ်၊ မျက်စေ့တခု ထဲက ဆွဲလို့မရပါ၊ ဒီတော့ ၅-ပါးသော အကြည်ခုံတံခါးက ဆွဲလာရင်ဘဲ စိတ်ဝိညာဏ်ဟာ ဘယ်ကိုဘဲသွားသွား နိမိတ်ဟာ မပျောက်တော့ပါ၊ မျက်စေ့အကြည်ခုံ တခုထဲက ဆွဲတဲ့ သဏ္ဌာန်ကျတော့ စိတ်ဝိညာဏ်ကလိုက်ပြီး ထိန်းနေရသေးတယ်၊ အဲဒါတခါတလေ ပျောက်သွားတယ်၊ အခု ၅ ပါးသောအကြည် ခုံတံခါးတွေက ဆွဲတဲ့ သဏ္ဌာန်ကျတော့ ဘယ်တော့မှ မပျောက်

တော့ပါ။ အမြဲပေါ်နေပြီ၊ ဒီထိအောင် ပေါ်ရမယ်၊ ဒီနိမိတ်ဟာ ထင်ဘို့မလွယ်ကူပါ။ ဒါက သဏ္ဌာန်နဲ့ အဆင်းတို့ရဲ့သဘာဝနေပုံပါ။

နောက် အရိပ်ဆိုတာက အကြည်ရိပ်သဘောပါ၊ ဒီတော့ အရိပ်ဆိုတာနဲ့ အကြည်ရိပ်ဆိုတာနဲ့ဟာ အတူတူဘဲ၊ အရိပ်ဆိုတာဟာလဲ ၅-ပါးသောအကြည်ဓာတ်ကိုခေါ်တာဘဲ၊ ဒါကိုနန်နန်ကဲ့အောင်ပြောပြအုံးမယ်၊ ဒီတော့ ဒီရိပ်ဟာ (ဥပမာ) မှန်ရိပ်၊ လူရိပ်၊ အသွင်ရိပ်ဆိုပြီးရှိတယ်၊ ဒီတော့ ကြေးမုံပြင်ရှေ့မှာလူသွားရပ်လိုက်ရင် ထိုပုဂ္ဂိုလ်ရဲ့အသွင်ရိပ်ဟာ ကြေးမုံပြင်အကြည်ရိပ်မှာ သွားပေါ်တယ်၊ ဒီတော့လူမှာလဲ လူရိပ်ရှိတယ်၊ ကြေးမုံပြင်မှာလဲဘယ်သူဘဲလာကပ်ကပ်ပေါ်မဲ့အကြည်ရိပ်ရှိဘယ်၊ နောက်ကြေးမုံပြင်အကြည်ရိပ်ထဲမှာ ပေါ်လာတာကျတော့ အသွင်ရိပ်လို့ခေါ်တယ်၊ ဒီအရိပ် ၃ ပါးကို နားလည်ရမယ်။

ဒီတော့ ပုဏ္ဏမထေရ်က အရှင်အာနန္ဒာကို ဟောတဲ့သုတ္တန်မှာ အဲဒါဘုရားရဟန္တာတွေအတွက် ကြေးမုံပြင်အကြည်ရိပ်ထဲမှာပေါ်တဲ့ အသွင်ရိပ်ဟာ မရှိတော့ပါ ။ ဒီလိုမရှိတဲ့အတွက် ကိလေသာတရားတွေ ကုန်ခန်းနေတာပါလို့ပြလာတယ်၊ ဒီတော့ အနတ္တကျတော့ အဆင်းရိပ်နဲ့ အကြည်ရိပ်ဆုံလိုက်တဲ့အခါမှာ အသွင်ရိပ်ဟာပေါ်လာဘယ်၊ ဒါကြောင့် ကိလေသာတွေဟာ ပွထလာတာပါ၊ အခုဒီနေရာမှာ အရိပ် (၀ါ) အကြည်ရိပ်ဆိုတာဟာ အကြည်ဓာတ်၅ ပါးကို ခေါ်ဘယ်၊ နောက်တခါ နိမိတ်ဆိုတာကျတော့ အကြောင်းလို့ခေါ်တယ်၊ ဒီတော့အဆင်းနဲ့အကြည်ဆုံတဲ့အခါမှာ ဘယ်သူကအဆုံခိုင်းတာလဲ၊ အမြင်ရိပ်သညာက ဆုံခိုင်းတာပါ။

ဒီတော့ နတ်များလူယောင်ဖန်ဆင်းတဲ့အခါမှာ မျက်တောင်မခတ်ပါ၊ ဘာ့ကြောင့်လဲ၊ အကြည်ရိုပ်မှာ သညာမပြဋ္ဌာန်းဘဲ ဝိညာဏ်ပြဋ္ဌာန်းနေတဲ့ အတွက်ကြောင့်ပါ၊ လူများကျတော့ အကြည်ရိုပ်မှာ သညာပြဋ္ဌာန်းနေတဲ့အတွက်ကြောင့် မျက်တောင်ခတ်တာပါ၊ ဒါဟာ အကြည်ခတ်ကဖမ်းနေတဲ့ သဘောပါ၊ ဒီတော့ နိမိတ်ဆိုဘာ အကြောင်း၊ အကြောင်းဆိုတာ အာရုံသဘော၊ ဒါဟာပဋ္ဌဝိညာဏ်နာမ်ခတ်လေးပါ၊ (ဝါ) သညာလေးပါ၊ဒါကိုအမြင်ရိုပ်ထဲ ထည့်လိုက်ပါ။

နောက် လက္ခဏာသဘောဆိုတာက မှတ်ကြောင်းအသိရိုပ် ဝိညာဏ်ကြီးကိုခေါ်တယ်၊ဒါကို နားလည်ရင် အာနာပါနတရား လုပ်ငန်းစဉ်ကိုသွားပါအုံး၊ "ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿ သာမီတိ ပဇာနာတိ" လို့ ဟောကြားလာတဲ့အတိုင်းထွက်လေဝင် လေကို ပွါးများလာတဲ့အခါမှာ မိမိရဲ့စိတ်လေးဟာ ငယ်ထိပ် ဥဏှောက်မှာထားပြီး ထွက်လေဝင်လေကို မှတ်သာတဲ့အခါ လေကြောင်း နိမိတ်လေးဟာပေါ်လာပြီ၊ ပေါ်လာရင် ဒီလေ ကြောင်းနိမိတ်လေးကို သဏ္ဌာန်, အရိုပ်, နိမိတ်, လက္ခဏာ ဒီ ၄-ချက်နဲ့ ဘယ်လိုယူမလဲ၊ အချုပ်မှာ ဒါဘဲ၊ ဒီလေကြောင်း နိမိတ်လေးမှာ သဏ္ဌာန်,အရိုပ်, နိမိတ်,လက္ခဏာ ဒီ ၄-ချက်နဲ့ ခွဲပြစမ်းပါ၊ အဲဒါ ခွဲပြနိုင်လာရမယ်၊ ခွဲပြနိုင်မှ ရုပ်နာမ်ကွဲလို့ ရမယ်။

ကိုင်းသာဓုခေါ်ကြပါတော့

သာဓု....သာဓု....သာဓု

# ပုံစိနိပါတ် (၂၀)

ဒီတော့ လေကြောင်းနိမိတ်လေးဟာ အပ်ချည်မျှင်လေးပမာ ဖလ်ချောင်းလေးပမာ ပေါ်လာရင် ဒီလေကြောင်း နိမိတ်ကနေ သဏ္ဍာန်, အရိပ်, နိမိတ်, လက္ခဏာတွေဟာ ဘယ်လိုပေါ်မလဲ၊ ဒါကို ခွဲရမယ်၊ ဒီတော့ ဘယ်သမထဘဲဖြစ်ဖြစ် ကြက်ဥဘဲဥများ ဖေါက်သလို ဖေါ်လို့ရတယ်ဆိုတာကို ယုံကြည်ပါ၊ ရုပ်တရား, နာမ်တရားသာ ဖေါက်လို့မရတာပါ၊ ဒီတော့ သမထအရိပ် ထင်ဘို့ရာဟာ မခဲယဉ်းပါဘူး၊ ခဲယဉ်းတာက ရုပ်တရား, နာမ် တရားထင်ဘို့ရာသာ ခဲယဉ်းတယ်၊ ဒီတော့ ရေတွင်းတကာကြီး တို့ကို အမေးပြုလာတာဟာ တည့သိပ်ခဲ့ပြီ၊ ဒီတော့ တည့သိပ်လာ တဲ့တရားဟာ အစာကြေရတော့မယ်။

ကိုင်း လေကြောင်းနိမိတ်လေးကိုယူရင် လူတိုင်းရနိုင်တယ်၊ ဒီလေကြောင်း နိမိတ်လေးကနေပြီး သဏ္ဍာန်, အရိပ်, နိမိတ်, လက္ခဏာ ဒီ ၄-ချက်ရအောင် ဘယ်လိုခွဲမလဲ၊ ဒီတော့ ပုံစံမှာ ပြထားတာက သဘာဝနယ်က ပြထားတာပါ၊ ဒီတော့ ဘယ် တရားမဆို သဘာဝနယ်ကို လွန်ဆန်ပြီး မဖြစ်နိုင်ပါ၊ ဒါကြောင့် သဘာဝနယ်ကိုကပ်လိုက်မှ ထင်ရှားလာမယ်၊ ဒီတော့ သဏ္ဍာန် ဆိုတာက ဘာကိုခေါ်သလဲ၊ အရိပ်, နိမိတ်, လက္ခဏာတို့ဟာ ဘာကိုခေါ်သလဲဆိုတာကိုခွဲပါ၊ အဲဒါ ခွဲနိုင်ရမယ်၊ ဒီတော့ လောကကြီးတခုလုံး ချုံ့လိုက်ရင် သဘာဝနယ်တခုသာရှိတယ်၊ ဒီသဘာဝနယ်ကြီးကနေပြီးဘော့မှ အလုံးစုံ ဖြစ်လာရတာပါ၊ ဒီတော့ ဘယ်ပုဂ္ဂိုလ်မဆို သဘာဝနယ်ကြီးကို ပုန်မကန်နိုင်ပါ။

ဒီတော့ ဘယ်တရားကိုဘဲ အားထုတ်အားထုတ်၊ ဘယ်သမထကိုဘဲ အားထုတ်အားထုတ်၊ သဘာဝနယ်ထဲကိုရောက်မှမှန်မယ်၊ သဘာဝနယ်ထဲမှမရောက်ရင် မမှန်ပါ၊ အဲဒါ ခက်ပြဘဲဖြစ်နေမှာဘဲ၊ ဒီတော့ စဉ်းစားပါ၊ "တိက္ခ ဟာသ၊ ဇာနုဂမ္ဘိ၊ ဥဏ်လေးလီဖြင့်" လို့ ဟောလာတဲ့အတိုင်း ကိုင်း မနေ့ကသဘာဝနယ်ကနေ တင်ဆက်ပြလိုက်ပါပြီ၊ ဒီတော့ ထွက်လေဝင်လေကိုမြင်ရင် ဒီလေကြောင်းနိမိတ်လေးကို သဏ္ဌာန်၊ အရိပ်၊ နိမိတ်၊ လက္ခဏာ ဒီ ၄-ချက်နဲ့ ဘယ်လိုယူမလဲ၊ ဒါကို ယူနိုင်ရမယ်၊ ယူကြည့်စမ်းပါ။

## ( သင်နည်း မှတ်ချက် )

### ဦးကျောက်အိမ်မီးခွက်မှ သဏ္ဌာန်ပေါ်ထွက်ပုံ။

(၁) သဏ္ဌာန်သည် ၃-မျိုးရှိ၏၊ (၁) အပြာရောင်မီးခွက် (၂) အဝါရင့်ရောင်မီးခွက် (၃) အဝါနုရောင်မီးခွက်၊ ဤအရောင် ၃-ပါးတို့သည် ဦးကျောက်အိမ်မှ တရောင်စီပြောင်း၍ဖြစ်စေ၊ သို့မဟုတ် ၃-ပါးစုံ ရောနှော၍ဖြစ်စေ ထွက်ပေါ်လာခြင်းသည် ထွက်လေဝင်လေ၏ သဏ္ဌာန်ပညတ်ဟုခေါ်သည်။

မှတ်ချက်။ ။အပြာရောင် မီးခွက်ဆိုသည်မှာ သန္တပ္ပနမီးခွက်မှ ထွက်လာသော တေဇောကိုယူ။ အဝါရင့်ရောင် မီးခွက်ဆိုသည်မှာ ဥသမမီးခွက်မှ ထွက်လာသော တေဇောကိုယူ။ အဝါနုရောင် မီးခွက်ဆိုသည်မှာ ပရိပါစက မီးခွက်မှ ထွက်လာသော တေဇောကိုယူ။

(၂) အရိပ်ဆိုသည်မှာ မျက်စေ့အကြည်, နားအကြည်, နှာခေါင်းအကြည်, လျှာအကြည်, ကိုယ်အကြည်ဟုဆိုအပ်သော ၅-ပါးသော အကြည်ဓာတ်တို့သည် ဦးနှောက်အိမ်၌ ထွက်ပေါ ကွန့်မြူးနေခြင်းကို အရိပ်ဟုခေါ်သည်။

အရိပ်နှင့်သဏ္ဌာန်ဆက်ဆံပုံ။

ဦးနှောက်အိမ်ဟုဆိုအပ်သော အကြည်ရိပ်ကြီးတွင် ယခင်က ပြခဲ့သော သဏ္ဌာန်၃-မျိုးတို့သည် လေကြောင်းနိမိတ်ဖြင့် အဝင် အထွက်ပြုနေခြင်းကိုခေါ်သည်။

(၃) နိမိတ်ဆိုသည်မှာ ဦးနှောက်အိမ်တွင် တည်ရှိနေသော သန္တပ္ပနမီးဓာတ်ကို နိမိတ်ဟုခေါ်သည်၊ ထိုမီးဓာတ်သည် ထွက်လေ ဝင်လေ ၂-ပါး၌ ပစ္စယ အကြောင်း အဖြစ်ဖြင့်၎င်း၊ ဟေတုအကြောင်းအဖြစ်ဖြင့်၎င်း ကျေးဇူးပြုလျက် အစဉ်စောင့် ရှောက်နေသည်။

အားထုတ်သောယောဂီပုဂ္ဂိုလ်တို့သည်.... နိမိတ်ထင်လာပုံမှာ မိမိ၏ ဦးနှောက်အိမ်သည် ရှေးဦးစွာ အကြည်ဓာတ် ဖြစ်ပေါ် လာလိမ့်မည်၊ ထိုအကြည်ဓာတ်မှ သန္တပ္ပနမီးဓာတ် အရောင် ၅-မျိုးတို့သည် တပါးစီဖြစ်စေ၊ သို့မဟုတ်ပေါင်း၍ဖြစ်စေ ပေါ် ထွက်လာပြီးလျှင်....အကြည်ရိပ်ကြီး၌ အစဉ်ကွန့်မြူးလျက်နေ၏၊ ဤမီးဓာတ်တို့သည်ပင်လျှင် သဏ္ဌာန်,အရိပ်အဖြစ်သို့ ဆွဲဆောင်၍ ထွက်လေ ဝင်လေ ၂-ပါးကို ပြုပြင်ဖန်ဆင်းကြလေသည်။

မှတ်ချက်။ ။အရောင်၅-မျိုးဟူသည်(၁)အဖြူရောင် (၂) အနီရောင် (၃) အဝါနုရောင် (၄) အညိုရောင် (၅) စိမ်းပြာရောင်တို့ဖြစ်၏၊

(၄) လက္ခဏာဆိုသည်မှာ ထိုသဏ္ဌာန်, အရိပ်, နိမိတ်တို့၏ ပြည့်စုံညီညွတ်သဖြင့် အားထုတ်သောပုဂ္ဂိုလ်၏ မနောဝိညာဏ် အသိရှိ၌ ၃-ပါးစုံကွန့်မြူးပေါ်ထွက်နေခြင်းကို လက္ခဏာဟုခေါ်သည်။

မှတ်ချက်။ ။ဤနေရာ၌ လက္ခဏာသည် ပြည့်စုံခြင်း အနက်ကို ဟော၏။

ကိုင်းဦးကျောက်အိမ်ကထွက်တဲ့ ကျောက်နဂါး မီးခတ်ကို ဖမ်းဘို့ ဒုတိယတံခါးကြီးဖွင့်လာတာပါ၊ နောက်ဥသမမီးခတ်, ပရိပါစကမီးခတ်တို့ကနေ ကျောက်နဂါး မီးခတ်ကြီးတွေကို ဖမ်းရအုံးမယ်၊ ဒီတော့ ဒီကျောက်နဂါးမီးခတ်ကို ရာဟုဂြိုဟ် လို့လဲ ခေါ်တယ်၊ ဒီတော့ ပါပဂြိုဟ် ၂၂-ဟာ ကျောက် နဂါးဦးခေါင်းပိုင်း၊ အမြိတ္တဂြိုဟ်ကျတော့ ကျောက်နဂါးကိုယ် ပိုင်း၊ ကေသီ-ကျတော့ကျောက်နဂါးအမြီးပိုင်းလို့ ခေါ်တယ်။ ဒီတော့လောကကြီးမှာ နက္ခတ်,တာရာ,ဂြိုဟ်တွေ သွားလာနေ တာတွေကိုသဲ သိရမယ်။ ဒါကလောကီပညာရပ်ဘက် အနေနဲ့ ပြောလိုက်တာပါ။

ဒီတော့ထွက်လေဝင်လေဖြစ်တဲ့ လေကြောင်းနိမိတ်ကနေပြီး အရောင်ခတ် ၃-ပါး ပါလာပုံ, ဦးကျောက်အိမ်ထဲ ဝင်ပုံတွေကို နားလည်ပြီးမဟုတ်လား နားမလည်တာတွေကို ထပ်ပြောပြအုံး မယ် ဒီတော့ အခုပြောတဲ့အတိုင်း သဘာဝအနေနဲ့ကို ထုတ်ပါ ဆိုရင် ထုတ်ပြမယ်၊ ယခုဒီနေရာမှာ လက္ခဏာသဘောဟာ ပြည့် စုံတဲ့ သဘောမို့လို့ အထူးမထုတ်ရတော့ပါ။ ဒီတော့သဏ္ဌာန်, အရိပ်,နိမိတ် ဒီ-၃-ချက်ကိုသာယူလိုက်ပါ၊ဒီတော့အဆင်းသညာ, အကြည်သညာ, အမြင်သညာ လို့ဆိုတဲ့ ပစ္စုပ္ပန်သညာလေး ၃-လုံးပေါင်းဆုံတာပါ။

ဒီတော့ အဆင်းသညာက သဏ္ဌာန် ၃-မျိုးပါ၊ အကြည်သညာဆိုတာက ဦးကျောက်အိမ်က အကြည်ခွက်ကြီးပေါ်လာတာပါ၊ အမြင်သညာဆိုတာက သန္တပ္ပနမီးခွက်ရဲ့ အရောင် ၅-ပါး ပေါ်လာတာကိုခေါ်တယ်၊ ဒါကို ပစ္စုပ္ပန်သညာလေး ၃-လုံးပေါင်းစုတာပါ၊ ဒါဟာ အတိတ်သညာ၊ အနာဂတ်သညာထဲ သွင်းလို့မရပါ၊ ဒီ ပစ္စုပ္ပန်သညာလေး ၃-လုံးကနေ ရုပ်နာမ်မကူးပါနဲ့အုံး၊ သတိပဋ္ဌာန်တရားထဲ သွင်းပါအုံး၊ ဘယ်ထဲသွင်းမလဲ စိတ္တာနုပဿနာ သတိပဋ္ဌာန်ထဲသွင်းရမယ်၊ ဒီတော့ ဘုရားရှင်က သတိဆိုတာကို ဘယ်လိုဟောသလဲ၊ "ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိ မတ္တာယ အနိဿိတော စ ဝိဟရတိ" လို့ ဟောလာတာပါ။

ဒီ သဘာဝတွေသာ ပေါ်နေရင် ဘယ်မှာယောကျ်ား၊ မိန်းမ ပုဂ္ဂိုလ်၊ သတ္တဝါတွေကနေပြီး ဥပါဒါန်တရားတွေ ပေါ်အုံးမှာလဲ၊ မပေါ်တော့ပါ၊ ဒီတော့ မဟာသတိပဋ္ဌာန်ရုပ်နာမ်ကို ပေါ်ချင်ရင် ဒီသညာ ၃-လုံးကိုလိုက်ပါ၊ ဒီသညာလေး ၃-လုံး ထင်နေတာကို သတိပဋ္ဌာန်လို့ခေါ်တယ်။ ဒီကဏ္ဍအထိရောက်အောင် မှမတက်ဘဲနဲ့ သဏ္ဌာန်၊ အရိပ်၊ နိမိတ်၊ လက္ခဏာတွေ အနေနဲ့သာ ရှိနေသေးရင် သတိပဋ္ဌာန်တရားထဲမဝင်သေးပါ၊ ကိုင်း... ဒီကနေ ရုပ်နာမ်ကူးရတော့မယ်၊ နက်ဖြန်ကျမှရုပ်နာမ်ကူးပြမယ်။

ကိုင်း....သာမှ ခေါ်ကြပါတော့။

သာဓု....သာဓု....သာဓု။

ဘော်သလင်းလဆန်း ၁၂-ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၂၀)

ပဌမရုပ်နာမ်ပိုင်းတုံးကအကြောင်း အကျိုးပစ္စယအကြောင်း အကျိုးတွေကို တော်တော်လေးဟောလာခဲ့တယ်၊ ဒါကိုသဘာဝ ပေါက်ရင် အခုဒီနေရာမှာ လွယ်လွယ်ဘဲရှိတော့တယ်၊ ဒီတော့ ပဌမ ရုပ်နာမ်ပိုင်း ပစ္စယပရိဂ္ဂဟဉာဏ် အာဟာရပိုင်းတုံးက တော်တော်လေးချေလာခဲ့ဘယ်၊ ဒီတော့အခုလိုဟောနေသော်လဲ သဘာဝတွေ မပေါ်ဘဲနေတဲ့အခါမှာ အဲဒါပါဠိမြအနေနဲ့လဲ တက်ယူရသေးဘယ်။ ဒီတော့ (ဉပမာ) မီးခဲဟာဘယ်လောက် ပင်ကြီးသော်လဲ ပြာဖုံးနေရင် မတောက်ပါ၊ ဒီမီးခဲတောက် အောင် ဖုံးနေတဲ့ပြာကို ဖယ်ပစ်ရမယ်မဟုတ်လား၊ ယခုလဲ သဘာဝတွေမပေါ်ရင် ပါဠိမျိုးစေ့အနေနဲ့ တဆင့်ဘက် ယူရတယ်။

ဒီတော့ ပစ္စယဆိုတာကို ပေါင်းဆုံ ညီညွတ်မှုလို့ဆိုတဲ့ သဘောနဲ့ မှသွားစေချင်သေးပါ၊ဒီတော့-၃-ယောက် ပေါင်းနေ တာကို ပစ္စယအကြောင်းလို့ပြောတာဟာ သညာဝိညာဏ်သိ သာလျှင် ရှိပါသေးတယ်၊ ပညာနယ်အနေနဲ့ကျတော့ ဒီ-၃ခုကို မှုထားပြီးဝေဖန်လို့မှုရပါ၊ အဲဒါ ဒီ-၃ ကောင်ဟာ ဘာ့ကြောင့် ပေါင်းဆုံရသလဲ ဆိုတာကို လိုက်ရှာရမယ်၊ ဒီတော့ ပစ္စယ အကြောင်း ပေါင်းဆုံညီညွတ်မှုရတဲ့ သဘောမှာကိုယခုသူ့ထက် သိမ်မွေ့နက်နဲတဲ့ သဘာဝကို လိုက်ရှာပါအုံး၊ ဒီတော့ဘုရား မြပြီ, တရားမြပြီ, သံဃာမြပြီလို့ ဆိုတာတွေဟာလဲ ဒီပစ္စယ အကြောင်းကိုမြင်မှ မြတာပါ၊ ဒီတော့ပစ္စယအကြောင်းကို မြင်

ကယ်ဆိုတာဟာ ( ဥပမာ ) ဒီလူကောင်ကြီးဟာ ဘယ်ကစဖြစ်လာသလဲ၊ ဒီဆေးလိပ်ဟာ ဘယ်ကစဖြစ်လာသလဲ၊ အဲဒီလိုအကြောင်းတွေကို ရှာလို့တွေ့မှ ပစ္စယအကြောင်းကို မြင်တယ်လို့ပြောတာပါ။

ဒီတော့ ယခုဒီနေရာမှာ အချုပ်မှာ ရုပ်တရား၊ နာမ်တရားရဲ့အကြောင်းကို သိမ်းတာပါ၊ ဒီတော့ အကြောင်းစစ်ကိုတွေ့မှ သန်ဘလောကကြီးပြတ်မှာ၊ ဒီတော့မှ ဒိဋ္ဌိတွေပြုတ်သွားမယ်၊ ဒီတော့ ရုပ်တရားရဲ့ အကြောင်းဆိုတာဘာလဲ ပြန်စဉ်းစားပါ အရင်က ပစ္စယပရိဂ္ဂဟဉာဏ်ကိုတက်လာတဲ့အခါမှာ အာဟာရ ၄-ပါးကို ထုတ်ပြပြီးတဲ့နောက် ဝေဒနာ၊ ဖဿ၊ စေတနာ၊ ကံ ဒီ-၄ ပါးကိုပြခဲ့တယ်၊ ဒါကိုပြန်ကိုင်ရမယ်၊ အဲဒါသညာဝိညာဏ်အာနနဲ့ မလိုက်နဲ့တော့၊ ဒီတော့-၃-ပါးပေါင်းဆိုတာက ပစ္စယအကြောင်း၊ ပေါ်တဲ့တပါးက ဟေတုအကြောင်း၊ ဒီလိုဟောတာက သညာဝိညာဏ်သဘောပါ၊ အခုဒါကိုမလိုက်ပါနဲ့၊ ဒီတော့ ပညာနဲ့ဟောပါ၊ ဒီတော့ရုပ်တရား၊ နာမ်တရားတို့ရဲ့ ရေသောက်မြစ်ဖြစ်တဲ့ ဝေဒနာ၊ ဖဿ၊ စေတနာ၊ ကံ ဒီ-၄ ချက်ကိုဖြုတ်လိုက်တော့မှ ယုံမှားခြင်းတွေ ကင်းသွားတယ်မဟုတ်လား၊ ဒါကိုပြန်ကိုင်ရမယ်၊ ဒါကိုအခုတမျိုးဖွင့်ပြီးပြမယ်၊ ပုံစံကိုကြည့်ပါ၊

ဒီတော့ ကမ္မပစ္စယအကြောင်းမှာ သန္တတိပညတ်ရိပ်၊ ဒါကိုနည်းနည်းပြောပြမယ်၊ လောကကြီးမှာ လူနတ်ပြဟ္မာသတ္တဝါတွေစပြီးဖြစ်လာတဲ့ ပစ္စယအကြောင်းကိုပြောပြမယ် ဒီတော့သန်တလောကကြီးမှာ ပေါ်လာတာသည်ပင်အဲဒါဘာဘဲ ပေါ်ပေါ် ဘယ်မှာဘဲပေါ်ပေါ် သဘာဝလေးတခုထဲနဲ့ ပေါ်လို့ မရပါ၊ အဲဒါသဘာဝတွေပေါင်းစုလာမှပေါ်လို့ရတယ်ဆိုတာကိုတထစ်

ကျွံမှတ်ထားပါ၊ ဘာ့ကြောင့်ပေါင်းပြီးမှ ပေါ်ရသလဲ၊ဒီလိုမေး ရင်ဘယ်လိုပြောမလဲ၊ဒါကိုစဉ်းစားပါ၊ ဆရာတော်ပြောပြမယ်၊ အဲဒါ အနုတ္တခေတ်တွေမို့လို့ပါ၊ (ဝါ) အနှစ်အသားမရှိတဲ့ ခေတ်တွေမို့လို့ တခုထဲနဲ့ ပေါ်လို့မရဘဲ ပေါင်းစုပြီးမှ ပေါ်ရ တာပါ၊ အနှစ်အသားရှိတဲ့ခေတ်တွေကျတော့ တခုထဲနဲ့ ပေါ်လို့ ရတယ်။

ဒီတော့ ပေါင်းပြီးမှ ပေါ်လာရတဲ့ဟာကို အမည်ညတ် လိုက်တော့ အဲဒါ သန္တတိပညတ်ပါ၊ ဒါဟာ ဆက်စပ်တဲ့ သဘောလို့ခေါ်တယ်၊ ဘာ့ကြောင့်ခေါ်သလဲ၊ အနုတ္တခေတ် တွေ ဘခုနဲ့ဘခု ပေါင်းစုပြီး ပေါ်ထွက်နေတာဖြစ်ခြင်းကြောင့် သန္တတိပညတ်လို့ခေါ်တာပါ၊ ဒါကို ကမ္မပစ္စယအကြောင်းလို့ ခေါ်တယ်၊ ဒီတော့ ဒါကို ဘယ်မှာမြင်နိုင်သလဲ၊ သူဟာ သဘာဝနယ်မှာသာ ရှိနေသေးတယ်၊ အဲဒါ ကုသိုလ်ကံ၊ အကု သိုလ်ကံရယ်လို့ မရှိသေးပါ၊ ဒါကို ကံအကြောင်း၊ ဒါကို ပဋ္ဌာန်းကျမ်းကြီးက " ပစ္စယော ဥပကာရကော " ကျေးဇူးပြု တတ်သည်။ ဟောတိ ဖြစ်၏လို့ပြလာတာပါ။ ဒါကို အခု ဒုတိယ တံခါးမှာ ကမ္မပစ္စယ အကြောင်း, ဒီလောက်သာ ယူနိုင်ပါ သေးတယ်။

နောက် စိတ္တပစ္စယ အကြောင်းဆိုတာ ဘာကိုခေါ်သလဲ၊ အဲဒါစိတ်တခုယုတ်ကိုးဆယ်ကို သွားမကောက်ပါနဲ့၊ ဒီတော့ သူ့ကို ဘာနဲ့သိစေရမလဲ၊ သမူဟပညတ်နဲ့သိစေရမယ်၊ ဒီတော့ သမူဟပညတ်အပေါင်းအစုသဘောဆိုတာ အဲဒါသဲမှုန်လေးတွေ ပေါင်းစုတာမျိုးမဟုတ်ပါ၊ သမူဟပညတ် အပေါင်းအစုဆိုတာ ဟာ အဲဒါ အဆင်း,အကြည်,အမြင်,အသိ ဒီသဘာဝလေးတွေ

ပေါင်းစုဘာချုပါ၊ ဒီခဲဘာ့ ဓမ္မာစရိယတွေ အဘွက်ဆိုရင် ဒွေပဥ္စဝိညာဏ်မှာကိုသဗ္ဗစိတ္တသာဓာရဏစေတသိက်တွေပေါင်းစု နေတာမျိုးလိုပါ၊ ဒါကို စိတ္တပစ္စယအကြောင်းလို့ ခေါ်တယ်၊ ဒါကို နောက်ရုပ်နာမ်ပိုင်း ပစ္စယပရိဂ္ဂဟ ဉာဏ်ထဲကို သွင်းရင် စေတနာလေးထဲကို ထည့်လိုက်ပါ။

နောက် အာဟာရပစ္စယအကြောင်းကျတော့ သဏ္ဌာန်ပညတ်ပါ၊ ဒီတော့ သဏ္ဌာန်ဆိုတာက တနေ့က ဟောလဲဟောလာခဲ့ပြီ၊ အဲဒါ အကြည်ဓာတ်ထဲမှာ ထင်နေတဲ့သဘာဝကို သဏ္ဌာန်လို့ဟောလာခဲ့ပြီ၊ ဒါက နာမ်သဏ္ဌာန် သဘောပါ၊ ဒါကို အာဟာရအကြောင်းလို့ခေါ်တယ်၊ ဒါဟာ ဘယ်ကဘွက်လာသလဲဆိုတော့ ဖဿရိပ်ကထွက်လာတယ်၊ နောက် ဥတုပစ္စယအကြောင်း နာမ်ညတ်ကျတော့ ဝေဒနာထဲ သွင်းလိုက်ပါ၊ ဒီတော့ နောက်ဏပြလာခဲ့တဲ့ ဝေဒနာ, ဖဿ, စေတနာ, ကံ ဒါဟာ ၃၁-ဘုံကြီးရဲ့ ရေသောက်မြစ်ပါ၊ ဒါကို နည်း ၄-ပါးနဲ့ သိမ်းလာခဲ့ပြီ၊ ဒါကိုဘော့ နားလည်ပြီ၊ ဒါကတော့ ထားလိုက်ပါတော့။

နောက် တကာမကြီးတွေ နားလည်အောင်၊ အဲဒါ ခန္ဓာကိုယ်ထဲသွင်းပြီး မှတ်နိုင်အောင် ပြောပြအုံးမယ်၊ ဒီတော့ ဘုရားရှင်က ဘယ်သဘာဝဘဲ ဖြစ်ဖြစ် ဖြစ်ပေါ် လာရင်ဘဲ အကြောင်းနဲ့အကျိုးကို မြင်အောင်ကြည့်လို့ဟောကြားလာခဲ့တယ်၊ ဒီတော့ ဒီအကြောင်းနဲ့အကျိုးကိုမှ မမြင်ရင် အဲဒါ ငါ လုပ်လို့ဖြစ်လာတယ်လို့ ထင်တော့မယ်၊ ဒီလိုစွဲနေရင် အစွဲ နယ်ကြီးကျယ်ပြီး လူကောင်, နတ်ကောင်, ဗြဟ္မာကောင်တွေ ဖြစ်တော့မယ်၊ ဒီတော့ အကြောင်းနဲ့အကျိုးကို မြင်သွားရင်

လက်မမထောင်တော့ဘဲ ဝိပ္ပလ္လာသဘာရားတွေဟာ တဖြေးဖြေး ပါးရှားလာတော့မယ်။

ဒီအကြောင်းအကျိုးကို ဝေဖန်လာမှ သညာဝိညာဏ်နယ်မှာ လက်မောင်းမတန်းတော့ပါ၊ ဒီနေ့အခု ကသာက ပါရမီရှင်ကြီး "ဒေါ်စိန်းရင်" နှင့် အမျိုးသမီးကြီးတွေအတွက် နားလည်အောင် ဟောကြားအုံးမယ်၊ ဒီတော့ တကာမကြီး "ဒေါ်စိန်းရင်" ဒီဓမ္မစကြာ ပဋ္ဌာန်ပတ် သာသနာပြု ရိပ်သာကြီးကို ဆောက်ပြီး ပါရမီမျိုးစေ့အနေနဲ့ ငွေ ၁၁၀-ကျပ်ကို လှူဒါန်းပြီးတော့ တရားအားထုတ်တာ သည်ပင် ကမ္မပစ္စယ အကြောင်း သန္တတိပညတ်ရိပ်ပါ၊ ဒီကနေစပြီး ပေါ်လာတာပါ၊ ဒါကို ရုပ်နာမ်မခွဲနဲ့အုံး၊ အကြောင်းနဲ့ အကျိုးကိုသာ အရင်ခွဲပါအုံး၊ ဒီတော့ (၇)ရက်တရားအားထုတ်ပြီးတော့ ပြန်သွားပြီးနောက် ကသာက အမျိုးသမီးကြီးတွေကို ခေါ်ပြီး လာကြတာကျတော့ စိတ္တပစ္စယအကြောင်း သမူဟပညတ်ရိပ်လို့ ခေါ်တယ်။

နောက် အမျိုးသမီးကြီးတွေဟာ ၁၅-ရက် တရားအားထုတ်တာကျတော့ အာဟာရပစ္စယအကြောင်း သဏ္ဌာနပညတ်ရိပ်လို့ ခေါ်တယ်၊ ဒီတော့ ပစ္စယအကြောင်းဟာ ၃-ချက်ဖြစ်လာပြီ၊ ကိုင်း....ယနေ့ ယာဂုဆွမ်းကပ်လိုက်တဲ့ ဒါနကျတော့ ဥတုပစ္စယ အကြောင်း နာမပညတ်ရိပ်လို့ ခေါ်တယ်၊ ဒီအကြောင်း၄-ချက်နဲ့ ညီညွတ်ပြီးတော့ ဒီကနေ ရုပ်နာမ်ကို ရှုတာကို ပစ္စယပရိဂ္ဂဟဉာဏ်လို့ ခေါ်တယ်။ ဒါက ရှုတတ်အောင်လို့ ဟောလိုက်တာပါ၊ ဒီနေ့ လှူဒါန်းလိုက်တဲ့ သဘာဝက ရုပ်သဘော ဟေတုအကြောင်းပါ၊ ဤ ၃-ချက်က နာမ်သဘော ပစ္စယအကြောင်း

ပါ၊ ဒီတော့ မိမိပြုလိုက်တဲ့ကုသိုလ်ဟာ အချိုးနှိုးမဖြစ်တော့ဘဲ တကဲ့ဒါနကြီးပါသွားဆိုဘာကို မြင်သွားရင် တကာမကြီးတွေ ဟာ ဘယ်မှာဝမ်းမြောက်လို့ ဆုံးတော့မလဲ၊ ဒါကိုမြင်အောင် လို့ဘုရားရှင်က အကြောင်းနဲ့အကျိုးကို ဖော်ပြပါလို့ ဟော ကြားလာတာပါ။

ဒီတော့ မှာလိုတာက လောကီရော လောကုတ္တရာပါ ဒီ ၄- ချက်ကို မြင်အောင်ရှုပြီးတော့ အကြောင်းအကျိုးကိုမြင်အောင် ရှုဆင်ခြင်ပါလို့ သတိပေးလိုက်ပါတယ်၊ ကိုင်း....နက်ဖြန်ကျမှ ရုပ်နာမ်ဆူးပုံကို တင်ပြပါတော့မယ်။

ကိုင်း....သာဓုခေါ်ကြပါတော့၊

သာဓု....သာဓု....သာဓု။

တော်သလင်းလဆန်း ( ၁၃ ) ရက်နေ့ဟောစဉ်

# ပုံစံနှိပ်ပါတ် ( ၂၁ )

ဒီနေ့ ဒုတိယတံခါးပေါက် ရုပ်နာမ်ပေါ်ပုံကို အပြီးသတ်မယ်၊ ဒီတော့ သညာလေး ၃–လုံးကိုပြန်ကိုင်လိုက်ပါ၊ အဲဒါ အဆင်းသညာ, အကြည်သညာ, အမြင်သညာ ဒီသညာ ၃-လုံး ကနေ ရုပ်နာမ်ကူးရမယ်၊ ဒီတော့ ပဌမတံခါးပေါက်တုံးက အာရုံက ရှိသဘော အာရမ္မဏိကက နာမ်သဘောဆိုပြီးတော့ ရုပ်နာမ်ကူးလာတယ်၊ အခုဒုတိယတံခါးကျတော့ အာရုံသဘော မရှိတော့ပါ၊ အာရမ္မဏိကသဘောသာရှိတော့တယ်၊ ဒီအာရမ္မဏိကသဘောမှာ ရုပ်နာမ်ဘယ်လိုပေါ်မလဲ ပေါ်ပြစမ်းပါ၊ အခုအမြင်ကို မထွက်တော့ပါ၊ အမြင်ကိုထွက်ဖမ်းရင် ဥတု အကြောင်းရှိနေသေးတယ်၊ အခုဥတုအကြောင်းဇာတ်သိမ်းသွားတဲ့အတွက် အမြင်ကိုထွက်မဖမ်းတော့ပါ၊ အဲဒါ အာရမ္မဏိကသဘောထဲမှာဘဲဖမ်းရတော့မယ်၊ အခုဒီနေရာမှာ ရုပ်ကိုလက်ညှိုးထိုးသို့မရတော့ပါ၊ ဘယ်လောက်သိမ်မွေ့လာပြီလဲ၊ ဒီတော့ ရုပ်စစ်နာမ်စစ်ကို မတွေ့ကြတဲ့အတွက်ကြောင့် သံသရာကြီးထဲမှာ လည်နေရင်သလိုလည်နေကြတယ်။

ဒီတော့ ရုပ်တရား,နာမ်တရားမှ မတွေ့ရင် တနေ့အပါယ်၄-ပါးသို့သွားမှာသေချာနေပြီ၊ ဒီတော့ အခုရုပ်ဟာ ဘယ်ဟာလဲ နာမ်ဟာဘယ်ဟာလဲ၊ ဒီတော့သညာလေး ၃-လုံးစုနေတာကို ရုပ်ဘယ်ဟာလဲ၊ နာမ်ဘယ်ဟာလဲဆိုတာ ခွဲစမ်းပါအုံး၊ ဒီတော့ ဒုတိယတံခါးမှာ နာမ်သဏ္ဌာန်, ( ဝါ ) ပရမသဏ္ဌာန်ကို ကိုင်တယ်၊ ဒါဟာ အကြည်ရိပ်ထဲမှာ လာပေါ်တဲ့သဏ္ဌာန်ပါ၊ ဒါကို

ပုံစံနံပါတ် (၂၁)



အဆင်းသညာလို့ခေါ်တယ်၊ ဒီတော့ အဆင်းသညာဆိုတာ နာမ်သင်္ကာန် (၀၁) ပရမတ်သင်္ကာန်ပါ၊ ဒါဟာအကြည်ရုပ်ထဲမှာ ရှိနေသည်၊ ဒီအဆင်းသညာလေးကို ရုပ်သဘောလို့ပြောတာပါ၊ ကျန်တဲ့သညာတွေက နာမ်သဘောပါ၊ ဒါကအကြမ်းနည်းအားဖြင့် ပြောလိုက်တာပါ၊ ဒီအကြည်ရုပ်ထဲမှာ ထင်နေတဲ့ အဆင်းသညာလေးကို ဝိပဿနာကကိုင်တာကျတော့ ပညာမြင် ဒုက္ခာနုပဿနာဉာဏ်မှာကိုင်တယ်၊ မဟာသတိပဋ္ဌာန်နဲ့ကိုင်ရင် အသမွေ့ာဟာသမ္မဇဉ္ဉအပိုင်းက ကိုင်မယ်။

နောက်တခါ အရင်းပြုသောတဲ့ ပဋ္ဌမတံခါးအာရုံ အာရမ္မဏ ကရုပ်နာမ်ကျတော့လဲ ဝိပဿနာထဲသွင်းရင် အနတ္တာနုပဿနာ ထဲသွင်းရမယ် မဟာသတိပဋ္ဌာန်နဲ့ကျတော့ ဓာတုမနသိကာရ အပိုင်းထဲသွင်းရမယ်၊ ဒီတော့ အခုနာမ်သင်္ကာန် (၀၁)ပရမတ် သင်္ကာန်လေးကို ရှေ့အသမွေ့ာဟာ သမ္မဇဉ္ဉ အပိုင်းကကိုင်ပြီး လုပ်ငန်းစဉ်ပေးအုံးမယ်၊ ဒါကိုမှတ်ထားပါ၊ နောက်ပြတဲ့အခါ ကျတော့ အသွယ်တကူနဲ့ဆိုနိုင်မယ်၊ ဒီတော့ယခုပြတဲ့ရုပ်နာမ်ကို မြင်ဘို့ရာ အင်မတန်မှခဲယဉ်းပါတယ်၊ ဒီတော့ ဒီရုပ်နာမ်ဟာ သာမညရုပ်နာမ်လို့ မထင်ပါနဲ့၊ ဒီအကြည်ရုပ်တဲမှာထင်နေတဲ့ ရုပ်လေးကို ခန္ဓာအနေနဲ့ခွဲလိုက်ရင် ကျယ်ဝန်း လာတော့မယ်၊ ဒါတွေကို နောက်မှာခွဲပြမယ်။

ကိုမ်း… ဒီပစ္စုပ္ပန်သညာလေး ၃-လုံးမှာ အဆင်းသညာ လေးက သင်္ကာန်လေးဖြစ်လာတဲ့အတွက် ရုပ်သဘော၊ ကျန်တဲ့ သညာတွေက နာမ်သဘောဆိုပြီး ခွဲလိုက်တဲ့ရုပ်နာမ်ကို ပစ္စယ ပရိဂ္ဂဟဉာဏ်ကိုတင်လိုက်တဲ့အခါမှာ ဒီရုပ်နာမ်ကိုမြင်ရင် ဘယ် အစွဲပြုတ်သလဲ၊ အဲဒါယုံမှားခြင်း ၈-ပါးပြုတ်တယ်၊ ဒီယုံမှား

ခြင်း ၈-ပါးမှာ ဘယ်ယုံမှားခြင်းဟာ လိုရင်းအရင်းခံလဲ၊ဒီတော့ ပရိယတ်အနေကတော့ အဲဒါအစဉ်အဆက် ဆောင်ယူလာတာဘဲ ရှိတယ်၊ ဘယ်ဟာကစလာတယ်၊ ဘယ်ဟာရှိရင် ဘယ်ဟာတွေ ဟာလဲဖြစ်လာနိုင်တယ်ဆိုတာကို မသိပါ၊ ဒီတော့ယုံမှားခြင်း (၈)ပါးထဲမှာ ဘယ်ဟာကလိုရင်း အရင်းခံလဲ၊ ဒီတော့ သံသရာရှေ့အစွန်း၌ ယုံမှားခြင်း၊သံသရာနောက်စွန်း၌ ယုံမှားခြင်း၊ သံသရာရှေ့နောက် ၂-ပါး၌ယုံမှားခြင်း၊ သစ္စာ ၄-ပါး တရား၌ယုံမှားခြင်း၊ ဒီ-၄ ချက်မှာ ဘယ်ဟာက ပြဋ္ဌာန်းသလဲ၊ ဒါဟာ ပဋိပတ်သဘောပါ၊ ဒါဟာလက်တွေ့နည်းပါ၊ အဲဒါ စိန္တာမယဉာဏ်ပါ၊ သူကမှ အဆီကိုစားမှာပါ။

ကိုင်း ဘယ်ဟာကလိုရင်းလဲ၊ (ဝါ) ဘယ်ဟာက ပြဋ္ဌာန်း သလဲ၊ အဲဒါ သစ္စာ ၄-ပါးတရား၌ ယုံမှားခြင်းဟာ လိုရင်းပါ၊ (ဝါ) ပြဋ္ဌာန်းတယ်၊ နောက်တခါ ဘုရား၌ယုံမှားခြင်း၊တရား၌ ယုံမှားခြင်း၊ သံဃာ၌ယုံမှားခြင်း၊ အကျင့်သိက္ခာ၌ ယုံမှားခြင်း ဒီ ၄-ချက်ထဲမှာလဲ ဘယ်ဟာက လိုရင်းလဲ၊ (ဝါ) ဘယ်ဟာက ပြဋ္ဌာန်းသလဲ၊ အဲဒါ အကျင့်သိက္ခာ ယုံမှားခြင်းဟာ ပြဋ္ဌာန်း တယ်၊ သူဟာ လိုရင်းအရင်းခံပါ၊ ဒီတော့ ဒီ ၂-ချက်ကို ခွပ်လက် ပြီးပြီး သေ ာတာပတ္တိမဂ်မှာ ဘယ်လို ဉကွောင်းချမ့်လဲ ဒါဟာ အကျဉ်းဆုံးဘဲ၊ သူ့ထက်ကျဉ်းတဲ့တရား မရှိတော့ပါ၊ ဒီတော့ နာမ်သဏ္ဌာန်လို့ခေါ်တဲ့ အကြည်ရိပ်ထဲမှာပေါ်နေတဲ့ အဆင်း သညာက ရုပ်သဘော၊ ကျန်တဲ့ အကြည်သညာ၊ အမြင်သညာ တို့က နာမ်သဘောဆိုပြီး ခွဲလာတယ်၊ ဒါကို မြင်ရင် ယုံမှား ခြင်း ၈ ပါးပြုတ်တယ်၊ အဲဒါ ဝိသမလောဘကဒိဋ္ဌိကြီးပြုတ်ပြီး သစ္စာ ၄-ပါးတရား၌ ယုံမှားခြင်းဟာ ပြုတ်သွားတယ်၊ ဒီတော့မှ အကျင့်လဲ့ အမှန်ကို ရောက်သွားပြီ။

နောက်တခါ ဒီနာမ်သဏ္ဌာန်ဖြစ်တဲ့ အဆင်းသညာ ရုပ်သဘောက ဒုက္ခသစ္စာလား၊ သမုဒယသစ္စာလား၊ နာမ်သဘောကကော ဒုက္ခသစ္စာလား သမုဒယသစ္စာလား၊ ဒါကို သွင်းနိုင်မှ အစစ်အမှန်ဖြစ်မယ်၊ ကိုင်း....သွင်းပြစမ်း၊ သဘောဟုတ်မှ လောကုတ္တရာဖြစ်မယ်၊ အပြောသာဟုတ်ပြီး သဘောမဟုတ်ရင် လောလုပ္ပဘဏှာဖြစ်သွားမယ်၊ ကိုင်း....သွင်းပြစမ်း ရုပ်တရားက ဒုက္ခသစ္စာလား သမုဒယသစ္စာလား၊ နာမ်တရားက ဒုက္ခသစ္စာလား သမုဒယသစ္စာလား၊ ဒီတော့ ဒုက္ခနဲ့ သမုဒယသွင်းတာ မှန်၊ မမှန် သိရအောင် မဂ္ဂနဲ့ နိရောဓ ခေတ်တိုင်ထူကြည့်ပါ၊ ဒါမှ မှန်၊ မမှန် သိရမယ်၊ ဒါဟာ သစ္စာ ၄-ပါး စရွေးကိုက်တယ်လို့ ခေါ်တယ်၊ ကိုင်း....မဂ္ဂနဲ့နိရောဓကို ခေတ်တိုင်ထူပါ၊ ဒီတော့ မဂ္ဂသစ္စာက အကြောင်းသစ္စာပါ၊ နိရောဓသစ္စာက အကျိုးသစ္စာပါ။

ဒီတော့ အကြည်ရိုပ်ထဲမှာ ထင်နေတဲ့ သဏ္ဌာန်ရိုပ်လေးဟာ မဂ္ဂသစ္စာရဲ့ကိစ္စလား၊ နိရောဓသစ္စာရဲ့ကိစ္စလား ဒါကိုထပ်ရှုပါ၊ နောက် နာမ်သဘောဟာလဲ မဂ္ဂသစ္စာရဲ့ကိစ္စလား၊ နိရောဓသစ္စာရဲ့ကိစ္စလား၊ ဒါကို ထပ်ရှုပါ၊ ဒါကို ရှုလို့မှန်သွားရင် ဒီတရားဟာ ကောမမွှေ ကျသွားပြီ၊ ကိုင်း....ပြောပြမယ်၊ အကြည်ရိုပ်ထဲမှာရှိနေတဲ့ နာမ်သဏ္ဌာန် ရုပ်သဘောလေးဟာ ဒိဋ္ဌိစရိတပုဂ္ဂိုလ်များကျတော့ ဒုက္ခသစ္စာပါ၊ နာမ်သဘောက သမုဒယသစ္စာပါ၊ တဏှာစရိတ ပုဂ္ဂိုလ်များကျတော့ ရုပ်သဘောက သမုဒယသစ္စာပါ၊ နာမ်သဘောက ဒုက္ခသစ္စာပါ၊ ဒီတော့ ဒုက္ခနဲ့သမုဒယကို ဘုရားရှင်ဟောကြားတဲ့ အခါမှာ ရုပ်နာမ်ပေါ်တင်ရင် ရုပ်က ဒုက္ခသစ္စာ အကျိုးတရား၊ နာမ်က သမုဒယသစ္စာ၊ အကြောင်းတရားဆိုပြီး ဟောကြားလာတယ်၊

ဒီအနေနဲ့ သံသရာလည်ကြတယ်၊ ဒီအနေနဲ့ ပဋိစ္စသမုပ္ပါဒ်ကြီး ပတ်ကြတယ်။

ဒီတော့ ဝိပဿနာတရားလုပ်ငန်းစဉ်ကိုတက်ပြီး ရှုလာတဲ့ ပုဂ္ဂိုလ်ကျတော့ မာမှုသည် ငါ, ငါသည်မာမှု၊ ဒီတော့ မာမှုသည် ငါဆိုတာက ရုပ်တရား, ဒုက္ခသစ္စာ၊ ဒါကို အမှန်မမြင်လို့ တခါ ငါသည်မာမှုဆိုတဲ့နာမ်သဘော သမုဒယသစ္စာကြီး ထပ်ပေါ် လာတာပါ၊ ဒါက သံသရာလည်တဲ့နည်း။ ၂ ါ၊ သံသရာရပ်တဲ့ နည်းကျတော့ အကြည်ရုပ်ထဲမှာရှိနေတဲ့ အဆင်းသညာရုပ် သဘောလေးကို ဒုက္ခလို့ တကယ်မြင်သွားရင် မဂ္ဂသစ္စာမှာ ဉာဏ်ကျောင်းကျတယ်၊ နောက် နာမ်သဘောဟာလဲ သမုဒယသစ္စာ လို့မြင်ပြီး နိရောဓသစ္စာမှာ ဉာဏ်ကျောင်းကျမယ်၊ ဒါက အနုလောမ နည်း, ဒိဋ္ဌိစရိတပုဂ္ဂိုလ်များအတွက်ပါ၊ နောက်ပဋိလောမနည်း, တဏှာစရိတ ပုဂ္ဂိုလ်များကျတော့ ဒီ အကြည်ရုပ်ထဲမှာ ရှိနေတဲ့ အဆင်းသညာရုပ်သဘောလေးကို ခင်မင်စွဲလန်းမှုဖြစ်တဲ့ သမုဒယ ရှိလို့ သတ္တဝါတွေမှာ ဒုက္ခဖြစ်နေတာဘဲမဟုတ်လား၊ ဒါဟာ သာတရုပ်,ပိယရုပ်သဘောလေးကို ခင်မင်စွဲလန်းနေတဲ့ တဏှာ ဆိုတဲ့ သမုဒယဖြစ်နေလို့ ဒုက္ခဖြစ်နေကြတာပါ၊ ဒီရုပ်သဘောကို သမုဒယသစ္စာအနေနဲ့မြင်ရင် နိရောဓသစ္စာထဲမှာ ဉာဏ်ကျောင်း ကျမယ်၊ နာမ်သဘောကိုလဲ ဒုက္ခလို့မြင်ပြီး မဂ္ဂသစ္စာထဲမှာ ဉာဏ်ကျောင်းကျတော့မယ်၊ ဒီအနေနဲ့ သွင်းယူကြပါ။

ဤဘွင် အာနာပါန ဒုတိယတံခါး ဉာဏ်ကျောင်းကျပါပြီ။
ကိုင်း....သာဓုခေါ်ကြပါတော့

သာဓု....သာဓု....သာဓု

ပုံစံနံပါတ် (၂၂)



တော်သလင်းလဆန်း ( ၁၄ ) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၂၂)

ဒီနေ့တတိယတံခါး နှလုံးအိမ်ရင်ချိုင့် ဉာဏမမီးခာတ်ရဲ့ လုပ်ငန်းစဉ်ပါ၊ ဒီဘော့ ဒုတိယတံခါး ငယ်ထိပ်ဥကျောက်ကို ဖွင့်ပြီးတဲ့ထိုပုဂ္ဂိုလ်ဟာ အခုတတိယတံခါး နှလုံးအိမ်ရင်ချိုင့်ကိုအလွယ်တကူနဲ့ ဖွင့်နိုင်လာပြီ၊ ဒီတော့ တရားအလုပ်ကို အားထုတ်တဲ့အခါမှာ တရားသင်တန်းနည်းအနေနဲ့ ကခတော့ မှာ်သားလို့ရတယ်၊အလုပ်လုပ်တဲ့အခါကျတော့ ဆရာသမ းတို့ရဲ့ အပေါ်မှာလာတည်တယ်၊ အဲဒါ ငါတော်ပြီ၊ ငါသိပြီ၊ ငါအားထုတ်တတ်ပြီ၊ ငါဟာငါလုပ်မယ်ဆိုရင်ကော မရဘူးသား၊ ဒါဟာတကဲ့ကိုပါရမီရှိမှ ရနိုင်တယ်၊ ယခုသာသနာတော်ကြီးရဲ့ နောက်ပိုင်းမှာ ပါရမီအား ဉာဏ်အားတွေသေးလာတဲ့ အတွက်ကြောင့် အဲဒါ ကမ္မဋ္ဌာနာစရိယ ပုဂ္ဂိုလ်ထံမှာ နည်းခံပြီး အားထုတ်ရမယ်၊ ဒါမှ ထင်လွယ်မြင်လွယ်တယ်။

ဒီတော့ရှေ့ကို ခမ္မာကြာပဋိပတ်သာသနာပြု ရိပ်သာကြီးကနယ်ကို မဟာသတိပဋ္ဌာန်တရားတော်ကြီး ဖြန့်ချီတဲ့အခါမှာ အဟောတရားတွင် မဟုတ်တော့ဘဲ အလုပ်တရားပါ ပါရမယ်၊ အဲဒါကမ္မဋ္ဌာနာစရိယပုဂ္ဂိုလ်ပါရမယ်၊ဒီလိုတရားဟော၊တရားပြ၊တရားပေး ဒီအတိုင်းဖြန့်ချီတော့မယ်၊ဒီတော့ ကမ္မဋ္ဌာနာစရိယပုဂ္ဂိုလ်ဟာ အောက်ပါအင်္ဂါတွေနဲ့ ညီရမယ်၊ ( ၀၁ ) ပြည့်စုံရမယ်၊ ကမ္မဋ္ဌာနာစရိယပုဂ္ဂိုလ်၏အင်္ဂါကား....

(၁) ဓုတင် ၁၃-ပါးထဲမှ တပါးပါးကို ဆောင်ရမယ်၊ (ပါ) ဆောင်နိုင်သလောက် ဆောင်ရမယ်။

(၂) ဘုရားရှင်ပညတ်တော်မူသောအသားကြီး ၁၀-ပါးနှင့် ကျွဲသား နွားသားတို့ကို ရှောင်ကြဉ်ရမယ်၊ ( ဤနံ ပါတ် ၂-သည် လောကီ အာဏာစက်အနေဖြင့် ထည့် ထားခြင်းဖြစ်၏ ) အသားကြီး ၁၀-ပါးဆိုသည်မှာ လူသား, ခွေးသား,မြင်းသား, ဆင်သား, သစ်သား, ကျားသား, ခြင်္သေ့သား, ဝံသား, အောင်းသား, မြွေသားတို့ဖြစ်၏။

(၃) ဇာဂရာနုယောဂဂုဏ်, ဘောဇနမတ္တညုဂုဏ်နဲ့ပြည့်စုံ ရမယ်။

အဲဒါ စားတဲ့အခါ အတိုင်းအရှည် ချင့်ချိန်ပြီး စားသောက် မှီဝဲရမယ်၊ အိပ်တဲ့အခါမှာလဲ နိုးနိုးကြားကြား ရှိရမယ်၊(ဝါ) တနာရီတကြိမ်ဖြစ်စေ, တနာရီခွဲ တကြိမ်ဖြစ်စေ, အမြဲနိုးကြား ရမယ်။

(၄) ခန္တီစ သောဂသောတာ ဂုဏ်နဲ့လဲပြည့်စုံရမယ်။

(၅) မေမ္တာကြာ နားယက ဆရာတော်ဘုရားကြီး၏ အမိန့် အာဏာရပြီးတဲ့ ပုဂ္ဂိုလ်လဲ ဖြစ်စေရမယ်။

ဤအင်္ဂါ ၅-ချက်နဲ့ညီညွတ်မှ (ဝါ) ပြည့်စုံမှ ကမ္မဋ္ဌာနာ စရိယ ပုဂ္ဂိုလ်ဖြစ်မယ်။

ကိုင်းဒီနေ့တတိယနေ့တော့ နှလုံးအိမ်ရင်ချိုင့်ရဲ့ လုပ်ငန်းစဉ်ကို သွားကြဦးစို့ရဲ့၊ ဒီတော့နှလုံးအိမ်ရင်ချိုင့်မှာ ဘယ်မီးခေတ် ရှိသလဲ၊ ဥသမမီးခေတ်ရှိတယ်၊ ဒီဥသမမီးခေတ်ကို "ဥသုမာ သက=ပူခြင်း၏အဖြစ်သို့ရောက်သော၊ (ဝါ) ပူခြင်းသို့ ရောက်

သော” လို့ပြလာတယ်၊ ဒါကို ကိုယ်ငွေ့လို့ ခေါ်တယ်၊ ဒီတော့ ခန္ဓာကိုယ်ကြီးကို အပူငွေ့ပေးနေရတာဟာ ဒီနှလုံးအိမ်ရင်ချိုင့်ကနေပြီး ပေးနေရတာပါ၊ ဒီဥသမမီးဓာတ်ကိုလဲ ကျောက်နဂါးမီးဓာတ်လို့ခေါ်တယ်၊ ဒီဥသမမီးဓာတ်ကို ဖေါ်ပြီးတော့ ဒီကနေ ရုပ်နာမ်ကူးဆိုရင် သမ္မသနဉာဏ်, ကာလသုံးပါး ရုပ်နာမ်ကို ကူးရမယ်။

ဒီတော့ ဟဒယဝတ္ထုရုပ်ဆိုတာဟာမိမိရဲ့ရင်ဘတ်မှာ တသက်ဖက်မျှလောက်သော သွေးအိမ်လေးဟာရှိတယ်၊ ဒီတော့ ဟဒယဆိုတာက နှလုံးသွေးကိုခေါ်တယ်၊ ဝတ္ထုဆိုတာက ဒီနှလုံးသွေးမှာမှီပြီး စိတ်စေတသိက်တွေ ဖြစ်နေတာကို ခေါ်တယ်၊ ဒါဟာ ကံကြောင့်ဖြစ်နေတဲ့ (ဝါ) စတုသမုဋ္ဌာနိက ရုပ်ကြောင့်ဖြစ်တဲ့ တေဇောဓာတ်ကို ဥသမမီးဓာတ်လို့ခေါ်တယ်၊ ဒီဥသမမီးဓာတ်ကနေပြီး ခန္ဓာကိုယ်ကြီးတခုလုံးမှာကို သွေး, သည်းခြေ, လေ, သလိပ်, အပုတ် ဒီ ၅-ပါးနဲ့အပူငွေ့ကို (ဝါ) အပူဓာတ်ကို ပေးနေတယ်၊ ဒါဟာနှလုံးအိမ်ရင်ချိုင့်ကနေ ပေးနေတာပါ၊ ဒီတော့ တလက်ခုပ်မျှလောက်ရှိတဲ့ တေဇောကို ဥသမမီးဓာတ်လို့ခေါ်တယ်၊ ဒါကို အာနာပါနလုပ်ငန်းနဲ့ရှာရမယ်။

ဒီလိုရှာပြီး မီးဓာတ်ကိုတွေ့ပြီးတော့မှ ဒီမီးဓာတ်ဟာဘယ်လိုနေသလဲဆိုတာကို ရှာရမယ်၊ ဒီကနေပြီးမှ ပုံစံမှာပြထားတဲ့ အတိုင်း ပညတ်ရိပ်တွေကို လာတွေ့မယ်၊ ဒီကနေမှ ဒီဥသမမီးဓာတ်ကြီးကို တွေ့ပြီးတော့မှ ဒီမှာဖြစ်နေတဲ့စိတ်စေတသိက်တွေကို ရုပ်နာမ်အနေနဲ့မြင်အောင်ရှုရမယ်၊ ဒါဟာ အားထုတ်လို့မလွယ်ပါ၊ တကယ့်ယောကျ်ားကောင်း, ယောကျ်ားမြတ်မှ အားထုတ်နိုင်တယ်၊ ဒီတော့နှလုံးသွေးကြီးဟာ သူ့သဘာဝအတိုင်း ဆိုရင်

ပြိုးပြိုးပြက်ဖြစ်နေတယ်၊ အဲဒါ ညစ်နွမ်းစေတတ်သော ဣ ကိ လေသာတွေကြောင့် ဒီသွေးဟာ အရောင်မထွက်ဘဲ ညစ်နွမ်း နေတာပါလို့ ဘုရားရှင်ဟောကြားခဲ့ပါတယ်။

ဒီတော့ ရှင်ဂေါတမမြတ်စွာဘုရားရဲ့ ကိုယ်အလံတော်နှင့် အမျှ အရောင်ခွေတ်ကြီးဟာ ထွက်နေတာဟာလဲ ဒီမီးခွေတ်ဘဲ မဟုတ်လား၊ ဝိပဿီမြတ်စွာဘုရားကျတော့ ၁၂-ယူဇနာထိ အောင် အရောင်ခွေတ်ထွက်တယ်၊ မင်္ဂလ မြတ်စွာဘုရားကျ တော့ စကြာဝဠာတသောင်းထိအောင် အရောင်ခွေတ်ကြီးထွက် နေတယ်၊ ပဘာဝတီ မင်းသမီးကျတော့ ခုနစ်ဆောင်တိုက်ခန်းမှာ မီးမထွန်းဘဲလင်းနေတာဟာ ဒီမီးခွေတ်ဘဲမဟုတ်လား၊ ဒါကို အခုတတိယတံခါးကရှာရတော့မယ်၊ ဒီမီးခွေတ်အရောင်လေးပါး ထင်လာအောင် အားထုတ်ရတော့မယ်၊ ဒီတော့ ဘယ်လို အားထုတ်မလဲဆိုတော့ "သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာ မီတိ သိက္ခတိ၊ သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ" လို့ဟောကြားလာတဲ့အတိုင်းအားထုတ်ရမယ်။

ဒီတော့ မီးခွေတ် ၄-ပါးရဲ့ အရောင်ကို မှတ်ချက်ယူရမယ်၊ ဒီတော့ ဥဟာမီးခွေတ်ရဲ့ အရောင်ဟာ ဘယ်လိုအရောင်လဲ?

သင်နည်းမှတ်ချက်။

(၁) နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားပဌမတံခါး ဥဟာမီ ခွေတ် ရဲ့အရောင်သည် အဖြူရောင်ထွက်၏။

(၂) ငယ်ထိပ်ဦးခေါင်း ဒုတိယတံခါး သဏ္ဍာပ္ပနမီးခွေတ်ရဲ့ အရောင်သည် အညိုရောင်ထွက်၏။

(၃) နှလုံးအိမ်ရင်ချိုင့် တဘိယတံခါး ဥသမမီးခေါတ်ရဲ့ အရောင်သည် အနီရောင်ထွက်၏။
(၄) ချက်ဘိုင် စတုတ္ထတံခါး ပရိပါစက မီးခေါတ်ရဲ့ အရောင်သည် အဝါရောင်ထွက်၏။

ဒါဟာလောကုတ္တရာကျောက်နဂါးမီးခေါတ်ရဲ့အရောင်ဖြစ်၏၊ အဲဒါ ဖြူ, ညို, နီ, ဝါ ဆိုပြီးထွက်၏၊ လောကီကျောက်နဂါး မီးခေါတ်ကျတော့ ဖြူ, နီ, ဝါ ရွှေဆိုပြီး ထွက်၏၊ အညိုရောင် မထွက်ပါ၊ ဘာ့ကြောင့်မထွက်သလဲဆိုရင် ရုပ်နာမ်ကိုသေအောင် မသတ်နိုင်လို့ပါ၊ (ဝါ) ပဉ္စဝိသာဏ်နာမ်ခေါင်ကို သေအောင် မသတ်နိုင်ခြင်းကြောင့်ပါ၊ ဒါ့ကြောင့် လောကီ ကျောက်နဂါး မီးခေါတ်, လောကုတ္တရာ ကျောက်နဂါးမီးခေါတ်ဆိုပြီး ခွဲလာရ တာပါ။

ဒီတော့ နှလုံးအိမ်ရင်ချိုင့်က မီးခေါတ်ပေါက်အောင် အား ထုတ်ဘို့မကောင်းဘူးလား၊တနေ့အာနာပါနတရားကို့အားထုတ် လာတဲ့အခါမှာ ဒီနှလုံးအိမ်ရင်ချိုင့်က မီးခေါတ်ပေါက်လာရင် လာတွေ့တော့မယ်၊ ဒါကိုကျောက်နဂါးမီးခေါတ်လို့ခေါ်တယ်၊ ဒီမီးခေါတ်ကိုပွင့်အောင် ဖွင့်ကြပါ၊ ဒီတော့ မိမိရဲ့ခန္ဓာကိုယ် ကြီးမှာ ဒီမီးခေါတ်ကြီးရှိနေရဲ့သားနဲ့ တကြိမ်တခါမှ မတွေ့တဲ့ အတွက် (ဝါ) တကြိမ်တခါမှ မပေါ်တဲ့အတွက် (ဝါ) ပေါ် အောင်အားမထုတ်တဲ့အတွက် ဘုန်းကျက်သရေတွေ ဆုတ်ယုတ် လာတာပါ၊ ဒီမီးခေါတ်ကို ပေါက်အောင် အားထုတ်စမ်းပါ၊ ဒီမီးခေါတ်ပေါက်သွားရင် ဘုန်းကျက်သရေတွေတက်ပြီး လောက ကြီးရဲ့မီးခေါတ်တွေကို သိမြင်လာတော့မယ်။

ဒီတော့ လောကကြီးဘခုလုံးမှာ ဒီမီးခေါတ် ၄-ပါးတို့က ချယ်လှယ်နေကြတာဘဲ၊သတ္တဝါတဦးတယောက်မှာရှိတဲ့ မီးခေါတ်

၄ ပါးကိုဘဲကြည့်စမ်းပါအုံး၊မြင်ရဲ့လား၊ ဒါကိုမြင်လာအောင် ဒီဥသမမီးခာတ်ကြီးပေါက်အောင် အရင်အားထုတ်ရမယ်၊ အခုမီးဓာတ်၄-ပါးရဲ့ အရောင်ဓာတ်ထွက်ပုံကို ပြလိုက်ပြီ၊ နောက်ပုံစံအတွင်းစက်ဝိုင်းထဲမှာ အရောင်, အဆင်း, အလင်း, အကြည် ဆိုပြီးပြထားတယ်၊ ဒါကခက်ပါတယ်၊ ဒီတော့တတိယတံခါးကို ဖွင့်တော့မယ်ဆိုတော့ ထိုယောဂီဟာ ထွက်လေဝင်လေကနေ လေကြောင်းနိမိတ်လေးကို ပြန်ကိုင်လာရမယ်၊ ဒီကနေကိုင်ပြီး နှလုံးအိမ်ရင်ချိုင့်ကနေကိုင်ရမယ်၊ ဒီတော့ လေကြောင်းနိမိတ်ကို အရင်ယူပြီးတော့မှ သဏ္ဍာန်, ဒံရိပ်, နိမိတ်, ယက္ခကလေးတွေ ထင်လာတယ်၊ ဒီကနေမှ ရှေ့တဆင့်တက်ပြီး အဲဒါ အရောင်, အဆင်း, အလင်း,အကြည် ၄-ပါးထွက်လာအောင် အားထုတ်ရမယ်။

ဒီတော့ ဘယ်လောက်တောင်ရှုရမလဲ၊ အဲဒါမပေါ်မခြင်း ရှုလာရမယ်၊ ဒီတော့ အရောင်, အဆင်း, အလင်း, အကြည်လဲ ပေါ်လာရော မိမိရဲ့နှလုံးအိမ်ကနေ ခုနကပြောခဲ့သလို အရောင် ၄-ပါးကျောက်နဂါးမီးဓာတ်ဟာ ပေါ်လာတော့မယ်။ အဲဒါ ရဲ့လောင်းကြီးပမာ ပေါ်ထွက်လာတော့မယ်၊ အဲဒါလောကုတ္တရာကျောက်နဂါးမီးဓာတ်ကြီး ပေါ်လာတော့မယ်၊ အဲဒီနှလုံး အိမ်ကနေ ကျောက်နဂါးမီးဓာတ်ကြီး ပေါ်ထွက်လာတော့မှ ဒီဥသမမီးဓာတ်ဟာ ပြည့်စုံပြီး ဒီကနေ ဟိုဘက်မှာကို ရုပ်နာမ် ကူးဘို့ဘဲရှိတော့တယ်၊ ဒီတော့ အရောင်, အဆင်း, အလင်း, အကြည် ဒါကို ရှင်းဘို့ဘဲရှိတော့တယ်၊ ဒါကိုရှင်းပြီးရင် ရုပ်နာမ်ကူးဘို့ဘဲရှိတော့တယ်။

ကိုင်း....သာဓုခေါ်ကြပါတော့။

သာဓု....သာဓု....သာဓု။

ဟော်သလင်းလဆုတ် ( ၁ )ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၂၂)

တနေ့က ဟောလိုက်တဲ့မီးခွက်ကြီး ၄-ပါးက ဖြူ,ညို,နီ,ရွှေ အရောင် ၄-ခုထွက်တယ်၊ ဒါက လောကုတ္တရာ အရိယာ ကျောက်နဂါးမီးခွက်ပါ၊ လောကီကျောက်နဂါး မီးခွက်ကျတော့ ဖြူ, နီ, ဝါ, ရွှေ ဒီလိုအရောင်ခွက် ထွက်လာတယ်၊ အညိုရောင်ဟာမထွက်ပါ၊ ဘာ့ကြောင့်မထွက်သလဲ၊ ပစ္စဝိညာဏ်နာမ်ခွက်လောင်ကိုမသတ်နိုင်လို့ပါ၊ ဒီတော့ အဆင်း ၄-ပါး (ဝါ) အရောင်ခွက် (၄)ပါး ပေါ်ထွက်လာရင်တဲ ရဲလောင်းကြီးပမာ ပေါ်ထွက်လာတာကို လုပ်ငန်းစဉ်ဝင်လာရင် တွေ့လာပါလိမ့်မယ်။

ဒီတော့ အရောင်, အဆင်း, အလင်း, အကြည်ဆိုပြီးလုပ်ငန်းစဉ်ပေးရတော့မယ်၊ ဒုတိယ တံခါးတုံးက သဏ္ဍာန်, အရိပ်, နိမိတ်, သင်္ကေတဆိုပြီး ပြလာတယ်၊ ဒီတော့ သူ့ထက်သူ အဆင့်အတန်းမြင့်လာပါတယ်၊ ကိုင်း....အရောင်, အဆင်း, အလင်း, အကြည်ကို ရှာပြအုံးမယ်၊ အရောင်ဆိုတာ ဘာကို ခေါ်သလဲ အဆင်း, အလင်း, အကြည်ဆိုတာ ဘာကိုခေါ်သလဲ၊ ဒါဟာ တတိယတံခါးကို လက်တွေ့ ကိုယ်တွေ့ အနေနဲ့ ဖွင့်လာမှသိမယ်၊ ဒီ အရောင်, အဆင်း, အလင်း, အကြည်တို့ရဲ့ နောက်မှာ ဘက်ကရောင်းကြီး ရှိနေသေးတယ်၊ ဒီဟာကိုနှဲ့စိတ်လိုက်မှ ရုပ်နာမ်ကူးလို့ရမယ်၊ အရောင်ဆိုတာဟာ မီးရောင်, နေရောင်ပမာ ပေါ်ထွက်နေတာကိုခေါ်တယ်။

( သင်နည်း မှတ်ချက် )

၁။ အရောင်ဆိုသည်မှာ နေရောင်၊ လရောင်၊ ကြယ်ရောင်၊ မီးရောင်ဟုဆိုအပ်သော အရောင်အမျိုးမျိုးကိုခေါ်တယ်။ တနည်း သဏ္ဌာန်၊ အရိပ်၊ နိမိတ်၊ လက္ခဏာကင်းလျက် မီးခေတ် ၄-ပါးမှ တခဲနက် ထွက်ပေါ်လာသော သဘောတရားကို အရောင်ဟု ခေါ်သည်။

မှတ်ချက်။ ။လောကီအာနာပါနအနေနဲ့ ပြောတဲ့အခါမှာ နေရောင်၊ လရောင်၊ မီးရောင်စသည်ဖြင့် ပြောနိုင်၏၊ လောကုတ္တရာအာနာပါနကျတော့ မီးခေတ်၄-ပါးမှ တခဲနက် ထွက်တဲ့ သဘောကို ပြောနိုင်ပါသည်၊ (ဤကား ထူးခြားချက်ပင်တည်း)

၂။ အဆင်းဆိုသည်မှာ ရုပ်သဏ္ဌာန်၊ နာမ်သဏ္ဌာန် တို့ကို ခေါ်သည်၊ ဤနှလုံးအိမ်မီးခေတ်၌ကား မီးခေတ်ကြီး ၃-ပါးတို့ သည် တစ်ဦးနဲ့ တစ်ဦး မတူကွဲပြား မူဘာခြားစီဖြစ်၍ ထွက်ပေါ် လာသော သဏ္ဌာန်ကို အဆင်းဟုခေါ်သည်။

၃။ အလင်းဆိုသည်မှာ ဝိပဿနာကြောင့်ဖြစ်သော အလင်း ခေတ်သည် ခန္ဓာကိုယ်ပတ်ခနျင်းကျင်း၌ အစဉ်ထွက်ပေါ်နေခြင်းကို ခေါ်သည်။

၄။ အကြည်ဆိုသမှာ နှလုံးအိမ်မီးခေတ်မှ ထွက်ပေါ်လာ သော နိမိတ်အလုံးစုံတို့သည် မပျောက်မပျက် (ဝါ) အလုပ် မလုပ်သော်လဲ ခန္ဓာကိုယ်ကြီး၌ အစဉ်ထွက်ပေါ်နေခြင်းကို ခေါ်သည်၊ ဒီတော့ နှလုံးအိမ်မီးခေတ်ကြီးဟာ ဘယ်လောက် တောင်တန်ခိုးရှိသလဲ၊ ဒီကျွန်အောင်အားထုတ်နိုင်လာရင် တန်ခိုး ရှိပါတယ်၊ ဒီတော့ ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန် ၁၀

ပါးကနေပြီးတော့မှ ဥဒယဗ္ဗယဉာဏ်ကြီးထိအောင် တက်သွားတော့မယ်။

ယခုသင်နည်း မှတ်ချက်ပေးလိုက်တာဟာ အာနာပါနမှာ လမ်းဆုံးနေပြီ၊ အရောင်, အဆင်း, အလင်း အကြည် ဒီ-၄ပါးကို ဥဒယဗ္ဗယဉာဏ်ကြီးက ကိုင်ပြီး ဖြစ်ပျက်ကို ရှာတော့မယ်၊ အခု ဒီနေရာကနေ ဥဒယဗ္ဗယဉာဏ်ကြီးကိုတက်ဖို့သဘာဝတွေ ထွက်လာတော့မယ်၊ ဥဒယဗ္ဗယဉာဏ်ကြီးကျတော့ ဒီနိမိတ်တွေကို ဖြစ်ပျက်ဆိုပြီး ရှုလာတော့မယ်၊ အဲဒါဟာ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ အနေနဲ့ ရှုလာတော့မယ်၊ ဒီနိမိတ်လေးဟာ အာနာပါနမှာလမ်းဆုံးပြီ၊ ဥဒယဗ္ဗယဉာဏ်ကျတော့ ဖြစ်ပျက်အနေနဲ့ ရှုသွားတော့မယ်။

ကိုင်း....အခုအာနာပါနကို အားထုတ်သောပုဂ္ဂိုလ်ဟာ ပဌမ တံခါးကနေ ထွက်လေ ဝင်လေကို မှတ်ပြီးတဆင့်ပြီး တဆင့်ရုပ်နာမ် ကူးလာတာဟာ အခုတတိယတံခါးနှလုံးအိမ် ရင်ချိုင့်က နေပြီး ထွက်လေ ဝင်လေကို ရှုလာရမယ်၊ ဒီတော့ သူ့တံခါးနဲ့ သူ သူ့ပညတ်ရုပ်တွေ ထွက်ဘို့က တကယ် အားထုတ်နိုင်ဘို့က အားလုံလွှကြီးတွေ လိုပါတယ်၊ တကယ်အားထုတ်လာရင်နိမိတ်တွေဟာ ထင်လာပါတယ်ဆိုတာကို ယုံကြည်ပါ။

ကိုင်း... သဘာဝတခုကို ထုတ်ပြမယ်၊ ဒီအရောင်, အဆင်း, အလင်း, အကြည်ကနေ ဝိပဿနာတက်တဲ့အခါမှာ ဝိပဿနာ ညစ်ညူးကြောင်းဘေးရန် ၁၀-ပါးဟာ ဝင်လာတော့မယ်၊ အဲဒါ....

ဩဘာသော ပီတိ ပဿဒ္ဓိ၊ အဓိမောက္ခော စ ပဂ္ဂဟော။
သုခံ ဉာဏမုပဋ္ဌာန၊ မုပေက္ခာ စ နိကန္တိ စ။

လို့ဆိုတဲ့ ဘေးရန် ၁၀ပါးတွေ ဝင်လာမယ်၊ ဒီတော့တခါမှ မတွေ့ဘူးတဲ့ အရောင်၊ အဆင်း၊ အလင်း၊ အကြည်တို့ကိုလဲ တွေ့ရော- ဒါကို နှစ်သက်ပြီး ဒါဟာ တရား အစစ်ဘဲဆိုပြီး ဒီပညတ်ရိပ်တွေကိုဖြစ်ပျက်အနေနဲ့ ရှုလာတော့မယ်၊ဒီအရောင်၊ အဆင်း၊ အလင်း၊ အကြည်တို့ဟာ ဥဒယဗ္ဗယဉာဏ်ကြီးလဲရောက် ရော ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန် ၁၀ ပါးဖြစ်လာ တော့မယ်။

ဒါကိုမဖြစ်အောင် ဘယ်လိုလုပ်မလဲ?

ဒါဟာ ရှေ့မီးခွက်ကျရင် ထင်ရှားလာပါတော့မယ်· ယခု တတိယတံခါးမှာ ဒီအရောင်၊ အဆင်း၊ အလင်း၊ အကြည်တို့ဟာ ဘယ်သူ့ကြောင့်ဖြစ်လာသလဲ၊ ရုပ်နာမ်ရှာမဲ့သူဟာဒီလိုစစ်လာရ မယ်၊လောကီအာနာပါနကျတော့ ဒီလိုမစစ်တော့ပါ၊ အခု ရုပ် နာမ်ရှာမဲ့သူက စစ်ပြီးတော့မှ ရုပ်နာမ်ကူးရမယ်၊ အာနာပါနကို ဘယ်လောက်ဘဲ အားထုတ်အားထုတ် ပညတ်ရိပ် ထင်တာဟာ ဒီနေရာမှာ လမ်းဆုံးတာဘဲ၊ အခု သတိပဋ္ဌာန်အာနာပါနကြီးက သဘာဝတွေကို နှိုက်ရတော့မယ်။

ကိုင်း အရောင်အဆင်းအလင်းအကြည်တို့ဟာ ဘယ်သဘာဝ ရှိလို့ ထွက်လာရသလဲ၊ ဒါကိုလိုက်ရှာရမယ်၊ ဒီတော့ မီးခွက် ၄ပါးက ဖြူ၊ညို၊နီ၊ရွှေ ဆိုတဲ့ အရောင်ခွက်တွေထွက်သွားပြီ ဒီတော့ ဒီအရောင်၊အဆင်း၊အလင်း၊အကြည်တွေကနေ ရုပ်နာမ် ကို မရှာဘဲနဲ့ ဥဒယဗ္ဗသဉာဏ်ကြီးကို တက်ရင်တောင်မှဘဲ ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်ကြီးထဲ သွင်းလို့ရပါတယ်၊ ဒီပုဂ္ဂိုလ် ဟာ ဝိပဿနာဘေးရန် ၁၀-ချက်မှာ ရှေ့ ၅-ချက်ကို စွဲလာ

လိမ့်မယ်၊ ဒါက အောက်ဉာဏ်တွေကနေ တက်လာတဲ့သဘာဝ တွေကနေပြီး အခုဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်မှာ ဒီဝိပဿနာ ဘေးရန် ၅-ချက်နဲ့ လက်မောင်းတန်းလာမယ်။

နောက် ဝိပဿနာသက်သက် အနေနဲ့ တက်လာသောအခါ ကာလ ၃-ပါး ရုပ်နာမ်ကနေ ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်ကြီး ကို တက်လိုက်တာနဲ့ တခါထဲ ဝဲထဲကိုကျတော့တာဘဲ၊ ကျလို့ ၁-နှစ် ၂-နှစ်လဲကြာလာရော အဲဒါ ငါမဂ်ရပြီ၊ ဖိုလ်ရပြီဆိုပြီး တော့ သညာဝိညာဏ်ရုပ်တွေက ရစ်ပတ်လာခဲ့တော့တယ်၊ နောက် အတိတ်၊ အနာဂတ် အနေနဲ့ ရစ်ပတ်ပြီး ပါရမီရုပ်တွေကိုပါ လက်ရုပ်ခေါ်လာတော့တယ်၊ ဒီတော့ ထိုပုဂ္ဂိုလ်ဟာ သားမယား တွေကို တယောက်ပြီးတယောက်ယူလာတော့တယ်။

ဒီသဘာဝတွေကို သတိထားရမယ်၊ ဒီဥဒယဗ္ဗယဝဲထဲ ကျပြီ ဆိုရင် ကြောက်ဘို့အင်မတန်ကောင်းပါတယ်၊ ဒါဟာ ကာမ ဝဲကြီး အကြီးဆုံးပါဘဲ၊ ပကတိ အိမ်ယာထောင်နေကြတဲ့ပုဂ္ဂိုလ် တွေကျတော့ ရုပ်နာမ်တရားကိုမသိတဲ့ အန္ဓတွေရဲ့ သညာဝိညာဏ် နဲ့ သိတာဖြစ်ခြင်းကြောင့် ဝဲသေးလို့ ခေါ်တယ်၊ ဒါက အရေး မကြီးပါ၊ ဒီ ကာမဝဲကြီးထဲက အမြန်ဆုံးထွက်နိုင်အောင် ကြိုး စားရမယ်၊ အချုပ်မှာ ဂိုဏ်းပညာတွေကနေ အားထုတ်နေ ကြတဲ့ ဘိုးဘိုးကြီး၊ ဘဘကြီးတွေတောင်မှ ဒီဝဲထဲမှာဘဲ ရှိနေ သေးတယ်၊ ဒါကြောင့် ကြပ်ကြပ်သတိထားရမယ်၊ ဒီဝဲကြီးထဲ ကျပြီဆိုတာနဲ့ သိရမယ်၊ ဒီလိုသိလာမှ ဆရာကောင်းထံ နည်း ခံပြီး ဒီဝဲကြီးထဲက လွတ်သွားအောင် ကြိုးစားရမယ်။

ဒီဝဲကြီးထဲက လွတ်သွားမှ ဘုရားရှင်က ကျွတ်သားချွတ်ဖြီးလို့ ခေါ်တော်မူတာပါ၊ ဒီတော့မှ ဘုရားရှင်က အခွင့်ခံပါတယ်၊

ဒီ ဥဒယဗ္ဗယဝဲကြီးထဲ ကျပြီဆိုတာနဲ့, ၂၈-ပါးသော ကံတွေရဲ့ အကျိုးဝိပါကတို့ဟာ တခါထဲချတော့တာဘဲ၊ ဒီတော့ ပဌမ ဒီဝဲကြီးထဲက လွတ်ဘို့ရန် အရေးကြီးပါတယ်၊ အခု အရောင်, အဆင်း, အလင်း, အကြည်တို့ဟာ ဝဲကတော့ ထိုးနေတာပါ၊ ဒီကနေ ရုပ် နာမ်ထွက်လာတော့မယ်၊ ဒီတော့ ဒီအရောင် အဆင်း, အလင်း အကြည်တို့ဟာ ဘယ်ကထွက်လာတာလဲ၊ ဒီလိုရှာပြီး ရုပ် နာမ် ကူးမှ ဒီဝဲကြီးကလွတ်မယ်၊ ဒါ့ကြောင့်ရှာနေရတာပါ။

ကိုင်း....ဘယ်ကထွက်လာလဲ၊ အခုဆရာတော် ပြောသွားတဲ့ စကားတွေဟာ တခန္ဓာအားထုတ်လာတဲ့အခါမှာ ငါတို့တွေအုံး မယ်ဆိုတာကို မှတ်ထားပါ၊ အခုပြောနေတာဟာ ဒေသနာတွေ မဟုတ်ပါ၊ ကိုယ်တွေ့လက်တွေ့ တွေ့လာလို့ ပြောနေတာပါ၊ ဒီဝဲကြီးကိုတော့ဘယ်သူဘဲ အားထုတ် အားထုတ် လာတွေ့ဦးမှာ ဘဲ၊ ဒီဝဲထဲကျရင် ဘယ်အနေနဲ့လွတ်အောင် လုပ်မယ်ဆိုတာ သာကြံစည်စိတ်ကူးထားပါ။

ဒီဝဲကြီးထဲကလွတ်လိုတဲ့ပုဂ္ဂိုလ်ဟာ ယခုဒီကဏ္ဍကနေ တကဏ္ဍ ရုပ် နာမ်ကိုရှာရမယ်၊ ဒီတော့ ဒီအရောင်, အဆင်း, အလင်း, အကြည်တို့ဟာ ဘယ်ကထွက်လာသလဲ ပြောပြမယ်၊ "မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ" လို့ဆိုတဲ့အတိုင်း နှလုံးအကြည်, ဓမ္မာရုံ, ဘဝင်စိတ်, မနောဝိညာဏ် ဒီ ၄-ပါးကနေထွက်လာ တာပါ၊ ဒီ ၄ ချက်ကနေပြီးတော့မှ ရုပ် နာမ်ရှာရမယ်၊ ကိုင်း.... နက်ဖြန်ကျမှ ဒီ ၄-ပါးပေါ်ပုံကို ရှင်းပြမယ်။

ကိုင်း....သာဓုခေါ်ကြပါတော့၊

သာဓု....သာဓု....သာဓု။

## ပုံစံနံပါတ် (၂၃)



တော်သလင်းလဆုတ် ( ၂ ) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၂၃)

ကိုင်း....မနေ့ကဟောလာခဲ့တဲ့ အရောင်၊ အဆင်း၊ အလင်း၊ အကြည်တို့ဟာ ဘယ်ကထွက်လာသလဲဆိုတာကို ရှာရမယ်၊ အဲဒါအကြောင်းမရှိဘဲနဲ့ ( ဝါ ) ပရမတ်မရှိဘဲနဲ့ ပညတ်တရားဟာမထွက်ပါ၊ ဒါကြောင့်.... သူ့ရဲ့အကြောင်းကို ရှာရမယ်၊ ဒီတော့ သမ္မသနဉာဏ်ကိုမှ မပိုင်ဘဲနဲ့ ဥဒယဗ္ဗယ ဉာဏ်ကြီးကို တက်ရင် ဥဒယဗ္ဗယသဲသဲကျမယ်၊ ဒီဝဲထဲက လွတ်မြောက်အောင် ဆိုရင် ဆရာကောင်းနဲ့ တွေ့မှလွတ်မြောက်နိုင်ပါတယ်၊ ဒီတော့ ရုပ်ဘက်က ထွက်လာတဲ့ဝိပဿနာတရားရန် ၅-ပါး၊ နာမ်ဘက်က ထွက်လာတဲ့တရားရန် ၅-ပါးကိုထုတ်ပြလာခဲ့ပြီ။

ဒီတော့ပညတ်တရားတွေကို ပရမတ်တရားအစစ် ထင်ပြီး ရှုနေတာသည်ပင် ဝိပဿနာတရားရန် ၁၀-ပါးထဲ ကျနေပြီ၊ ဒါကြောင့်...."ပညတ်ကိုပရမတ်ထင်၊ သမထအစဉ်ကို ဝိပဿနာရှု၊ နိဗ္ဗာန်ကိုအာရုံပြုပြီလို့ပြောလိုပြော၊ အဟောတွေကကလိန်ချုံ၊ သာသနာ့သူပုန်တွေတ" လို့ဆိုတဲ့အတိုင်း ဒီအနေနဲ့ဖြစ်နေကြတော့ဘယ်၊ဒီလိုမဖြစ်ရအောင် ကိုင်း....အရောင်၊ အဆင်း၊ အလင်း၊ အကြည်တွေထင်လာရင် ဒါကိုသမ္မသနဉာဏ်နဲ့ ချေရမယ်၊ ဒါမှမချေနိုင်ရင် ဥဒယဗ္ဗယကိုလဲတက်လိုက်ရော....

ဩဘာသော ပီတိ ပဿဒ္ဓိ၊ အဓိမောက္ခော စ ပဂ္ဂဟော။
သုခံ ဉာဏမုပဋ္ဌာနံ၊ ဥပေက္ခာ စ နိကန္တိ စ။

လို့ဆိုတဲ့ဝိပဿနာညစ်ညူးကြောင်းတရားရန် ၁၀-ပါးဥဒယဗ္ဗယဝဲကြီးထဲကျတော့မယ်။

ဒါကြောင့် ဒီအရောင်, အဆင်း, အလင်း, အကြည်တွေကို သမ္မာသနညာဏ်က ချေပြီးတော့ ရုပ်နာမ်ကို ရှာရမယ်၊ ကိုင်း— ဒီအရောင်,အဆင်း,အလင်းအကြည်တွေဟာ ဘယ်ကဖြစ်လာသလဲ ဆိုတော့ ပုံစံမှာပြထားတဲ့အတိုင်း နှလုံး အကြည်, ဓမ္မရုံ, ဘဝင်စိတ်, မနောဝိညာဏ် ဒီ-၄ ချက်ကနေပြီး ထွက်နေတာပါ၊ ဒီတော့ နှလုံးအကြည်ဆိုတာ ဘာကိုခေါ်သလဲ၊ ဒါကိုတွေးပါ၊ ဘာ့ကြောင့်လဲ....၊ မဂ်တရား, ဖိုလ်တရားကို အလိုရှိတဲ့ပုဂ္ဂိုလ်ဟာ ဒီအာနာပါနလုပ်ငန်းစဉ်ကြီးကို ရှောင်ကွင်းလို့မရပါ။

ဒီအာနာပါနတရားတော်ကြီးဟာ ပေါက်ရောက်တော်မူသွားကြတဲ့ပုဂ္ဂိုလ်ကြီးတွေကနေပြီး ယူခဲ့ရတဲ့အတွက်ကြောင့် အလွန်ဘဲတန်ဘိုးရှိပါတယ်၊ မိမိရဲ့နှလုံးအိမ်မှာရှိတဲ့ သဘာဝဓမ္မကို ပြန်ကိုင်ပါ၊ နှလုံးအကြည်ဆိုတာဟာ ဟဒယဝတ္ထုရုပ်လို့ခေါ်တယ်၊ ဒီမှာ ရုပ် ၁၀-ပါးရှိနေတယ်၊ "ပထဝီ,အာပေါ,ဝါယော တေဇော,ဝဏ္ဏ,ဂန္ဓ,ရသ, ဩဇာ,ဇီဝိတ, ဟဒယဝတ္ထု-ဆိုပြီး ရုပ် ၁၀-ပါး ရှိနေတယ်၊ ဒီတော့နှလုံးအိမ်မှာ သဘာဝ ၄ ချက်ပေါင်းစုမှ စိတ်တွေဟာဖြစ်ပေါ်သာတာပါ။

ဒီ-သဘာဝ ၄-ချက်ကနေပြီး အရောင်, အဆင်း, အလင်း, အကြည်တို့ဟာထွက်နေတာပါ၊ ဘယ်လိုထွက်နေသလဲ၊ အကြည်ဓာတ် ၆-ပါးမှာ မနောအကြည် ( ၀၁ ) နှလုံးအကြည်ကလဲ တပါးအပါအဝင်ပါ၊ သူ့ကိုဟဒယဝတ္ထုရုပ်လို့ ခေါ်ပါတယ်၊ ဥသမမီးဓာတ် (၀၁) အသက် (၀၁) အာယုလို့လဲခေါ်ပါတယ်၊ စိတ်လို့လဲခေါ်ပါတယ်၊နှလုံးအကြည်လဲ့ရှိရမယ်၊ ဒီတော့ နှလုံးအကြည်မှာ ဟဒယဝတ္ထုရုပ်လို့ခေါ်တဲ့ နှလုံးသည်းပွတ်မှာ တလက်ဖက်မျှရှိတဲ့ သွေးတွေဟာ တစက်စက်နဲ့ကျနေရတယ်၊

ဒီဟာဒယဝတ္ထုရုပ်ကနေမှ စိတ်,စေတသိက်တွေ ဖြစ်လာရတာပါ။ နောက်မှောရုံကလဲ ရှိရမယ်၊ နောက်....ဘဝင်စိတ်ကလဲ ပြတ်ပေးရမယ်၊မနောဝိညာဏ် ဒီ ၄-ချက် ညီညွတ်မှုရမှ စိတ်တွေ ပေါ်လာတာပါ။

ဒီတော့ ဟာဒယဝတ္ထုရုပ်ကို ယခု မဟာသတိပဋ္ဌာန် အာနာပါနကြီးက နှလုံးအကြည်ဆိုပြီး ပြလာတာပါ၊ ဒါဟာ တတိယတခါးပေါက်ပါ၊ ဒီ နှလုံးအကြည်ကလဲရှိရမယ်၊ နောက် ဓမ္မာရုံကလဲရှိရမယ်၊ ဓမ္မာရုံဆိုတာ ဘာကိုခေါ်သလဲ "ဓမ္မာရမ္မဏံ ပန ပသာဒ သုခုမ ရူပ စိတ္တ စေတသိက နိဗ္ဗာန် ပညတ္တိဝသေန ဆခ္ခာ သင်္ဂယှတိ" လို့ သင်္ဂြိုဟ်ကျမ်းက ပြလာတဲ့အတိုင်း ပသာဒရုပ် ၅-ပါး, သုခုမရုပ် သောဠသ(၁၆)ပါး, စိတ်,စေတသိက်, နိဗ္ဗာန်, ပညတ် ဆိုပြီး ဓမ္မာရုံ ၆-မျိုးရှိတယ်။

အခု အာနာပါနကို အားထုတ်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်မှောရုံကိုကိုင်သလဲ၊ ဘုရားရှင် အဘိဓမ္မာကျမ်းကြီးတွေ ဆင်ခြင်တဲ့အခါမှာ ဘယ်မှောရုံကိုကိုင်သလဲ၊ ဝိပဿနာအားထုတ်တဲ့သူတွေကျတော့ ဘယ်မှောရုံကိုကိုင်သလဲ၊ သမာပတ် ၈-ပါး, ၉-ပါး ရနေတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဘယ်မှောရုံကိုကိုင်သလဲ၊ ဒီလိုကို အသေးစိတ် ခွဲလိုက်ရင် ကျယ်ဝန်း လာပါတယ်၊ ဒီတော့ အကျဉ်းနည်းဖြင့်သာ သွားကြပါစို့။

အာနာပါနကို အားထုတ်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်မှောရုံကိုကိုင်သလဲ၊ အတိတ်, အနာဂတ်ဖြစ်တဲ့ ပသာဒရုပ် ၅-ပါး မှောရုံကို ကိုင်ရပါတယ်၊ အတိတ်,အနာဂတ် ဓမ္မာရုံဆိုတာ ဘာကိုခေါ်သလဲ၊ အာရုံ ၆-ပါးနဲ့ အကြည်ဓာတ် ၆-ပါးတို့ ဆုံလိုက်တဲ့အခါ

မှာ အဆင်း အကြည် သညာလေးတွေဟာ နှလုံးအိမ်ထဲမှာကို ကိန်းခနပါတယ်၊ အဆင်းသညာ ၅-လုံးက အတိတ်အနေနဲ့ ရှိနေတယ်၊ အကြည်သညာ ၅-လုံးက အနာဂတ်အနေနဲ့ ရှိနေတယ်၊ မနောဝိညာဏ်ကြီးက ဒီ အတိတ်, အနာဂတ် ဓမ္မာရုံကို သာ ဆွဲကိုင်ကျေးကြံနေတာပါ၊ ဒါကြောင့် ပသာဒရုပ် ဓမ္မာရုံ ကိုသာ ကိုင်ရပါတယ်၊ အဲဒါ အဆင်းလေးတို့ဟာ နှလုံးအိမ် ထဲကို တိုက်ရိုက်မဝင်နိုင်ပါ၊ အဆင်းသညာလေးကို အကြည် သညာလေးက ကျော့ပိုးပြီးယူလာတဲ့အတွက်ကြောင့် ဒီအတိတ် အနာဂတ်ဖြစ်တဲ့ ပသာဒရုပ် ၅-ပါးကို ဓမ္မာရုံလို့ ယူရပါတယ်။

အဲဒါကြောင့် ပသာဒရုပ် ၅-ပါးဖြစ်တဲ့ အတိတ်, အနာဂတ် ဓမ္မာရုံကိုသာ ကိုင်ရမယ်၊ ဒီတော့ နှလုံးအကြည်လဲ ရှိရမယ်၊ ဓမ္မာရုံကလဲ ရှိရမယ်၊ ဒီတော့ ဝိပဿနာဉာဏ်ကို ဆင်ခြင်သုံးသပ် တဲ့အခါမှာ သုခုမရုပ် သောဠသ, စိတ်, စေတသိက် ဓမ္မာရုံတွေ ကိုကိုင်ရမယ်၊ အဘိဓမ္မာ ၇-ကျမ်းကို ဆင်ခြင်သုံးသပ်တဲ့ပုဂ္ဂိုလ် တွေကျတော့လဲ သုခုမရုပ် သောဠသ, စိတ်, စေတသိက် ဓမ္မာရုံ ကိုဘဲ ကိုင်ပါတယ်။

သမာပတ် ၈-ပါး, ၉-ပါးရနေတဲ့ အဂ္ဂသာဝကမဟာသာဝက တို့ကျတော့ နိဗ္ဗာန် ဓမ္မာရုံကို ကိုင်ပါတယ်၊ ပညတ် ဓမ္မာရုံကို ကိုင်ဘာကျတော့ ပုထုဇန်ပြဟ္မာကြီးတွေ (ဝါ)အာဠာရဥဒက စတဲ့ ပြဟ္မာကြီးတွေကိုင်ဒါပါ၊ ဒီသဘာဝတွေကို မှတ်ထားပါ၊ အခုအာနာပါနက အတိတ်,အနာဂတ်သဘောဖြစ်တဲ့ အဆင်း, အကြည် သညာဖြစ်တဲ့ ပသာဒရုပ် ၅-ပါးရဲ့ ဓမ္မာရုံကိုကိုင်ရမယ်။

ဒါကြောင့် ဓမ္မာရုံကလဲရှိရမယ်၊ နောက်- ဘဝင်စိတ်ဆိုတာ ဘာကိုခေါ်သလဲ၊ လူမှာစိတ် ၂-မျိုးရှိတယ်၊ ပဋိသန္ဓေစိတ်

ဆိုတာက အကျိုးဝိပါက်စိတ်ပါ၊ နောက် အာရုံ ၅-ပါးနဲ့ တွေ့တဲ့အခါမှာ ပေါ်လာတဲ့စိတ်ကျတော့ ဝိထိစိတ်၊ ဒီလိုစိတ် ၂-မျိုးအားဖြင့် မှတ်ထားပါ၊ ဝိပဿနာရှုတာကျတော့ အာရုံ ၆-ပါးနဲ့ တိုက်တဲ့အခါမှာ ပေါ်လာတဲ့စိတ်ကိုသာ ရှုရပါတယ်၊ ဒီတော့ ပဋိသန္ဓေစိတ်ဟာမြစ်ရေပမာ, ဆီမီးလျှံပမာ အမြဲသာ ဖြစ်နေတယ်၊ ဒီကနေမှ ဝိထိစိတ်တွေဖြစ်လာပါတယ်၊ ဝိပဿနာ ကျတော့ ဒီစိတ်ကိုဘဲ စင်ကြယ်အောင် လုပ်ပြီးတော့ ဈာန် မဂ်ဖိုလ်ရကြပါတယ်လို့ ပြောတာပါ၊ ပဋိသန္ဓေစိတ်ကို ဘာမှ မပြောပါ သူဟာ အသက်မသေမချင်း အမြဲ စီးနေတာပါ၊ ဒီတော့ ဒီစိတ်ဟာလဲ နှလုံးအိမ်ကြီးထဲမှာဘဲရှိနေတယ်။

ဒီတော့ပဋိသန္ဓေဝိပါက် ဝိညာဏ်အဗျာကတ စိတ်လေးဟာ နှလုံးအိမ်ထဲမှာ ဘဝင်စိတ်အနေနဲ့ရှိနေတယ်၊ ဒီတော့နှလုံး အကြည်ကလဲရှိရမယ်၊ ဓမ္မာရုံကလဲရှိရမယ်၊ ဘဝင်စိတ်ကလဲ ပြတ်ရမယ်၊ ဘဝင်စိတ်ပြတ်လာမှ ဝိထိစိတ်ဟာပေါ်လို့ရမယ်၊ ဒါ့ကြောင့် ဘဝင်စိတ်ကလဲ ပြတ်ပေးရမယ်၊ ဒီတော့ ၃-ခုဖြစ် သွားပြီ၊ ဒီတော့ ဒီ ၃-ပါးလဲဖြစ်လာရော သိမှုခေါ်တဲ့မနော ဝိညာဏ်ကြီးလဲ ရှိရမယ်၊ ဒီ-၄ ပါးအညီအညွတ် သဘာဝအတိုင်း ပေါ်လာတာကို ဖဿလို့ခေါ်တယ်၊ ဒါဟာသိမှုကြီးပေါ်လာ တော့တယ်၊ ဒီသဘာဝ ၄ ချက်ရှိနေလို့ အရောင်, အဆင်း, အလင်း, အကြည်ဆိုတဲ့ ပညက်ရိပ်တွေထွက်လာတာပါ။

ဒီတော့ တရားအားထုတ်တဲ့ ထိုယောဂီဟာ ဒီအရောင်, အဆင်း, အလင်း, အကြည်တွေထင်လာလို့ နှလုံးအိမ်ကြီးကိုလဲ ကိုင်ရော ဒီသဘာဝ ၄-ချက်ကိုသာတွေ့မယ်၊ ဒီတော့မှ အရောင်, အဆင်း, အလင်း, အကြည်တွေကို ဖြုတ်ပြီးတော့ ဒီသဘာဝ

၄ ချက်ကိုကိုင်နိုင်လာရင် ဥဒယဗ္ဗယဝဲထဲ မကျတော့ပါ၊ သတိပဋ္ဌာန်နည်းဆိုရင်မကျတော့ပါ၊ ဝိပဿနာနည်းဆိုက ဧတော့မယ်၊ ဒီသဘာဝ ၄-ချက်ကနေပြီး ရုပ်နာမ်တွေအောင် ထပ်ရှုလာရတော့မယ်၊ ဘယ်လိုရှုရမလဲ ဒီတော့မှ ဘုရားရှင်က "သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ" လို့ပြလာတာပါ၊ ဒီတော့မှတကိုယ်လုံးတံခါးပေါက်ကြီးကို ဖွင့်လို့ရမယ်။

ကိုင်း ဘယ်လိုဖွင့်မလဲ?

ဖွင့်ပုံကိုပြောပြမယ်၊ ဒီတော့ အရောင်, အဆင်း, အလင်း, အကြည်တွေထွက်ပေါ်နေတာကို အထင်မကြီးပါနဲ့၊ သဘာဝ ၄-ချက်ကို တွေအောင်ထပ်ပြီးရှုပါ၊ ကိုင်း သဘာဝ ၄-ချက်နေပုံကို နားလည်သွားပြီ၊ သဘာဝတွေကို ထပ်ခွဲလာရမယ်၊ ဒီကလာကိုချေနိုင်မှ ဥဒယဗ္ဗယဝဲကလွတ်မယ်၊ ကိုင်း အရောင်, အဆင်း,အလင်း, အကြည် ၄-ချက်ဘယ်ကထွက်သလဲ၊ သဘာဝ ၄-ချက်ကထွက်တယ်၊ သဘာဝ ၄-ချက်က ဘယ်လိုထွက်သလဲ၊ ထွက်ပြစမ်း၊ ထွက်ပြတတ်မှ နားလည်သွားမယ်။

ဒီတော့ တခါး ၄-ပေါက်, မီးခတ် ၄-ပါးနဲ့ အရင်ကဝေဖန်ပြလာတယ်၊ ဒါက သာမညအရ ဝေဖန်ပြတာပါ၊ သူ့ထက်အနုစိပ်ဝေဖန်ရင် အဲဒါ ဥသမမီးခတ်ရှိရင်ဘဲ ကျန်တဲ့မီးခတ်တွေကလဲ မရှိဘူးလား၊ ရှိမှာဘဲမဟုတ်လား၊ ဒီတော့ ဘယ်အနေနဲ့ရှိနေသလဲဆိုတာကို လိုက်နိုက်ရအုံးမှာဘဲ မဟုတ်လား၊ နှလုံးအိမ်မှာ ဥသမမီးခတ်က ပြဋ္ဌာန်းနေတယ်၊ ကျန်တဲ့မီးခတ် ၃-ပါးကလဲ ရှိနေတယ်၊ ဘယ်အနေနဲ့ရှိသလဲ၊ ထုတ်ပြစမ်းပါ၊ ဒီတော့ သိမှုပေါ်ရင်ဘဲ ဥမှာမီးခတ်ဟာ ပေါ်လာတယ်။

ဒီတော့ နှလုံးအိမ်ထဲမှာ မီးခွက် ၄-ပါး ရှိပုံကို သဘာဝ ဉာဏ်နဲ့ နှိုက်ရမယ်၊ နှိုက်ပြမယ်၊ နှလုံးအိမ်မှာ ဥသမမီးခွက်ကြီး ရှိတယ်၊ ကျန်တဲ့မီးခွက်တွေဟာ ဘယ်အနေနဲ့ ရှိသလဲ၊ ဒီတော့ အရောင် ၄-ပါး (ဝါ) ပညတ်ရိပ် ၄-ပါးကို သဘာဝ ၄-ပါးနဲ့ တိုက်ကြည့်ပါအုံး၊ နှလုံးအကြည်က အရောင်ထွက်လာတယ်၊ သူ့မှာ ဥဟမီးခွက်ရှိတယ်၊ ဒီတော့ နှလုံးအိမ်ကို ဖွင့်တဲ့အခါမှာ ဆက်စပ်နေတဲ့ သဘာဝတွေကို ကွဲကွဲပြားပြား သိနိုင်အောင် ကြိုးစားရမယ်။

ဒီတော့ နှလုံးအကြည်ခွက်ဟာ ဥဟမီးခွက်ဟောက်နေလို့ ကြည်နေတာပါ၊ ဒီတော့ သတ္တလောကကြီးတခုလုံးကို ကြည့်ပါ၊ နာမနဲ့ သဏ္ဍာန်ပညတ် ၂-ပါး ထင်ရှားစွာ ပေါ်လာရင်တဲ့ ဥဟမီးခွက်ကြီးဟာ တောက်လာပြီ၊ ဒါကို သညာဝိညာဏ် သွားတော့ကာ ကောင်း၊ မကောင်းအနေနဲ့ ဆွဲလာတော့မယ်၊ ဒီတော့ နှလုံးအိမ်အကြည်က ဘာထွက်သလဲ အရောင်ထွက်တယ်၊ ဘယ်လိုထွက်သလဲ၊ ဥဟမီးခွက်အနေနဲ့ ထွက်တယ်၊ ဒါကို နှလုံးအိမ်ကိုဖွင့်ပြီး အားထုတ်လာရင် ဝန်ခံလာတော့မယ်။

ကိုင်း ဒီတော့ တက်ကပ်၊ ဆုတ်ကပ်တွေမှာကိုလဲ ဒီ ဥဟမီး ခွက်ကြီးတွေ လိုက်နေပုံကိုလဲ ကြည့်ပါ၊ ကိုင်း နောက်ဓမ္မာရုံ ဆိုတာ အတိတ်၊ အနာဂတ် အဆင်းသညာ၊ အကြည်သညာ အနေနဲ့ ပြောခဲ့လို့ သိပြီ၊ ဒီတော့ ဓမ္မာရုံကနေ အဆင်းကို သွင်း ရမယ်၊ ဓမ္မာရုံကနေ အဆင်းထွက်လာတယ်၊ ဘာ့ကြောင့်ထွက် လာသလဲ၊ သူ့မှာ သန္တပ္ပနမီးခွက်ရှိနေလို့ပါ၊ ဒီတော့ နောက် ကြောင်းပြန်တွေးပါ၊ အချင်းဘာ ရုပ်သဏ္ဍာန်၊ နာမ်သဏ္ဍာန်ဆိုပြီး

ပြောလာခဲ့ပြီ၊ ရုပ် နာမ် သဏ္ဍာန ဆိုပြီး သဏ္ဍာန် ၃-မျိုးလို့ မှတ်ထားပါ၊ အခုခမ္ဘာရုံကနေပြီး နာမပညတ် အတိတ်သဘော ရုပ်သဏ္ဍာန်၊ သဏ္ဍာနပညတ် အနာဂတ်သဘော နာမ်သဏ္ဍာန်၊ သမူဟပညတ် ပစ္စုပ္ပန်သဘော ရုပ် နာမ် သဏ္ဍာန်တွေ ထွက်နေတာဘဲမဟုတ်လား။

ဒီတော့ ခမ္ဘာရုံကထွက်လာတဲ့ အဆင်းလေးဟာ သဏ္ဍာန်လေး ၃-မျိုးအနေနဲ့ ထွက်နေပြီ၊ ဒါဟာ သန္တပ္ပနမီးခါတ်ကနေ ထွက်နေတာပါ၊ နောက်ကပြောလာခဲ့တဲ့ စကားစုကို အခု နှလုံးအိမ် ဥသမမီးခါတ်ရဲ့ လုပ်ငန်းစဉ်မှာ အားလုံ ခုလာပြီ၊ အဆင်းဆိုတာ သဏ္ဍာန်ပါ၊သဏ္ဍာန်ဟာရုပ်သဏ္ဍာန်၊နာမ်သဏ္ဍာန် ရုပ်နာမ်သဏ္ဍာန်လို့ ၃-မျိုးမှတ်ပါ၊ နောက် အလင်းဟာ ဘဝင် စိတ်ကနေပြီး ထွက်လာတာပါ၊ ဒီတော့နှလုံးသွေး အကြည်ကြီး ဟာ ပြိုးပြိုးပြက်ပြက် အရောင်ခါတ်တွေ ထွက်နေပါတယ်၊ ညစ်နွမ်းစေဘယ်သောကာ ကိလေသာတွေကြောင့် ညစ်နွမ်းနေ တာပါ။

ကံကိလေသာတွေမှ မရှိရင် ဒီဘဝင်စိတ်ကြီးဟာ ပြိုးပြိုးပြက် ဖြစ်နေပါတယ်၊ ဒီတော့ အလင်းဟာ ဘဝင်စိတ်ကနေထွက်လာ တာပါ၊သူ့မှာပရိပါစက မီးခါတ်ကြီးက အမြဲတောက်နေတယ်၊ ဒါဟာ ဥသမမီးခါတ်ထဲမှာ ပရိပါစကမီးခါတ် ဝင်နေတာပါ၊ ဥပမာ ပဘာဝတီ-မင်းသွီးဟာ( ၇ )ဆောင်တိုက်ခန်းမှာမီးမထွန်း ဘဲလင်းနေတာဟာ ဘာ့ကြောင့်လင်းနေတာလဲဆိုရင် ဒီဥသမ မီးခါတ်ကနေပြီး အရောင်ခါတ်ကြီးတွေ ထွက်နေတာပါ၊သူ့မှာ ပရိပါစကမီးခါတ်ရှိနေတယ်၊ ဒါဟာ ဥသမမီးခါတ်ထဲကို ပရိ ပါစကမီးခါတ်ဟာဝင်နေတာပါ။

အဲဒါ ကျောက်နဂါးမီးခတ်ပါ၊ အဲဒါ အာနာပါနမှာ ဒီမီးခတ်ဟာ အရေးကြီးပါတယ်၊ နောက်အကြည်ကျတော့ မနောဝိညာဏ်ကြီးက ထွက်နေတယ်၊ဒီတော့ ဘဝင်စိတ်လင်းပုံနဲ့ မနောဝိညာဏ်ကြီးကြည်ပုံကို လက်တွေ့နည်းတင်ပြမယ်၊ အကြည်ခတ်ဟာမနောဝိညာဏ်ကြီးက ထွက်လာတယ်၊ သူ့မှာဥသ္မမီး ခတ်ကြီးရှိနေတယ်၊ ဒီသဘာဝတွေဟာ ပဂ္ဂိုလ်တိုင်းမှာ ရှိနေတယ်၊ အားမထုတ်လို့ မတွေ့တာပါ၊ ဒါကြောင့် ဥဟာမီးခတ်တွေမတွေ့ဘဲနဲ့ သေတဲ့အတွက်ကြောင့် (ဝါ) အမဲရောင်နဲ့ သာသေတဲ့အတွက်ကြောင့် မကောင်းတဲ့ဘုံကို ရောက်နေတာပါ။

ဒီ အမဲလုံးကြီးဇာတ်သိမ်းအောင် အာနာပါနလုပ်ငန်းစဉ်ကို ဖွင့်နိုင်လာရင်ဘဲ သေတဲ့အခါမှာကောင်းရာဘဝကို ရောက်တော့မယ်ဆိုတာကို ယုံကြည်ပါ၊ ကိုယ်ကဘဝယန္တရားကြီး အထဲသို့ သွားနေတဲ့အတွက်ကြောင့် ကျောက်နဂါးမီးခတ်တွေကိုမမြင်ကြလို့ပါ၊ ဒီသဘာဝတွေကိုမြင်လာရင်ကြိုးစား လာတော့မယ်၊ ကိုင်း နက်ဖြန်ကျမှဘဲ လိမ္မာစွာလက်တွေ့ဖွင့်တဲ့နည်းနဲ့ နှလုံးအိမ်ကို ကိုင်ပြီးဖွင့်ပြပါမယ်။

ကိုင်း....သာဓုခေါ်ကြပါတော့

သာဓု....သာဓု....သာဓု

---

တော်သလင်းလဆုတ် ( ၃ )ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၂၃)

ဒီအာနာပါနကြီးကနေမီးခွတ်ကြီးတွေ ပေါက်ချင်ရင်မာန် စွယ်တွေချပြီး အားထုတ်ကြပါ၊ မာန်စွယ်မှမချရင် ဘယ်နည်း နဲ့မှရမှာမဟုတ်ပါ၊ ဒီတော့မာန်စွယ်တွေချပြီးတော့ ငယ်ထိပ် ဦးကျောက်မှာရှိတဲ့ မီးခွတ်ကြီးတွေပေါက်အောင် ကြိုးစားပါ၊ ဆရာတော်တို့ ဒီတရားတော်ကြီးကို ယူလာရစဉ် အခါကလဲ "ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးသို့၊ ဂျိုကျိုးနွားလား၊ ဒွန်းဒဏ္ဍား ပမာ" ခံယူလာရပါတယ်၊ ဒီတော့ နှလုံးအိမ်မှာရှိတဲ့ ဥာဏ်မီး ခွတ်ကြီးဟာ ခန္ဓာကိုယ်ကြီးကို အပူငွေ့ (ဝါ) ကိုယ်ငွေ့ အနေနဲ့ အားပေးနေရတယ်၊ ဒီတော့ အသက်ဆိုတာ ဘာကို ခေါ်သလဲ၊ ထွက်လေ့ဝင်လေကိုဘဲ အသက်လို့ခေါ်သလား၊ အသက်ဆိုတာ ပရိပါစကမီးခွတ်, ဥာဏ်မီးခွတ်, ပဋ္ဌိသန္ဓေ ဝိပါက်ဝိညာဏ် ဒီ ၃.ချက်ကို အသက်လို့ ခေါ်တာပါ။

ထွက်လေ့ဝင်လေ ချုပ်နေသော်လဲ အသက်မသေတာတွေ အများကြီးရှိပါတယ်၊ ဒီ-၃-ပါးရှိနေသားရင် အသက်မသေ သေးပါ၊ (ဝါ) သေတယ်လို့မခေါ်သေးပါ၊ ဒီ ၃-ပါးချုပ် သွားမှ သေပါတယ်၊ အခုနှလုံးအိမ်ဥာဏ်မီးခွတ်ဟာ အရေး ကြီးပါတယ် ဒီမီးခွတ်ကို ဘာကယ်ပွင့်နိုင်လာရင် တဘဝ တခန္ဓာ သေသော်လဲ ကျောက်နဂါးမီးခွတ်ကြီးရှိနေတဲ့အတွက်ကြောင်း ဗုဒ္ဓဂတိကို ရောက်နိုင်ပါတယ်၊ ဒီကျောက်နဂါး မီးခွတ်ကြီး ပေါက်သွားရင် ( ဝါ ) လောကီကျောက်နဂါးမီးခွတ်ပေါက် ရင် လောကီဝိဇ္ဇာဓိုရ်ဖြစ်နိုင်တယ်၊ လောကုတ္တရာ ကျောက်နဂါး

မိုးခေါင်ပေါက်ရင် လောကုတ္တရာ ဝိဇ္ဇာဂိုဏ်း ဖြစ်နိုင်ပါတယ်၊ အသက်ရှည်နိုင်တယ်၊ နောက်နတ်ဖြစ်ပြန်ရင်သဲ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာထိအောင် ဖြစ်နိုင်ပါတယ်၊ ပါတော့ကိုလိုချင်ကြလို့ ရှေးကပုဂ္ဂိုလ်ကြီးတွေရှာနေကြတာပါ။

ကိုင်း....ဒီနေ့ပုံစံကိုဥဒါဟရဏ်းချရအောင်မယ်၊ ဒီတော့ အရောင်၊ အဆင်း၊ အလင်း၊ အကြည် နိမိတ်တွေရနေတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီပညတ်ရိပ်တွေကိုမှ မသိမ်းနိုင်ရင် ဥဒယဗ္ဗယဉာဏ်ကြီး ရောက်တာနဲ့ ဝိပဿနာဘေးရန် (၁၀) ပါးထဲကျတော့မယ်၊ ဒီတော့ ဥဒယဗ္ဗယဝဲထဲ မကျရအောင် ဒီပညတ်ရိပ်တွေဟာ ဘယ်က ထွက်လာသလဲဆိုတာကို ရှာလိုက်တော့ နှလုံးအကြည်၊ ဓမ္မာရုံ၊ ဘဝင်စိတ်၊ မနောဝိညာဏ်ဆိုပြီး ပုံစံမှာတင်ဆက်ပြလိုက်ပြီ၊ ဒါဟာ ဒေသနာနည်းကို အခြေခံထားပြီးတော့ သဘာဝနည်းနဲ့ ခွဲပြလိုက်ပြီ။

ဒီတော့ အရောင်၊ အဆင်း၊ အလင်း၊ အကြည်တွေကို တွေ့ရုံနဲ့ ဥဿမမီးခေတ်ကိုတွေ့ပြီလား မတွေ့သေးပါ၊ "ဥပမာ"အရဏ်တက်လာတဲ့အခါမှာ နေရောင်သာမြင်ရသော်လဲ နေလုံးကို မတွေ့ရသေးသလိုပါဘဲ၊ ဒီတော့ အခုလဲ ဥဿမမီးခေတ်ကြီးကို တွေ့အောင် ဒီသဘာဝ ၄-ချက်ကို တခုထဲဖြစ်လာအောင် ဘယ်လိုရှုမလဲ၊ ဒါကို လုပ်ငန်းစဉ် အနေနဲ့ တချက်ထဲ ထုချေနိုင်ရင် ဥဿမမီးခေတ်ကြီးထွက်လာမယ်။

ဒါကြောင့် "ကျောက်နဂါး အသားကိုထုချေ၊ အရေကို ညှစ်၍ယူ" လို့ ပြသာတဲ့အတိုင်း သဘာဝ ၄-ချက်ကို ထုချေ ရမယ်၊ ထုချေလို့ ဥဿမမီးခေတ်ကို တွေ့ပြီလို့ ဆိုရင်ဘဲ လက်

မောင်းတန်းလာနိုင်ပြီ၊ ဒီခန္ဓ တွေ့အောင်ရှာနိုင်ရင် ဒီနေ့ဘဲ ပြီးတာဘဲ၊ ဒီတော့ သတ်ဆေးကို သတိပဋ္ဌာန်တရားတော်ကြီးက ထုတ်လာပါတယ်၊ ဝိပဿနာက သတ်လို့မရပါ၊ ဒီတော့ သဘာဝ ၄-ချက်ကို (ဝါ) နှလုံးအကြည်၊ ဓမ္မာရုံ၊ ဘဝင်စိတ်၊ မနောဝိညာဏ် ဒီ ၄-ချက်မှာ ဘယ်သူ့ကို အရင်သတ်မလဲ ?

ဒီတော့ သတိပဋ္ဌာန်ကြီးက " သဗ္ဗကာယ ပဋိသံဝေဒီ အဿသိဿာမီတိသိက္ခတိ " လို့ ပြလာတဲ့အတိုင်း ထွက်လေ ဝင်လေကို ဘယ်လိုထင်စွာပြုရမလဲ ? အစ, အလယ်,အဆုံး ၃-ပါးလုံးကို ထင်စွာပြုပါအုံး၊ ဒီတော့ ထွက်လေအစချက်တိုင်, အလယ်ကျတော့ နှလုံးအိမ်ရင်ချိုင့်, အဆုံးကျတော့ နှုတ်ခမ်းဖျား။ ဝင်လေအစ နှာသီးဖျား, အလယ်ကျတော့ နှလုံးအိမ်ရင်ချိုင့်, အဆုံးကျတော့ ချက်တိုင် ဒီလိုကို ထွက်လေဝင်လေကို ထင်အောင်ရှုပါအုံး။

ဒါဖြင့် အစ, အလယ်, အဆုံးကို ဘယ်လိုရှုမလဲ ? လုပ်ငန်းစဉ်နဲ့ ဘယ်လိုရှုမလဲဆိုရင် ပဌမ ဦးကျောက်အိမ်က ကိုင်လာတဲ့ မီးခါတ်ကို အသာထားပြီး ထွက်လေ, ဝင်လေကို ပြန်ရှုပါ၊ ဒီလို ရှုလာရင် လေကြောင်းနိမိတ်လေးဟာ ဖလ်ချောင်းလေးပမာ, အပ်ချည်မျှင်လေးပမာ ချက်တိုင်ကနေထွက်ပြီး နှုတ်ခမ်းဖျားမှာ ချုပ်သွားတယ်၊ ဝင်လေဟာလ နှာသီးဖျားကဝင်ပြီး ချက်တိုင်မှာချုပ်သွားတယ်၊ ဒီလိုအာရုံပြုပြီး မှတ်လာတဲ့အခါမှာကို ပိုင်းခြားလာပြီ၊ အဲဒီလို ပိုင်းခြားနိုင်လာရင် ထိုယောဂီဟာ ဘာကိုကိုင်ရမလဲ၊ နှလုံးသွေးအကြည်ကို သွားကိုင်ရမယ်။

ဒီတော့ နှလုံးသွေးအကြည်ကို မျက်စေ့နဲ့ ဖွင့်ကြည့်တဲ့ အခါမှာ မြင်ရသလို မြင်ခနရမယ်၊ ထွက်လေ, ဝင်လေမှာကို

ထွက်တဲ့အခါမှာလဲ နှလုံးအကြည်ထဲကို ဝင်လာတယ်၊ ထွက်သွားတယ်ဆိုတာကိုပါ ရှုလာရမယ်၊ ဒီလိုသဲ ဖမ်းနိုင်လာရာ နှာသီးဖျားကနေ ဝင်လာတဲ့လေကလဲ တဖြေးဖြေး သိမ်းသိမ်းလာပြီး နောက်ဆုံး နှလုံးအိမ်ထဲမှာဘဲ ရှိတော့တယ်၊ ထွက်တဲ့လေကလဲ တဖြေးဖြေးနဲ့ ချုပ်လာပြီး နောက်ဆုံး နှလုံးအိမ်မှာဘဲ ရှိတော့တယ်။

အဲဒါ သတ္တာနဲ့အရိပ်လေးတွေလဲ ထင်လာရော ထွက်လေ၊ ဝင်လေဟာ နှာသီးဖျားနဲ့ နှုတ်ခမ်းဖျားထိအောင် မသွားတော့ဘဲ နှလုံးအကြည်ထဲမှာသာ ဝင်လာတော့တယ်၊ ဒီလိုလဲ ဝင်လာရော နှလုံးအကြည်ဓာတ်ဟာ ဘယ်လိုဖြစ်လာသလဲဆိုတော့ ငါးကြင်းပွက်များ ပွက်သလို အကြည်ဓာတ်လေးတွေဟာ ပွက်လာတယ်၊ ဒါဟာ အတိတ်သညာနဲ့ အနာဂတ်သညာဖြစ်တဲ့ ဓမ္မာရုံလေးဟာ ရေပွက်ပမာလို ပွက်နေပြီ။

ချက်တိုင်က ထွက်လာတာက အတိတ်သဘော နှာသီးဖျားဘက်က ဝင်လာတာက အနာဂတ်သဘောပါ၊ ဒီတော့ နှလုံးသွေးထဲမှာကို အကြည်ဓာတ်တွေဟာ အတိတ်အနာဂတ်အနေနဲ့ ပေါ်လာပြီ၊ ဒီလိုတွေလာရင် ဓမ္မာရုံကိုမိလာပြီ၊ ဒီတော့ ဒါဟာ ထွက်လေ ဝင်လေဖြစ်သဘောနဲ့ ချုပ်သဘော၊ နောက်ထပ်ချုပ်သဘောနဲ့ ဖြစ်သဘောဘဲ မဟုတ်လား၊ ဒီထွက်လေ ဝင်လေ ၂-ပါးကိုလဲ နှလုံးအကြည်မှာလဲ ရအောင် အားထုတ်နိုင်ရော နှလုံး သွေးမှာကို အတိတ် အနာဂတ်ဆိုပြီး ဖြစ်လာပြီ၊ ဒီလိုလဲ ဖြစ်လာရော ဓမ္မာရုံဟာသေသွားပြီ၊ ဒီတော့ အာရုံကို ဖမ်းတာဟာ ဓမ္မာရုံကနေ ဖမ်းရတာဘဲ မဟုတ်လား။

ဒီတော့ ဓမ္မာရုံ အတိတ်၊ အနာဂတ် ဇာတ်သိမ်းသွားရင်ဘဲ ဘဝပြောင်းကြည့်လိုက်ရင် အပါယ် ၄-ပါးသို့ ကျအုံးမလား၊ ဒီတော့အတိတ်ကပြုလာတဲ့ အကုသိုလ်ကံတွေ ဝင်ဆွဲတာဟာ အတိတ်၊ အနာဂတ်ရှိမှ ဝင်ဆွဲလို့ရတာဘဲမဟုတ်လား၊ အဲဒါ ၂၉-ပါးသောကံတရားတွေက ဆွဲချတယ်ဆိုဘာဟာ ရုပ်နဲ့နာမ် မသေလို့ပါ၊ တနည်း၊ အတိတ်နဲ့အနာဂတ်တွေ ရှိနေလို့ပါ၊ ယခုအတိတ်နဲ့အနာဂတ်မရှိရင် (ဝါ) သေသွားရင် ဒီအကုသိုလ်ကံတွေဟာဝင်ဆွဲနိုင်အုံးမလား၊ မဆွဲနိုင်တော့ပါ၊ ဒီတော့ ဒီနှလုံးသွေးအကြည်နဲ့ဘဲ ကောင်းရာသုဂတိကို ရောက်အောင် သွားနိုင်ပြီ၊ ဒီမီးခွက်ကြီးတွေပေါက်သွားရင်ဘဲ ဘယ်သူကမှ မပြောသော်လဲ အဲဒါလူသိ၊ နတ်သိဖြစ်လာတော့တယ်။

ကိုင်း…ဒီတော့ ထွက်လေ့ဝင်လေကို နှလုံးအိမ်မှာလဲ ဖမ်းလိုက်ရော၊ အဲဒါ အတိတ်၊ အနာဂတ် အနေနဲ့ပေါ်နေပြီ၊ ပစ္စုပ္ပန်ဆိုတာက အဝင်အကြည်ကိုကောက်ပါ၊ ဒီ ၃-ပါးနှလုံးအိမ်ထဲမှာ တပြိုင်ထဲပေါ်နေတာကို သိတယ်လို့ ပြောတာပါ၊ (ဝါ) သိမှုပေါ်တာပါ၊ မီးခွက်ကရော ဒါဟာ ဥသမမီးခွက်လား၊ မီးခွက်ဟာလဲ လာလိမ့်အုံးမယ်၊ ဒီဟာကို မီးခွက်လို့မကောက်နဲ့အုံး၊ ဒါကိုတကယ်ဖမ်းကြည့်လာမှ တကယ်မြင်လာမယ်။

'ဒီ ၃-ပါးပေါင်းဆုံတာကိုဖဿရိုင်လို့ပြောတာပါ၊ ဒီ-၃ပါးဟာ နှလုံးအိမ်မှာတခါတလေတော့လဲ အညီအညွတ်မပေါင်းဆုံနိုင်တာလဲရှိတယ်၊ အာရုံတခုကို မဆုံးဖြတ်နိုင်တာမျိုး ကျတော့ အညီအညွတ် မပေါင်းဆုံနိုင်လို့ပါ၊ ဆုံးဖြတ်နိုင်တာကျတော့ အညီအညွတ် ပေါင်းဆုံနိုင်တာပါ၊ ဒီလိုလဲပေါင်းဆုံလိုက်ရော

မနောဝိညာဏ်ကြီးဟာ တခါထဲလင်းလာတော့တယ်၊ အဲဒါဟာ မျက်တောင်မခတ်ဘဲနဲ့ အာရုံကို ဆုံးဖြတ်ချလိုက်တယ်၊ ဒီမနော ဝိညာဏ်ကြီးပေါ်လာမှ ဥဿမမီးခေတ်ဟာ ပေါ်လာတာပါ။

ဒီသဘာဝကို လုပ်ငန်းစဉ်နှင့် တကယ်လုပ်နိုင်လာရင် ဥဿမ မီးခေတ်ကြီးဟာပေါ်လာတော့မယ် ဒီတော့ ဒီသဘာဝကနေ ပြီး အာရုံကိုဆုံးဖြတ်နိုင်ရင် မှားခဲပါတယ်၊ ဒီလိုပုဂ္ဂိုလ်မျိုးကို အဘိဓမ္မာက မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်ဆိုပြီးတပ်ပြလာ တာပါ၊ ဒါကိုဝိပဿနာဘက်က ဉာဏ်စဉ်အနေနဲ့ တပ်ပြလာ ပါတယ်၊ ဒါကိုကြပ်ကြပ် စဉ်းစားပါ၊ ယခုပြော နေတဲ့သဘာဝ တွေဟာ ပရိယတ်ဘက်ကပြောနေတာမဟုတ်ပါ၊ပဋိပတ်လုပ်ငန်း စဉ်ကနေပြီး ပြောနေတာပါ၊ ဒါကြောင့် ကြပ်ကြပ်စဉ်းစားပါ၊ ဒီလုပ်ငန်းစဉ်ကြီးကို ယောကျ်ားကောင်း, ယောကျ်ားမြတ်တွေ မှန်ရင်အားမထုတ်ထိုက်ဘူးလား သံဃာတော်အရှင်မြတ်တွေရော အားမထုတ်ထိုက်ဘူးလား၊ အားထုတ်ထိုက်တဲ့ တရားတော် ကြီးပါ။

ဒီတော့ ဒီသဘာဝ ၄-ချက်ကိုလုပ်ငန်းစဉ်နဲ့ သိမ်းပြီး ဒီကနေ ရုပ်နာမ်ဘယ်လိုကူးမလဲ၊ ဒီတော့ မနောဝိညာဏ်ကြီး ပေါ်ရင်ဘဲ ဖြုန်းကနဲ မျက်တောင်မခတ်သေးဘဲ အဲဒါအာရုံကို ဆုံးဖြတ် လာတယ် ဒါမှ ဥဿမမီးခေတ်ပေါ်လာတာပါ၊ ဒီကနေ ကာလ ၃-ပါး ရုပ်နာမ်ကို ကူးရမယ်၊ အဲဒါ " အတီတာနာဂတ ပစ္စုပ္ပန္န အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန " ဆိုတဲ့ ကာလ ၃-ပါး ခံရှုံးကိုတင်ရတော့မယ်၊ ဒီတော့မှ ကျောက် နဂါးမီးခေတ်ကြီးကို ရေးလာတာနဲ့ တသားထဲ ဂျသွားမယ်၊

ကာလ ၃-ပါး ခုံရုံးကိုတင်ပြီး သတ်လိုက်တော့မှ ကျောက်နဂါး မီးခါတ်ကြီးဟာ နှလုံးအိမ်က ပေါက်လာမယ်။

ဒီတော့ တခုပြောပြအုံးမယ်၊ ရဟန်းခံကြတဲ့အခါ ရဟန်းလောင်းကို "နာဂ" လို့ အမည်မှည့်တာဟာ နာဂ ဆိုတာ ရဟန်းကို ပြောတာပါ၊ အဲဒါ သူသူနာဂလို့ဆိုဘဲ့အတိုင်း ပြုသစ်စ ရဟန်းသစ်လေးပါ၊ ဒါဟာ နှလုံးအိမ်မှာရှိတဲ့ ကျောက်နဂါး မီးခါတ်ကို ဆွဲထုတ်လိုက်တာဘဲ မဟုတ်လား၊ နောက်ဥပဇ္ဈာယ် ဆရာကျတော့ "တိဿ" လို့ အမည်မှည့်ပါတယ်၊ ဒီ တိဿဆိုတာက ဂဠုန်ခါတ်ပါ၊ ဂဠုန်ကနေ နဂါးကို သုတ်လိုက်သလို ဥပဇ္ဈာယ်ဆရာက ရဟန်းလောင်းကို တခါထဲ ရဟန်းဘောင်သို့ ဆွဲတင်လိုက်တဲ့သဘောပါ၊ ဒီသဘာဝတွေဟာနှလုံးအိမ်မီးခါတ် ကနေ ထွက်လာတဲ့ သဘာဝတွေပါ၊ ဒီတော့ ကာလ ၃-ပါး လက္ခဏာယာဉ် ၃-ချက်ထဲကို ထည့်ရမယ်လို့ သတိပဋ္ဌာန် တရားတော်ကြီးက တချက်ထဲပြလာတယ်။

ကိုင်း....သဘာဝ ၄-ချက်ကို တချက်ထဲ ဖြစ်အောင်လုပ်ပြီး ဒီကနေ ရုပ်နာမ်ပေါ်ရမယ်၊ ကိုင်း....ရုပ်နာမ်ပေါ်စမ်းပါ၊ ဓမ္မာ စရိယတွေအဘုက် ပြောပြအုံးမယ်၊ ဒီသဘာဝ ၄-ချက်ကို ရုပ် ဓမ္မာရုံ, နာမ်ဓမ္မာရုံ ဆိုပြီး အကျဉ်းနည်းဖြင့် ၂-ချိုးခွဲလိုက်ပါ၊ မနောအကြည်ကျတော့လဲ ရုပ်ဘဲ၊ ဓမ္မာရုံကျတော့လဲ ရုပ်ဓမ္မာရုံ ကိုသာယူပါ၊ (ဝါ) ပသာဒဓမ္မာရုံကိုသာ ယူရတာဖြစ်ခြင်း ကြောင့် ယခု ဒီခနရာမှာ ရုပ်ဓမ္မာရုံကိုသာယူပါ၊ ၂-ပါးဆုံ တော့မှ ဘာဝင်စိတ်ပေါ်လာတာပါ၊ ဒီ ၃-ပါးဆုံမှ မနော ဝိညာဏ်ကြီးပေါ်လာပါတယ်၊ ဓမ္မာရုံကျတော့ အဲဒါ ပဋ္ဌာရုံမှာ သညာလေးတွေ ပါလာတယ်၊ ဒါဟာ အဆင်းနဲ့ အကြည်တို့ တိုက်စဉ်က ကပ်ပါလာတဲ့သညာပါ၊ ဒီသညာနာမ် ခါတ်လေး

တွေကို ဓမ္မာရုံလို့ခေါ်တယ်၊ ရုပ်ဓမ္မာရုံထဲမှာ နာမ်သဘော လေးတွေ ပါလာတယ်။

ပြောပြမယ်၊ မနောအကြည်ကသဲ ရုပ်ဘဲ၊ ဓမ္မာရုံကလဲရုပ်ဘဲ ဒီထဲမှာ သညာနာမ်ခေတ်လေးတွေ ပါလာတဲ့အတွက် မနော ဝိညာဏ်မှာ နာမ်ခေတ်ပါလာတယ်၊ ဒါကြောင့်နှလုံးအကြည်က အတိတ်သဘော၊ ဓမ္မာရုံကအနာဂတ်သဘော၊ ဘာကြောင့်လဲ ဘဝင်စိတ်မနောဝိညာဏ်ကို လက်ျပ် ခေါ်တာဖြစ်ခြင်းကြောင့် ပါ၊ ဘဝင်စိတ်က ပစ္စုပ္ပန်သဘော၊ ဒီလိုကာလ ၃-ပါးဖွဲ့ချ ထားပြီ၊ မနောဝိညာဏ်ကြီးက ဖဿရိပ်ကြီးပါ၊ ဒီတော့အနိစ္စ, ဒုက္ခ,အနတ္တ ခုံရုံး ကိုဘင်ပြီးချဘိုဘဲ ရှိတော့တယ်၊ဒီတော့ ဖဿရိပ် ဟာ သမ္မုဟာပညတ်ရိပ်ကြီးဘဲမဟုတ်လား၊ ဒီသမ္မုဟာပညတ်ရိပ်ကို အနိစ္စ, ဒုက္ခ, အနတ္တနဲ့ သတ်ရတော့မယ်။

ဒီတော့ မနောဝိညာဏ် ဖဿရိပ် အောက်မှာ နှလုံးအကြည် အတိတ်သဘော, ဓမ္မာရုံ အနာဂတ်သဘော, ဘဝင်စိတ်ပစ္စုပ္ပန် သဘောတို့ ရှိနေကြတယ်၊ အခုသမ္မသန္ဥာဏ်က ဖဿရိပ်ကို မသတ်နိုင်သေးပါ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကိုသာ သတ် နိုင်တယ်၊ ဒီဖဿရိပ်ကို ရှေ့ခုံရုံးတွေကို တင်ရအုံးမယ်၊ ဒီတော့ ရှေ့ကျတော့ ဓာတုမနသိကာရ အပိုင်းတွေဖွင့်ပြီး ဒီသမ္မုဟာ ပညတ်ဖဿရိပ်ကြီးကို ဖျက်ဆီးတော့မယ်၊ ဒီတော့မှပညာမြင် ဒုက္ခဉာဏ်ထိအောင် တက်သွားတော့မယ်၊ ဒီကနေမဂ်ကိုဝင်တဲ့ အထိပြသွားပါမယ်။

ကိုင်း....သာဓုခေါ်ကြပါတော့၊

သာဓု....သာဓု....သာဓု။

---

တော်သလင်းလဆုတ် ( ၄ ) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၂၄)

ဒီနေ့ သဘာဝ ၄-ချက်ကို လက္ခဏာယာဉ် ၃ ချက်နဲ့ တင်ပြရတော့မယ်၊ ဒီတော့ပုံစံမှာ နှလုံးအကြည်ကို အနိစ္စ မဲမှာရုံကို ဒုက္ခ, ဘဝင်စိတ်ကို အနတ္တလို့ ပြထားတယ်၊ ဒီတော့ "အတီတာနာဂတ ပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန" လို့ ဘုရားရှင်ဟောကြားလာတဲ့အတိုင်း၊ဒီတော့ နှလုံးအကြည်ကို အနိစ္စလက္ခဏာအနေနဲ့ တိုက်ရိုက်ဆွဲတင်လာတာလား၊ ဒါမှမဟုတ်ရင် နှလုံးအကြည်မှာရှိတဲ့ သဘာဝကို တင်လာတာလား၊ ဘယ်သဘာဝကို တင်တာလဲ၊ ဒီလိုဘင်လိုက်တော့ ဘယ်လိုအကျိုးတရားတွေ ထွက်လာသလဲ၊ ဒီ ၃-ချက်ကို ဖြေနိုင်မှ လက္ခဏာယာဉ် ၃-ချက်ရဲ့ သဘာဝကို တွေ့မယ်၊ ဒီသဘာဝကိုမှ မဖြေနိုင်ရင် လက္ခဏာယာဉ် ၃-ပါးကိုဘယ်မှာ တွေ့မလဲ။

ဒီတော့ ဗုဒ္ဓဘာသာလုပ်နေသော်လဲ လက္ခဏာယာဉ် ၃-ပါးကိုမှ မတွေ့ရင် ဘယ်မှာဟုတ်တော့မှာလဲ၊ ဒီတော့ ဘုရားရှင်ရဲ့ သာသနာနောက်ပိုင်းမှာကို ဝိပဿနာအဖွဲ့တွေဟာ မှိုလိုပေါက်နေကြတယ်၊ ဒီဝိပဿနာအဖွဲ့တွေကိုဘဲ မေးကြည့်ပါအုံး၊ အနိစ္စဆိုတာဘာကိုရှုဘာလဲလို့ မေးကြည့်ပါ၊ ဒီတော့ "အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန" ဆိုတဲ့ ဒီပါဠိတော်ကိုဘဲ လက်တွေ့ တင်ကြည့်ပါအုံး။

ပုံစံနံပါတ် (၂၄)



ကိုင်း....ခုနကမေးထားတဲ့ အမေးကိုဘဲ စဉ်းစားပါအုံး၊ နှလုံးအကြည်ကိုဘဲအနိစ္စလို့ ရှုမလား ? ဒါမှမဟုတ်ရင် နှလုံး အကြည်မှာရှိတဲ့ သဘာဝကိုဘဲရှုမှာလား၊ ဒီလိုရှုလိုက်တော့ ဘယ် လိုအကျိုးတရားတွေ ထွက်လာမလဲ၊ ဿက္ခကာယာဉ် ၃-ပါးဟာ နိဗ္ဗာန်သို့သွားတဲ့ ယာဉ်ခလေးပါ၊ ဒီယာဉ်လေးဟာ ကိုယ့်မှာ ရှိပြီလား၊ ကိုယ့်မှာမှမရှိသေးရင် ၂၉-ပါးသော ကံတွေရဲ့ ဆွဲဆောင်ရာကို ပါအုံးမှာဘဲ ၂၉-ပါးသော ကံတွေက နဖါး ကြိုးထိုးပြီး ဆွဲချအုံးမှာဘဲ၊ ဒီတော့ အနဲ့ရဲ့ ဇာဖြစ်ဟာဘယ် လောက်တောင် ကြောက်ဘို့ကောင်းပါသလဲ၊ ဒီအဖြစ်ဆိုးကြီးမှ လွတ်အောင်ကြိုးစားကြပါ။

ဒီတော့နှလုံးအကြည်နဲ့ နှလုံးသွေးနဲ့ဟာ သဘာဝမတူပါ၊ နှလုံးသွေး ဆိုတာက ကိုယ်ရဲ့ရင်ချိုင့်မှာ တလက်ခုပ်မျှသော သွေးအိမ်လေးကိုခေါ်တယ်၊ နှလုံးအကြည်ကျတော့ စိတ်, စေ တသိက်တွေ မှီပြီးဖြစ်နေတာကိုခေါ်တယ်၊ (ဝါ) ကြည်လာတဲ့ သဘာဝလေးကိုခေါ်တယ်၊ ဒါက နှလုံးသွေးနဲ့ နှလုံးအကြည် ကွာခြားပုံပါ၊ နှလုံးအကြည်ဆိုတာက နာမ်ဘက်က ပြဋ္ဌာန်းပြီး ပါသွားပြီ၊ ဘာ့ကြောင့်လဲ၊ စိတ် စေတသိက်တို့ရဲ့ မှီရာတည်ရာ ဖြစ်ခြင်းကြောင့်ပါ။

နှလုံးသွေးကျတော့ ရုပ်ဘက်ကပြဋ္ဌာန်ပြီး ပါသွားတယ်၊ ဒါဟာ ဌာနနဲ့ဌာနီဘဲမဟုတ်လား၊ ဒီနေရာမှာ သဘာဝလေး တွေဟာ ကွာခြားသွားပြီ၊ နှလုံးဆိုတာကအကြောင်း၊အကြည် ဆိုတာက အကျိုး၊ ဒီအကျိုး၏အမည်ကို အကြောင်း၌တင်ပြီး ခေါ်လိုက်တာကို ဖလူပစာရလို့ခေါ်တယ်၊ ဒီတော့နှလုံးသွေးကို ဘဲ အနိစ္စလို့ရှုမလား၊ နှလုံးအကြည်ကိုဘဲရှုမလား၊ ဒီတော့နှလုံး

အကြည်ကို အနိစ္စလို့ရှုတာပါ၊ ဒါကိုခွဲပြမယ်၊ ဟိုတုံးကအဆင်း နဲ့အကြည်ဆိုတဲ့အခါမှာ မြင်မှုပေါ်လာတယ်၊ အဆင်းဘက် ကလဲ "ရူပသညာ, သဒ္ဒသညာ, ဂန္ဓသညာ, ရသသညာ, ဖောဋ္ဌဗ္ဗ လညာ, ဓမ္မသညာ" အကြည်ဘက်ကလဲ "စက္ခုသညာ, သောတ သည, ဃာနသညာ, ဇိဝှါသညာ, ကာယသညာ, မနသညာ" ဆိုပြီး သညာတွေထွက်လာကြတယ်။

ဒီတော့ အဆင်းနဲ့ အကြည်မှာသာ သညာလေးတွေဟာ ပေါင်းသွားတယ်လို့ မယူပါနဲ့၊ နှလုံးသွေးထဲမှာကို သညာ လေးတွေဟာပေါင်းကြတယ်, စုကြတယ်, ဆုံကြတယ်, ရှိကြတယ်၊ ဒီသညာလေးတွေကို သပ္ပဋိဃသညာလေးတွေလို့ ပြောတာပါ၊ ၂-ပါးဆိုတဲ့အခါ ဦးကျောက်အိမ်မှာပေါ်တဲ့သညာကို သပ္ပဋိဃ သညာမခေါ်ပါ၊ နှလုံးသွေးမှာလာပေါ်တဲ့ သညာကိုမှ သပ္ပဋိဃ သညာလို့ခေါ်တာပါ၊ ဒါနှလုံးသွေးမှာလာပေါ်တဲ့သညာပါ၊ ဒီသညာလေးတွေဟာ နှလုံးအိမ်မှာရှိတဲ့အတွက်ကြောင့် ဒီသညာ တွေကို နှလုံးသွေးလို့မခေါ်ဘဲ နှလုံးအကြည်လို့ ခေါ်လိုက် တာပါ။

ဒီသပ္ပဋိဃသညာကို စိတ်ဝိဉာဏ်ကဆွဲသွားတော့မှ အတိတ် ဖြစ်ပြီးတဲ့သဘောကို ပြန်စဉ်းစားတဲ့အခါမှာပေါ်လာတဲ့သဘော ပါ၊ အနာဂတ် မဖြစ်ရသေးတဲ့ဟာကို တွေးကြံတဲ့သဘောပါ၊ ဒါတွေပေါ်လာတော့တယ်၊ ဒီသပ္ပဋိဃသညာကို နှလုံးအကြည် လို့ခေါ်တာပါ၊ ဒါဟာအကြည်ခတ်တွေကနေဆက်ပြီးတော့ နှလုံးသွေးမှာသွားပေါ်တာပါ၊ သပ္ပဋိဃသညာတွေဟာ ဒေါက် ဒကာမကြီးတို့ရဲ့နှလုံးအိမ်ထဲမှာ ဘယ်လောက်တောင်ရှိနေသလဲ ဆိုရင် မရေမတွက်နိုင်အောင်ရှိနေတယ်။

ဒါ့ကြောင့် "မိဘဆရာ၊ လက်ဦးစွာကား၊ ဒီမှာကားဆား၊ ဒီမှာငါးနှင့်၊ စပါးပြောင်းနှမ်း၊ ခေါ်ရိုးတန်းနှင့်၊ ကျမ်းကြီးသွင်သွင်၊ ဆင့်ဆင့်သင်လျက်" လို့ရေးသာကြတယ်၊ ဒီတော့ ဒီသပ္ပဋ္ဌိယသညာတွေကို အာနာပါနလုပ်ငန်းစဉ်ကနေ သဘာဝ ၄ ချက်နဲ့ ခွဲပါ၊ ဒီသပ္ပဋ္ဌိယသညာတွေကို လက္ခဏာယာဉ် ၃-ချက်နဲ့ရှုလိုက်တော့ အတိတ်ကာလတွေဘဲ မဟုတ်လား၊ အတိတ်ကာလဆိုတာ ဘယ်အခါကစပြီးရှိနေမှန်းမသိပါ၊ ဒါဟာမျက်ကွယ်အတိတ်သဘောပါ၊ သူဟာဥပာဒ်မီးခတ်သဘောပါ၊ ဝိပဿနာဘက်ကဆိုရင် အတိတ်ကာလရုပ်သဘောပါ။

ဘာ့ကြောင့်အတိတ်ကာလခေါ်သလဲ ?

မနောဝိညာဏ်ကြီးပေါ်မှာ ဖြစ်လာတာမဟုတ်ပါ၊ အရင်ထဲက ရှိနေတဲ့အတွက်ကြောင့် အတိတ်ကာလ ရုပ်သဘောလို့ ပြောလိုက်တာပါ၊ ဒါကိုအနိစ္စလို့ရှုလို့ရအောင် အတိတ်ကာလ ရုပ်သဘောဆိုပြီး ဆဲထုတ်လိုက်ပြီ၊ ဒါဟာအဆင်းရုပ်မကင်းတဲ့ (ဝါ) အကြည်ရုပ်ကဖြစ်လာတဲ့ သပ္ပဋ္ဌိယ သညာလေးတွေကို ကောက်လိုက်ပါ၊ ဒီလိုကောက်မှ ဥပာဒ်မီးခတ်ကို သွားတွေ့မယ်၊ ဒီမီးခတ်ဟာ အပျက်နဲ့အဖြစ်မှာ အဖြစ်မီးခတ်ပါ၊ (ဝါ) အပြုမီးခတ်ပါ၊ ဒါဟာ နှလုံးအိမ်မှာ ပေါ်လာတဲ့ အတွက်ကြောင့်ပါ၊ ဦးနှောက်အိမ်မှာ ပေါ်လာတာကျတော့ အပျက်မီးခတ်ပါ။

ဒီတော့ ယခင်စဉ်ကာလက စပြီးမှတ်လာခဲ့တဲ့ သဘောတွေ ဖြစ်ခြင်းကြောင့် အတိတ်သဘောတွေဘဲ မဟုတ်လား၊ ဒါကို အတိတ်ကာလ ရုပ်သဘောဆိုပြီး ပိုင်းလိုက်တာပါ၊ ဒါကြောင့်

အနိစ္စဆိုတာ နှလုံးသွေးကိုမရှုပါ၊ နှလုံးအကြည်ခေါ်တဲ့ အတိတ်ကာလ သမ္ပဋိစ္ဆသညာကိုသာ ရှုတာပါ၊ ဒီတော့ အနိစ္စနောက်ထပ် အနိစ္စလက္ခဏာ, အနိစ္စာနုပဿနာဆိုပြီး ၃-မျိုးရှိတယ်၊ အနိစ္စလို့ရှုတာက လဘက်ရေပုံ စသည်ဖြင့် ခေတ် ၄-ပါး, ခေတ် ဂ-ပါး အဆိုင်အခဲတွေကို ရှုတာမျိုးပါ။

သူတို့မှာ လက္ခဏာကို ထည့်လို့မရပါ၊ ဘာ့ကြောင့်လဲ၊ သူတို့မှာ မျက်စေ့တမှိတ် လျှပ်တပျက်အတွင်းမှာ ချုပ်ပျောက်နိုင်တဲ့ ဥပါဒ်, ဌီ, ဘင် မရှိတဲ့အတွက်ကြောင့် အနိစ္စလို့သာ ရှုပါ၊ လက္ခဏာထည့်လို့မရပါ၊ အနိစ္စလက္ခဏာဆိုတာက ခုနက ပြောတဲ့ ကာလ ၃-ပါး ရုပ်နာမ်ကို ရှုတာပါ၊ နောက် အနိစ္စာနုပဿနာဆိုပြီး လာအုံးမယ်၊ ဒါက ဥဒယဗ္ဗယဉာဏ်ကနေပြီး ရှေ့ကိုတက်သွားတဲ့အခါမှာ (ဝါ) သတိပဋ္ဌာန်ကြီးကနေ ရှေ့ကို ကိုင်တက်သွားမှာကျတော့ အနိစ္စာနုပဿနာလို့ ခေါ်တယ်၊ အနိစ္စမှာ သညာ, အနိစ္စလက္ခဏာမှာဝိညာဏ်, အနိစ္စာနုပဿနာမှာ ပညာဦးဆောင်ပြီး ရှုသွားကြတာပါ။

ကိုင်း.... ဒါဖြင့် အနိစ္စံ ခယဋ္ဌေန ကုန်တတ်သော အနက်သဘောကြောင့် ဒါကိုစဉ်းစားပါ၊ အရင်က မှတ်လာခဲ့တဲ့ သမ္ပဋိစ္ဆသညာလေးတွေကို ကိုယ်ရဲ့စိတ်ဝိညာဏ်ကသာ ဆွဲနေလို့ပါ၊ မဆွဲဘဲထားရင် ဘယ်လိုနေမလဲ၊ သူရဲ့သဘာဝလေးတွေဟာ ဆုံတဲ့အခါမှသာ ဖြစ်နေတဲ့သဘောပါ၊ ဆုံပြီးတဲ့အခါမှာ ကိုယ့်ရဲ့စိတ်ဝိညာဏ်က မဆွဲရင် ဘယ်အနေနဲ့ ရှိနေသလဲ၊ ကုန်တဲ့ သဘောအနေနဲ့ ရှိနေတယ်၊ ဒါကို ကိုယ့်စိတ်ဝိညာဏ်က သွားဆွဲလို့သာ တံလျှပ်ပမာလို အရိပ်အရောင်အနေနဲ့ ပေါ်နေတာပါ၊ အရင်ကလို ခံစားလို့မရပါ။

ဒါကြောင့် သူရဲ့သဘာဝ လေးတွေဟာ ကုန်တတ်တဲ့ သဘောပါ၊ ကုန်တတ်တဲ့သဘောဟာ မမြဲတဲ့သဘောမို့လို့ပါ၊ ဘာ့ကြောင့် မမြဲသလဲ၊ ကင်းတဲ့သဘောမို့လို့ပါ၊ ဘာ့ကြောင့် ကင်းတဲ့သဘောဖြစ်ရသလဲ၊ ချုပ်တဲ့သဘောကြောင့်ပါ၊ ဘာ့ကြောင့်ချုပ်ရသလဲ၊ ငြိမ်းတဲ့သဘောလေးရှိနေလို့ပါ၊ ဒီလိုကို ဉာဏ်ကျောင်းချနိုင်ရမယ်၊ ဒီလိုချနိုင်ရင် နိဗ္ဗာန်သွားမဲ့ယာဉ်လေး ဖွဲ့နိုင်လာပြီ၊ ဒီတော့ ဘုရားရှင်က " အနိစ္စံ ခယဋ္ဌေန " လို့ ဟောကြားတဲ့အတိုင်း ရုပ်သဘော သပ္ပဋ္ဌိဿသညာကို (၀၁) အဆင်းဘက်ကထွက်လာတဲ့ သပ္ပဋ္ဌိဿသညာကို (၀၁) သပ္ပဋ္ဌိဿ သညာဖြစ်တဲ့ အတိတ်ကာလ ရုပ်သဘောကို အနိစ္စနဲ့သိမ်း လိုက်တော့ နောက်ဆုံး ငြိမ်းတဲ့နိဗ္ဗာနဓာတ်မှာ ဉာဏ်ကျောင်း ချပါတယ်။

ဒီလို သဉ်းဆိတ်တဲ့ နိဗ္ဗာနဓာတ်ကို တွေ့အောင်လို့ ဘုရားရှင် က ဟောကြားဘာပါ၊ ဒီ သဘာဝကိုလဲ ကိုယ်က တွေ့ရော ဘယ်အစွဲတွေဟာ ကျွတ်သွားသလဲ၊ သဿတဒိဋ္ဌိဆိုတာအတိတ်, အနာဂတ်ဖြစ်တဲ့ ရုပ် နာမ်တွေကို တပေါင်းတည်းလို့ ယူထား တာကိုခေါ်တယ်၊ ဒါကဒုတိယတန်းစား သဿတဒိဋ္ဌိပါ၊ သူ့ ထက်ကြမ်းတဲ့သဿတဒိဋ္ဌိကျတော့ "သဿတော လောကော" ဤလောကကြီးသည်မြဲ၏၊ ဤခန္ဓာကိုယ်ကြီးသည်လည်းမြဲ၏ လို့ ဆိုတဲ့အယူချိုးပါ၊ ဒါကနာမရူပ ပရိစ္ဆေဒဉာဏ်က ပယ်တဲ့ ဒိဋ္ဌိ မျိုးပါ။

ယခုသမ္မသနဉာဏ်မှာ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတံ့ဖြစ်တဲ့ရုပ် နာမ်တွေကိုတပေါင်းတည်းအနေနဲ့ ယူထားတဲ့သဿတဒိဋ္ဌိမျိုးကို ပယ်တာပါ၊ ယခုတော့ အတိတ်ဖြစ်ပြီး, အနာဂတ်ဖြစ်လတံ့, ပစ္စုပ္ပန်ဖြစ်ဆဲဆိုတဲ့ ရုပ်နာမ်တွေကွဲသွားတဲ့အတွက် မြဲတယ်

( ဝါ )တပေါင်းဘည်းလို့ယူထားတဲ့အစွဲကြီးဟာ ကျွတ်သွားပြီ၊ ဒီတော့ မာယာနဲ့သာဠေယျမှာ မာယာဟာ ကျွတ်သွားပြီ၊ သန္တတိ၊ သလ္လေခအနေနဲ့ကျင့်သုံးဆောက်တည်သွားနိုင်ပြီ၊ (ဝါ) ရှိတာနဲ့မျှတ ရောင့်ရဲသွားနိုင်ပြီ၊ မရောင့်ရဲနိုင်တာက ပစ္စုပ္ပန် ရုပ်နာမ်ကို မတွေ့သေးလို့ပါ၊ ဘာ့ကြောင့်မတွေ့သလဲ၊ မတွေ့အောင် အတိတ်၊ အနာဂတ်တွေက ဖုံးထားတယ်။

အခုဘော့ ပစ္စုပ္ပန် ရုပ်နာမ်ကိုတွေ့အောင် အနိစ္စလက္ခဏာနဲ့ အတိတ်ရုပ်နာမ်၊ အနာဂတ်ရုပ်နာမ်၊ ပစ္စုပ္ပန်ရုပ်နာမ်တို့ကို ခွဲထုတ်လိုက်ပြီ၊ ဒီလိုလဲခွဲထုတ်လိုက်ရော အတိတ်ကာလ ရုပ်သဘောပြုတ်ပြီး ဘာလေးကျန်နေခဲ့သလဲ၊ အဝိဇ္ဇာရိပ်လေးကျန်နေခဲ့ဘယ်၊ ဘယ်လိုဖြတ်ဖြတ် အဝိဇ္ဇာရိပ်လေးဟာ ကျန်နေခဲ့တယ်၊ဒါဘယ်လိုကျန်ဘာလဲဆိုဘာကို ဆွဲထုတ်ပြအုံးမယ်၊အဲဒီလို အနိစ္စနဲ့ သိမ်းလိုက်တဲ့ ယောဂီဟာ သူရဲ့နှလုံးအိမ်ထဲမှာ အဝိဇ္ဇာရိပ်ကြီးပေါ်လာတယ်၊ ဒါကိုဝိညာဏ်မြင်ဝဲကြီးထဲ ချရ တော့မယ်၊ ဒီအခါကျဘော့ အဝိဇ္ဇာရိပ်လို့ မှတင်တော့ဘဲ အဆင်းရိပ်လို့တင်လာတော့မယ်၊အဲဒါအဆင်းရိပ်၊ အကြည်ရိပ်၊ အမြင်ရိပ်၊ အသိရိပ်-ဆိုပြီးတင်လာတော့မယ်။

ဒီတော့ အဆင်းရိပ်ကြီးဟာဘာလဲ၊ အာရုံနဲ့အာရမ္မဏိက ဒီ၂ ပါးကိုခွဲပါ၊ အခုအနိစ္စက အာရမ္မဏိကကို ချေလိုက်တော့ အာရုံသဘောလေးကျန်နေတယ်၊ ဒါကို နာမပညတ်ရိပ်၊သဏ္ဌာန ပညတ်ရိပ်၊ သမူဟပညတ်ရိပ်၊ သန္တတိပညတ်ရိပ်တွေ ကျန်နေ သေးတယ်လို့ ပြောတာ၊ ဒါကိုသတိပဋ္ဌာန်ကြီးက အဘိဇ္ဈာ ဒေါမနဿ ချစ်ခြင်းမုန်းခြင်းလို့ပြလာတာပါ၊ ဒီတော့ အာရုံ သဘောလေး ကျန်နေသေးတယ်၊ အဲဒါအတိတ်ကို မဆွဲနဲ့ဆိုလဲ ဆွဲတာဘဲ၊ ဒါဟာအာရုံသဘော အဝိဇ္ဇာရိပ်ပါ၊ သူ့မှာပညတ်

ရုပ်ရှိနေသေးတယ်၊ ဘယ်အနေနဲ့ ရှိနေသေးသလဲ၊ ဥပါဒါနက္ခန္ဓာ အနေနဲ့ ကျန်နေတယ်၊ ဒါတွေရှိနေလို့ ပူဆွေးခြင်း သောကဖြစ်နေရတာပါ။

ဒီအာရုံသဘောလေးကျမှ ဘုရားရှင်က သတိပဋ္ဌာန်မှာ ထုတ်ဟောတာပါ၊ အဲဒါ အဘိဇ္ဈာဒေါမနဿလေးကကို ဖျက်ရမယ်ဆိုပြီး ထုတ်ဟောတာပါ၊ အခုဝိပဿနာနည်းကျတော့ အဆင်းရုပ်, အကြည်ရုပ်, အမြင်ရုပ်, အသိရုပ်ဆိုပြီး တက်သွားမယ်၊ ဒါဟာဖြစ်ပျက်ကို လိုချင်လို့ပါ သတိပဋ္ဌာန်နည်းနဲ့ ဆိုရင် ဥပါဒိခန္ဓာကို သတိဘလုံးနဲ့ ဖြတ်ရမယ် ဒါမှဖြတ်လို့ရမယ်၊ ရှေ့တခါသွားပါအုံး၊ ဓမ္မာရုံကျတော့ တရားခံအနေနဲ့ ပေါ်လာအောင်ထည့်ထားတာပါ၊ ဒီနေရာမှာ ဓမ္မာရုံဆိုတာဟာ အကြည်ကနေဝင်လာတဲ့ သပ္ပဋိဃသညာလေးပါ၊ ဒါကနာမ်ဘက်က (ဝါ) အကြည်ဓာတ်ဘက်ကနေဝင်လာတာပါ၊ ဒါကိုအနာဂတ်သပ္ပဋိဃသညာလို့ခေါ်တာပါ။

အခုအကြည်ဓာတ်ဘက်ကဝင်လာတဲ့ ဓမ္မာရုံဟာ နှလုံးအိမ်မှာ ဘယ်အနေနဲ့ ရှိသလဲ၊ ရုပ်ရုံတွေကတော့ ထင်ရှားပါတယ်၊ အကြည်ဘက်ကပါလာတဲ့ ဓမ္မာရုံဟာ ဘယ်အနေနဲ့ရှိသလဲ၊ သန္တပ္ပနမီးခတ် အနေနဲ့ ရှိနေတယ်၊ ဒါဟာသဏ္ဌာန်အနေနဲ့ (ဝါ) အဆင်းဆိုတဲ့အနေနဲ့ (ဝါ) ဝိညာဏ်က လုပ်ကြံတဲ့အနေနဲ့ သန္တပ္ပနမီးခတ်လေးဟာရှိနေတယ်၊ ဒါကိုဓမ္မာရုံလို့ပြောလိုက်တာပါ။

ဒီတော့အတိတ်ကာလကိုလဲ အနိစ္စနဲ့ချလိုက်ရော အနာဂတ်ကာလဟာ ဒုက္ခထဲကျသွားပြီ၊ ဒါကဥစ္ဆေဒဒိဋ္ဌိကို ပယ်နိုင်တယ်၊ ဥစ္ဆေဒဒိဋ္ဌိဆိုတာ ဖြတ်တယ်, ကင်းတယ်၊ ဒါဟာ အနာဂတ်ကိုပယ်တာပါ၊ “တနည်း” မရှိတဲ့သဘောကိုယူထားတာပါ၊ အခု

တော့ အနာဂတ်သဘောကို ဘေးကြီးအနေနဲ့ ထင်နေပြီ၊ ဉစ္စဒ္ဓိကြီးကျွတ်သွားတော့ သာထေယျကျွတ်သွားပြီ။

ဒီတော့ ဒိဋ္ဌိ ၂-ပါးကျွတ်သွားရင် ထိုပုဂ္ဂိုလ်မှာ မာယာဆိုတာ အတိတ်သဘော, မရှိတဲ့သဘောကို ဆွဲထားတာ (ဝါ) ကိုယ့်အပြစ်ကိုဖုံးပြီး သူများအပြစ်ကိုရှာတဲ့သူပါ၊ သာထေယျဆိုတာ လှည့်ပတ်တဲ့သဘော, အနာဂတ်ကို တွေးကြံနေတာ၊ဒီ-၂ ပါးကျွတ်သွားပြီ၊ ထိုပုဂ္ဂိုလ်မှာ မျက်ကွယ်လောကကြီးဟာ မရှိတော့ပါ၊ သူတော်ကောင်းဖြစ်သွားပြီ၊ နောက်အတွင်းကြံ့သန္ပရဝမ္ဘနဆိုပြီး ဥဒယဗ္ဗယဉာဏ်မှာလာလိမ့်အုံးမယ်၊ကိုင်း....ယခုဒုက္ခနဲ့လဲသိမ်းလိုက်ပြီ၊ နောက်ဘဝင်စိတ်ကျတော့ အနတ္တပါ၊ ဒီတော့အတိတ် အဝိဇ္ဇာရိပ်, အနာဂတ်တဏှာရိပ်, ပစ္စုပ္ပန်ကံရိပ် ဒါတွေ ကျန်နေသေးတယ်၊ ဒါကို ဥဒယဗ္ဗယ ဉာဏ်ကျတော့ အဆင်းရိပ်, အကြည်ရိပ်, အမြင်ရိပ်, အသိရိပ်ဆိုပြီး တင်လာတော့မယ်။

ယခုကာလ ၃-ပါးရုပ်နာမ်ကြီးကို ပြလိုက်ပါပြီ နှလုံးအိမ်မှာရှိတဲ့ကျောက်နဂါးမီးခွက်ကို ဖွင့်လိုက်ပါပြီ၊ ကိုင်း ဒီတော့နှလုံးအိမ်ထဲမှာ နဂါး ၄-ပါးရဲ့အခိုးတွေရှိနေကြတဲ့သူတွေဟာ တနေ့ဥဒယဗ္ဗယဝဲထဲကို အပုတ်နံ့ထွက်ပြီးကျလိမ့်အုံးမယ်၊ဒါကို ကြည့်ပြီးတော့တရားကိုပေးရပါတယ်၊ ဒီတော့မကျရလေအောင် သတိပဋ္ဌာန်ခုံရုံးကိုတင်ရတော့မယ် ဒါ့ကြောင့်အာနာပါနကြီးကို ပွါးရမယ် ဒီမီးခွက်တွေပေါက်ရင် သဘာဝကို မြင်လာပါတော့မယ်၊ ဒီလောကနဲ့ဘဲ ကာလ ၃-ပါးဖြတ်ပုံကို ပြလိုက်ပါပြီ။

ကိုင်း....သာဓု ခေါ်ကြပါတော့။

သာဓု....သာဓု....သာဓု။

ပုံစံနံပါတ် (၂၅)



တော်သလင်းလဆုတ် ( ၅ )ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၂၅)

မနေ့က ကာလ ၃-ပါး ရုပ်နာမ်မှာ မာယာနဲ့ သာဌေယျ, နောက် သန္တုဋ္ဌိ, သလ္လေခတရားတို့ကို အကျယ်ချဲ့ပြီး ဟောခဲ့ပါပြီ၊ ဒီနေ့ စတုတ္ထတခါးကို ရောက်လာပါပြီ၊ ဒီတော့ ချက်တိုင် ပရိပါစကမီးခတ်ကို ဖွင့်ရပါတော့မယ်၊ ဒီတော့ ချက်တိုင်မှာ ပရိပါစကမီးခတ်ရှိတယ်၊ ပရိပါစကမီးခတ်ကို မြန်မာပြန်ရင် ထက်ဝန်းကျင် ကြေကျက်စေတတ်သော မီးခတ်ပါ၊ ဘာတွေကို ကြေကျက်စေသလဲဆိုတော့ အဲဒါ နေ့စဉ်စားသုံးနေတဲ့ အာဟာရတွေကို ကြေကျက်စေပါတယ်၊ ဟင်းသီး, ဟင်းရွက်ကို စားရင် နာရီဝက်, တနာရီလောက်ကြာရင် ကြေကျက်သွားတယ်၊ အမဲသားငါးကိုစားရင် (၁)နာရီခွဲ(၂)နာရီလောက်မှာ ကြေကျက်စေပါတယ်၊ ကျင်ကြီးအဖြစ်ကတော့ ၄-နာရီလောက် ကြာမှ ဖြစ်ပါတယ်။

ဒီ ပရိပါစကမီးခတ်ဟာ ချက်တိုင်မှာရှိနေတယ်၊ ဒီမီးခတ်ကို ဖွင့်ဘို့ ဘုရားရှင်က " ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမိဘိ သိက္ခတိ " လို့ လုပ်ငန်းစဉ်ပေးလာပါတယ်၊ ဒီတော့ ထွက်လေ, ဝင်လေကို အားထုတ်တဲ့ ထိုယောဂီဟာ ထွက်လေ, ဝင်လေကို တဖြေးဖြေးနဲ့ ချုပ်လာမယ်၊ ဘာ့ကြောင့် ချုပ်လာသလဲ၊ ထွက်လေ, ဝင်လေကို ငြိမ်းအောင် လုပ်ရတော့မယ်၊ ဒီ ထွက်လေ, ဝင်လေကို အထွက်မခံဘဲနဲ့ ချုပ်လိုက်တာဟာ ဘာကိုလိုချင်လို့လဲ၊ မချုပ်ရင် ဘယ်သဘာဝကိုမြင်မလဲ၊ ချုပ်လိုက်ရင် ဘယ်သဘာဝတွေကို မြင်လာမလဲ၊ ဒီ ၄-ခုမြောက်

ဖြစ်တဲ့ စဘုဏ္ဍတခါးကို တိဟိတ်ပုဂ္ဂိုလ်ဘွေကျမှ အားထုတ်နိုင်ပါတယ်။

ဒီတော့ ထွက်လေဝင်လေကို ဘာ့ကြောင့်ချုပ်ရသလဲ၊ ချုပ်အောင် ဘာ့ကြောင့်လုပ်ရသလဲ၊ နောက် ချုပ်သွားရင် ဘာကို တွေ့မလဲ၊ ဘယ်အကျိုးတရားပေါ်လာမလဲ၊ ဒီ သဘာဝတွေကို စဉ်းစားကြည့်စမ်းပါ၊ ဒီလိုသဘာဝတွေကို ထုတ်ပြီးစဉ်းစားလာမှအာနာပါနကြီးကို အားထုတ်ချင်လာမယ်၊ ဒီတော့ ပဋိပါစကမီးခေတ်ကို ခွဲပြအုံးမယ်၊ ဈက်တိုင်မှာ ပဋိပါစကမီးခေတ်ရှိခဲ့နဘယ်၊ ဒီ မီးခေတ်ဟာ ဘယ်သူ့ကြောင့် ဖြစ်လာသလဲ ဆိုဘာကို အကြောင်းတရား ၄-ပါးနဲ့ ဝေဘန်ရင် ကံအကြောင်းကြောင့် ဖြစ်လာတာပါ၊ ဒီတော့ ကံဟာ ဥပထမ္ဘကကံခေါ်တဲ့ ပဝတ္တိကံ, နောက် ဇနကကံဆိုပြီး ၂-မျိုးရှိဘယ်၊ ဇနကကံဆိုတာက အတိတ်က ပြုလာခဲ့တဲ့ ကံတွေပါ၊ ဒီကံတွေကနေ အခု ဒီလူ့ဘဝကို ပစ်ချလိုက်တာပါ၊ ဒီ ဇနကကံကြောင့် ပဋိပါစကမီးခေတ်ဟာ ဖြစ်လာတာပါ။

ဒီတော့ ဒီမီးခေတ်ချုပ်ပြီး သေသွားတာကျတော့ အယုက္ခယ အသက်ကုန်၍ သေခြင်းလို့ခေါ်တယ်၊ ဒါဟာ မီးစာကုန်ဆီခန်းပြီး သေတာမျိုးပါ၊ အဲဒါ မီးစာဆိုတာက ပစ်ချလိုက်တဲ့ဇနကကံပါ၊ ဆီဆိုတာ ကမီးခေတ်လေးပါ၊ မီးခေတ်ဆိုတဲ့ ဆီကလဲခန်းရမယ်၊ အတိတ် ဇနကကံဆိုတဲ့ မီးစာကလဲကုန်ရမယ်၊ ဒီတော့မှ မီးစာကုန် ဆီခန်းပြီး သေတာပါ၊ ဒီတော့ ယခု ဆွမ်းဒါနတွေပြုကြတာဟာ မီးခေတ်တည်းဟူသော မီးစာလေးကို ဆီလောင်းပေးတာမျိုးပါ၊ ကျန်တဲ့ဒါနမျိုးတွေက ဆီလောင်းပေးတာ ဆီအောင် မရောက်ပါ၊ ဒါကြောင့် ဒီနှစ်ဝိသာခါဘုရားခေတ်ကြီး

ဖွင့်ပြီး၊ ဆွမ်းကပ် ခိုင်းလာတာပါ၊ မီးစာလဲတာ ကျတော့၊ တံတားခင်း ညောင်ထောက်စသည်ဖြင့် ခိုင်းလာတာပါ။

ဇနကကံကြောင့် မရိပါစကမီးခေတ်လေး ဖြစ်လာရဘာယ်၊ ဆိုတာကိုသိပြီ၊ ဒီမီးခေတ်လေးရှိနေသေးရင် မသေသေးပါ၊ ဒီတော့ သေခြင်းဟာ " အာယုက္ခယ, ကမ္မက္ခယ, ဥဘယက္ခယ, ဥပစ္ဆေဒက " ဆိုပြီး ၄-ပါးရှိတယ်လို့ ပိဋကတ်မှာပြလာပါတယ်၊ ဒီပရိပါစကမီးခေတ်ကို ဇီဝိတိန္ဒြေ-အသက်ကို အစိုးရတယ် (ဝါ) အသက်ကို စောင့်ရှောက်နေတယ်၊ ဒီခန္ဓာကြီးမှာ ဒီမီးခေတ်လေးဟာ အနှစ်လေးဘဲ၊ ဒီပရိပါစက မီးခေတ်ကိုအဘိဓမ္မာနဲ့ဝေဘန်လိုက်ရင် ရုပ်-၉-ပါးအပေါင်းအစုလေးပါ၊ဒါကို အာယု ( ဝါ ) အသက် ( ဝါ ) ဇီဝိတိန္ဒြေ ( ဝါ ) ဇီဝိတနဝက ကလာပ်လို့ခေါ်တယ်၊ အခုအာနာပါနကျတော့ ပရိပါစက မီးခေတ်လို့ခေါ်တယ်။

ဒီမီးခေတ်မှမချုပ်သေးရင် လူသေတယ်လို့ မခေါ်သေးပါ၊ ဒီမီးခေတ်ချုပ်မှ လူသေတယ်လို့ခေါ်ပါတယ်၊ ဒီမီးခေတ်ဟာ အရေးကြီးပါတယ်၊ ရှေ့ကဏ္ဍကျမှ ဒီမီးခေတ်ကို အကျယ်ဖွင့်ပြအုံးမယ်၊ တန်ခိုးရှင်ကြီးတွေဟာ ဒီမီးခေတ်နဲ့ ခန္ဓာဖွဲ့ပြီး သွားနေကြတယ်ဆိုတာတွေကိုပါ ဖွင့်ပြမယ်၊ကိုင်း....ယခုအကျဉ်းနည်းနဲ့ပြလိုက်ပါပြီ၊ ဒီတော့ပရိပါစက မီးခေတ်ဟာ ၄-မျိုး ရှိတယ်။

## သင်နည်းမှတ်ချက်။

၁။ ထင်းအမှိုက် သစ်ရွက်တို့ကို မီးရှို့လိုက်သောအခါ တောက်လာသော မီးနှင့်တူသည့် ပရိပါစက မီးခေတ်တမျိုး၊

( ဒါကအဟိတ်ပုဂ္ဂိုလ်များ၏ မီးခါတ်၊ အပါယ် ၄-ဘုံသား တွေနဲ့လူ ပြည်၌ ပဋိသန္ဓေကကို ဆွံ့, အ, ကန်း, နားပင်း, ကျိုးလာသောပုဂ္ဂိုလ်များ၏ မီးခါတ်ပါ)

၂။ ရေနံခွက်ကတောက်သော မီးရောင်နှင့်တူသည့် ပရိပါ စကမီးခါတ်တမျိုး၊ ( ဒါကဒွိဟိတ်ပုဂ္ဂိုလ်များ ရရှိသော မီး ခါတ်အရောင်ပါ )

၃။ ဖယောင်းတိုင်မှ ပေါ်ထွက်လာသော မီးရောင်နှင့် တူသည့် ပရိပါစက မီးခါတ်တမျိုး ( ဒါက တိဟိတ်ပုဂ္ဂိုလ်များ ရသောမီးခါတ်အရောင်ပါ။)

၄။ မိုးကောင်းကင်၌ လျှပ်စစ်လက်သောအခါထွက်ပေါ် လာသော လျှပ်စစ်ခါတ်နှင့်တူသည့် ပရိပါစက မီးခါတ်တမျိုး။ ( ဒါကအောက်မဂ် ၃-ပါးဖြစ်သော အရိယာပုဂ္ဂိုလ်များရသော မီးခါတ်အရောင်) ( အထက်မဂ်ကိုရသောရဟန္တာ ပုဂ္ဂိုလ်ကြီး များရဲ့မီးခါတ်အရောင်ကျတော့ မိုးကြိုးခါတ်လို့ခေါ်တယ်) ဒါဟာပရိပါစကမီးခါတ်အရောင် ၄-မျိုးပါ။

ဒါကိုပိဋကတ်ကခွဲမပြပါ၊ ဆရာတော်တို့ကိုယ်တိုင် အာနာ ပါနအားထုတ်ပြီးမှ ရလာတဲ့မီးခါတ်ရဲ့အရောင်သဘာဝတွေပါ၊ ဒီမီးခါတ် ၄-မျိုးမှာ အာနာပါနကနေ ရုပ်နာမ်ပေါ်ထုတ်ပြီး ဝိပဿနာကိုတင်ရမှာဖြစ်ခြင်းကြောင့် နံပါတ် (၂) နှင့် (၃)ကို သာ ကိုင်တော့မယ်၊ ဒီတော့အာနာပါန စတုတ္ထတံခါးကိုအား ထုတ်မဲ့ပုဂ္ဂိုလ်ဟာ ဒီမီးခါတ်ရဲ့သဘာဝတွေကို နားလည်ရ မယ်၊ ဒီပရိပါစက မီးခါတ်ကျတော့ ပိုပြီး တန်ခိုး ကြီးလာ ပါတယ်။

ဒီတော့....ဘုရားရှင် ပရိနိဗ္ဗာန်ပြုခါနီးမှာ ဥပဝါဏ ရဟန်းကြီးဟာ ဘုရားရှင်ကို ရပ်ခတ်ပေးနေတယ်။ ဒီအချိန်မှာနတ်ပြဟ္မာတွေဟာ ဘုရားရှင်ကိုဖူးမျှော်ရန် စကြာဝဠာတသောင်းမှာကို ပြည့်ကျပ်နေတယ်၊ နတ်ပြဟ္မာတွေ ဘုရားရှင်ကို ဖူးမျှော်တဲ့အခါမှာ ဥပဝါဏရဟန်းကြီး ကွယ်နေတဲ့ အတွက်ကြောင့် ဘုရားရှင်ရဲ့မျက်နှာတော်ကို မမြင်ကြရဘူး၊ ဒီတော့ နတ်ပြဟ္မာတွေဟာ ဆူဆူပူပူဖြစ်လာကြတယ်၊ ဒါကို ဘုရားရှင်က သိတော်မူတော့ ဥပဝါဏရဟန်းကြီးကို နှင်ထုတ်လိုက်တယ်။

ဒီအကြောင်းကို ညီတော် အာနန္ဒာကလျှောက်တော့ ဒီ ဥပဝါဏရဟန်းကြီးကွယ်နေလို့ နတ်ပြဟ္မာတွေ ဆူဆူပူပူဖြစ်နေကြောင်းကို အမိန့်ရှိလိုက်တယ်၊ ဒီတော့ အဲဒီလို ရဟန္တာတွေမှာ လျှပ်စစ်မီးကြီးစက်နဲ့တူတဲ့ ပရိပါစက မီးခွက်ကျတော့ ဘယ်လောက် တန်ခိုးကြီးသွားသလဲ၊ နတ်ပြဟ္မာတွေသော်မှ မထွင်းဖေါက်နိုင်ပါ၊ နံပါတ် (၁) (၂) (၃) မီးခွက်အရောင်တွေကျတော့ ထွင်းဖေါက်နိုင်တယ်၊ နံပါတ် (၄) ကျတော့ မထွင်းဖေါက်နိုင်တော့ပါ။

ကိုင်း... ထွက်လေ ဝင်လေကို ချုပ်အောင် ဘာကြောင့်လုပ်ခိုင်းသလဲ၊ ချက်တိုင်မှာရှိတဲ့ မီးခွက်လေးကို မြင်အောင်လို့ လုပ်ခိုင်းတာပါ၊ ဒီမီးခွက်ကိုတွေ့တော့ ဘယ်လိုအကျိုးတရားတွေ ထွက်လာသလဲ၊ ရုပ်တရား၊ နာမ်တရားကိုတွေ့ဘို့ အကျိုးတရားပါဘဲ၊ ဒီချက်တိုင်ရဲ့ တခါးဟာ အရေးကြီးပါတယ်၊ ထွက်လေ ဝင်လေချုပ်တဲ့အခါမှာ မီးခွက်ကိုတွေ့ပြီ၊ နောက် ရုပ်နာမ်တရားကိုတွေ့လာမယ်၊ ဒါဟာ ဥဒယဗ္ဗယဉာဏ်ရဲ့ ရုပ်နာမ်ကိုတွေ့မယ်၊ (ဝါ)ဖြစ်ပျက်ကိုတွေ့မယ်၊ ဒါက သဘာဝ အခြေခံနေပုံလေးကို ရှင်းပြလိုက်တာပါ။

ဒီ မီးခတ်ကိုတွေ့ဘူး ထွက်လေ ဝင်လေကို ချုပ်တဲ့အခါမှာ ဘယ်လိုချုပ်မလဲ၊ ဒီ မီးခတ်လေးဟာ ဘယ်အနေနဲ့ နေသလဲ၊ ဒါကို လုပ်ငန်းစဉ်ဝင်ရမယ်၊ ကိုင်း....ပုံစံထဲ သွားကြပါစို့၊ ထွက်တဲ့လေရဲ့ အစ ထွက်တဲ့လေရဲ့ အဆုံး ချက်တိုင်မှာဘဲရှိတော့တယ်၊ ဝင်တဲ့လေရဲ့ အစ ဝင်တဲ့လေရဲ့ အဆုံး ချက်တိုင်မှာဘဲ ရှိတော့တယ်၊ ဒီတော့ ထွက်လေ ဝင်လေ ၂-ပါးဟာ ဘယ်မှာမှမရှိတော့ပါ၊ ချက်တိုင်မှာဘဲ ရှိတော့တယ်၊ ဒီတော့ ထွက်လေ ဝင်လေ ၂-ပါးဟာ ချက်တိုင်မှာစုနေတော့ ဘယ်အနေနဲ့ စုနေသလဲ၊ (ဝါ) ဘယ်အနေနဲ့ ရှိနေသလဲ၊ ဒါကို စဉ်းစားပါ။

ပညတ်ရိပ် ၄-ပါးအနေနဲ့ ရှိနေတယ်၊ ဒါဖြင့်ရင် ပညတ်ရိပ် ၄-ပါးအနေနဲ့ ဘယ်လိုရှိနေသလဲ၊ ဒါကိုထပ်ခွဲပြမယ်၊ ပညတ်ရိပ် ၄-ပါးကိုလဲ တခုစီခွဲပြခဲ့ပါပြီ၊ ဒီတော့ ပဌမဆုံး ထိုယောဂီဟာ ဒီပညတ်ရိပ် ၄-ပါးမှာ ပရမတ်သဘောပါတဲ့ပညတ် ပရမတ်သဘောမပါတဲ့ပညတ် ဒါကို အရင်ခွဲပါ၊ နာမနဲ့ သဏ္ဌာနပညတ် ၂-ပါးဟာ ပရမတ်မပါပါ၊ (ဝါ) ပရမတ်မထောက်ခံပါ၊ သမူဟပညတ်နဲ့ သန္တတိပညတ် ၂-ပါးကျတော့ ပရမတ်ပါတယ်၊ (ဝါ) ပရမတ်ထောက်ခံတယ်၊ ဒီတော့ နာမပညတ်ဆိုတာသညာရဲ့ အမှတ်လေးပါ၊ သညာရဲ့ အမှတ်ဟာ ပညတ်ရဲ့ သဘောပါ၊ သဏ္ဌာနပညတ်ဆိုတာဝိညာဏ်ရဲ့လုပ်ကြံတဲ့သဘောပါ၊ "ဥပမာ" ရှင့်တုံးကိုနွားရုပ်လုပ်ပါ၊ ဒါဟာဝိညာဏ်ရဲ့ လုပ်ကြံတဲ့ သဘောပါ၊ ဒါကြောင့် နာမနဲ့ သဏ္ဌာနပညတ်ဟာသညာဝိညာဏ်တို့ရဲ့ လှည့်ပတ်တဲ့သဘောပါ၊ သူတို့မှာထောက်ခံဘဲ့ပရမတ်မရှိပါ။

သမူဟနဲ့ သန္တတိပညတ်ကျတော့မှ ပရမတ်ထောက်ခံတဲ့ ပညတ်ပါ၊ ဒီတော့ သဏ္ဌာန်ဘယ်မှာရှိသလဲဆိုရင်ဘဲ လာဘက်ရေ

အိုး၊ လဘက်ရေပုံမှာရှိတယ်လို့ အန္ဓတွေမှာ ပြောနေကြပြီ၊ ဒီလို ထင်မှတ်နေရင် အန္ဓတို့မှာ ဣဋ္ဌ၊ အနိဋ္ဌ ထွက်လာတော့မယ်၊ နောက်သုခ၊ ဒုက္ခဝေဒနာတွေထွက်ခါ တဏှာ၊ ဥပါဒါန်စသည် ဖြင့် သံသရာလည်တော့မယ်၊ နောက်ဆုံးမှာအပါယ် ၄-ပါးသို့ ကျအုံးမယ်၊ အပါယ် ၄-ပါးသို့ကျတာဟာ ဒီသဏ္ဌာန်ကချတာ ပါ၊ အခုထဲကသဏ္ဌာန်ဆိုတာဟာ ဝိညာဏ်ကြီးက လုပ်ကြံနေတာ ပါကလားလို့ သိထားရင် အပါယ် ၄-ပါးသို့ မကျတော့ပါ၊ အပါယ် ၄-ပါးသို့ချတာဟာ ဒီသဏ္ဌာန်ကချတာပါ။

ဒီတော့သမူဟပညတ်ရှိလို့ သဏ္ဌာနပညတ် ပေါ်လာတာပါ၊ နောက်သန္တတိပညတ်ရှိလို့ နာမပညတ်ပေါ်တာပါ၊ ဒါကမဟာ သတိပဋ္ဌာန်နည်းပါ၊ အခုဒီနည်းနဲ့ တက်မယ်၊ ဒါကိုစစ်ပြမယ်၊ သမူဟပညတ်ရှိလို့ သဏ္ဌာနပညတ်ပေါ်တာကို ပြောပြမယ်၊ သမူဟပညတ်ဆိုတာ ရုပ် ၈-ပါး၊ ၉ ပါးတို့ ပေါင်းစုနေတာကို ခေါ်တယ်၊ ဒီလိုသမူဟပညတ် အပေါင်းအစုလေးလဲ ရလာရော သဏ္ဌာနပညတ်လေးဟာ သင်္ခတလောကမှာ ပေါ်ထွက်ပြီးတည် လာတော့တယ်၊ ပေါ်ထွက်လာတာကပညတ်နယ်၊ ဓာတ် ၄-ပါး၊ ဓာတ် ၈-ပါး၊ ဓာတ် ၉-ပါးတို့ပေါင်းစုတာက ပရမတ်နယ်၊ ဒီလိုသင်္ခတလောကမှာ သဏ္ဌာနပညတ်သဲပေါ်လာရော ဝိညာဏ် ကြီးက လုပ်ကြံလာတော့တယ်။

နောက်တခါ သန္တတိပညတ်ရှိလို့ နာမပညတ်လေးပေါ်လာ တာပါ၊ ရုပ် ၈-ပါး၊ ရုပ် ၉-ပါးပေါင်းနေတာဟာ ဆက်စပ်တဲ့ သဘောလေးရှိနေလို့ပါ၊ ဒါကြောင့်နာမပညတ်လေး ပေါ်နေ တာ၊ ဒီသဘာဝလေးတွေကိုနားလည်ထားရမယ်၊ နောက်မှ ပုံစံ ထဲသွင်းပြမယ်၊ ကိုင်းပညတ်နေပုံ၊ ပညတ်ခွဲပုံတွေကို အကျဉ်း

နည်းဖြင့်ခွဲပြလိုက်ပါပြီ၊ ဒီတော့သဏ္ဌာန်ဟာ ပရမတ်အနေနဲ့ ဆိုရင်တည်တဲ့သဘောပါ၊ (၀၁) ပစ္စုပ္ပန် ပေါ်သဘောလောက် သာလျှင်ရှိပါတယ်၊ (၀၁) လုပ်ကြံခံရတဲ့ သဘောလောက်သာ ရှိပါတယ်၊ဒါကိုသညာဝိညာဏ်သမားတွေကလာပြီးလုပ်ကြံလိုက် တာပါ၊ ဒါကိုမိမိကသဘောပေါက်မှ ( ၀၁ ) သဘာဝပေါ် လာမှဖြစ်မယ်၊ ဒါမှမဟုတ်ဘဲနဲ့နာမပညတ်နဲ့ သဏ္ဌာနပညတ် ရုပ် ၂-ပါးခံနေရင် ကုဋ္ဌအနိဋ္ဌတွေဖြစ်ပြီး သုခဝေဒနာ ဒုက္ခဝေ ဒနာတွေဖြစ်ကုန်တော့မယ်၊ ဒီတော့မှ တဏှာ ဥပါဒါန် ဘဝ ဆိုပြီးသံသရာလည်တော့မယ်။

ဒီတော့ အပါယ်၄-ပါးကိုချတာလဲဒီနာမနဲ့ သဏ္ဌာနပညတ် ၂-ပါးဘဲ၊ ဒါ့ကြောင့်ယခုကထဲက ဒီနာမနဲ့သဏ္ဌာနပညတ်ဟာ သညာဝိညာဏ် လုပ်ကြံတာပါကလားလို့ သိထားရင် အပါယ် ၄-ပါးသို့ချလို့မရတော့ပါ၊ အခုပြလိုက်တာက သဘာဝအစဉ် အနေနဲ့ ပြလိုက်တာပါ၊ နက်ဖြန်ခါကျမှ လုပ်ငန်းစဉ်အနေနဲ့ ပြပါမယ်၊ အခုပညတ်နဲ့ပရမတ်ကို ခွဲပြလိုက်ပါပြီ၊ ဒီသဘာ တွေကိုခံယူခဲ့ပါ။

ပရိပါစကမီးဓာတ်ဟာ ချက်တိုင်မှာရှိပါတယ်၊ ဘယ်လိုနေ သလဲ၊ သဘာဝနည်းနဲ့ရှာရမယ်၊ အဘိဓမ္မာ ဆရာကြီးတွေက ရုပ် ၉-ပါးအပေါင်းအစုလေးအနေနဲ့ ချက်ဘိုင်မှာနေတယ်လို့ ပြလာပါတယ်၊ ဒါဖြင့်ရင် ရုပ် ၉ ပါးဟာ ဘယ်လိုပေါင်းစုနေ သလဲ၊ ဒီလိုပေါင်းစုနေတဲ့ဗျာပါရလေးတွေကို တွေ့လာမှ ဒီကနေ ရုပ်နာမ်ကိုရှာရမယ် ဘယ်လိုပေါင်းစုနေသလဲဆိုတော့ 'ကေပ္ပဒ္ဒ ကေနိရောခ ကောလမ္ဗဏ ကေဒုတ္ထုက" ဆိုပြီး အဘိဓမ္မာက ပြလာပါတယ်၊ ဒီသဘာဝကို ဖယ်ထားလိုက်ပါ။

ဒီတော့ မင်းတို့ဟာ ဘယ်လိုပေါင်းနေသလဲဆိုတာကို ရှာရင် ပညတ် ၄-ပါးအနေနဲ့ ပေါင်းစုနေကြတယ်၊ ဒါက သုတ္တန်နည်းပါ၊ ဒါဖြင့်ရင် ပညတ်ရုပ်ခလေးကိုမြင်မှ ဒီရုပ် ၉-ပါးဖြစ်တဲ့ ဇီဝိတနဝကကလာပ်ကို တွေ့မယ်မဟုတ်လား၊ ဒီတော့ပညတ်ရုပ် ၄-ပါးကိုကြည့်လိုက်ပါ၊ ပညတ် ၄-ပါးကိုတွေ့တာနဲ့ ဓာတ် ၄-ပါးဓာတ် ၈-ပါး ဓာတ် ၉-ပါးကိုတွေ့တာဘဲ၊ဒီတော့ ဇီဝိတကို သာရှာရမယ်၊ ဇီဝိတဟာထွက်လေ, ဝင်လေကနေ ဖြစ်လာပုံကို ပြောပြမယ်၊ဒီတော့ထွက်လေ အစချက်တိုင်, ထွက်လေအဆုံးချက်တိုင် ဒါဟာငါးကြင်းမြီးချား ခတ်နေသလိုခတ်နေတယ်၊နောက် ဝင်လေအစချက်တိုင်, ဝင်လေအဆုံးချက်တိုင်ဆိုပြီး ငါးကြင်းမြီး ခတ်နေတာပါ၊ ဒီလိုငါးကြင်းမြီးခတ်လိုက်ရော(ဝါ)အသွားအပြန်ခတ်လိုက်ရော၊ "ဇီဝိတ-ဇီဝိတ" ဆိုပြီးရုပ် ၈-ပါးထဲမှာကို ထွက်လာတော့တယ်၊ ဒါကိုနက်ဖြန်ခါကျမှအကျယ်ကုန်အောင် ရှင်းပြမယ်။

ဒီနေရာမှာလိုချင်တာက ဇီဝိတကိုလိုချင်တာပါ၊ ဒီဇီဝိတဟာ လျှင်မြန်တဲ့မီးဓာတ်ဖြစ်နေလို့ ပဌမဓာတ် ၈-ပါးကိုအရင်ကိုင်ရမယ်၊ ဒီတော့ ထွက်လေအစချက်တိုင်, ထွက်လေအဆုံးချက်တိုင်, ဝင်လေအစချက်တိုင်, ဝင်လေအဆုံးချက်တိုင်ဆိုပြီး အသွားအပြန် အသွားအပြန်ခတ်လိုက်တာနဲ့ ဇီဝိတလေးဟာ ထွက်လာတယ်၊ ဒီတော့မှ စားသမျှ အစာအာဟာရတွေကိုကြေအောင်ချက်ပေးတယ်၊ ကျန်းမာရေးကိုလဲ လုပ်ပေးတယ်၊ အသိဉာဏ်တွေကိုလဲ ပေးလာတော့တယ်၊ အပူ အအေ ညီညွတ်ပြီး ကျန်းမာရေး ညီညွတ်လာအောင် လုပ်ပေးလာတော့တယ်။

ဒါကြောင့် "နာတိသီတာယ-မအေးလွန်းသော။ နာစ္စုဏှာယ မပူလွန်းသော။ ပမာနက္ခမာယ-တရားအားထုတ်ခြင်းငှါ ခံ့ကြမ်း

သော။ သမဝေပါကိနိယာ-အခြင်းခပ်သိမ်း မျှတညီညွတ်သော။ ဂဟနိယာ-ဝမ်းမီးနှင့်။ သမန္တာဂတော-ပြည့်စုံသော''လို့ ပြလာပါတယ်၊ ကိုင်း....ဓာတ် ၄-ပါးကို ဘယ်လိုရှာမလဲ၊ ပုံစံထဲမှာပါတဲ့ပညတ် ၄-ပါး ဓာတ် ၄-ပါးကိုထည့်ပြစမ်းပါ၊ နာမပညတ်မှာ ဘယ်ဓာတ်ကိုထည့်မလဲ၊ ဒါကိုထည့်တတ်လာမှ (၀၂)တပ်တတ်လာမှ အသက်ရှူလိုက်တိုင်း ဇီဝိတလေး ဖြစ်ပြီးတော့ ကျန်းမာရေးဟာ ညီညွတ်လာမယ်၊ အခုဇီဝိတလေးကို မထွက်နိုင်ကြလို့ ကျန်းမာရေး ချို့တဲ့နေကြတာပါ၊ ဒါ့ကြောင့် ဆေးတွေကိုမှီဝဲနေရတာပါ။

ဒီတော့ချက်တိုင်ကမီးဓာတ်ကို ဖွင့်နိုင်လာမှ ကျန်းမာရေးဟာပြည့်စုံလာမယ်၊ ဒီတော့ ပညတ် ၄=ပါးနဲ့ ဓာတ်ကြီး၄-ပါးကိုတပ်ပြမယ်၊ သန္တတိပညတ်မှာတေဇောဓာတ်၊ သမူဟပညတ်မှာ ဝါယောဓာတ်၊ သဏ္ဍာနပညတ်မှာ အာပေါဓာတ်၊ နာမပညတ်မှာ ပထဝီဓာတ် ဒီလိုသွင်းရမယ်၊ နက်ဖြန်ခါ့ကျမှ ချက်တိုင်ကပညတ်ပေါ်ပုံကိုပြောပြမယ်။

ကိုင်း....သာဓု ခေါ်ကြပါတော့

သာဓု....သာဓု....သာဓု

တော်သလင်းလဆုတ် ( ၆ ) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၂၅)

ဒီတော့ ပရိပါစကမီးခေတ်ဆိုတာ ဘာကိုခေါ်သလဲ၊ ဇီဝိတနဝကကလာပ်ကိုခေါ်တယ်၊ ဒီမှာ ရုပ် ၉-ပါးရှိနေတယ်၊ ဒါကို ပရိပါစကမီးခေတ်လို့ ခေါ်တယ်၊ ဒီတော့ ထွက်လေ့ ဝင်လေ ချုပ်ခိုင်းတာက ဒီမီးခေတ်ကို တွေ့အောင်လို့ ချုပ်ခိုင်းတာပါ၊ ဒီမီးခေတ်ကိုမြင်ရင် ဥဒယဗ္ဗယဉာဏ်ကို တချက်ထဲ ရင်တာဘဲ၊ "ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ" ဒါဟာ ထွက်လေဝင်လေကို ချုပ်အောင် လုပ်ခိုင်းတာပါ၊ ဒါကြောင့် ဒီစတုတ္ထတံခါးဟာ အင်မတန်မှတ်မိခဲ့ပါတယ်။

ဒီတံခါးကို ဖွင့်နိုင်တာဟာ တိဟိတ်ပုဂ္ဂိုလ်ပါ၊ ဒီတိဟိတ်ပုဂ္ဂိုလ်မျိုးဟာ ဒီဘဝမှာကို မဂ်ကိုရမဲ့ တိဟိတ်မျိုးပါ၊ ဒီဇီဝိတနဝကကလာပ်ကို အဘိဓမ္မာနဲ့ တင်ခဲ့လိုက်ရင် ရုပ် ၉-ပါးရှိတယ်၊ ဒါဟာ ကံကြောင့်ဖြစ်တဲ့ရုပ်ပါ၊ ဒီတော့ ဇီဝိတကိုထားပြီးခေတ်၊ ၈-ပါးကိုဘဲ အရင်စဉ်းစားပါအုံး၊ ဒီတော့ ပထဝီခေတ်က အဆင်းဝဏ္ဏခေတ်၊ အာပေါခေတ်က အရသာ ရသခေတ်၊ ဝါယောခေတ်က အနံ့ ဂန္ဓခေတ်၊ တေဇောခေတ်က အဆီအနှစ် ဩဇာခေတ် ထွက်လာတယ်။ ဒီတော့ ပထဝီခေတ်က ဘာ့ကြောင့် ဝဏ္ဏခေတ်ထွက်သလဲ၊ ဒီတော့ ပထဝီခေတ် ပေါ်မယ်ဆိုရင်ဘဲ အာပေါ၊ ဝါယော၊ တေဇောတို့က ပေါင်းဆုံ ပေးရတယ် ဒီတော့မှ ပထဝီခေတ်ဟာ ပေါ်ထွက်လာဘာပါ။

ဒီတော့ ပညတ်နယ်မှာ ပထဝီဓာတ်နဲ့ အာပေါဓာတ်တို့က ထင်ရှားဘယ်၊ ဒါကြောင့် ပထဝီဓာတ်ပေါ်ရင်ဘဲ နာမပညတ် လေးဟာ ပေါ်လာတော့တယ်၊ အာပေါဓာတ်က ရသ အရောင် ဓာတ်ပေါ်တယ်၊ ဒီတော့မဟာဘုတ်က အကောင်ဓာတ်၊ ဉပါဒါ ရုပ်က အရောင်ဓာတ်၊ တနည်း ဓာတ်ကြီး ၄-ပါးက ပရမတ် နယ်မှာ ပြဋ္ဌာန်းတယ်၊ ဓာတ်ငယ် ၄-ပါးက ပညတ်နယ်မှာ ပြဋ္ဌာန်းတယ်၊ ဒီတော့ ဓာတ်ကြီး ၄ ပါးထည့်လိုက်တာနဲ့ ဓာတ် ငယ် ၄-ပါးဟာလဲ ပါလာတာဘဲ။

ဒီတော့ ၈-ပါးဖြစ်လာရင်ဘဲ ပရမတ်နဲ့ ပညတ်ဟာတွဲပြီး ထွက်လာတယ်မဟုတ်လား၊ ဒီတော့ ဓာတ်ကြီး ၄-ပါးကို ဌာန် ၄-ချက်နဲ့ စေဘာန်လိုက်ရင်ဘဲ ပထဝီ လက္ခဏ, အာပေါ ရသ, ဝါယောပစ္စုပဋ္ဌာန်, တေဇော ပဒဋ္ဌာန်ဆိုပြီး စေဘာန်ရတယ်၊ ဒီတော့ပထဝီဓာတ်ပေါ်လာအောင် အာပေါဓာတ်က ဖွဲ့စည်း တယ်ဆိုဘာ ကိစ္စလေးကို လုပ်ပေးရဘယ်၊ ဒါကြောင့် ပထဝီ ဓာတ်က လက္ခဏ, အာပေါဓာတ်က ရသလို့ ကောက်ပါ၊နောက် ပထဝီဓာတ်နဲ့ အာပေါဓာတ်ဟာ ပညတ်နယ်မှာ ပေါ်နိုင် အောင်လို့ ဝါယောဓာတ်က ပစ္စုပဋ္ဌာန်အနေနဲ့ ရှေးရှုထင်ပေး ရတယ်၊ တေဇောဓာတ်ကျတော့ ဓာတ် ၄-ပါးတို့မှာ ပြဋ္ဌာန်းတဲ့ ဓာတ်ဖြစ်ခြင်းကြောင့် ပဒဋ္ဌာန်ပါ၊ ဒီလိုကို ဓာတ် ၄-ပါးကို ဌာန် ၄-ပါးနဲ့ စေဘာန်ချရမယ်၊ ဒါမှ ရုပ်စစ်, နာမ်စစ်ကို တွေ့မယ်။

ဒီလိုသိမ်းနိုင်လာတဲ့ ထိုယောဂီဟာ မာတယ်, ပူဘယ်ဆိုတဲ့ ပညတ်တွေကိုစွဲပြီးနေတဲ့ အတ္တတွေကျွတ်သွားမယ်၊ အခုဇီဝိတ နဝကကလာပ်ကိုလဲ ဌာန် ၄-ချက်နဲ့ ခွဲလိုက်ရင် ပထဝီဓာတ်ရဲ့

ဗျာပါရဟာ လက္ခဏာ၊ အာဒေပါခေတ်ရသ၊ ဝါယောခေတ် ပစ္စုပဋ္ဌာန်၊ တေဇောခေတ်ရဲ့ဗျာပါရဟာ ပဒဋ္ဌာန် ဒီအနေနဲ့ ခေဘန်ရမယ်၊ ဒါကို နားလည်ရမယ်၊ ဒီလို ဋ္ဌာန် ၄ ချက်နဲ့ ခွဲလိုက်တဲ့အခါမှာ ပညတ် ၄ ပါးဟာ ဘယ်အနေနဲ့ ပါလာသလဲ၊ ပညတ်ဆိုတာ ခေတ် ၄ ပါးတို့ရဲ့အမူအယာ သဘာဝ လက္ခဏာလေးတွေကို ဆောက်ပြီး ပေါ်တာပါ။

ပထဝီခေတ်ကိုလက္ခဏာ အနေနဲ့ပိုင်းခြားလိုက်ရင် လက္ခဏာ မှတ်ကြောင်းသဘော၊ ဒါဘာကိုမှတ်တာလဲ၊ နာမပညတ်ကို မှတ်တာပါ၊ ပထဝီခေတ်ဖြစ်လာရင်ဘဲ နာမပညတ်ပေါ်နိုင် လာပြီ၊ အာပေါခေတ်ကလဲ ရသဖြစ်ခြင်းကြောင့် သူရဲ့အမူ အယာကိုထောက်လိုက်ရင် သဏ္ဌာနပညတ်ပေါ်မယ်၊ သဏ္ဌာန ပညတ်ဆိုတာ တည်ပေးတဲ့သဘောပါ၊ ဝါယောခေတ်က သမူဟ ပညတ်၊ တေဇောခေတ်ကသန္တတိပညတ်၊ ဒီလိုသွားပါ၊ ဒီလိုလဲ ခေတ် ၄ ပါးကိုပညတ် ၄ ပါး၊ ဋ္ဌာန် ၄ ပါးနဲ့ ခေဘန်လိုက်ရင် ပရိပါစကမီးခေတ်ဟာ ချက်ဘိုင်မှာ ပညတ်အနေနဲ့ ရှိတယ်၊ (၀၁) ဋ္ဌာန် ၄ ပါးအနေနဲ့ ရှိတယ်၊ သူ့ကိစ္စသူဆောင်ရွက်တဲ့ အနေနဲ့ရှိတယ်။

ဒါကို ပဋ္ဌမဆုံးထွက်လေ့ဝင်လေကိုရှုတဲ့ပုဂ္ဂိုလ်ဟာ သဘာဝ လက္ခဏာလေးအနေနဲ့ ပရိပါစကမီးခေတ်ကို နားလည်သားရ မယ်၊ နားလည်ရင် ပရိပါစကမီးခေတ်ဖြစ်ပြီလား၊ မဖြစ်သေး ပါ၊ ဘယ်တော့မှဖြစ်မလဲ၊ ဖြစ်ပုံကိုပြောပြမယ်၊ "ပဏ္ဍယ် ကာယသင်္ခါရံ အဿာသိဿာမိတိ သိက္ခတိ" လို့ပြလာတဲ့အတိုင်း အာနာပါနလုပ်ငန်းစဉ်ကို အားထုတ်တဲ့ပုဂ္ဂိုလ်ဟာ ပဋ္ဌမတံခါး ကနေပြီး ဒုတိယတံခါးပေါက်အထိ ရှပ်နာမ်ဘောကို ရှာခဲ့ပြီ၊

အခုစတုတ္ထတံခါးကိုရှာမဲ့ ထိုပုဂ္ဂိုလ်ဟာ လေ့ကြောင်းနိမိတ်လေး ဟာ နှာသီးဖျားကစပြီး ချက်တိုင်ထိအောင် ဝင်လေလေးဟာ ဝင်လာတယ်။

ထွက်လေကလဲ ချက်တိုင်ကနေနှုတ်ခမ်းဖျားထိအောင် ထွက် သွားတယ်၊ ဒါကို အရင်ရှုလာရမယ်၊ ထွက်တဲ့လေကို ဘယ်လို စူးစိုက်လာရမလဲ၊ ဒီတော့ချက်တိုင်ကနေ ထွက်လာတဲ့လေလေး ကို နှုတ်ခမ်းဖျားလဲရောက်လာရော ဒီလေကို အပြင်သို့မထွက် အောင် ဖမ်းချုပ်ထားပါ ဘယ်လိုချုပ်သလဲ၊ ဒီတော့ ထွက် လေ ဝင်လေဟာ စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇ ဝါယောဘဲမဟုတ် လား၊ ဒီတော့ စိတ္တဇဝါယောချင်းချုပ်လိုက်တော့ ကျန်တဲ့ခုတ် ၃-ပါးတွေက ဖွဲ့လာတယ်၊ ဒီတော့ ထွက်လေဟာ နှုတ်ခမ်းဖျား ရောက်အောင်မသွားတော့ဘဲ ဦးကျောက်အိမ်ကနေပြီး အထဲကို ပြန်ဝင်လာတယ်၊ ဒီလိုနဲ့ တဖြေးဖြေး ချုပ်လာတာဟာ နှလုံး အိမ်ကိုရောက်လာတယ်၊ **နောက်ဆုံးမှာ** ချက်တိုင်ကဘဲထွက်, ချက်တိုင်မှာဘဲ ချုပ်လာတော့တယ်။

ဒီတော့ တံခါးတွေကို ပိတ်ထားလိုက်ပြီ၊ အဲဒါ စိတ္တဇ ဝါယောကနေ ချုပ်ပြီးတော့ ကျန်ဓာတ် ၃-ပါးကလဲဖွဲ့ပြီးတော့ ချုပ်လာပြီ၊ ဒီတော့မှ ထွက်လေအစ ချက်တိုင်, ထွက်လေအဆုံး ချက်တိုင်၊ ဝင်လေကိုလဲ ဒီလိုဘဲချုပ်လာတော့မှ ဝင်လေအစ ချက်တိုင်၊ ဝင်လေအဆုံးချက်တိုင် ဆိုပြီးထွက်လေ, ဝင်လေဟာ ချက်တိုင်မှာဘဲဝင်နိုင်, ထွက်နိုင်တော့တယ်၊ ဒီကနေပြီး ဇီဝိတ လေးဖြစ်လာပုံကို ပြောပြမယ်။

ဒီတော့ထွက်လေအစ သန္တတိပညတ်၊ ထွက်လေအဆုံးချက် တိုင်က သမူဟပညတ်၊ ဒီ-၂ ခု ချက်တိုင်မှာ ခပ်လိုက်တာကို

မီးခေတ်လေးတွေ ထွက်လာတယ်၊ ဒါကို ဥဏှမီးခေတ်လို့ ခေါ်တယ်၊ ဒီမီးခေတ်ဟာခေတ် ၇-ပါးထဲပါပြီးပွင့်လာတယ် ဒီတော့မှ ပရိပါစကမီးခေတ်ကြီး တခါထဲဖြစ်လာတယ်၊ ဒီတော့မှ ခေတ် ၄ ပါး ခေတ် ၇ ပါးတို့ဟာ သူ့ကိစ္စကို သူဆောင်ရွက်ကြတော့တယ်၊ ဒီတော့မှ စားသမျှ အစာအာဟာရတွေကို ကြေကျက်လာတော့တယ်။

လေခေတ် မချုပ်တဲ့ သူများကျတော့ မီးပွါးကျရုံလောက်သာရှိပါတယ် လေခေတ်ချုပ်တဲ့သူတွေကျတော့ ခန္ဓာကိုယ်ကြီးတခုလုံးအလင်းခေတ်ဖြစ်ပြီးတော့ ပရိပါစကမီးခေတ်ဟာ အဲဒါစားသမျှအာဟာရတွေကို ချက်နိုင်ရုံတင်မဟုတ်တော့ဘဲ အပြင်က အစေ့ အပူဆိုတဲ့ဘေးရန်ကိုတောင်မှ ကာကွယ်နိုင်လာတယ်၊ ဒီလိုချက်တိုင်မှာထွက်လေ့ ဝင်လေကိုလဲချုပ်လိုက်ရော ထွက်လေအစချက်တိုင်က သန္တတိပညတ်နဲ့ ထွက်လေ့အဆုံး ချက်တိုင်က သမူဟပညတ်တို့လဲ ခတ်လိုက်တဲ့အခါမှာ ဇီဝိတလေး ဖြစ်လာတယ်၊ ဒါဟာ ခေတ် ၇ ပါးမှာဖြစ်ပေါ်လာတယ်။

ဒါကြောင့် သီတ, ဥဏှမီးခေတ်တို့က ပရိပါစကမီးခေတ်, ဥသမ္မမီးခေတ်, သန္တပ္ပနမီးခေတ်တွေကို အားပေးနေတာပါ၊ ဒါမှဇီဝိတကို အားပေးနေတယ်၊ ဒီတော့မှ အစားအစာတွေကို ကြေညက်စေတယ်၊ ဒီလိုလေခေတ်ချုပ်ပြီး တောက်လိုက်တဲ့ မီးခေတ်ကျတော့ ပိုပြီးတော့တောက်ပါတယ်၊ ဒါကြောင့်အပြင်က ဘေးရန်ဖြစ်တဲ့အပူ, အစေတွေကို ကာကွယ်နိုင်ပါတယ်၊ဒါဟာ ဇီဝိတနဝက ကလာပ်ပေါ်ပုံပါ၊ စားပြီးလျှင် အိပ်ခိုင်းတာဟာ အိပ်တဲ့အခါမှာ အသက်မှန်မှန်ရှူတယ်၊ ဒီလိုအသက်မှန်မှန်ရှူခြင်းသည် ဇီဝိတလေးပွါးစီးပြီး အစားအစာတွေကို ကြေစေတယ်လို့မှတ်ထားပါ။

နောက်တခါ ဝင်လေကသာ ချုပ်တိုင်မှာဘဲ ရှိတော့တယ်၊ ဝင်လေအစ ချက်တိုင်နာမပည္ဆဲ့ ဝင်လေအဆုံးချက်တိုင် သဏ္ဍာန်ပညတ်-ဒီ ၂-ပါးလဲခတ်လိုက်ရော ဒီကနေဇီဝိတလေးဖြစ် လာတယ်၊ သူ့ကျတော့ သိတမီးခေတ်၊ အဲဒီလိုထွက်လေ, ဝင် လေကနေ ဇီဝိတလေး ဖြစ်လာအောင် စွမ်းဆောင်နေတယ်၊ ဒါ့ကြောင့် "ပဿမ္ဘယံ ကာယသင်္ခါရံ" လို့ပြောလာတာပါ၊ ဒီကဏ္ဍရောက်လို့ လေခေတ်ချုပ်လာရင်ဘဲ ဇီဝိတနဝကကလာပ် လေးဟာ အားကောင်းလာတဲ့အကျိုးတွေဖြစ်လာတယ်၊ ဒီတော့ လေခေတ်ချုပ်တာဟာလဲ....

၁။ တန်ခိုးရှင်ကြီးတွေကနေ သူတို့ရဲ့တန်ခိုးနဲ့ ကပ်ပြီးလေ ခေတ်ကိုချုပ်တာလဲရှိတယ်။

၂။ အင်း,ဆေး,မှော်,စမ်အစရှိတဲ့ လောကီပညာရပ်တွေကနေ လေခေတ်ချုပ်တာလဲရှိတယ်။

၃။ အာနာပါနတံခါးကိုအဆင့်ဆင့်တက်ပြီးတော့ စတုတ္ထ တံခါးပေါက်ကျတော့မှ သဘာဝအတိုင်း လေခေတ် ချုပ်တာလဲရှိတယ်၊ အဲဒီလိုလေခေတ်ချုပ်တာ ၃-မျိုး ရှိပါတယ်။

ဒီ ၃-မျိုးအနက်မှာ မြန်မာနိုင်ငံတော်မှာ အာနာပါနတွေ အားထုတ်ပြီး လေခေတ်ချုပ်နေကြတာတွေဟာ နံပါတ် ၁-နှင့် ၂-သာလျှင်ချုပ်နေကြသေးတယ်၊ သဘာဝအတိုင်း မချုပ်နိုင် ကြသေးပါ၊ ဘာ့ကြောင့်လဲ၊ တရားပေးတဲ့ပုဂ္ဂိုလ်ကြီးတွေမှာ ကလဲ ဂိုဏ်းပညာကြီးတွေပါလာတဲ့အတွက်ကြောင့် ဒီဂိုဏ်းပညာ ကနေပြီးသက်ဆိုင်ရာတန်ခိုးရှင်တွေက အာနာပါနအားထုတ်တဲ့

သူကို ဝင်ကပ်ပြီး အဲဒါလေခေတ်ကို သူတို့ရဲ့တန်ခိုးဖြင့် ချုပ်ကြတယ်၊ ဒီလိုလေခေတ်ချုပ်သွားတာကိုဘဲ တချို့က ဖိုလ်ဝင်စားတယ်လို့ ပြောနေကြသေးတယ်၊ ဒီတော့ဘယ်မှာဟုတ်တော့မလဲ၊ အဲဒါ မဂ်တရား ဖိုလ်တရားကို အပေါ်စားအနေနဲ့ချနေပြီ (ဝါ) အပေါ်စားဘဲ ခေါက်အောင်ချနေပြီ။

ဒီတော့ ဆုံးဖြတ်ချက်ကလေးတခု ပြောပြမယ်၊ ဝမ္မာစရိယတွေအတွက်ပါ၊ ဒီတော့ ဖိုလ်ဝင်စားနိုင်တာဟာ ဘယ်လိုပုဂ္ဂိုလ်မှ ဖိုလ်ဝင်စားနိုင်သလဲ၊ ဒီတော့ တိဟိတ်ပုဂ္ဂိုလ်ကို ဈာန်မရတဲ့ တိဟိတ်၊ ဈာန်ရတဲ့တိဟိတ်လို့ ၂-မျိုးခွဲလိုက်ပါ၊ ဒီတော့ မဂ်တရားကို တက်ရင် ဈာန်မရတဲ့ တိဟိတ်ပုဂ္ဂိုလ်ကလဲ သုက္ခဝိပဿက ယာနိကလမ်းကနေ မဂ်တရားကိုတက်မယ် ဈာန်ရတဲ့ တိဟိတ်ပုဂ္ဂိုလ်ကလဲ အဲဒါ သမထယာနိကလမ်းကနေ (ဝါ) ဈာန်လမ်းကနေ မဂ်တရားကို တက်မယ်၊ မဂ်ကိုရကြပြီ ဆိုကြပါစို့....။

မဂ်ကိုရရင် ဒီ ၂-ဦးမှာ ဘယ်ပုဂ္ဂိုလ်က ဖိုလ်ဝင်စားနိုင်မလဲ ဝိသိစိတ် ချကြည့်စမ်းပါ၊ ဈာန်ရတဲ့ပုဂ္ဂိုလ်က သမာဓိအားကောင်းတဲ့ အတွက်ကြောင့် ဖိုလ်ဝင်စားလို့ ရနိုင်ပါတယ်၊ ဈာန်မရတဲ့ပုဂ္ဂိုလ်ကျတော့ သမာဓိအားမရှိတဲ့ အတွက်ကြောင့် ဖိုလ်ဝင်စားလို့မရပါ၊ ကျောင်းအမကြီး ဝိသာခါတို့ အနာထပိဏ်သူဌေးတို့မှာ ဈာန်ဝင်စားလို့မရပါ၊ ဒါကြောင့် ဖိုလ်ဝင်စားလို့လဲမရပါ၊ ဒီတော့ ပဋ္ဌာန်အနေနဲ့ တင်လိုက်ရင်ဘဲ ၂-လမ်း ၂-သွယ် ဖြစ်နေပြီ၊ ဒီဟာကို ဝိသိလက်ရှိးကျမ်းမှာ ကြည့်ရင် သိနိုင်ပါတယ်၊ ဒီတော့ ဖိုလ်ဝင်စားဘယ်လို့ အခုခေတ်ပြောနေတာတွေဟာ ဟုတ်ပါ့မလား? သေသေချာချာ တွေးပါ။

ဒီတော့ မှတ်ချက်အနေနဲ့ ဆိုရင် ဈာနလာဘီပုဂ္ဂိုလ် မဂ်ရမှ ဖိုလ်ဝင်စားနိုင်ပါတယ်၊ ဈာနလာဘီပုဂ္ဂိုလ်မဟုတ်ဘဲ မဂ်ရရင် ဖိုလ်ဝင်စားလို့မရပါ၊ ဒါဟာ လိုရင်းဘဲ၊ ဒီတော့ အခု စတုတ္ထ တခါးမှာ လေခါတ်ချုပ်တာနဲ့ ဖိုလ်ဝင်စားနိုင်သလား၊ မဝင် စားနိုင်ပါ၊ ဖိုလ်ဝင်စားနိုင်အောင် လေခါတ် ချုပ်တာလဲ မဟုတ်ပါ၊ ပရိပါစက မီးခါတ်ကနေ ရုပ်နာမ်ပေါ်အောင်လို့ လေခါတ်ချုပ်တာပါ၊ ဒီတော့ ဆောက်ဘက်ကျတော့ ဝိတက် လေးကို ဖမ်းပြီးငြိမ်းနေတာပါ၊ အခု ပြလိုက်တာက ထွက်လေ ဝင်လေကနေပြီးဇီဝိတနဝကကလာပ်လေးဖြစ်လာပုံပါ၊ ဒီဇီဝိတ နဝကကလာပ်လေးကို တွေ့ခြင်းဟာ ဘယ်နှစ်မျိုးရှိသလဲဆို တာကို ပြပြီးရင် ဒီပုံစံကို ဥက္ကောင်းချပါမယ်၊ အခု ဇီဝိတ နဝကကလာပ်လေးကို ပြလိုက်ပါပြီ၊ ကိုင်း....ထွက်လေဝင်လေရဲ့ လေခါတ်ချုပ်ပုံ ၃-မျိုးကို ပြလိုက်ပါပြီ။

ယခု ဆရာတော်တို့ ပြနေတဲ့ အာနာပါနက သဘာဝတွေ နှိုက်ပြပြီးမှ ပြနေတာဖြစ်ခြင်းကြောင့် သဘာဝအတိုင်း စတုတ္ထ တခါးရောက်မှ လေခါတ်ကိုချုပ်တာပါ၊ (ဝါ) နံပါတ် ၃- အတိုင်း လေခါတ်ကိုချုပ်တာပါ၊ ထွက်လေ ဝင်လေကို ချုပ် လိုက်တာနဲ့ ခုနက အကျိုးတရားတွေဟာ ပေါ်ထွက်လာပြီ၊ ဒီတော့ ထွက်လေ ဝင်လေကို ချုပ်လိုက်တာနဲ့ ပရိပါစကမီး ခါတ်လေး ပေါ်လာပြီ၊ ဒီတော့ အရင် တလပိုင်းတုံးက မီးခါတ် ၃-မျိုးကို ပြလာခဲ့တယ်။

ယခုဒီနေရာမှာ သစ်ရွက်ကတောက်တဲ့မီးရောင်၊ ရေနံဆီခွက် က တောက်တဲ့မီးရောင်၊ ဖယောင်းတိုင်က တောက်တဲ့မီးရောင်၊ လျှပ်စစ်က တောက်တဲ့ မီးရောင်ဆိုပြီး မီးရောင်ကို ၄-မျိုးပြလာ

ဘယ်၊ ဒီတော့ရေနံဆီခွက်က တောက်တာကို ရွှေဒင်္ဂါးရေနံဆီက တောက်တဲ့ မီးရောင်မျိုးကျတော့ တီဟိတ်အညံ့စားထဲ ထည့်လို့ရဘယ်၊ ကုလားမခေါင်းရေနံဆီကတောက်တဲ့ အရောင်မျိုးကျတော့ ဒွိဟိတ်မျိုးပါ၊ ဒီတော့ထွက်လေ ဝင်လေကိုချုပ်လိုက်တာနဲ့ ဒီပဋိပါစကမီးခွက်အရောင် ၄-မျိုးမှာ တမျိုးမျိုးကို တွေ့လာတော့မယ် ဒီမီးရောင်အနေနဲ့ သာထင်သော်လဲ ပရိပါစကမီးခွက်ဟာ မပေါက်သေးပါ၊ ဘယ်ကျမှပေါက်မလဲ-ဒါတဲ့ ရှိတော့တယ်။

ဒီတော့ ထွက်လေ ဝင်လေကို ချုပ်လိုက်တဲ့အခါမှာ ပရိပါစကမီးခွက်ဟာ အရောင် ၄-မျိုးမှာ တမျိုးမျိုးနဲ့ တွေ့တာနဲ့ ဒီပုဂ္ဂိုလ်ဟာ တိဟိတ်ဘဲ ဒွိဟိတ်ဘဲ ဆိုတာကို တခါထဲခွဲလို့ရလာပါပြီ၊ ဒီကနေတဖြေးဖြေးဆက်ယူရသေးတယ်၊ လေခွက်ကို ချုပ်ပါများလာတော့တိဟိတ်ပုဂ္ဂိုလ်အမှန်ဖြစ်ရင် ပရိပါစကမီးခွက်က ကျောက်နဂါး အမြီးပိုင်းကြီး အမှန်ထွက်ရမယ်၊ အသိတိခွက်နှုန်းနဲ့လှည့်ရင်ကောသိခွက် ၃၀-လို့ ခေါ်တယ်၊ ဒီမီးခွက်ကနေမဂ်ကိုရမယ်၊ သာသနာပြုပုဂ္ဂိုလ် ဖြစ်မယ်ဆိုရင် အဲဒါမီးခွက်ကြီးကနေ''ဒိန်း ကနဲ ဒိုင်း ကနဲ'' ပေါက်ပြီးတော့ ကြယ်တံခွန်ကြီး ထွက်လာသလို ထွက်လာတော့မယ်၊ အနည်းဆုံး (၇) ရက်၊ အကြာဆုံး (၁၅)ရက်ထိအောင် ထွက်လာပါတယ်။

ဒီမီးခွက်ပေါက်ရင်ဘဲ ငှက်ပျောညွန့်အရောင်အဆင်းကဲ့သို့ ကြယ်တံခွန်ဟာပေါ်လာတယ်၊ဒီတော့မှ ''တိုင်းခွင်ဇမ္ဗူ၊မြကျွန်းသူတို့၊ ပူဆာသမျှ၊ စေစေရအောင်၊ ငါကြုံဆောင်မည်၊ ကရုဏာဆီ၊ ဉာဏ်ဂမ္ဘီဖြင့်၊ ဥဒည်မင်္ဂလမ်း၊ တက်စုံမြန်းသို့၊ ဆုံးခန်းတိုင်ရောက်၊ စွယ်စုံပေါက်သည့်၊ မုန်သောက်စာရီ၊ နယ်ကုန်

လျှောက်သည့် ငါမထေရ်”ဖြစ်သွားပြီ၊ ဒီကျအောင်ကြိုးစားရမယ်၊ ဒီကျအောင်မပေါက်သေးလဲ ရုပ်နာမ်ကူးလို့ ရပါတယ်၊ ရုပ်နာမ်ကူးတဲ့အခါမှာ ဓာတ် ၈-ပါးကို ဌာန် ၄-ချက်နဲ့ဝေဘန်ပြီး အနတ္တဓာတ်ကိုဖေါ်ထုတ်ပြီး ကူးရင်လဲ ဥဒယဗ္ဗယဉာဏ်ကို တက်နိုင်ပါတယ်။

ယခု ဒီမီးဓာတ်အဆုံးဖြစ်တဲ့ ကျောက်နဂါး မီးဓာတ်ကြီးသိအောင် အားထုတ်နိုင်ရင် လောကီလောကုတ္တရာမှာကို တန်ခိုးကြီးလာပါတော့တယ်၊ ဒီကျမှရုပ်နာမ်ကူးရင်ပိုပြီးတော့ကောင်းပါတယ်၊ ဒါကတကဏ္ဍပါ၊ နောက်တခါ ရုပ်နာမ်ကူးပုံကျတော့ ဇီဝိတနဝကကလာပ်လေးဟာ လက္ခဏာ ၄-ပါး, ပညတ် ၄-ပါး အနေနဲ့ချက်တိုင်မှာ ပေါ်နေတာဟာ ဘယ်သူ့ကြောင့်ပေါ်နေတာလဲ၊ ဒါကိုရှာမှ ရုပ်နာမ်ကူးလို့ရမယ်။

နောက်တုံးက နာကြားလာတဲ့ သူတွေအတွက် ပြောလိုတာက အရင်က မြူတွေနဲ့ခွဲလိုက်တော့ ဓာတ် ၈-ပါးကျန်နေတယ်၊ ဒီ ဓာတ် ၈-ပါးကနေ နာမရူပပရိစ္ဆေဒဉာဏ်ကို ကူးတယ်၊ အခုဇီဝိတနဝက ကလာပ်မှာရှိတဲ့ ရုပ် ၈-ပါးကနေပြီး ဥဒယဗ္ဗယဉာဏ်ကို ကူးတယ်၊ ဒီတော့ ဘယ်လိုသဘာဝတွေ ကွာခြားသလဲလို့၊ အရင်က ရုပ် ၈-ပါးနဲ့ အခု ရုပ် ၈-ပါးနဲ့ဟာ ဘယ်လိုကွာခြားသလဲ၊ (ဝါ) ဘယ်လိုထူးသလဲ၊ ထူးလို့သာလျှင် ယခု ဥဒယဗ္ဗယဉာဏ်ထိအောင် တက်နေတာပါ၊ ဒါကို စဉ်းစားရမယ်။

နောက်တခါ ဒီ ရုပ် ၈-ပါး အပေါင်းအစုဟာ ဘယ်သူ့ကြောင့် ပေါင်းတာလဲ၊ အဘိဓမ္မာက “ဧကုပ္ပါဒ, ဧကနိရောဓ,

ဧကောလမှာ ကေဝတ္ထုက” လို့ ပြလာကြပါတယ်၊ ဒီတော့ ရုပ် ၇-ပါးကို ဘယ်သူက ပေါင်းခိုင်းသလဲ၊ ဒါကို ရှာရမယ်၊ ကိုင်း....ပဉ္စမာအကျမြို့မှာရှိတဲ့ ရုပ် ၇-ပါးနဲ့ ယခု ဇီဝိတနဝက ကလာပ်မှာရှိတဲ့ ရုပ် ၇-ပါးနဲ့ဟာ အတူတူဘဲသလား၊ဒီလိုမေးရင် ဘယ်လိုပြောမလဲ၊ ဆရာတော်ပြောပြမယ်၊ ပရမာအကျမြို့မှာ ရှိတဲ့ ဓာတ် ၇-ပါးဟာ ဥတုပြဋ္ဌာန်းတယ်၊ ယခု ထွက်လေ ဝင် လေကို ချုပ်လို့ ဇီဝိတနဝကကလာပ်လေးပေါ်လာတဲ့ ဓာတ် ၇-ပါးကျတော့ ကံပြဋ္ဌာန်းတယ်၊ ဒါကြောင့် ပညတ် ၄-ပါး အနေနဲ့ ပြောလို့ရတာပါ၊ ပရမာအကျမြို့ကနေ ထွက်တဲ့ ဓာတ် ၇-ပါးကျတော့ ဌာန် ၄-ချက်နဲ့ ပြောလို့ရတယ်၊ ယခု ဒီနေရာမှာရှိတဲ့ ဓာတ် ၇-ပါးကျတော့ ပညတ် ၄-ပါးအနေနဲ့ သာ ပြောလို့ရတယ်၊ သူ့မှာ လက္ခဏာအနေနဲ့ ပြလို့မရတော့ ပါ၊ ပညတ်ရုပ် ၄-ပါးအနေနဲ့သာ ရှိတော့တယ်၊ ဒါကြောင့် အခေါ်ချင်းတူပေမဲ့ သဘာဝတွေက ကွာခြားသွားပြီ။

ချက်တိုင်မှာရှိတဲ့ ဓာတ် ၇-ပါးကျတော့ပညတ် ၄-ပါးအနေ နဲ့ဖမ်းတာပါ၊ ဒါဟာ သီတ, ဥဏှမီးဓာတ်အနေနဲ့ ဖမ်းထား တာပါ၊ ဒီပညတ်ရုပ်ထဲမှာ သန္တတိနဲ့သမူဟပညတ်သာပြဋ္ဌာန်း နေတယ် နာမနဲ့သဏ္ဌာန်ပညတ်ကျတော့ မပြဋ္ဌာန်းပါ၊ မကောင်း တဲ့အနေနဲ့သာရှိနေပါတယ်၊ ရှင်းပြီဘဲမဟုတ်လား၊ ထွက်လေ ဝင်လေတို့ခတ်လိုက်တာနဲ့ သီတ,ဥဏှဖြစ်ပြီး ဒီကနေပြီးဓာတ် ၄-ပါးဖြစ်လာတာကို ပရိပါစကမီးဓာတ်ဆိုပြီးမှတ်တမ်းတင်လာ တာပါ၊ရုပ်နာမ်ကူးတော့မယ်ဆိုတော့ပညတ် ၄-ပါးဘာ့ကြောင့် ပေါ်သလဲ၊ ထွက်လေ ဝင်လေ ခတ်တဲ့အခါ ဘာ့ကြောင့်ဇီဝိတ ပေါ်ရသလဲ၊ဒါကိုရှာရမယ်၊အောက်ကသဘာဝတွေကိုပြန်ပြော

ပြဦးမယ်၊ဇီဝိတနဝကကလာပ်ဟာ ရုပ်ဘဲမဟုတ်လား၊ ဒီရုပ်ဟာ ဘယ်သူ့ကြောင့်ပေါ်တာလဲ၊ သူ့မှာဘယ်အရိပ်ရှိသလဲ၊ သူ့ကို စစ်မှ ရုပ်နာမ်ကူးလို့ရမယ်။

ကိုင်း....ချက်ဘိုင်မှာရှိတဲ့ ခေတ်ဂ·ပါးဟာ ဘယ်သူကဖွဲ့ထားတာလဲ၊ ဒါကိုရှာပါ၊ဆရာတော်ပြောပြမယ်၊ ဒီနေရာမှာဖဿနဲ့ ဝေဒနာကိုသာကိုင်ပေတော့၊ ဒီကနေ ခန္ဓာလေးတွေ ထွက်ရတော့မယ်၊ ပညတ်ရိပ် ၄·ပါးကနေ ခန္ဓာပေါ်ရမယ်၊ ဒါက ဥဒယဗ္ဗယဉာဏ်ပါ၊ ဒီတော့ ဖဿနဲ့ဝေဒနာကိုသာကိုင်ပြီးသူ့ဘို ရဲ့သဘာဝကိုသာကြည့်ပါ၊ အခုဒီနေရာက ရုပ်နာမ်ဟာ သဘာဝ အဘိုင်း ထွက်လာတဲ့ ရုပ်နာမ်မျိုးပါ၊ ယခုပြလာတဲ့ သဘာဝ တွေဟာ ကိုယ်ဘိုင်အားထုတ်လာတဲ့အခါမှာ ထင်ရှားလာပါ တယ်၊ ဒါကြောင့် အထူးကြိုးစားကြပါ။

ကိုင်း....သာဓု ခေါ်ကြပါတော့။

သာဓု....သာဓု....သာဓု။

ပုံစံနံပါတ် (၂၆)



## တော်သလင်းလဆုတ် (၇) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၂၆)

ဥဒယဗ္ဗယကြီးကျတော့ ဝိသုဒ္ဓိမဂ်ကြီးကဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်၊ ပညာမြင်ဥဒယဗ္ဗယဉာဏ်၊ နောက်ခဏပစ္စုပ္ပန်၊ သန္တတိပစ္စုပ္ပန်ဆိုပြီး ၂-မျိုးခွဲပြလာပါတယ်၊ ဒီဥဒယဗ္ဗယဉာဏ်ကိုဝိသုဒ္ဓိ ၇-ပါးထဲကိုသွင်းရင် မဂ္ဂါ-မဂ္ဂဉာဏဒဿနဝိသုဒ္ဓိထဲကို သွင်းရပါတယ်၊ ဒီတော့ဝိပဿနာမှာ ဏာလ ၃-ပါး ရပ်နာမ်ကနေပြီး တက်လိုက်တာနဲ့ ဝိညာဏ်မြင်ဥဒယဗ္ဗယဉာဏ် ခဏပစ္စုပ္ပန်ကို တက်ရပါတယ်၊ နောက်ပညာမြင် ဥဒယဗ္ဗယ ဉာဏ်ကျတော့ သန္တတိပစ္စုပ္ပန်ကိုကိုင်ပြီး အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ကံ၊ ဝေဒနာ-ဆိုပြီး အကြောင်းတရားတွေကို ထပ်ပြီးသိမ်းဆည်းလာတယ်။

ဒီတော့ ဝိသုဒ္ဓိတက်စဉ်ကြီး အတိုင်း အားထုတ်လာရင် ဝိညာဏ်မြင်-ဥဒယဗ္ဗယနှင့် ပညာမြင်-ဥဒယဗ္ဗယကို ရောက်ပြီး အားထုတ်တဲ့သူတွေမှာ ရောပြီး ရှုပ်ထွေးလာတော့တယ်၊ ဒီတော့ ဖြစ်ပျက်တွေဟာ ရှုတ်ပွေပြီးတော့ ဥဒယဗ္ဗယ ဝဲကြီးထဲမှာဘဲ ကျနေတော့တယ်၊ အနုမဟာသတိပဋ္ဌာန်ကြီးကျတော့ ဒီလိုမခွဲတော့ဘဲ တကြောင်းထဲတက်သွားတော့မယ်၊ ဒီတော့ ဝိညာဏ်ဝဲထဲက လွတ်ချင်တဲ့၊ ထွက်ချင်တဲ့သူတွေဟာ ဒီသတိပဋ္ဌာန်နည်းကိုဘဲကိုင်ရပါတယ်။

ဒီ-ဥဒယဗ္ဗယဉာဏ်ကြီးက နေပြီးတော့ ဣရိယာပထ လိုင်စင်ကိုကိုင်လာပါတယ်၊ ဘာ့ကြောင့်ထပ်ဖွင့်ရသလဲ၊ အာနာပါနကခန္ဓာပေါ်တဲ့အခါမှာ ဒွိဟိတ်ခန္ဓာသာ ပေါ်ရပါတယ်၊

တိဟိတ်ခန္ဓာမပေါ်နိုင်သေးပါ၊ ဒါ့ကြောင့်ဝိညာဏ်မြင် ဥဒယဗ္ဗယဝဲထဲမှာဘဲ ကျနေပါတယ်၊ ဒီတော့ တိဟိတ်ခန္ဓာ ပေါ်လို့ရအောင် ဣရိယာပထလုပ်ငန်းစဉ်ကို ဖေါ်ပြီးတော့ တိဟိတ်ခန္ဓာပေါ်ရပါတယ်၊ ဒီတော့မှ ပညာမြင်-ဥဒယဗ္ဗယကြီးကို ရောက်သွားတယ်။

ဒီတော့ ရုပ်နာမ်တရားဇာတ်သိမ်းရင် ခန္ဓာ ၅-ပါးထွက်လာတယ်၊ ခန္ဓာ၅ပါးဇာတ်သိမ်းရင်ပဋိစ္စသမုပ္ပါဒ်ကြီးထွက်လာတယ်၊ ပဋိစ္စသမုပ္ပါဒ်ကြီးဇာတ်သိမ်းရင် မဂ်တရား ဖိုလ်တရား ထွက်လာတယ်၊ ဒီလိုတက်စဉ်ကြီးအတိုင်း တက်သွားပါမယ်၊ ယခုသာသနာတော်ကြီးမှာ ဒီထိအောင်မပြနိုင်ကြသေးပါ၊ အခုမဟာသတိပဋ္ဌာန်ကြီးက ဒီသဘာဝတွေထွက်လာပါတယ်၊ နောက်အနတ္တလက္ခဏာသုတ်မှာ"အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ" ဆိုပြီးပြလာတဲ့အတိုင်း.... အဲဒါ "အတီတာနာဂတပစ္စုပ္ပန္နံ" ဒီကနေ ခန္ဓာတချက်ထွက်လာတယ်၊ ဘာခန္ဓာထွက်လာသလဲ၊ အဟိတ်ခန္ဓာ (ဝါ) အပါယ် ၄-ပါး ခန္ဓာကြီးထွက်လာတယ်။

နောက်"အဇ္ဈတ္တံ ဝါ (လ) ယံ ဒူရေသန္တိကေ ဝါ" ဒီနိမိတ်ဂ-ချက်က ဒွိဟိတ်ခန္ဓာထွက်လာတယ်၊အခုဒီအာနာပါနက နောက်ဆုံးလေခါတ်ချုပ်တဲ့ကာလကနေ အနတ္တလက္ခဏာသုတ်ကို တင်ရင် အဘွင်းအပြင်စတဲ့ နိမိတ် ဂချက်ကိုတင်ရပါတယ်၊ ဒီလိုကိုသဘာဝဉာဏ်တွေ ကြေကျက်လာရမယ်၊ ဒါမှ သာသနာပြုနိုင်လာမယ်၊ ဒီတော့ ဝိညာဏ်မြင်-ဥဒယဗ္ဗယနဲ့ ပညာမြင်-ဥဒယဗ္ဗယဉာဏ်ကို သဘာဝခွဲပြတာပါ၊ ဒီတော့ သတိပဋ္ဌာန်ကြီးကို

တနှစ်လေးလကနဲ့ မစေဘန်နိုင်သေးပါ၊ ၃-နှစ်ပြည့်လာရင်ဘဲ သဘာဝဉာဏ်တွေ မြင့်ပြီးတော့ လက်မောင်း တန်းနိုင်လာပြီဆို တာကို ဓမ္မစရိယတွေအတွက်ပြောလိုက်တာပါ။

ဒီတော့ မဂ်မင်္ဂခင်မှာ ခန္ဓာထွေအစုံထွက်ရမယ်၊ ခန္ဓာတွေ စုံပြီးမှ မဂ်ကိုဝင်ရပါတယ်လို့ မှတ်ထားပါ၊ ကိုင်း....မနေ့က ဇီဝိတနဝကကလာပ်ကို အသေးစိတ်ပြခဲ့ပြီ၊ ဒီဇီဝိတနဝက က လာပ်ဟာ ရုပ်၉ ပါးရှိတယ်၊ ဒီရုပ် ၈-ပါး (ဝါ) ၉-ပါးနဲ့နာမ ရုပပရိစ္ဆေဒဉာဏ်တုံးက ပရမာအကျူမြူမှာရှိတဲ့ ရုပ် ၈-ပါးနဲ့ ဟာ ဘယ်လိုကွာခြားသလဲလို့ မေးလာတာမှာ ပရမာအကျူမြူမှာ ရှိတဲ့ရုပ် ၈-ပါးက ဥတုပြဌာန်းတယ်၊ အခုဇီဝိတမှာရှိတဲ့ ရုပ် ၈-ပါး, ၉-ပါးက ကံပြဌာန်းနေတယ်၊ ဒီတော့ ဥတုပြဌာန်းတာ ကျတော့ ဌာန် ၄-ပါးခုံရုံးကို တင်ရတယ်၊ ကံပြဌာန်းတာကျ တော့ ဥဒယဗ္ဗယဉာဏ်ကိုတင်ရတယ်။

ဥဒယဗ္ဗယဉာဏ်ဟာ ကံကိုချေတာပါ၊ ဝိညာဏ်မြင်-ဥဒယဗ္ဗ ယဉာဏ်ခဏပစ္စုပ္ပန်က ဥပတ္ထမ္ဘကကံကိုချေတာ၊ ပညာမြင် ဥဒယဗ္ဗယဉာဏ်သန္တတိပစ္စုပ္ပန်က ဇနကကံကိုချေတာပါ၊ဒီတော့ ဒီ-ရုပ် ၉ ပါးကို မနေ့က ဝိပဿနာ ဥဒယဗ္ဗယဉာဏ်ကို တင်လာ တယ်၊ ဒီတော့ ''ပဿမ္ဘယံ ကာယသင်္ခါရံ'' ဆိုတဲ့လုပ်ငန်းစဉ် ဟာ ဥဒယဗ္ဗယခုံရုံးကိုတင်ရပါတယ်၊ ဥဒယဗ္ဗယဉာဏ်ကိုတင်ရင် ဘာကိုတင်မလဲ၊ ရုပ် ၉-ပါးကိုတင်ရတော့မယ်၊ ဘယ်လိုဘင်မလဲ ဒီတော့ ရုပ်၉-ပါးဟာ ဘယ်ကဖြစ်လာသလဲဆိုတာကို လိုက် စစ်ရတော့မယ်၊ ဘာ့ကြောင့်လဲဆိုတော့ ဥဒယဗ္ဗယဉာဏ်ကြီးက အကြောင်းကို သိမ်းဘာပါ။

ဒီတော့ ရုပ် ၉-ပါးဟာ ဘယ်ကဖြစ်လာတာလဲလို့ မေးလာတာသည်ပင် ဇနကဏ်ကို ရှာတာပါ၊ ဒီတော့ ဘုရားရှင်က လောကကြီးမှာ ဖြစ်ပျက် ၂-ပါးသာလျှင် ရှိတယ်လို့ ဟောလာပါတယ်၊ ဒါဟာသတ္တဝါတွေရဲ့ ရေသောက်မြစ်ကို ပြတာပါ၊ ဒါကိုဘဲ အန္ဓတွေက အာနာပါနအားသုတ်ပြီး ခန္ဓာကိုယ်ကြီးကို ဖြစ်ပျက်ရှုနေကြသေးတယ်၊ဒါဟာ သညာဝိညာဏ် ဖြစ် ပျက်ဘဲ မဟုတ်လား၊ ဒီတော့ ရေသောက်မြစ်ကိုတွေ့သလား မတွေ့ပါ။

ဒီတော့ ဇနကဏ်ရိပ် ရေသောက်မြစ်ကိုတွေ့မှ ပညာမြင် ဖြစ်ပျက် (ဝါ) ဇကဲ့ဖြစ်ပျက်ကို တွေ့မယ်၊ ဒီတော့ ရုပ် ၉-ပါးဟာ ဘယ်သဘာဝကနေစပြီးဖြစ်လာတာလဲ၊ မခန္ဓာကဖဿနဲ့ ဝေဒနာကို ပြောပြခဲ့တယ်၊ ဒါဖြင့်ရင် ဖဿဟာ ဘယ်ကစဖြစ်လာတာလဲ၊ ဒီလိုမေးရင် ဘယ်လိုပြောမလဲ၊ နောက်က ပြလာတဲ့ တလသင်တန်း ရုပ်နာမ်ပိုင်းကိုကြေရင် အခု ဒီနေရာမှာမြင်လာမယ်၊ ဒီတော့ ရုပ် ၉-ပါးဟာ ဖဿရိပ်၊ ဝေဒနာရိပ်ကနေ ဖြစ်လာတယ်ဆိုရင် ဒီဝေဒနာနဲ့ဖဿဟာ ဘာဝေဒနာလဲ၊ ဘာဖဿလဲ ပြောစမ်းပါ။

ဒီတော့ ထန်းလျက်ကိုစားတဲ့အခါမှာ ချိုတယ်လို့ပြောတဲ့ ပလောင် သီလရှင်လေးတွေရဲ့ ဝေဒနာမျိုးလား၊ ဒီလိုသိတဲ့ ဝေဒနာမျိုးဟာ ခွေးသိ ဝက်သိ ရစ်သိ ရှာသိ ဝေဒနာမျိုးပါ၊ ဒါဟာ သညာဝိညာဏ်ဝေဒနာပါ၊ ဒီတော့ ပစ္စယပရိဂ္ဂဟာဉာဏ်တုံးက ဖဿ၊ ဝေဒနာ၊ စေတနာ၊ ကံဆိုပြီး ရေသောက်မြစ် ၄-ချက် ထုတ်ပြလာခဲ့တယ်၊ အဲဒီ ပစ္စယပရိဂ္ဂဟာဉာဏ်က ထုတ်ပြခဲ့တဲ့ ဖဿ၊ ဝေဒနာနဲ့ ယခုထုတ်လာတဲ့ ဖဿ၊ ဝေဒနာတို့ဟာ အတူတူဘဲလား၊ဘယ်လိုကွာခြားနေသလဲ၊ ဒါကိုပြောပြစမ်းပါ။

ဒီတော့ ဖဿကနေ စေတသိက် ၅၂-လုံးတွေဖြစ်လာတာပါ၊ ဝေဒနာကနေ စိတ်တခုယုတ်ကိုးဆယ် ဖြစ်လာတာပါ၊ နောက် ဖဿနဲ့ဝေဒနာက ရုပ် ၂၈-ပါးတွေ ဖြစ်လာတာပါ၊ ဒီလိုကို ပစ္စယပရိဂ္ဂဟဉာဏ်မှာ ပြလာခဲ့တယ်၊ ဒီတော့ အဲဒီက ဖဿ, ဝေဒနာနဲ့ ယခု အာနာပါန တွေ့ရတဲ့အခါးက ပြလာတဲ့ ဖဿ, ဝေဒနာနဲ့ဟာ တူသလား၊ ဘယ်က ဖဿနဲ့ ဝေဒနာလဲလို့ မေးရင် ဘယ်လိုပြောမလဲ၊ ယခု ထုတ်လိုက်တဲ့ ဖဿနဲ့ဝေဒနာ ဟာ ပဋိစ္စသမုပ္ပါဒ်ထဲက ဖဿနဲ့ ဝေဒနာပါ၊ ဒီတော့ ပဋိစ္စ သမုပ္ပါဒ်မှာ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဒါတဲ့ရှိတယ်။

ဒါကို ခွဲလိုက်မှ ဝိညာဏ်ဆိုတာက အဝိဇ္ဇာကို ကောက်ပါ တယ်၊ ဒါမှ နာမ်ရုပ်ကို ဖြစ်စေနိုင်တာပါ၊ နာမ်ရုပ်ကျတော့ သင်္ခါရကို ကောက်ပါတယ်၊ သဠာယတနကျတော့ ၆-ပါးသော အကြည်ဓာတ်ကို ကောက်ပါတယ်၊ ၆-ပါးသောအကြည်ဓာတ် ဆိုတာ ပစ္စုပ္ပန်အကျိုးတရားကို ဖွားချနိုင်ပါတယ်၊ ဒီ ၃-ပါးကို ဖဿနဲ့ဝေဒနာက အသွားအပြန်လုပ်ပေးနေတယ်၊ ဒီလိုအသွား အပြန် လုပ်ပေးလိုက်မှ ပဋိစ္စသမုပ္ပါဒ်ကြီးဟာ လည်လာတာပါ။

ဒီသဘာဝတွေကို အနတ္တလက္ခဏာသုတ်မှာ ခန္ဓာဖွဲ့ပြီးနောက် ကြိမ်းမောင်းပြီး တက်လာတာဘဲ မဟုတ်လား၊ ဒီတော့ လာမည့် နှစ်မှာ မေ့စကြာ တလ, အနတ္တလက္ခဏာသုတ် တလ, သတိပဋ္ဌာန် တလဆိုပြီး ၃-လ ပြလိုက်ရင် အဲဒါ ဉာဏ်ဟုန်ပြင်းလာတော့ မယ်၊ ဒီဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဒီ ၅-ပါးကို မြင်အောင်ရှုနိုင်လာရင် ပဋိစ္စသမုပ္ပါဒ်ကို မြင်လာတော့ တာဘဲ၊ ဒီ ၅-ပါးတောင်မှ များနေသေးရင် ဖဿနဲ့ ဝေဒနာ ကိုသာ မြင်အောင်ရှုနိုင်ရင် ပဋိစ္စသမုပ္ပါဒ်ကို မြင်တာဘဲ။

အခုဖဿဟာ ပဋိစ္စသမုပ္ပါဒ်ထဲကဖဿပါ၊ ဒီဖဿဟာ ဘယ်လိုဖဿလဲ၊ ၂၀ပါးဆိုတဲ့ဖဿမျိုးမဟုတ်ပါ၊ အတိတ်ကပစ်ချလိုက်တဲ့ ဇနကကံရိပ်လေးဟာဖဿပါ၊ ဒီတော့ဖဿကို ပဋိစ္စသမုပ္ပါဒ်ထဲထည့်လိုက်ရင် အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဉပါဒါန်, ဘဝ- ဒီ ၅ပါးဟာ အတိတ်အကြောင်းစက်ပါ၊ ဒီ ၅ပါးကို ဖဿက တခုထဲနဲ့ သိမ်းလိုက်တာပါ ဘာ့ကြောင့်လဲ၊ ဖဿဆိုတာ ဝေဒနာကို ဖြစ်စေနိုင်တဲ့ အကြောင်းတရားတွေပေါင်းဆိုတာပါ၊ ဒါကိုဖဿလို့ခေါ်တာပါ။

ဒီတော့ ဝေဒနာကို ဖြစ်စေနိုင်တဲ့ အကြောင်းတရားဟာ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဉပါဒါန်, ဘဝ ဒီ ၅-ပါးပါ၊ ဒါကို ဖဿလို့ခေါ်တာပါ၊ ဒီတော့ ဇီဝိတနဝကကလာပ်ဟာ ဘယ်သူ့ကြောင့်ဖြစ်လာတာလဲ၊ ဖဿကြောင့်ဖြစ်လာတာ၊ ဒါဟာ စေတနာ့ကံတနေဖြစ်လာတာပါ၊ဒါဟာလဲ အတိတ်အကြောင်းစက် ၅ပါးကနေဖြစ်လာတာပါ၊ ဒီလိုယူလာတယ်၊ ဖဿကိုတိုက်ရိုက်ကောက်ရင် ၂၉ပါးသောကံတရားကို ကောက်ရပါတယ်၊ နောက်ဝေဒနာကရော ဖဿရိပ်ရှိလာရင်ဘဲ,(ဝါ) ၂၉ ပါးသောကံတရားကနေထွက်လာတဲ့ ဖဿရိပ်ရှိလာရင်ဘဲ ပစ္စုပ္ပန်မှာကို ဇီဝိတနဝကကလာပ်လေး ပေါ်လာရမယ်၊ ဒါဟာဝေဒနာပါ၊ ဒီဝေဒနာက ခံစားတဲ့ဝေဒနာမဟုတ်ပါ၊ အကြောင်းရှိလို့ပေါ်ရတဲ့သဘောဝေဒနာပါ။

လူကောင်, နတ်ကောင်, ဗြဟ္မာကောင်တွေ ပေါ်လာတာလဲ ဝေဒနာဘဲ၊ ဒါဟာ "ဝေဒယတီတိ ဝေဒနာ" လို့ဆိုတဲ့အတိုင်း အကြောင်းသဘောရှိလို့ အကျိုးသဘောလေးအနေနဲ့ ခံစားနေတာပါ၊ ဒါကို သညာ ဝိညာဏ်သဘော လွတ်အောင်ဆိုရင်

ပေါ်နေတဲ့သဘောလေးဟာ ဝေဒနာဘဲ၊ ဓဝေဒနာဆိုတာဇီဝိတ နဝကကလာပ်ပါ၊ ဒီလိုမှတ်လိုက်ပါ ဒီတော့ ဖြစ်ပျက်ဆိုတာက အကြောင်းတရား ၅-ပါးကဖြစ်တဲ့ဖဿက ဖြစ်သဘော ပေါ်နေတဲ့ဇီဝိတလေးက ပျက်သဘော, ဒါကပညာမြင် ဖြစ်ပျက်ပါ၊ တအာရုံနဲ့ တအာရုံပြောင်းတာသဲ ဘကယ် ဖြစ် ပျက်မဟုတ်ပါ၊ တကယ် ဖြစ် ပျက်ဆိုတာက အကြောင်းစစ် အကျိုးစစ်ကို မြင်တာပါ။

ဒီတော့ ၂၄-ပါးသောက်တွေကြောင့် ဝေဒနာဟာ ဖြစ်လာတယ်၊ ဒီတော့ ဇီဝိတနဝကကလာပ်ဟာ ဘယ်တုံးကစပြီး ဖြစ်လာသလဲ၊ ပဋိသန္ဓေကစ၍ ကံရိပ်နဲ့တဲ့ပြီး ဖြစ်လာပါတယ်၊ ဒီတော့ ဒီကနေ ရုပ်နာမ်ကူးမယ်ဆိုတော့ ဇီဝိတနဝကကလာပ်မှာ ဘယ်ဟာကရုပ်လဲ, ဘယ်ဟာကနာမ်လဲ, ဒါကိုရှာချင်တော့ ဇီဝိတနဝကကလာပ်ဟာ ဘယ်ကဖြစ်လာသလဲဆိုတော့ ဖဿနဲ့ ဝေဒနာက ဖြစ်လာတာပါ၊ ဒီဖဿနဲ့ ဝေဒနာကနေ ရှေ့ကို လိုက်ရှာလိုက်တဲ့အခါမှာ ဥဒယဗ္ဗယမှာ ခန္ဓာလေးတွေလာတွေ့မယ်၊ ဒီတော့ဖဿက အတိတ်, ဝေဒနာက ပစ္စုပ္ပန် ဒီတော့ ဟိုဘဝနဲ့ ဒီဘဝခြားနေသေးတယ်၊ ဒီတော့ ယခုလိုပြောလာတာဟာ ယုံနိုင်စရာမရှိပါ၊ ယုံနိုင်စရာဖြစ်လာအောင် သဘာဝ တုတ်ပြမယ်။

ဒီတော့ဆက်စပ်တဲ့သန္တတိဟာ ၃-မျိုးရှိတယ်၊ (၁) အကြောင်းနဲ့ အကျိုး ဆက်စပ်ခြင်း သန္တတိ၊ (၂) အတိတ် အနာဂတ် ပစ္စုပ္ပန်ဆိုတဲ့ ကာလသုံးပါးအားဖြင့် ဆက်စပ်တဲ့ သန္တတိ၊ ဒီမှာ ရုပ်နာမ်တရားတို့ဟာ ပါသွားပြီ။ (၃) အစဉ်အားဖြင့်ရင် ဆက်စပ်တဲ့သန္တတိဆိုပြီး သန္တတိ ၃-မျိုးရှိပါတယ်၊ အကြောင်းနဲ့

အကျိုး ဆက်စပ်ခြင်း သန္တတိဆိုတာ ပစ္စယပရိဂ္ဂဟဉာဏ်မှာ ထုတ်လာတဲ့ သဘာဝဓမ္မတွေဟာ အကြောင်းနဲ့ အကျိုး ဆက်စပ်တဲ့ သန္တတိပါ၊ "ဥပမာ" ငရုပ်စေ့ကြောင့် ငရုပ်ပင်ဖြစ်တဲ့ သဘောပါ၊ ဘုရားရှင်ပဋိစ္စသမုပ္ပါဒ်မှာဟောတာလဲ ဒီသန္တတိပါ။

ပဋ္ဌာန်းကျမ်းကြီးကို ဟောတာကျတော့ အစဉ်အားဖြင့်ရင် ဆက်စပ်နေတဲ့ သန္တတိပါ၊ အခု ဒီနေရာမှာ ဖဿနဲ့ဝေဒနာ ဆက်စပ်နေတာဟာ အကြောင်းနဲ့ အကျိုးဆက်စပ်နေတဲ့ သန္တတိ မဟုတ်ပါ၊ မဟုတ်သော်လည်း ပစ္စယပရိဂ္ဂဟဉာဏ်တုန်းက ဆက်စပ်တဲ့ သန္တတိကို ဆက်ပြီးပြောသွားတာလဲ ရှိပါတယ်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ ၃-ပါးအားဖြင့် ဆက်စပ်နေတဲ့ သန္တတိကျတော့ ရုပ်, ရုပ်ချင်းဆက်၊ နာမ်, နာမ်ချင်းဆက်၊ ရုပ်နဲ့နာမ် ဆက်တာမျိုးပါ၊ အတိတ်ကာလကရုပ်, ရုပ်ချင်း ဆက်တာမျိုးပါ၊ အနာဂတ်ကာလက နာမ်, နာမ်ချင်း ဆက်တာပါ၊ ပစ္စုပ္ပန်ကာလကျတော့ ရုပ်နဲ့နာမ်ဆက်တာပါ။

အခုဒီနေရာမှာ ဖဿနဲ့ဝေဒနာ ဆက်စပ်နေတာဟာ နံပါတ် (၁) နံပါတ် (၂) အနေနဲ့ ဆက်နေတဲ့သန္တတိမျိုး မဟုတ်ပါ၊ ဒီထိအောင် ချဲ့လာရမယ်၊ ဒါမှ သဘာဝတွေ ပေါ်လာမယ်၊ အခု ဒီနေရာမှာ ဖဿနဲ့ဝေဒနာဟာ အစဉ်အားဖြင့် ဆက်စပ်နေတဲ့ သန္တတိမျိုးပါ ဒီတော့ ဘယ်လောက် သိမ်မွေ့လာပြီလဲ ဒီသဘာဝတွေကို မှတ်သားပါ၊ ရှေ့သမ္ပဇည အပိုင်းကျရင် သဘာဝတွေပေါ်လာမယ်၊ ရှေ့သို့ဘက်သော်ရင်း, နောက်သို့ ဆုတ်သော်ရင်းဆိုပြီး မျက်တောင်ခတ်လိုက်တာနဲ့ ရုပ်နာမ်တွေ ပေါ်လာတော့မယ်၊ အဲဒါ အာနာပါနကို တနာရီထိုင်တာနဲ့ အတူတူဘဲဖြစ်လာတော့မယ်။

ဒီသန္တတိတွေကို နားလည်ထားပါ၊ အခုဖသာနဲ့ ဝေဒနာ ဆက်စပ်နေတာဟာ အစဉ်အားဖြင့် ဆက်စပ်နေတာပါ၊ ဘယ်လို ဆက်စပ်သလဲ ဒါကို ကြည့်ရမယ်၊ ဥပမာ....အဘိဓမ္မာသင်ဘဲ့ ပုဂ္ဂိုလ်တွေက ဂိထိစိတ်ချတာပါ၊ ဒါနဲ့ နားလည်သေးပါ၊ နားလည်အောင် ပြောပြမယ်၊ ဆက်စပ်ဘယ်ဆိုတာ သန္တတိ ပညတ်ပါ၊ ဒါဟာ အစဉ်အားဖြင့် ဆက်စပ်နေတာပါ၊ ဥပမာ ... အနီရှိဘယ်ဆိုရင်ဘဲ အပြာ, အမဲ, အဖြူတို့က ထောက်ခံနေဘဲ့ အနေနဲ့ ပါနေတယ်၊ ဒါဟာ အစဉ်အားဖြင့် ဆက်စပ်တဲ့သဘော ပါ၊ ဒါဟာ ကံဆက်စပ်မှုဖြစ်လို့ သိမ်မွေ့ပါတယ်။

ဥတုအာဟာရတို့ ဆက်စပ်တာက ကာလခေးကွာပါတယ်၊ စိတ်ဆက်ကျတော့လဲ နီးပါတယ်၊ ကံဆက်ကျတော့ပိုပြီး နီးပါ တယ်၊ ဥပမာ....အဖြူဆိုရင်ဘဲ အမဲကပါနေပြီ၊ အတိုရှိရင်အရှည် ကလဲ့ပါနေပြီ၊ ဒါဟာဘာခုကို တခုဆက်ပြီး ပြောနေတာပါ၊ ဒါကကံသန္တတိဆက်စပ်ပုံပါ၊ စိတ်ဆက်စပ်ပုံကတော့ ပဋ္ဌာန်းဝါဒ ဝဇ္ဇနိး, သမ္ပဋိစ္ဆိုင်းဆိုတဲ့ အမည်လေးတွေအနေနဲ့ ထွက်နေ သေးတယ်။

အခုကံသန္တတိကျတော့ အဖြူလို့ဆဲလိုက်ဘာနဲ့ အမဲဟာလဲ အမြဲပါနေပြီဘဲမဟုတ်သား၊ ဒီဟာကို အနတ္တလက္ခဏာသုတ်မှာ "အတွင်းအပြင်,အယုတ်အမြတ်, အကြမ်းအနု,အဝေးအနီး" လို့ ပြလာတာပါ၊ ဒီတော့ အနွတ္တမှာ ကုသိုလ်ဘဲ, အကုသိုလ်ဘဲလို့ စွဲနေတာသည်ပင် ကုသိုလ်ကိုစွဲရင် အကုသိုလ်ကလဲ ပါနေပြီ၊ ကုသိုလ်ကိုလဲမစွဲရော အကုသိုလ်ကပေါ်လာတော့မယ်၊ ဒါကို ဒိဋ္ဌိစွဲလို့ခေါ်တာပါ၊ ဘုရား,ရဟန္တာတွေကျတော့ ကုသိုလ်ကိုလဲ မစွဲတော့ဘူး၊ အကုသိုလ်ကိုလဲမစွဲတော့ဘူး၊ ဒီလိုအစွဲမရှိလို့ ဘဝ

ဇာတ်သိမ်းတာပါ၊ ဒီတော့ ဒီအစွဲတွေကိုဘဲ ယနေ့တရားနာနေကြတဲ့ ပုဂ္ဂိုလ်တွေသိကြပါ။

ကိုင်း....ဖဿနဲ့ ဝေဒနာဟာ အစဉ်သဘောသန္တတိ အနေနဲ့ ဆက်စပ်နေတယ်၊ အဲဒါအမြဲရှိလို့ အမဲ့ရှိနေတဲ့ သဘောပါ၊ ဒါဟာ သညာဝိညာဏ်ကင်းသွားမှ ဟုတ်မှာဘဲ မဟုတ်လား၊ ဒီတော့ ကုသိုလ်တကယ်အကျိုးပေးရင် အကုသိုလ်ဟာ မပါမှ ဟုတ်မယ်၊ အခုတော့ ၂၉ ပါးသောဏ်တွေဟာ ဘယ်မှာအားကိုးစရာရှိသလဲ၊ ဒီတော့ ဥဒယဗ္ဗယရဲ့ ဟိုဘက်ကျသွားရင် ကုသိုလ်အကျိုးပေးသော်လဲ အကုသိုလ်ဟာမပါတော့ပါ၊ ဒီလိုမပါဘာကို ဘုရားရှင်က သောတာပန် ဖြစ်သွားပြီလို့ ပြောတာပါ။

သောတာပန် ဖြစ်သွားရင်ဘဲ ကာမဂုဏ်တရားကို ခံစားသော်လဲ အဆိပ်မသင့်တော့ပါ၊ ဒါ့ကြောင့် "တိဏ္ဏံ-သုံးပါးကုန်သော။ သံယောဇနာနံ-သံယောဇဉ်တို့ကို။ ပဟာနာယ-ပယ်ခြင်းကြောင့်။ ပရိက္ခယာယ ကုန်ခြင်းကြောင့်။ နိယတော ဘုရားမြဲပြီ, တရားမြဲပြီ, သံဃာမြဲပြီ။ အဝိနိပါတဓမ္မော-၂၉-ပါးသောဏ်တရားတို့က ဖရိုဖရဲနဲ့ဆွဲချင်ရာကိုဆွဲမချနိုင်သည်။ သမ္ဗောဓိပရာယနော-ဘယ်လိုပင် ကာမဂုဏ်တရားတွေနဲ့တွေ့သော်လဲ အထက်မဂ်အထက်ဖိုလ်သို့သာ ဥက္ကောင်းဆိုက်သည်" လို့ပြလာပါတယ်။

ဒီတော့ အဖြူဆိုရင် အမဲမပါအောင်အားထုတ်ရမယ်၊ ဒီလိုဖြစ်အောင်အားထုတ်နိုင်မှ တန်ဘိုးရှိမယ်၊ ဒီတော့ယခုဆက်နေတဲ့ သဘာဝလေးကို မြင်အောင်လို့ဆက်ပြဘာပါ၊ အခုဝိညာဏ်ဝဲကြီးထဲကို ရောက်နေတယ်ဆိုတာမသိကြသေးပါ၊ ဒီဲကထွက်နိုင်အောင်လို့ ယခုပြနေတာပါ၊ ဒီဆက်စပ်နေတဲ့ ဏ်သန္တတိ

လေးကိုပြတ်အောင် ဘယ်လိုဖြတ်မလဲ၊ ဒါကိုအာနာပါနကြီးနဲ့ ရှာရတော့မယ်။

ဒီတော့ ထွက်တဲ့လေရဲ့အစဖြစ်သဘောနဲ့ ထွက်တဲ့လေရဲ့ အဆုံးပျက်သဘောမှာ ဆက်စပ်နေတယ်၊ ထွက်လေအစရှိရင် ထွက်လေအဆုံးဟာသဲရှိသာမှာဘဲမဟုတ်သား၊ ဒါဟာထွက်လေ အစထဲမှာကို အဆုံးလေးဟာရှိနေတယ်၊ ဒါက ကံဆက်ပါ၊(၀ါ) ကံသန္တတိလို့ခေါ်တယ်၊ စိတ်ဆက်ဆိုတာက ဝိထိစိတ်တွေချတဲ့ အခါမှာ "ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော" အစရှိ သဖြင့် ဆက်ပေးနေတဲ့သဘောပါ၊ အာဟာရဆက်ကျတော့ ထိုသဘောရှိရင် ဤသဘောရှိတယ်ဆိုတဲ့ အနေနဲ့ဆက်နေတာ ပါ၊ ဥတုဆက်ကျတော့ ရေပ်စေ့ကြောင့် ရေပ်ပင်ဖြစ်တယ် ဆိုတဲ့အနေနဲ့ ဆက်နေတာပါ။

ကိုင်း....ဒီတော့ ဖဿနဲ့ဝေဒနာဆက်နေတဲ့ ကံသန္တတိဆက် ကိုဖြတ်ရတော့မယ်၊ ကာလ ၃ ပါး ဖြတ်သလိုဖြတ်လို့ မရပါ၊ ဘာ့ကြောင့်လဲ၊ ကံဆက်ဖြစ်နေလို့ပါ၊ အနုစတုတ္ထတံခါးကနေ ကျောက်နဂါးအမြီးခေတ်ကြီးလဲပေါက်သာခရာဒီကနေ ရုပ်နာမ် ကူးဆိုရင် အခုဆက်နေတဲ့ ကံဆက်ကို ဖြတ်ရမယ်၊ ဖြတ်လိုက် ဘော့နာမက္ခန္ဓာ ၄ ပါးထွက်သာမယ်၊ ဒီလိုထွက်လာမှ သတ် ဆေးထုဘ်ပြီးသတ်ရမယ်၊ ကိုင်း....ဖြစ်ပျက်ကိုမြင်အောင် အခုခွဲ ပြလိုက်ပါပြီ၊ ဖြစ်ပျက်ကိုမြင်ရင် အလုပ်ဟာဇာတ်သိမ်းတာဘဲ၊ ဒီတော့ ဖြစ်သဘောအစစ်ဟာဘယ်ဟာလဲ၊ ပျက်သဘောအစစ် ဟာဘယ်ဟာလဲ၊ ဆိုဘာကို ကြံစည်တွေးတောဆင်ခြင်ပါ။

ကိုင်း....သာဓု ခေါ်ကြပါတော့။

သာဓု....သာဓု....သာဓု။

တော်သလင်းလဆုတ် ( ၉ )ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၂၆)

စတုတ္ထတခါးဟာ ဖြစ်ပျက်ကို ရှာတဲ့ဂဏ္ဍပါ၊ ဒီတော့ ဖြစ်ပျက်ဆိုတဲ့သဘောကို လိုက်ရှာပါအုံး၊ ၃၁-ဘုံကြီးမှာ ဖြစ်သဘောကို အရင်ရှာပါအုံး၊ ဖြစ်သဘောကိုတွေ့မှ ပျက်သဘောလေး လာကပ်ပါ၊ ဒါမှ ရမယ်၊ ဒီတော့ ဟိုနေ့က ခဏပစ္စုပ္ပန်၊ သန္တတိပစ္စုပ္ပန်ဆိုပြီး ဟောခဲ့ပြီ၊ ခဏပစ္စုပ္ပန်ဆိုတာက ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်ကြီးကိုသိမ်းပါတယ်၊ ယခု အာနာပါနကြီးက ဒီ ခဏပစ္စုပ္ပန်ကို ဦးစားပေးပြီး သိမ်းပါတယ်။

သန္တတိ ပစ္စုပ္ပန်ဆိုတာက ခဏပစ္စုပ္ပန်ရဲ့ ရေသောက်မြစ်ကို သိမ်းတာပါ၊ ဒါကို အာနာပါနက မသိမ်းပါ၊ ရှေ့ကိုဣရိယာပထလုပ်ငန်းစဉ်နဲ့ တက်သွားပါတယ်၊ ဒီတော့ နောက်က နာလာခဲ့တဲ့ ဝိပဿနာစသည့် တရားတွေနဲ့ ဖြစ်သဘော ပျက်သဘောကို ရှာကြည့်ပါ၊ နောက် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ ရှာကြည့်ပါ၊ ဒါမှသဘာဝတွေ ပေါ်လာမယ်။

"ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ"လို့ ပြလာတဲ့အတိုင်း ထွက်လေ ဝင်လေကို ချုပ်လိုက်တဲ့အခါမှာ နောက်ဆုံး ချက်တိုင်မှာဘဲ ထွက်လေ ဝင်လေကလဲ ချုပ်လိုက်ရော ထွက်လေအစချက်တိုင်၊ ထွက်လေအဆုံးချက်တိုင် ဒါဟာ ဥဏှမီးခေတ်လို့ ခေါ်တယ်၊ ဒီတော့ ထွက်လေအစ ဖြစ်၊ ထွက်လေအဆုံး ပျက်လို့ဆိုပြီး ရှုလာရမယ်၊ အာနာပါနကို အားထုတ်တဲ့ ထိုယောဂီဟာ နောက်ဆုံး ဖြစ်ပျက်သာလျှင် ရှိပါသလားဆိုတာကို မြင်လာမယ်။

ပညတ်အားဖြင့်ဆိုလျှင် သန္တတိပညတ်သာ ရှိတော့တယ်၊ ဒီ သန္တတိပညတ်လေးဟာ ထွက်လေ ဝင်လေ ချုပ်သွားရော ထွက်လေ ဝင်လေမှာ နာမပညတ်၊ သဏ္ဌာနပညတ်၊ သမူဟ ပညတ်လို့ မပြောနိုင်တော့ဘဲ သန္တတိပညတ်ရိပ်ကို ဖြစ်ပျက်လို့ ပြောနေတာပါ။ ဖြစ်တဲ့လေရဲ့အစနဲ့ ဖြစ်တဲ့လေရဲ့အဆုံးကို သန္တတိပညတ်လို့ခေါ်တယ်၊ ဒီတော့ ဒါကို ဖြစ်ပျက်လို့ရှုနေတယ်၊ ဒါဟာ ပညတ် ဖြစ်ပျက်ပါ၊ ဒီ ပညတ် ဖြစ်ပျက်ကနေ ပရမတ် ဖြစ်ပျက်ကို တွေ့အောင်ရှာရမယ်၊ ဒီကနေမှ ရုပ်နာမ်ကို ရှာရမယ်၊ ဒီလိုရှာလိုက်မှရမယ်။

ဒီတော့ ဖြစ်ပျက်ကို ရှုနေတာဟာ သန္တတိပညတ်ကို ရှုနေတာပါ၊ ဒီ သန္တတိပညတ်ဟာ ထွက်လေအစနဲ့ ထွက်လေအဆုံး ဆက်နေတဲ့ သဘောပါ၊ ဒီတော့ ဒီပညတ် ဖြစ်ပျက်ကနေ လွတ်ပြီး ပရမတ် ဖြစ်ပျက်ကို ရောက်အောင် အခု အာနာပါန ကနေ ဘယ်လိုရှုမလဲ ? "ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ" လို့ ပြလာတဲ့အတိုင်း ဒီတော့ အခုတွေ့နေသေးတာက ပညတ် ဖြစ်ပျက်ပါ၊ ဒါကို ဖြစ်ပျက်လို့ ရှုနေလို့ ဟုတ်မလား၊ တချို့က ဥပါဒ်စွန်း ဘင်စွန်းကို ဖြစ် ပျက်လို့ ရှုပါလို့ ပြောနေကြတယ်၊ ဒါက အဘိဓမ္မာကနေ ဟောတာပါ၊ဒါကိုလဲ ရှုလို့မရပါ၊ စိတ်တချက်ဖြစ်လာရင်ဘဲ ဘယ်လောက် သိမ်မွေ့ သလဲ၊ ဒါကို သညာဝိညာဏ်နဲ့ ရှုလို့မရပါ၊ ဒါဟာ သဘာဝရဲ့ အရာပါ။

အာနာပါနကနေ ဖြစ်ပျက်ကိုရှုနေတာက ပညတ်ဖြစ်ပျက် ပါ၊ ဒါဖြင့်ပရမတ်ဖြစ်ပျက် (ဝါ) သဘာဝဖြစ်ပျက်ကို တွေ့ အောင်ဘယ်လိုရှာမလဲ၊ ဒါကိုအဆိုလေးနဲ့ရှာပါ၊ ဒီနေရာမှာ

ဥဒယဗ္ဗယဉာဏ်ကိုဝင်တော့ ခဏပစ္စုပ္ပန်၊ ဒါက ပစ္စုပ္ပန်ကံကို သတ်တာပါ၊ အတိတ်ကံကိုသတ်တာက သန္တတိပစ္စုပ္ပန်လို့ခေါ်တယ်၊ ဒီကံတွေကိုသတ်တာပါ၊ ဒီကံတွေသေသွားမှ သေခါနီး မုဉ္စာကာလမှာ ကံတွေက လာမဆဲ့နိုင်တော့ပါ၊ ဒါ့ကြောင့် ဘုရားရှင်က ကမ္မနိပါတ ဘေးကြီးဟာ အလွန်ကြောက်ဖို့ ကောင်းတယ်လို့ ဟောကြားတော်မူတာပါ။

ဥဒယဗ္ဗယဉာဏ်က ကံရေသောက်မြစ်ကိုဖြတ်တာပါ၊ မဂ်ဆိုတာက အပေါ်ရံကံလောက်သာသတ်တာပါ၊ ဒါ့ကြောင့်ဘုရားရှင်က ဒိဋ္ဌိစွဲကို ဖြုတ်ပါလို့ ဟောကြားတော်မူတာပါ၊ ပြောပြမယ်၊ သန္တတိပညတ်ရိပ်ကို ဖြတ်ပစ်တော့မယ်၊ သန္တတိပညတ်ဆိုတာဟာ ထွက်လေအစချက်တိုင်၊ ထွက်လေအဆုံးချက်တိုင် ဒါလေးဆက်စပ်နေတာပါ၊ ဒါကိုဖြတ်လိုက်တာနဲ့ ကမ္ဘာတသိန်းကပြုလာခဲ့တဲ့ အကုသိုလ်ကံတွေဟာ မလာနိုင်တော့ပါ၊ အခုတကာကြီး "ဦးစွန်" မှာဆက်စပ်နေတဲ့ ဟာလေးရှိနေလို့ အတိတ်ကံတွေက လာနိုင်တာပါ၊ ဒီတော့ မဆက်နိုင်အောင် ဖြတ်ပစ်ရမယ်၊ ကံကိုဖြတ်တယ်ဆိုတာ အသိဉာဏ်ဘချက်ပိုင်ရင် ပြီးတာဘဲ။

ဒီတော့ သန္တတိပညတ် ဆက်နေတာလေးကို ဖြတ်လိုက်တာနဲ့ ကံတွေဟာ မလာနိုင်တော့ပါ၊ ဒီတော့ ဘယ်လိုဖြတ်မလဲ၊ ဒီတော့ အခုအာနာပါနကနေ ဖြစ်ပျက်ကိုရှုနေပြီ၊ ဒီဖြစ်ပျက်ဟာ တကယ့်ဖြစ်ပျက်အစစ်မဟုတ်ပါ၊ အတိတ်ကပြုလာခဲ့တဲ့ အကုသိုလ်ကံတွေနဲ့ ကုသိုလ်ကံတွေကို လက်ရပ်ခေါ်နေတဲ့ဖြစ်ပျက်ပါ၊ ကိုင်း....ဒီဖြစ်ပျက်ကိုဖြတ်ရတော့မယ်၊ အဆိုလေးနဲ့ ဖြတ်ပြစမ်းပါ၊ ကိုင်း....ဆရာတော်ဖြတ်ပြမယ်။

"ဖြစ်ပုံ" ထွက်တဲ့လေအစချက်တိုင်ဟူသောသဘောတရား၌ ထွက်တဲ့လေအဆုံးဟူသော သဘောတရားသည် အစဉ်ကိန်းလျက် ရှိသောကြောင့် ထိုထွက်လေအစ သန္တတိ ပညတ်ရိပ်သည် ဖြစ်သဘောဟူသော သညာကန္ဓာထွက်ပေါ်လာ သောကြောင့် "ဖြစ်"အစစ်မည်၏၊ ထွက်တဲ့လေအဆုံး ဟူသော ချက်တိုင်၌ ထွက်တဲ့လေအစ ဟူသောသဘောတရားသည် အစဉ် ကိန်းလျက်ရှိသောကြောင့် ထိုထွက်တဲ့လေအဆုံးဟူသောသန္တတိ ပညတ်ရိပ်သည် ပျက်သဘောဟူသော ဝေဒနာက္ခန္ဓာထွက်ပေါ် လာသောကြောင့် "ပျက်"အစစ်မည်၏။

မှတ်ချက်။　ဝင်လေကိုလည်း ဤအတိုင်းသိမ်းပါ၊

ဒီတော့ အခုဆက်နေတာဟာ ရထားတွဲများ ဆက်နေသလို သံပွင့်လေးတွေ ဆက်နေသလို ဆက်နေတာ မဟုတ်ပါ၊ တခုစီ တခုစီတွဲပြီး ဆက်နေတာ မဟုတ်ပါ၊ တခုသော သဘောတရား တဲမှာ တခုသော သဘောတရားက ကိန်းပါလာတာပါ၊ ဒီတော့ ဥဒယဗ္ဗယဉာဏ်က အနုသယလေးတွေပါ ပေါ်ထုတ်လာပြီ၊ မဂ်ဆိုဘာက အဆင်သင့် ဖြတ်လိုက်တာပါ၊ အခု ဥဒယဗ္ဗယ ဉာဏ်က အားလုံးကိစ္စတွေ လုပ်ပေးတာပါ။

ဒီတော့ထေရီထေရာကျမ်းကြီးတွေမှာလဲ ဒီဥဒယဗ္ဗယကြီးက အနုသယလေးတွေကို မြင်လာရင်ဘဲ ဘုရားရှိစဉ်အခါက နိမ္မိတ ရုပ်ပွါးတော်တွေလွှတ်ပြီး အထူးသဖြင့်စောင့်ရှောက်၍ တရား ပေးဆုံးမလာတော့တယ်၊ ဒီအနုသယလေးတွေဟာ သတ္တဝါတွေ မှာ အစဉ်ကိန်းအောင်းနေတဲ့ အတွက် အင်မတန်မှ ဆိုးလှပါ ပါတယ်၊ ဒါကိုရှေးဆရာမြတ်တွေက...

"အနုသယ ဆိုးလှရောဂါ၊
ငှက်ဖျားသည်များ ကြိုးစားလေ့ပါ။
ကိလေသာလုံး ပျက်ပြုန်းဘို့ရာ၊
ဖျားဖြတ်ဆေး....တိုက်ကျွေးမဂ္ဂင်သာ။

လို့ဆိုးခဲ့လာကြပါတယ်။

ကိုင်း....အဘယ်အနေနဲ့ ဆက်ခနေသလဲ၊ ကိန်းနေတဲ့သဘော လေးမဟုတ်လား၊ ဒီကိန်းနေတဲ့သဘောလေးကိုလဲ မြင်လိုက်ရော သညာက္ခန္ဓာကိုသာတွေ့ခဲ့တာဘဲ၊ ဒီတော့မှ "ဖြစ်" လို့ပြော နေတာဟာ ဒီသညာက္ခန္ဓာလေးဘဲ မဟုတ်လား၊ ဒီတော့မှ သညာက္ခန္ဓာလေးကို ဆွဲထုတ်လာပါ၊ ဒီတော့ အနုသယလေးကို မြင်လိုက်ဘာနဲ့ တခါထဲပယ်ပြီးဖြစ်နေပြီ၊ အနုသယကိုမမြင်ကြ လို့သာ သံသရာကြီးထဲမှာလှည့်နေကြတာပါ၊ အခု အနုသယ လေးကိုမြင်ပြီ။

အခု ဆက်နေတာဟာ --ဥပမာ....အဖွဲ့လို့ ပြောတာဟာ အမဲ လေးက အစဉ်လိုက်နေတယ်၊ အဖွဲ့ထဲမှာကို အမဲလေးကကိန်းပါ လာတယ်၊ ဒါဟာ အနုသယလေးဘဲ မဟုတ်လား၊ ဒီအနေနဲ့ ရှိနေတယ်၊ အခု ဘာကိန်းနေသလဲ၊ သညာက္ခန္ဓာလေး ကိန်းနေ တယ်၊ သူ့မှာ ဘယ်ရေသောက်မြစ်ရှိသလဲ၊ အတိတ်အကြောင်း စက်ဖြစ်တဲ့ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝဆိုတဲ့ ရေ သောက်မြစ်တွေ ရှိနေတယ်၊ ဒါကို သိမ်းသာမှ ပညာမြင် ဥဒယဗ္ဗယဉာဏ်ပါ။

ဒီတော့ သိမ်းတာက ပရမတ်သဘောပါ၊ အသိမ်းခံရတာက ပညတ်သဘောပါ၊ ဒီတော့ ပညတ်သဘော (၀၁)သန္တတိပညတ်

ရုပ်သဘောပြတ်ပြီးတော့၊ပရမတ်သဘော သညာက္ခန္ဓာလေး လာတွေ့ပြီ၊ ဒီတော့ သင်္ခတလောကကြီးမှာ ဖြစ်သဘောဟာ သညာက္ခန္ဓာပါ၊ ဒီသညာက္ခန္ဓာရဲ့ရှေ့ဆောက်မြစ်ဟာ "အဝိဇ္ဇာ၊ သင်္ခါရ၊တဏှာ၊ ဥပါဒါန်၊ဘဝ"ပါ၊ ဒါမှဖြစ်သဘောအစစ်ပါ၊ ဒါကိုမှ ပညာမြင် ဥဒယဗ္ဗယကနေ တဖြေးဖြေးသတ်ပြီး မဂ်သွဲ ကျရော မဖြစ်သဘောဖြစ်ပြီ မဂ် ဖိုလ်ဆိုပြီးတော့ရသွားပြီ အာနာပါနကြီးဟာ ဒီနေရာမှာတဲ ပြီးပါတယ်၊ ဟိုဘက်ကိုရှုလို့မရ ဘောပါ။

ဒီတော့ အာနာပါနကို လဆန်း ၁-ရက်နေ့ကစပြီးညဘက်ကို နာရီဝက်လောက်သာ တရားဟောပြီး အာနာပါနကို ၁-နာရီ လောက်ထိုင်ရမယ်၊ နံနက်ကိုလဲ ၂-နာရီထိုင်ရပါမယ်၊ ဒီတော့ အာနာပါနကို လုပ်ငန်းစဉ်အနေနဲ့ ပေးအပ်ပါအုံးမယ်၊ဒီတော့ သန္တတိပညတ်ရုပ်ကို ထပ်ပြောပြပါအုံးမယ်၊ ဆက်နေဘာကို အနုသယအနေနဲ့ ဆက်နေဘာလို့ မထင်ကြပါ၊ တခုစီဘခုစီ ဆက်နေတယ်လို့ထင်နေကြတယ်၊ အခုဆက်နေတာဟာ အဖြူရှိ တယ် ဆိုဘာနဲ့ အမဲကကိန်းပါနေပြီ၊ ဒါဟာအနုသယအနေနဲ့ ကိန်းနေတာပါ။

ဒီတော့ အခု ဥဒယဗ္ဗယဝကလဲ တက်မှယ်ကြံရော အဖြူရှိ သလား? အဖြူမရှိပါ၊ အမဲရှိသလား? မရှိပါ၊ ဒီလိုမရှိရင် ဆက်နိုင်သေးသလား? မဆက်နိုင်တော့ပါ၊ ဒီတော့ ပြောနေ တာက သဿတဒိဋ္ဌိနဲ့ဥစ္ဆေဒဒိဋ္ဌိက ပြောနေတာပါ ဒီ၂ကောင် ကိုလဲသိမ်းလိုက်ရော သင်္ခတလောကကြီးဟာ အနတ္တဓာတ်အနေ နဲ့ ထင်လာတော့တယ်၊ ဒီတော့မှ တကာကြီး "ဦးစွန်" ဟာ ရုပ် မရှိ၊နာမ်မရှိ၊ ကုသိုလ်လဲမရှိ၊ အကုသိုလ်လဲမရှိဘူးလို့ ပညတ် နယ်ကြီးကို ပုန်ကန်နိုင်သောပြီ၊ ဒါ့ကြောင့်....

"ကြောင်းကျိုးမပေါ်၊ ရုပ်နာမ်မရှိ၊ ဖြစ်ပျက်မပါ၊ အနိစ္စာနှင့်၊ သစ္စာလွတ်ကင်း၊ ဉာဏ်မှာရှင်းသည်၊ ဝိမုတ္တိခေါ်၊ ရသာမော်သည်၊နိဗ္ဗာန်ပျော်မည့်တရားတည်း"လို့ ရေးသားကြပါတယ်၊ ဒီထိအောင်ပညာမြင် ဉဒယဗ္ဗယကြီးက ခါချလိုက်ပြီ၊ ပညာမြင် ဉဒယဗ္ဗယကြီးကို တက်လာရင်ဘဲ ရုပ်ရှိတယ်, နာမ်ရှိတယ်, အကြောင်းရှိတယ်, အကျိုးရှိတယ်၊ ကုသိုလ်ရှိတယ်, အကုသိုလ်ရှိတယ်ဆိုတဲ့စကားကို မပြောတော့ပါ၊ ဘာ့ကြောင့်လဲ၊ သူ့မှာ တခုသောသဘာဝမှာကို တခုသောသဘာဝလေးကိန်းနေတာကို တွေ့သွားပြီ၊ (ဝါ) တွေ့နေပြီ၊ ဒီတော့ သခ်တလောကကြီးမှာကို သညာဝိညာဏ် အုပ်ချုပ်နေတဲ့ သဘောမှ လွတ်သွားပြီ၊ သူ့မှာ အနတ္တခေတ်အနေနဲ့သာ ယူထားတော့တယ်၊ အဲဒါ ဖြစ်ပေါ်လာသမျှတွေမှာ ပစ္စုပ္ပန် အနေနဲ့သာ လုပ်ကိုင်သွားတော့တယ်။

ဒီတော့ အနုသယကိလေသာကို မင်္ဂကပယ်တယ်ဆိုတာဟာ အနုဝိညာဏ်မြင် ဉဒယဗ္ဗယကဘဲ အနုသယကို မြင်နေပြီ၊ မဂ်က အဆင်သင့် မဂ်ဓါးနဲ့သတ်တာဘဲရှိပါတယ်၊ ဒီတော့ ဉဒယဗ္ဗယဉာဏ်ကြီးကို ဘုရားရှင်က အထူးသဖြင့် ချီးမွမ်းတော်မူပါတယ်၊ ဒီတော့ ဉဒယဗ္ဗယဉာဏ်ကိုမြင်လိုက်တာနဲ့ ကုသိုလ်ရောအကုသိုလ်ပါ အနှစ်အသားအနေနဲ့ မဆွဲတော့ဘဲ ဘယ်အနေနဲ့ ယူသွားသလဲဆိုတော့ ယောနိသော မနသိကာရ, အယောနိသော မနသိကာရဆိုတဲ့အတိုင်း ယူသွားမယ်၊ အဲဒါ သခ်ါရုပေက္ခာဉာဏ်ကြီးရောက်အောင် ဆင်ခြင်သွားတော့မယ်၊ အဲဒါ ကုသိုလ်, အကုသိုလ်လို့ မစွဲတော့ဘဲ ဖြစ်ပေါ်လာတဲ့ သဘောတရားအတိုင်း ခံစားပြီး မဂ်ထိအောင် တက်သွားတော့တယ်။

ဥပမာ....ဘုရားရှင်ဒေသစာရီ ကြွတော်မူတဲ့အခါမှာ တခုသော တောနက်သို့ ရောက်တော်မူတဲ့အခါ.... လမ်း ၂-လမ်း ရှိနေတယ်၊ ဒီတော့ နောက်လိုက် ရဟန်းဟာ တရားအားထုတ်လိုသော အကြံဖြစ်လာတဲ့အတွက် ဘုရားရှင်ထံ ၃-ကြိမ်တိုင်အောင် ခွင့်တောင်းတယ်၊ ဒီအခါ ဘုရားရှင်က ဆိတ်ဆိတ်နေတော်မူတယ်၊ ဒီတော့မှ နောက်လိုက် ရဟန်းဟာ ဘုရားရှင်ရဲ့ သပိတ်သင်္ကန်းတွေကို တနေရာသို့ချမယ်ပြုတဲ့အခါ ဘုရားရှင်က သပိတ်သင်္ကန်းကို တောင်းယူတယ်။

ဒီလိုနဲ့ ရဟန်းကလဲ သူ့ရဲ့ဆန္ဒအတိုင်း တောထဲသို့ သွားလို့ အတော်လေးဝေးသွားတော့ ခိုးသားတွေ ပစ္စည်းဝေနေတာနဲ့ ပက်ပင်း သွားတိုးတယ်၊ ဒီလိုသွားတိုးတော့ ခိုးသားတွေက ဒီရဟန်းဟာ စုံထောက်ဘဲလို့ထင်ပြီး လိုက်ရိုက်တော့တယ်၊ ဒီတော့ ရဟန်းဟာခေါင်းပေါက်ပြဲပြီး ပြေးလာရာ ဘုရားရှင်တို့ကိုမှီလာတယ်၊ ဒီတော့ ဘုရားရှင်က "ချစ်သား ဝဋ်ကြွေး ရှိရင် ခံရမှာ" လို့ မိန့်တော်မူတယ်၊ ဒီတော့ဘုရားရှင်ဟာ အရင်မသွားခင်ကထဲက အသိသားနဲ့ မသွားနဲ့ လို့ တားပါလား၊ အဲဒါမတားပါ၊ တားလိုက်ရင် ဘုရားရှင်ဟာ ကုသိုလ်ကို သုံးနေသေးတယ်၊ ယခုတော့ ကုသိုလ်ကိုမသုံးတော့ဘဲ အဗျာကတကိုသာ သုံးတော်မူတယ်၊ ဒီတော့ ယခုလဲ ပညာမြင် ဥဒယဗ္ဗယလဲရောက်ရော သညာဝိညာဏ်သဘာဝတွေကို အကုန်လုံးကြိတ်ချေလာပြီ၊ ဒီသဘာဝတွေကိုပါမြင်ရမယ်။

ဒီတော့ သန္တတိပညတ်ကို ချေလိုက်တော့ ဖြစ်သဘောဟာ ဘယ်သူလဲ၊ ဒီသညာက္ခန္ဓာဘဲမဟုတ်လား၊ ဒီသညာက္ခန္ဓာကို ရှုပြအုံးမယ်၊ "မိဘဆရာ၊ လက်ဦးစွာကား၊ ဒီမှာကားဆား ဒီမှာ

ငါးနှင့်၊ စပါးပြောင်းနှမ်း၊ ခေါ်ရိုးတန်းနှင့်၊ ကျမ်းကြီးသွင်သွင်၊ ဆင့်ဆင့်သင်လျက်”လို့ ဆိုတဲ့အတိုင်း ငယ်ရွယ်စဉ်အခါက မှတ်လာခဲ့တဲ့သညာအမှတ်ကလေးတွေဟာ မိမိရဲ့နှလုံးအိမ်ထဲမှာ ရှိနေတာကို သညာက္ခန္ဓာလို့ ခေါ်တာပါ၊ ဒါဟာပစ္စုပ္ပန်ကနေ ရှာတာပါ၊ ဒါဟာ အတိတ်သဘောနဲ့ရှိနေတာကို ပြန်ပြီးသုံးသပ်နေတာပါ၊ ဒါကိုသညာတဒိဋ္ဌိလို့ခေါ်တယ်၊ ဒီဟာတွေကို မသုံးသပ်ရင် ဖြစ်သဘောမရှိတော့ပါ၊ ဖြစ်သဘောမရှိရင် အနတ္တခေါ်တပ်ပါ။

ဒီသညာက္ခန္ဓာလေးကို သေအောင်သတ်တာက ပညာမြင် ဉဒယဗ္ဗယပါ၊ ဒီသညာပေါ်တာဟာ သညာက္ခန္ဓာလေးကြောင့်ဘဲ မဟုတ်လား၊ ဝိညာဏ်ကလဲ အနာဂတ် သဘောလေးကြောင့် ပေါ်တာပါ၊ ဒီသညာက္ခန္ဓာက ဘယ်ကပေါ်သလဲ ဆိုတော့ အတိတ်အကြောင်းစက်ဖြစ်တဲ့ “အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်,ဘဝ” ဒီ ၅-ချက်ကို ဖဿရိပ်လို့ခေါ်တယ် ဒီကနေပေါ်လာတာပါ၊ သညာဝိညာဏ်ဝဲထဲကနေ လွတ်အောင်လို့ယခုလို ပြနေတာပါ။

ရှေ့ကိုဘခါ်သွားပါအုံး ထွက်လေအစချက်တိုင်မှာ ပေါ်နေတာက သညာက္ခန္ဓာပါ၊ နောက်တခါထွက်လေအဆုံး ချက်တိုင်ဆိုတာက သူ့မှာလဲ ထွက်လေအစလေးဟာ ကိန်းပါနေသေးတယ်၊သူ့ကျခတော့ပျက်သဘော သင်္ခတပညတ်ရိပ်ပါ၊ဒါကဝေဒနာက္ခန္ဓာပါ၊ ဒီ ဝေဒနာက္ခန္ဓာလေးက ဘယ်က ထွက်လာတာလဲ၊ ပျက်သဘော ထွက်လေအဆုံးထဲမှာ ထွက်လေအစလေး ကိန်းပါနေတဲ့သဘောပါ၊ ဒါကို ဝေဒနာက္ခန္ဓာလို့ ပြောတာပါ၊ သူရဲ့ ရေသောက်မြစ်က ပစ္စုပ္ပန်အကျိုးစက်ဖြစ်တဲ့ ဝိညာဏ်,နာမ်ရုပ်

သင်္ခါယတန, ဖဿ, ဝေဒနာ ဒီ ၅-ပါးပါ၊ ဒါက အတိမ္မော နည်း, သုတ္တန်နည်းတွေနဲ့ ဟောတာပါ။

အမျိုးသမီးတွေအတွက်က ဝေဒနာဆိုတာ ချိတယ်လို့ပြော တဲ့ဝေဒနာမျိုးမဟုတ်ပါ၊ အရင်က ကောင်းတယ်, မကောင်း ဘူးလို့ ခံစားလိုက်တဲ့ဟာတွေဟာ နှလုံးအိမ်ထဲမှာ အပြည့် အနှက်ရှိနေလို့ တွေ့လိုက်တာနဲ့ ကောင်း, မကောင်းဆိုတာ သိလာပြီ၊ ဒါဟာ အရင်က "နိစ္စ, သုခ, သုဘ, အတ္တ" ဆိုတဲ့ သဘော ၄-လုံး သဘောအနေနဲ့ ခံစားလာတဲ့ သဘောတွေပါ၊ သူဟာ အဆုံးပါဘဲ၊ ဘယ်သတ္တဝါမဆို သညာဝိညာဏ်ဖြင့် ခံစားလိုက်တာသည်ပင် ကုသိုလ်အကုသိုလ်တရားတွေ ဘယ်တိ အောင် ပေါက်ပွားနိုင်သလဲ ဆိုဘာကို စဉ်းစားကြည့်ပါ။

ဒီတော့ ဝိညာဏ်မြင် ဥဒယဗ္ဗယကြီးကို ဖျက်လိုက်ရင် ဘာ ထွက်လာသလဲ၊ ပဋိစ္စသမုပ္ပါဒ်လည်တဲ့ ခန္ဓာတွေထွက်လာတယ်၊ ဒီတော့ အခုထွက်လေအစ သညက္ခန္ဓာနဲ့ ထွက်လေအဆုံး ဝေဒနက္ခန္ဓာ ထွက်သွားပြီ၊ ဝင်လေအစချက်တိုင်နဲ့ ဝင်လေအဆုံး ချက်တိုင်ကျတော့ ဘယ်ခန္ဓာတွေထွက်မလဲ၊ ဒီတော့ ဝင်လေ မှာကို ထွက်လေဟာ ကိန်းပါနေတဲ့ အတွက်ကြောင့် နောက် ဘဝကိုထွက်မဲ့သဘောစလေးတွေ ရှိနေသေးလို့ အဲဒါသညက္ခန္ဓာ နဲ့ဝေဒနက္ခန္ဓာလဲ ရလာရော ဝင်လေအစချက်တိုင်က အနာဂတ် အတွက်ဖြစ်တဲ့ ပစ္စုပ္ပန်အကြောင်း ၅-ပါးဖြစ်တဲ့ သင်္ခါရက္ခန္ဓာ ထွက်လာတယ်၊ ဒီလိုလဲထွက်လာရော ဝင်လေအဆုံးချက်တိုင်က အနာဂတ်အကျိုးစက် ၅ ပါးဖြစ်တဲ့ ဝိညာဏက္ခန္ဓာကြီး ထွက် လာတော့တယ်၊ ဒါဟာ ထွက်ခဲဝင်လေကနေပြီးတော့ ဖြစ် လာကြတာပါ၊ ဒါကို ဖြစ်ပျက်လို့ ပြောနေကြတာပါ၊ ဒါဟာ

ပညတ်ဖြစ်ပျက် (ဝါ) သညာဝိညာဏ်သိ ဖြစ်ပျက် (ဝါ) အာနာပါန ဖြစ်ပျက်ပါ။

ဒီတော့ ကိန်းနေတဲ့သဘောလေးတွေကို မြင်အောင်ရှုလာမှ အဖြူဆိုရင်ဘဲ အမဲလေးဟာ ကိန်းနေတဲ့ သဘောလေးတွေကို မြင်လာမယ်၊ ဒီတော့မှ အရင်ကမှတ်လာတဲ့ သဘာဝတွေဟာ ခန္ဓာအနေနဲ့ ပေါ်လာပြီ၊ ဒီတော့ ကိုယ်မှတ်ထားတဲ့ အမှတ်တွေသည်ပင် အဲဒါ သင်္ခတဓိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ သညာဝိညာဏ်ရဲ့ အစီးအပွားတွေဘဲ မဟုတ်လား၊ ဒါဟာ ပညတ်နယ်ရဲ့ အစီးအပွားတွေ ဖြစ်နေပြီဘဲမဟုတ်လား၊ ဒါကြောင့် ကြပ်ကြပ်စာ တတ်လေ အဆုံးမခက်လေဘဲ၊ အဲဒါ အသက် ၆၀-ကျော်သွားရင်ဘဲ ဆုံးမရခက်လာပြီ၊ ဒါကြောင့် မာန်စွယ်တွေကိုချိုးပြီးတော့ အာနာပါန တရားကြီးကို ခံယူပါလို့ ပြောလာတာပါ၊ ပဋိပတ်ရဲ့ အလုပ်ဟာ အင်မတန်မှ လေးနက်ပါတယ်၊ ဒါကြောင့် ပညာမြင် ဥဒယဗ္ဗယဆိုတဲ့ သဘာဝလေးဟာ အင်မတန်မှနက်နဲပါတယ်၊ (ဝါ) မြင်ခဲပါတယ်။

ယခု နှလုံးအိမ်ထဲမှာရှိနေတဲ့ သဘာဝလေးတွေကို ဆွဲထုတ်ပြီး ပြနေတာပါ၊ အာရုံနဲ့တိုက်လိုတဲ့အခါဘဲဖြစ်စေ, မတိုက်တဲ့အခါဘဲဖြစ်စေ ခန္ဓာလေးတွေအနေနဲ့ အစဉ်ရှိနေပါတယ်၊ ဒါတွေကို သညာဝိညာဏ်စွဲပြီးတော့ သင်္ခတ ဥစ္ဆေဒဒိဋ္ဌိအနေနဲ့ လှည့်နေတာပါ၊ ဒါကို နိမိတ္တသန္တတိလို့ ခေါ်တယ်၊ တခုသော သဘာဝလေးမှာ တခုသော သဘာလေးက ဆက်နေတဲ့သဘောပါ၊ ဒီနိမိတ္တသန္တတိကိုလဲ ဖြတ်လိုက်ရော ခန္ဓာလေးတွေပေါ်လာမယ်၊ ဒါကို အခု ဖြစ်ပျက်လို့ ပြောနေတာပါ၊ ဒါဟာ ကိုယ်ရဲ့

နှလုံးအိမ်ထဲမှာ အစဉ်ကိန်းနေတဲ့ ခန္ဓာလေးတွေပါ၊ ဒါကို ဥဒယဗ္ဗယခန္ဓာလို့ ပြောတာပါ၊ ဒီ ခန္ဓာတွေကို ဗဟုဏ္ဏာသတ်ရမယ်၊ ဒီခန္ဓာလေးတွေရဲ့ ရေသောက်မြစ်ဟာ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် ၄-ချက်ပါ၊ သုတ္တန်နည်းကျတော့ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ ဒီ ၄-ချက်ပါ၊ ဒီ ၄-ချက်ကို သတ်လိုက်မှ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကို တက်သွားပြီ၊ နောက်ဖြန့်ကျမှ ပြောတော့မယ်။

ကိုင်း....သာဓု ခေါ်ကြပါတော့

သာဓု....သာဓု....သာဓု

---

တော်သလင်းလဆုတ် (၁၀) ရက် နေ့ဟောစဉ်

# ပုစ္ဆာပါတ် (၂၆)

ကိုင်း....မနေ့ကပေါ် လာတဲ့ခန္ဓာလေးတွေဟာ သညာက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ-ဒီခန္ဓာလေးတွေရဲ့ ဖရဲသောက်မြစ်တို့ဟာ ဘယ်သူတွေလဲ၊ သညက္ခန္ဓာရဲ့ရေသောက်မြစ်ဟာ အတိတ်အကြောင်းစက် "အဝိဇ္ဇာ,သင်္ခါရ, တဏှာ, ဥပါဒါန်,ဘဝ"ဒီ ၅-ချက်ပါ၊ နောက်ဝေဒနာက္ခန္ဓာကျတော့ ပစ္စုပ္ပန် အကျိုးစက်ဖြစ်တဲ့ "ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ"ဒီ ၅-ချက်ပါ၊သင်္ခါရက္ခန္ဓာကျတော့ပစ္စုပ္ပန်အကြောင်းစက်ဖြစ်တဲ့"တဏှာ,ဥပါဒါန်,ဘဝ,အဝိဇ္ဇာ,သင်္ခါရ"ဒီ၅-ချက်ပါ၊ နောက် ဝိညာဏက္ခန္ဓာကျတော့ အနာဂတ် အကျိုးစက်ဖြစ်တဲ့ "ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ" ဒီ-၅ ချက်ပါ၊ ဒါခန္ဓာတွေရဲ့ရေသောက်မြစ်ပါ။

ဒီခန္ဓာလေးတွေဟာ ပဋိစ္စသမုပ္ပါဒ်ထဲဝင်နိုင်တဲ့ ခန္ဓာလေးတွေပါ၊ ဒီခန္ဓာကနေပြီး ဥဒယဗ္ဗယဉာဏ်ကို တက်မယ်၊ ဒီကနေ ပဋိစ္စသမုပ္ပါဒ်ကြီးကို တက်သွားနိုင်ပြီ၊ ဒီတော့ ဘဝယန္တရားကြီးထဲမှာ ပဋ္ဌာန်သဒ္ဒေယျတဲ့အခါ အချို့မှာ ရုပ်နာမ် ၂-ပါးအနေနဲ့ ယူသွားကြတယ်၊ အချို့မှာ ကာလ ၃-ပါး ရုပ်နာမ် အနေနဲ့ ယူသွားကြတယ်၊ အချို့မှာ ဝိညာဏ်မြင် ဥဒယဗ္ဗယအနေနဲ့ ယူသွားကြတယ်၊ အချို့မှာ ပဋိစ္စသမုပ္ပါဒ် ခန္ဓာတွေအနေနဲ့ ပဋ္ဌာန်သဒ္ဒေယျကြပါတယ်၊ ဒီလိုကို သတ္တဝါတွေမှာ ပဋ္ဌာန်သဒ္ဒေယျချင်းဟာ မတူကြပါ။

နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်ရဲ့ ရုပ်နာမ်ကနေ ပဋိသန္ဓေယူတဲ့အခါမှာ အဟိတ်ပဋိသန္ဓေပါ၊ ဒါဟာအပါယ် ၄-ဘုံသားတွေပါ၊ သူတို့မှာ ခန္ဓာမပြည့်စုံတဲ့ ရုပ်နာမ် သညာ သိအနေနဲ့သာ ယူကြပါတယ်၊ နောက်ဒွိဟိတ် ပဋိသန္ဓေကျတော့ ကာလ ၃-ပါးရုပ်နာမ်က ပဋိသန္ဓေယူကြပါတယ်၊ သူက အဆင့်အတန်းမြင့်လာပြီ နောက်တိဟိတ်ပုဂ္ဂိုလ်ကျတော့ ဉာဏငွယဉာဏ်က ပေါ်လာတဲ့ ခန္ဓာကနေ ပဋိသန္ဓေယူကြပါတယ်၊ နောက်ချွန်ရတဲ့ တိဟိတ်ပုဂ္ဂိုလ်ဖြစ်တဲ့ ရူပြဟ္မာ, အရူပပြဟ္မာကြီးတွေကျတော့ ပဋိစ္စသမုပ္ပါဒ်ခန္ဓာကနေ ပဋိသန္ဓေနေကြပါတယ်။

ဒီတော့ လူဖြစ်သော်လဲဘဲ ကိုယ်ကပါလာတဲ့ (ဝါ) ဖွဲ့လာတဲ့ ပဋိသန္ဓေကကို ညံ့ဖျင်းနေတဲ့အတွက် လူအန္တလို့ခေါ်တယ်၊ ဒီပုဂ္ဂိုလ်တွေမှာ သူတို့အနေနဲ့ စီးနှါးဥစ္စာရှာဖွေသော်လဲ သူရဲ့ သညာဝိညာဏ်ဖြင့် မရှာဖွေနိုင်ဘဲ အဲဒါသူများရဲ့ အစေအပါးအနေနဲ့သာ ရှာကြရပါတယ်၊ ဘာ့ကြောင့်လဲ၊ ဒါဟာ ရုပ်နာမ် ပဋိသန္ဓေအနေနဲ့သာ ယူနိုင်တဲ့အတွက်ကြောင့်ပါ၊ ဒီပုဂ္ဂိုလ်မှာ ဒီဘဝနဲ့ မဂ်ဖိုလ်မရနိုင်ပါ၊ သူ့မှာဝိပါကန္တရာယ်ကြီးထဲကျနေပြီ။

အခုပေါ်နေတဲ့ခန္ဓာ ၄-ကောင်ဟာ ပဋိစ္စသမုပ္ပါဒ်ထဲကိုဝင်နိုင်လာပြီ၊ လည်တော့မလည်နိုင်သေးပါ၊ ဒီတော့ ခန္ဓာရဲ့ရေသောက်မြစ်တွေဟာပဋိစ္စသမုပ္ပါဒ်စက်ရဟတ် ၄-ပါးကိုကြည့်ပါ၊ ဒါကိုဝိသုဒ္ဓိမဂ်ကြီးက အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရဆိုပြီး သုတ္တန်နည်းဖြင့် တင်ပြလာတာပါ၊ ဒါဟာပဋိစ္စသမုပ္ပါဒ်ကနေ တင်ပြတာပါ၊နောက်ဝိပဿနာမျက်စေ့နဲ့ကြည့်ရင် သညာက္ခန္ဓာ သဿတဒိဋ္ဌိ, ဝေဒနက္ခန္ဓာ ဥစ္ဆေဒဒိဋ္ဌိ, သင်္ခါရက္ခန္ဓာ အတ္တဒိဋ္ဌိ,

ဝိညာဏက္ခန္ဓာအကိုရိယဒိဋ္ဌိ ရှေ့သောက်မြစ်ရှိတယ်၊ အခုဥဒယဗ္ဗယဉာဏ် အာနာပါနနည်းနဲ့ ကြည့်ရင် ဖဿနဲ့ ဝေဒနာရိပ်ကနေ ခန္ဓာထွက်လာတယ်၊ ဖဿက ဇနက ဖဿပါ၊ ဝေဒနာက ဇီဝိတနဝကကလာပ်လေးပေါ်နေတာပါ၊ ဒီတော့ ဘယ်နည်းနဲ့ ဘဲကြည့်ကြည့် နားလည်ရမယ်၊ ဘာကိုထပ်ပြီးတော့နားလည်ရမလဲ၊ ဒါဘဲရှိတော့တယ်။

ဒီတော့ တခုထပ်မေးမယ်၊ ပုံစံမှာ ပြထားတဲ့ ခန္ဓာ ၄-ကောင်မှာ သညာက္ခန္ဓာလေးကခေါင်း, ဝေဒနာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာက ကိုယ်, ဝိညာဏက္ခန္ဓာက အမြီးလို့ခေါ်တယ်၊ ဒါဟာကျောက်နဂါးမီးခွာတ်ပါ၊ ဒီကျောက်နဂါးမီးခွာတ်လေးဟာ အခုအားထုတ်လာတဲ့ ဝိပဿနာစိတ်လေးက ပေါ်လာတာလား သို့မဟုတ် ပဋ္ဌိသန္ဓေစိတ်က ပေါ်လာလားလို့ မေးရင် ဘယ်လိုပြောမလဲ၊ ဒါဟာ အရေးကြီးပါတယ်။

ဒီတော့ ပညာမြင်-ဥဒယဗ္ဗယကြီးက ရှုတတ်တဲ့ သဘောနဲ့ ရှုအပ်တဲ့သဘောဆိုပြီး ပြောလာမယ်၊ ဒီတော့မှ ရှုအပ်တဲ့သင်္ခါရဘာရုးတွေသုဉ်းဆိတ်ပြီးရှုတတ်တဲသင်္ခါရတရားလေးသာရှိတော့တယ်၊ အရင်ကတော့ သင်္ခါရဘာရားတွေက သင်္ခါရတရားတွေကိုပြန်ရှုနေကြတာ၊ ဒါကိုရှုအပ်တဲ့တရားနဲ့ ရှုတတ်တဲ့တရားလို့ ပြောတာပါ၊ ဒါကို အခုပုံစံမှာပြထားတဲ့ခန္ဓာလေး ၄-ကောင်ဟာ ရှုတတ်တဲ့ သဘောလား, ရှုအပ်တဲ့သဘောလား၊ ဒီတော့ ဝိပါက်စိတ်က ပေါ်လာတဲ့ ခန္ဓာကရှုတတ်တဲ့ခန္ဓာပါ၊သူဟာသညာက္ခန္ဓာကစပြီးပေါ်လာတာဖြစ်ခြင်းကြောင့် ဒွိဟိတ်ခန္ဓာပါ၊ ဒါဟာ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်နဲ့ ပဋ္ဌိသန္ဓေနေတာပါ၊ ဒါဟာ ဒွိဟိတ်မျိုးပါ။

ဒီတော့ သညာကန္ဒာမှာ သဿတဒိဋ္ဌိ၊ ဝေဒနာက္ခန္ဓာမှာ ဥစ္ဆေဒဒိဋ္ဌိ၊ သင်္ခါရက္ခန္ဓာမှာ အဟေတုကဒိဋ္ဌိ၊ ဝိညာဏက္ခန္ဓာမှာ အကိရိယဒိဋ္ဌိ ရေသောက်မြစ်ရှိတယ်၊ ဒါဖြင့် သညာက္ခန္ဓာမှာ သဿတဒိဋ္ဌိ ရေသောက်မြစ်ဟာ ဘယ်အနေနဲ့ ရှိသလဲ ဒါကိုဘဲရှင်းတမ်း ထုတ်စရာရှိတော့တယ် ဒီနေရာမှာ ဝိသုဒ္ဓိမဂ်ကြီးက ဖွင့်တဲ့အခါ မှာ အကြောင်းအကျိုးနဲ့ တွဲပြီးဖွင့်လာတယ်။

အဲဒါ အကြောင်းကြောင့် အကျိုးဖြစ်တယ်၊ ဒါကသဿတ ဒိဋ္ဌိ၊ အကြောင်းကြောင့် အကျိုးကိုမဖြစ်စေနိုင်ဘူး ဆိုတာက ဥစ္ဆေဒဒိဋ္ဌိ၊ အကြောင်းနဲ့ အကျိုးကို တပေါင်းတည်း ယူရင် အဟေတုဒိဋ္ဌိ အကြောင်းလဲမရှိ အကျိုးလဲမရှိဘူး ဆိုတာကအကိ ရိယဒိဋ္ဌိ ဒီအတိုင်းပြလာပါတယ်၊ အခုအာနာပါန ကျတော့ ဒီလိုမထုတ်တော့ပါ၊ ပစ္စယပရိဂ္ဂဟဉာဏ်ထဲက အကြောင်းအကျိုး တွေကိုထားခဲ့ပြီ၊ အရေးကြီးတဲ့ရေသောက်မြစ်ကို ဖြတ်ပြီး ပဋိစ္စ သမုပ္ပါဒ်ကြီးကိုပတ်တော့မယ်။

ဒီသညာက္ခန္ဓာလေးမှာ သဿတဒိဋ္ဌိရေသောက်မြစ်ဟာ ဘယ် အနေနဲ့ ရှိသလဲ၊ ဒါဘယ်လိုဆင်ချင်မလဲ၊ ဒါဘဲလိုချင်တော့တယ်၊ ဒီရေသောက်မြစ် ၄-ချက်ကို မြင်အောင်ရှုပါ၊ နောက်ဒီခန္ဓာ ၄-ကောင်ကိုသေအောင် ဘယ်လိုသတ်မလဲ၊ နည်း ၄-ပါး၊ ဋ္ဌာန် ၄-ချက်နဲ့ သတ်လို့မရပါ၊ကာလ ၃-ပါးရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ လဲသတ်လို့မရပါ၊ "ကုန်၊ ပျက်၊ ကင်း၊ ချုပ်" နဲ့ လဲသတ်လို့မရပါ၊ ဒီခန္ဓာလေး ၄-ကောင်ကို ဘာနဲ့ သတ်မလဲ၊ ဝိပဿနာကျမ်း ကြေလာတဲ့ပုဂ္ဂိုလ်တွေက သတ်ဆေးထုတ်ပါ။

အခုဒီဥဒယဗ္ဗယဉာဏ်ကြီးကနေပြီးတော့ အနုပဿနာ (၃) ညာဏ်ကို လုပ်ငန်းစဉ်တက်တဲ့အခါမှာ ဝိပဿနာတက်စဉ်အနေ

နဲ့မတက်ဘော့ဘဲ သမ္မာဇည အပိုင်းအနေနဲ့ လုပ်ငန်းစဉ်ဖွင့်ပြီး တက်မယ်၊ ဒါဟာမဟာဗျွင် ၇ ပါးရဲ့ လုပ်ငန်းစဉ်လို့ ပြလာတဲ့ အဘိုင်း တက်သွားတော့မယ်၊ ဒီဘော့ နက်ဖြန်ခါ သမ္မာဇည ဂ္ဂရိယာပထပိုင်းကို တက်ရတော့မယ်၊ ဒီအခါကျတော့ တက်တဲ့ သဘာဝတွေကို မြင်ရမယ်၊ ဒီကနေ မဂ်ဖိုလ်အထိ တက်မယ်၊ အဲဒါ လေးမဂ် လေးဖိုလ်အထိတက်မယ်။

ဒီတော့ ဒီခန္ဓာ ၄-ကောင်ကို ဘာနဲ့သတ်မလဲ၊ အဲဒါ သုည ၄-လုံးနဲ့သတ်ရမယ်၊ ကိုင်း....ဒိဋ္ဌိ ၄-ချက်နေပုံကိုဘဲ ပြောဘို့ ရှိတော့တယ်၊ ဒါကိုမြင်မှ သုည ၄-လုံးနဲ့ တချက်ထဲ သတ်လို့ ရမယ်၊ ဖဿနဲ့ဝေဒနာကတော့ ရှေ့ကိုတက်ပြီးမှ သတ်ရမယ်၊ ဒီတော့ အခုစတုတ္ထတံခါးမှာထွက်လေ့ဝင်လေရဲ့သန္တတိကြောင့် ခန္ဓာ ၄ ကောင်ပေါ်တာပါ၊ ဒီခန္ဓာ ၄-ကောင်ကို သုည ၄-လုံး နဲ့သတ်မယ်၊ ယနေ့ဒီနေရာမှာ ခန္ဓာလေးတွေရှိနေတဲ့ ဒိဋ္ဌိ ၄-ကောင်ကိုဖြုတ်ဘို့မလွယ်ပါ။

ဒီတော့ ကမ္မဿကတ သမ္မာဒိဋ္ဌိ ဆိုတာကိုဘဲ စဉ်းစားကြည့် ပါ၊ အနေ့တွေမှာ ကမ္မဿကတ သမ္မာဒိဋ္ဌိကို သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒ ဒိဋ္ဌိ ၂-ပါးအနေနဲ့ ယူနေကြတယ်၊ ကုသိုလ်ကံ သဿတဒိဋ္ဌိ၊ အကုသိုလ်ကံ ဥစ္ဆေဒဒိဋ္ဌိ-ဒီအနေနဲ့ယူကြတယ်၊ အရိယာပုဂ္ဂိုလ် တွေကျတော့ ဒိ-ဒိဋ္ဌိ ၂-ပါးကလွတ်ပြီး ယူကြတယ်၊ ဆိုကြီး ပန်ပုဂ္ဂိုလ်တွေကျတော့ ဒိဒိဋ္ဌိ ၂ ပါးကိုထမ်းပိုးပြီး သံသရာမှာ သွားနေကြတာပါ၊ နောက်.... ဝိပဿနာဉာဏ် ရင့်သန်လာမှ ဒီဒိဋ္ဌိတွေက လွတ်ပါတယ်။

ထွက်လေ့ဝင်လေ ထွက်ပုံကိုတော့နားလည်သွားပြီ၊ သဿတ ဒိဋ္ဌိဆိုတာ ဘာကိုခေါ်သလဲ၊ ဒီတော့ "သဿတော လောကော"

အဲဒါ "လူသေလူဖြစ်" နောက်ရုပ်သဘောသဿတဒိဋ္ဌိ၊ နာမ်သဘော ဥစ္ဆေဒဒိဋ္ဌိ၊ နောက်အတိတ်သဿတဒိဋ္ဌိ၊ အနာဂတ် ဥစ္ဆေဒဒိဋ္ဌိ-ဒီအနေနဲ့လိုက်နေတယ်၊ ဒီကလွန်ကနေ ရှေ့ကိုဘက် သွားတော့မယ်၊ ရှေ့ကိုတက်သွားတော့မှ သဿတ၊ ဥစ္ဆေဒအနေနဲ့တက်သွားတော့မယ် ဒိဋ္ဌိမပါတော့ပါ၊ ဒီသဿတ၊ ဥစ္ဆေဒ ၂ ပါးဟာ အရဟတ္တမဂ်ကြီးကျမှပြုတ်ပါတယ်၊ အခုဒီနေရာမှာ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ အနေနဲ့လိုက်နေကြတယ်။

ဒီတော့ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ ဒီ ၃-ကောင် ပေါင်းလိုက်တာကို သက္ကာယဒိဋ္ဌိလို့ ခေါ်တယ်၊ ဒီတော့ သညက္ခန္ဓာရဲ့ ရေသောက်မြစ်ဟာ အတိတ်အကြောင်းစက်ပါ၊ ဒါဟာ သညာဝိညာဏ်ဖြင့် လုပ်သားတဲ့အခါမှာ ငယ်စဉ်အခါက စပြီးမှတ်လာတဲ့ သညာလေးတွေဟာ အခုသညက္ခန္ဓာအနေနဲ့ ပေါ်လာတာပါ၊ ငယ်စဉ်အခါက စကားမပြောတတ်သေးသော်လဲ အနုသယ ၇ ပါးဟာ ကိန်းနေတယ်၊ နောက် သညာ ဝိညာဏ်နယ်မှာ ချယ်လှယ်နိုင်လာရော (ဝါ) စကားလဲပြောတတ်လာရော အစွဲအယူလေးတွေ ထွက်လာတယ်။

ဒါဟာ ဘယ်ကထွက်လာသလဲ၊ သညာဝိညာဏ်ကနေ ထွက်လာတာပါ၊ ဒါကို ဒိဋ္ဌိအနုသယလို့ခေါ်တယ်၊ ဒီတော့ သညာ ဝိညာဏ်ကထွက်လာတဲ့ ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာ၊ ဝိညာတမင်္ဂလာတို့ဟာ နှလုံးအိမ်ထဲမှာကို သိမ်းထားတဲ့အနေနဲ့ ရှိနေတယ်၊ ဒါကို အခုသညက္ခန္ဓာလို့ ပြောတာပါ၊ ဒါဟာ အတိတ်အကြောင်းစက် (ဝါ) အတိတ်မွှာရုံထွေပါ၊ ဒါတွေ များနေတဲ့သူကျတော့ သူများပြောတာမယုံတော့ပါ။

ဒီသဘာဝတွေဟာ (ဝါ) သညာဝိညာဏ်ကယူတဲ့ အတိတ်သဘောတွေမှန်ရင်၊ ဝါ) ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာ ဝိညာတမင်္ဂလာအနေနဲ့ ရှိနေတဲ့ဟာတွေမှန်ရင် သဿတဒိဋ္ဌိလို့ ပြောတာပါ၊ သဿတ-မြဲတယ်၊ ဒိဋ္ဌိဆိုတာက-မှားပြီးစွဲတာပါ၊ အရင်ကာလ ၃-ပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ သတ်တဲ့အခါမှာ ဒီသဿတဒိဋ္ဌိဟာ မပါပါ၊ သူက ပေါက်ဖွားတဲ့ ရုပ်နာမ်တွေသာ ပါသွားပါတယ်၊ ဒီ သဿတဒိဋ္ဌိဟာ ကျန်နေတယ်၊ ဒါကို အခု နေ့သောက်မြစ်အနေနဲ့ စတုတ္ထတခါးမှာ ထုတ်လာပြီ။

အတိတ်သဘောက အနှစ်အသားအနေနဲ့ ထုတ်လာတဲ့ဟာတွေကို သဿတဒိဋ္ဌိလို့ခေါ်တာပါ၊ဒီသဿတဒိဋ္ဌိပြုတ်ဖို့ရာ လွယ်တယ်များထင်နေသလား၊ မလွယ်ကူပါ၊ အလွန်ကြပ်တဲ့ကိစ္စပါ၊ သညာဝိညာဏ်မှ မပြုတ်သမျှကာလပတ်လုံး သဿတ၊ ဥစ္ဆေဒ ဒိဋ္ဌိကမလွတ်သေးပါ၊ ဒီ သညာဝိညာဏ်ပြုတ်သွားမှ ဒီ ဒိဋ္ဌိ ၂-ပါး က လွတ်မယ်၊ သောတာပန်ဖြစ်မှ သညာဝိညာဏ်ဟာ ဇာတ်သိမ်းပါတယ်၊ ဒီတော့ သညက္ခန္ဓာကို အသေးစိတ်ထုတ်သိုက်ရင် အများကြီးထွက်လာပါတယ်၊ဘုရားရှင်ပညတ်တဲ့ "၂၂၇" သွယ်သော သိက္ခာပုဒ်တော်တွေကို အန္ဓတွေထိန်းနေသမျှ သဿတဒိဋ္ဌိဘဲ မထိန်းဘဲနေရင် ဥစ္ဆေဒဒိဋ္ဌိဘဲ။

ဒီတော့ အန္ဓပုဂ္ဂိုလ်တွေမှန်ရင် ဘာကိုဘဲလုပ်လုပ် လုပ်ချင်ရာလုပ် သညာဝိညာဏ်က ခိုင်းတဲ့အတွက်ကြောင့် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိထဲမှာဘဲ ရှိနေတယ်၊ အရိယာပုဂ္ဂိုလ်များကျတော့ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးက လွတ်သွားပြီ၊ ကိုင်း....သဿတ ဒိဋ္ဌိတလုံးကို သဘာဝမြင်သွားရင် သူ့ကို ဘာနဲ့သတ်မလဲ။

သညာတော ပနေတောစေဝ၊ ပညာ အာသဝက္ခယနတော။
အသာရတော ဝိဒ္ဓါခန္ဓေ၊ သက္ကာယဒိဋ္ဌိ ပဟာတဝေ။

လို့ပြလာတဲ့အတိုင်း သဿတဒိဋ္ဌိကို သညာတအနတ္တနဲ့သိမ်းရမယ်၊ သညာတကို ဘယ်လိုမြင်ရမလဲ၊ သဘာဝသညာတကို မြင်လာမှ (ဥပမာ) သဘာဝသညာတကိုမြင်ရင် ဘယ်အခါမှမသိ ခေါင်းပြုပြီး အိပ်နိုင်လာပြီ၊ အဲဒါ ကမ္ဘဋ္ဌာန်းကျောင်းဆောက်ထားတဲ့အတိုင်း အဆင်ပြေသလို အိပ်နိုင်သာပြီ၊ သညာတအနတ္တကို မမြင်တဲ့ "မီးရထားဦးဇင်းကြီး" ကျတော့ သဘာဝအတိုင်း မလိုက်တော့ဘဲ အဲဒါကုတင်ရွှေ့ပြီး အိပ်လာတော့တယ်၊ သဘာဝသညာတကိုမြင်ရင် သညာဝိညာဏ် မပွဘော့ပါ၊ သဘာဝသညာတကို မမြင်ရင် သညာဝိညာဏ်ပွလာတာဘဲ။

သဘာဝသညာတကို ပြောပြမယ်၊ ဒီ သဘာဝသညာတကို မြင်လာရင် လောကကြောင်း, ဓမ္မကြောင်းများကို မဆန့်ကျင်တော့ဘဲ သဘာဝအတိုင်းသာ နေသွားတော့တယ်၊ ဒီလိုနေသွားတာကို သောတာပန် ပုဂ္ဂိုလ်လို့ ခေါ်တယ် ဒီတော့ သညာကန္ဒာသဿတဒိဋ္ဌိလဲ ရှိလာရော ခံစားတဲ့ဝေဒနာကန္ဒာလေး ရှိလာတော့တယ်၊ သူရဲ့ရေသောက်မြစ်ဟာ ဥစ္ဆေဒဒိဋ္ဌိ နဲ့နှိုက်ပြမယ် အာရုံပြုပါ။

အန္ဓတွေ ခံစားတာကျတော့သညာကန္ဒာ အထုပ်အထေးကထွက်လာတာကို မမြင်တော့၊ ခံစားတာဟာ ပြတ်တယ်, ကင်းကယ်ဆိုတဲ့ အနေနဲ့ ခံစားလာတယ်၊ အဲဒါ အတိတ်, အနာဂတ်ကို ပယ်ပြီးတော့ ယခု ပစ္စုပ္ပန် သညာဝိညာဏ်က ဖြစ်လာတဲ့အတိုင်း ခံစားလာတယ်၊ ဒါဟာ ဥစ္ဆေဒဒိဋ္ဌိအနေနဲ့ ခံစားတာပါ၊

ဒီတော့ ကုသိုလ်၊ အကုသိုလ်ကို မရွှေးတော့ပါ၊ အဲဒါ သညာ ဝိညာဏ်ရဲ့ အလိုကျအတိုင်း ခံစားလာတာကို ဥပေက္ခာဒိဋ္ဌိလို့ ခေါ်တယ်၊ ဒါကို အသာရကဋ္ဌ အနုတ္တန့် သိမ်းရမယ်။

နောက် သင်္ခါရက္ခန္ဓာ ရေသောက်မြစ်ဟာ အတ္တဒိဋ္ဌိပါ၊ သူ့ မှာပြုပြင်တဲ့ သဘောဟာ အနာဂတ်ဟိတ်ရှိနေတယ်၊ ဒါကို ပရတ္တအနုတ္တန့် သိမ်းရမယ်၊ နောက်ဝိညာဏက္ခန္ဓာကြီးကျတော့ အကိရိယ ဒိဋ္ဌိ ရေသောက်မြစ်ရှိနေတယ်၊ ဒီတော့ သရာမိဘအစ ရှိတဲ့အကြီးအကဲတွေရဲ့ ဆုံးမသြဝါဒမရှိဘဲနဲ့ သညာဝိညာဏ် အတိုင်းခေါ်တာကိုလုပ်နေရင်အကိရိယဒိဋ္ဌိဖြစ်မယ်၊သူ့ကျတော့ ကုသိုလ်လဲမရှိ၊အကုသိုလ်လဲမရှိတော့ဘဲ ပစ္စုပ္ပန်ပေါ် မှာသာ လုပ် လာရင် (ဝါ) ဝိညာဏ်ကြီးဟာ ကောက်ချင်တိုင်း ကောက်လာ ရင် အကိရိယဒိဋ္ဌိထဲ ကျနေပြီ။

ယခုရေတွင်းဘကာကြီးတို့ကျတော့မိဘဆရာအစရှိတဲ့ ပုဂ္ဂိုလ် တွေရဲ့ ဆုံးမချက်တွေရှိနေလို့ ဝိညာဏ်ကြီးက ထင်သလိုမကောက် နိုင်တာပါ ဒီတော့ဝိညာဏ်ကြီးအတိုင်းသာ ထားရင် အကိရိယ ဒိဋ္ဌိကြီး ဖြစ်လာမယ်၊ဒီဝိညာဏက္ခန္ဓာကြီးရဲ့ ရေသောက်မြစ်ဖြစ်တဲ့ အကိရိယဒိဋ္ဌိကိုအဝသဝတ္တန အနုတ္တန့် သိမ်းရမယ်၊ ဒီတော့ခန္ဓာ ၄-ကောင်ရဲ့ ရေသောက်မြစ်ဖြစ်တဲ့ ဒိဋ္ဌိ ၄-ကောင်ကို သုည ၄- လုံးနဲ့ သတ်နိုင်ရင် သောတာပန်ဖြစ်သွားပြီ။

ကိုင်း....သာဓု ခေါ်ကြပါတော့၊

သာဓု....သာဓု....သာဓု။

---

( ဤတွင်အာနာပါနတရားတော်ကြီးပြီးဆုံးခြင်းသို့ရောက်ပါပြီ)

ပုံစံနံပါတ် (၂၇)



တော်သလင်းလဆုတ် (၁၁)ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၂၇)

မနေ့က ပြလိုက်တဲ့ ဒိဋ္ဌိ ၄-ပါးကို သဘောကျရဲ့လား၊ အာနာပါနလုပ်ငန်းစဉ်ကြီး ပြီးစီးတာနဲ့ စကားတရပ် ဘက်လာပြန်ဘယ်။

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ၊ ဌိတောဝါ ဌိတောမှီတိ ပဇာနာတိ၊ နိသိန္နောဝါ နိသိန္နောမှီတိ ပဇာနာတိ၊ သယာနောဝါ သယာနောမှီတိ ပဇာနာတိ။

လို့ မဟာသတိပဋ္ဌာန် တရားတော်ကြီးမှာ ဘုရားရှင် ဟောကြားတော်မူသွားပါတယ်၊ ဒီတော့ ဣရိယာပုထ် လေးပါးကို ပွားရမယ်၊ ဘယ်လိုပွားမလဲ၊ ဒီတော့ ဘုရားရှင်က....

ယထာ ယထာဝါ၊ အကြင်အကြင်သို့သော အခြင်းအရာအားဖြင့်။ အဿ၊ ထိုယောဂါဝစရပုဂ္ဂိုလ်၏၊ ကာယော၊ သညာက္ခန္ဓာ အရိပ်သဘောမျှဖြစ်သော အာရုံကို။ ပဏိဟိတော အရမ္မဏ်ားသဒ္ဒဘာ၌ ထားအပ်သည်။ ဟောတိ ဖြစ်၏။ တထာ ကထာ၊ ထိုထိုသို့သောအခြင်းအရာအားဖြင့်။ နံ ထိုသညာက္ခန္ဓာအရိပ်သဘောမျှဖြစ်သောအာရုံကို။ ပဇာနာတိ၊ အပြားအားဖြင့် ဟုတ်မှန်တိုင်းအမှန်သိ၏။

လို့.... ဘုရားရှင်က ဟောကြားတော် မူလာပါတယ်၊ ဒါဟာ ဣရိယာပုထ်လေးပါး ပွားပုံကို ပြတာပါ။

ဒါကို ယခုပြနေတဲ့ ကမ္မဋ္ဌာန်းဆရာတွေက " သွားတယ်၊ သွားတယ် " လို့ မှတ်ရမယ်ဆိုပြီး မှတ်ခိုင်းလာတယ်၊ ဒီလို ရှုတော့ကော သတိပဋ္ဌာန်တရားထဲဝင်ပြီလား၊ မဝင်သေးပါ။ ဒါဟာ သညာနဲ့ယှဉ်တဲ့ အလုပ်ပါ၊ မဟာသတိပဋ္ဌာန် တရားတော်ကြီးက ပညာနဲ့ယှဉ်တဲ့အလုပ်ပါ၊ ဒီတော့ သညာနဲ့ယှဉ်တဲ့အလုပ်၊ ဝိညာဏ်နဲ့ယှဉ်တဲ့အလုပ်၊ ပညာနဲ့ယှဉ်တဲ့အလုပ်ဆိုပြီး ၃-မျိုးရှိတယ်၊ တရားပေးကြတဲ့ ရှေးဆရာကြီးတွေက သညာ ဝိညာဏ်နဲ့ယှဉ်တဲ့အလုပ်တွေကိုသာ ပေးသွားကြပါတယ်၊ ပညာနဲ့ယှဉ်တဲ့အလုပ်ကို မပေးနိုင်ကြသေးပါ၊ ဒီတော့ မဟာသတိပဋ္ဌာန် အလုပ်တွေဟာ ပေါ့ဆပြီး တဖြေးဖြေးနဲ့ ပြက်ရယ်ပြုလာကြပြီ။

ဒီတော့ မဟာသတိပဋ္ဌာန်တရားတော်ကြီးကို ပညာနဲ့ယှဉ်တဲ့ အလုပ်ကို ဘယ်လိုအားထုတ်မလဲ၊ " ပဇာနာတိ " ဆိုတာ ပညာဖြင့် သိတာကိုသာ ဟောတာပါ၊ သညာဝိညာဏ်သိကို မဟောပါ၊ ဒီတော့ အာနာပါန အားထုတ်တဲ့ သူတွေဟာ ဒီ ဣရိယာပထ လုပ်ငန်းစဉ်ကို ပွားဆိုပြီး ဘုရားရှင်က ဟောကြားလာတာပါ၊ ဒီတော့ သတိပဋ္ဌာန်တရားထဲဝင်အောင် ဣရိယာပုထ် ၄-ပါးကို ဘယ်လိုပွားမလဲ၊ ဒါဟဲ အရေးကြီးပါတယ်။

ဒီတော့ ဒေသနာနည်း၊ လက်တွေ့နည်း၊ သဘာဝနည်းတွေမှ မပေါက်ရင် ဒီသဘာဝတွေကို ဖေါ်လို့မရပါ၊ ကိုယ်တိုင် အားထုတ်လာမှ သဘာဝတွေ ပေါ်လာမယ်၊ ဒီတော့ " သွားတယ်၊ သွားတယ် " ဆိုတာကို သညာဝိညာဏ်အလုပ်ကလွတ်ပြီး ပညာဖြင့်ရင် ဘယ်လိုရှုမလဲ၊ ဒီ ဣရိယာပုထ် လုပ်ငန်းစဉ်ဟာ

မဂ်ဖိုလ်ထိအောင် ရတယ်လို့ အချို့သုတ္တန်မှာ ဟောကြားထားပါတယ်၊ မဂ်တရား ဖိုလ်တရားကို ရဘာဟာ ဣရိယာပုထ် ၄ ပါးက လွတ်ပြီးမရပါ၊ အရှင်အာနန္ဒာဘာပါးသာလျှင် ဒီ ဣရိယာပုထ် ၄ ပါးကလွတ်ပြီး ရပါတယ်၊ ကျန်တဲ့ပုဂ္ဂိုလ်တွေမှန်ရင် ဒီ ဣရိယာပုထ် ၄ ပါး တပါးပါးနဲ့ ရကြပါတယ်။

ကိုင်း....သညာအလုပ် ဣရိယာပထ လုပ်ငန်းစဉ်ဟာ ဘယ်လိုလဲဆိုတော့ ဥပမာ "သွားတယ်၊ သွားတယ်" ဆိုဘာဟာ ဘာကိုမှတ်နေတာလဲ၊ ခြေဖဝါး ခြေထောက်ကြီးကို မှတ်နေတာပါ၊ ဒီလို မှတ်နေတာသည်ပင် သညာသိလုပ်ငန်းစဉ်ပါ၊ ပဇ္ဇာနာတိပုဒ်ထဲ မဝင်ပါ၊ အခု တရားလောကမှာ ဒီလိုအလုပ်မျိုးတွေသာ လုပ်နေကြပါတယ်၊ ဒီတော့ "သွားတယ်၊ သွားတယ်" ဆိုတာ ဘာကိုမှတ်တာလဲ၊ ခြေဖဝါး ခြေထောက်ကြီးကို မှတ်နေတာဟာ ဃနကြီးကိုမှတ်နေတာဘဲမဟုတ်လား၊ ဒါဟာ သညာက မှတ်ဘဲ့ပညတ်ပါ၊ ဃနကြီးကို ရှုမှတ်နေတဲ့အတွက် ဒီလိုမှတ်နေတဲ့ အမှတ်လေး မြဲသွားရင် ဘယ်လိုလာပြီး ထင်မလဲ ခြေဖဝါး ခြေထောက်ကြီးသာလျှင် လာထင်နေမှာဘဲ မဟုတ်လား။

ဒါကို တရားလို့ လုပ်ရှုနေရင် ဘယ်မှာ ဟုတ်တော့မှာလဲ၊ ဒီအလုပ်ဟာ အလွန်နိမ့်ကျတဲ့ အလုပ်မျိုးပါ၊ ဘယ်လောက်ပင် လုပ်လုပ် (ဝါ) အာယုကာလပတ်လုံး အားထုတ်သော်လဲ ရုပ်တရား နာမ်တရားကို မတွေ့ပါ၊ ဒါကိုဘဲ မှတ်လာလို့ အမှတ်မြဲလာရင် ရုပ်နာမ်ကူးဆိုတော့ ဘယ်လိုကူးကြသလဲ၊ ဒဲဒါ သွားတာကရုပ်၊ သိတာကနာမ် (တနည်း) ငါသွားတာ မဟုတ်

ပါ့ ခေတ် ၄ ပါးက သွားတာပါ၊ သွားတာကရုပ်၊ သိတာက နာမ်ဆိုပြီး ကူးကြတယ်။

ဒီတော့ ဒီရုပ်နာမ်ကို ဘယ်ထဲသွင်းမလဲ၊ ဘယ်အထဲကိုမှ သွင်းလို့မရပါ၊ အဲဒါဟာ သမ္မုတိပညတ်ကြီးကို မှတ်နေတာဖြစ် ခြင်းကြောင့် သညာရဲ့အမှတ်ဟာ ပညတ်ရဲ့သဘော၊ ဒီကနေ ရုပ်နာမ်ကူးတော့ ပညတ်ရုပ်နာမ်သာလျှင် (ဝါ) မသိတာရုပ်၊ သိတာနာမ် (ဝါ) သွားတာကရုပ်၊ သိတာကနာမ်ဆိုတဲ့ ပညတ် ရုပ်နာမ်သာလျှင် ကူးလို့ရမယ်၊ ဒီတော့ ဒီလိုလုပ်နေတာဟာ သဘာဝမရှိတဲ့ အလုပ်တွေဘဲ မဟုတ်လား၊ ဒီလို လုပ်နေရင် သက်သက်ညှဉ်းပန်းနှိပ်စက်တဲ့ သဘောထဲ ကျမနေဘူးလား၊ ဒါကို သညာသိ အလုပ်လို့ခေါ်တယ်။

ဝိညာဏ်သိအလုပ်ကျတော့ "သွားတယ်၊ သွားတယ်"ဆိုတာ ဘယ်လိုသွားတာလဲ ဆိုတာကို ခွဲသတော့တယ်၊ ပဌမသွားတော့ မယ်ဆိုတော့ ခြေဖဝါးကို မလာတယ်၊ ဒါကို "နှုတ်တယ်" နောက် ရှေ့ကိုလှမ်းတာက "ဆောင်တယ်"၊ မြေပေါ်ကို ခြေ ဖဝါးချလိုက်တာကျတော့ "ချတယ်"၊ ဒီတော့ ခြေတလှမ်း မှာကို "နှုတ်တယ်၊ ဆောင်တယ်၊ ချတယ်" အဲဒီလို "နှုတ်ဆောင် ချ" ဆိုပြီး မှတ်လာတယ်၊ အဲဒါ အမူအယာလေး ၃-ခု ထင် လာအောင် ရှုလာရတယ်။

ဒီလိုမှတ်ပြီး ဒီကနေ ရုပ်နာမ်ကူးဆိုတော့ ဘယ်လိုကူးမလဲ၊ နှုတ်တာ၊ ဆောင်တာကရုပ်၊ ချတာကနာမ်ဆိုပြီး ရုပ်နာမ်ကူး လာတယ်၊ ဒါဟာလဲ ဘာရုပ်နာမ်လဲ၊ ပညတ်ရုပ်နာမ်ပါ၊ ဘယ် ထဲမှ ထဲ့လို့မရတဲ့ရုပ်နာမ်ပါ၊ ဒါကို ဆရာတော်တို့က ဆင်ခြင်

စဉ်းစားလာတဲ့အခါကျတော့မှ နှုတ်တာက အတိတ်သဘောရုပ်, ချတာက အနာဂတ်သဘောနာမ်, ဆောင်တာကပစ္စုပ္ပန်သဘော ရုပ်နာမ်ဆိုပြီး ကာလ ၃-ပါး ရုပ်နာမ်လို့ ဆင်ခြင်လာရပါတယ်၊ တရားပေးတဲ့ဆရာတော်ကြီးတွေက ဒီထိအောင် မပြပါ၊ ဒီလို အလုပ်မျိုးက ဉာဏ်ရဲ့အလုပ်ပါ၊ ဒီအလုပ်ဟာလည်း သတိပဋ္ဌာန်ထဲမဝင်သေးပါ။

ဝိပဿနာထဲကိုသွင်းရင်တော့ ကာလ ၃-ပါးရုပ်နာမ်ခေါက်တော့ သွင်းရင်ရပါတယ်၊ ဒါဟာ ဈာန်ကိုမချေရတဲ့ အထက်တန်းစားပါရမီရှိတဲ့ပုဂ္ဂိုလ်တွေမှ အားထုတ်လို့ ရတဲ့အလုပ်ပါ ကလျာဏပုဂ္ဂိုလ်တွေသာလုပ်လို့ရပါတယ်၊ အန္ဓတွေမှာ အားထုတ်လို့ မရနိုင်ပါ၊ ကာလ ၃-ပါး ရုပ်နာမ် ကူးနိုင်တာဟာ နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးကိုပိုင်မှ ကူးနိုင်ပါတယ်၊ (ဝါ) ဈာန်ကျေပြီးတဲ့ပုဂ္ဂိုလ်မှ (ဝါ) ကလျာဏမျက်စေ့ ပေါက်တဲ့ ပုဂ္ဂိုလ်တွေမှ ကူးလို့ရပါတယ်၊ ဒီတော့ သညာသိ အလုပ် ဣရိယာပထလုပ်ငန်းစဉ်, ဝိညာဏ်သိအလုပ် ဣရိယာပထ လုပ်ငန်းစဉ်တွေသာ မြန်မာနိုင်ငံတော်မှာ ဖွင့်နေကြပါတယ်။

တချို့ပုဂ္ဂိုလ်တွေကျတော့ ရုပ်နာမ်ဘောင် မဟုတ်တော့ဘဲ၊ ဖြစ်ပျက်ကိုပါ ရှုနိုင်လာပါတယ်၊ ဒီသဘာဝတွေဟာ ဈာန်ကြေမှ အားထုတ်လို့ရတဲ့ သဘာဝမျိုးတွေပါ၊ ဒါတွေကို ပညာရှိ ခုံရုံးကို တင်လိုက်ရင် ရယ်စရာတွေဖြစ်နေကြပါတယ်၊ ဒီတော့ ဈာန်မကြေသမျှ ဘာဘဲလုပ်လုပ် အကြောင်းမထူးပါ၊ ဘယ်လို ပုဂ္ဂိုလ်မျိုးတွေမှရမလဲ ဥဂ္ဃာဋိတညူ,ဝိပဉ္စိတညူ ပုဂ္ဂိုလ်တွေ ကျတော့ရပါတယ်၊ အဲဒါ အထက်တန်းပါရမီရှိတဲ့ သူတွေမှ

အားထုတ်လို့ရပါတယ်၊ ဿနမကြေသေးတဲ့ အနွတွေမှာ အားထုတ်လို့မရပါ။ ကိုင်း....သညာသိနဲ့ ဝိညာဏ်သိ ဣရိယာပထလုပ်ငန်းစဉ်ကို တင်ပြလိုက်ပါပြီ။

ဒီလိုတင်ဆက်ပြရတာဟာ''သွားတယ်,သွားတယ်''လို့ဆိုတာသည် လူတိုင်းသိတဲ့ အလုပ်မျိုးပါ၊ (ဝါ) တရားအားမထုတ်တဲ့သူတွေလဲ သိတဲ့အလုပ်မျိုးပါ၊ ခွေးသိ-ဝက်သိ, ရုပ်သိရှာသိအလုပ်တွေမို့ တင်ဆက်ပြပြီး ပယ်ထုတ်ခိုင်းတာပါ၊ ဒီတော့ ဒီလိုအလုပ်တွေကို ပယ်ထုတ်လိုက်ပါ၊ ဒါဖြင့် ပညာနဲ့ ယှဉ်တဲ့ ဣရိယာပထလုပ်ငန်းစဉ်ကို ဘယ်လိုလုပ်မလဲ ( ဝါ ) မဟာသတိပဋ္ဌာန်ထဲ ဝင်တဲ့လုပ်ငန်းစဉ်ကို ဘယ်လိုအားထုတ်မလဲ၊ ပုံစံမှာကြည့်ပါ၊ သင်တန်းနည်းနဲ့ လုပ်ငန်းစဉ်ကိုပေးမှ သဘာဝလေးတွေကို မြင်လာမှ သင်နည်း မှတ်ချက်ပေးတာက သဘာဝဉာဏ်ပါ၊ ဒီလိုပေးမှ ခန္ဓာလေးတွေ ထွက်လာတာကိုတွေ့မယ်၊ ဒီကထွက်လာတဲ့ခန္ဓာမှ ရဲရဲတောက်ခန္ဓာဖြစ်ပြီး မဂ်ထိအောင်တက်နိုင်မယ်။

အာနာပါနက မဂ်ထိအောင်မတက်နိုင်ပါ၊ ဘာ့ကြောင့်လဲ၊ အာနာပါနဟာ သမထဝဲကြီးဖြစ်ခြင်းကြောင့်ပါ၊ ဒီဝဲကြီးကကျွတ်သွားမှ မဂ်ကိုဝင်လို့ရပါတယ်၊ ကိုင်း....ပညာနဲ့ယှဉ်တဲ့ ဣရိယာပထလုပ်ငန်းစဉ်ကို ဘယ်လိုလုပ်မလဲ၊ ၁-သွားခြင်းကိုရိယာ၊ ၂-သွားခြင်းအမူအယာ၊ ၃-စိတ္တဇဝါယော၊ ၄-သွားလိုသောစိတ်ဝိဉာဏ် ဒီတော့ သွားခြင်းကိရိယာဆိုတာဘာကိုခေါ်သလဲ၊ ခြေထောက်လေး တလှမ်းပြီးတလှမ်း, လှမ်းတာကို (ဝါ) တလှမ်းချင်းလှမ်းပြီး သွားတာကိုခေါ်တယ်၊ ဒါဟာ ဘယ်သူ့

ကြောင့်ဖြစ်တာလဲ၊ အဲဒါ လုပ်ငန်းစဉ်လုပ်လာမှ သိပါတယ်၊ ဘယ်သူ့ကြောင့် ပေါ်လာတာလဲ၊ အကြောင်းကို ရှာစမ်း၊ ဒီတော့ ခြေထောက်လေး တလှမ်းပြီးတလှမ်း၊ လှမ်းလိုက်တဲ့နေရာမှာ သဘာဝ ၄-ချက်ရှိနေတယ်၊ သဘာဝတွေ စုံလာမှ ပညတ်တရားဟာ ပေါ်ထွက်လို့ ရပါတယ်၊ ဒါ့ကြောင့်သဘာဝတွေကို ရှာရမယ်။

ဒီတော့ သွားခြင်းကိရိယာ ပေါ်လာတာဟာ သဏ္ဌာန်ခေါ်တဲ့ သွားခြင်းအမှုအယာလေးကြောင့် ပေါ်လာတာပါ၊ ဒီတော့ သဏ္ဌာန်ဆိုတာ ဘာကိုခေါ်တာလဲ၊ ဒါကိုထပ်ရှာပါ၊ ရှာနိုင်ရင် အောက်ဥာဏ်တွေ့ပါ ကြေလာပြီ၊ သဏ္ဌာန်ကို ပြောပြမယ်၊ "ဥပမာ" ခေတ်ကြီး ၄ ပါးမှာ ပထဝီခေတ် တပါးပေါ်တော့မယ်ဆိုရင် ကျန်တဲ့ဓာတ် ၃-ပါးတို့က ထောက်ခံပေးရတယ်၊ ဒါကိုသဏ္ဌာန်လို့ ပြောတာပါ၊ အခုလဲ သွားခြင်းကိရိယာလေး ပေါ်တော့မယ်ဆိုတော့ သွားခြင်းအမှုအရာလေးက ထောက်ခံပေးရတယ်၊ ဘယ်လိုထောက်ခံပေးသလဲ၊ သွားတယ်ဆိုတာမှာ လျှောင်း၊ ထိုင်၊ ရပ် ခေါ်တဲ့ ဣရိယာပုထ် ၃-ပါးက ထောက်ခံပေးရတယ်၊ ဒါမှ သွားခြင်း ဣရိယာပုထ်ပေါ်လာတာပါ၊ ကျန်တဲ့ ၃-ပါးက ထောက်ခံပေးတဲ့ သဏ္ဌာန်အနေနဲ့ ပါနေတယ်၊ ဒီထိအောင်ကြည့်ပါ။

ဒီထဲမှာ အောက်ဥာဏ်တွေလဲပါနေတယ်၊ ဒီလိုရှုလို့မြင်လာချင် ခြေဖဝါး၊ ခြေထောက်ကြီးဟာပါသလား၊ မပါတော့ပါ၊ သွားခြင်းကိရိယာလေးဟာနာမပညတ်ပေါ်တာပါ၊ ဒါဟာဘယ်သူ့ကြောင့် ပေါ်ရသလဲ၊ သွားခြင်းအမှုအယာဖြစ်တဲ့ သဏ္ဌာန

ပညတ်ကြောင့်ပါ၊ သဏ္ဌာန်ဆိုတာက ကျွန်တဲ့ဝါရိယာပုဒ် ၃-ပါး က ထောက်ခံပေးတဲ့ သဘောပါ၊ ဒါကို နာမရူပ ပရိစ္ဆေဒ ဉာဏ်တင်လိုက်ရင် လက္ခဏာနဲ့ ရသ, သဘောပါ၊ ဒါဟာအဋ္ဌကထာဆရာကြီးတွေရေးတဲ့သဘောပါ။

ဒီတော့ အမူအယာဆိုတာဟာ ပြောင်းရွှေ့ခြင်း, လှုပ်ရှားခြင်းတွေကိုလဲ ခေါ်ပါတယ်၊ ဒါကိုသဏ္ဌာနပညတ်ကနေထောက်ခံပေးလို့ ပေါ်လာတာကျတော့ နာမပညတ် သွားခြင်းကိရိယာလေးပေါ်လာတာပါ၊ ဒီတော့သွားခြင်းအမူအယာသဏ္ဌာနပညတ်ဟာလဲ ဘယ်သူ့ကြောင့်ပေါ်လာတာလဲ၊ စိတ္တဇဝါယောဓာတ်ကြောင့်ပါ၊ ဒီတော့ သွားခြင်း ကိရိယာက နာမပညတ် ပထဝီဓာတ် လက္ခဏာသဘော, သွားခြင်းအမူအယာက သဏ္ဌာနပညတ်အာပေါဓာတ်ရသသဘော, စိတ္တဇဝါယောက သမူဟပညတ် ဝါယောဓာတ် ပစ္စုပဋ္ဌာန်သဘောပါ။

ဒီတော့ ဓာတ် ၃-ပါးစလုံးဟာ ပေါ်လာပြီ၊ ဒါဟာသဘာဝအနေနဲ့ကောက်တာပါ၊ ဒီတော့ "သွားတယ်, သွားတယ်" ဆိုတာဟာစိတ္တဇဝါယောဓာတ်က ဖြစ်လာတာပါ၊ နောက်ဒီစိတ္တဇဝါယောဟာလဲဘယ်သူ့ကြောင့် ဖြစ်လာတာလဲ၊ သွားလိုသောစိတ်, သန္တတိပညတ်, ဘာဝဇာဓာတ်, ပဒဋ္ဌာန်သဘောကနေဖြစ်လာတာပါ၊ သွားလိုသောစိတ်ဖြစ်လာမှစိတ္တဇဝါယောဟာ ဖြစ်လာတယ်၊ ဒီလိုဖြစ်လာမှ ခြေထောက်ရဲ့သွားခြင်း အမူအယာလေးတွေဟာဖြစ်လာတယ်၊ ဒီလိုဖြစ်လာမှသွားခြင်း ကိရိယာလေးဖြစ်ပြီး "သွားတယ်, သွားတယ်ဆိုတာ" ပေါ်လာတာပါ။

ဒါကိုအနွယ့်က သွားတယ်ဆိုရင်ဘဲ ခြေဖဝါး, ခြေထောက်ကြီးကိုကောက်နေကြတယ်၊ ဒီတော့ဘယ်မှာ ဟုတ်တော့မှာလဲ၊

သွားတယ်ဆိုတာ သဘာဝ ၄-ချက်ပေါင်းစုနေတာပါလို့ သုတ်မဟာဝါအဋ္ဌကထာကြီးက ပြလာပါတယ်၊ ဒီတော့သွားဘာကို ရှုမယ်ဆိုရင် ဒီသဘာဝ ၄-ချက်ကို နားလည်ရမယ်၊ နားလည်လာမှ အဲဒါ 'ယထာယထာဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာတထာ နံ ပဇာနာတိ'' ဆိုပြီး ရှေ့ကိုတဆင့်တက်သွားမယ်၊ ဒီကနေမှ ခန္ဓာလေးတွေထွက်ရအုံးမယ်၊ ဒီတော့ မဟာသတိပဋ္ဌာန်တရားတော်ကြီးအတိုင်း ဣရိယာပုထ်ကိုပွါးမဲ့ ပုဂ္ဂိုလ်ဟာ ဒီသဘာဝ ၄-ချက်ကိုနားလည်ရမယ်။

ကိုင်း....သာခု ခေါ်ကြပါတော့

သာဓု....သာဓု....သာဓု

---

တော်သလင်းလဆုတ် (၁၂) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၂၇)

မနေ့က ဣရိယာပထလုပ်ငန်းစဉ်ကို သညာသိ, ဝိညာသိ, ပညာသိဖြင့် လုပ်လာပုံကို ခွဲစိတ်ပြီး ပြလိုက်ပါပြီ၊ ဒီတော့ ဘုရားရှင်က မဟာသတိပဋ္ဌာန် ပါဠိတော်မှာ ဣရိယာပထလုပ်ငန်းစဉ်ကို ပညာဖြင့်သာဆင်ခြင်ရမယ်လို့ ဟောကြားလာတာ ပါ၊ ဒီတော့ သွားတယ်ဆိုတဲ့နေရာမှာ ဘယ်သဘာဝတွေပေါင်း စုနေသလဲ၊ ဒီလိုပေါင်းစုနေတဲ့သဘာဝကို သန္တတိပညတ်လို့ ခေါ်တယ်၊ ဒီတော့ သန္တတိပညတ်ဟာ သဘာဝသန္တတိပညတ်, ပညတ်သန္တတိပညတ်ဆိုပြီး ၂မျိုးရှိပါတယ်၊ ယနေ့ဒီနေရာမှာရှိတဲ့ သန္တတိပညတ်ဟာ ပရမတ်သဘော (ဝါ) သဘာဝသန္တတိ ပညတ်ပါ ဒါဟာသဘာဝတရားတွေ ဆက်စပ်နေတဲ့သဘောပါ။

ဒါဖြင့် ဘယ်သဘာဝတွေဆက်စပ်နေသလဲ ? သွားခြင်းကိရိယာ, သွားခြင်းအမူအယာ, စိတ္တဇဝါယော, သွားလိုသောစိတ် ဝိညာဏ်ဆိုပြီး သဘာဝ ၄-ချက်ဆက်စပ်နေတယ်၊ ဒီတော့သွား ခြင်းကိရိယာဟာ ဘာ့ကြောင့်ပေါ်ရသလဲ၊ ဒီသွားခြင်းအမူ အယာဟာလဲ စိတ္တဇဝါယောကြောင့်ပေါ်ရတာပါ၊ စိတ္တဇဝါ ယောဟာလဲ သွားလိုသော စိတ်ဝိညာဏ်ကြောင့် ပေါ်ရတာပါ၊ ဒီလိုကို တရားခံလေးတွေ ပေါ်လာရမယ်၊ ဒီလိုပရမတ်သဘာဝ တွေဆက်စပ်နေတာကို ပရမတ်သန္တတိ (ဝါ) သဘာဝသန္တတိ လို့ပြောတာပါ၊ ပညတ်တွေဆက်စပ်နေတာကျတော့ ပညတ် သန္တတိပါ၊ သွားတဲ့နေရာမှာ ဒီသဘာဝ ၄ ချက် ဆက်စပ်နေပါ တယ်။

ဒီတော့ လုပ်ငန်းစဉ်အနေနဲ့ပေးပါဆိုရင် "သွားတယ်, သွားတယ်" ဆိုတာ ဘာကိုရှုမလဲ၊ သညာသိအလုပ်ကျတော့ ခြေဖဝါး, ခြေထောက်ကြီးကိုရှုနေမယ်၊ အခုဒါမျိုးကို မှတ်တာမဟုတ်ပါ၊ မနေ့က ပြောပြလိုက်တဲ့ဝိညာဏ်သိဆိုတာကလဲ "နှုတ်တယ်, ဆောင်တယ်, ချတယ်" ဆိုပြီး ဒီအရိပ် ၃-ချက်မိအောင် ရှုမှတ်နေတာချည်းပါ၊ ဒါကိုအချို့ကမ္မဋ္ဌာန်းဆရာတွေက "နှုတ်တယ်, ဆောင်တယ်, ချတယ်" လို့ဆိုတဲ့လုပ်ငန်းစဉ်မှာ ဆောင်တယ်ဆိုတဲ့အခါမှာ နှုတ်တာရှိသေးသလား။ မရှိတော့ပါ မရှိတဲ့အတွက်ကြောင့် အနိစ္စလို့ပြသကြတယ်၊ ဒါကိုဘဲ ဣရိယာပထ လုပ်ငန်းစဉ်ဆိုပြီးပေးနေကြတယ်။

ဒီတော့ ဘယ်ခြေလှမ်းသောခဏ၌ ရုပ်နာမ်တို့သည် ညာခြေလှမ်းသောခဏသို့ မပါမူ၍ ဘယ်ခြေလှမ်းသော ခဏ၌ပင်လျှင် ကုန်ဆုံး ချုပ်ပျောက်လေသောကြောင့် အနိစ္စလို့ပြလာကြတယ်၊ ဒါဟာ ဝိပဿနာအနေနဲ့ဖြစ်ခြင်းကြောင့် အခုမဟာသတိပဋ္ဌာန်တရားတော်ကြီးက မကိုင်ပါ၊ ယခုမဟာသတိပဋ္ဌာန်တရားတော်ကြီးက ပညာနဲ့ယှဉ်တဲ့ လုပ်ငန်းစဉ်ကိုသာ ပြသွားပါမယ်။

"သွားတယ်, သွားတယ်" ဆိုတဲ့ နေရာမှာ ခြေဖဝါး, ခြေထောက်ကို မရှုဘဲနဲ့ သွားခြင်းကိရိယာလေးမှာသာ ရှုပါ၊ ဒီနေရာမှာ နာမပညတ်ရိပ် တည့်ထားတယ်၊ ဘာ့ကြောင့်တည့်ထားရသလဲ၊ "သွားတယ်, သွားတယ်" လို့ ဆိုတဲ့နာမပညတ်လေး ပေါ်လာတာမဟုတ်လား၊ ဒီတော့ ပဌမ သွားလိုသောစိတ်လေးဖြစ်လာရုံနဲ့ နာမပညတ်လေးဟာက မပေါ်သေးပါ၊ သွားလိုသော စိတ်လေးဖြစ်လာတာနဲ့ ကိုယ့်ခန္ဓာကိုယ်မှာ

ရှိတဲ့ ဝါယောဓာတ်ကို အားပေးလာတယ်၊ ဒါဟာ စိတ်က အား ပေးတာဖြစ်ခြင်းကြောင့် စိတ္တဇဝါယောဓာတ်လို့ အမည်ပေး လာတာပါ၊ ဒီတော့ ဝါယောဓာတ်လေးကို အားပေးလာတယ်၊ ဒီ ဝါယောဓာတ်ဟာ အရပ်တပါးမှ အရပ်တပါးသို့ ပြောင်း ရွှေ့နိုင်တဲ့ ဝါယောဓာတ်ပါ၊ ဒီ စိတ္တဇဝါယောဓာတ်လေးဖြစ် လာတာနဲ့ သွားတယ်ဆိုတဲ့သွားခြင်းကိရိယာ နာမပညတ်လေး မပေါ်သေးပါ။

နောက်တခါ သွားခြင်းအမူအယာလေး ပေါ်လာအောင် စိတ္တဇ ဝါယောက ခန္ဓာကိုယ်ကြီးကို အားပေးလာတယ်၊ ဒီတော့မှ ခြေထောက်ကြီးဟာ တလှမ်းပြီးတလှမ်း လှမ်းလာ တော့တယ်၊ ဒါမှ သွားတယ်၊ (ဝါ) သွားခြင်းကိရိယာ နာမ ပညတ်လေး ပေါ်လာတာပါ၊ ဒီတော့ရင် သွားခြင်းကိရိယာ နာမပညတ်ကလေး ပေါ်လာအောင်ကို သွားခြင်းအမူအယာ လေးက ထောက်ခံပေးတယ်၊ ဒါက သဏ္ဌာန ပညတ်ရိပ်ပါ၊ နောက် စိတ္တဇဝါယောက သမူဟပညတ်၊ နောက် သွားလိုသော စိတ်ဝိညာဏ်ကျတော့ သန္တတိပညတ်ပါ၊ သန္တတိပညတ်ဆိုတာ ဟာက သဘာဝလေးချက် ဆက်နေတာပါ၊ ဒါဟာ ပရမတ် သန္တတိပါ၊ ပညတ် ၄ ပါး ဆက်နေတာက ပညတ်သန္တတိပါ၊ ဒါဟာ သုတ်မဟာဝါမှာ ဒီအထိုင်းပြလာပါတယ်၊ အခု ဆရာ တော်တို့က ပညတ်သန္တတိ ဆက်ပုံပါ ပြလာတယ်။

ဒီတော့ ဘုရားရှင်က ဘာကြောင့်ဣရိယာပထလုပ်ငန်းစဉ်ကို ဟောကြားတော်မူပါသလဲ၊ ဘာကို လိုချင်လို့လဲ၊ ဒီတော့ "ပုနစပရံ" ဆိုတဲ့ပုဒ်က ပဌမပြခဲ့တဲ့ မဟာသတိပဋ္ဌာန် အာနာ ပါနအပြင် ယခု ဒီဣရိယာပုထ်ကို ပွားပါဦး (ဝါ) ဒီလိုလဲ အား

ထုတ်နိုင်ပါသေးတယ်ဆိုပြီး ဟောလာတာပါ၊ ဒီဟာ ဣရိယာပထလုပ်ငန်းစဉ်ဟာ အာနာပါန ဖြစ်ပျက်ကနေပြီး လုပ်လာတာပါ၊ ခန္ဓာတွေ အစုံထွက်မှ မဂ်ကိုဝင်လို့ ရပါတယ်၊ ဒါကြောင့် ခန္ဓာတွေပေါ်တာကို လိုချင်လို့ ဒီဣရိယာပထလုပ်ငန်းစဉ်ကို ဟောကြားတော်မူတာပါ။

ဒီတော့ ဘာကိုလိုချင်လို့ လုပ်လာသလဲ၊ ခန္ဓာတွေပေါ်တာကို လိုချင်လို့ လုပ်တာပါ၊ ဒီတော့ ဣရိယာပထလုပ်ငန်းစဉ်ဟာ စတုတ္ထတခါးက ဖြစ်ပျက်ကနေပြီး ထွက်လာတာပါ၊ "ပုနစပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ" လို့ ဟောကြားတော်မူတဲ့ ဒီသတိပဋ္ဌာန်လုပ်ငန်းစဉ်တရားတော်ကြီးဟာ အင်မတန်မှ ကျယ်ဝန်းပါတယ်၊ အခု ပြသွားမှာက မကျဉ်းမကျယ်နည်းနဲ့ ပြသွားပါမယ်။

ဒီတော့ ပရမတ်သန္တတိဆိုတာ သဘာဝ ၄-ချက် ဆက်စပ်နေတာပါ၊ ပညတ်သန္တတိဆိုတာက ပညတ်တရား ၄-ပါးတို့ ဆက်စပ်နေတာပါ၊ ဘယ်လိုဆက်စပ်နေသလဲလို့ ဆိုတာကို သိအောင်လို့ ပြောနေတာပါ၊ ဒီတော့ ဒီတရားတော်ကြီးကို လုပ်ငန်းစဉ်အနေနဲ့ လုပ်လာတဲ့သူကျတော့ ပြောနိုင်လာတယ်၊ အခု လုပ်ငန်းစဉ်ကိုမလုပ်ဘဲ နာယူနေခြင်းသာ ဖြစ်နေတော့ စစ်လို့ မရတော့ပါ၊ ဒါကြောင့် သိနားလည်အောင် ပြောပြနေရတာပါ။

ဒီတော့ ပညာရဲ့လုပ်ငန်းစဉ်ဟာ လုပ်ငန်းစဉ်ဖြင့်လဲ အားထုတ်ရပါသေးတယ် ဒီတော့လက်တွေ့ လုပ်ငန်းစဉ်ကျတော့ သဘာဝတမျိုးသွားရပါတယ်၊ ဒါကြောင့် ပညာရဲ့လုပ်ငန်းစဉ်

ကို လက်တွေ့အားထုတ်ပြီးတော့ ယူရပါသေးတယ်၊ အခုဟောနေတာက ပရိယတ်သဘောချိုးလိုပါဘဲ၊ ဒီကဏ္ဍဟာ လက်တွေ့လုပ်ငန်းစဉ်ကို ဆင်းယူရပါသေးတယ်၊ အခုလက်တွေ့ လုပ်ငန်းစဉ်ကိုမဆင်းတဲ့အတွက် သဘာဝတွေမပေါ်တော့ပါ။

ဒီတော့ ပရမတ်သန္တတိနဲ့ ပညတ်သန္တတိတို့ ဆက်စပ်နေကြတာမှာ ဒီကနေဘယ်ခန္ဓာပေါ်မလဲ၊ ဒီတော့ ပရမတ်သန္တတိကို ဘယ်သူက ဆက်ခိုင်းတာလဲ၊ ပညတ်သန္တတိကျတော့ သညာဝိညာဏ်ကဆက်ခိုင်းတာပါ၊ သွားခြင်းကိရိယာဖြစ်တဲ့ ပရမတ်သန္တတိကျတော့ ဘယ်သူက ဆက်ခိုင်းဘာလဲ၊ ခန္ဓာအနေနဲ့ ပြောစမ်းပါ၊ အလုပ်မလုပ်တဲ့သူကတော့ ရမ်းပြီးပြောနေမှာဘဲ၊ ဒီတရားတော်ကြီးက ရမ်းပြီးပြောလို့မရပါ။

သဘာဝအနေနဲ့အားထုတ်ရမဲ့တရားတော်ကြီးပါ၊ အခုလက်တွေ့အနေနဲ့ အားမထုတ်ဘဲ သုတမယဉာဏ်အနေလောက် ယူနေတာဖြစ်တော့ သဘာဝတွေဟာ ကွာခြားနေပြီ၊ ဒီလုပ်ငန်းတရားတော်ကြီးဟာက အင်မတန်မှ သိမ်မွေ့လှပါတယ်၊ ယခုလို နာကြားနေရတာသည်ပင် တကယ့်ကိုပါရမီရှိလှပါပြီ၊ ဟောကြားနေရတဲ့ပုဂ္ဂိုလ်ကလဲ ပါရမီကုသိုလ်အနေနဲ့သာ ဟောပြောနေတာပါ၊ ဒီတော့ တရားရှာတာ ၁-အသက်ကြီးလို့ ရှာတာလဲရှိတယ်၊ ၂-သံသရာဝဋ်ကို တကယ့်ကိုလွတ်လိုဘဲ့ အနေနဲ့ရှာတာလဲရှိတယ်၊ ၃-ဗဟုသုတအနေနဲ့ရှာတာလဲရှိတယ်၊ ဒီအနေမျိုးတွေနဲ့ရှာနေကြတာတွေရှိနေပါတယ်။

ကိုင်း....ဒီတော့ အခုခန္ဓာလေးထွေလိုချင်တယ်၊ ဒီခန္ဓာတွေမှ ပဋိစ္စသမုပ္ပါဒ်ကြီး ဖြစ်ပြီးတော့ ရှေ့ကိုတက်သွားမယ်၊

ဒါ့ကြောင့် ဘုရားရှင်က ဒီတရားတော်ကြီးကိုဟောကြားတာပါ၊ ဒီတော့ ပစ္စုပ္ပန်သန္တတိကို ဘယ်သူက ဆက်ခိုင်းသလဲ၊ သညာ ဝိညာဏ်ကဆက်ခိုင်းတယ်၊ ဒါဖြင့်· သညာဝိညာဏ် သဘောက ဘယ်လိုရှိသလဲ၊ ထုတ်ဖော်ပါအုံး၊ "အတွင်းအပြင်, အကြမ်း အနု, အယုတ်အမြတ်, အဝေးအနီး ဒီအနေနဲ့ ဆက်နေတယ်၊ အဲဒါတဦးကိုတဦး လက်ညိုးထိုးတဲ့အနေနဲ့ ဆက်နေတယ်၊ ဒါဟာ ပညတ်သန္တတိပါ၊ (ဝါ) သညာဝိညာဏ်ဆက်ပါ။

သညာဝိညာဏ်ဆက်ဟာ အခြေခံမရှိပါ၊ ဘာ့ကြောင့်မရှိ သလဲ၊ အတွင်းအပြင်ဆိုတာသည် အတိတ်နဲ့အနာဂတ် သဘော ဘဲ·မဟုတ်သား၊ သူတို့မှာက အခြေခံအဋ္ဌမြစ်အနေနဲ့ ပစ္စုပ္ပန် သဘောမရှိပါ၊ ဒါ့ကြောင့်သညာဝိညာဏ်ဆက်သဘောလို့ ပြော တာပါ၊ အဲဒါ တဦးနဲ့တဦးကို လက်ညိုးထိုးနေတာသည်ပင် ပရမတ်သဘော·တနည်း ပစ္စုပ္ပန်သဘော မရှိလို့ပါ အဲဒါအတိတ် အနာဂတ် သဘော အဝိဇ္ဇာ့တဏှာသဘော, တနည်း သညာ ဝိညာဏ်သဘောအနေနဲ့သာ ရှိပါတယ်၊ ဒီသဘာဝတွေဟာ ပညတ်နယ်ကောင်ရဲ သဘောတွေပါ။

ဒီတော့ သညာကလဲဝိပ္ပလ္လာသ တရားထဲမှာပါတယ်၊ ဝိညာဏ် ကလဲ ဘုရားရှင်က "မာယူပမာနဉ္စ ဝိညာဏံ" လို့ဟောတာပါ၊ ဒီသညာနဲ့ဝိညာဏ်ကို တကာကြီးတို့ကအဟုတ်ထင်နေကြတယ်၊

အဲဒါ သူတို့ပြောလျှင် အတိတ်နဲ့အနာဂတ်သဘောကိုသာ ပြောနိုင်ပါတယ်၊ ပစ္စုပ္ပန်ရဲ့သဘာဝကိုတော့ မပြောနိုင်ပါ။

ဒီတော့ အခု ပညတ်သန္တတိ ဘာ့ကြောင့် ဆက်နေရသလဲ၊ သညာဝိညာဏ်ကြောင့် ဆက်နေတာပါ၊ နောက်သညာဝိညာဏ်

ကို လိုက်စစ်ကြည့်ရင်တော့ အတိတ်သဘော၊ အနာဂတ်သဘော ပါ၊ အဲဒါ ဘာမှကို အခြေအမြစ်မရှိတဲ့ ပညတ်သဘောတွေပါ၊ ဒီတော့ အဲဒီလို သညာဝိညာဏ်ရဲ့ သဘာဝတရားတွေကို မြင်သွားရင်ဘဲ သဘာဝအတိုင်း နေထိုင်သွားနိုင်တော့မယ်၊ ဒီတော့ သညာနဲ့ ဝိညာဏ်က မလှည့်ပတ်နိုင်အောင်ကို ဒီသဘာဝလေးတွေအထိ မြင်လာရမယ်။

နောက်တခါ ပရမတ်သန္တတိဟာ ဘယ်သူ့ကြောင့် ဆက်နေတာလဲ၊ ဒီတော့ သဘာဝ ၄-ချက်ဖြစ်တဲ့ သွားခြင်းကိရိယာလေးဟာ ဘယ်သူ့ကြောင့် ဆက်တာလဲဆိုရင် ခန္ဓာလေးတွေကို ဖေါ်ရတော့မယ်၊ နောက် ခန္ဓာရဲ့ရေသောက်မြစ်ကို သိလာရမယ်၊ ဒီတော့ သွားခြင်းကိရိယာလေး ဖြစ်လာတဲ့ အခါမှာ နာမပညတ်လေး ထင်ရှားလာအောင် အရင်ရှုရမယ်၊ ဒီတော့မှ သဘာဝတွေကို ခွဲခြမ်းလာနိုင်မယ်။

သဘာဝကို ဘယ်လိုခွဲမလဲဆိုတာကို သိလာအောင် ပဌမ သွားခြင်းကိရိယာနဲ့ နာမပညတ်ဟာ ဘယ်လိုဆက်နေသလဲ၊ နောက် သွားခြင်းအမူအရာကိုရှုပြီး သဏ္ဌာနပညတ်ထင်လာရင်ဘဲ ဘယ်အနေနဲ့ ဆက်နေသလဲ၊ နောက် စိတ္တဇဝါယောကိုရှုပြီး သမူဟပညတ်ဟာ ဘယ်အနေနဲ့ဆက်စပ်နေသလဲ၊ နောက်သွားလိုသောစိတ်ဟာလဲ သန္တတိပညတ်နဲ့ ဘယ်လိုဆက်စပ်နေသလဲ၊ ဒါကိုလုပ်ငန်းစဉ်နဲ့ လုပ်လာမှဒီဏနေတဆင့် ခန္ဓာပေါ်လာမယ်။

ဒီတော့ ပညတ်သန္တတိနဲ့ ပရမတ်သန္တတိတို့ ဆက်စပ်ပုံကို ရှုနိုင်လာရင် ခန္ဓာပေါ်နိုင်လာပြီ၊ ဒီလိုမှမရှုနိုင်ရင် ဉဒယဗ္ဗယ ဉာဏ်ထဲကို မဝင်နိုင်သေးပါ၊ ဒီတော့ ဘုရားရှင်က "အဇ္ဈတ္တံဝါ

ကာယေ ကာယာနုပဿီ ဝိဟရတိ (လ) သမုဒယ ဝယမ္မော နုပဿီဝါ ကာယသ္မိံ ဝိဟရတိ” လို့ မဟာသတိပဋ္ဌာန်ပါဠိတော် ကြီးမှာဟောကြားတော်မူလာတဲ့အတိုင်း ကိုယ့်ကိုယ်ကိုရှု၊ သူတ ပါးကိုလဲရှု၊ နှစ်ပါးစုံကိုလဲရှု၊ ဖြစ်ကိုလဲရှု၊ ပျက်ကိုလဲရှု၊ ဖြစ်ပျက် ၂-ပါးကိုလဲရှုလို့ ဟောကြားတော်မူပါတယ်။

ဒီကနေပြီးတော့ အကျိုးကိုထုတ်ဆိုတော့မှ “ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိ မတ္တာယ” လို့ ဆိုပြီး ထုတ်လာတယ်၊ ဒီတော့မှ သတိပဋ္ဌာန်ထဲ ဝင်သွားပြီ၊ ဒီတော့မှ....

အနိဿိတောစ ဝိဟရတိ၊ နစကိဉ္စိ လောကေ ဥပါ ဒိယတိ၊ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာ နုပဿီ ဝိဟရတိ။

လို့ပြလာတယ်၊ ဒီတော့ ဘယ်လောက် သဘာဝကျသလဲ၊ အခု ပရမတ်သန္တတိလေးကို လုပ်ငန်းစဉ်အနေနဲ့ ရှာရအုံးမှာဘဲ မဟုတ်လား။

ယခု ပရမတ်သန္တတိက သဘာဝအနေနဲ့ ဓာတ် ၄-ပါး, ဌာန် ၄-ချက် အနေနဲ့ ဆက်နေတဲ့သဘောမျိုးပါ၊ ဒီဆက်နေတဲ့ အဆက်လေးကို ဖြုတ်လိုက်ရင် ခန္ဓာလေးတွေ ထွက်လာမယ်၊ ဒီကနေ့မှ အဇ္ဈတ္တ, ဗဟိဒ္ဓ သန္တာန်တွေမှာ နှလုံးသွင်းရမယ်၊ ဒီတော့မှ တဏှာ, ဒိဋ္ဌိတွေ မကပ်နိုင်တဲ့ အကျိုးတရားတွေ ထွက်လာတော့မယ်၊ အခု ခန္ဓာပေါ်တာကို လိုက်တော့မယ် ဆိုတော့ ဝိပဿနာဉာဏ်တွေကို နဲနဲရှင်းပြအုံးမယ်။

နာမရူပ ပရိစ္ဆေဒဉာဏ်က ရုပ်ကိုအမှူးထားပြီး ရှာတယ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ဟာ နာမ်ကိုအမှူးထားပြီး ရှာတယ်၊ ဒါက

အခြေခံ ဥာဏ် ၂-ပါးပါ၊ သမ္မသနဥာဏ်က ကာလ ၃-ပါး ရုပ်နာမ်၊ ဒါက ရုပ်က အမျိုးပြုလာတဲ့ ကာလ ၃-ပါးရုပ်နာမ်၊ ဒါကို အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ ချတယ်၊ ဥဒယဗ္ဗယဥာဏ်ကျတော့ နာမ်ကိုအမျိုးပြုပြီး ချတယ်၊ ဒီတော့ ဝိညာဏ်မြင် ဥဒယဗ္ဗယ ဥာဏ်ကနေစပြီး ခန္ဓာပေါ်ရမယ်၊ ပဋိစ္စသမုပ္ပါဒ်ကြီး လည်နေတာဟာလဲ ဒီ ခန္ဓာတွေကနေပြီးတော့ လည်နေတာပါ၊ နောက်ဆုံး ဒီ ခန္ဓာတွေနဲ့ မဂ်ထိအောင် တက်သွားမယ်။

ဒီတော့ ရုပ်တရား နာမ်တရားရဲ့အနတ္တကို တွေ့ရုံနဲ့တရားဟာ မပြီးသေးပါ၊ ခန္ဓာရဲ့အနတ္တကိုရှာရမယ်၊ နောက်ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်တာက တကကျပါ၊ ဒီတော့ ၃-ကကျရှိနေတယ်၊ဒီတော့ သဘာဝတခုကို သတ်ရင် တခါထဲ မပြတ်သေးပါ၊ ဒီတော့ ဝီတိက္ကမကိလေသာဆိုတာ ကာယကံမှု၊ ဝစီကံမှုတွေပါ၊ မနောကံမှုကျတော့ ပရိယုဋ္ဌာနကိလေသာပါ၊ ထိုးကျင့်နေတဲ့ကိလေသာလို့ခေါ်တယ်၊ နောက်ဆုံး ကိန်းနေတဲ့ ကိလေသာကျတော့ အနုသယကိလေသာလို့ခေါ်တယ်၊ ဒါဟာ အခု ခန္ဓာလေးတွေ ထွက်နေတာပါ၊ ဒီသဘာဝအတိုင်း တက်ရပါတယ်။

ဒီတော့ ရုပ်ကထွက်တဲ့ခန္ဓာ၊ နာမ်ကထွက်တဲ့ခန္ဓာ၊ ရုပ်နာမ် ၂-ပါးကထွက်တဲ့ခန္ဓာဆိုပြီး ရှိတယ်၊ ဒီတော့ ရုပ်နာမ် ၂-ပါးက ထွက်လာတဲ့ခန္ဓာဟာ သညာဝိညာဏ်ရိပ်ပြတ်သွားမှ ထွက်လာတဲ့ခန္ဓာပါ၊ ဒီသဘာဝတခုကိုဘဲ အထပ်ထပ်အလှာလှာ စစ်ရပါတယ်၊ ရုပ်ဘယ်ကထွက် နာမ်ကထွက်၊ နာမ်ဘယ်ကထွက် သညာကထွက်၊ သညာဘယ်ကထွက် ဝိညာဏ်ကထွက်၊ ဝိညာဏ် ဘယ်ကထွက် အဝိဇ္ဇာ၊ တဏှာ၊ ကံ က ထွက်၊ ဒီလိုကို သဘာဝ စစ်တမ်းကို နားလည်ထားရမယ်။

ကိုင်း...အခု ခန္ဓာထွက်ရတော့မယ်၊ ဒီတော့ စစ်ပြမယ်၊ သွားတယ်ဆိုတဲ့ နာမပညတ်လေးဟာ ဘယ်ကထွက်လာတာလဲ၊ သွားလိုသောစိတ်သားဖြစ်ရုံနဲ့ နာမပညတ် သွားခြင်းကိရိယာလေးဟာ မထင်ရှားသေးပါ၊ (ဝါ) မဖြစ်သေးပါ၊ ဒီသွားလိုသော စိတ်လေးက စိတ္တဇဝါယောဓာတ်ကို အားပေးလိုက်တယ်၊ ဒီတော့ အကြောင်းရှိလာမှ ဒီဝါယောဓာတ်ဟာ ပေါ်လာတာပါ၊ ဒီတော့မှ ဝါယောဓာတ်ဟာ လှုပ်ရှားလာတယ်၊ နာမပညတ်ဟာ ထွက်လို့မရသေးပါ၊ ဝါယောဓာတ်ကလဲ ခန္ဓာကိုယ်အစိတ်အပိုင်းမှာကို အလိုရှိနေတဲ့နေရာမှာလဲ လှုပ်ဆော်လိုက်ရော အမူအယာလေးတွေ ပေါ်လာတော့တယ်၊ ဒီတော့မှ သွားခြင်းကိရိယာလေး ပေါ်လာတယ်၊ ဒါမှ နာမပညတ်ဟာ ထွက်လာတယ်။

ဒီနာမပညတ်လေးကိုဘဲ ထပ်စစ်ပါအုံး၊ နာမပညတ်ဟာ သူ့အလိုလိုပေါ်သလား၊ သဏ္ဌာနပညတ် သမူဟပညတ်၊ သန္တတိပညတ်တို့ ထောက်ခံလို့ ပေါ်လာတာမဟုတ်လား၊ ဒီပညတ် ၄-ပါးထဲမှာ ဘယ်သူကပြဋ္ဌာန်းသလဲ၊ ပဌမသန္တတိပညတ်ပြဋ္ဌာန်းတယ်၊ ဒုတိယသမူဟပညတ်ပြဋ္ဌာန်းတယ်၊ တတိယ သဏ္ဌာနပညတ်ပြဋ္ဌာန်းတယ်၊ နာမပညတ်ကမပြဋ္ဌာန်းပါ၊ သူကသူများကို မခိုင်းနိုင်ပါ၊ သူကသူများရဲ့ခိုင်းစရာ (ဝါ) ခိုင်းဘတ်သာဖြစ်နေတာပါ၊ ဒါဟာသဘာဝပေါ်မှာရှိတဲ့ နာမပညတ်ပါ၊ ရုပ်ပေါ်မှာရှိတဲ့ နာမပညတ်ကသာ ပြဋ္ဌာန်းနေတာပါ၊ သဘာဝနာမပညတ်ကတော့ အကျိုးကောင်းပါ၊ ကျန် ၃-ကောင်ကအကြောင်းကောင်ပါ။

နောက်ပရမတ်သန္တတိသဘာဝ ၄-ချက်မှာလဲ ပဌမသွားလိုသောစိတ်က ပြဋ္ဌာန်းနေတယ်၊ ဒုတိယစိတ္တဇ ဝါယောဓာတ်က

ပြဋ္ဌာန်းနေတယ်၊ တတိယသွားခြင်း အမူအယာက ပြဋ္ဌာန်းပါ တယ်၊ သွားခြင်းကိရိယာကမပြဋ္ဌာန်းပါ၊ သူကအကျိုးကောင် လေးပါ၊ ဒီတော့ ဣရိယာပုထ်လုပ်ငန်းစဉ်မှာ သဘာဝအနေနဲ့ ခဲ့ရင် နာမပညတ်သွားခြင်းကိရိယာဟာ အကျိုးကောင်ပါ၊ ဒီအကျိုးကောင် ၂-ကောင်ကို ဆွဲထုတ်ပြီးမေးပါ၊ မင်းတို့ဟာ ဟိုကောင်တွေနဲ့ဆက်နေတာဟာ ဘယ်အနေနဲ့ဆက်နေတာလဲ၊ အဲဒါ အကျိုးအနေနဲ့ဆက်နေတာဖြစ်ခြင်းကြောင့် ဒီနာမပညတ် သွားခြင်းကိရိယာတွေဟာ လုပ်အင်တဲ့အကောင် (ဝါ) အလုပ် ခံရတဲ့အကောင် (ဝါ) မလုပ်တတ်တဲ့ အကောင်လေးတွေပါ၊ ဒီသဘာဝကို အားထုတ်လာတဲ့ အခါကျမှ ပိုပြီးထင်ရှားလာပါ လိမ့်မယ်။

ဒီတော့ ၃၁-ဆုံကြီးဟာ ကံစီမံထားတဲ့ဆုံကြီးမို့ သူ့သဘာ ဝအတိုင်း ဖြစ်နေတာပါ၊ ဒါ့ကြောင့် ချမ်းသာသော်လဲ ဝမ်း မမြောက်ပါနဲ့၊ ဆင်းရဲသော်လဲဝမ်းမနဲပါနဲ့၊ အဲဒါကြောင့် ကြစိုက်မှုတွေမဖြစ်ကြစေနဲ့၊ ကိုင်း....နာမပညတ် သွားခြင်းကိ ရိယာလေးဟာ အကျိုးကောင်လေးပါ၊ နောက်ခန္ဓာ ၄-ကောင် ကိုထုတ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဒီ ၄-ကောင်ထုတ် ပြီး စစ်ပါအုံး၊ ဒီ ၄-ကောင်မှာ ဝိညာဏက္ခန္ဓာကြီးဟာ ပဋ္ဌမ ပြဋ္ဌာန်းတဲ့ အကောင်ကြီးပါ၊ဒါကိုဘုရားရှင်က "မနောပုဗ္ဗင်္ဂမာ ဓမ္မာ" လို့ဟောလာတယ်မဟုတ်လား နောက်သင်္ခါရက္ခန္ဓာက ဒုတိယပြဋ္ဌာန်းတယ်၊ဒီသင်္ခါရက္ခန္ဓာဟာ ပြုပြင်နိုင်တဲ့သတ္တိရှိတယ်၊ ဒီခန္ဓာက အာရုံတွေနဲ့တွေ့တဲ့အခါမှာ ဝိညာဏ်ကြီးစားပွဲထိုင် နိုင်အောင် ဒီခန္ဓာက စားပွဲထိုးအနေနဲ့ အလုပ်လုပ်နေရတယ်၊ သူကအုပ်ချုပ်ရေးမှူးကြီးဘဲ။

သညာက္ခန္ဓာက တဘ်ယပြုပ္ပန်းတယ်၊ ဝေဒနာက္ခန္ဓာက ခိုင်းဘတ်ဘဲ၊ ဒီဝေဒနာလေးပေါ် ကည်ပြီးတော့ သညာ့သင်္ခါရ၊ ဝိညာဏ်တို့က အုပ်ချုပ်နေကြတယ်၊ ၃၁-ဘုံကြီးမှာ ဝေဒနာက ရောတည်ထားတယ်၊ ဒီဝေဒနာလေးကနေပြီး တဏှာတွေထွက်လာတာပါ၊ ဒီဝေဒနာလေးကိုပင် "အဘိညာတေ့ ပရိညာတေ" ဆိုပြီး ပိဋကတ်တော်မှာ ဟောလာတယ်၊ ဒီတော့ သဘာဝဘက်ကလဲ ဝေဒနာက္ခန္ဓာလေးဟာ အကျိုးကောင်လေးပါ၊ သူဟာ သူများရဲ့ လုပ်ကောင်လေးပါ။

ဒီတော့ နာမပညတ်သွားခြင်း ကိရိယာလေးဟာ ဆာယ်ခန္ဓာပေါ်မလဲ၊ ဝေဒနာက္ခန္ဓာပေါ်ရမယ်၊ ဒါမှ သဘာဝမှန်မယ်၊ သဘာဝမမှန်ရင် ပေါ်လို့မရပါ၊ ဒီခန္ဓာလေးတွေကို ဥဒယဗ္ဗယ ခန္ဓာလို့ ခေါ်တယ်၊ ဒါကိုသိမ်းတဲ့အခါမှာ "ဇာတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုဖဿီ ဝိဟရတိ" လို့ သိမ်းလာပါတယ်၊ ဒီနေ့ဟောလိုက်တာက သဘာဝအတိုင်းပေါ်လာတဲ့ ခန္ဓာတွေပါ၊ ဒါကိုကိုင်နိုင်ရင် သညာဝိညာဏ်ရဲ့ အစွဲကျွတ်ပြီး ကံ့ ကံရဲ့ အကျိုးရိပ်တွေ သုံးသပ်ပြီး ထားနိုင်တော့တယ်၊ ဒါ့ကြောင့် သောတာပန်ဟာ ဘုရားမြဲပြီ၊ တရားမြဲပြီ၊ သံဃာမြဲပြီ၊ ကံ့ ကံ၏ အကျိုးကို ယုံကြည်လာပြီ၊ နောက် နိဗ္ဗာန်ရဏခတ်ကြီးဟာ သူရဲ့နှလုံးအိမ်ထဲမှာအစဉ်ပေါ်နေပြီ၊ ဒီ၃-ချက်နဲ့ပြည့်စုံနေပြီလို့ပြလာတာပါ။

ကိုင်း....သာဓုခေါ်ကြပါတော့၊

သာဓု....သာဓု....သာဓု။

## တော်သလင်းလဆုတ် ( ၁၃ ) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၂၀)

ဒီခန္ဓာလေးတွေဖွဲ့ရမယ်၊ဒီဣရိယာပထပိုင်းကို လုပ်ငန်းစဉ် အနေနဲ့ ဟောကြားပါတယ်၊ ဒါကို အခု လုပ်ငန်းစဉ်အနေနဲ့ မလုပ်ဘဲနဲ့ နာရုံသက်သက်ဖြစ်နေတော့ ပြုန်းကနဲ နားမလည် နိုင်ပါ၊ ဒီတော့ နားလည်အောင် အခုဟောနေတာပါ၊ ဒီတော့ အခုတရားနာ နေကြတာဟာ သံသရာမှ တကယ်ကြောက်လို့ မဟုတ်သေးပါ၊ တကယ်သံသရာမှ ကြောက်လာရင် ဒီလိုမဟုတ် တော့ပါ၊ နေမှု ထိုင်မှုတွေပါ တခါထဲပြောင်းသွားပြီ၊ အခုပြခဲ့ တဲ့ခန္ဓာလေးတွေကို တကယ်တွေ့ရင် သံသရာကြီးမှာ ကြောက် လာမတော့မယ်၊ အဲဒါ သံသရာကြီးမှ လွတ်မြောက် လိုလာပြီ၊ ဒီသတိပဋ္ဌာန်တရားကို နာကြားပြီးတာနဲ့ ဒီပုဂ္ဂိုလ်ဟာ တရား အားမထုတ်ဘဲ မနေနိုင်တော့ပါသို့ ဘုရားရှင်က ဟောလာပါ တယ်။

ဒီတော့မနေ့က အဆိကိုညစ်ပြလိုက်ပါပြီ၊ ဒီတော့ တိဟိတ် ခန္ဓာလေးတွေပေါ်လာရင်ဘဲ ဒီပုဂ္ဂိုလ်ရဲ့နှလုံးအိမ်ထဲမှာ နိဿရ ဏဋ္ဌ ဓာတ်ကြီးရသွားပြီ၊ ဒီတော့မှ ဘုရားရှင်က ချစ်သား ချစ် သမီးလို့ခေါ်တာပါ၊ ဒီအခါကျမှ ဘုရားရှင်ရဲ့ အားမွေခံသားသမီး ဖြစ်ပါတယ်၊ ဒီတော့ ခန္ဓာတွေမှာ အဟိတ်ခန္ဓာ၊ သဟိတ်ခန္ဓာ၊ ဒွိဟိတ်ခန္ဓာ၊ တိဟိတ်ခန္ဓာဆိုပြီး ၄-မျိုးရှိတယ်၊ ဟိတ် ၃-ပါး လုံးပါနေတဲ့ တိဟိတ်ပုဂ္ဂိုလ်တွေကျတော့ ဇာတိပညာပါလာပြီ၊ ဒါဟာပဋိသန္ဓေဇ ကို ပါလာတဲ့ ပညာပါ။

ပုံစံနံပါတ် (၂၈)



ဒီဥဒယဗ္ဗယဉာဏ်ကြီးကိုပိုင်ရင် နေ့ပဏ္ဏမပညာကိုရပြီ၊နောက် ဥဒယဗ္ဗယဉာဏ်ကနေ မဂ်ဖိုလ်ထိအောင် ပါဠိဖာရိယ ပညာလို့ ခေါ်တယ်၊ ဒီလိုပညာ ၃-မျိုးရှိတယ်၊ ဒီတော့ တိဟိတ်ပုဂ္ဂိုလ် မှာလဲ ပဋိသန္ဓေတိဟိတ်၊ ပဝတ္တိတိဟိတ်ဆိုပြီး ၂-မျိုးရှိတယ်၊ ပဋိသန္ဓေတိဟိတ်ဆိုတာက ပဋိသန္ဓေကနေ ဟိတ် ၃-ပါးခြံရံပြီး ပါလာတာပါ၊ ဒါကိုသာ မမြင်မသိနိုင်တာပါ၊ ပဝတ္တိတိဟိတ် ဆိုတာက ယခုပညာမြင့်ဥဒယဗ္ဗယဉာဏ်ကိုပိုင်ရင် ပဝတ္တိတိဟိတ် လို့ခေါ်တယ်၊ ဒါကိုမမြင်မသိနိုင်ဘူးလား၊ မြင်လို့မရဘူးလား၊ ရနိုင်ပါတယ်၊ ဒီပဝတ္တိတိဟိတ်က အားထုတ်နိုင်ရင် ရပါတယ်၊ အဲဒါ တဆင့်ထက် တဆင့်တက်နိုင်ပါတယ်၊ အခုတိဟိတ်ခန္ဓာ ပေါ်ပုံက ပဝတ္တိတိဟိတ်ကိုသာယူပါ။

တိဟိတ်ခန္ဓာဘယ်ကစထွက်သလဲ၊ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဒီလိုထွက်ရတယ်၊ ဘာ့ကြောင့်ဒီလို ထွက်ရသလဲ၊ သညာက္ခန္ဓာကစပြီးထွက်ပါလား၊ ဒီလိုထွက်လို့ မရပါ၊ ဒီတော့ ပုထုဇဉ်တို့မှာ အာရုံနဲ့ တိုက်လိုက်တဲ့ အခါမှာ ပဌမသညာက ထွက်ပြီးဆွဲတယ်၊ အဲဒါသညာက နာမပညတ်နဲ့ ဝိညာဉ်က သဏ္ဍာနပညတ်ကိုသာ ဆွဲပါတယ်၊ ဒီသညာဟာ ဝိပလ္လာသ သညာပါ၊ ဘာ့ကြောင့်လဲ၊ သူဟာ နာမပညတ်ကို အဆင်းမှာရှိတယ်ဆိုပြီး ဆွဲထားပါတယ်၊ အမှန်မှာ ပညတ်ဟာ သညာမှာသာရှိပါတယ်၊ဒါကိုမသိဘဲနဲ့ သညာက နာမပညတ်ကို ဆွဲတယ်၊ဘယ်အနေနဲ့ဆွဲသလဲဆိုတော့ အဆင်းရိပ်ကနေဆွဲတယ်၊ ဝိညာဉ်ကျတော့ အကြည်ရိပ်ကနေ သဏ္ဍာနပညတ်ကို ဆွဲတယ်၊ ဒါကိုသညာဝိပလ္လာသလို့ခေါ်တယ်၊ ဒီတော့မှ စိတ္တဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသတွေ ဖြစ်လာတော့တယ်၊ ဒီသဘာဝတွေကိုမြင်ချင် ဆင်ခြင်တုံ တရားတွေ ရှိလာတော့မယ်။

ဒီလိုဆွဲပြီး ထွက်လာတဲ့ခန္ဓာကျတော့ သညာက္ခန္ဓာနောက်ကို အစဉ်လိုက်ပြီး သညာက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဆိုပြီး ထွက်လာတယ်၊ ဒါဟာ အနွတွေရဲ့ နှလုံးအိမ်မှာ အစဉ်ပေါ်နေတယ်၊ (ဝါ) တရားအားမထုတ်တဲ့ သူတွေမှာ အစဉ်ပေါ်နေတာပါ။

ယခု တိဟိတ်ခန္ဓာကျတော့ ဘယ်လိုဖြစ်လာသလဲ ဆိုတော့ အဆင်းနဲ့ အကြည် ၂-ပါးဆုံတဲ့ အခါမှာ သညာကရှေ့က မထွက်နိုင်တော့ပါ၊ ဒီတော့ နာမပညတ်နဲ့ သဏ္ဌာနပညတ်ကို မဆွဲတော့ပါ၊ ဘာ့ကြောင့်မဆွဲနိုင်သလဲ၊ "ဘာဝနာဝသေန ပဟာတဗ္ဗ" လို့ ဆိုတဲ့အတိုင်း ပညာမြင် ဥဒယဗ္ဗယဉာဏ်က သညာနဲ့ ဝိညာဏ်ကို ပယ်လာခဲ့တဲ့အတွက်ကြောင့်ပါ၊ ဒါကြောင့် ရှေ့က သညာက မထွက်နိုင်တော့ဘဲ ဝေဒနက္ခန္ဓာကစပြီး ထွက်လာပြီ။

ဝေဒနာက္ခန္ဓာဆိုတာ ဘယ်လိုဟာလဲ? ထန်းလျက်စားတဲ့ အခါ ချိုတယ်လို့ပြောတဲ့ ဝေဒနာမျိုးလား၊ ဒါဟာ သညာ ဝိညာဏ်က လုပ်ကြံတဲ့ဝေဒနာမျိုးပါ၊ အခု ဝေဒနာက သညာ ဝိညာဏ် မလုပ်ကြံတဲ့ (ဝါ) သူ့သဘာဝအတိုင်းမှာရှိတဲ့ ဝေဒနာပါ၊ ခံစားတဲ့အနေနဲ့မပေါ်တော့ဘဲ ဖြစ်တဲ့အနေနဲ့သာ ပေါ်လာတာပါ၊ (ဝါ) သစ်တလောကကြီးမှာ အဆင်းနဲ့အကြည် တိုက်တဲ့အခါမှာ ဝေဒနာပေါ်ရတော့မယ်၊ ဒါဟာ သညာ ဝိညာဏ်မပါဘဲနဲ့ ပေါ်တဲ့ဝေဒနာပါ။

ဥပမာ....ကျောက်ခဲနဲ့ သံတွေခဲနဲ့ ချတဲ့အခါမှာ ကျောက်ခဲဟာ ပွဲ့ပြီးသွားသလိုဘဲ၊ ဒီ သဘာဝ ဝေဒနာဟာလဲ ပရမတ်

ဝေဒနာပါ၊ ဒါဟာ ဘယ်သူ့မျက်နှာမှ မထောက်ဘဲနဲ့ သခ်တ လောကကြီးမှာပေါ်ထွက်လာရမယ်၊ ဒီတော့ အဆင်းနဲ့ အကြည် ဆုံတဲ့အခါမှာ အကြည်ခါတ်မှာ သဘာဝလေးထွက်ပေါ်ရမယ်၊ သညာဝိညာဏ် မကပ်ဘဲနေရင် သုခ,ဒုက္ခ မပေါ်ပါ၊ သညာ ဝိညာဏ်ကပ်လိုက်မှ သုခ,ဒုက္ခ ဝေဒနာအနေနဲ့ပေါ်လာတာပါ။

သဘာဝဝေဒနာဆိုတာက လူထိတွေ့တဲ့သဘောလေးပါ၊ ဒီသဘာဝဝေဒနာကို ဆွဲနိုင်တဲ့သူဟာ ဝိပဿနာသသညာကင်း သွားပြီ၊ ကင်းသွားရင် နာမပညတ်နဲ့ သဏ္ဌာနပညတ်ကိုမဆွဲ တော့ပါ၊ ဒီခါ ဘုရား, ရဟန္တာတွေကျတော့ အဆင်းနဲ့ အကြည်ဆုံတဲ့အခါမှာ သဘာဝဝေဒနာကိုသာ ဆွဲပါတယ်၊ ဒီလိုဆွဲပြီးမှ သညာဝိညာဏ်က ကပ်လာတာပါ၊ ဒီတော့မှ သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဆိုပြီး ခန္ဓာပေါ်လာ တာပါ၊ ဒီတော့ အရိယာနဲ့ ပုထုဇဉ်ဟာ ဘယ်လောက်သာ ပြောင်းလဲသလဲ၊ဆွဲဘာလေးသာ ကွာတာဘဲမဟုတ်လား၊အရိယာ တွေမှာ သဘာဝဝေဒနာကိုသာ အရင်ဆွဲပြီး နောက်သညာက ဆွဲဦးတော့ နာမနဲ့ သဏ္ဌာနပညတ် ၂-ပါးမပါတော့ပါ၊ သခ်ါ ရက္ခန္ဓာနဲ့ ဝိညာဏက္ခန္ဓာတို့ကတော့ ဘာမှမထူးပါ၊ ကျပ်ပြည့် ခံစားသေးတာဘဲ၊ ဘာထူးသေးသလဲ၊ ဆွဲတာလေးဘဲထူးပါ တယ်။

ဒီတော့ သောတာပန်ကို သိနိုင်သလား၊ သောတာပန်ဟာလဲ အိမ်ယာတည်ထောင် နေသေးတာဘဲမဟုတ်လား၊ ဒီလိုသဘာဝ တွေကွာခြားနေတဲ့ အတွက်ကြောင့် ဘုရားရှင်က အရိယာတို့ရဲ့ လက်ဝါးမှာ အနာမရှိတဲ့အတွက် အဆိပ်ကိုကိုင်သော်လဲ အဆိပ်

မသင့်တော့ပါ၊ အန္ဓတွေရဲ့ လက်မှာကျတော့ အနာတွေရှိတဲ့ အတွက် အဆိပ်ကိုကိုင်လို့မရပါ၊ ကိုင်ဖို့အနာကို စားသွား တော့မယ်၊ အဲဒီလို ဥပမာလိုဘဲ အန္ဓတွေကာမဂုဏ်ကို ခံစားတဲ့ အခါမှာ အဆိပ်သင့်တယ်၊ သောတာပန်ကျတော့ ကာမဂုဏ်ကို ဘယ်လောက်ပင်ခံစားသော်လဲ အဆိပ်မပါတော့ဘူးလို့ ဘုရား ရှင်ကဟောကြားလာပါတယ်၊ အန္ဓတွေကျတော့အဆိပ်တွေဖြစ် နေပြီ၊ ဒီတော့ သောတာပန်တို့မှာ ကာမဂုဏ်ခံစားတဲ့အခါမှာ အိမ်သာတက်သလိုဖြစ်နေပြီ။

ဒီတော့ ရုပ်ကထိုးကျင့်လာတဲ့တဏှာ၊ နာမ်က ထိုးကျင့်လာတဲ့ တဏှာဆိုပြီး ၂ မျိုးရှိတယ်၊ ရုပ်ကထိုးကျင့်လာတဲ့တဏှာဆိုဘာက စားလိုက်တဲ့ကဗဠီကာရ အာဟာရကနေပြီး နောက်ဆုံးအကြည် ဓာတ်တွေကို အားပေးတဲ့ ကိလေသာ တဏှာဖြစ်လာတာပါ၊ နာမ်ကထိုးကျင့်တဲ့တဏှာက....ဥပမာ- မြို့ကြီးသူဆေးတွေကို တွေ့ လိုက်တဲ့အခါမှာ နာမပညတ်နဲ့ သဏ္ဌာနပညတ်ကို ဆွဲပြီးတော့ သွေး၊ သည်းခြေ၊ လေ၊ သလိပ်တွေကနေ ခန္ဓာကိုယ်ကြီးမှာပြန့် နှံ့ပြီး ဒီဟာကထိုးကျင့်လာတော့တယ်၊ ဒီတော့ သူတို့ဟာထွက် ပေါက်ရှာကြတော့တယ်၊ ဒီကနေတဏှာဖြစ်လာတာပါ။

အန္ဓတွေမှာ ဒီရုပ်နာမ် ၂-ပါးလုံးကထွက်တဲ့တဏှာ ၂-ပါး လုံးကို ကျွပ်ပြည့်ခံစားနေတယ်၊ သောတာပန်ပုဂ္ဂိုလ်ကျတော့ ရုပ်ကထိုးကျင့်တဲ့ တဏှာသာခံစားတော့တယ်၊ နာမ်ကထိုးကျင့် တဲ့တဏှာဟာမရှိတော့ပါ၊ ဒီတော့ ဝေဒနာကစပြီး ထွက်လာတဲ့ ခန္ဓာကိုတိဟိတ်ခန္ဓာလို့ခေါ်တယ်၊ ကိုင်း....ခန္ဓာပေါ်ပုံကိုအမျိုး သမီးကြီးတွေနားလည်အောင်ပြောပြလိုက်ပါပြီ။

ဒီပညာမြင်-ဉဒယဗ္ဗယခန္ဓာကို တကယ်တွေ့လာရင် လျှပ်ပေါ်လော်လီတဲ့တဏှာတွေမပေါ်တော့ပါ၊ အဲဒါ ကိုယ်ချင်းစာတရားသာလျှင် အစဉ်ထွက်ပေါ်လာတော့တယ်၊ ဒီတော့ ဘုရားရှင်ပရိနိဗ္ဗာန်ပြုခါနီးမှာ၊ ညီတော်အာနန္ဒာကို ဘုရားရှင်ဟောတဲ့အခါမှာ မာတုဂါမတွေနဲ့ စကားပြောတဲ့အခါမှာကြီးရင်အမေ့အရွယ်၊ အစ်မအရွယ်၊ ငယ်ရင် ညီမအရွယ်စသဖြင့် ဆွေမျိုးအနေနဲ့နှလုံးအိမ်ထဲမှာ ထားပြီးမှ စကားပြောပါလို့ ဆုံးမသွားတယ်မဟုတ်လား၊ ဒါဟာ မေတ္တာစေတ် အရင်သွင်းပြီးမှ ပြောတာဘဲမဟုတ်လား၊ ဒါကို အခုသတိပဋ္ဌာန်ကြီးထဲကို သွင်းရင်ဝေဒနာရှေ့ဆောင်ပြီး (ဝါ)သညာလေးကို ခွါပြီး စကားပြောပါလို့ ပြောခဲ့တာဘဲမဟုတ်လား။

ဒီပညာမြင် ဉဒယဗ္ဗယဉာဏ်ကို မြင်ရင် ဒေမိ၊ အမ၊ ညီမစသည်ဖြင့် ပေါ်လာတော့မယ်၊ ဒီတော့ ကိလေသာတွေ ထဲ့အုံးမလား၊ မထတော့ပါ၊ ဒီအနေနဲ့ သညာဝိပလ္လာသကိုခွါရပါတယ်၊ ဒါက ခန္ဓာပေါ်ပုံပါ၊ ဒီခန္ဓာဈေးတွေနဲ့ နိမိတ်လေးတွေ နေပုံကို ပြောရအုံးမယ်၊ ဒီတော့ ဘုရားရှင်က ဖြစ်ပျက်ကို မြင်အောင်ရှုဆိုတာဟာ အနပြောကျဉ်းမေမဲ့သဘာဝကကျယ်ဝန်းလှပါတယ်၊ ဒီဣရိယာပထပိုင်းမှာ ဖြစ်ပျက်ရှုပုံကိုပြောပြအုံးမယ်၊ အခု ဣရိယာပထပိုင်းက သန္တတိပညတ်ကိုသတ်နေတာပါ။

ဒီအပိုင်းကိုပိုင်မှ ဝိပဿနာစကလာတ်မယ်၊ ဒီတော့ ဖြစ်ပျက်ကို ပြောပြအုံးမယ်၊ အခု ပြောလိုက်တဲ့ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ တို့ဟာ တိဟိတ်

ခန္ဓာပါ၊ ဒါကို ပဝတ္တိတိဟိဘ်လို့ခေါ်တယ်၊ ဒီခန္ဓာပေါ်လာရင် ယခုဘဝနဲ့ မဂ်ဖိုလ်ဘရားကို ရတော့မယ်၊ နာမပညတ်နဲ့ သဏ္ဌာနပညတ် ၂-ပါး လိုက်ကပ်လို့ မရတော့ပါ၊ ဒီခန္ဓာဟာ မီးခဲမျှားလို တဖြေးဖြေးနဲ့တောက်လာတော့မယ်၊ ဒီခန္ဓာ ၄-ကောင်ဟာ ဥဒယဗ္ဗယဝဲ (ဝါ) သညာဝိညာဏ်ဝဲ (ဝါ) နာမနဲ့ သဏ္ဌာနပညတ် ၂-ပါးထဲက ခြေကန်ပြီးထွက်လာတာပါ။

ဒီတော့ ဒီနာမပညတ်နဲ့ သဏ္ဌာနပညတ်၊ သညာနဲ့ဝိညာဏ်၊ ဥဒယဗ္ဗယဝဲကတော့ အမှန်လွတ်ပြီ၊ ဒါပေမဲ့ သူ့မှာ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဝေဒနာ ဒီ ၄-ချက်ပါလာတယ်၊ ဒီဝဲထဲက ကျွတ်ပြီးတော့သာ လာရတယ်၊ ဒီအရိပ် ၄-ချက်ဟာ ပါလာသေးတယ်၊ ဒါဟာ ဝဲထဲက ရေသောက်မြစ်လေးတွေ ပါနေသေးတယ်၊ "ဥပမာ" ချေးတွင်းထဲကသာ မနေနိုင်လို့ ထွက်လာရသော်လဲ အညစ်အကြေးတွေကိုတော့ မသုမ်သင်ရသေးပါ၊ ဒီတော့ အစော်အနံ့တွေမကင်းသေးသလိုဘဲ၊ ယခုလဲ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဝေဒနာဆိုပြီး ကပ်ပါလာသေးတယ်၊ ဒီအရိပ်လေးတွေကို ဖြတ်ရအုံးမယ်၊ ဒါကို ဖြတ်ပြီးမှ မဂ်ကိုဝင်လို့ရမှာယ်၊

ဒီတော့ ခန္ဓာ ၄-ကောင်မှာ ဒီ အရိပ် ၄-ချက်ဟာ ဘယ်အနေနဲ့ ကပ်နေသလဲ၊ ဒီကပ်နေတာကို မြင်အောင်ရှုရမယ်၊ သညာကပ်ဆိုတာ "ဥပမာ" ချေးတွင်းထဲကျပြီး မစင်တွေကပ်နေတဲ့ သဘောမျိုးပါ၊ နောက် ဝိညာဏ်ကပ်ဆိုတာက ဒီအညစ်အကြေးတွေကို ရေနဲ့ဆေးကျောထားသော်လဲ အာတတ်အစားကို မဝတ်ရသေးတဲ့ သဘောမျိုးပါ၊ နောက် အမရာကို ချစ်ကြိုက်ပြီး နောက်ဆုံး ချေးတွင်းထဲ ချပြီးထားပါလားဆိုတာကို ပညတ်

ကင်လို့ခေါ်တယ်၊ ဒီလိုခန္ဓာတွေမှာ ကပ်ပါလာတာဟာ နိမိတ္တသန္တတိအနေနဲ့ ကပ်ပါလာတယ်၊ နိမိတ္တဆိုတာ နိမိတ်ပါ၊နိမိတ်ဆိုတာ အရုံ၊ အာရုံဆိုတာ အကြောင်း၊ အကြောင်းဆိုတာ နောက်ဆုံး ရေသေ ကျမြစ်ပါ၊ ဒါကို အခု သတိပဋ္ဌာန်နည်းနဲ့ ကျတော့ နိမိတ္တသန္တတိလို့ခေါ်တာပါ။

ဒီတော့ ခန္ဓာ ၄-ကောင်နဲ့ နိမိတ္တသန္တတိ ၄-ချက်နဲ့ ဘယ်လိုဆက်နေသလဲ၊ ဒီတော့ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကို အခု နိမိတ္တ သန္တတိ ၄-ချက်က ဖမ်းထားတယ်၊ ဒါကို ရုပ်ရိပ်, နာမ်ရိပ် မကြွေသေးတဲ့သူက အကျိုးရိပ်, အကြောင်းရိပ် ၂-ခု ရှိနေတဲ့အနေနဲ့ ပြောမယ်၊ ဒါဟာ သညာဝိညာဏ် သဘောပါ၊ ပညာအနေနဲ့ (ဝါ) အောက်ဥာဏ်ဘော့ကြေလာတဲ့သူကျတော့ အနုသယအနေနဲ့ (ဝါ) အထဲမှာ ကိန်းနေတဲ့အနေနဲ့ ဆက်ဆံနေတယ်လို့ပြောမယ်၊ ဒီတော့ ဆက်ဆံနေတာလေးကို မြင်အောင် တကယ့်လှူရှယူလာရပါသေးတယ်၊ ဖြတ်ဘို့ရာ စိတ်မကူးပါနဲ့အုံး၊ ဆက်တာကိုဘဲ မြင်အောင်ကြည့်ပါအုံး။

ဒီတော့ နိမိတ္တ သန္တတိ ဆိုတာဟာ နိမိတ် ၄-ပါးထဲမှာ ခန္ဓာလေးတွေဟာ ကိန်းနေတဲ့အနေနဲ့ (ဝါ)အနုသယအနေနဲ့ ဆက်နေတာပါ၊ ဒီလို ဆက်နေတာကို ဘယ်သူ့ကို အရင်ဆွဲထုတ်ပြီးသတ်မလဲ၊ ဒါကို စဉ်းစားပါ၊ ဘာ့ကြောင့်လဲ၊ ဒါကို မမြင်ဘဲနဲ့ ဖြစ်ပျက်ကိုရှုလို့ ရမလား၊ ဒီတော့ အဆက်ကို နားလည်ပြီး ဖြတ်နိုင်မှ ဖြစ်ပျက်အစစ်အမှန်ကို ရှုနိုင်မယ်။

ကိုင်း....နိမိတ်ထဲမှာ ကိန်းနေတဲ့ ခန္ဓာလေးတွေမှာဘယ်သူ့ကို အရင်ဆွဲထုတ်ပြီး သတ်မလဲ၊ ဒါကိုမှ ပညာမြင် ဖြစ်ပျက်

လို့ ဘုရားရှင်က ဟောတာပါ၊ ဒီတော့ ဘယ်ဟာက "ဖြစ်" ဘယ်ဟာက "ပျက်" လဲ၊ နိမိတ် ၄-ချက်က ဖြစ်လား, ပျက်လား၊ ခန္ဓာ ၄-တောင်စာ ဖြစ်လား, ပျက်သား စဉ်းစားပါအုံး၊ ဝိသုဒ္ဓိမဂ်ကြီးက ဒီထိအောင် မဖွင့်ပါ၊ ဘာ့ကြောင့်လဲ၊ ဆုံကြီး ပန်ပုဂ္ဂိုလ်မို့ လို့ ပါ၊ ဒါ့ကြောင့် ဒေသနာနည်းဖြင့်သာ ဖွင့်ပြထားခြင်းဖြစ်ပါတယ်။

ဒီတော့ သညာသိ သန္တတိ, ဝိညာဏ်သိ သန္တတိ, ပညာသိ သန္တတိဆိုတဲ့ သန္တတိ ၃-ချက်မှာ အခု နိမိတ္တသန္တတိဟာ ပညာသိအနေနဲ့ ဆက်နေတာပါ၊ ဒါကို ဖြစ်ပျက်လို့ ပြောနေတာပါ၊ ဒါဖြင့် ဘယ်ဟာက ဖြစ်လဲ, ဘယ်ဟာက ပျက်လဲလို့ မေးရင် ဘယ်လိုပြောမလဲ၊ ဒီ ဖြစ်ပျက်ကိုမြင်ရင် ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်ကြီးဘဲ၊ ဒီဟာကိုမြင်ရင် ၃၁-ဘုံကြီးကို တခါထဲ အာဏာသိမ်းလိုက်သာဘဲ၊ ကိုင်း.... နိမိတ္တသန္တတိကိုတွေ့ရင် ဖြစ်ပျက်ကို ရှုပါ၊ မနက်ဖြန်ကျမှဘဲ သိမ်းနည်းကို ဟောပြပါတော့မယ်။

ကိုင်း....သာဓု ခေါ်ကြပါတော့။

သာဓု....သာဓု....သာဓု။

တော်သလင်းလဆုတ် (၁၄)ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၂၀)

မနေ့ကနိမိတ္တသန္တတိကိုပြလိုက်ပြီ၊ ဒီတော့ နိမိတ်ထဲမှာခန္ဓာလေး ၄-ကောင်ဟာ အရိပ်အနေနဲ့ ပါနေသေးတယ်၊ ပါနေတဲ့ အရိပ်နိမိတ်လေးတွေဟာ အဝိဇ္ဇာ, တဏှာ, ကံ, ဝေဒနာ-ဆိုပြီး ကပ်ပါလာသေးတယ်၊ ဒီအရိပ်တွေကင်းသွားမှ ဥဒယဗ္ဗယခန္ဓာလို့ မခေါ်တော့ဘဲ အဲဒါမဂ်ကိုဝင်တော့မယ်၊ ခန္ဓာဆိုတာဟာ ( ၁၁ ) ချက်သောမေ့တွေ ပေါင်းစုနေတာပါ၊ ဒါကိုခွဲစိတ်ပြီး ပြလာခဲ့တယ် ဒီတော့ ဒါကို အနတ္တလက္ခဏသုတ်ကို တင်ကြည့်လိုက်ရင်"အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ယံဒူရေသန္တိကေဝါ" လို့ဆိုတဲ့ ဒီ"၈" ချက်သော သဘာဝတွေနဲ့ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဆိုတဲ့ ဒီနိမိတ် "၁၁" ချက်ပေါင်းနေတာကို ခန္ဓာလို့ခေါ်တာပါ။

ဓမ္မစကြာတရားတော်ကြီးကျတော့ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်ဆိုပြီးဖြစ်လာတာပါ၊ ဒီတော့နိမိတ် ၄-ချက်ကို အခုရိုက်ချိုးရမယ်၊ ရှေ့ကိုခန္ဓာဖွဲ့ပြီးတက်သွားမယ်၊ ဒီတော့ နိမိတ်လေးတွေစင်ကြယ်သွားအောင် နိမိတ် ၄ ချက်နဲ့ ခန္ဓာ ၄-ပါးဟာ ဘယ်အနေနဲ့ ပေါင်းနေသလဲ ? လိုရင်းက ဘယ်ဟာကဖြစ်, ဘယ်ဟာကပျက်လဲ ဒါဟာလိုရင်းပါ၊ ဒါကိုမြင်ရင် တော်သာပြီ၊ ဒါကိုစဉ်းစားပါ၊ ဒီတရားတော်ကြီးဟာ တကာကြီးတွေ တခါမှ မကြားနာရသေးတဲ့တရားတော်ကြီးပါ။

ဒီတရားတော်ကြီးကိုဘဲပွါးများဆင်ခြင်လာရင်ဘယ်လောက်အကျိုးကျေးဇူးများမလဲ၊ ဒါ့ကြောင့်ကြိုးစားပါ၊ ဒီတော့ ပရ

မတ်သဘောမှန်ရင် ဖြစ်ရာအရင်ကမရှေ့ရှားပါ၊ ပညတ်တရား ကသာလျှင် ရွေ့ရှားခြင်းရှိပါဘယ်၊ ဥပမာ လဘက်ရေပုဂံကို "ဖြစ်"ဆိုရင်ဘဲ ပျက်ဟာလဲ ဒီလဘက်ရေပုဂံဘဲ မဟုတ်လား၊ အခြားဒီပြင်ပုဂံကို "ပျက်"ဆိုပြီးသွားချလို့ရမလား၊ ဥပါဒ်နဲ့ ဘင်္ဂဆိုရင်လဲ ဥပါဒ်ဖြစ်လာရင်ဘဲ နောင်ဘင်္ဂကျတော့ကော ဥပါဒ်လေးကဘဲ ဘင်ဖြစ်တာဘဲမဟုတ်လား၊ ဒီဥပမာကိုမြင် အောင်ကြည့်ပါ။

ဒီတော့ နိမိတ္တသန္တတိ ၄-ချက်နဲ့ခန္ဓာ ၄-ကောင်ဟာ ဘယ် သူကဖြစ်ဘယ်သူက ပျက်လဲ၊ဒီခန္ဓာလေးတွေဟာ ၃၁-ဘုံကြီးမှာ တကြိမ်တခါမှ မရဘူးသေးတဲ့ခန္ဓာလေးတွေပါ၊ ဒီခန္ဓာလေး တွေကိုသာရရင် မဂ်ကိုတက်နိုင်တဲ့လှေခါးကြီးကို သိပ္ပဂ္ဂိုလ်တွေ သွားပြီ၊ ဒါနသီလကို အားထုတ်လို့ ဒီခန္ဓာကိုမရပါ၊ ဥဒယဗ္ဗယ ဉာဏ်ကြီးကို လုပ်ငန်းစဉ်နဲ့ ရောက်လာမှ ဒီခန္ဓာကိုရပါတယ်၊ ဒီဥဒယဗ္ဗယဝဲကလွှတ်သွားရင် နောက် ဉာဏ် ၉-ဉာဏ်ဝဲကျန် သေးတယ်။

အခု ဣရိယာပထလုပ်ငန်းစဉ်နဲ့ဥဒယဗ္ဗယဝဲကြီးကိုဖေါ်ထုတ် ခဲ့ပြီ၊ (ဝါ) ဆွဲတင်ခဲ့ပြီ၊ ဒီတော့ နိမိတ္တ သန္တတိ ၄-ချက်ကဖြစ် သဘောပါ၊ ခန္ဓာ ၄-ကောင်က ပျက်သဘောပါ၊ နိမိတ္တသန္တတိ ၄-ချက်ကို ဘာ့ကြောင့် "ဖြစ်"လို့ပြောသလဲ၊ခန္ဓာ ၄-ကောင်ကို ဘာ့ကြောင့် "ပျက်" လို့ပြောသလဲ နိမိတ် ၄-ပါးကိုဖြစ်လို့ ပြောတာက ၃၁-ဘုံကြီးရဲ့ရေသောက်မြစ်မို့လို့ "ဖြစ်" လို့ ပြောတာပါ၊ ဒီတော့ဘုရားရှင်က ဥဒယဗ္ဗယဉာဏ်ကို မြင်ရင် သံသရာရဲ့ ရေသောက်မြစ်ကို တွေ့တဲ့အတွက် သံသရာကြီးကို ကြောက်သာပြီလို့ဟောတာပါ။

နောက်ခန္ဓာ ၄-ကောင်ကျတော့ သူတို့မှာ ဝိညာဏ်ရိပ်ရှိနေသေးတယ်၊ ဒါကြောင့်သူတို့မှာ လှည့်ပတ်နေတဲ့သဘောပါနေတဲ့အတွက်ကြောင့် "ပျက်" လို့ပြောတာပါ၊ သူ့မှာမစင်ကြယ်သေးပါ၊ ဒီခန္ဓာ ၄-ကောင်ကို ဥဒယဗ္ဗယဉာဏ်က သိမ်းလိုက်မှ စင်ကြယ်လာမယ်၊ ဒီတော့ "ဖြစ်"သဘာဝ, "ပျက်" သဘာဝ ၂-ချက် ပေါ်ထွက်နေတာသည်ပင် သညာဝိညာဏ်ရိပ် မကင်းသေးပါ၊ (တနည်း) နိမိတ် ၄-ချက်ကဝိညာဏ်ရိပ်, ဒီနိမိတ်ထဲမှာ ကိန်းနေတဲ့ ခန္ဓာ ၄-ကောင်ကသညာရိပ်, ဒီခန္ဓာ ၄-ကောင်ဟာ အနုသယခန္ဓာလေးတွေပါ၊ ဒါကို ဤဥဒယဗ္ဗယဉာဏ်က အကုန်လုံးရိုက်မချိုးနိုင်သေးပါ၊ ရှေ့ဉာဏ်တွေက ကဆင့်တဆင့်ရိုက်ချိုးပြီးမှ မဂ်ကအနုသယခန္ဓာလေးကိုပယ်ရမယ်။

ယခု ဥဒယဗ္ဗယဉာဏ်ဟာ တချဏဝိပဿနာပါ၊ နုနယ်သေးတဲ့ဝိပဿနာပါ၊ မဂ်ဉာဏ်ကျတော့ ဗလဝဝိပဿနာဖြစ်မယ်၊ အခု ဥဒယဗ္ဗယဝဲဆိုတာက ခေတ် ၄-ပါးဝဲလို့ခေါ်တယ်၊ ရှေ့ကျတော့ ဉာဏ် ၉-ညာဏ်ဝဲဖြစ်မယ်၊ ပြောပြမယ်၊ နိမိတ် ၄-ချက်ကိုပယ်မဲ့ပုဂ္ဂိုလ်ဟာ သံသရာရဲ့ရေသောက်မြစ်ကို နားလည်ထားရမယ်၊ ဒီတော့ အဝိဇ္ဇာရိပ်ဟာဘယ်ကလာသလဲဆိုတာနားလည်အောင်ပြောရရင် စက်ရဟတ်ပတ်တဲ့အခါမှာ အတိတ်အကြောင်းစက်မှာ အဝိဇ္ဇာကိုပတ်မယ်၊ ဒီတော့ ဒီအဝိဇ္ဇာဟာ ကမ္ဘာတသိန်းကပါလာတဲ့အဝိဇ္ဇာလား၊ အခုမှပေါက်ဖွားလာတဲ့ အဝိဇ္ဇာလား၊ ဒါကိုခွဲပါ။

ယခုနိမိတ္တသန္တတိ ၄-ချက်ထဲမှာပါတဲ့ အဝိဇ္ဇာကတော့ ဘယ်ကပါလာတဲ့အဝိဇ္ဇာလဲ၊ အတိတ်အကြောင်းစက်က အဝိဇ္ဇာနဲ့ အတူတူဘဲလား၊ အခုမှပေါက်ဖွားတာလား၊ ဒါကိုဘယ်လိုပြောမလဲ၊ အခုနိမိတ္တသန္တတိမှာပါတဲ့ အဝိဇ္ဇာဟာ အခုဝိပဿနာကို

အားထုတ်မှုပေါက်ဖွားလာတဲ့အဝိဇ္ဇာပါ၊ ဒါဖြင့်ရင် ဒီအဝိဇ္ဇာဟာ ဘယ်ကပေါက်ဖွားလာတာလဲ ?။

ဒီ ဥဒယဗ္ဗယဝဲက ခေတ် ၄-ပါးဝဲပါ၊ သင်္ချေပေက္ခာဉာဏ်ကို ဝင်ခါနီးမှာ ထိုးတဲ့ဝဲက ဉာဏ် ၉-ဉာဏ်ဝဲပါ၊ ဒီဝဲထဲမှာသာ အလောင်းတော်ကြီးတွေ လည်နေတာပါ၊ ဒီမှာရှိတဲ့အဝိဇ္ဇာကျတော့ ကမ္မာတသိန်းက ပါလာတဲ့အဝိဇ္ဇာပါ၊ ဒါဟာ အတိတ်အကြောင်းစက် အဝိဇ္ဇာကြီးပါ၊ အခုဥဒယဗ္ဗယဉာဏ်နိမိတ္တသန္တတိ ၄-ချက်မှာ ရှိတဲ့အဝိဇ္ဇာဟာ အောက်ဉာဏ် ၄-ပါးကပါလာတဲ့အဝိဇ္ဇာပါ၊ (ဝါ) ထွက်လာတဲ့ (ဝါ) ကပ်လာတဲ့အဝိဇ္ဇာပါ၊ ဒီတော့ အောက်ဉာဏ် ၄-ဉာဏ်မှာလိုက်ရှာပါ။

ဒီတော့ အောက်ဉာဏ် ၄-ပါးကနေပြီး ပေါ်လာတဲ့အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဝေဒနာတို့ဟာ ယခုဥဒယဗ္ဗယဉာဏ်ကြီးမှာ လာပေါ်တာပါ၊ ဒီတော့ အောက်ဉာဏ်ကိုပြန်ကြည့်ပါ၊ ခေတုမနသိကာရ အပိုင်းရောက်မှ ဉာဏ် ၉-ဉာဏ်ဝဲထဲရောက်ပြီး ကမ္ဘာတသိန်းက ပါလာတဲ့ အဝိဇ္ဇာကိုကိုင်ရမယ်၊ အခုဒီနေရာမှာ ခေတ် ၄-ပါးဝဲ ဖြစ်ခြင်းကြောင့် အောက်ဉာဏ် ၄-ပါးကပါလာတဲ့ (ဝါ) ပေါ်လာတဲ့ (ဝါ) တက်လာတဲ့အဝိဇ္ဇာပါ၊ ဒါကိုတွေ့အောင် အောက်ဉာဏ် ၄-ဉာဏ်ကို ပြန်ကြည့်ပါ၊ ဒါမှ သဘာဝကို တွေ့မယ်။

ကိုင်း....ဒီနိမိတ် ၄-ပါးထဲမှာပါတဲ့ အဝိဇ္ဇာဟာ ဘယ်ဉာဏ်ကပါလာတာလဲ တဏှာ၊ ကံ၊ ဝေဒနာတို့ဟာလဲ ဘယ်ဉာဏ်တွေက ပါလာတာလဲ၊ အောက်ဉာဏ်တွေကို ကြေအောင်ချေထားပါ၊ အခုသတ်ရတော့မယ်၊ ဒီကနေမှ ဉာဏ် ၉-ဉာဏ်ဝဲထဲ ထည့်ရမယ်၊ ဒီတော့ ရုပ်ရိုပ်၊ နာမ်ရိုပ်၊ ခန္ဓာရိုပ်၊ ပဋိစ္စသမုပ္ပါဒ်ရိုပ် ဒါကိုပြောပြမယ်။

နာမရူပပရိစ္ဆေဒဉာဏ်ဟာ ရုပ်ရိပ်ကိုချေတာပါ၊ ဒီတော့ရုပ်သစ္စာလျှင် အနတ္တဝင်ပါတယ်၊ နာမ်ကအနတ္တမဝင်ပါ၊ ဥပမာ ခေတ် ၄-ပါးမှာ ပေါ်တဲ့ခေတ် ၁-ပါးကရုပ်, ကျန်ခေတ် ၃-ပါး က နာမ်၊ ရုပ်ဖြစ်တဲ့ခေတ် ၁-ပါးကိုသာချေလို့ အနတ္တခေတ် ဝင်သွားတယ်၊ နာမ်သဘောခေတ် ၃-ပါးရုပ်ရိပ်လေးဟာ အနတ္တ မဝင်ဘဲကျန်နေခဲ့တယ်၊ အခုခေတ် ၄-ပါးဝဲမှာ တိဟိတ်ခန္ဓာ ပေါ်လာတော့ နာမရူပပရိစ္ဆေဒဉာဏ်မှာ ကျန်နေတဲ့ခေတ် ၃-ပါးအရိပ်လေးက အဝိဇ္ဇာရိပ်ဆိုပြီး တိဟိတ်ခန္ဓာမှာ လာကပ် နေတယ်။

ရုပ်ရိပ်ဆို တာအဝိဇ္ဇာရိပ်ပါ၊ ဒါဟာ နာမရူပပရိစ္ဆေဒဉာဏ် မှာ ကျန်နေတဲ့ ရုပ်ရိပ်လေးပါ၊ ဘာ့ကြောင့်ရုပ်ရိပ်လေး ကျန် နေရသလဲဆိုရင် နာမရူပ ပရိစ္ဆေဒဉာဏ်ဟာ ခေတ် ၄ ပါးလုံးကို အနတ္တနဲ့မချနိုင်သေးပါ၊ ချနိုင်တဲ့အားလဲမရှိပါ၊ ဒါ့ကြောင့် ကျန်နေတာပါ၊ နောက် ပစ္စယပရိဂ္ဂဟဉာဏ်က နာမ်တရားကို အမှူးပြုပြီးတော့ သိမ်းပါတယ်၊ ဒီတော့ နည်း ၄-ပါးနဲ့ သိမ်း တဲ့အခါမှာ ဟေတုအကြောင်းကိုသာသိမ်းပြီး၊ ပစ္စယအကြောင်း ကို မသိမ်းနိုင်သေးပါ၊ အခု ဥဒယဗ္ဗယဝဲမှာ တိဟိတ်ခန္ဓာ ပေါ် လာတော့ သူကတဏှာရိပ်ဆိုပြီး ကပ်လာတယ်။

နောက်သမ္မသနဉာဏ်က အနိစ္စနဲ့ အတိတ်ကို ဒုက္ခနဲ့အနာ ဂတ်ကိုပါတကယ်သိမ်းနိုင်သော်လဲ ပစ္စုပ္ပန်ကို အနတ္တနဲ့ တကယ် မသိမ်းနိုင်ပါ၊ အခုခန္ဓာပေါ်လာတော့ အဲဒါ ကံရိပ်ဆိုပြီးပေါ် လာတော့တယ်၊ နောက်ဝိညာဉ်မြင် ဥဒယဗ္ဗယဉာဏ်မှာ ခမ္မ ၄ ချက်ထုတ်ပြီး အနတ္တနဲ့သတ်သော်လဲ တကယ်မသေသေးဘဲ အခုခန္ဓာပေါ်လာတော့ ဝေဒနာရိပ်ဆိုပြီးကပ်နေတယ်. ဒီတော့

ဒီအဝိဇ္ဇာ, တဏှာ, ကံ, ဝေဒနာ ဆိုတာဟာ ဉာဏ် ၄-ဉာဏ်က နေတက်သာတာပါ။

ကိုင်း...ဒီကောင်ကို ဘယ်လိုလုပ်ပြီး သတ်မလဲ၊ ဒါဖြင့်ရင် ဘယ်ဟာကဖြစ်လဲ, ဘယ်ဟာကပျက်လဲ၊ ဒါကို စဉ်းစားပါ၊ကိုင်း အဝိဇ္ဇာရိပ်ကို ပေါ်လွင်အောင် ပြောပြမယ်၊ ကျန်တာတွေကို တော့ တွေးယူကြပါတော့၊ အခု တိဟိတ်ခန္ဓာ ပေါ်လာတော့ သူက ကပ်ပါလာတယ်၊ ဒီ တိဟိတ်ခန္ဓာပေါ်လာတာဟာ နာမ ရူပပရိစ္ဆေဒဉာဏ်ကစပြီး ယူလာရပါတယ်၊ ဒီတော့ ပဋိသန္ဓေ ၄-မျိုးမှာ ဂဗ္ဘသေယျပဋိသန္ဓေဟာ အမြတ်ဆုံးဘဲ၊ ဒါကြောင့် ဘုရားရှင်ဟာ မယ်တော်မာယာဝမ်းထဲဝင်ပြီး ပဋိသန္ဓေယူတာ ပါ၊ အမိဝမ်းထဲမှ အင်္ဂါအပြည့်အစုံယူလာရတာသည်ပင် ဥတု ပိုင်း, အာဟာရပိုင်း, စိတ်ပိုင်း, ကံပိုင်းတွေမှာ အပြည့်အစုံ ပါလာပါတယ်။

ဒီတော့ ထမင်းစားတဲ့အခါမှာ ဥတုကို ဥတုပိုင်းက ဝါးမျို စားသောက်နိုင်တယ်၊ နောက် ဥပပါတ်ပဋိသန္ဓေကျတော့(ဝါ) နတ်တွေကျတော့ ဥတုပိုင်းဟာ လျော့သွားပြီ၊ နတ်တွေမှာ အာဟာရပိုင်းက ဆင်းလာတဲ့အတွက် နတ်တွေ ထမင်းစားတဲ့ အခါမှာ သုဓာအာဟာရကိုသာစားသောက်နိုင်ကြတယ်၊လူတွေ ကျတော့ ကဗဠီကာရအာဟာရကို စားသောက်နိုင်ကြတယ်၊ နတ်ဘုံ ၆-ထပ်မှာကို ခံစားတာချင်း မတူတော့ပါ၊ အဲဒါ စိတ်ဖြင့်သာ ခံစားသွားကြတော့တယ်။

ဗြဟ္မာကြီးတွေကျတော့ ဈာန်ရပုဂ္ဂိုလ်တွေ ဖြစ်သဖြင့် အဲဒါ ကံဖြင့်သာ ခံစားသွားကြတယ်၊ ဒါကြောင့် ဂဗ္ဘသေယျက

ပဋိသန္ဓေဖြင့်နေတဲ့ ဘုရားရှင်ကို ကျန် ၃-မျိုးအားဖြင့် ပဋိသန္ဓေနေတဲ့ပုဂ္ဂိုလ်တွေက လာပြီးရှိခိုးရတာပါ၊ ဒီတော့ တိဟိတ်ခန္ဓာပေါ်လိုက်တာနဲ့ ဒီ အရိပ်တွေကို ခွါလိုက်တာနဲ့ စင်ကြယ်သွားပါပြီ၊ ဒါဟာ တရုဏပညာခန္ဓာလေးပါ၊ ဒါဟာ ပိုးစုန်းကြူးလို လက်နိုင်တဲ့ လျှပ်စစ်ဓာတ်အားလေးပါ၊ မဂ်ကျတော့ ဗလဝပညာ၊ အဲဒါ လျှပ်စစ်မျှားလက်သလို ဝင်းကနဲ့ လက်ကနဲ ထွက်လာပြီ၊ ဒါကို ဝုဋ္ဌာနဂါမိနီလို့ ပြလာပါတယ်။

အခု တိဟိတ်ခန္ဓာလေးဟာ ပရိပါစက မီးဓာတ်အနေနဲ့ ရှိနေသေးတယ်၊ တိဟိတ်ခန္ဓာမှာကို အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဝေဒနာတွေ ကပ်နေသေးတယ်၊ ဒါကို ခွါရမယ်၊ ဒီတော့ အဝိဇ္ဇာဟာ ဘယ်ကလိုက်လာသလဲ၊ နာမရူပ ပရိစ္ဆေဒဉာဏ် ပရမတ် ရုပ်ဓာတ်ကနေစပြီး ပဋိသန္ဓေအနေနဲ့ ယူလာတာပါ၊ ပစ္စယပရိဂ္ဂဟဉာဏ်ကျတော့ နာမ်ဓာတ်ကနေပြီး တဏှာသဘော အနေနဲ့ ယူလာတယ်၊ သမ္မသနဉာဏ်ကျတော့လဲ ပစ္စုပ္ပန် အနတ္တဓာတ်ကနေပြီး ကံသဘောကို ယူလာတယ်၊ ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်မှာ ဝေဒနာဆိုပြီးတော့ရင် ယခု ပညာမြင် ဥဒယဗ္ဗယဉာဏ်ရောက်လာတော့ အဲဒါ တိဟိတ်ခန္ဓာကိုလဲ ဖွားချလိုက်ရော ဒီ နိမိတ် ၄-ချက်ဟာ ကပ်ပြီးပါလာတော့တယ်၊ ဒီတော့ ဒါဟာ ရုပ်ရိပ်ကပါလာတဲ့ အဝိဇ္ဇာရိပ်ပါ၊ ဒါကို ပညာမြင် ဥဒယဗ္ဗယဉာဏ်မှာ "ဖြစ်" လို့ ပြောတာပါ၊ ဒ ဟာ အောက်ဉာဏ် ၄ ဉာဏ်ကနေ ပါလာတဲ့အတွက်ကြောင့် "ဖြစ်" လို့ပြောတာပါ၊ ဒီကနေ ဝိပဿနာ သမ္မာဒိဋ္ဌိမျိုးကြီး ပေါက်ဖွားလာတယ်။

ဘာ့ကြောင့် "ဖြစ်" လို့ပြောတာလဲ၊ ပညာမြင် ဥဒယဗ္ဗယခန္ဓာရဲ့အစ အနတ္တလေးဖြစ်ခြင်းကြောင့် ဖြစ်သဘောလို့ ပြော

တာပါ၊ ဒါကို အတ္တအနေနဲ့ သွားယူနေကြတာပါ၊ ဒါကို သညာဝိညာဏ်နဲ့ သွားဆွဲနေကြတာပါ၊ (ဝါ) သဘာဝကိုမမြင်ဘဲနဲ့ ဆွဲတာဖြစ်ခြင်းကြောင့် အတ္တအနေနဲ့ ပြောနေကြတာတွေပါ၊ သဘာဝကိုမြင်ရင် အနတ္တအစစ်ကို "ဖြစ်"လို့ ပြောတာပါ၊ (ဝါ) ဖြစ်သဘောကို အနတ္တအနေနဲ့ယူတာပါ။

ကိုင်း.... ဖြစ်တယ်ဆိုတဲ့ အဝိဇ္ဇာ, တဏှာ, ကံ, ဝေဒနာကို ဘာနဲ့သတ်မလဲ၊ ဒီတော့ အကျိုးသညာတ, အကြောင်းဘညာဘ ဆိုတဲ့ ၂-မျိုးမှာ အခု ဒီနေရာမှာ အကြောင်းသညာတနဲ့ သတ်ရမယ်၊ ရှေ့ဉာဏ်၆-ဉာဏ်ဝဲကြီးကျတော့ အကျိုးသညာတနဲ့သတ်ရမယ်၊ ဒီနေရာမှာ အကြောင်းဘရားတွေကို သုဉ်းဆိတ်အောင်....

သုညတော ပရတော စေဝ၊ ပဃော အဝသဝတ္တနတော။
အသာရတော ဝိဒ္ဓါ ခန္ဓေ၊ သက္ကာယဒိဋ္ဌိ ပဟာတဝေ။
ဒါနဲ့သတ်ရမယ်။

သုညတ သုဉ်းဆိတ်တယ်ဆိုတာဟာ ရုပ်တရား အဝိဇ္ဇာကို ယူစေလိုတယ်၊ အဝိဇ္ဇာဆိုတာ မျက်ကွယ်သဘော, ဒါကို သုဉ်းဆိတ်တယ်လို့ယူပါ၊ သုဉ်းဆိတ်တာဟာ ငြိမ်းတွေ့သဘောပါ၊ နောက် နာမ်ရုပ် အနာဂတ်သဘောကျတော့လဲ ပရတအနတ္တ, နောက် ရုပ်နာမ် ပစ္စုပ္ပန်သဘောကံကျတော့ အသာရကဋ္ဌ အနတ္တ, သူ့မှာ အတိတ်အနာဂတ်သဘောမရှိတဲ့အတွက် အနှစ်အသားမရှိတော့ပါ၊ ဒီတော့ ပခုတအနတ္တဟာ ဒုက္ခမှာဉက္ကောင်း ကျတယ်ဆိုတာကို ရှေ့ကျရင် ဟောသွားတော့မယ်။

ကာလ ၃-ပါးကို သုညတ ၃ လုံးနဲ့ ချေလိုက်ပြီ၊ အခု ဒီနေရာမှာ တချက်ထဲပြောဘို့ရာဘဲ ရှိတော့တာဘဲ၊ သူ့သဘာဝ

ကိုမြင်အောင် ရှုလိုက်ရင် တခါထဲ ကွာကျသွားတော့မှာဘဲ၊ ဒီတော့ အတိတ်အဝိဇ္ဇာရိပ်ကို သုညတအနတ္တလို့ မြင်ရင် အနာဂတ်တဏှာရိပ်ဟာလဲ ပရတအနတ္တမှာ ဥက္ခောင်းကျပါတယ်။

အတိတ် အနာဂတ်လဲမရှိဘဲ ပစ္စုပ္ပန်ကံရိပ်ဟာ အသာရတ္ထ အနတ္တမှာ ဥက္ခောင်းကျပါတယ်၊ ဒီလိုပဲ ဥက္ခောင်းကျသွားရော အဝသဝတ္တနအနတ္တ-အစိုးမရ အလိုသို့မလိုက်တဲ့သဘောပါ၊ ဒါဟာ ဝေဒနာရိပ်လေးပါ၊ ဒါဟာ ပရမတ်သဘော အနတ္တအစစ်ကို အဝသဝတ္တနအနတ္တလို့ ပြောတာပါ၊ အဝိဇ္ဇာ, တဏှာ, ကံတွေရှိတုန်းက အစိုးရတဲ့အနေနဲ့ လိုက်နေတာဟာ အခု အဝိဇ္ဇာ, တဏှာ, ကံတွေလဲ ကွာသွားရော အဝသဝတ္တနအနတ္တထဲမှာ ဝေဒနာလေးဟာ ဥက္ခောင်းကျပါတယ်၊ ဒီဝေဒနာကနေ ရှေ့ကိုတက်သွားရမယ်။

ကိုင်း....သာဓုခေါ်ကြပါတော့

သာဓု....သာဓု....သာဓု

သီတင်းကျွတ်လဆန်း ( ၁ ) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၂၉)

# ဓာတုမနသိကာရအပိုင်း။

ဓာတုမနသိကာရအပိုင်းဆိုတာ ဓာတ်ကြီး ၄-ပါးကို နှလုံးသွင်းဆင်ခြင်တဲ့အပိုင်းပါ၊ ဒါဖြင့် ဓာတ်ကြီး ၄ ပါးကိုဘယ်လို နှလုံးသွင်းဆင်ခြင်မလဲ၊ ဓာတ်ကြီး ၄-ပါးဆိုတာ ဘယ်ဟာလဲ၊ အဲဒါ....ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော ဆိုတဲ့ဓာတ်ကြီး ၄ ပါးကို နှလုံးသွင်းဆင်ခြင်ရမှာလား၊ ဘယ်လိုဓာတ်ကြီး ၄-ပါးကို နှလုံးသွင်းဆင်ခြင်မလဲ၊ဒါကိုအရင်စဉ်းစားရမယ်၊ ဒါမှမဟာသတိပဋ္ဌာန်လုပ်ငန်းစဉ် တရားတော်ကြီးထဲကို ဝင်မယ်၊ ဒီတော့ ပထဝီဓာတ်ဆိုတာ ဘယ်ဟာကိုခေါ်သလဲ၊ ဒီတော့ "ပထဝီဓာတု ကက္ခဠတ္တ လက္ခဏာ" ပထဝီဓာတ်ဟာ ကြမ်းထမ်းခက်ထရော်ခြင်းရှိတယ်၊ ဒီတော့ ပထဝီဓာတ်ဟာ ပျော့တယ်၊ မာတယ်၊ အာပေါဓာတ်ဟာ ယိုစီးတယ်၊ ဖွဲ့စည်းတယ်၊ ဝါယောဓာတ်ဟာ တွန်းကန်တယ်၊ လှုပ်ရှားတယ်၊ တေဇောဓာတ်ဟာ ပူတယ်၊ အေးတယ်၊ ဒါဟာလူတိုင်းသိတဲ့ဓာတ်ကြီး ၄ ပါးပါ၊ ဒါကိုဘဲ နှလုံးသွင်းဆင်ခြင်ရမှာလား၊ ဒီတော့ ဓာတ်ကြီး ၄-ပါးဟာ ဘယ် ၂-မျိုးရှိသလဲ၊ ဒါကိုအရင်စဉ်းစားရမယ်။ ဒီတော့....

"ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ
ယထာဌိတံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ"

ဘိက္ခဝေ၊ ခန္ဓာငါးတန်ရုပ်နှင့်နာမ်ကို ကောင်းကျွတ်ပြား အိုချစ်သားတို့။ ပုနစပရံ၊ တဖန်တပါးလည်း။ ဘိက္ခု၊ သတိပဋ္ဌာန်

ပုံစံနံပါတ် (၂၉)



တရားလုပ်ငန်းစဉ်ကိုအားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်သည်။ ယထာဝုတ္တံ၊ တည်တိုင်းသာလျှင် ဖြစ်သော။ ယထာပဏိဟိတံ၊ ထားတိုင်းသာလျှင်ဖြစ်သော။ ဣမမေဝကာယံ၊ ဤအာရုံ့ အာရမ္မဏိကသဘောမျှဖြစ်သောရူပကာယကိုသာလျှင်။ ဓာတုသော၊ ဓာတ်အားဖြင့်။ ပစ္စဝေက္ခတိ၊ အမြဲမပြတ်ပွါးများဆင်ခြင်အပ်၏။ လို့ မဟာသတိပဋ္ဌာန်ပါဠိတော်မှာ ရှင်တော်မြတ်ဟောကြား တော်မူခဲ့ပါတယ်။

ဒီတော့ တည်တိုင်းသာလျှင်ဖြစ်တဲ့ ထားတိုင်းသာလျှင်ဖြစ်တဲ့ ဓာတ်ကြီး ၄-ပါးကိုသာ နှလုံးသွင်းဆင်ခြင်ရမယ်လို့ ဟော ကြားတော်မူပါတယ်၊ ဒါဖြင့် တည်တိုင်းသာလျှင်ဖြစ်သောဆိုတာ ဘာကိုခေါ်တာလဲ၊ ထားတိုင်းသာလျှင်ဖြစ်သောဆိုတာ ဘာကို ခေါ်တာလဲ၊ ဒါကိုစဉ်းစားစားရမယ်၊ ဒါကိုတွေ့ပြီဆိုတော့မှ ရှေ့ကိုဆင်ခြင်ရမယ်၊ ခွဲစိတ်ရမယ်၊ ဒီယထာဝုတ္တံ၊ ယထာပဏိ ဟိတံကိုမှ မတွေ့ဘဲနဲ့ အဲဒါ ပျော့မာပထဝီ၊ ယိုစီးဖွဲ့စည်း အာ ပေါ၊ တွန်းကန် လှုပ်ရှားဝါယော၊ ပူ-အေး တေဇော-လို့ ရှုနေ လို့ရမလား၊ မရပါ၊ ဒါကို ဘုရားရှင်က မဟာသတိပဋ္ဌာန်လုပ် ငန်းစဉ်တရားတော်ထဲမသွင်းပါ၊ အဲဒါ ယထာဝုတ္တံ ယထာပဏိ ဟိတံ အနေနဲ့သာ ဟောကြားခဲ့ပါတယ်၊ ဒါကိုဆင်ခြင်ရမယ်။

ဘယ်လိုဆင်ခြင်မလဲ ?။

"ကိံ ပစ္စဝေက္ခတိ"အဘယ်ကဲ့သို့ ပွါးများဆင်ခြင်ရာသနည်း၊ ဣမသ္မိံ ကာယေ၊ ဤမိမိ၏ရူပကာယ၌။ ပထဝီဓာတု၊ ပထဝီ ဓာတ်သည်ရှိ၏။ အာပေါဓာတု၊ အာပေါဓာတ်သည်ရှိ၏။ ဝါယောဓာတု၊ ဝါယောဓာတ်သည်ရှိ၏။ တေဇောဓာတု၊

တေဇောဓာတ်သည်၎င်း။ အတ္ထိ၊ ရှိ၏။ ဇာတိ၊ ဤသို့။ ပစ္စဝေက္ခတိ၊ ဆင်ခြင်ရာ၏-လို့ ဟောကြားလာတယ်။

နောက် ဥပမာ ထုတ်ပြီးပြလာတယ်၊ ဘယ်လို ဥပမာပြလာသလဲဆိုတော့....

သေယျထာပိ ဘိက္ခဝေ ဒက္ခော ဂေါဃာတကောဝါ ဂေါဃာတကန္တေဝါသီဝါ ဂါဝိံ ဝဓိတွာ စတုမဟာပထေ ဗိလသော ဝိဘဇိတွာ နိသိန္နော အဿ-ဟု ဟောကြားလာပါတယ်။

သေယျထာပိ၊ ဥပမာပုံဆို အဘယ်ဟာလို နည်းဟူမူကား။ ဒက္ခော၊ ကျွမ်းကျင်ဘတ်မြောက်သော။ ဂေါဃာတကောဝါ၊ နွားသတ်ယောကျ်ားသည်၎င်း။ ဂေါဃာတကန္တေဝါသီဝါ၊ နွားသတ်ယောကျ်ား၏တပည့်သည်၎င်း။ ဂါဝိံ၊ နွားကို။ ဝဓိတွာ၊ သတ်၍။ စတုမဟာပထေ၊ လမ်းလေးခွ၌။ ဗိလသော၊ ဝေစုဓဝပုံအဘို့အားဖြင့်။ ဝိဘဇိတွာ၊ ခွဲဝေ၍၊ နိသိန္နော၊ နေသည်။ အဿယောတိယထာ၊ ဖြစ်ဘိသကဲ့သို့....လို့ ဥပမာပြပြီး ဟောကြားခဲ့တယ်။

ဒီတော့ ဟိုနေ့ကပြလိုက်တဲ့ ဋ္ဌရိယာပထလုပ်ငန်းစဉ်က နွားကောင်ကြီးကိုသတ်လိုက်သလိုပါ၊ ဒါပေမဲ့ ဒီနွားကောင်ကြီးဟာ မပျောက်ပျက်သေးပါ၊ အဲဒါ သမူဟပညတ်ရိပ်ကြီး ရှိနေသေးတယ်၊ ဒါ့ကြောင့် နာမပညတ်နဲ့ သဏ္ဌာနပညတ်တွေ ထွက်နေသေးတယ်၊ ဒီနွားကောင်ကြီး ပျောက်သွားအောင် ယခုဓာတုမနသိကာရအပိုင်းက လုပ်ရတော့မယ်၊ အဲ့ဒါ ဥပမာပြထားတဲ့ အတိုင်း ဒီနွားကောင်ကြီးကို လမ်းလေးခွကိုယူသွားပြီး အမဲ

သွားဖျက်ခါ စေစုဝေပုံခွဲဝေပြီး ယူသွားကြတဲ့အခါမှာ ဒီနွားကောင်ကြီးဟာ မရှိတော့ဘဲပျောက်သွားသလို ယခုလုပ်ငန်းစဉ်နဲ့ အားထုတ်ရတော့မယ်၊ဒါက စကားတရပ် တက်လိုက်တာပါ။

ကိုင်းသဘာဝကိုထုတ်ပြဦးစို့ရဲ့၊ "ယထာဌိတံ, ယထာပဏိဟိတံ" တည်တိုင်းသာလျှင်ဖြစ်သော, ထားတိုင်းသာလျှင်ဖြစ်သော-ဆိုတဲ့ဓာတ်ကြီး ၄-ပါးဟာအဘယ်ဟာလဲ၊ ဒီတော့ ပထဝီဓာတ်ဟာ....

(၁) ပထဝီဓာတု "ကက္ခဠတ္တလက္ခဏာ" ပထဝီဓာတ်ဟာ ကြမ်းထန်ခက်ထရော်ခြင်း လက္ခဏာရှိတယ်၊ ဒါက ပထဝီဓာတ်ဟာ လက်ညှိုးနဲ့ စမ်းသပ်လိုက်တဲ့အခါ ပြော့ခြင်း မာခြင်းလက္ခဏာရှိတယ်-ဆိုတဲ့ပထဝီဓာတ်။

(၂) "ပတိဋ္ဌာနရသ" ပထဝီဓာတ်ဟာတည်ခြင်း ကိစ္စရှိတယ်၊ ဒါက လက်ညှိုးနဲ့ မစမ်းသပ်သော်လဲ သညာဝိညာဏ်ဖြင့်သိရတဲ့ပထဝီဓာတ်ပါ။

(၃) "သမ္ပဋိစ္ဆနပစ္စုပဋ္ဌာန" ပထဝီဓာတ်ဟာ-ခံလင့်သကဲ့သို့သောအခြင်းအရာရှိတယ်၊ဒါက တရားအားထုတ်သောယောဂီပုဂ္ဂိုလ်တို့ရဲ့ ဉာဏ်မှာ ရှေ့ရှုထင်တဲ့ပထဝီဓာတ်-ဆိုပြီး ၃-မျိုးရှိတယ်။

ပထဝီ ၃-မျိုးထဲမှာယခုဓာတုမနသိကာရအပိုင်းကဘယ်ပထဝီဓာတ်ကို ရှင်တော်မြတ်ဟောကြားတာလဲ၊ ဒါကိုစဉ်းစားပါ၊ ဒီမဟာသတိပဋ္ဌာန်လုပ်ငန်းစဉ် တရားတော်ကြီးကို ပညာမျက်စေ့, သဘာဝမျက်စေ့ရှိမှ သိနိုင်, မြင်နိုင်, အားထုတ်နိုင်

မယ်၊ ဒီဓာတုမနသိကာရအပိုင်းကို ဘုရားရှင်ဟောကြားတာဟာ သမထယာနိကလမ်း ချမ်းသာပုဂ္ဂိုလ်တွေနဲ့လဲ ဆက်ဆံတယ်၊ ဝိပဿနာယာနိကလမ်း သမားတွေနဲ့လဲဆက်ဆံတယ်၊ ဒီတော့ မဂ်တရား ဖိုလ်တရားကို အားထုတ်တာဟာ သမထယာနိကလမ်း၊ ဝိပဿနာ ယာနိကလမ်းဆိုပြီး ၂-မျိုးရှိတယ်။

သမထယာနိကလမ်းဆိုတာဟာ အဲဒါ ချမ်းတရားတွေကို ရအောင် အားထုတ်ပြီးမှ ၎င်းချမ်းလမ်းကနေ မဂ်တရား ဖိုလ်တရားကို တက်သွားတဲ့ပုဂ္ဂိုလ်ကိုခေါ်တယ်၊ ဒီတော့ ချမ်းသာ ရသေးတယ်၊ မဂ်ဖိုလ်တရားကိုမရသေးတဲ့ ပုဂ္ဂိုလ်တွေဟာလဲ ဒီဓာတုမနသိကာရ အပိုင်းကို ဝင်ပြီးကိုင်ရပြန်တယ်၊ ဒါက သမထယာနိကလမ်းပါ၊နောက် ဝိပဿနာယာနိကလမ်းကျတော့ ချမ်းတရားရအောင် အားမထုတ်ခတော့ဘဲ ဝိပဿနာရိုးရိုးသာ အားထုတ်ပြီး ဒီဓာတုမနသိကာရအပိုင်းကို ဝင်ကိုင်ရင်လဲရပါတယ်၊ ဒါကို ဝိပဿနာယာနိက လမ်းလို့ခေါ်တယ်။

ဒီတော့ သမထယာနိကလမ်းက ပုဂ္ဂိုလ်တွေဟာ ဒီ ဓာတုမနသိကာရအပိုင်းကို ကိုင်ရင်ဘယ်ကစပြီး ကိုင်သလဲဆိုတော့ အဲဒါ "ပထဝီဓာတု ကက္ခဠတ္တလက္ခဏာ" ကစပြီး ကိုင်ရမယ်၊ ဒီကနေမှ နာမရူပပရိစ္ဆေဒဉာဏ်ကို ကိုင်ရတယ်၊ ဒီကနေမှ ရှေ့ကိုတဖြေးဖြေးတက်သွားတယ်၊ ဒီတော့ ချမ်းရနေသော်လဲ ဘယ်လောက်တောင် အောက်ကျနေသလဲ၊ အခု တကာကြီး၊ တကာမကြီးတို့ ကျတော့ ဝိပဿနာယာနိကလမ်းဘက်ကနေ တက်လာတာဟာ အခု ဥဒယဗ္ဗယဉာဏ်ကြီးတောင် ရောက်လာပြီ၊ ဒီတော့ ယခု ဓာတုမနသိကာရအပိုင်းမှာ ဘယ်လိုကိုင်ရမလဲ၊ ဒါကို ပြန်ကြည့်ပါ၊ ဒီတော့ "ပထဝီဓာတုကက္ခဠတ္တလက္ခဏာ" ဆိုတာက ချမ်း

သောာဇီပုဂ္ဂိုလ်တွေအတွက်လို့သာ မှတ်ထားလိုက်ပါတော့၊ ဒါကို အခု မကိုင်နဲ့တော့။

ဒီတော့ ဥဒယဗ္ဗယဉာဏ်ကြီးမှာ သုည ၄-လုံးနဲ့လဲ ရိုက်ချိုး လိုက်ရော "ဖြစ်"သဘောတွေ ဇာတ်သိမ်းပြီး "၃၁"ဘုံကြီး မှာ မဖြစ်တဲ့သဘောလေးသာ ရှိတော့တယ်၊ ဒါဟာ နိရောဓ သစ္စာထဲဝင်သွားပြီ၊ နောက် ပျက်ဆိုတဲ့ ခန္ဓာ ၄ကောင်ဟာလဲ ပျက်လို့တောင် မပြောနိုင်တော့ဘဲ (ဝါ) ပျက်သဘောဟာ သညာဝိညာဏ်ကပြောတဲ့ ပျက်သဘောမဟုတ်တော့ဘဲ တကယ့် "ပျက်"ဖြစ်ပြီး ပျက်သဘောထဲမှာ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့ဟာ ပါသွားပြီ၊ အဲဒါ တကယ့်ပရမတ်အစစ် ပျက်သဘောဝေဒနာလေးသာ ကျန်တော့တယ်၊ ဒီတော့ ၃၁ ဘုံကြီးမှာ ဖြစ်ပျက်လို့ပြောနေကြတာဟာ သညာဝိညာဏ်က ပြောနေတဲ့ သဘောတွေပါ၊ အခု ပြောတဲ့ပရမတ်အစစ် ပျက် သဘောဟာ မပြုပြင်တဲ့ မဂ္ဂသစ္စာထဲမှာ ဥစ္စောင်းကျနေပြီ။

ဒီတော့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ ၂-ပါး ဇာတ်သိမ်းပြီ၊ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ ၂-ပါးမှာ ဥစ္စောင်းကျနေပြီ၊ဒီတော့ အခု ဓာတုမနသိကာရ အပိုင်းမှာ ဒီထက် အောက်ကျတာကို ကိုင်လို့မရတော့ပါ၊ အဲဒါ ပညာမြင် ဖြစ်ပျက်ကနေပြီး ဖရှ့ကို တက်ရတော့မယ်၊ ဒီတော့ ဈာနလာဘီပုဂ္ဂိုလ်လို ပထဝီဓာတ် ဟာ မာတယ်ပြော့တယ်လို့ ရှုလို့မရတော့ပါ (ဝါ) ဆင်ခြင် လို့မရပါ၊ ဒီထက် မြင့်တဲ့နေရာကနေပြီး တက်ကိုင်ရမယ်၊ ဒါကြောင့် စဉ်းစားပါ၊ ဒါကြောင့် ယခု ဓာတုမနသိကာရ အပိုင်းဟာ သမထယာနိကလမ်းရော့ ဝိပဿနာယာနိကလမ်းပါ ၂-လမ်းလုံးကိုင်ပါတယ်။

ဒီတော့ လက္ခဏာအနေနဲ့ ထွက်နေတဲ့ ခေတ် ၄-ပါးကို အခု မကိုင်နဲ့တော့၊ ဒါဖြင့် ဘယ်လိုခေတ် ၄-ပါးကို ကိုင်ရမလဲဆိုရင် "ယထာဒိဋ္ဌံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ" လို့ ဟောကြားလာတဲ့အတိုင်း နှလုံးသွင်း ဆင်ခြင်ရမယ်၊ ဒါက စကားတရပ် တက်ပြတာပါ၊ နောက်တခါ စကားတရပ်တက်ပြအုံးမယ်၊ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကို ပိုင်သွားတဲ့ ပုဂ္ဂိုလ်ဟာ ရုပ် နာမ် သညာ ဝိညာဏ်ရယ်လို့ လုပ်ငန်းစဉ်ဖွင့်လာတာဟာ "ဥပမာ" နာမရူပပရိစ္ဆေဒဉာဏ်က ရုပ်ကိုချပြီး (ဝါ) ဆန်ကြီးဖြင့်တဲ့ ရုပ် ၈-ပါးကို ချခဲ့တယ်၊ ဒီတော့ ရုပ်တရားသာ ကြေပြီး အနတ္တခေတ်ဖြစ်ပြီးတဲ့ နာမ်တရား ထွက်လာတယ်၊ ပရိယတ်နယ်က ဒီထိအောင် မခွဲနိုင်ပါ၊ ပဋိပတ်နယ်ကျမှသာ ဥတုဇနာမ်၊ အာဟာရဇနာမ်၊ စိတ္တဇနာမ်၊ ကမ္မဇနာမ်ဆိုပြီး ခွဲထုတ်လာတာပါ။

ဒီတော့ ရုပ်အနတ္တဖြစ်ပြီး နာမ်သဘောလဲ ပေါ်လာရော ပစ္စယပရိဂ္ဂဟဉာဏ်က ချေလိုက်တော့ သညာလေးထွက်လာတယ်၊ ဒါကိုတခါထပ်ပြီး သမ္မသနဉာဏ်က ချေလိုက်တော့ အတိတ်စုန်း၊ အနာဂတ်စုန်းတို့ ပေါင်းနေတဲ့ ဝိညာဏ်ကြီး ထွက်လာတယ်၊ (ဝါ) ပညတ်သဘောဝိညာဏ်ကြီး ထွက်လာတယ်၊ ဒါကို တခါ ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်က ထပ်ပြီးချေလိုက်တော့ ပရမတ် ဝိညာဏ်ကြီး ထွက်လာတယ်၊ ဒါဟာ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကြီးပါ၊ ဒီပရမတ် ဝိညာဏ်ကြီးထဲမှာ သညာလေးဟာ ခွဲလို့မရအောင် ကိန်းနေတယ်၊ ဒါကို ပညာမြင် ဥဒယဗ္ဗယဉာဏ်ကြီးကလဲ ချေလိုက်ရော သညာလေးဟာ ပျက်သဘောထဲကျပြီး ကိုယ်ဝန်ဆောင်ထားတဲ့ ဝိညာဏ်ကြီးဟာ

သွေးသွားတယ်၊ အဲဒါ အကျိုးဝိညာဏ်သာ ကျန်တော့တယ်၊ ဒီလိုကို တရားတက်လာတယ်။

ဒီ အကျိုးဝိညာဏ်ကို အခု ဓာတုမနသိကာရအပိုင်းကို တင်လာတယ်၊ ဒါကိုမြင်အောင်လို့ ဘုရားရှင်က နွားသတ်သမား ဥပမာနဲ့ပြပြီး ဟောကြားလာတာပါ၊ ဒီတော့ ပညာမြင် ဥဒယဗ္ဗယဉာဏ်ရဲ့ ဟိုဘက်မှာ အကျိုးသာရှိတော့တယ်၊ (ဝါ) အပျက်သဘော သက်သက်သာရှိတော့တယ်ဆိုပြီး ပြလာတယ်၊ သူ့ကိုမသတ်ဘဲနေတာတောင် တနေ့ သေတော့မယ်၊ အဲဒါ အကျိုးဝိညာဏ်ကြီး ကျန်နေတဲ့အတွက်ကြောင့်ပါ၊ ဒါကို ယခု ကျူပြင်ခုတ် ကျူငုတ်တောင် မကျန်ရအောင် ယခု အကျိုးဝိညာဏ်ကို ချေလိမ့်အုံးမယ်၊ (ဝါ) သတ်လိမ့်အုံးမယ်၊ အဲဒါ ရုပ်တွေ နာမ်တွေ မရှိတော့မှ မဂ်ဖိုလ်ကိုဝင်ရတော့မယ်။

ကိုင်း....ယခု ဘယ်လိုလုပ်မလဲ၊ ဒီတော့ အခု ဓာတုမနသိကာရအပိုင်းကို ကိုင်ရင် ဓာတ် ၄-ပါးကို ဘယ်လိုကိုင်ရမလဲ၊ ဒီတော့ ဈာနလာဘီ ပုဂ္ဂိုလ်ကြီးတွေကိုင်တဲ့ ပထဝီ ပြောမှာ၊ ပထဝီဓာတ်ဟာ တည်ခြင်းကိစ္စရှိတယ်၊ ပထဝီဓာတ်ဟာ ခံလင့်သကဲ့သို့သော အခြင်းအရာရှိတယ်ဆိုတဲ့ ပထဝီဓာတ် ၃-မျိုးကို ကိုင်လို့မရပါ၊ ဒါတွေကို အကုန်လုံး မောင်းထုတ်ပစ်လိုက်ပါ၊ အခုဟာက သရက်စေ့အခြမ်းကို ဒါးနဲ့စင်းရတော့မဲ့ သဘောကို ရောက်လာပြီ၊ ကိုင်း ဘယ်လိုရှုမလဲ၊ ရှုမဲ့ဓာတ် ၄-ပါးကို ရှာပါ၊ ဒါဟာ လက်တွေ့နည်းပါ၊ ပညာမြင် ဥဒယဗ္ဗယကြီးရဲ့ ဟိုဘက်မှာ အကြောင်းတရားတွေဟာ ကုန်သွားပြီ၊ အကျိုးတရားတွေသာလျှင် ရှိတော့တယ်၊ ဒီ ပညာမြင် ဥဒယဗ္ဗယဉာဏ်

ကြီးကို ပိုင်တဲ့ပုဂ္ဂိုလ်များအတွက် အဲဒါ "ယထာဘူတံ ယထာဝ ပဏီဟိတံ" ဆိုပြီး ဟောကြားလာတာပါ။

ဒီသဘာဝကို မလိုက်နိုင်ကြတဲ့အတွက် အဲဒါ မဆဲ့တတ်ကြတော့ပါ၊ ဒါကို နားလည်ရင် နောက်တကြောင်း တက်ပြအုံးမယ်၊ ဒီတော့ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် ဒီ ၄-ဉာဏ်ကို ပြန်ကိုင်လိုက်ပါ၊ ဒီတော့ သမ္မသနဉာဏ်မှာ ဘုရားရှင်က "အတီတာနာဂတ ပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန" လို့ ဟောကြားလာတယ်၊ ဒီတော့ အတိတ်ကာလ ရုပ်နာမ်မှာ သညာပြဋ္ဌာန်းတဲ့ရုပ်နာမ်၊ အနာဂတ်ရုပ်နာမ်မှာလဲ သညာပြဋ္ဌာန်းတဲ့ ရုပ်နာမ်၊ ပစ္စုပ္ပန်ကာလ ရုပ်နာမ်မှာလဲ သညာပြဋ္ဌာန်းတဲ့ရုပ်နာမ်တွေကိုသာ သတ်နိုင်တယ်၊ ဝိညာဏ်ပြဋ္ဌာန်းတဲ့ ရုပ်နာမ်ကို မသတ်နိုင်သေးပါ၊ ဒါကြောင့် ဝိညာဏ်ကြီးဟာ မသေသေးပါ၊ အဲဒါ ကာလ ၃-ပါးထဲမှာရှိတဲ့ ဝိညာဏ်ကြီးဟာ ကျန်နေသေးတယ်။

အဲဒီကျန်နေတဲ့ဝိညာဏ်ကြီးကို အခုခေတ်မှာ သဘာဝ အပိုင်းမှာ ခွဲထုတ်လာကယ်၊ အခုဒီဝိညာဏ်ကိုသတ်ရတော့မယ်၊ ကိုင်းအခု လေးကြောင်း၊ လေးသွယ်အဖနေနဲ့ တရားတက်ပုံကိုထုတ်ပြလိုက်ပြီ၊ ဉာဏ်ကြီးတဲ့ပုဂ္ဂိုလ်တွေဆိုရင် ရှာနိုင်လာပြီ၊ ဒီတော့ အခု အကျိုးသဘောအနေနဲ့သာ ရှိတော့တယ်၊ ဒါကိုအပျက်သဘောလို့ခေါ်တယ်၊ ဒီအကျိုးသဘော၊ အပျက်တွေကို ထပ်ထပ်ပြီးရှုတာကို "အနုပဿနာဉာဏ်" လို့ခေါ်တယ်၊ ဒီတော့ အကျိုးရုပ်ဆိုတာကို အခုခေတ်မှာ သဘာဝ အပိုင်းက ဖြတ်တော့မယ်၊ (၀ါ) သတ်တော့မယ်၊ ဒီတော့ အကျိုးရုပ်ဆိုတာဟာ

ဘယ်ဟာလဲ၊ ပျက်သဘောဆိုတာဘယ်ဟာလဲ၊ ဒါကိုရှင်းပြအုံးမယ်၊ ဒီတော့ "ယထာဘူတံ" ဆိုတာက ပညာမြင်-ဥဒယဗ္ဗယဉာဏ်ကို မချောင်ရှိနေတဲ့ ပထဝီ ၃-မျိုးကိုခေါ်တယ်၊ ဒါဟာ သဘာဝနယ်မှာရှိနေတဲ့ သဘာဝတွေပါ၊ ဒါကို ဘုရားရှင်က ယထာဘူတံ၊ တည်တိုင်းသာလျှင်ဖြစ်သော။ (ဝါ) သဘာဝနယ်မှာ သဘာဝအတိုင်းရှိတာကိုခေါ်တယ်။

ဒီ-ယထာဘူတံ-ဆိုတဲ့ပါဠိကို ဈာနလာဘီ ပုဂ္ဂိုလ်တွေအတွက် ဘုရားရှင်ကထည့်ထားတာပါ၊ ဒီတော့ "ပထဝီဓာတု ကက္ခဠတ္တ လက္ခဏာ" ကိုကိုင်ရင် နာမရူပ-ပရိစ္ဆေဒဉာဏ်ကို ရောက်မယ်၊ နောက် "ပထဝီဓာတုပတိဋ္ဌာန-ရသ" ကိုကိုင်ရင် ပစ္စယပရိဂ္ဂဟ ဉာဏ်ကို ရောက်မယ်၊နောက် "ပထဝီဓာတု သမ္ပဋိစ္ဆနပစ္စုပဋ္ဌာန" ကိုကိုင်ရင် သမ္မသနဉာဏ်ကိုရောက်မယ်၊ ဒီတော့ အာဋ္ဌာရ, ဥဒက တို့ဟာ ဝိပဿနာဉာဏ်ကိုကူးရင် ဘယ်ကနေကူးမလဲ၊ (ဝါ) မဂ်တရား ဖိုလ်တရားကိုလိုချင်လို့ ဝိပဿနာကို ဆင်းရင် ဘယ်ကနေဆင်းမလဲ၊ သူတို့ကို အဲဒါ ဥဒယဗ္ဗယဉာဏ်ခုံရုံးကို တင်မပေးပါ၊ အဲဒါ နာမရူပ-ပရိစ္ဆေဒဉာဏ်ကစပြီး ကိုင်ရမယ်၊ ဒီပုဂ္ဂိုလ်တွေကို သဘာဝနယ်ကြီးကျယ်အောင်လို့ ဘုရားရှင်က "ယထာဘူတံ" ဆိုပြီးရှုခိုင်းတာပါ။

အခုခေတ်တွင်းတကာကြီးတို့ကျတော့ (ဝါ)ဝိပဿနာယာနိကအလမ်းသမားတွေကတော့ ယထာပဏ်ဟိတံ- ထားတိုင်းသာလျှင်ဖြစ်သော၊ ဒါကိုကိုင်ရမယ်၊ ဒါဟာ အာရမ္မဏ်က သဘောမျှသာလျှင်ယူရတော့မယ်၊ ပညာမြင်-ဥဒယဗ္ဗယဉာဏ်ကို မလွန်ခင်တုံးက အာရုံအာရမ္မဏ်က အနေနဲ့ယူလာတယ်၊ အခု ဒီကတ္တကျတော့ အာရုံသတောမရှိတော့ပါ၊ အာရမ္မဏ်ကသဘောသာ

ရှိတော့တယ်၊ ဒီလိုအာရမ္မဏိကသဘောမျှရှိတဲ့ ခေတ် ၄-ပါးကို သာထုတ်ရတော့မယ်၊ ဒီတော့ အခု အာရမ္မဏိကသဘော(ဝါ) ပျက်သဘော (ဝါ) ထားတိုင်းသာလျှင်ဖြစ်တဲ့သဘောလေးပါ၊ ဒီကနေ ခေတ်ကြီး ၄-ပါးကိုရှာပြီးတင်ရတော့မယ်။

အခု သေတ္တာနဲ့တူတဲ့ အနုပဿနာ ၇-ဉာဏ်ထဲကို စိန်ရွှေ ရတနာတွေထည့်ရတော့မယ်၊ ကိုင်း....ယထာဒွိတံ့ ယထာပဏီ ဟိတံကို နားလည်ပြီ၊ နောက် ခေတ် ၄-ပါးဟာ ဘယ်အနေနဲ့ ရှိသလဲဆိုတာကို ပြောရအုံးမယ်၊ ဒီကဏ္ဍဟာ အရေးကြီးပါ တယ်၊ ဒီမဟာသတိပဋ္ဌာန် ပဋိပတ်လုပ်ငန်းစဉ် တရားဘော်ကြီး ကို နားလည်သွားရင် တမျိုးဖြစ်ကုန်တာဘဲ၊ အဲဒါ အစား အသောက် အနေအထိုင်တွေပါ အားလုံး ပြောင်းသွားဘာဘဲ၊ ဒီတော့ ပြောပြမယ်၊ (ဥပမာ) ဝါးလုံးလေး တလုံးတည်း ထောင်ရင် ထောင်လို့ရသလား၊ မရပါ၊ ဘာ့ကြောင့်မရသလဲ၊ ဝါးလုံးတလုံးဘည်းမှာက ထောင်နိုင်တဲ့ သတ္တိမရှိလို့ ထောင်လို့ မရတာပါ၊ (ဝါ) "သဗ္ဗဓမ္မာအနတ္တာ"ဟုရှင်တော်မြတ် ဟော ထားခြင်းကြောင့်ပါ၊ အဲဒါ သူရဲ့သဘာဝကိုက ထောင်နိုင်တဲ့ သတ္တိမရှိပါ၊ဇါကို ပညာမြင် ဥဒယဗ္ဗယဉာဏ်အထိ အနတ္တအနေ နဲ့ယူထားလိုက်ပါ။

နောက်တခါ ဝါးလုံးတလုံးကိုယူပြီးထောင်ရင် မထောင် နိုင်ကြောင်း(ဝါ)ထောင်နိုင်တဲ့သတ္တိမရှိလို့မထောင်နိုင်ကြောင်း သိပြီ ဒါဖြင့်ရင်ဝါး၄-လုံးကိုစုပြီးထောင်လိုက်တော့ ထောင်မနေ ဘူးလား၊ ဒါဘာ့ကြောင့် ထောင်နေတာလဲ ဒီဘော့မနေပါင်းရင် မထောင်နိုင်ပါ၊ ပေါင်းလိုက်မှထောင်နိုင်တာပါ၊ ဒီတော့ထောင် နိုင်တာဟာ ဝါးလုံးရဲ့ဗျာပါရလား၊ ဒီဝါးလုံးကို ထောင်လိုတဲ့

ပုဂ္ဂိုလ်ရဲ့ ဗျာပါရလား၊ တနည်း၊ သွားကြည့်တဲ့သူရဲ့ ဗျာပါရလား၊ ဒါကိုတွေးပါ၊ ဒါကိုတကယ်တွေ့ရင် သကဒါဂါမိမဂ်မှာ ဉကွောင်းကျပါတယ်၊ အခုတော့ သောတာပတ္တိမဂ်ကို အခြေခံထားပြီးပြနေရတာပါ၊ နောက်တရားဉကွောင်းချမှသာ သကဒါဂါမိမဂ်မှာ ဉကွောင်းချရမယ်၊ အခုဒီနေရာမှာ အနှစ်လေးတွေကို တေနေ့ပြီ နောက်ဒီကဏ္ဍကနေ အပါယ် ၄-ပါးသို့သွားမဲ့ကံတွေကို တခါထဲချေတော့မယ်။

ကိုင်း....ဝါးလုံးကထောင်နိုင်တာလား၊ တကာကြီးရဲ့သညာဝိညာဏ်ကြောင့်လား၊ သဘာဝကတော့ ဝါးလုံးက မထောင်တယ်လို့ မပြောသော်လဲ ဝါးလုံး ၄ လုံးပေါင်းတော့ သမူဟပညတ်ရိပ်ရှိနေတယ်၊ ဒီသမူဟပညတ်ရိပ်ရှိနေလို့ ဝါးလုံးလေးတွေဟာ ထောင်နိုင်တယ်လို့ မပြောသော်လဲ ပြောနေဘိသကဲ့သို့ထောင်နေပြီ၊ ဒါဟာ ဒီသမူဟပညတ်ရိပ်လေးကို မတွေ့လို့ပြောနေတာပါ၊ ဒီသမူဟပညတ်ရိပ်လေးကို အခု ဖျက်ရတော့မယ်၊ ဒီသမူဟပညတ်ရိပ်ဟာ တစင်ထောင်တဲ့ ပရမတ်မရှိတော့ပါ၊ ဒါပေမဲ့ မကင်းတဲ့အနေနဲ့တော့ ရှိနေသေးတယ်။

ဒီတော့ ဒီသမူဟပညတ်ရိတ်ဟာ ဘယ်သူလဲ အကျိုးဝိညာဏ်ရိပ်လေးပါ၊ ဒီတော့ ပရမတ်မရှိတော့တဲ့ သမူဟပညတ်ရိပ်လေးရှိနေသေးလို့ ထောင်တယ်လို့ ပြောနေတာပါ ဒီတော့သမူဟပညတ်ရိပ်ကို ဖျက်ဆီးလိုက်ပါ၊ ဒီသမူဟပညတ်ရိပ်ကို သာရ ၄-လုံးဆိုပြီး ရှာလာတာပါ၊ ဒီသာရ ၄-လုံးဟာ အကျိုးဝိညာဏ်ရိပ်ပါ၊ ဒါဟာ သမူဟပညတ်ရိပ်ပါ၊ ဒီသမူဟပညတ်ရိပ်ကို အခုဓာတုမနသိကာရအပိုင်းက ရိုက်ချိုးမယ်, ကိုင်းပုံစံထဲကိုဝင်သွားပြီ၊ နက်ဖြန်ကျမှ ဆက်ပြမယ်။

# ညဟောစဉ်။

အခု မဟာသတိပဋ္ဌာန်တရားတော်ကြီးဟာ အခု ခန္ဓာပိုင်းကို ရောက်လာပါပြီ၊ အဲဒါ သမ္ပယုတ္တတ်ရိပ်ကို သတ်တဲ့ ဓာတု မနသိကာရ လုပ်ငန်းစဉ်အပိုင်းထဲကို ရောက်နေပြီ၊ "ပုနစပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ" လို့ ရှင်တော်မြတ် ဟောကြားခဲ့တဲ့ အပိုင်းကို နေ့ခင်းပိုင်းက တက်ပြသိုက်ပြီ၊ ယခု ညဘက်ပုဂ္ဂိုလ် တွေအတွက် အကျဉ်းနည်းဖြင့် ပြလိုပါသေးတယ်၊ ဒီတော့ ပညတ်ရိပ် ၄-ပါးရှိတယ်၊ ဒီ ပညတ်ရိပ် ၄-ပါးကို သေအောင် သတ်နိုင်ရင် အထက်မဂ်ကြီးထိအောင် ရပါတယ်။

ဒီတော့ သန္တတိပညတ်ကို သောတာပတ္တိမဂ်က ပယ်သတ် တယ်၊ သမ္ပယပညတ်ကို သကဒါဂါမိမဂ်က ပယ်သတ်တယ်၊ သဏ္ဌာနပညတ်ကို အနာဂါမိမဂ်ကပယ်သတ်တယ်၊ နာမပညတ် ကို အရဟတ္တမဂ်က ပယ်သတ်တယ်၊ ဒါတွေကို သတ်တာဟာလဲ လွယ်ကူတယ်လို့ မထင်ပါနဲ့၊ ဒီတော့ သောတာပတ္တိမဂ်က သန္တတိပညတ်ကို သေအောင်သတ်တယ်၊ ဒါကို ဝိပဿနာလုပ် ငန်းစဉ်နဲ့ ခွဲရင် သန္တတိပညတ်ကို ပညာမြင် ဥဒယဗ္ဗယဉာဏ်က သတ်တယ်၊ သမ္ပယညတ်ကို အနိစ္စာနုပဿနာဉာဏ်ဖြစ်တဲ့ ဘင် ဉာဏ်က သတ်တယ်၊ သဏ္ဌာနပညတ်ကို ဒုက္ခာနုပဿနာဉာဏ် ဖြစ်တဲ့ ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိန္ဒဉာဏ်က သတ်တယ်၊ နာမပညတ်ကို အနတ္တာနုပဿနာဉာဏ်ဖြစ်တဲ့ မုဉ္စိတုကမျတာ ဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်ရဲ့ လုပ်ငန်းစဉ်က သတ်တယ်၊ ဒီသဘာဝတွေကိုလဲ နားလည်ထားရမယ်။

ဒီတော့ အခုမဟာသတိပဋ္ဌာန်လုပ်ငန်းစဉ်နဲ့ ဘယ်ရောက်နေပြီလဲဆိုတော့ သမ္မုဟပညတ်ရိပ်ကိုသတ်တဲ့ ကဏ္ဍကို ရောက်နေပြီ၊ ဒီတော့ သမ္မုဟပညတ် ပေါင်းစုတာဟာ ဘယ်သဘာဝတွေ ပေါင်းစုတာလဲ၊ ဒီတော့ သဘာဝတွေမရှိသော်လဲ ပညတ်တွေ ပေါင်းစုတာလဲရှိတယ်၊ ဒီတော့ သဘာဝတွေ ပေါင်းစုတာကျတော့ ဓာတ် ၄-ပါး, ဓာတ် ၈-ပါးတွေ ပေါင်းစုနေတာပါ၊ ဒီတော့ ပညတ်တွေပေါင်းစုတာကို အလွန်မြင်နိုင်ခဲတယ်၊ မလွယ်ကူလှပါ၊ ဒီတော့ ဥပမာတခု ပြောပြမယ်၊ ဝါးလုံးတလုံးထဲ ထောင်ရင် ရမ ပ ား၊ မရပါ၊ ဘာ့ကြောင့်မရသ ဲ၊ သူ့သဘာဝကကို ထောင်နိုင်တဲ့သတ္တိမှရှိလို့ပါ၊ (ဝါ) ထောင်နိုင်တဲ့သဘောတရား မှရှိလို့ပါ။

ဘာ့ကြောင့် ထောင်နိုင်တဲ့သဘာဝ မရှိတာလဲ၊ ဘုရားရှင်က "အဗ္ဗေ ဓမ္မာ အနတ္တာ" လို့ ဟောကြားထားသည့် အတွက်ကြောင့် သူရဲ့သဘာဝက အနတ္တဓာတ်မို့လို့ မထောင်နိုင်ပါ၊ ဒါဟာ ထင်ရှားနေပြီ၊ ဒီပညာမျက်စေ့လေးနဲ့ ၃၁-ဘုံဖြစ်တဲ့ လောကကြီးကို ကြည့်လိုက်စမ်းပါ၊ အဲဒါ ရုပ်ဘဲပေါ်ပေါ်, နာမ်ဘဲပေါ်ပေါ်, ဘယ်သဘာဝဘဲပေါ်ပေါ်, ပေါ်လာရင် အဲဒါ အနတ္တဓာတ်တွေဘဲ ဆိုတာကို မြင်လာရမယ်၊ ဒီတော့ ဝါးလုံးတလုံးကတော့ မထောင်နိုင်ပါ၊ ဒါဖြင့် ဝါးလုံး၄-လုံးကို ယူပြီး တလုံးစီခွဲပြီး ထောင်ရင်တော့လဲ မထောင်နိုင်ပါ၊ ဘာ့ကြောင့်လဲ အနတ္တဓာတ်တွေမို့လို့ပါဆိုတာ ထင်ရှားနေပြီ အဲဒါ သဘာဝနယ်မှာကို မထောင်နိုင်တဲ့အကြောင်းကိုသိနေပြီ။

ဒီတော့ ထောင်နိုင်တဲ့ သဘာဝသတ္တိမရှိတာ ထင်ရှားနေတဲ့ ဝါးလုံး ၄-လုံးကို စုပြီးထောင်လိုက်ရင် ထောင်နိုင်သလား၊

ထောင်နိုင်တယ်၊ (ဝါ) ထောင်နေပြီ၊ အဲဒါဟာ "အညမည ပစ္စည်း"နဲ့ တခုနဲ့တခုလဲဆက်လာရာထောင်နိုင်လာပြီ၊ ဒီတော့ ဝါးလုံးက ထောင်နိုင်တာလား၊ ဘယ်သူက ထောင်နိုင်တာလဲ၊ ဘာ့ကြောင့် အခုထောင်နေတာလဲ အဲဒါ ဝါးလုံးလေးတွေက တော့ ထောင်နေပြီ၊ ဒီတော့ ဝါးလုံးတလုံး အနေနဲ့ကျတော့ မထောင်နိုင်ပါ၊ ဝါးလုံး ၄-လုံးပေါင်းလိုက်တော့ ထောင်နိုင် တယ်၊ အဲဒီလို သတ္တဝါတွေကို လှည့်ပတ်နေတယ်၊ ဒီတော့ တခုထဲဆိုတော့ အနတ္တ၊ ၄-ခုပေါင်းလိုက်တော့ အတ္တအနေနဲ့ ဖြစ်နေကြတယ်။

ဒီတော့ သတ္တဝါတွေဟာ ဝါးလုံးလေးတလုံးတည်း ဥပမာလို တခုဖြစ်တဲ့အနတ္တဓာတ်ကိုဖြုတ်ပြီး ပေါင်းနိုင်တဲ့အတ္တကိုလိုက်ရှာ နေကြတယ်၊ ဒီတော့မှ ငါထောင်နိုင်တယ်ဆိုပြီး အတ္တအနေနဲ့ လက်မထောင်လာတယ်၊ဒီတော့ဘယ်မှာလဲ အနတ္တ၊အဲဒါတလုံးထဲ သာ အနတ္တ၊ ၄-ခုပေါင်းတော့ အတ္တ ငါထောင်နိုင်တယ်ကွ ဆိုပြီး ပြောနေပြီ၊ အဲဒီလို သတ္တဝါတွေစွဲနေတာပါ. ဒီ ၂ ချက် ကို ယခု တရားကိုနာယူနေကြတဲ့ တကာ တကာမတွေ ဘယ်လို ချေမလဲ ဒါကို ချေတဲ့အခါမှာ ဘုရားရှင်က "ယထာဘူတံ ယထာပကတိံ ဓာတုသော ပစ္စဝေက္ခတိ" လို့ လုပ်ငန်းစဉ် ပေးပြီး ဟောကြားခဲ့ပါတယ်၊ ဒီတော့ ဝါးလုံး ၄-လုံးပေါင်း တော့ အတ္တကို အနတ္တဓာတ်ဖြစ်အောင် လုပ်ရတော့မယ် ဒီတော့ ဒီ သမူဟပညတ်ရိပ်ကို ဘယ်လိုချေမလဲ၊ ဒါကို ထင်ရှားသွား အောင်လို့ ရှင်တော်မြတ်က နွားသတ်ယောကျ်ားဥပမာထားပြီး ဟောကြားခဲ့တာပါ. ကိုင်းနက်ဖြန်ကျမှ ဆက်ဟောဘော့မယ်။

ကိုင်း....သာဓု ခေါ်ကြပါတော့။

သာဓု....သာဓု....သာဓု။

သီတင်းကျွတ်လဆန်း ( ၂ )ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၂၉)

မနေ့က ခေတ္တမနသီကာရအပိုင်းရဲ့ လုပ်ငန်းစဉ်ကို ၄-ချက် တက်ပြလိုက်ပြီ၊ ဒီအပိုင်းဟာ ဈာနလာဘီပုဂ္ဂိုလ်တွေ (ဝါ) သမထယာနိကလမ်းပုဂ္ဂိုလ်တွေလဲ တက်တာဘဲ၊ ဝိပဿနာယာနိကလမ်း-ပုဂ္ဂိုလ်တွေလဲတက်တာဘဲ၊ ဒါ့ကြောင့် ဘုရားရှင်က "ယထာဒိဋ္ဌံ - ယထာပဏိဟိတံ" လို့ ဟောကြားလာတာပါ၊ မနေ့က သမ္မာပညတ်ရိပ်ကို ဝါးလုံး ဥပမာနဲ့ပြခဲ့ပြီ၊ ဒီတော့ ဝါးလုံးတလုံးထဲဆိုရင် မထောင်နိုင်ပါ၊ ဝါးလုံး "၄"လုံးလဲကျရော သောင်နိုင်လာတယ်၊ ဒါဟာ ဘာ့ကြောင့်ထောင်နိုင်တာလဲ၊ ဒီတော့ အနုတ္တခေတ်ဆိုတာဟာ ဘယ်လောက်ပင် ပေါင်းသော်လဲ (ဝါ) ဘယ်လောက်ပင်များသော်လဲ ထောင်နိုင်တဲ့သဘာဝ မရှိဘဲနဲ့ အခု ဝါးလုံး "၄"လုံးပေါင်းလိုက်တော့ အဲဒါ ထောင်နိုင်လာတယ်။

ဒါဟာဘယ်သူက ထောင်နိုင်တာလဲ၊ ဒီနေရာမှာ အရေကြီးပါတယ်၊ ဒါကိုတွေးတော ဆင်ချင်မှုမရှိကြတဲ့အတွက် မတွေ့မမြင်ကြတာပါ၊ ဒီတော့ ပေါင်းတဲ့အခါမှာ အနုတ္တခေတ်ဟာ ဘယ်လိုထွက်လာတယ်၊ မပေါင်းတဲ့အခါမှာ ဘယ်လိုထွက်လာတယ်ဆိုတာကိုသိလာမှ အနုတ္တခေတ်အစစ်ကိုတွေ့ပြီးတော့ သောတာပန်ဖြစ်လာမယ်၊ ဒီနေရာမှာ သူများပြောလို့သဘောကျရင် မဟုတ်သေးပါ၊ အဲဒါ ကိုယ့်ဟာကိုယ် သဘောပေါက်လာမှ တန်ဘိုးရှိမယ်၊ ဒီတော့ သဘောပေါက်အောင်ကို မတွေးတော၊ မဆင်ခြင်၊ မကြံစည်၊ မစဉ်းစားကြတဲ့ အတွက်ကြောင့် အဲ့ဒါ

တရားဟောသော်လဲ တရားသာဆုံးသွားမယ်၊ ဘာမှအကျိုး တရားတွေထွက်လာမှာမဟုတ်ဘူး၊ ဒါ့ကြောင့်....ကြိုးစားကြပါ။

ဒီတော့ အနတ္တခေတ်ကို တကယ်မြင်လာမှ တန်ဘိုးရှိမယ်၊ ဒီတော့ ဝါးလုံး ၄-လုံးပေါင်းတဲ့အခါမှာ ထောင်နိုင်တယ်လို့ ဆိုတာဟာ ဝါးလုံးကထောင်နိုင်တာလား၊ သွားကြည့်တဲ့သူရဲ့ စိတ်ဝိညာဏ်က ထောင်နိုင်တာလား၊ ဒီတော့ ဝါးလုံးတလုံးထဲ ထောင်တော့ ဘာ့ကြောင့်မထောင်နိုင်သလဲ၊ ဒါတွေကိုစဉ်းစား ရမယ်၊ ဒီသဘာဝလေးတွေကို သိမြင်လာမှ အနတ္တခေတ်ကို မြင်မယ်၊ တရားစစ်တရားမှန်ဟာ သဘာဝကိုမြင်ရင် သောတာ ပန်ဖြစ်တာဘဲ၊ ဒီတော့ ပညာမြင်-ဥဒယဗ္ဗယဉာဏ်ကို မတွေ့မြင် ဘဲ မပိုင်သေးသမျှ ဘာကိုဘဲလုပ်လုပ် လုပ်သမျှ အလုပ်တရား တွေဟာ မဇ္ဈိမပဋိပဒါလမ်းကိုမဝင်နိုင်ပါ၊ အဲဒါ သံသရာလက်ဝဲ လက်ျာလမ်းထဲမှာသာ "၂၉"ပါးသော ကံတရားတွေအဖြစ်နဲ့ နေမှာဘဲ၊ သောတာပန်အဖြစ် ကျင့်ကြံသွားနိုင်မှ အဲဒါ မဇ္ဈိမ ပဋိပဒါလမ်းထဲကို ဝင်သွားမယ်။

ဒီတော့ ဝါးလုံးလေးဟာက လဲနေတာ တနည်း ထောင် နေတာဟာ ခေတ် ၄-ပါးရဲ့ သဘောလား၊ (ဝါ) ခေတ် "၈" ပါးရဲ့သဘောလား၊ (ဝါ) ပညတ်ရဲ့သဘောလား-ဒါကို လိုက် ခွဲရမယ်၊ ဒီတော့ လဲနေတာဟာလဲ ခေတ် ၄-ပါး ခေတ် "၈" ပါးဘဲ၊ ထောင်နေတာဟာလဲ ခေတ် ၄-ပါး ခေတ် ၈-ပါးဘဲ၊ ဒါဖြင့်ရင် ထောင်နေတာက ဘယ်သဘောလဲ၊ ဘယ်သူရဲ့ဗျာ ပါရလဲ၊ ဒါကိုစဉ်းစားပါ၊ ဒီတော့ ပညတ် ၄-ပါးမှာ သန္တတိ ပညတ်ဟာက ဥက္ကောင်းကျသွားပြီ၊ အခုဏ္ဏမှာ သမူဟပညတ် ကို သေအောင်လုပ်ရမယ်၊ နောက်ဆုံးအနေနဲ့ နာမပညတ်လဲ ဥက္ကောင်းကျရော အဲဒါ မဂ်ကိုဝင်တော့မယ်၊ ဒီတော့ သမူဟ

ပညတ်ထဲမှာကို နာမပညတ်နဲ့ သဏ္ဍာနပညတ်တို့ ပါလာတာကို မတွေ့ကြတဲ့အတွက်ကြောင့် သမူဟပညတ်ဘာက ပေါ်လာတယ်လို့ ဆိုတာကိုမသိတာပါ။

ဒီတော့ သတ်သေး ဖြတ်သေးအနေနဲ့ စကားဘရပ်တက်ကြဦးစို့ရဲ့၊ ဒီတော့ အကျိုးဝိညာဏ်လေးဟာ ဘယ်လိုပေါင်းနေသလဲဆိုတော့ သာရ ၄-လုံးအနေနဲ့ ရှိနေသေးတဲ့အတွက်ကြောင့် ပေါင်းနေတာပါ၊ ထပ်ပြီးရှင်းပြအုံးမယ်၊ ဒီတော့ ဥဒယဗ္ဗယဉာဏ်မှာ ဖြစ်ပျက်ကိုလဲပယ်သတ်လိုက်ရော အကြောင်းတရားမှန်သမျှ သုဉ်းဆိတ်သွားပြီ၊ (ဝါ) သညာဘာသေသွားပြီ၊ အဲဒါ အကျိုးဝိညာဏ်ကြီးသာ ကျန်တော့တယ်၊ ဒီသညာကင်းသွားတဲ့ဝိညာဏ်ကြီးဟာ ဒီနေရာမှာအရေးကြီးပါတယ်၊ ဒီတော့ ဥဒယဗ္ဗယဉာဏ်ကြီးက အကြောင်းမှန်သမျှကို မြှုချမကျန်အောင် အကျိုးထဲမှာပုန်းနေတဲ့ အကြောင်းကိုပါ ရိုက်ချိုးခဲ့ပြီ၊ တနည်းစင်ကြယ်ခဲ့ပြီ။

ဒီတော့ အကြောင်းတရားဟူသာ မြူမျှမရှိတော့ပါ၊ အဲဒါ တစင်ထောင်နေတာလဲ မရှိတော့ပါ၊ အကျိုးထဲမှာ ဝင်နေတဲ့အကြောင်းလဲမရှိတော့ပါ၊ ဒါကြောင့် တကာယ်ပျက်၊ နောင်တဖန်ထပ်မဖြစ်တဲ့ အပျက် ဖြစ်သွားပြီ၊ အဲဒါ ဘယ်တော့မှပြန်မပေါ်နိုင်တော့တဲ့ "အပျက်မ" ကြီးဖြစ်သွားပြီ ဒါကို အခုခေတ်မှာနိကာရအပိုင်းဘ ဖမ်းလာပြီ၊ ဒီတော့ အကျိုးကြီးဟာ (ဝါ) အပျက်သဘောကြီးဟာ ဘာ့ကြောင့်သဲ့ဘ လောကကြီးမှာ ပေါ်နေရတာလဲ၊ ဘယ်တော့မှပျက်မှာလဲ၊ ဒါကိုကြည့်ရင် အဲဒါ ပစ္စုပ္ပန်ရဲ့ဘဝကလွန်မှ ပျက်မှာဖြစ်ခြင်းကြောင့် အဲဒီကျ

အောင် ဒို့ကမစောင့်နိုင်ဘူးဆိုပြီးတော့ အခုလုပ်ငန်းစဉ်နဲ့ ဖျက်ရတော့မယ်။

ဒီတော့ အကြောင်းအနေနဲ့ဆိုရင် သညာဟာမရှိတော့ပါ၊ ဝိညာဏ်အနေနဲ့ သာရှိတော့တယ်၊ အဲဒါ အဝိဇ္ဇာအနေနဲ့ သာရှိတော့တယ်၊ တဏှာအနေနဲ့ မရှိတော့ပါ၊ ဒီတော့ သညာကင်းနေတဲ့ဝိညာဏ်ဟာ ဘယ်အနေနဲ့ရှိသလဲ၊ ပြောပြမယ်၊ သညာကင်းနေတဲ့ဝိညာဏ်မှန်ရင် ပရမတ်သဘာဝမပြဋ္ဌာန်းဘဲ ပညတ်ပြဋ္ဌာန်းတဲ့အနေနဲ့ သာရှိတော့တယ်၊ ဒီတော့ ပညတ်ပြဋ္ဌာန်းပြီးရှိနေတာဟာ ဘယ်ဟာလဲ၊ ပရမတ်ပြဋ္ဌာန်းပြီးရှိနေတဲ့ ဝိညာဏ်ဆိုတာက သညာနဲ့ ဝိညာဏ်တွဲပြီးရှိနေတဲ့သဘောပါ၊ အခုတော့ သညာဟာမရှိတော့တဲ့အတွက် (ဝါ) သညာဟာ သေသွားတဲ့အတွက် ပရမတ်မပြဋ္ဌာန်းနိုင်တော့ဘဲ ပညတ်ပြဋ္ဌာန်းပြီးသာရှိနေတော့တယ်၊ အဲဒါ ပညတ်ပြဋ္ဌာန်းတဲ့ ဝိညာဏ်သာရှိတော့တယ်၊ ဒါဖြင့် ပညတ်ပြဋ္ဌာန်းနေတဲ့ ဝိညာဏ်ဟာ ဘယ်အနေနဲ့ပေါ်နေသလဲ၊ ဒီတော့ သာရ ၄-လုံးကို ပြန်တွေးပါ၊ နိစ္စသာရ, သုခသာရ, သုဘသာရ, အတ္တသာရ-ဒီ ၄-လုံးကို ပြန်ကိုင်ရမယ်။

ဒီတော့ နိစ္စသာရ မြဲတယ်ဆိုတာကို အနှစ်အသားအနေနဲ့ ထင်မှတ်နေသေးတယ်၊ ဒီတော့ ဥဒယဗ္ဗယဉာဏ်ရဲ့ ဒီဘက်မှာ ဝိညာဏ်ကြီးဟာ အပျက်သဘောကြီး ဖြစ်နေသော်လဲ အရင်သညာနဲ့တွဲပြီး လာခဲ့ဥကဟာကို စွဲပြီးတော့ အဲဒါ နိစ္စသာရ မြဲတယ်ဆိုပြီး အနှစ်အသား အနေနဲ့ယူထားသေးတယ်၊ သူ့မှာ ပရမတ်ဟာ မရှိတော့ပါ၊ ဒါတောင်မှ သူက မြဲတယ်ဆိုတဲ့အနေနဲ့ အဲဒါ ဝိပ္ပလ္လာသ အနေနဲ့ယူနေသေးတယ်၊ ဒီသာရ ၄-လုံးဟာ ဘာလဲ၊ ပညတ် ၄-ပါးပေါင်းနေတဲ့ သဘောလေးရှိနေသေး

တယ်၊ နိစ္စသာရဆိုတာ နာမပညတ်ရိပ်လေးပါ၊ သုခသာရဆို တာက သဏ္ဌာနပညတ်ရိပ်ပါ၊ သုဘသာရဆိုတာက သမူဟ ပညတ်ရိပ်ပါ၊ အတ္တသာရဆိုတာက သန္တတိပညတ်ရိပ်ပါ၊ ဒါကို အကျိုးဝိညာဏ်လို့ ပြောတာပါ။

ဒီတော့ ဒီပညတ်ရိပ် ၄-ပါးဟာလဲ အကျိုးဝိညာဏ်ပါ၊ အဲဒါ သူပိုင်တဲ့ပညတ် ၄-ပါးအနေနဲ့ ရှိနေသေးတယ်၊ ဒီတော့ သူဆွဲ နေတဲ့ဟာက အနှစ်အသားများရှိသလား၊ ဒီတော့ နိစ္စဝိပ္ပလ္လာသ ၃ ပါး၊ သုခဝိပ္ပလ္လာသ ၃-ပါး၊ သုဘဝိပ္ပလ္လာသ ၃-ပါး၊ အတ္တ ဝိပ္ပလ္လာသ ၃-ပါးပေါင်းတော့ ဝိပ္ပလ္လာသ ၁၂-ပါး၊ ဒါကို ဘုရားရှင်က ဝိပ္ပလ္လာသ ၁၂-ခန်းဆိုပြီး ဟောကြားလာတာပါ၊ ဒီတော့ သောတာပန်ပုဂ္ဂိုလ်ဟာ ဝိပ္ပလ္လာသ ၁၂-ပါးထဲမှာ "၈"ပါးကို ပယ်တယ်၊ အဲဒါ ၄-ပါးသာကျန်တယ်၊ ဒီတော့ နိစ္စဝိပ္ပလ္လာသ ၃-ပါး၊ အတ္တဝိပ္ပလ္လာသ ၃-ပါး၊ နောက်သုခနဲ့ သုဘကျတော့ ဒိဋ္ဌိဝိပ္ပလ္လာသ တပါးစီ၊ ပေါင်းတော့ ၈-ပါး၊ ဒီ၈-ပါးကို သောတာပန်ပုဂ္ဂိုလ်ပယ်တယ်၊ဝိပ္ပလ္လာသ ၄ ပါးသာ ကျန်တော့တယ်၊ ဒီအတိုင်းပိဋကတ်တော်မှာ ပြထားပါတယ်။

ဒီတော့ အကျိုးဝိညာဏ်ရိပ်ဆိုတာ ပညတ်ရိပ် ၄-ပါး ပေါင်းနေတာပါ၊ ဒီလိုပေါင်းနေသေးတဲ့အတွက် နိစ္စဝိပ္ပလ္လာသ, သုခဝိပ္ပလ္လာသ, သုဘဝိပ္ပလ္လာသ, အတ္တဝိပ္ပလ္လာသတွေ ရှိနေသေး တာပါ၊ ဒီလိုစွဲယူနေတာဟာ တကယ်ကို အနှစ်အသား အနေနဲ့ ရှိတော့သလား၊ မရှိတော့ပါ၊ ဘာ့ကြောင့်လဲ၊ အနှစ်အသား ဖြစ်တဲ့ ပရမတ်သဘောမှ မရှိတော့ဘဲ၊ အဲဒါသူ့မှာ ပညတ် ပြဋ္ဌာန်းနေတဲ့ သဘောသာရှိတော့တဲ့ အတွက်ကြောင့် အနှစ် အသားမရှိတော့ပါ၊ ဒီတော့ အကျိုးဝိညာဏ်ဟာ ပညတ်ရိပ်

၄-ပါးနဲ့ လက်မလောင်နေသေးတယ်၊ ဒီလိုလက်မလောင်နိုင်တာဟာ (ဝါ) ပညတ်ရိပ် ၄-ပါးပေါင်းနိုင်တာဟာ ပရမတ်သဘောဟာ သိမ်မွေ့တဲ့အနေနဲ့ ရှိနေသေးတယ်၊ ဒါကြောင့် ဒီပရမတ်သဘောတွေကို ဆွဲထုတ်လိုက်တော့မှ ခန္ဓာ ၄-ကောင် ထွက်လာမယ်။

အဲဒါ သညာက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ-ဆိုပြီးထွက်လာမယ်၊ ဒါဟာ ဥဒယဗ္ဗယဉာဏ်ရဲ့ အထက်မှာရောက်နေသော်လဲ ဓာတုမနသိကာရအပိုင်းမှာ သမထယာနိကလမ်း စျာနလာဘီပုဂ္ဂိုလ်တွေပါ ကိုင်တဲ့အတွက်ကြောင့် တိဟိတ်ခန္ဓာကို မပေါ်သေးဘဲ ဒွိဟိတ်ခန္ဓာကို အရင်ပေါ်ပေးရတယ်၊ ဘာနည်း ဝိညာဏ်ရိပ်မပြတ်သေးလို့ (ဝါ) ပေါင်းတဲ့သဘောလေးရှိနေသေးလို့ ဒွိဟိတ်ခန္ဓာကို အရင်ပေါ်ပေးရတယ်၊ ဒါကိုပဋိစ္စသမုပ္ပါဒ် ခန္ဓာလို့ခေါ်တယ်။

နောက် အဆင်းရိပ်, အကြည်ရိပ်, အမြင်ရိပ်, အသိရိပ်တွေဟာ ကျန်နေသေးတယ်၊ ဒါကိုလဲ အကျိုးဝိညာဏ်ရိပ်လို့ဘဲ ခေါ်တယ်၊ ဒီ အဆင်းရိပ်, အကြည်ရိပ်, အမြင်ရိပ်, အသိရိပ်တို့ဟာလဲ သာရ ၄-လုံးအနေနဲ့ ရှိနေတယ်လို့လဲ ယူလို့ရပါတယ်၊ ကိုင်း ဒီတော့ အဆင်းရိပ်, အကြည်ရိပ်, အမြင်ရိပ်, အသိရိပ် ဒီ ၄-ပါး ပေါ်နေတာဟာ ပညတ်ရိပ် ၄-ပါး ရှိနေလို့ပါ၊ ဒါကြောင့် သာရ ၄-လုံးအနေနဲ့ လက်မလောင်နေတာပါ၊ ဘာ့ကြောင့် လက်မလောင်နေတာလဲ၊ ခန္ဓာ ၄-ကောင် ရှိနေလို့ လက်မလောင်နေတာပါ၊ ဒီတော့ ခန္ဓာ ၄-ကောင်ကို ဆွဲထုတ်ပြီး သတ်ဘို့ဘဲ ရှိတော့တယ်၊ သတ်တဲ့အခါမှာလဲ မေ့စကြာနည်း, ဝိပဿနာနည်း, သတိပဋ္ဌာန်နည်းတို့နဲ့ သတ်ပြမယ်၊ ဒီလိုသတ်

ဟာတွေဟာ သဘာဝ ခတ္တ ကွာခြားနေတဲ့အတွက်ကြောင့် နည်းစုံအောင် သတ်ပြရတာပါ။

ဒီခန္ဓ ဝိပဿနာသတ်တဲ့နည်းကို ထုတ်ပြမယ်၊ နက်ဖြန်ကျမှ မဟာသတိပဋ္ဌာန်နည်းနဲ့ သတ်ပြမယ်၊ ဒီအဘော့ သောတာပန်ပုဂ္ဂိုလ်ဟာ နိစ္စဝိပလ္လာသ ၃-ပါး၊ အတ္တဝိပလ္လာသ ၃-ပါး၊ သုခနဲ့ သုဘကျတော့ ဒိဋ္ဌိဝိပလ္လာသ တပါးစီ ပေါင်းတော့ ဝိပလ္လာသ "၈" ပါး ဒါကိုပယ်တယ်၊ ကိုင်း ဒီတော့ ဝါးလုံးလေး တလုံးထဲဆိုရင် ဘာ့ကြောင့် မထောင်နိုင်သလဲ၊ ဝါးလုံး ၄-လုံး ကျတော့ ဘာ့ကြောင့်ထောင်နိုင်သလဲ၊ ဒါဟာ လိုရင်းဘဲ၊ ဒီနေရာမှာ မြင်မှုရမယ်၊ အဲဒါ နည်းမျိုးစုံမှ ရမယ်၊ ဒီတော့ ဝါးလုံး တလုံးထဲဆိုရင် အနတ္တဆိုတာ ထင်ရှားတယ်၊ ဝါးလုံး ၄-လုံး ပေါင်းတော့ အတ္တဖြစ်သွားတယ်၊ ဒါဟာ ဘာ့ကြောင့်လဲ (ဝါ) ဘာ့ကြောင့်ထောင်နိုင်တာလဲ၊ မထောင်နိုင်ဘူးလို့ ပြောလို့ မရပါ၊ မျက်စေ့ကကို မြင်နေရတယ်၊ (ဝါ) ဝါးလုံးလေး တွေကကို ထောက်ခံနေတဲ့အတွက် အဲဒါ ထောင်နေတာဟာ ထင်ရှားနေတယ်။

ဒီတော့ ဘာ့ကြောင့် ထောင်နေရတာလဲ၊ ဒါကို ဆရာတော်တို့တုံးက ၆-လလောက်တောင် ရှာရပါတယ်၊ ဒီတော့ တကယ် အနတ္တခေတ်ကို တွေ့ပြီလား၊ ဒီတော့ သဘာဝဟာ သညာ ဝိညာဏ်မခွဲနိုင်မှ (ဝါ) မခွဲနိုင်မှ အနတ္တခေတ်အစပ်ပါ၊ သညာ ဝိညာဏ်ခွဲနေတာဟာ ဘာ့ကြောင့်ခွဲနေရတာလဲ၊ အဲဒါ သမူဟ ပညတ်ရိပ်ရှိနေလို့ပါ၊ ဘာ့ကြောင့် သမူဟပညတ်ရိပ်ရှိနေရတာလဲ၊ ဒါကိုတွေ့အောင် ရှာရမယ်၊ ဒီတော့ ဘာကြောင့် သမူဟပညတ်ရိပ်အနေနဲ့ ပေါင်းနေတာလဲ၊ ဒီလို စစ်တော့မှ

အဲဒါ ထောက်ခံနေတဲ့ ပရမတ်သဘောလေးကို လာတွေ့မယ်၊ ဒီတော့ သာရ ၄-လုံးကို ဝိပဿနာက သတ်တော့မယ်၊ ဒီတော့ ဝိညာဏ်ရဲ့သဘာဝလေးဟာ မသေဘဲ ကျန်နေအုံးမယ်၊ ဒါကို မြင်အောင်လို့ အခု ပြောနေတာပါ။

ဒီတော့ ဒီသဘာဝလေးကို မြင်သွားရင် အနတ္တအနေနဲ့ မြင်သွားပြီ၊ ဒီတော့ သမ္ပဟပညတ်ရဲ့ အနတ္တကို မြင်လာရင် အဲဒါ ဥဒယဗ္ဗယဉာဏ်ရဲ့အထက်မှာ ပေါ်လာတဲ့အနတ္တကို မြင်သွားပြီ ဒါကို သေသေချာချာကျေးပါ၊ ဒီတော့ သမ္ပဟပညတ်ရိပ် ပေါင်းနိုင်အောင် ထောက်ခံတဲ့ပရမတ်ကို မြင်အောင်ကြည့်ပါ၊ အခု မဟာသတိပဋ္ဌာန်လုပ်ငန်းစဉ် တရားတော်ကြီးက ဒီတရားခံကို တိုက်ရိုက်ဆွဲထုတ်လာတယ်၊ ဝိပဿနာကတော့ တိုက်ရိုက်မဆွဲထုတ်နိုင်ပါ၊ ဒီတော့ သမ္ပဟပညတ်ရိပ်လေး ပေါင်းနေတာကို မထင်လင်းနိုင်သေးလို့ အခု မမြင်တာပါ၊ ဒါကို မြင်ရင် ဘယ်လောက်ဘဲ ပေါင်းပေါင်း မြင့်မိုရ်တောင်ကြီး လောက်ဘဲ ပေါင်းပေါင်း အနတ္တခတ်ကိုမြင်နေပြီ။

ဒီတော့ ဥဒယဗ္ဗယဉာဏ်တုံးက သုညဘအနတ္တနဲ့ ချေတယ်၊ ယခုကဏ္ဍမှာ ပရတ္တအနတ္တနဲ့ချေမယ်၊ အသမ္မောဟသမ္ပဇည အပိုင်းမှာ အဝသဝတ္တနအနတ္တနဲ့ချေမယ်၊ ပဋိကူလမနသိကာရ အပိုင်းကျတော့ အသာရကဋ္ဌအနတ္တနဲ့ ချေလိမ့်မယ်၊ ဒီ သုည ၄-လုံးနဲ့ ချေလိုက်တာနဲ့ အဲဒါ သောတာပန်ဖြစ်ပြီလို့ ဘုရားရှင်က ဟောကြားခဲ့ပါတယ်၊ ဒီတော့ အခု ဓာတုမနသိကာရ အပိုင်းမှာ ပရတ္တအနတ္တနဲ့ သိမ်းရမယ်၊ ဒီတော့ မဟာသတိပဋ္ဌာန် လုပ်ငန်းစဉ် တရားတော်ကြီးဟာက တန်ဘိုးရှိလှပါတယ်၊ ဒီတော့ ဝိညာဏ်ရိပ်ဖြစ်တဲ့ သာရ ၄ လုံးကို ဘယ်လိုသတ်မလဲ၊ ဒီတော့

စက်ရဟတ်ဖွဲ့ရမယ်၊ နိစ္စသာရ အတိတ်အကြောင်းစက်, သုခ သာရ ပစ္စုပ္ပန်အကျိုးစက်, သုဘသာရ ပစ္စုပ္ပန်အကြောင်းစက်, အတ္တသာရ အနာဂတ် အကျိုးစက် ဆိုပြီး ဖွဲ့ရမယ်၊ နောက် တခါ နိစ္စသာရ သညာက္ခန္ဓာ, သုခသာရ ဝေဒနက္ခန္ဓာ, သုဘ သာရ သင်္ခါရက္ခန္ဓာ, အတ္တသာရ ဝိညာဏက္ခန္ဓာ၊ ဒါကို သတ်ရ တော့မယ်။

သတ်တော့မယ်ဆိုတော့ ဘယ်လိုသတ်မလဲ၊ အရင်က အင်း သားရဟန်းကို ဝက်သားဟင်း ဥပမာထုတ်ပြီး ဟောပြခဲ့ပြီ၊ ဒီတော့ ဝက်သားဟင်းကို စားတဲ့အခါမှာ ကောင်းတယ်လို့ ဆိုတာသည်ပင်လျှင် အဲဒါ နိစ္စသာရဘဲဆိုတာကို ပြခဲ့ပြီ၊ ဒါဟာ အခု ဒီနေရာမှာ ရောက်လာပြီ၊ ဒီတော့ အတိတ်အကြောင်းစက် နိစ္စသာရ သညာက္ခန္ဓာ,ပစ္စုပ္ပန်အကျိုးစက်သုခသာရဝေဒနက္ခန္ဓာ, ပစ္စုပ္ပန်အကြောင်းစက် သုဘသာရ သင်္ခါရက္ခန္ဓာ, အနာဂတ် အကျိုးစက် အတ္တသာရဝိညာဏက္ခန္ဓာ၊ ဒီလိုဖွဲ့ရမယ်၊ကိုင်းဒီတော့ သာရ ၄-လုံးကို ဘယ်လိုသတ်မလဲ၊ အဲဒါ ကုန်, ပျက်, ကင်း, ချုပ်နဲ့ သတ်ရမယ်။

ဒီတော့ အတိတ်အကြောင်းစက် နိစ္စသာရ သညာက္ခန္ဓာကို ကုန်တဲ့သဘော ခယခမ္မ အနိစ္စာနုပဿနာဉာဏ်နဲ့ သတ်တယ်၊ ပစ္စုပ္ပန်အကျိုးစက် သုခသာရ ဝေဒနက္ခန္ဓာကို ပျက်တဲ့သဘော ဝယခမ္မ ဒုက္ခာနုပဿနာဉာဏ်နဲ့ သတ်တယ်၊ ပစ္စုပ္ပန်အကြောင်း စက် သုဘသာရ သင်္ခါရက္ခန္ဓာကို ကင်းတဲ့သဘော ဝိရာဂဓမ္မ အသုဘာနုပဿနာဉာဏ်နဲ့ သတ်ရတယ်၊ ဒါဟာ တဖန် မျိုးစေ့ မကျတော့ဘဲ ကင်းသွားတဲ့ သဘောပါ၊ နောက် အနာဂတ် အကျိုးစက် အတ္တသာရ ဝိညာဏက္ခန္ဓာ ကို ချုပ်တဲ့သဘော

နိရောဓဓမ္မံ ဒါဟာ နောင်တဖန်ပြန်မဖြစ်တဲ့သဘော အနုတ္တာ နုပဿနာဉာဏ်နဲ့ သိတယ်၊ ဒါက ဝိပဿနာကသိတဲ့နည်းပါ။

ဓမ္မစကြာနည်းနဲ့ကျတော့ အဲဒါ "စက္ခုံဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ" ဖြစ်ပြီး အဲဒါ သစ္စာဉာဏ်ဖြစ်လာတယ်၊ ဒီကနေ မဂ်ကိုတချက်သဲဝင်နိုင်တယ်၊ ဒီကနေ ဝင်တဲ့မဂ်ကို အနိမိတ္တမဂ်လို့ခေါ်တယ်၊ မဂ်ကိုဝင်သွားအောင်မှ "အာလောကော ဥဒပါဒိ" ဖြစ်သွားတယ်၊ ဒီတော့ အရှင်ကောဏ္ဍညကြီးဟာ ဒီနေရာကနေပြီး မဂ်ကိုတခါထဲ ဝင်သွားတာပါ၊ ဒီတော့ လောကုတ္တရာတရားအားလျော်တဲ့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ၄-ချက်, သာရ ၄-လုံး, ခန္ဓာ ၄-ကောင်ကို ကုန်,ပျက်,ကင်း,ချုပ် ဖြစ်တဲ့ ခယဓမ္မံ, ဝယဓမ္မံ, ဝိရာဂဓမ္မံ, နိရောဓဓမ္မံနဲ့ သိပြီး ပူဇော်မှ ငါဘုရားကို ပူဇော်ရာရောက်တယ်လို့ မိန့်တော်မူလာတာပါ၊ ဒီတော့ ဘုရားရှင်ပရိနိဗ္ဗာန်စံခါနီးဆဲဆဲမှာ ညီတော် အာနန္ဒာကို အမိန့်ရှိတဲ့စကားတော်နဲ့ လာညီပါတယ်။

ဒီတော့ ဘုရားရှင်က... "ချစ်သားအာနန္ဒာ အခုစကြာဝဠာ တသောင်းမှာရှိကြတဲ့ နတ်ဗြဟ္မာတွေဟာရတနာပန်းကုံးကြီးနဲ့ ငါဘုရားကို လာပြီးပူဇော်သော်လဲ ပူဇော်ရာမရောက်ပါ၊ အဲဒါ ဓမ္မာနုဓမ္မပဋိပတ်အကျင့်ဖြင့်ပူဇော်မှငါဘုရားကိုပူဇော်ရာရောက်မယ်" လို့ အမိန့်ရှိခဲ့ပါတယ်၊ ဒီတော့အခုပြတဲ့သဘာဝကို ပိုင်ရင် ဘုရားရှင်ကို ပူဇော်ရာရောက်ပြီ ဒီသဘာဝကိုမှ မပိုင်ရင် (ငါ) မသိရင် အဲဒါ ငက္ကုလိကြီးကို ဘုရားရှင်က မောင်းထုတ်သလို မောင်းထုတ်ခံရတော့မယ်၊ ဒီတော့ အရင်က ပြောကြားခဲ့တဲ့ ဝါးလုံး တလုံးနဲ့ ဝါးလုံး၄-လုံး ထောင်ပုံကို ပြန်စဉ်းစားကြပါ။

# ညှဟာစဉ်။

ပုနစပရံ ဘိက္ခဝေ ဘိက္ခု ဣမဿေဝ ကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ”လို့ မဟာသတိပဋ္ဌာန် ပါဠိတော်မှာ ဓာတ်ကြီး ၄-ပါးကို ဆင်ခြင်တဲ့အပိုင်းဆိုပြီး ရှင်တော်မြတ်ဟောကြားခဲ့ပါတယ်၊ ဒီလုပ်ငန်းစဉ်ဟာ ဘယ်နေရာကနေ ဖွင့်ပါသလဲလို့ အာနာပါနလုပ်ငန်းစဉ်နဲ့ ဝေဖန်ကြည့်လိုက်တဲ့အခါမှာဒီတော့မနေ့ကဘဲအချိုးသိုးကြီးဘော့ ‘မီးနိမိတ်’ ကိုကြည့်လာကြတယ်၊ ဒီတော့ ဒီမီးနိမိတ်ကို ကြည့်တဲ့အခါမှာ မီးနဲ့နီးလွန်းရင်လဲ မီးဆောင်ဘဲဘဲပါတယ်၊ ဝေးလွန်းရင်လဲ နိမိတ် ထင်ခဲတယ်၊ ဒီတော့ ၂-တောင့်ထွာဘဏ္ဍပါသ်ကို မှီပြီးကြည့်ရမယ်၊ ဒါမှထင်လွယ် မြင်လွယ်တယ်၊ ဒီတော့ ထိုင်တဲ့အခါမှာ ဒူးဆစ်ကနေပြီး ရှေ့ ၂-တောင့်ထွာ ဟတ္ထပါသ် အရပ်မှာ မီးတိုင်ကိုထားရမယ်၊ မီးတိုင်နဲ့နီးရင် မျက်ရေထွက်သာဘော် တယ်။

ဒီတော့ မီးနိမိတ်ကို ကြည့်တဲ့အခါမှာ ထင်လွယ်မြင်လွယ်တာနဲ့ ထင်ခဲ့ မြင်ခဲ့တာနဲ့ ဆိုပြီးတော့ ၂-ချက်ရှိတယ်၊ ထင်လွယ်မြင်လွယ်တာဟာ အသင်းဂိုဏ်းဘက်က လာတဲ့ပုဂ္ဂိုလ်လဲ ဖြစ်ရမယ်၊ နောက် ငါ့မထင်မခြင်း အားထုတ်မယ်ဆိုတဲ့ သဒ္ဓါတရားရှိရမယ်၊ နောက် ကမ္မဋ္ဌာနာစရိယ ပုဂ္ဂိုလ်ဘော့ကလဲ သီလ၊ သမာဓိ၊ သစ္စာ ပညာတွေနဲ့ ပြည့်စုံရမယ်၊ ဒီ-၃-ချက်နဲ့ ပြည့်စုံရင် ထင်လွယ်မြင်လွယ်တယ်၊ ဒီတော့ သမထအလုပ်ဆိုတာ အကျင့်ရှိမှ ဖြစ်ပါတယ်၊ ဒါ့ကြောင့် သမထဟာ အကျင့်တရားပါ၊ ဝိပဿနာတရားဟာ အသိတရားပါ၊ အခု မီးနိမိတ်ဟာ သမထ ရိပ်ကနေ ပေးနေတာပါ။

ကိုင်း....ဒီတော့ ကမ္မဋ္ဌာနာစရိယပုဂ္ဂိုလ်တွေမှာသီလ သမာဓိ၊ သဒ္ဓါ ပညာတွေပြည့်စုံမှ ထင်လွယ် မြင်လွယ်နိုင်ပါတယ်၊ နောက်တခါ အမှောင်ဂိုဏ်းကနေ လာတဲ့ပုဂ္ဂိုလ်ဖြစ်ရမယ်၊ အမှောင်ဂိုဏ်းဆိုတာဟာ အစမထင်တဲ့ဘဝကစပြီး သံသရာကြီးထဲမှာ ကျင်လည်လာတဲ့အခါမှာ ဒါန သီလ အနေလောက်သာ အားထုတ်ခဲ့ပြီး သမထအနေနဲ့ အားမထုတ်ခဲ့ကြတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ရမယ်၊ ဒါကိုအမှောင်ဂိုဏ်းလို့ ခေါ်တယ်၊ ဒီပုဂ္ဂိုလ်တွေဟာက ဒီ-မီးနိမိတ်ကို ထင်ခဲ မြင်ခဲတယ်၊ အလင်းဂိုဏ်းကျတော့ သမထ ရင့်ရှိနေလို့ (ဝါ) သမထတွေကို အားထုတ်လာတဲ့ အရိပ်တွေ ရှိနေလို့ ထိုပုဂ္ဂိုလ်တွေမှာ ထင်လွယ် မြင်လွယ်တာပါ၊ နောက်တနည်း အင်း ဆေး မှော် စမ စတဲ့ပညာချပ်တွေဟာကဝေ (၉၉) နောက် "၃၇"ပါးသော နတ်မင်းတွေ စောင့်တဲ့ပညာရပ်တွေရှိတဲ့ ပုဂ္ဂိုလ်တွေကျတော့ ထင်ခဲ မြင်ခဲတယ် ဒါဟာအမှောင်ဂိုဏ်းတွေ ဖုံးနေတဲ့အတွက်ကြောင့် ထင်ခဲ မြင်ခဲတာပါ။

နောက်သူ့ရဲ့ဿတိနှတ်မယ်ဆောက်ကစပြီးတော့ နတ်ကောင်း နတ်မြတ်တွေ စောင့်ရှောက်တဲ့အင်း ဆေး မှော် စမ စတဲ့ပညာတ်ရိပ်တွေရှိတဲ့ပုဂ္ဂိုလ်များကျတော့ အလင်းဂိုဏ်းပါ၊ ဒီတော့အင်္ဂါ ၃-ချက်နဲ့ ပြည့်စုံရင် စိတ်ဝိညာဏ်ဟာ ဘယ်ကိုဘဲ သွားသွား မျက်စေ့အကြည်မှာကို မီးနိမိတ်ဟာထင်နေပြီ၊ စိတ်ငြိမ်မှထင်တယ်လို့ မအောက်မေ့ပါနဲ့၊ ဒီလိုလဲမီးနိမိတ်ထင်လာရော အဲဒါ ထွက်လေ ဝင်လေနဲ့ ဒီမီးရောင်လေးပါသွားအောင် အားထုတ်ရမယ်၊ ဒီတော့ လေကြောင်းနိမိတ်လေးမှာ မီးရောင်လေးလဲပါ လာရော ဒီမီးရောင်လေးကို ဦးနှောက်အိမ်ထဲ ဝင်ပါစေဆိုပြီး ကမ္မဋ္ဌာနာစရိယပုဂ္ဂိုလ်တွေက "စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊

ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကောဥဒပါဒိ" ဆိုတဲ့ ဥဒပါဒိ ၅-ချက်နဲ့ လဲသွင်းပေးလိုက်ရော ထိုပုဂ္ဂိုလ်ဟာ ထင်လာ တော့မယ်၊ ဒီတော့မှ သဏ္ဍာန်၊ အရိပ်၊ နိမိတ်၊ လက္ခဏာတွေ ထင် လာမယ်။

နောက်တော့ ဒီမီးခေတ်အားကောင်းသလို ထင်လာတော့ မယ်၊ ဒီကနေပြီးတော့မှ တဆင့် ခေတ်ကြီး ၄ ပါးထင်လာ အောင် အားထုတ်လာရမယ်၊ ဒီလိုလဲထင်လာရော အဲဒါခေတ မနသိကာရအပိုင်းကို ဝင်ကိုင်ရမယ်၊ ဒီတော့ မီးခေတ် ၄-ပါးမှာ ခေတ်ကြီး ၄-ပါးဟာ ဘယ်အနေနဲ့ ရှိသလဲ၊ ဒီတော့ချက်တိုင်မှာ ဇမ္ဗုဇတေဇောခေတ်၊ နှလုံးအိမ်ရင်ချိုင့်မှာ စိတ္တဇ ဝါယောခေတ်၊ ငယ်ထိပ်ဦးခေါင်းမှာ အာဟာရဇ အာပေါခေတ်၊ နှုတ်ခမ်း ဖျားနဲ့ နှာသီးဖျားအရပ်မှာ ဥတုဇ ပထဝီခေတ်ရှိနေတယ်၊ ဒါဟာ သူ့သဘာဝအတိုင်းရှိနေတာပါ ဒါကို ဘုရားရှင်က "ယထာဋ္ဌိတံ တည်တိုင်းသာလျှင်ဖြစ်သော" လို့ ဟောကြားလာ တာပါ၊ ဒါဟာ မဟာသတိပဋ္ဌာန်အာနာပါန လုပ်ငန်းစဉ်တရား တော်မှာ ဒီလိုခေဖန်ယူရတယ်။

ဒီတော့ သန္တပ္ပနမီးခေတ်ကိုရပြီးတဲ့ပုဂ္ဂိုလ်ဟာ အာနာပါန တံခါး ၄-ပေါက်မှာ ခေတ် ၄-ပါးကိုဆင်ခြင်တဲ့အခါမှာ ခုနက ပြောသလို ထွက်လာတော့တယ်၊ ဒီတော့ အမိဝမ်းထဲမှာ ပဋိ သန္ဓေတည်ခဲ့စဉ်အခါမှာလဲပဌမကလလရေကြည်ကြည်ဘဲ့အခါမှာ တေဇောခေတ်ပြဋ္ဌာန်းတယ်၊ နောက် အမြှုပ်ဖြစ်လာတော့ ဝါ ယောခေတ်ပြဋ္ဌာန်းလာတယ်၊ နောက်သွေးရည်ဖြစ်လာတော့ရင် အာပေါခေတ် ပြဋ္ဌာန်းလာတယ် နောက် သားတစ်ဖြစ်လာတော့ ပထဝီခေတ်ပြဋ္ဌာန်းလာတယ်၊ ဒီလိုပဋိသန္ဓေအခန်းမှာ ကျေးဇူး

ပြုသလိုပါဘဲ၊ အခုလဲ ချက်တိုင်ပရိုပါစက မီးခေတ်မှာ ကမ္ဘဇ တေဇောခေတ်, နှလုံးအိမ်ရင်ချိုင့် ဥသမမီးခေတ်မှာ စိတ္တဇ ဝါယောခေတ် ငယ်ထိပ်ဦးကျောက် သန္တပ္ပနမီးခေတ်မှာ ဇာဟာ ရဇ အာပေါခေတ်, နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ် ဒဟ မီးခေတ်မှာ ဥတုဇပထဝီခေတ် ရှိနေတယ်။

ဒီတော့ ထွက်တဲ့လေနဲ့ ဝင်တဲ့လေဟာ ဒီအတိုင်းဘဲ တည်ရှိ နေတယ်၊ အဲဒီလိုသူ့သဘာဝအတိုင်း ရှိနေတာကို ဘုရားရှင်က "ယထာဝ္ဌိတံ၊ တည်တိုင်းသာလျှင်ဖြစ်သော" လို့ဟောကြားလာ တာပါ၊ နောက် "ယထာပဏိဟိတံ၊ ထားတိုင်းသာလျှင်ဖြစ် သော" ဆိုတာကို ပြောပြအုံးမယ်၊ ဒီတော့ မဟာသတိပဋ္ဌာန် အာနာပါနလုပ်ငန်းစဉ် တရားတော်ကနေပြီးပုနစပရဲ လို့တဆင့် တက်ပြီးဟောနေတာပါလို့ယူပါ။

နောက် "ယထာပဏိဟိတံ၊ ထားတိုင်းသာလျှင် ဖြစ်သော" ဆိုတဲ့ ခေတ်ကြီး ၄-ပါးနေပုံကို ပြောပြအုံးမယ်၊ ဒီတော့ ထွက် လေ, ဝင်လေမှာ ခေတ်ကြီး ၄-ပါးဟာ ဘယ်အနေနဲ့ဖြစ်လာ သလဲဆိုတော့ ချက်တိုင်ပရိုပါစကမီးခေတ်ရဲ့ မီးညွန့်လေးမှာ ဝါယောခေတ်လေးဟာပါလာတယ်၊ ဒီဝါယောခေတ်လေးဟာ နှလုံးအိမ်ရင်ချိုင့် ဥသမမီးခေတ်ရှိတဲ့ နှလုံးသွေးအိမ်ကြီးလဲ ရောက်လာရော စိတ္တဇဝါယောခေတ်နဲ့ပေါင်းပြီး အာပေါခေတ် ကိုဖွားချလိုက်တယ်၊ ဒီတော့ အာပေါခေတ်နဲ့ ဝါယောခေတ် လဲထွက်လေမှာပါလာပြီး၊ ငယ်ထိပ်ဦးကျောက် သန္တပ္ပနမီးခေတ် လဲရောက်လာရော တေဇောခေတ်ကိုဖွားချလိုက်တယ်၊ နှာသီး ဖျားနဲ့ နှုတ်ခမ်းဖျားအရပ် ဒဟမီးခေတ်လဲ ရောက်လာရော အဲဒါ ပထဝီခေတ်ကို ဖွားချလာတယ်။

ဒါဟာ ထွက်လေမှာဖြစ်ပေါ်လာတဲ့ ထားတိုင်းသာလျှင် ဖြစ်လာတဲ့ခေတ်ကြီး ၄-ပါးပါ၊ ဝင်လေမှာလဲ ဒီအတိုင်း တေဇော ဝါယော အာပေါ ပထဝီ-ဆိုပြီး ထားတိုင်းသာလျှင် ဖြစ်လာတော့တယ်၊ ဒါကိုဘုရားရှင်က "ယထာပဏိဟိတံ၊ ထားတိုင်းသာလျှင်ဖြစ်သော"လို့ ဟောကြားလာတာပါ၊ ဒီတော့ ဒီခေတ် ၄-ပါးဟာ ဘာ့ကြောင့်ပေါ်လာရဘာလဲ၊ အကြောင်းတရား ၄-ပါးကြောင့်ပါ၊ ဒီအကြောင်းတရား၄-ပါးဖြစ်လာရတာဟာလဲ ပညတ်ရိပ် ၄-ပါးကြောင့်ပါ၊ ဒီတော့ ဒီပညတ်ရိပ် ၄-ပါးကို ဆွဲထုတ်ပြီးတော့ လုပ်နည်းစဉ်တက်သွားရတာပါ၊ ဒါက အာနာပါနတရားကနေပြီး မဟာသတိပဋ္ဌာန်တရားတော်ကြီးကို တက်တဲ့နည်းပါ၊ နေ့ခင်းမှာဟောကြားလာတာက"အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနာ ပရိပူရေန္တိ"လို့ ဟောကြားလာတဲ့ပါဠိတော်အတိုင်းတက်သွားတဲ့ နည်းပါ။

ကိုင်း....သာဓုခေါ်ကြပါတော့၊

သာဓု....သာဓု....သာဓု။

## သီတင်းကျွတ်လဆန်း ( ၃ ) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၃၀)

ပရိယတ်ဆိုတာဟာ ဒေသနာနည်းပါ၊ ပဋိပတ်က လက်တွေ့နည်းပါ၊ ပရိယတ်ကို အဆီညှစ်လိုက်ရင် ပဋိပတ်ထွက်လာတယ်၊ တခါ ပဋိပတ်ကို အဆီညှစ်လိုက်မှ ပဋိဝေဓ ထွက်လာပါတယ်၊ ဒီတော့ အခု ဆရာတော်ပြောနေတာက ဓာတ် ၁-ပါးပေါ်မယ် ဆိုတာနဲ့ ကျန် ဓာတ် ၃ ပါးက ဆက်စပ်ပေးရတယ်၊ ဒီလိုဓာတ် ၃-ပါးရဲ့သန္တတိ ဆက်စပ်တဲ့သဘောရလာမှ ဓာတ် ၁-ပါးက ပေါ်လာတာပါ၊ အဲဒါ ပထဝီဓာတ် မာတယ်လို့ ပြောလို့တောပါ၊ ဒါကို အန္ဓတွေက ပထဝီဓာတ်ဟာ မာတယ်ဆိုပြီး စွဲယူနေကြတာပါ၊ ဒါကို နာမရူပပရိစ္ဆေဒဉာဏ်က ဓာတ် ၄-ပါးကို တပါးစီခွဲလိုက်တော့ ပထဝီဓာတ်ဟာ မာသလားလို့ မေးရင် ဘယ်လိုပြောမလဲ၊ အဲဒါ မမာနိုင်တော့ပါ၊ ဘာ့ကြောင့်လဲ ကျန် ဓာတ် ၃-ပါးက ပေါင်းပြီး မထောက်ခံနိုင်တဲ့ အတွက် ကြောင့်ပါ။

ဒီတော့ (ဥပမာ) ဝါးလုံးတလုံးထဲကျတော့ မထောင်နိုင်ပါ ဒါ ဘာ့ကြောင့် မထောင်နိုင်သလဲ ထောင်နိုင်တဲ့ဗျာပါရ သတ္တိ မရှိလို့ပါ၊ ဒီတော့ ဝါးလုံးတလုံးထဲကတော့ မထောင်နိုင်ပါ၊ ဝါးလုံး ၄ လုံးပေါင်းပြီး ထောင်လိုက်တော့ ထောင်နိုင်လာတယ်၊ ဒါဘာ့ကြောင့်ထောင်နိုင်တာလဲ၊ ထောင်နိုင်တယ်ဆိုတာ ဘယ်သူကပြောတာလဲ၊ ဒါကို မေးနေတာပါ၊ ဒါဟာ ပဋိပတ် လက်တွေ့နည်းပါ၊ ဒီတော့ တကာကြီး က သညာဝိညာဏ်ကြောင့် ထောင်နိုင်တာပါလို့ ပြောနေတာဟာ အဲဒါ ဝါးလုံး ၄-လုံး

## ပုံစံနံပါတ် (၃၀)



ကျတော့ ဆောင်နေတာလဲ၊ ဝါးလုံးတလုံးထဲလို လဲနေပါလား၊ ဒါကို စဉ်းစားကြပါ၊ အဲဒါ သဘာဝလေးတလုံးကို ပိုင်ရင်ပြီး တာဘဲ၊ ဒီတော့ ပထဝီဓာတ် မာတယ်လို့ ပြောနေတာဟာ အတ္တပါ၊ မာတယ်လို့ကို မပြောနိုင်မှ အနတ္တပါ။

ဒီတော့ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေလို့ စွဲယူနေတာဟာ ဒိဋ္ဌိပါ၊ ဓာတ် ၄-ပါး ဓာတ် ၈-ပါးတို့ဟာ သဘာဝအနေနဲ့ မာတယ်၊ ပူတယ်စသည်ဖြင့် လက္ခဏာအနေနဲ့ ရှိနေတာက အတ္တ ဖြစ်နေတယ်၊ ဒီတော့ မာတယ်၊ ပူတယ်လို့ ပြောနေတာက သညာဝိညာဏ်က ပြောနေတာပါ၊ သူ့သဘာဝတည်းတည်း (ဒီးဒီး) လေးအနေနဲ့ ရှိနေတာကို သညာဝိညာဏ်ကစွဲပြီး ပြောနေတာပါ၊ ဒါ့ကြောင့် ပထဝီဓာတ်ဟာ အနတ္တဓာတ်ပါ၊ ဒါကို ပိဋကတ်က "အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု" အတ္တနော၊ မိမိဟုဆိုအပ်သော အနတ္တသဘော၏။ (ဂါ) ဓာတ် ၃-ပါး ဆောက်ခံမှ ပထဝီဓာတ်က မာတယ်ဟု ပေါ်လာတဲ့သဘော၏။ သဘာဝံ၊ သဘောတရားကို။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဓာတု၊ ဓာတ်မည်၏လို့ ပြလာတယ်။

ဒီတော့ ဝါးလုံး ၄-လုံး ပေါင်းစုလိုက်တော့ အဲဒါ သမူဟ ဃနကြီးဖြစ်လာတယ်၊ ဒီသမူဟဃနကြီးရှိနေလို့ သညာဝိညာဏ် နှယ်မှာ လာပြီးပေါ်နေတာပါ၊ ဒီတော့ ဝါးလုံးက ထောင်နိုင်တာမဟုတ်ပါ၊ သမူဟပညတ်ရဲ့ သဘောကြောင့် ထောင်နေတာပါ၊ ဒါဖြင့်ရင်ဘာ့ကြောင့် ဝါးလုံးလေးတွေက ထောင်နေသေးတာလဲ ဒီနေရာမှာ ခက်ပါတယ်၊ ဒီတော့ ဒီပညတ် ၃-ပါးထဲမှာရှိနေတဲ့ ပရမတ်သဘောတွေကို သိနားလည်ထားရမယ်၊ ဒီတော့

မနေ့က သာရ ၄-လုံးကို" ခယခမ္မ၊ ကုန်တဲ့သဘော။ ဝယဓမ္မ၊ ပျက်တဲ့သဘော။ ဝိရာဂဓမ္မ၊ ကင်းတဲ့သဘော။ နိရောဓဓမ္မ၊ ချုပ်တဲ့သဘော" တို့နဲ့ သတ်ပြခဲ့ပြီ၊ ဒါက ဝိပဿနာ ဒေသနာနည်းအနေနဲ့ သတ်ပြလိုက်တာပါ၊ လုပ်ငန်းစဉ်အနေနဲ့ မပေါ်သေးပါ။

ဒီတော့ ပညတ် ၄-ပါးကို နားသည်ရမယ်၊ ဒါဖြင့် နာမပညတ်ဟာ အတိတ် သဘောလား၊ အနာဂတ် သဘောလား၊ ပစ္စုပ္ပန်သဘောလား၊ ဒါကို လိုက်စစ်ရမယ်၊ ဒီတော့ ကာလ ၄-ပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့နဲ့ ဖြတ်လိုက်တဲ့အခါမှာ သညာသာ ပြတ်ပြီး ဝိညာဏ်ဟာကျန်နေသေးတယ်၊ ဒီသညာကင်းတဲ့ ဝိညာဏ်ရိပ်ကို အခု ခေတုမနသိကာရအပိုင်းက ဆွဲတင်လာတယ်၊ ဒါကို အကျိုးဝိညာဏ်ရိပ်လို့ ခေါ်တယ်၊ ဒါဟာ ပညတ်ရိပ် ၄-ပါးကိုဘဲ သာရ ၄-လုံးလို့ ဖေါ်လာတာပါ၊ ဒါဟာ ဥဒယဗ္ဗယဉာဏ်ကသတ်ပြီးတဲ့ အကျိုးဝိညာဏ်ရိပ်ကြီးကို အခု ဆွဲတင်လာတာပါ၊ ဒါဟာ အခု မဟာသတိပဋ္ဌာန်တရားတော်ကြီးကျမှ ထိုက်ရိုက်ဆွဲဘင်လာနိုင်တယ်၊ ဝိပဿနာက တိုက်ရိုက် မဆွဲတင်နိုင်ပါ။

ဒီတော့ အကျိုးဝိညာဏ်မှာ ပညတ်ရိပ် ၄-ပါးဟာ ဘယ်အနေနဲ့ ရှိသလဲ၊ ဒါကို လိုက်ရှာရမယ်၊ ဒီတော့ နာမပညတ်ဟာ အတိတ်သဘောလား၊ အနာဂတ်သဘောလား၊ ပစ္စုပ္ပန်သဘောလားဆိုရင် အတိတ်သဘောပါ၊ ဘာ့ကြောင့်လဲ၊ အဲဒါ အစဉ်အဆက်က မှတ်လာခဲ့တဲ့ နာမပညတ်လေး ဖြစ်ခြင်းကြောင့်ပါ၊ သဏ္ဍာနပညတ်ကျတော့ အနာဂတ်သဘောအနေနဲ့ ရှိတယ်၊ သမူဟပညတ်ကျတော့ ပစ္စုပ္ပန်သဘောအနေနဲ့ ရှိနေသေးတယ်၊ ဒီအနေနဲ့ ပညတ်ရိပ် ၃-ပါးဟာ ပေါင်းနေသေးတယ်၊ ဒီတော့

ဝါးလုံးတလုံးထဲဆိုတော့ မထောင်နိုင်ပါ၊ ဝါးလုံး ၄-လုံးပေါင်းတော့ ထောင်နိုင်တယ်ဆိုပြီး ပေါ်လာတယ်၊ ဒါဟာ သညာဝိညာဏ်မှာ ပေါ်လာတာပါ၊ ဒီတော့ ဘာ့ကြောင့် ထောင်နိုင်တာလဲ၊ သမူဟပညတ်ရိပ်ရှိနေလို့ပါ။

ဒါပြင့် အခု ဘာ့ကြောင့် ထောင်နေတာလဲ၊ အဲဒါပရမတ်သဘောလေး ရှိနေလို့ပါ၊ ဒါကို လိုက်ရှာရမယ်၊ ဒီတော့ သမူဟပညတ်ရိပ် ဘာ့ကြောင့်ပေါင်းနိုင်သလဲ၊ အဲဒါ ပေါင်းနိုင်တဲ့သဘာဝလေးရှိလိမ့်အုံးမယ်၊ ဒါကိုလိုက်ရှာရင် အဲဒါ ဝါးလုံးလေးတွေရှိနေလို့ပါ၊ ဒါက လောကအနေနဲ့တင်ပြီး ပြောလိုက်တာပါ၊ (ဝါ) ပညတ်တင်ပြီးပြောလိုက်တာပါ၊ လုပ်ငန်းစဉ်အနေနဲ့ပြောရရင် အဲဒါ ပစ္စုပ္ပန်သဘော ပရမတ်လေးတွေရှိနေသေးတယ်၊ ဒီတော့ ဝါးလုံးတလုံးထဲကျတော့ အနတ္တပါ၊ ဝါးလုံး ၄ လုံးပေါင်းလိုက်တဲ့အခါကျတော့ ပစ္စုပ္ပန်သဘော နာမပညတ်ရိပ်လေး ရှိနေသေးတယ်၊ ဒါကိုသမူဟပညတ်ရိပ်ကလဲ ဆွဲလိုက်ရော ထောင်တယ်ဆိုတဲ့သဏ္ဍာန်လေးဟာ ပေါ်လာတယ်၊ ဒါဟာသဏ္ဍာန်ရဲ့သဘောပါ၊ ဝါးလုံးရဲ့သဘောမဟုတ်ပါ။

ဒီတော့ ဒီသဏ္ဍာန်ပညတ် ဘာ့ကြောင့်ပေါ်ရသလဲ၊ ပစ္စုပ္ပန်သဘော နာမပညတ်လေးရှိနေလို့ပါ၊ ဒါလေးရှိလာတဲ့ အတွက်ကြောင့် အဲဒါ ထောင်တယ်လို့ပြောနေတာပါ၊ ဒီတော့ ပညတ်ရိပ် ၃-ပါးဖွဲ့နေတာကို မသိကြလို့ ထောင်နိုင်တယ်လို့ ပြောနေတာပါ၊ သူ့ရဲ့သဘာဝကတော့ ထောင်သည်ဖြစ်စေ၊ လှဲသည်ဖြစ်စေ၊ သူတို့ရဲ့သဘာဝတွေက အနတ္တခ္ခတ်တွေပါ၊ ( ဥပမာ ) သဲပွင့်တွေကို ဆိုကြိတ်ရင် ဆီထွက်ပါမလား၊ မထွက်ပါ၊ ဘာ့ကြောင့်လဲဆီထွက်နိုင်တဲ့အမျိုးမဟုတ်လို့ပါ၊(ဝါ) ဆီထွက်နိုင်တဲ့သတ္တိမရှိလို့ပါ၊အဲဒီဥပမာလိုဘဲ အခုလဲသူတို့ရဲ့သဘာဝကို

ကအာနုက္ခ ခတ်တွေပါ၊လဲနေသော်လဲ့ ထောင်နေသော်လဲအနုက္က ခတ်တွေပါ၊ဒါပေမဲ့ ပစ္စုပ္ပန်ပရမတ်သဘော ရှိနေခြင်းကြောင့် ထောင်နိုင်တယ်ဆိုတဲ့နာမပညတ်လေးလာကပ်နေတာပါ၊ ဒါကို သညာဝိညာဏ်သမားတွေက ထောင်တယ်လို့ ပြောနေတာပါ။

ဒီဘော့ အခုသဏ္ဌာနပညတ် ထောင်နေတာဟာ ပစ္စုပ္ပန် သဘောလေးရှိနေလို့ပါ၊ ဒီပစ္စုပ္ပန်သဘောလေး သေသွားမှ ထောင်နေတဲ့ သဏ္ဌာနပညတ်ဟာလဲသေမယ်၊ ဒီတော့အခုဒီနေ ရာမှာ အတ္တနဲ့ အနတ္တဟာ ပညတ်တွေက လွှမ်းနေတဲ့အတွက် ကြောင့် အနတ္တလို့ မကျတာပါ၊ ဒါကိုနားလည်ရင် ဒီတော့ ပစ္စုပ္ပန်သဘောဟာ ပရမတ်သဘောလေးပါ၊ ဒါဟာ သခ်တ လောကမှာ ပေါ်ထွက်နေတဲ့ ပရမတ်သဘောလေးပါ၊ ဒါလေး ရှိနေလို့ ပညတ် ၃ ပါးက လွှမ်းပတ်နေတာပါ၊ ဒီသဘာဝ ဘော့ကို မြင်အောင်လို့ ဘုရားရှင်က "ယထာဌိတံ ယထာပဏိ ဟိတံ ဓာတုသော ပစ္စဝေက္ခတိ" လို့ဟောကြားလာတာပါ။

ဒီတော့ ဓာတုမနသိကာရအပိုင်းက ကိုင်ဇဲ့ခတ်၄-ပါးဟာ ဝိညာဏ်ရဲ့အရိပ်ခတ်၄-ပါးအနေနဲ့မြင်အောင်ရှုပါ၊ ဒီဝိညာဏ် ရိပ်ဟာလဲ အကျိုးဝိညာဏ်ရိပ်ပါ၊ ဒီအကျိုးဝိညာဏ်ရိပ်ဟာလဲ ပညတ် ၄-ပါးနေတဲ့သဘောပါ၊ ဒါဟာ သာရ ၄-လုံးအနေနဲ့ ဆွဲကိုင်ထားတာပါ၊ ကိုင်း....ဝါးလုံး ၄-လုံးပေါင်းပြီး ထောင် နေတာကို ဘုရားရှင်က ဖျက်ပစ်ရမယ်လို့ ဟောလာတယ် ဒါဖြင့် ဘယ်လိုဖျက်မလဲဆိုတာကို....

သေယျထာပိ ဘိက္ခဝေ ဒက္ခော ဂေါဃာတကော ဝါ
ဂေါဃာတကန္တေဝါသီ ဝါ ဂါဝိံ ဝဓိတွာ စတုမဟာ
ပထေ ဗိလသော ဝိဘဇိတွာ နိသိန္နော အဿ။

ဘိက္ခဝေ၊ ခန္ဓာငါးတန်ရုပ်နှင့်နာမ်ကို ဘေန်ရှငြား အိုချစ်သားတို့။ သေယျထာပိနာမ၊ ဥပမာပုံဆို အဘယ်ဟာလိုနည်းဟူမူကား၊ ဒက္ခော၊ ကျွမ်းကျင်တဘ်မြောက်သော။ ဂေါဃာတကော ဝါ၊နွားသတ်ယောကျ်ားသည်၎င်း။ ဂေါဃာတကန္တေဝါသီဝါ၊နွားသတ်ယောကျ်ား၏ တပည့်သည်၎င်း။ ဂါဝိံ၊ နွားကို။ ဝဓိတွာ၊ သတ်၍။ စတုမဟာပထေ၊ လမ်းလေးခွ၌။ ဗိလသော၊ ဝေဖန်ပုံ အဖို့အားဖြင့်။ ဝိဘဇိတွာ၊ ခွဲဝေ၍။ နိသိန္နော၊ နေသည်။ အဿဟောတိယထာ၊ ဖြစ်ဘိသကဲ့သို့လို့ ဟောကြားလာတယ်။

ကိုင်း ဘယ်လိုဖျက်မလဲဆိုတာကို လုပ်ငန်းစဉ် ငင်ရတော့မယ်၊ ဘယ်လိုဖျက်မလဲဆိုတော့ နာမပညတ်ကို စစ်ပြီးယ်၊ ဒီတော့ လာဘက်ရေပုဂ်လို့ခေါ်တဲ့ နာမပညတ်ဟာ အတိတ်သဘောလား၊ အနာဂတ်သဘောလား၊ ပစ္စုပ္ပန်သဘောလား၊ အဲဒါပေါင်းတယ်ဆိုတဲ့ သဘာဝလေးကို မြင်လာမှ ခေုလို့ရမယ်၊ အခုဒီနေရာဟာ အနတ္တလက္ခဏာသုတ် အလယ်ပိုင်းမှာပါတဲ့ သဘာဝကို လာထားတာပါအဲဒါ အနတ္တလက္ခဏာသုတ်မှာ....

တံ ကိံ မညထ ဘိက္ခဝေ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ နိစ္စံ ဘန္တေ။

ဘိက္ခဝေ၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်မှ ဖြတ်ထွက်လိုငြား အိုချစ်သားတို့။ တံ၊ ထိုငါဘုရားဟောကြားတော်မူလတ္တံ့သော တရားတော်ကို။ ကိံမညထ၊ အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။ ရူပံ၊ နိစ္စ၊ သုခ၊ သုဘ၊ အတ္တအရိပ် နိမိတ်လေးဖြာ ပဉ္စက္ခန္ဓာ သဘောမျှသာဖြစ်သော ရုပ်တရားသည်။ နိစ္စံဝါ၊ မြဲသလော။ အနိစ္စံဝါ၊ မမြဲသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။

ဘန္တေ၊ အရှင်မြတ်ဘုရား။ အနိစ္စံ၊ မမြဲပါဘုရား။ လို့ ဟော ကြားဆုံးမတော်မူခဲ့တယ်၊ ဒီသဘာဝကို ယခု ဒီဓာတုမနသိကာရ အပိုင်းမှာ လာဝင်နေပြီ။

ဒီကထွက်လာတဲ့ အရိပ်လေးကို ဝိပဿနာဘာဂ်ဉာဏ်က ဖမ်း တယ်၊ အခု မဟာသတိပဋ္ဌာန် တရားတော် ဓာတုမနသိကာရ အပိုင်းက ဖမ်းလာတာပါ၊ ဒီတော့ မဟာသတိပဋ္ဌာန် တရားက အားလုံးကို လိုက်ဖမ်းနေပြီ၊ ဒီတော့ ပညာမြင် ဥဒယဗ္ဗယဉာဏ် မှာကို သောတာပတ္တိမဂ်ဟာ ဥက္ကောင်းကျခဲ့ပြီ၊ ဒါ့ကြောင့်အခု အနုတ္တလက္ခဏာသုတ်အလယ်ပိုင်းထဲဝင်လာဘာပါ ဒီတော့ နာမ ပညတ်ကို အဆင်းသဏ္ဌာန်ခံတဲ့နာမပညတ်၊ အဆင်းမသဏ္ဌာန်ခံ တဲ့နာမပညတ်ဆိုပြီး ၂-မျိုးရှိတယ်၊ အဆင်းသဏ္ဌာန်ခံတဲ့ နာမ ပညတ်က ပစ္စုပ္ပန်သဘောကိုယူပါ၊ အဆင်းမသဏ္ဌာန်ခံတဲ့နာမ ပညတ်ကျတော့ အစဉ်သဘောအနေနဲ့ ယူလာတဲ့ အတိတ် သဘောကိုယူပါ၊ အခုဒီနေရာမှာ အကျိုးသက်သက်ဖြစ်နေတဲ့ အတွက် ပရမတ်မသဏ္ဌာန်ခံတဲ့ နာမပညတ်ကို ပြောရတော့ မယ်။

ဒီတော့ ဘာကိုမြင်သလဲ၊ လဘက်ရေပုဂံကိုမြင်တယ်၊ ဒီနာ မပညတ်ဟာ အတိတ်သဘောပါ၊ သူ့မှာ ဥဒယဗ္ဗယဉာဏ်က အကြောင်းဘူက မြူမျှမကျန်အောင်ချေခဲ့တဲ့အတွက် အဆင်း သဏ္ဌာန်ခံတာမရှိတော့ပါ၊ ဒါ့ကြောင့် အတိတ်သဘောနာမ ပညတ်ရိပ်လို့ပြောတာပါ၊ ဘာလို့ပြောနိုင်တော့သလဲ၊ အရင် အဆင်းသဏ္ဌာန်ခံစဉ်တုံးကဟာကို စွဲပြီးပြောနေရတာဖြစ်ခြင်း ကြောင့်ပါ၊ ဒါကိုနိစ္စသညာရလို့ပြောတာပါ၊ အဲဒါမိဘ ဆရာဘိုး ဘွားဘီဘင်လက်ထက်ကစပြီး မှတ်ယူလာခဲ့တဲ့ သညာအမှတ်

လေးဘဲမဟုတ်လား၊ ဒါကို အန္ဓတွေက အဆင်းထောက်ခံတဲ့ နာမပညတ်အနေနဲ့ ရှိနေတယ်လို့ ထင်နေကြတယ်၊ ဒါ့ကြောင့် အနှစ်အသားအနေနဲ့ ဆွဲနေတာပါ။

ပညာမြင်-ဥဒယဗ္ဗယဉာဏ်ကြီးကို ပိုင်သွားတဲ့သူတွေကျတော့ အဆင်းမထောက်ခံတဲ့ နာမပညတ်အနေနဲ့သာ ယူတော့တယ်၊ ဒီတော့ အနှစ်အသားအနေနဲ့ မရှိတော့ပါ၊ ဒီတော့ ကြေးဆင်းထုတော်၊ ကျောက်ဆင်းထုတော်တွေကို အန္ဓတွေက အဆင်းကို စွဲပြီး ကိုးကွယ်နေကြတယ်၊ ပညာမြင်-ဥဒယဗ္ဗယဉာဏ်ကိုပိုင်တဲ့ ပုဂ္ဂိုလ်တွေကျတော့ အဲဒါအဆင်းမထောက်ခံတဲ့အတွက်ဒီပုံတော်တွေကို ရှိမခိုးတော့ပါ၊ ဒါဖြင့်ရင် ဘုရားမဟုတ်ဘူးလို့ ပယ်မသား၊ ပယ်လဲမပယ်ပါ၊ ဘာ့ကြောင့်မပယ်သလဲ၊ ပြောပြမယ် အန္ဓတွေကျတော့ ကြေးဆင်းထု၊ ကျောက်ဆင်းထုတော်တွေကို ဘုရားလို့စွဲနေတာပါ၊ နာမပညတ်ကို စွဲတာမဟုတ်ပါ၊ အဲဒါ အဆင်းကိုစွဲပြီးကိုးကွယ်နေကြတယ်။

ဒီတော့ ဒီလိုကိုးကွယ်နေတာဟာ ကုသိုလ်ကံအနေနဲ့တော့ရပါတယ် နိဗ္ဗာန်ကိုတော့မရပါ၊ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကိုပိုင်တဲ့ ပုဂ္ဂိုလ်တို့ကျတော့ အဆင်းထောက်ခံတဲ့နာမပညတ်ကို ပယ်ထုတ်လိုက်ပြီ၊ ဒီတော့ ကြေးဆင်းထုတော်၊ ကျောက်ဆင်းထုတော်တွေကို စွဲပြီးမကိုးကွယ်တော့ပါ၊ ဒါပေမဲ့ ဘုရားမဟုတ်ဘူးလို့ တော့မပယ်ပါ၊ ဘာ့ကြောင့်လဲ၊ ဒီဆင်းထုတော်မှာ ပစ္စုပ္ပန်ဆတ်ဆတ်ပရမတ္ထသဘာဝအနတ္တဂုဏ်ရှိနေတဲ့အတွက်ကြောင့်ပါ၊ ဒီဂုဏ်တွေကိုသာ ကိုးကွယ်တော့တယ်၊ ဒါဟာ အဆင်းလို့ စွဲပြီးကိုးကွယ်တာမဟုတ်ပါ၊ အဲဒါပစ္စုပ္ပန်ဆတ်ဆတ် ပရမတ္ထ သဘာဝအနတ္တဂုဏ်လေးကို ကိုးကွယ်တာပါ၊ ဒီတော့ပညာမြင်

ဥဒယဗ္ဗယဉာဏ်ကို ရတာဟာဘုရားရှင်က ချထားခဲ့တဲ့အတွက်ကြောင့် ရတာဘဲမဟုတ်လား၊ ဒါဟာဘုရားရှင်ရဲ့ ဂုဏ်တွေဘဲ မဟုတ်လား။

ဒီတော့ ဒီပစ္စုပ္ပန်ဆတ်ဆတ် ပရမတ္ထအနတ္တဂုဏ်ရှိနေတာကို တကာတို့မှာက အဲဒါ အတိတ်သဘောအနေနဲ့ နာမပညတ်ဟာ ရှိနေတယ်၊ ဒါကို ပုံစံမှာ သညာက္ခန္ဓာလို့ ပြထားတာပါ၊ ဒီကနေ သမူဟပညတ်ကြီးပေါင်းအောင်လုပ်ပြမယ်၊ ပေါင်းအောင်လုပ်ပြပြီးမှ ချေပြမယ်၊ ဒီကနေ တချက်ထဲနဲ့ မဂ်ကိုဝင်နိုင်တယ်၊ ဒီတော့ ပညတ်ရိပ်လေးတွေ ပေါင်းတာနဲ့ ခန္ဓာလေးတွေ ထွက်လာတဲ့သဘာဝဟာ တောင်ဘော်လေး သိမ်မွေ့ပါတယ်၊ ဒီတော့ ပေါင်းတဲ့သဘာဝမှာ ပရမတ်သဘာဝလေးကို လိုက်ရှာရမယ်၊ ဒီတော့ ပဋ္ဌမရုပ်ပင်, နာမ်ပင်ကိုဖြစ်တာက တကဏ္ဍ, နောက် သညာဝိညာဏ်ကို ဖြတ်တာက တကဏ္ဍ, နောက် သညာဝိညာဏ်ရဲ့ ရေသောက်မြစ်ကို ဖြတ်တာက တကဏ္ဍ ဒါကိုလဲ မြင်အောင်ကြည့်ပါ။

ဒီတော့ သညာကရုပ်ထွက်တာကို နာမရူပပရိစ္ဆေဒဉာဏ်က သိမ်းတယ်၊ ဝိညာဏ်ကထွက်တဲ့နာမ်ကို ပစ္စယပရိဂ္ဂဟဉာဏ်က သိမ်းတယ်၊ ဒါဟာ အနတ္တနဲ့သိမ်းတာပါ၊ ဒါဟာ သညာဝိညာဏ်ဖြင့်ဆဲ့လို့မရပါ၊ သူ့သဘာဝအတိုင်း ထွက်လာတဲ့ အနတ္တပါ၊ ဒီတော့ ရုပ်တရားကို အနတ္တနဲ့ သိမ်းတဲ့အခါမှာ နာမပညတ်ဟာ အနတ္တဝင်သွားတယ်၊ နာမ်တရားကိုအနတ္တနဲ့ သိမ်းလိုက်တော့ သဏ္ဌာနပညတ်ဟာ အနတ္တဝင်သွားတယ်၊ ဒီလိုကို ပညတ်တွေ့မပေါ်မှ အနတ္တခေါတ် အစစ်ပါ၊ ဒီလိုကို လုပ်ငန်းစဉ်အနေနဲ့ ပြန်တွေးကြည့်ပါ၊ နောက် သညာနဲ့

ဝိညာဏ်ကို သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်နဲ့ သိမ်းလိုက်တဲ့ အခါမှာ အခု ရေသောက်မြစ်တွေ ကျန်နေသေးတယ်၊ ဒီ ရေသောက်မြစ်တွေကို ဖြတ်ရအုံးမယ်။

ဒီ ရေသောက်မြစ်တွေကို ဖြတ်လိုက်တော့မှ အားလုံးပြတ်ပြီး အသင်္ခတမှသို့ ဝင်သွားတယ်၊ ဒီတော့ အခုဒီနေရာမှာ ရေသောက်မြစ်ကို ရှာနေတာပါ၊ ဒါဟာ သညာသဘော ရုပ်ရဲ့ ရေသောက်မြစ်ကို ရှာနေတာပါ၊ အခု ဘင်ဉာဏ်မှာ အကျိုးဝိညာဏ်သို့ ပြောနေတာဟာ ရေသောက်မြစ်ကို ပြောနေတာပါ၊ အခု ရေသောက်မြစ်တွေကို ထုတ်ပြနေပါပြီ၊ ဒီတော့ အတိတ်သဘော၊ အနာဂတ်သဘော၊ ပစ္စုပ္ပန်သဘောလို့ ပြလာတယ်၊ ဒီနေရာမှာ ကာလကို မယူတော့ပါ၊ ကာလကိုယူဘာက ရုပ်နာမ်ကိုဖြတ်တဲ့သဘောပါ၊ အခုဒီနေရာမှာက ရေသောက်မြစ်ကို ဖြတ်ဘာ ဖြစ်ခြင်းကြောင့် ကာလမထည့်တော့ဘဲ အတိတ်သဘော၊ အနာဂတ်သဘော၊ ပစ္စုပ္ပန်သဘောလို့ ပြောတာပါ။

ဒီတော့ အခုပညာမြင့်ဥဒယဗ္ဗယဉာဏ်ကို ရောက်ပြီးတဲ့သူတွေကျတော့ အဆင်းထောက်ခံတဲ့ နာမပညတ်ကို မလိုက်တော့ပါ၊ အဲဒါ မိဘဘိုးဘွားအစဉ်အဆက်က ချထားတဲ့အတွက် တကာကြီးကိုယ်တိုင် ချတာမဟုတ်ခြင်းကြောင့် အတိတ်သဘော၊ မျက်ကွယ်သဘော၊ ဒါကသညာကတွက်လာတဲ့ ရေသောက်မြစ်ပါ၊ ဒီနာမပညတ်ဟာ အဆင့်ဆင့် မှတ်ယူလာခဲ့တဲ့ အတွက်ကြောင့် အဲဒါ အတိတ်သဘောအနေနဲ့ ရှိနေတယ်၊ ဒါက တကာကြီးကိုယ်တိုင် အမည်လေးချထားတာ မဟုတ်လို့ပါ၊ ဒီကနေ လှမ်းကြည့်လိုက်ပါ၊ ရှင်ဂေါတမ ဘုရားရှင် ပွင့်တော်မူသွား

တာဟာ နှစ်ပေါင်း ၂၅၀၀-ကျော်သွားပြီ၊ ဒီတော့ တကာကြီးက ဘုရားဆိုပြီး ကိုးကွယ်နေတာဟာ ပစ္စုပ္ပန်အနေနဲ့ ကိုးကွယ်နိုင်တာလား၊ မဟုတ်ပါ၊ အတိတ်သဘော နာမပညတ်အနေနဲ့သာ ကိုးကွယ်နေတာဘဲ မဟုတ်လား၊ ဒါဟာ တကာကြီးရဲ့ နှလုံးအိမ်မှာ ဘယ်အနေနဲ့ ရှိနေသလဲဆိုတော့ အဲဒါ နိစ္စသာရ အနေနဲ့ ရှိနေတယ်။

ဒီလို အနှစ်အသားအနေနဲ့ စွဲနေတာကို ဒိဋ္ဌိထဲသွင်းရင် သဿတဒိဋ္ဌိပါ၊ ဒါဟာ သညာသဘောချုပ်ရဲ့ ရေသောက်မြစ်ပါ၊ ဒါကို ခန္ဓာအနေနဲ့ ဆိုရင် သညက္ခန္ဓာပါ၊ ဒါဟာ အကာကြီးရဲ့ နှလုံးအိမ်ထဲမှာ ရှိနေသေးဘယ်၊ ဒါကို မပယ်နိုင်သေးပါ၊ ဒီတော့ သောတာပန်ပုဂ္ဂိုလ်မှာကော ဒီအတိတ်သဘော နာမပညတ်ရိပ်လေး မရှိတော့ဘူးလား၊ ရှိနေသေးဘယ်၊ ဒါပေမဲ့ နိစ္စသာရ သဿတဒိဋ္ဌိ သညက္ခန္ဓာက ရှေ့ဆောင်ပြီး မရှိတော့ဘာပါ၊ အခု တကာကြီးတို့ကျတော့ ဒီဟာတွေအားလုံး ရှေ့ဆောင်ပြီး ရှိနေသေးတယ်၊ ဒီအတိတ်သဘော နာမပညတ်ရိပ်ကို အထက်မဂ်ဖြစ်တဲ့ အရဟတ္တမဂ်ကျမှ ပယ်ပါတယ်၊ ဒီတော့ သောတာပန်ပုဂ္ဂိုလ်မှာ အတိတ်သဘော နာမပညတ်ဟာ ဘယ်အနေနဲ့ ရှိနေသလဲဆိုတာကို ပြောပြမယ်။

ဒီတော့ အယူသစ္စာ, အသုံးသစ္စာဆိုပြီး ၂-မျိုးရှိတယ်၊ အယူသစ္စာဆိုတာက နာမပညတ်ဟာ အဟုတ်ရှိတယ်, တကယ်ရှိတယ်ဆိုပြီး ဆွဲကိုင်ထားတာပါ၊ ဒါက အန္ဓတွေမှာရှိနေတဲ့ နာမပညတ်သဘောပါ၊ သောတာပန်ပုဂ္ဂိုလ်ကျတော့ နာမပညတ်ကို အသုံးသစ္စာအနေနဲ့သာ (ဝါ) သင်္ဘာလောကကြီးမှာ ခေါ်ဝေါ်လွှယ်ကူစေခြင်းအကျိုးငှါသာ ရှိတော့တယ်. ဒီအနေနဲ့သာ

ယူထားတော့တယ်၊ ဒီတော့ အယူသစ္စာကို ယူလာရင်ဘဲ အဲဒါ ကုသိုလ်ကံ့ အကုသိုလ်ကံအနေနဲ့ ဆုံးမလာတဲ့ အတွက်ကြောင့် ဝိရတီသစ္စာတွေ ဖြစ်လာတော့ဘာယ်၊ ဒီသဘာဝတွေဟာ အန္ဓတွေ မှာကို ဒီ နာမပညတ် အထိတ်သဘော နိစ္စသာရ သဿတဒိဋ္ဌိ သညက္ခန္ဓာတို့က အုပ်ချုပ်ထားတယ်၊ သောတာပန်ပုဂ္ဂိုလ် ကျတော့ ဒီ အတိတ်သဘော နာမပညတ် နိစ္စသာရ သဿတဒိဋ္ဌိ သညက္ခန္ဓာတို့ဟာ ဝိရတီသစ္စာအနေနဲ့ မရှိတော့ပါ၊ အဲဒါ အသုံးသစ္စာအနေနဲ့ သာ ရှိတော့တယ်။

ဒီတော့သောတာပန်ပုဂ္ဂိုလ်မှာ 'ကြောက်'ဆိုတဲ့တရားကြီးဟာ သူ့အလိုလို သမုစ္ဆေဒပဟာန်ဖြင့် ပြီးစီးလာတဲ့ အတွက်ကြောင့် အဲဒါ အတိတ်သဘောနာမပညတ် နိစ္စသာရ သဿတဒိဋ္ဌိ သညက္ခန္ဓာက ရှေ့ဆောင်ပြီးမရှိတော့ပါ၊ ဒါကို အဋ္ဌကထာ ဆရာကြီးတွေက "ရွှေကြိုးကြာရေမသောက်၊ သောတာပန် သေမဆောက်" လို့ရေးလာတယ်၊ ဒါကိုသဘာဝ ထုတ်ပြအုံး မယ်၊ သောတာပန်သေမသောက်ဆိုတာဟာ သောတာပန်ဖြစ် သွားရင် ကံ ၅ ပါးကို သူ့အလိုလိုလုံခြုံလာတယ်၊ အန္ဓတွေကျ တော့ ဒီကံ ၅ ပါးကိုလွန်ကျူးရင် အပါယ် ၄ ပါးကျမှာ ကြောက်လို့ စောင့်ရှောက်လာတယ်၊ သောတာပန်ကျတော့ သူ့အလိုလိုပယ်လာတဲ့အတွက် လုံခြုံလာတယ်။

ဒီတော့ သောတာပန်ဟာသေရည်သေရက်ထည့်ထားတာမှန်း သိရင် မသောက်တော့ပါ၊ ဒါကပစ္စုပ္ပန်အနေနဲ့ ပြောတာပါ၊ အတိတ်မျက်ကွယ်အနေနဲ့ဆိုရင် သောက်လိုက်လို့ ပါးစပ်ထဲ ရောက်မှ သေရည်သေရက်ပါမှန်းသိဘာနဲ့ တခါတဲပြန်အန်ထုတ်

ပစ်လိုက်တယ်၊ ဒီတော့ သောတာပန်ပုဂ္ဂိုလ်ဟာ ဒီဘဝသေပြီး အထက်မဂ်ကို မရသေးလို့ လူ့ပြည်မှာတခါပြန်ပြီး လူပြန်ဖြစ်လာတယ်ဆိုကြပါစို့၊ ဒီတော့ ဒီသောတာပန်ဖြစ်နေတဲ့ ခလေးလေးကို သေရည်သေရက်တိုက်ရင် မသောက်တော့ပါ၊ အဲဒါ အန်ထုတ်ပစ်တာဘဲ၊ ဒါကိုရည်ပြီးတော့ "သောတာပန်သေမသောက်"လို့ ရေးလာတာပါ။

ဒါကြောင့် သောတာပန်ပုဂ္ဂိုလ်ဟာသေမသောက်ဘူးဆိုတာ ပစ္စုပ္ပန်ဘဝကိုရည်ပြီး ပြောတာမဟုတ်ပါ၊ ဘဝတပါးကိုရည်ပြီးပြောတာပါ၊ ဒါကြောင့် "ဘဝန္တရေပိဟိ" ဆိုတဲ့ ဝါကျခံပြီး တက်ပြသွားတာပါ၊ အဲဒါ ခလေးငယ်ဘဝကို ရည်ပြီး ဆိုလိုတာပါ၊ ဒီ ပစ္စုပ္ပန်ဘဝမှာတော့ သေရည်ကိုသောက်ရင် ဝင်တာဘဲ၊ ဘာ့ကြောင့်ဝင်သလဲ၊ အခေါင်းရှိလို့ ဝင်တာပါ၊ (ဝါ) အပေါက်ရှိလို့ ဝင်တာပါ၊ ကိုင်း.... ဒီသဘာဝတွေကို နားလည်ထားရမယ်။

# ညဟောစဉ်။

အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ၊ စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တဗောဇ္ဈင်္ဂေ ပရိပူရေန္တိ၊ သတ္တဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။

လို့ဟောကြားလာတဲ့အတိုင်း ယခု မဟာသတိပဋ္ဌာန် တရားတော်ကြီးမှာ ဟောကြားထားတဲ့ (၁) ကာယာနုပဿနာသတိပဋ္ဌာန် ဒါက ခန္ဓာကိုယ်ကြီးကိုအလုပ်ပေးတာပါ၊ (၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ (၃) စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ (၄) ဓမ္မာနုပဿနာသတိပဋ္ဌာန်ဆိုပြီး ၄-ပါးရှိတယ်၊ ဒီတော့ ကာယာနုပဿနာ သတိပဋ္ဌာန်ပိုင်းမှာ ၁၄-ပိုင်းရှိတယ်၊ ဒီတော့ သမထယာနိကလမ်း ဝိပဿနာယာနိကလမ်းဆိုပြီး လမ်း၂-လမ်း ရှိတယ်။

ဒီ လမ်း ၂-လမ်းမှာ ဆရာတော်တို့က ဝိပဿနာယာနိက လမ်းကနေ အားထုတ်တာဖြစ်ခြင်းကြောင့် ကာယာနုပဿနာ သတိပဋ္ဌာန်အပိုင်းထဲမှာပါတဲ့ နဝသိဝထိက အပိုင်း ၉-ပိုင်းဟာ သုသာန်မှာသွားပြီး အားထုတ်ရတာ ဖြစ်ခြင်းကြောင့် ဒါဟာ သမထ ယာနိကလမ်းသမားတွေ ပွားများတဲ့အပိုင်းပါ၊ အခု ဝိပဿနာ ယာနိက လမ်းသမားတွေနဲ့ မသင့်လျော်တဲ့ အတွက် ပယ်ခဲ့တာပါ၊ ဒီတော့ ကာယာနုပဿနာသတိပဋ္ဌာန်အပိုင်းမှာ ၅-ပိုင်းဘဲ ကျန်တော့တယ်၊ ဒီ ၅-ပိုင်းကိုလဲ အနာပါနအပိုင်းထဲ ထည့်လိုက်ရင် ဝင်ပါတယ်၊ မထည့်ဘဲထားရင်လဲ ရပါတယ်၊

ဒီတော့ အာနာပါနတရားကို ပွားများရင် သတိပဋ္ဌာန် ၄-ပါး ပြည့်စုံတယ်၊ သတိပဋ္ဌာန်တရား ၄-ပါးကို ပွားများရင် ဗောဇ္ဈင် (၇)ပါးပြည့်စုံတယ်၊ ဗောဇ္ဈင် (၇)ပါးကို ပွားများရင် မဂ်ဖိုလ် နိဗ္ဗာန်ကို မြင်ခြင်း ရခြင်းဟာ ပြည့်စုံတယ်လို့ ဟောကြားထား ခဲ့တယ်။

ဒီတော့ အာနာပါန တရားကြီးဟာ အရေးကြီးပါတယ်၊ ဒီအာနာပါန တရားတော်ကြီးကနေ မဂ်တရား ဖိုလ်တရားကို ဝင်လို့ရပါတယ်၊ ဒါကြောင့် အာနာပါနတရားကြီးကို ကြိုးစား အားထုတ်ကြပါ၊ ဒီတော့ အာနာပါနတရားကနေ မဟာသတိ ပဋ္ဌာန်တရား ၄-ပါး ဘယ်လိုဝင်သလဲဆိုတာကို ပြောပြအုံးမယ်၊ ဒီတော့ ပဌမတံခါးဖြစ်တဲ့ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်မှာ ကာယာနုပဿနာသတိပဋ္ဌာန်၊ ဒုတိယတံခါးဖြစ်တဲ့ ငယ်ထိပ် ဦးဏှောက်ကျတော့ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ တတိယတံခါး ဖြစ်တဲ့ နှလုံးအိမ် ရင်ချိုင့်ကျတော့ ဝေဒနာနုပဿနာသတိ ပဋ္ဌာန်၊ စတုတ္ထတံခါးဖြစ်တဲ့ ချက်တိုင်ကျတော့ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဒီလိုသွင်းရပါတယ်၊ ဒါကြောင့် အာနာပါန တရားကို ပွားများရင် မဟာသတိပဋ္ဌာန်တရား ၄-ပါး ပြည့်စုံ တယ်လို့ ဟောလာတာပါ။

နောက် သတိပဋ္ဌာန်တရား ၄-ပါးကို ပွားများရင် ဗောဇ္ဈင် ( ၇ ) ပါးပြည့်စုံတယ်ဆိုတာကို သွင်းပြအုံးမယ်၊ ဗောဇ္ဈင် ( ၇ ) ပါးကို လုပ်ငန်းစဉ်အနေနဲ့ကျတော့ အနုပဿနာ ( ၇ ) ဉာဏ်လာထွက်တယ်၊ ဒီတော့ ပညာမြင်-ဥဒယဗ္ဗယဉာဏ်ကနေ ရေတွက်ရင် အနုလောမဉာဏ်အထိ ၆-ဉာဏ်ရှိတယ်၊ ဒါကို သစ္စာနုလောမိကဉာဏ်လို့ ခေါ်တယ်၊ ဒါဘာ့ကြောင့် သစ္စာ

နုသောမိတ္တဉာဏ်လို့ ခေါ်သလဲဆိုတော့ ဒီဉာဏ် ၉-ဉာဏ်ဟာ မဂ်ကိုတချက်ထဲဝင်နိုင်တဲ့ ဉာဏ်တွေဖြစ်ခြင်းကြောင့် သစ္စာနုလောမိက ဉာဏ်လို့ခေါ်တာပါ၊ ဒီတော့ အနုပဿနာ (၇) ဉာဏ်မှာ ပညာမြင်-ဥဒယဗ္ဗယဉာဏ်ကတကကျွပါ၊ နောက်ဘင်္ဂဉာဏ်က ပညာမြင်အနိစ္စဉာဏ်ဆိုပြီးတကကျွ၊နောက် ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒဉာဏ် ဒါက ပညာမြင် ဒုက္ခဉာဏ်ဆိုပြီး တကကျွ၊ နောက် မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ် ဒါက ပညာမြင် အနတ္တဉာဏ်ဆိုပြီးတကကျွ၊ ဒါဟာ အနုပဿနာ (၇) ဉာဏ်ကို ၄-ပိုင်း ပိုင်းလိုက်တာပါ။

ဒီ ၄ ပိုင်း ပြည့်စုံရင် ဗောဇ္ဈင်( ၇ ) ပါးပြည့်စုံပြီ၊ ဒီအပိုင်း ၄-ပိုင်းကို သတိပဋ္ဌာန်တရားထဲ သွင်းပြအုံးမယ်၊ ပညာမြင် ဥဒယဗ္ဗယဉာဏ်အပိုင်းက မွေ့နုပဿနာသတိပဋ္ဌာန်၊ အာနာပါနနဲ့ဆိုရင် စတုတ္ထတံခါး ချက်တိုင် ပရိပါစကမီးခတ်ပေါက်သွားပြီ၊ ဒီလိုလဲ့ သွင်းရပါတယ်၊ ဒီပညာမြင် ဥဒယဗ္ဗယဉာဏ် အပိုင်းကိုပိုင်ရင် ဓမ္မကြောင်းအနေနဲ့ဝန်ခံနိုင်လာပြီ၊ လောကကြောင်းအနေနဲ့တော့ ဝန်မခံနိုင်သေးပါ၊ အဲဒါ သူရဲ့နှလုံးအိမ်ကနေပြီးတော့ ဓမ္မခန္ဓာပေါင်း ၈၄၀၀၀ တို့ဟာထွက်နေပြီ၊ ဒါ့ကြောင့် ဓမ္မကြောင်းကို ဝန်ခံနိုင်လာတာပါ၊ နောက် ပညာမြင်အနိစ္စဉာဏ်ကိုပိုင်ရင် စိတ္တာနုပဿနာသတိပဋ္ဌာန် ဝင်သွားပြီ၊ ဒီလိုဝင်နေတဲ့အတွက်သူရဲ့နှလုံးအိမ်မှာ ကုသိုလ်ကံ့အကုသိုလ်ကံကို အဖြစ်မခံတော့ပါ၊ အဲဒါ ပါရမီကုသိုလ်မျိုး အနေနဲ့သာ အဖြစ်ခံတော့တယ်။

နောက်ပညာမြင်ဒုက္ခဉာဏ်ကိုပိုင်ရင် ဝေဒနာနုပဿနာသတိပဋ္ဌာန်ကိုမျိုလိုက်ပြီ၊ ဒီတော့ အာရုံတွေနဲ့တွေ့တဲ့အခါမှာကို အနွ

တွေလို့မဟုတ်တော့ဘဲ ခံစားချက်တွေဟာပြောင်းသွားပြီးနောက် ပညာမြင်အနုတ္တဉာဏ်ကိုပိုင်ရင် ကာယာနုပဿနာ သတိပဋ္ဌာန် တရားမှာ ဥစ္စာကျောင်းချနိုင်ပြီ၊ ဒီလိုကိုသွင်းနိုင်လာရမယ်၊ ဒီတော့ အာနာပါနတရားကနေ သတိပဋ္ဌာန်တရား ၄-ပါးကို သိမ်းသွင်း လာတယ်၊ ဒီမဟာသတိပဋ္ဌာန်တရား ၄-ပါးကနေ ဗောဇ္ဈင် (၇) ပါးကို (၀ါ) အနုလောမ (၇) ဉာဏ်ကို သိမ်းသွင်းလာ တယ်။

ဒီတော့ ဗောဇ္ဈင် (၇)ပါးလဲပါလာပြီ၊ မဂ်ဖိုလ်တရားတွေလဲ ပါလာပြီ၊ ဒါ့ကြောင့် အာနာပါနတရားတော်ကြီးဟာ တန်ဘိုး ရှိပါတယ်၊ ဒီတော့ မဟာသတိပဋ္ဌာန် လုပ်ငန်းစဉ် အစစ်ဟာ အာနာပါနတရားထဲမှာသာ ရှိပါတယ်၊ ဒါ့ကြောင့် အာနာပါန တရားကို အားထုတ်ရမှာဘဲမဟုတ်လား၊ အားထုတ်တဲ့အခါမှာ မီးနဲ့မဖမ်းဘဲ ထွက်လေ, ဝင်လေကိုသာ အရင်ဖမ်းနေတယ်၊ ဒီတော့ စိတ်ဝိညာဏ်ဟာ မတည်ငြိမ်ဘဲဖြစ်နေတာပါ၊ ဒီတော့ သတိမမြဲသေးပါ၊ ဒါဘာ့ကြောင့်လဲ ထောက်ခံတဲ့ သဘာဝ မရှိတဲ့အတွက်ကြောင့် ထင်ခဲမြင်ခဲတာပါ။

အခုဆရာတော်တို့က အာနပါနလုပ်ငန်းစဉ်မှာ ပညာ်ရိပ် ထင်လွယ်အောင် မီးကသိုဏ်းကနေ အာနာပါန လုပ်ငန်းစဉ်ကို အရင်ဖမ်းခိုင်းဘာပါ၊ ဒီတော့ မီ ကိုအရင်ရှုရမယ်၊ ဒီမီးကိုရှုပြီး တော့ ဒီမီးညွန့်လေးကိုသဲ ဖွင့်ပြီးကြည့်သလို မိုတ်ကြည့်ရင်လဲ မြင်လာရော ထွက်လေ, ဝင်လေ့နဲ့ပါအောင် ဒီမီးညွန့်လေးကို သွင်းရမယ်၊ ဒီလိုသွင်းမှ ထင်လွယ်မြင်လွယ်, နိမိတ်မြဲလွယ် တယ်၊ ဒါဟာ မြဲလာတဲ့သညာအမှတ် နာမပညတ်ဟာ ပရမတ် ထောက်ခံနေတဲ့အတွက်ကြောင့်ပါ၊ ဒီကနေ ပြီးတော့ ဒီမီးညွန့်

လေးဟာ ဖွင့်ကြည့်မှိတ်ကြည့်သော်လဲ မပျောက်ပျက်ဘဲမြဲနေ ရင် ဒီကနေ အာရုံအာရမ္မဏိက ရုပ်နာမ်ပေါ်ရမယ်။

ဒီတော့ ဒီမီးညွန့်လေးမြဲပြီး ထွက်လေ့ဝင်လေမှာ ပါသွား အောင်အားထုတ်လို့ ဒီမီးညွန့်လေးဟာထွက်လေ့ဝင်လေနဲ့လဲ ပါသွားရော ဒီတော့မှ လေကြောင်းနိမိတ်လေးဟာ မီးရောင် လေးနဲ့ပေါ်လာပြီ၊ ဒီတော့မှ ဦးကျောက်အိမ်ထဲသွင်းပြီး ရှုလာ ရမယ်၊ ဒီတော့မှ သဏ္ဍာန်၊ အရိပ်၊ နိမိတ်၊ လက္ခဏာတွေပေါ် လာမယ်၊ ဒါဟာ ကျောက်နဂါးမီးခေတ်ပါ၊ ဒီကနေမှ ပရမတ် ရုပ်နာမ်ကို ကူးရမယ်၊ ဒီလိုကျောက်နဂါးမီးခေတ် ပေါက်သွား ရင်ဘဲ သညာဝိညာဏ်ဟာ ပြောင်းမှန်းမသိ ပြောင်းလာတော့ တယ်၊ ဒီတော့ထွက်လေ့ဝင်လေက ပရမတ်သဘော၊ အာရုံ သတောပါ၊ မီးရောင်လေးက ပညတ်သဘော၊ အာရမ္မဏိ သဘောပါ၊ ဒါ့ကြောင့် မီးကိုကြည့်ပြီး ဒီမီးရောင်လေးကို ထွက်လေ့ဝင်လေနဲ့ ပါလာအောင် ဆွဲယူခဲ့ပါ၊ ဆွဲယူလို့ရလာ ရင်ဘဲ လေကြောင်းနိမိတ်လေးဟာ မီးရောင်လေးအနေနဲ့ ထင် လာမယ်၊ ဒါမှ လေကြောင်းနိမိတ်ဟာ အလွယ်တကူနဲ့ထင်မြင် နိုင်ပါတယ်၊ ဒါကထင်လွယ်မြင်လွယ်တဲ့နည်းပါ။

ကိုင်း....သာခုခေါ်ကြပါတော့

သာခု....သာခု....သာခု

သီတင်းကျွတ်လဆန်း ( ၄ )ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၃၀)

သန္တတိပညတ်ကို ဣရိယာပထလုပ်ငန်းစဉ်ဖြင့် ပယ်သတ်ခဲ့ပြီ၊ အခု ဓာတုမနသိကာရအပိုင်းက သမူဟပညတ်ကို ပယ်သတ်မယ်၊ ရှေ့ကို နာမပညတ်နဲ့သဏ္ဌာနပညတ်တို့ကို ပယ်သတ်ရလိမ့်အုံးမယ်၊ ဒီတော့ ဓမ္မစကြာတရားတော်၊ အနတ္တလက္ခဏာသုတ်တရားတော်တို့က ပရမတ်တရားတွေကို အနတ္တ ဖြစ်အောင်လုပ်တာပါ၊ မဟာသတိပဋ္ဌာန်တရားတော်ကြီးကျတော့ ပညတ်တရားတွေကိုသိမ်းပြီး ဒုက္ခကိုမြင်အောင် ပြတာပါ၊ ဒီတော့ ပညတ်သတ်ဟာ ဒုက္ခတရားမှာ ဥက္ကောင်းကျပါတယ်၊ ပရမတ်သတ်ဟာ အနတ္တတရားမှာ ဥက္ကောင်းကျပါတယ်၊ အခုပညာမြင် ဥဒယဗ္ဗယဉာဏ်ကြီးရဲ့ အထက်ကိုတက်လာခဲ့ပြီ။

ဒီတော့ တခု မေးမယ်၊ ဒုက္ခဆိုတာ ဘယ်ဟာလဲ၊ ဒုက္ခကိုမြင်အောင် ဘယ်လိုရှုမလဲ၊ နောက် ပညာမြင်ဒုက္ခဆိုတာ (ဝါ) တကယ့်ဒုက္ခဆိုတာ ဘယ်ဟာကိုခေါ်သလဲ၊ ဒီတော့ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကနေ အထက်ကိုမြင်သမျှဒုက္ခတွေဟာ ပညာမြင်ဒုက္ခတွေကြီးဘဲ၊ ဒီတော့ မင်္ဂမြင်ဒုက္ခဟာ ပညာမြင်ဒုက္ခအစစ်ဘဲ၊ ဒီ မင်္ဂမြင်ဒုက္ခလေးကိုဘဲ ပြောစမ်းပါအုံး၊ ဘယ်လိုဒုက္ခမျိုးလဲ၊ ဒါဟာ သာမညနဲ့ မလွယ်ကူပါ၊ကိုင်းသမူဟပညတ်ပေါင်းနေတဲ့ဟာကို လိုက်ရှာလိုက်တော့ နာမပညတ်၊ သဏ္ဌာနပညတ်၊သမူဟပညတ်တို့ကိုလာတွေ့နေပြီ၊ ဒီတော့နာမပညတ်ကိုဘဲ လိုက်စစ်လိုက်တဲ့အခါ ဘယ်လောက်ကျယ်လာသလဲ၊ ဒီတော့ မနေ့က နာမပညတ် အတိတ်သဘောကို ရှင်းပြလိုက်ပြီ။

ကိုင်း....နိစ္စသာရဆိုတာ ဘာကိုခေါ်တာလဲ၊ နိစ္စသာရဆိုတာ ဘယ်လိုနိစ္စသာရလဲ၊ ဒီတော့နိစ္စသာရဖြစ်ပုံ, သညာက္ခန္ဓာဖြစ်ပုံ, သဿတဒိဋ္ဌိဖြစ်ပုံ ဒါတွေကိုရှာရမယ်၊ ဒါတွေကိုတွေ့ပြီဆိုတော့မှ တဏှာငါ့,မာနငါ့,ဒိဋ္ဌိငါ့,ဒီ ငါ ၃-ငါထဲသွင်းရမယ်၊ဒီနိစ္စသာရကို ငါ ၃-ငါထဲသွင်းရင် အဲဒါ တဏှာငါထဲသွင်းရမယ်၊ ဒီတော့ နာမပညတ်မှာ ပေါင်းနိုင်တဲ့အားတွေဟာ အတိတ်သဘော နိစ္စသာရ သညာက္ခန္ဓာ သဿတဒိဋ္ဌိ တဏှာငါ-ဆိုပြီး အမျိုးကြီး ရှိနေသေးတယ်၊ ဒီတော့ သညာကား အစဉ်သဘော, ဝိညာဏ်ကား အမြင်သဘော, ဒိဋ္ဌိကား အယူသဘော-ဒီ ၃-ပါးပေါင်းစု နေတာပါ၊ သညာအစဉ်သဘောဆိုတာက ( ဥပမာ ) လဘက် ရေပုဂံလို့ ဆိုတာဟာ မိမိက မှည့်ခေါ်တာလား၊ မဟုတ်ပါ၊ အစမထင်တဲ့ ဘဝကစပြီး မှည့်ခေါ်လာခဲ့တဲ့ အမည်လေးပါ၊ ဒါကိုအစဉ်သဘောလို့ခေါ်တာ၊ ဒါဟာသညာရဲ့သဘောပါ။

ဒီတော့ ဘုရားရှင်က သံသရာကိုချုပ်ထွင်တာဟာ တဏှာ,မာန, ဒိဋ္ဌိ-ဒီ ၃-ပါးကိုပြလာဘယ်၊ ဒီတော့ဒီ ၃-ပါးက တိုက်ရိုက် ချုပ်နိုင်သလား၊ အဲဒါသညာကရှေ့သွားပြုလာမှချုပ်ထွင်နိုင်ဘာပါ၊ ဒီတော့ သညာအမှတ်လေးချုလိုက်ဘာကိုဘယ်သူမှ မပယ်နိုင်ပါ၊ ဒါဟာ နာမပညတ် သညာသဘော အစဉ်လေးပါ၊ ဒါကိုမှ တကာကြီး မပယ်နိုင်သေးရင် တကာကြီးမှာ ဘယ်ဒိဋ္ဌိရှိနေသလဲ၊ သီလဗ္ဗတ ပရာမာသဒိဋ္ဌိ ရှိနေသေးတယ်၊ ဒိဒိဋ္ဌိ မကင်းသေးပါ၊ ဒီတော့ နာမပညတ် အတိတ်သဘော ဖြစ်ပုံကိုတော့ နားလည်ပြီ၊ နိစ္စသာရကိုရှင်းကြဦးစို့ရဲ့။

ဒီတော့ နိစ္စသာရလို့ဘာ့ကြောင့်ခေါ်သလဲ၊အတိတ်သဘော ဒီနာမပညတ်ရဲ့အမှတ်လေးသည်ပင် ပဋိသန္ဓေအကျိုးဝိညာဏ်ရိပ်

ထဲမှာကို အစဉ်ကိန်းနေသေးတယ်၊ ဘယ်သူ့ဆီမှာ ကိန်းနေတာလဲ၊ တကာကြီးရဲ့မနောဝိညာဏ်ခေါ်တဲ့ အကျိုးဝိညာဏ်ထဲမှာ ကိန်းနေသေးတယ် ဒါဟာ အာရုံတခုခုနဲ့ တွေ့လိုက်တဲ့အခါကျမှ ကိန်းမှန်းသိရတယ်၊ (ဥပမာ) အမဲဟင်းလျာကို စားတဲ့အခါမှာ ကောင်းတယ်၊ မကောင်းဘူးလို့ဆိုတာ သည်ပင်အရင်တုန်းက စားလာတဲ့ အမဲဟင်းလျာက နှိုင်းယှဉ်ကြောင်းအနေနဲ့ ပေါ်လာတာဘဲမဟုတ်လား၊ အဲဒီလို နှိုင်းယှဉ်ကြောင်းအနေနဲ့ပေါ်လာမှ ယခုစားနေတဲ့အမဲဟင်းလျာကို ကောင်းတယ်၊ မကောင်းဘူးဆိုတဲ့အနေနဲ့ ဆုံးဖြတ်နိုင်လာတာပါ၊ ဒီဥပမာလိုဘဲ ယခုလဲ ပစ္စုပ္ပန်အာရုံတွေကို အတိတ်၊ အနာဂတ်အာရုံတွေက နှိုင်းယှဉ်ကြောင်းအနေနဲ့ ပေါ်လာတာဘဲ။

ဒီတော့ နှိုင်းယှဉ်တာဟာလဲ ရုပ်သဘာဝရဲ့နှိုင်းယှဉ်မျိုး၊ နာမ်သဘာဝရဲ့နှိုင်းယှဉ်မျိုးဆိုပြီး ၂-မျိုးရှိတယ်၊ ရုပ်သဘာဝရဲ့နှိုင်းယှဉ်မျိုးဆိုတာက (ဥပမာ) အတိုလို့ဆိုတာ သည်ပင် အရှည်ဆိုတာက နှိုင်းယှဉ်ကြောင်းအနေနဲ့ ပါနေပြီ၊ ဒါက ရုပ်သဘာဝရဲ့နှိုင်းယှဉ်မျိုးပါ၊ နောက်နာမ်သဘာဝရဲ့နှိုင်းယှဉ်မျိုးဆိုတာက ပစ္စုပ္ပန်အာရုံကို အတိတ်သဘောနာမပညတ်၊ အနာဂတ်သဘော သဏ္ဌာနပညတ်တို့က နှိုင်းယှဉ်ကြောင်းအနေနဲ့ ပါနေတယ်၊ ဒါဟာ (ဥပမာ) ပက်သားဟင်းလျာကို စားတဲ့အခါမှာ အရင်က စားလာခဲ့တဲ့ အတိတ်သဘော နာမပညတ် အာရုံကလဲရှိနေတယ်၊ အနာဂတ်သဘော သဏ္ဌာနပညတ်အာရုံကလဲ ရှိနေတယ်၊ ဒီလိုလဲနှိုင်းယှဉ်ကြောင်းအနေနဲ့ ရှိလာရော ယခုစားနေတဲ့ဝက်သားဟင်းလျာဟာ ကောင်းတယ်၊ မကောင်းဘူးဆိုတာကို ဆုံးဖြတ်နိုင်လာတယ်။

ဒီတော့နှိုင်းယှဉ်နိုင်တာဟာအတိတ်သဘောနာမပညတ်သညာရဲ့ အမှတ်အစဉ်သဘောလေး ရှိနေလို့ပါ၊ ဒါကိုနိစ္စသာရလို့ ပြောတာပါ၊ဒါကြောင့် ကောင်းတယ် မကောင်းဘူးလို့ ဆုံးဖြတ်နိုင်တာပါ၊ ဒါကိုစက်ရဟတ်ဖွဲ့တဲ့အခါမှာ အတိတ်အကြောင်း စက်ဆိုပြီးဖွဲ့လာတယ်၊ တခုပြောပြချင်သေးတယ်၊ သညာဝိညာဏ် မကင်းကြသေးတဲ့ သတ္တဝါတွေဟာ ဝေဒနာသဘောကို အရင်း ခံထားပြီး ခံစားနေကြတယ်၊ ဒီဝေဒနာထဲကနေမှ သညာတို့ သင်္ခါရတို့က နှိုင်းယှဉ်တဲ့အနေနဲ့ ထွက်လာကြတာပါ၊ အချုပ် မှာ ခံစားမှုမှမပြတ်သမျှ (ဝါ) ခံစားမှုမှ မကင်းသမျှ ဥပါဒါန်မကင်းသေးပါ၊ ခံစားမှုကင်းပြတ်မှ ဥပါဒါန်ကင်းပြတ် သွားမယ်။

ဒီတော့ခံစားတယ်ဆိုတာကို ပညာနဲ့ ကြည့်ရင် နာမပညတ်နဲ့ သဏ္ဌာနပညတ်တို့ ပေါ်ထွက်ပြီး နှိုင်းယှဉ်လာတာကို ခံစားတယ် လို့ခေါ်တယ်၊ ထမင်းပွဲကြီးကို ထိုင်ပြီးစားနေမှ ခံစားနေတာလို့ အန္ဓတွေက ထင်နေကြတယ်၊ဒီတော့ တကာကြီးခံစားတဲ့အခါမှာ အတိတ်သဘော နာမပညတ် သညာရဲ့ အမှတ်စဉ်သဘော နိစ္စ သာရလေးကိုမြင်ရင် ခံစားချက်တွေဟာ လျော့နည်းသွားပြီ ဒီသဘာဝတွေကိုမှမမြင်သမျှ ခံစားမှုမလျော့သေးပါ၊ ဒီသဘာဝ တွေကို မမြင်ကြတဲ့အတွက်ကြောင့် ခံစားမှုတွေကို မလျော့နိုင် သေးတာပါ၊ဒါကိုနားလည်ပြီလား၊ ဒီတော့နောက်တခါ အတိတ် သဘော နာမပညတ် နိစ္စသာရကို သဿတဒိဋ္ဌိလို ဘာ့ကြောင့် ခေါ်သလဲ၊ ဒီလိုကိုအခုစိရှင်းလာမှ သဘောပေါက်လာမယ်၊ သဘောပေါက်နားလည်လာမှ ဒုက္ခတရားကို မြင်လာတော့မယ်၊

ကိုင်း ဒီတော့ အတိတ်သဘော နာမပညတ် နိစ္စသာရကို သဿတဒိဋ္ဌိလို့ ဘာ့ကြောင့်ခေါ်သလဲ၊ သညာက္ခန္ဓာလို့ ဘာ့

ကြောင့်ခေါ်သလဲ၊ ဒီတော့ သညက္ခန္ဓာဆိုတာကတော့ အဲဒါ မှတ်လာတဲ့ သညာလေးတွေ ပေါင်းစုနေတဲ့ အတွက်ကြောင့် သညက္ခန္ဓာလို့ခေါ်တာပါ၊ ဒါကတော့ နားလည်ကြပါတယ်၊ အခု သဿတဒိဋ္ဌိလို့ ဘာ့ကြောင့်ခေါ်သလဲ၊ ပြောပြမယ်၊ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဆိုတာဟာ သညာဝိညာဏ်ရိပ်က ပေါက်ဖွားလာတာပါ၊ သဘာဝကို နှိုက်ပြအုံးမယ်၊ သဿတဒိဋ္ဌိ မြဲတယ်၊ ဒါကို ပြန်ပြီးလှန်လိုက်ရင် ဥစ္ဆေဒဒိဋ္ဌိ မမြဲဘူး၊ ဒီလို ပြန်လှန်ယူလို့ ရမလား၊ မရပါ၊ အဲဒါ လွယ်မလိုလိုနဲ့ ခက်ပါတယ်၊ ဒီတော့ သဿတဒိဋ္ဌိ မြဲတယ်,မမြဲဘူးလို့ယူရင် ဥစ္ဆေဒဒိဋ္ဌိ ဒီလိုယူသို့ရမလား၊ မရပါ၊ ဘာ့ကြောင့်လဲ ဒီလိုယူလိုက်ရင် အနိစ္စတရားနဲ့ ချရတော့မယ်။

ဒီတော့ ဥစ္ဆေဒဒိဋ္ဌိဆိုတာက သာသနာပတရားပါ၊ အနိစ္စတရားဆိုတာက သာသနာတရားပါ၊ ဒီတော့ အနိစ္စတရားနဲ့ မချရအောင်လို့ ဥစ္ဆေဒဒိဋ္ဌိကို ဘယ်လိုယူမလဲဆိုတော့ ဥစ္ဆေဒဒိဋ္ဌိ ပြတ်တယ်, ကင်းတယ်, ဘာမှမရှိဘူးလို့ယူရမယ်၊ ဒီလိုယူမှ အနိစ္စတရားနဲ့မချရပါ၊ ဒီတော့ အနိစ္စ မမြဲတာက သူ့သဘာဝ အတိုင်းပါ ဥစ္ဆေဒဒိဋ္ဌိ မမြဲတာက ဘာမှမရှိတော့ဘဲ ပြတ်တယ်, ကင်းတယ်ဆိုတဲ့အနေနဲ့ ယူထားတာပါ၊ ဒါကြောင့် သဿတ မြဲတယ်, ဥစ္ဆေဒ မမြဲဘူးလို့ တိုက်ရိုက်ဘာသာပြန်လို့မရပါ။

ကိုင်း သဿတဒိဋ္ဌိဖြစ်ပုံကို ပြောပြမယ်၊ ဒီတော့ သတ္တဝါတို့မှာ အာရုံ ရုပ်သဘောသညာ, အာရမ္မဏိက နာမ်သဘော ဝိညာဏ် ဒီအနေနဲ့ အာရုံတွေရှဲ့အပေါ်မှာ ပြေးသွားနေကြတယ်၊ ဒီလို ပြေးသွားနေတဲ့အထဲမှာ သဿတဒိဋ္ဌိ ဆိုတာက ဒီ အာရုံသဘော, ရုပ်သဘော, သညာသဘောတွေဟာ မိမိရဲ့

နှလုံးအိမ်ထဲမှာ ဆန္ဒရာဂဖြင့် မြဲတယ်ဆိုပြီး ချုပ်နှောင်ဖမ်းဆီးထားတာကို သဿတဒိဋ္ဌိလို့ ခေါ်တာပါ၊ ဒီတော့ တနေ့ ပစ္စုပ္ပန်အာရုံတခုခုလဲ ပေါ်လာရော, ဒီသဿတဒိဋ္ဌိက နိစ္စသာရကနေ နှိုင်းယှဉ်ကြောင်းအနေနဲ့လဲ ဆွဲလိုက်ရော ပစ္စုပ္ပန်ခံစားနေတဲ့ ဝိညာဏ်မှာ အာရုံသဘောလေးကပ်ပြီး, သဿတဒိဋ္ဌိအနေနဲ့စွဲပြီးခံစားလာတော့တယ်၊ အဲဒါ ပစ္စုပ္ပန်အာရုံကို မြဲတယ်ဆိုတဲ့အနေနဲ့ လေးလေးနက်နက်ခံစားလာတော့တယ်။

ဒီသဿတဒိဋ္ဌိဟာ အာရုံသဘောနဲ့မှ မကပ်ရင် ခံစားတဲ့သူမှာ အနုစ်အသားစွဲပြီး လေးလေးနက်နက် မခံစားနိုင်တော့ပါ၊ အဲဒါ ဒီသဿတဒိဋ္ဌိ ဝင်ကပ်လာမှ လေးလေးနက်နက်ခံစားနိုင်တာပါ၊ ဒီတော့ ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ, ဝိညာတမင်္ဂလာ၊ ဒီ ၄ ပါးထဲမှာ ဝက်သားဟင်းလျာကို ခံစားတာကမုတမင်္ဂလာပါ ဒီလိုခံစားတာဟာအစွဲမှာ,ဒိဋ္ဌိအနေနဲ့ ရေသောက်မြစ်ချပြီး ခံစားနေတာပါ၊ ဒီတော့ ငါခံစားနိုင်တယ်, ပစ္စည်းချမ်းသာလို့ ငါစားနိုင်တယ်,ငါဝတ်နိုင်တယ်,ဆိုပြီးတကာကြီးတွေ, တကာမကြီးတွေမှာ မာန်တက်ပြီး ခံစားနေကြတယ်၊ ဒါဟာ သဿတဒိဋ္ဌိကြီးရှိနေလို့ မာန်တက်နေကြတာပါ။

ရဟန်းတော်များကျတော့ ဒီလိုမာန်မရှိတော့ပါ၊ အဲဒါ သပိတ်ထဲကျတဲ့ဆွမ်းကို အဘိုးမဘန်တဲ့အနေထားပြီးဘုဉ်းပေးသုံးဆောင်ကြတယ်၊ တကာကြီးတို့ကျတော့ မာန်ရစ်နေကြတယ်၊ မာန်ရစ်နေတာသည် သဿတဒိဋ္ဌိရှိနေလို့ပါ၊ ကိုင်း....နားလည်ပြီ၊ အခု နာမပညတ်ရဲ့ သဘာဝတွေကို ခွဲစိတ်ပြလိုက်ပြီ၊ သဏ္ဌာနပညတ်ကို သွားကြဦးစို့ရဲ့၊ အခု သမူဟပညတ် ပေါင်းစုနေတဲ့ဟာကို ဖျက်မလို့ကြည့်လိုက်တဲ့အခါ သူ့ထဲက အများကြီး

ထွက်လာတယ်၊ ဒီတော့ သဏ္ဌာနပညတ် အနာဂတ်သဘော သုခသာရ ဝေဒနက္ခန္ဓာ ဥစ္ဆေဒဒိဋ္ဌိ မာန ငါ-ဒါကိုရှင်းရမယ်၊ ဒီတော့ ငါ ခု-ငါကို အနတ္တလက္ခဏာသုတ်မှာ ဟောကြားလာတယ်၊ ဒီတော့ တဏှာကစွဲတဲ့ငါ, မာနကစွဲတဲ့ငါ, ဒိဋ္ဌိကစွဲတဲ့ငါ, ဒီ ငါ ခု-ငါနဲ့ လက်မ ထောင်နေကြတယ်၊ ဒီ ငါ ခု-ငါကျွတ်ရင် အာသဝေါတရားတွေကင်းပြီး ရဟန္တာကြီးဖြစ်သွားပြီ။

ဒီတော့ ငါ ခု-ငါဟာ ဘယ်ကစပြီးတော့ ပေါက်လာသလဲ ဆိုတာကို နောက်ဖြန်အချိန်ရရင် ပြောပြအုံးမယ်၊ ဒီနေ့ ဟောနေတာက ပေါင်းနေတဲ့ သဘာဝတွေကို ပြောနေရတာပါ၊ ဒီပေါင်းနေတာကိုလဲ ဖျက်ဆီးလိုက်ရော ငါ ခု-ငါပြုတ်ပြီး မာတု မနသိကာရလုပ်ငန်းစဉ်အပိုင်းကနေ မဂ်ကို ဝင်သွားတော့မယ်၊ ကိုင်း သဏ္ဌာနပညတ်အနာဂတ်သဘော သုခသာရ ဝေဒနက္ခန္ဓာ ဥစ္ဆေဒဒိဋ္ဌိ ဒါကို ရှင်းပြမယ်၊ ဒီတော့ သဏ္ဌာနပညတ်ကျတော့ အနာဂတ်သဘောကို သွားယူတယ်၊ ဘာ့ကြောင့်ယူရသလဲ ဆိုတာကို ကြပ်ကြပ်တွေးပါ၊ ဒီလိုတွေးတောကြံစည်လာမှ မာန်ရစ်တာတွေ သက်သာလာမယ်၊ ပဋ္ဌမဆုံးမာန်ရစ်တာကို ချိုးနိုင်ဘို့ဟာ အရေးကြီးပါတယ်၊ ဒါကို ချိုးနှိမ်နိုင်လာမှ သူတော်ကောင်းပုံ ဘလောက်ထဲသွင်းလို့ရမယ်။

ဒီတော့ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိတို့ဟာ ဘယ်လောက်ကျယ်သလဲ၊ ဒီဟာကို တစတစနဲ့ ဖြုတ်ပြီးတော့မှ အားလုံးပြုတ်တာနဲ့ နိဗ္ဗာနဓာတ်ကို သွားလို့ရတယ်၊ ဒီတော့ ဒီသဿတဒိဋ္ဌိ ဥစ္ဆေဒ ဒိဋ္ဌိတို့ကို ဖြုတ်ဘို့ အခု ပုံစံမှာ အားလုံးဘင်ပြလိုက်တာပါ၊ ဒီသဘာဝတွေကို မိမိရဲ့ခန္ဓာကိုပေါ်ကို လက်တွေ့တင်ကြည့်ရမယ်၊ ကိုင်း ဒီတော့ နာမပညတ် အတိတ်သဘော, သဏ္ဌာန

ပညာတ် အနာဂတ်သဘောလို့ ဘာ့ကြောင့်သွားသလဲ၊ ပြောပြ မယ်၊ သညာဟာ အတိတ်သဘောကိုသာ အစဉ်ဆောင်တယ်၊ ဒါဟာ အာရုံကို အနှစ်အသားအနေနဲ့ ထုတ်ထားတာပါ၊ အာရုံ ဆိုတာ ရုပ်သဘောပါ၊ ရုပ်သဘောဖြစ်ခြင်းကြောင့် အတိတ် သဘောကို ထုတ်တာလဲ ဒီသညာဘဲ၊ ရုပ်သဘောကို ထုတ်ထား တာလဲ၊ ဒီသညာသဘောဘဲ။

အဲဒါ ဝိညာဏ်ကြီးက အာရုံကိုခံစားပြီးတော့ ချုပ်သွား သော်လဲ ဒီသညာက အဲဒါ အထုပ်မှာထုပ်ထားလိုက်ပြီ၊ ဒါဟာ နာမပညတ်သဘောပါ ဒီတော့ ပစ္စုပ္ပန်ကို တကယ်ထုပ်နိုင် လာရင် ဥဒယဗ္ဗယပညာကိုရပြီ၊ ဒီလိုထုပ်နိုင်လာရင် အတိတ်၊ အနာဂတ်အထုပ်တွေကို မီးရှို့ပြီး သံသရာမှ လွတ်ရာလွတ် ကြောင်းကို ရှာတော့မယ်၊ ဒီတော့ အနွတွေရဲ့ နှလုံးအိမ်ကိုခွဲပြီး ကြည့်လိုက်ရင် အတိတ်၊ အနာဂတ် အထုပ်တွေသာရှိနေကြ တယ်၊ ပစ္စုပ္ပန်အထုပ်ဖြစ်တဲ့ ဥဒယဗ္ဗယပညာဟာမရှိပါ၊ ဒီပစ္စုပ္ပန် အထုပ်သာရှိနေရင် အဲဒါတန်ဘိုးရှိလာပြီ။

ဒီသဏ္ဌာနပညတ်ကျတော့ ဝိညာဏ်သဘောကနေ ထွက်လာ တာဖြစ်ခြင်းကြောင်း ဝိညာဏ်ရဲ့ တွေးကြံတဲ့ဟာတွေ မှန်ရင်၊ (၀၁) အတိုအရှည် အပု-အဝိုင်းစတဲ့သဏ္ဌာန်တွေ ထွက်လာတာ မှန်ရင် ဝိညာဏ်ကသာလုပ်ကြံနိုင်တယ်၊ ဒီတော့ သဏ္ဌာနပညတ် ဝိညာဏ်သဘောဟာ အနာဂတ်သဘောပါ၊ ဒါဟာ အတိတ် သဘောကိုထောက်ပြီးတော့ အနာဂတ်သဘောကို အစဉ်တွေး ကြံနေတာပါ၊ ဒီ ၂-ခုဟာ အနွတွေရဲ့ နှလုံးအိမ်မှာ အစဉ်ပြေး နေတယ်၊ ဘယ်တော့မှ ရပ်မနေပါ၊ အဲဒါ အစဉ်ပြေးနေတယ်၊ မပြေးဘဲရပ်နေရင် အဲဒါ အနိ[illegible]သိဖြစ်သွားပြီ၊ အရိယာ

ပုဂ္ဂိုလ်ကျတော့ ပညာသဘော၊ ပစ္စုပ္ပန်သဘောသာ ထွက်နေ တော့တယ်၊အန္ဓတွေကျတော့ဖြစ်ပြီးတဲ့အတိတ်သဘောအဝိဇ္ဇာကို ဆဲ့ပြီး မဖြစ်သေးတဲ့ အနာဂတ် သဘော တဏှာကို အစဉ်တွေး ကြံနေတယ်၊ ဒါဟာ အန္ဓတွေပါ။

ဒီသဘာဝတွေကို မတွေးကြံဘော့ဘဲ၊ ပစ္စုပ္ပန်ပညာသဘော သာရှိတာက သောတာပန် အရိယာပုဂ္ဂိုလ်တွေပါ၊ (ဝါ)ဝိသာ ခါကျောင်းအမကြီးတို့ပါ၊ ဒီအတိုင်းသာ ဖြစ်နေကြတော့တယ်၊ ဒါ့ကြောင့် "သောတာပန်တို့မှာ ဆင်းရဲရင်လဲပြုံးတာ၊ ချမ်းသာ ရင်လဲပြုံးတာ၊ သောတာပန်တို့စိတ်ထဲမှာငါစွဲတွေပွတ်လို့သာ" လို့ရေးလာကြတော့တယ်၊ အန္ဓတွေကျတော့ "ပုထုဇဉ်တို့စိတ် ထဲမှာ ချမ်းသာရင်တော့ပြုံးတာ၊ ဆင်းရဲရင်တော့ နှလုံးနာ၊ ပုထုဇဉ်တို့စိတ်ထဲမှာ၊ ငါစွဲတွေရှိလို့ပါ"လို့ရေးလာကြပါတယ်၊ ဒီတော့ အန္ဓတွေဟာ အထုပ်ကြီး ၂-ထုပ်ကို အစဉ်ထုပ်နေကြ တယ်၊ ဖြစ်ပြီးသားကို အဝိဇ္ဇာအနေနဲ့ထုပ်ပြီး မဖြစ်ရသေး တာကို တဏှာကထုပ်လာတယ်။

ဒီတော့ ဝိညာဏ်ဆိုတာဟာ အနာဂတ်သဘောကို တွေးကြံ တယ်၊ အဲဒါ ဝိညာဏ်က တကာယ်တွေးကြံလာရင် သဏ္ဌာန်၊ အရိပ်၊နိမိတ်၊ လက္ခဏာတွေ ထင်လာအောင် ကြံစည်လာတယ်၊ ဒီတော့ သဏ္ဌာနပညတ်ဟာ ဝိညာဏ်ရိပ်ကထွက်တယ်၊ ဝိညာဏ် ရိပ်ဟာ အနာဂတ်ကို တွေးကြံတယ်၊ ဘယ်လိုတွေးကြံသလဲ၊ အဲဒါ သဏ္ဌာန်၊အရိပ်၊နိမိတ်၊ လက္ခဏာ အနေနဲ့ထင်လာအောင် တွေးကြံလာတယ်၊ သူ့ကျတော့ သုခသာရ ခန္ဓာကျတော့ ဝေဒနက္ခန္ဓာ၊ ဥစ္စေဒဒိဋ္ဌိ မာန ငါသဘောတွေပါ၊ ဒီသဘာဝ တွေကို နက်ဖြန်ခါကျမှ ရှင်းပြတော့မယ်။

# ညဟောစဉ်။

ကာယေ ပန ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတောဝါ ရုက္ခမူလဂတောဝါ သုညာဂါရဂတောဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။

လို့ ဘုရားရှင် မဟာသတိပဋ္ဌာန် ပါဠိတော်မှာ ဟောကြားဆုံးမတော်မူခဲ့သည့်အတိုင်း အခု ပြနေတဲ့ အာနာပါနတရားဟာ အရိယာ အာနာပါနတရားပါ၊ ဒီ အာနာပါနတရားကို ပွားများအားထုတ်ရင် ရုပ်တရား နာမ်တရားတွေကိုသိပြီး မဂ်တရား ဖိုလ်တရားထိအောင် တက်နိုင်ပါတယ်၊ ဒီတော့ ဘုရားရှင် ရှိနည်းဒေသနာတော်မှာ ဟောကြားတဲ့အာနာပါနတရားက ပိဋကတ်တို့ ပဆာဒွိတို့ကိုထည့်ပြီး ဟောကြားပါတယ်၊ ဒီ အာနာပါနက အထက်မဂ်တွေကို တက်တဲ့အာနာပါနကြီးပါ။

ယခု မဟာသတိပဋ္ဌာန်ပါဠိတော်မှာ ဟောကြားတဲ့ အာနာပါနတရားက ၄-မဂ်, ၄-ဖိုလ်ကို တက်နိုင်တဲ့တရားပါ၊ နောက်လေးကီအာနာပါန တရားတွေကျတော့ ဈာန်သမာပတ်တို့ကို ရကြပါတယ်၊ ဒီတော့ ယခု "ဓမ္မစကြာ ပဋိပတ် သာသနာပြု ရိပ်သာ"က ဖွင့်ပြတဲ့ အာနာပါနတရားဟာ မဟာသတိပဋ္ဌာန် ပါဠိတော်မှာပါတဲ့ အာနာပါနတရားပါ၊ ဒီတော့ အာနာပါနတရားကို ဘယ်ဆရာတွေဘဲပြပြ အဲဒါ တံခါး ၄-ပေါက်ကို မူမထားဘဲ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်ကနေ ထွက်လေ, ဝင်လေ မှတ်ခိုင်းတာဘဲရှိပါတယ်၊ အခု ဆရာတော်တို့က မိမိရဲ့

ခန္ဓာကြီးမှာရှိတဲ့ မီးခတ်ကြီး ၄-ပါးကို မှုတည်ပြီး ဘုံခါး ၄-ပေါက် အနေနဲ့ ဖွင့်လာတာပါ။

ဒီ မီးခတ် ၄-ပါးဟာ ခန္ဓာကိုယ်ကြီးကို ကျေးဇူးပြုနေကြတယ်၊ ဘယ်လိုပြုသလဲဆိုတော့ အဆင်းနဲ့ အကြည် ဆုံလိုက်တဲ့ အခါမှာ ဦးကျောက်အိမ်မှာရှိတဲ့ သန္တပ္ပနမီးခတ်ဟာ ပွင့်လာတယ်၊ ဒါကို သညာပေါ်တယ်လို့ ပြောတာပါ၊ အဘိဓမ္မာနည်းက စက္ခုဝိညာဏ်ပေါ်တယ်လို့ ပြောတာပါ၊ ဒီ သန္တပ္ပနမီးခတ်ထွက်လာတာကို သညာသိလို့ ခေါ်တယ်၊ ဒီ သညာသိကနေ ရုပ်တရား နာမ်တရားကိုတွေ့အောင် အရင်ရှာရပါတယ်၊ ဒီတော့ ဒီအာနာပါနတရားကို အားထုတ်ရင်ဘဲ ပြုဘွယ်ကိစ္စအ၀၀တွေလို အပြင်မှာ ထားခဲ့ရပါတယ်၊ (၀၁) ဘာအလုပ်မှ မလုပ်ရပါ၊ နောက် စကားပြောခြင်းကိုလဲ ဆင်ခြင်ရမယ်၊(၀၁) စကားပြောခြင်း နည်းနိုင်သမျှနည်းရမယ်၊ အဲဒါ နောက်ဆုံးတင်းမှုတွေကို ဖြုတ်နိုင်သမျှ ဖြုတ်ထားရမယ်။

ဒီတော့ မေ့စကြာတရားတော်ကြီးကို အဆီညှစ်ရင် ဥဒပါဒ် ၅-ချက်သာ ရပါတယ်၊ ဒါကို ကမ္မဋ္ဌာနာစရိယတွေက သညာဝိညာဏ်ရဲ့ အရိပ်မှာ မီးနိမိတ်ထင်လွယ်အောင် ဥဒပါဒ်၅-ချက်နဲ့ ပေးအပ်နေတာပါ၊ ဒါဟာ ဘယ်လောက်အဆင့်အတန်းမြင့်သလဲ၊ ဒီတော့ သတ္တဝါတဦးမှာ ရုပ်မျက်စေ့၊ နာမ်မျက်စေ့၊ ခန္ဓာမျက်စေ့၊ ပဋိစ္စသမုပ္ပါဒ်မျက်စေ့၊ အရိယာမျက်စေ့ ဆိုပြီး ၅-ချက်ရှိတယ်၊ ရုပ်မျက်စေ့ဆိုတာ ရုပ်တရားရဲ့ အနတ္တခေတ်ပေါက်တာကို ခေါ်တယ်၊ ဒါကို ရည်ပြီးတော့ ဘုရားရှင်က "စက္ခုံဥဒပါဒ်"လို့ ဟောတာပါ၊ ဒီ ရုပ်တရား အနတ္တဖြစ်သွားရင် အဲဒါ သုညတအနတ္တကိုရသွားပြီ၊ ဒီ ရုပ်တရား သုဉ်းဆိတ်

သွားတော့ နာမ်တရားဟာ အနှစ်အသားမရှိတော့တဲ့ အနေနဲ့ သိမ်းနိုင်ရင် "ဉာဏံဥဒပါဒိ" အသာရကဋ္ဌအနတ္တ ဖြစ်သွားပြီ။

ခန္ဓာကို သိမ်းဆည်းနိုင်တော့ ပရတ္ထအနတ္တပါ၊ သူ့ကျတော့ "ပညာဥဒပါဒိ"ပါ ပဋိစ္စသမုပ္ပါဒ်ကြီးကို သိမ်းဆည်းနိုင်ရင် အဝသဝတ္တနအနတ္တခေါ်တယ်ပါ၊ သူ့ကျတော့ "ဝိဇ္ဇာဥဒပါဒိ"ပါ၊ ဒါကို တံခါး ၄-ပေါက်ထဲသွင်းရင် ပဌမ နှုတ်ခမ်းဖျားနဲ့နှာသီးဖျားအရပ်မှာ စက္ခုံဥဒပါဒိ, ဒုတိယ တံခါးဖြစ်တဲ့ ငယ်ထိပ်ဦးကျောက်အိမ်ကျတော့ ဉာဏံဥဒပါဒိ, တတိယ တံခါးဖြစ်တဲ့ နှလုံးအိမ်ရင်ချိုင့်ကျတော့ ပညာဥဒပါဒိပါ, စတုတ္ထတံခါးဖြစ်တဲ့ ချက်တိုင်ကျတော့ ဝိဇ္ဇာဥဒပါဒိပါ၊ အနတ္တအနေနဲ့ သွင်းရင် ပဌမတံခါးမှာ သုညတအနတ္တ, ဒုတိယတံခါးမှာ အသာရကဋ္ဌ အနတ္တ, တတိယတံခါးမှာ ပရတ္ထအနတ္တ, စတုတ္ထတံခါးမှာ အဝသဝတ္တနအနတ္တပါ ဒီလိုသွင်းရမယ်။

ဒီတော့ တံခါး ၄-ပေါက်, အနတ္တ ၄-လုံး, ဥဒပါဒိ ၄-ချက် လဲပြည့်စုံလာရော မဂ်တရား ဖိုလ်တရားတွေ ထွက်လာတာကို "အာလောကော ဥဒပါဒိ" ဆိုပြီး ထွက်လာတာပါ၊ ဒီတော့ ပညာအနေနဲ့ ပေးတာ ယူတာဟာ (ဥပမာ) ဘုရားရှင်ကို တကာ တယောက်ယောက်က "အရှင်ဘုရား တပည့်တော်အိမ်ကို သံဃာတော် ၅၀၀-နဲ့ တကွ ဆွမ်းဘုဉ်းပေးကြွတော်မူပါဘုရား" လို့ လျှောက်တဲ့အခါမှာ ဘုရားရှင်ဟာ ဆိတ်ဆိတ်နေလိုက်တာသည်ပင် အပေးအယူမြောက်နေပြီ၊ ဒီလိုဘဲ ယခုလဲ တကာကြီး တကာမကြီးတွေကို ကမ္မဋ္ဌာနာစရိယတွေက မြင်ရဲ့လားလို့ မေးလိုက်ရင် မြင်ပါတယ်ဘုရားလို့ ပြောလိုက်တာသည်ပင် တောင်းစွာပေးခြင်းပါ၊ (ဝါ) သမ္ပဒါန်ဖြစ်ပါတယ်၊ ဒီတော့

ချိုးမြှောက်တဲ့အနေနဲ့ပေးမှုသမ္မဒါန်ဖြစ်တယ်၊ဒီလိုသညာဝိညာဏ်နယ်မှာ အပေးအယူထင်ရှားအောင်လို့ မြင်ရဲ့လား, မြင်ပါတယ်ဘုရားလို့ ပြောပြီးပေးနေတာပါ။

အဲဒါ သညာဝိညာဏ်နယ်မှာ ထင်ရှားလာမှ ပညာနယ်မှာ ပေါ်ထွက်နိုင်တယ်၊ ဒီတော့....စက္ခုဥဒပါဒိ ဆိုတာက ရုပ်တရားရဲ့အနတ္တကို ပေးတာပါ၊ ဉာဏံဥဒပါဒိ က နာမ်တရားရဲ့အနတ္တကိုပေးတာပါ၊ ပညာဥဒပါဒိ ဆိုတာက ခန္ဓာတရားရဲ့အနတ္တကို ပေးတာပါ၊ ဝိဇ္ဇာဥဒပါဒိ ဆိုတာက ပဋိစ္စသမုပ္ပါဒ် တရားရဲ့ အနတ္တကိုပေးတာပါ၊ အာလောကောဥဒပါဒိ ဆိုတာက မဂ်တရား, ဖိုလ်တရားကို ပေးတာပါ၊ ဒီတော့ မီးလေးကို ကြည့်တဲ့ အခါမှာ အကြာဆုံး ၅-မိနစ်, အမြန်ဆုံး ၂-မိနစ်လောက် ကြည့်ရမယ်၊ ဒီလို ကြည့်နေတာသည်ပင် သညာရဲ့အမှတ်ပါ၊ ဘာ့ကြောင့် ဒီမီးကို ကြည့်ခိုင်းရတာလဲဆိုရင် အဲဒါ ထွက်လေ, ဝင်လေကို မှတ်တာက မမြင်ရဘဲမှတ်ရတဲ့အတွက် အမှတ်မြဲခဲတယ်၊ ဒီမီးတိုင်ကို ကြည့်မှတ်တာကျတော့ မြင်လွယ်, ထင်လွယ်တယ်၊ ဒါကြောင့် မီးကိုမှတ်ခိုင်းတာပါ။

ဒါဟာ ပရိကမ္မဘာဝနာပါ၊ ဒီလိုမှတ်လာတာဟာ မီးလေးကို သညာက မှတ်လာတယ်၊ ဒါက နာမပညတ်ပါ၊ နောက် ဝိညာဏ် ရိုက်ဝင်လာတော့ သဏ္ဌာန်, အရိပ်, နိမိတ်, လက္ခဏာတွေဟာ ပေါ်လာပြီ၊ ဒါက သဏ္ဌာနပညတ်ပါ၊ ဒီတော့ ပေါ်နေတဲ့ မီးခဲတ်လေးကို အာရုံအနေနဲ့ ပြောင်းရမယ်၊ ဒီတော့ ဒီမီးခဲတ် မှာကို ကိုယ်ရဲ့ မှတ်တဲ့သညာလေး ရှိနေတဲ့အတွက်ကြောင့် ဒီမီးမှာ သညာနာမ်ခဲတ်လေး ရှိနေပြီ၊ အဲဒါ မျက်စေ့မှိတ်ပြီး ကြည့်သော်လဲ ပေါ်နေပြီ၊ ဒီလိုပေါ်နေရင် ဒီမီးမှာ အသက်ရှိ

နေပြီ၊ အသက်ရှိတယ်ဆိုတာဟာ သညာသဘော, အာရုံသဘောပါ၊ နောက်ဝိညာဏ်ကြီးက အာရမ္မဏိကသဘောကနေလဲ ဆွဲလိုက်ရော မီးလေးဟာ ကစားပြီးလာတဲ့အခါ မိမိဆွဲလိုရာကို ဆွဲလိုက်သာပြီ။

ဒီလိုဆွဲရာကိုလိုက်နေရင် ကိုယ့်ဆီကိုဆွဲပြီး ထွက်လေဝင်လေဆိုတဲ့ ရုပ်ခေတ်ထဲသွင်းလိုက်တာနဲ့ ဒီမီးလေးဟာ လေကြောင်းနိမိတ်နဲ့အတူ ပါလာပြီ၊ ဒီလိုထွက်လေ့ဝင်လေမှာ သွင်းပါများလာတော့ ငယ်ထိပ်ဦးကျောက်အိမ်မှာကို ထင်နေပြီ၊ ဒီလိုထင်နေရင်ဘဲ သန္တပ္ပနမီးခေတ်ကို ဖွင့်လို့ရလာပြီ၊ ဒီသန္တပ္ပနမီးခေတ်ပေါ်သွားရင်ဘဲ တန်ခိုးရှိလာပြီ၊ ဒါကြောင့် ဒီသန္တပ္ပနမီးခေတ်, ကျောက်နဂါးဦးခေါင်းပိုင်း မီးခေတ်ကြီး ပေါက်အောင် ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

ကိုင်း....သာခုခေါ်ကြပါတော့

သာဓု....သာဓု....သာဓု

### သိတင်းကျွတ်လဆန်း ( ၅ ) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၃၀)

အနာဂတ်သဘော သဏ္ဌာနပညတ်၊ ဒီသဏ္ဌာနပညတ်ထဲမှာ ဘယ်သဘာဝတွေရှိသလဲ၊ ဒီထဲမှာရှိတဲ့သဘာဝတွေကို အခုခါတုန်း မနသိကာရအပိုင်းကထုတ်ပြီးပြလာပြီ၊ ဒီတော့ သညာဝိညာဏ်ကနေ နာမပညတ်နဲ့ သဏ္ဌာနပညတ်တွေထွက်လာတယ်၊ ဒီတော့ လာဘက်ရေပုံဂံမှ သဏ္ဌာနပညတ်ရှိသလား၊ မရှိပါ၊ စိတ်ဝိညာဏ်မှာသာရှိပါတယ်၊ ဒီတော့ မျက်စေ့နဲ့လဲ လာဘက်ရေပုံဂံကို မြင်နေပြီ၊ မရှိဘူးလို ပြောနေတာဟာဟုတ်ပါမလား၊ဒီနေရာမှာ ချေရတာ တော်တော်ခက်ပါတယ်း ဒီနေရာမှာ ငြင်းခုံနေကြတာဟာ အနန္တပါ။

ဒီတော့ သဏ္ဌာနပညတ်ဟာ စိတ်ဝိညာဏ်မှာသာ ရှိတယ်၊ အပြင်မှာ မရှိဘူးလို့ ပြောကြတယ်၊ ဒါဟာဥစ္စေဒ ဒိဋ္ဌိဘက်ကိုဆွဲပြောနေကြတာပါ၊ ဒီတော့ သဏ္ဌာနပညာတ်ကို ကြည့်ရင်မြင်တယ်လို့ပြောတာလဲ သဿတဒိဋ္ဌိအပေါ်မှာကို စကြီးလျှောက်နေကြတယ်၊ ဒီဒိဋ္ဌိ ၂-ပါးမှလွတ်ပြီး မဇ္ဈိမပဋိပဒါလမ်း ရောက်အောင် ဘယ်လိုခွဲမလဲ ? ဒီနေရာကလည်းက ခွဲပေးလာမှ နားလည်မယ်၊ သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိကို ကမ္မဿကတ သမ္မာဝါဒီပုဂ္ဂိုလ်တွေမှန်ရင် မလွယ်သေးပါ၊ လွတ်ဘို့ရာလဲ မလွယ်ဘူးပါ၊ လွတ်ဘို့ရာလွယ်ကူအောင် အရင်ကရုပ်သဏ္ဌာန်, နာမ်သဏ္ဌာန် (ဝါ) ပညတ်သဏ္ဌာန်, ပရမတ်သဏ္ဌာန်ဆိုပြီး ၂-မျိုးခွဲပြလာခဲ့ပြီ။

ရုပ်သညာန်ဆိုတာ ဥပမာ....အတိုရှိရင် အရှည်ရှိတယ်ဆိုပြီး ၂-ခုတွက်နေတာမျိုးပါ၊ နာမ်သညာန်ကျတော့ စိတ်ဝိညာဏ်က ပြုပြင်ပေးလိုက်တဲ့သဘောပါ၊ဒါဟာ အနာဂတ်သဘောသညာန ပညတ်ပါ၊ ဥပမာ ပန်းချီဆေးရေးတဲ့ဆရာဟာ ပုံတခုခုကိုရေးဆွဲတော့မယ်ဆိုတာနဲ့ သူရေးဆွဲမည့်ပုံဟာသူရဲ့ စိတ်ဝိညာဏ်ထဲမှာ ပေါ်နေရတယ်၊ ဒီလိုပေါ်နေတာကို နာမ်သညာန်လို့ ခေါ်တယ်၊ ဒီတော့ စိတ်ဝိညာဏ်ထဲမှာပေါ်နေတာက နာမ်သညာန်, ရေးဆွဲလိုက်လို့ ထင်လာတာကျတော့ ရုပ်သညာန်လို့ ခေါ်တယ်။

ဒီတော့ သညာန်, အရိပ်, နိမိတ်, လက္ခဏာဆိုတာက နာမ်သညာန်ကထွက်လာတာပါ၊ အတိုအရှည်,အပုအဝိုင်း ဆိုတာက ရုပ်သညာန်ကထွက်လာတာပါ၊ ဒါကို ဒုတိယတံခါးပေါက် အာနာပါနကဏ္ဍတုံးက ထင်ရှားအောင်ပြလာခဲ့ပါပြီ၊ ဒီတော့ သညာန်ဟာ ဘယ်မှာရှိသလဲ၊ စိတ်ဝိညာဏ်မှာ ရှိတယ်ဆိုတာက နာမ်သညာန်ကိုယူပါ၊ လဘက်ရေအိုး, လဘက်ရေပုဂံမှာရှိတဲ့ သညာန်ကျတော့ မရှိဘူးလို့ ပြောလို့မရပါ၊ ဓာတ် ၄-ပါး, ဓာတ် ၈-ပါးတို့ဆောက်ခံနေတဲ့အတွက်ကြောင့်သညာန ပညတ်လဲရှိမှာဘဲ၊ ဒါကို ရုပ်သညာန်လို့ယူပါ၊ ဒီလိုယူရင် လက်ဝဲ, လက်ျာ ၂-ပါးကလွတ်ပြီး အလယ်လမ်းကို တက်လို့ရမယ်။

ဒီတော့ သညာနပညတ်ဟာ အနာဂတ်သဘောပါ၊ ဒါဟာ စိတ်ဝိညာဏ်က လုပ်ကြံထားတဲ့သဘောပါ၊ သာရထဲကိုထည့်ရင် သုခသာရပါ၊ သာရ ၄-လုံးကို ပဋိစ္စသမုပ္ပါဒ်ကြီး ဖွင့်ပြီးသိမ်းတဲ့ အခါမှာ အတိတ်အကြောင်းစက် နိဒ္ဒသာရ,ပစ္စုပ္ပန် အကျိုးစက်

သုခသာရ, ပစ္စုပ္ပန်အကြောင်းစက် သုဘသာရ, အနာဂတ်အကျိုးစက် အတ္တသာရ ဒီလိုထားပြီးသိမ်းပါတယ်။

ဒီတော့ ပစ္စုပ္ပန်အကျိုးစက်မှာ သုခသာရထားပြီး သိမ်းတာထင်ရှားရှိတဲ့ သန်တပရမတ်တရားကြီးဖြစ်လို့ ဒီပစ္စုပ္ပန်အကျိုးစက်သုခသာရကနေ အားပေးနေတာဖြစ်ခြင်းကြောင့် သူကမကျွိုင်ကြီးပါ၊ ဒီကနေထွက်နေတာပါ၊ ဒီစက်ရဟတ်မှာလိုရင်းဟာ ဒီသန္တပရမတ်သဘာဝကြီးပါ၊ ဒါ့ကြောင့် သုခသာရထားပြီးလှည့်ပြရတာပါ၊အခုဟာက သမူဟပညတ်ကို မူထားပြီးဖွဲ့တာဖြစ်ခြင်းကြောင့် သုခသာရဟာ ပရမတ်ဘက်က ထွက်လာတာမဟုတ်ပါ၊ ဒါ့ကြောင့် ယခုပညတ်ဘက်မှာ အတိတ်သဘောနိစ္စသာရကို လူကြီးထားပြီး ဖွဲ့လာရတာပါ။

နိစ္စသာရကိုလက်ခံလိုက်တာနဲ့ သုခသာရကဝင်ပြီး ဆွဲလို့ရပါတယ်၊ မြဲတယ်ဆိုမှ ခံစားလို့ရတယ်ဆိုတဲ့ သုခသာရလေးထွက်လာမှာဘဲမဟုတ်လား၊ ဒါမှ သုဘသာရ ထွက်လာမယ်၊ ဒီ"ဥ" ခုရဲ့လိုရင်းဟာ အတ္တသာရကြီးထွက်လာပါတယ်၊ ဒိဋ္ဌိစွဲဆိုတာသည်ပင် အတ္တသာရကိုခေါ်တာပါ၊ အတ္တသာရကိုအခြေခံထားပြီးတော့ အတိတ်သဘောနိစ္စသာရကစပြီးတော့ ဖွဲ့ရပါတယ်၊ ဒီကနေမှ သုခသာရ, သုဘသာရတွေ ထွက်လာတာပါ၊ ဒီလိုယူလိုက်ပါ။

ပညတ်သဘောမှန်ရင် အတိတ်သဘောကို အနှစ်အသားအနေနဲ့ထုတ်လာရပါတယ်၊ နောက်အနာဂတ်ကို ထုတ်လာမယ်၊ နောက် ပစ္စုပ္ပန်ကို ထုတ်လာမယ်၊ ပရမတ် သဘောကျတော့ ပစ္စုပ္ပန်ကို အနှစ်အသားအနေနဲ့ထုတ်လာရတယ်၊ ဘာ့ကြောင့်လဲ၊

ပရမတ်ဆိုတာ ထင်ရှားရှိတဲ့ သဘောပါ၊ ပညတ်သဘောဟာ မျက်ကွယ်သဘော ထင်ရှားမရှိတဲ့သဘောပါ၊ဒါ့ကြောင့်အတိတ် သဘောကိုထုတ်တာပါ၊ အတိတ်ဆိုတာ မျက်ကွယ် ထင်ရှား မရှိတဲ့သဘောဘဲမဟုတ်လား၊ ဒါ့ကြောင့် ထုတ်လာရပါတယ်။

အခုထုတ်လာတဲ့သုခသာရကျတော့ အတိတ်သဘောကိုလိုက် ခံစားတာပါ၊ ပဋိစ္စသမုပ္ပါဒ်ထဲက သုခသာရကျတော့ ပစ္စုပ္ပန် သဘောကိုခံစားတာပါ၊ ဒီတော့ သဏ္ဌာနပညတ် သုခသာရ အနာဂတ်သဘောကို ဘာ့ကြောင့်ဥစ္စေဒဒိဋ္ဌိထဲထည့်သလဲ၊မာန ငါထဲဘာ့ကြောင့်ချသလဲ ?

ဒီတော့ တဏှာငါ, မာနငါ, ဒိဋ္ဌိငါဆိုပြီး ဘုရားရှင်ဟောလာ ပါတယ်၊ ဒီငါ ၃-ငါဟာဘယ်ပေါ်မှာစွဲတာလဲ၊ ပရမတ်ပေါ်မှာ စွဲတာလား၊ ပညတ်ပေါ်မှာစွဲတာလား၊ ပရမတ်ပေါ်မှာစွဲတာ ကျတော့ အတ္တဒိဋ္ဌိ,သက္ကာယဒိဋ္ဌိဆိုပြီးပေါ်လာတယ်၊ တဏှာငါ, မာနငါ, ဒိဋ္ဌိငါကိုမပြပါ၊ ဒီ ငါ"၃" ငါဟာ ပညတ်ပေါ်မှာ အဟုတ်ထင်ပြီး စွဲတဲ့အစွဲပါ၊ ဒီလိုမှတ်လိုက်ပါ။

ယခုပြလိုက်တဲ့သဿတဒိဋ္ဌိ, ဥစ္စေဒဒိဋ္ဌိတို့ဟာ ပညတ်ပေါ်မှာ စွဲပြီး လက်မောင်းတန်းနေတာပါ၊ ဒါဟာ အကျိုးလေးသာ ကျန် တာဖြစ်ခြင်းကြောင့် ပညတ်သာလျှင်ရှိတော့တယ်၊ ဒီပညတ်ကို စွဲနေတာက သဿတဒိဋ္ဌိနဲ့ ဥစ္စေဒဒိဋ္ဌိတို့ပါ၊ ပညတ်တရားကို ငါ"၃" ငါနဲ့ဖွင့်တဲ့အခါမှာ ပညတ်သဘောမှန်ရင် အတိတ် သဘောကို အနှစ်အသားထားပြီး လက်မောင်းတန်းဘာဖြစ်ခြင်း ကြောင့် အတိတ်သဘောတဏှာငါဆိုပြီးတော့ ဖွဲ့တာပါ၊ (ဝါ) လက်မောင်းတန်းလာတာပါ။

ပရမတ်သဘောကျတော့ပစ္စုပ္ပန်သဘောမှာသာလက်မောင်းတန်းပါတယ်၊ အတိတ်သဘောကို တဏှာငါ၊ ဒီလိုလဲထွက်နိုင်သာရော အနာဂတ်ကျတော့မာနငါ ဒါကျတော့ သာဆိုးသေးတယ်၊ မဖြစ်သေးတဲ့ဟာကို ကောင်းကင် လက်ဖွဲ့သတ်နေသလို တွေးချင်သလိုတွေးပြီး မာနငါနဲ့ လက်မောင်းတန်း နေတာပါ၊ ဒါကတဏှာငါထက်ပိုဆိုးပါတယ်၊ ပစ္စုပ္ပန်သဘောကျတော့ ဒိဋ္ဌိငါပါ၊ အခုဒီနေရာမှာ ပစ္စုပ္ပန်သဘောဟာ ပရမတ်သဘော မရှိတဲ့ (ဝါ) အတိတ်နဲ့ အနာဂတ်ပေါင်းပြီး ချထားတဲ့ပစ္စုပ္ပန် ဖြစ်ခြင်းကြောင့် ဒိဋ္ဌိငါပါ၊ ဒါကိုဘုရားရှင်က ငါ ၃-ငါလို့ အနတ္တလက္ခဏာသုတ်မှာ ဟောကြားလာတာပါ။

အတိတ်သဘောတဏှာငါက သဿတဒိဋ္ဌိ၊ အနာဂတ်သဘော မာနငါက ဥစ္ဆေဒဒိဋ္ဌိ၊ ဒါကိုပြောပြမယ်၊ ပရမတ်သဘောနဲ့ ပညတ်သဘောယူနည်းကွား ပြတ်တယ်၊ ကင်းတယ်ဆိုတာ အတိတ်သဘောပြတ်တယ်၊ ပစ္စုပ္ပန်သဘောကင်းတယ်ဆိုပြီးတော့မှ အနာဂတ်သဘောကို အနှစ်အသားအနေနဲ့စွဲပြီး ဘာမှမရှိဘူးလို့ ပြောနေတာပါ၊ အတိတ်နဲ့ပစ္စုပ္ပန်သဘောလဲ ပြတ်လိုက်ရော သူ့မှာအနာဂတ်သဘောကို ဘာမှမရှိဘူးလို့ ဥစ္ဆေဒဒိဋ္ဌိအနေနဲ့ စွဲယူသွားတယ်။

ဒီတော့ သတ္တဝါတွေ သံသရာလည်နေတာဟာ ပရမတ်သဘောအနေနဲ့ လည်တာကျတော့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဆိုပြီးလည်နေတယ်၊ ဒီတော့ အတိတ်ကမျိုးချလာမှ ပစ္စုပ္ပန်မှာ ရုပ်ပင်၊ နာမ်ပင်လေးလာပေါက်တာပါ၊ ဒီကနေတခါမျိုးချလိုက်မှ အနာဂတ်သဘောမှာ ပေါက်မှာ၊ ဒီလိုပရမတ်သဘော စက်ရဟတ်ကြီးဟာ ကာလ ၃-ပါးယန္တရားလှည့်နေတယ်။

ပညတ်သဘော ကာလ ၃-ပါးလည့်ပါဆိုတော့ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဆိုပြီး အဲဒါမရှိ မရှိချင်းချနေတာပါ၊ ဒီတော့ ဥစ္ဆေဒဒိဋ္ဌိက အတိတ်သဘောကိုပြတ်, ပစ္စုပ္ပန်သဘောကို ကင်းဆိုပြီးလဲ ပယ်လိုက်ရော အနာဂတ်သဘောကို မရှိတဲ့သဘော အနေနဲ့ ယူထားပြီ၊ ဒီလိုလဲယူထားရော ယူထားတဲ့သူကလဲ အနာဂတ်ကိုမရောက်သေးပါ၊ ဒီလိုလဲ အနာဂတ်သဘောကို ယူလိုက်ရော အဲဒါသတ္တဝါတွေအပေါ်မှာ မစောင့်စည်းတော့ပါ၊ အဲဒါ လုပ်ချင်ဘာတွေကို လုပ်သာဘော့တယ်၊ စောင့်စည်းတာက ပရမတ္ထသဘာဝ ကာလ ၃-ပါး ယန္တရားပါ။

ဒီတော့ ယခုယူထားတာက ပညာနဲ့ ရိုက်ချိုးတာမဟုတ်ပါ၊ အယူမှားဖြင့် ရိုက်ချိုးတာဖြစ်ခြင်းကြောင့် အနာဂတ် ယန္တရား စက်မရှိတော့ဘဲ ပြတ်သွားပြီ၊ ဒီတော့ ထိုပုဂ္ဂိုလ်သေသွားတဲ့ အခါမှာ ငရဲကိုသွားရတော့မယ်၊ အခုပြောတဲ့ သဘာဝတွေကို မြင်လာရင် သတိပဋ္ဌာန်ကြီးရဲ့ သဘာဝတွေကို မြင်လာတော့မယ်၊ အခုယူထားတာက ပရမတ်ဘုရားတွေကို ရိုက်ချိုးတာဖြစ်ခြင်းကြောင့် (ဝါ) ဘယ်သတ္တဝါမှ မငြင်းနိုင်တဲ့ ယန္တရားကို ရိုက်ချိုးတာဖြစ်ခြင်းကြောင့် ထိုပုဂ္ဂိုလ်သေတဲ့အခါမှာ အပါယ် ၄-ပါးသို့ကျတော့မယ်၊ ဒါ့ကြောင့် နိယတမိစ္ဆာဒိဋ္ဌိကံတွေ ဖြစ်လာတာပါ၊ ဒါ့ကြောင့် အနာဂတ်သဘောသဏ္ဌာနပညတ် သုခ သာရဝေဒနက္ခန္ဓာမှာ ဥစ္ဆေဒဒိဋ္ဌိကို ထည့်ထားဘာပါ။

ကိုင်း....ငါ ၃-ငါလဲထင်ရှားသွားပြီမဟုတ်လား၊ အခုပစ္စုပ္ပန် သဘောဘဲကျန်တော့တယ်၊ ဒီတော့စရဏ (၁၅) ပါးထဲမှာ အရူပကိုမထည့်ပါ၊ ဘာ့ကြောင့်မထည့်သလဲ၊ ပရနေတာဟောသ

ပစ္စည်းမရလို့ပါ၊ ဈာန်သမာပတ်တွေရသော်လဲ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဘောင်ပေါ်မှာ ရှိနေတဲ့အတွက်ကြောင့် မထည့်တာပါ၊ ယခုဥစ္ဆေဒဒိဋ္ဌိကိုဖွင့်လိုက်တော့ ဘယ်လောက်ကြောက်ဖို့ကောင်းသလဲ ?။

ယခုသမုဟပညတ်ရိပ်ကြီးကိုဖြတ်ရတော့မယ်၊ဒီတော့အတိတ်၊ အနာဂတ်တွေတွေ့အောင် လိုက်ရှာရမယ်၊ ဒါတွေကိုတွေ့မှ ဒီသမူဟပညတ်ရိပ်ကိုဖြတ်လို့ရမယ်၊ ဒီလိုဖြတ်ချလိုက်ရော ဓာတုမနသိကာရကို အားထုတ်တဲ့ထိုယောဂီဟာ ဘယ်မှာဥက္ကောင်းချသလဲ ( ဝါ ) ဘယ်လိုအကျိုးကရားတွေ့ရသလဲ?။

ကိုင်း....အခုပစ္စုပ္ပန်ကျတော့ ပရမတ်သဘောရှိတဲ့ ပစ္စုပ္ပန်က အတိတ်, ပစ္စုပ္ပန်, အနာဂတ် ဒီလိုလှည့်တာဟာ မှုမှန်တဲ့ယန္တရားပါ၊ ပရမတ်သဘောမရှိတဲ့ အတိတ်နဲ့အနာဂတ် ပေါင်းထားတဲ့ ပစ္စုပ္ပန်ကျတော့ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဆိုပြီးတော့ လှည့်ထားတာပါ၊ ဒါကမှုမမှန်တဲ့ယန္တရားပါ။

ပညာမြင်-ဥဒယဗ္ဗယဉာဏ်ကိုပိုင်ရင်ပဋိစ္စသမုပ္ပါဒ်ယန္တရားကြီး လှည့်ရတော့မယ်၊ ဒါကပညာဖြင့် လှည့်တဲ့ယန္တရားပါ၊ ဒါဟာ အထက်တန်းကျပါတယ်၊အရိယာတွေလှည့်တဲ့ ယန္တရားပါ၊ဒါကို ပညာသဘောနဲ့ ပစ္စုပ္ပန်ကနေဖျက်ပြီး သံသရာကနေထွက်သွားတာပါ၊ ဒီတော့ ရထားတဲ့ဘဝမျိုးချင်းကမတူပါ၊ ယောကျ်ားမြတ်, မိန်းမမြတ်တွေကျတော့ ဒီပဋိစ္စသမုပ္ပါဒ်ယန္တရားကြီးကနေပြီး ဆင်းလာဘာပါ၊အန္ဓတွေကျဘော့ ကာလ ၃-ပါးယန္တရားက ဆင်းလာတာပါ၊ ဒီလိုကိုမျိုးဇာတ်တွေမတူကြပါ။

ကိုင်း.... ပစ္စုပ္ပန်သဘော သမ္မဟပညတ် သင်္ခါရက္ခန္ဓာ သုဘာသာရ သက္ကာယဒိဋ္ဌိကို ရှင်းပြအုံးမယ်၊ သမ္မဟပညတ်ဆိုတာ အတိတ်နဲ့ အနာဂတ်ပေါင်းလိုက်တာကို ခေါ်တာပါ၊ ဒီသမ္မဟပညတ်ဟာ အနှစ်အသားမရှိပါ၊ အနှစ်အသားဆိုတာ ပရမတ်ရှိမှ အနှစ်အသားရှိဘယ်လို့ ယူပါ၊ အခုတော့ အတိတ်, အနာဂတ်မှာ ပရမတ်သဘောမရှိပါ၊ (ဝါ) ပစ္စုပ္ပန်သဘောမရှိပါ၊ ဘယ်အနေနဲ့ ပေါင်းနေသလဲဆိုတော့ ပရမတ်သဘောတွေ သုဉ်းဆိတ်ပြီး ပညတ်သဘောဘွေ ပေါင်းနေတာပါ၊ ပရမတ်သဘောအနေနဲ့ မထွက်တော့ဘဲ ပညတ်သဘောအနေနဲ့ သာရှိတော့တယ်။

အခုပေါင်းနေတာသည်ပင် ဘယ်လောက်ဘဲ ပေါင်းပေါင်း အနတ္တဘဲ၊ ဒီအနတ္တဟာ ဘာကိုပြတဲ့အနတ္တလဲ၊ ဒါကိုလိုချင်လို့ ဘုရားရှင်က နွားသတ်သမား ဥပမာနဲ့ ပြလာတာပါ၊ ဒီတော့ ပစ္စုပ္ပန်သဘော သမ္မဟပညတ် သက္ကာယဒိဋ္ဌိ သုဘာသာရ ဒိဋ္ဌိငါ ဒါတွေကို ရှင်းဘို့မလိုတော့ပါ၊ လိုရင်းက အတိတ်နဲ့ အနာဂတ်သာ အရေးကြီးပါတယ်။ အတိတ်နဲ့ အနာဂတ်ကို ပစ္စုပ္ပန် ပေါင်းစုလိုက်တော့ ဝိညာဏက္ခန္ဓာကြီးက အုပ်ချုပ်လာတယ်၊ ဒါကို ဘုရားရှင်က တခုစီ တခုစီ ပယ်ချလိုက်ပါ၊ မင်းတို့မှာ အတိတ်သဘာမှာ ပရမတ်ရုပ်သဘောလေး ပါရမယ်၊ ဒါက ဝိပဿနာနည်းပါ။

ဓမ္မစကြာနည်းကျတော့ သုခအနေနဲ့ ပါရမယ်၊ ယခု မင်းတို့မှာ ပရမတ်သဘော သုခဝေဒနာရိပ်တွေ မပါဘဲ ဘာ့ကြောင့် လာပြီးပေါင်းနေတာလဲ၊ နောက် အနာဂတ်သဘောကျတော့လဲ ပရမတ် နာမ်သဘော (ဝါ) ဒုက္ခဝေဒနာရိပ်တွေမှ မပါဘဲ

ဘာ့ကြောင့် လာပေါင်းနေတာလဲ၊ အနာဂတ်သဘော ဒုက္ခဝေဒနာကို မမြင်အောင် သညာဝိညာဏ်က ဖုံးကွယ်ထားတယ်၊ ပစ္စုပ္ပန်သဘောထဲ ဝင်တဲ့အခါမှာ အတိတ်သဘောသုခဝေဒနာသာ ခြေတချောင်းသောက်ပြီး ဝင်လာတယ်၊ ထွက်တဲ့အခါကျတော့ ဒုက္ခဝေဒနာနဲ့ ခြေ ၂ ချောင်းထောက်ပြီး ပြန်ထွက်သွားတယ်၊ ဒီတော့ ပစ္စုပ္ပန်ကြီးမှာ ဒုက္ခသာ ဖြစ်နေတာဘဲ မဟုတ်လား။

အခု ပေါင်းတယ်ဆိုတာလေးဟာ ဝိညာဏက္ခန္ဓာရိပ်မှာ သညာက္ခန္ဓာ အတိတ်, ဝေဒနာက္ခန္ဓာ အနာဂတ်, သင်္ခါရက္ခန္ဓာ ပစ္စုပ္ပန် ဒီ ၃ ပါး ပေါင်းနေတဲ့ သမူဟပညတ်ရိပ်ကြီးဟာ ဝိညာဏက္ခန္ဓာကြီးမှာ လာပေါ်တယ်၊ ဒါကို ဘုရားရှင်က ဒီ ဝိညာဏက္ခန္ဓာကြီးမှာ ပေါင်းနေတဲ့ သမူဟပညတ်ရိပ်ကြီးကို "ယထာဒိဋ္ဌံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ" လို့ ဟောလာတာပါ၊ (ဓါ) ဖျက်ပစ်ရမယ်လို့ ဟောကြားသွားတာပါ၊ ဒီ အရိပ်ကြီးကိုဖျက်ရင် အတိတ်သဘောဟာ ရုပ်သဘော ပရမတ်အနေနဲ့ မပါတဲ့အတွက် ပညတ်သဘောအတိတ် (ဓါ) အလကားအတိတ်ပါ၊ (ဓါ) အကျိုးသဘော အတိတ်ပါ၊ (ဓါ) မျိုးမချနိုင်တဲ့ အတိတ်ဆိုပြီး မောင်းထုတ်လိုက်ပါ၊ အဲဒါ ပညာအနေနဲ့ မောင်းထုတ်လိုက်ပါ၊ အနာဂတ်,ပစ္စုပ္ပန်တို့ကိုလဲ ဒီအတိုင်းမောင်းထုတ်လိုက်ရော ဝိညာဏက္ခန္ဓာကြီးမှာ ပေါင်းနေတဲ့ သမူဟပညတ်ရိပ်ကြီးဟာ မပေါင်းနိုင်တော့ဘဲ ပျက်စီးသွားမယ်။

ဒီတော့ ဒီနေရာကနေ ဘာထွက်လာမလဲ၊ ဒါကိုလိုချင်တယ် အတိတ်သဘောဟာ ရုပ်သဘော၊ ပရမတ်မပါတဲ့ အတွက်

ကြောင့် သူ့သဘာဝကိုက အနတ္တပါ၊ ဘာ့ကြောင့်လဲ့ သူ့မှာ မျိုးအနေနဲ့မပါတဲ့အတွက်ကြောင့်ပါ၊ ဒါဟာ ပရမတ်သဘော မပါတဲ့ ပညတ်သဘော ဖြစ်ခြင်းကြောင့်အနတ္တပါ။

ဒီတော့ ဘုရားရှင်က တုစ္ဆ အချီးနှီး၊ ဒါက အတိတ်, အနာဂတ်, ပစ္စုပ္ပန်တို့ ပေါင်းနေတဲ့သဘောပါ၊ ဒါဟာ ပရမတ်သဘော ပြားသား မပါတဲ့ ပညတ်သဘောကို "တုစ္ဆ" လို့ ပြောတာပါ၊ ပရမတ်သဘောကျတော့ သုည သုဉ်းဆိတ်တဲ့ အနေနဲ့ မြင်အောင်ရှုပါ၊ ပရမတ်အစစ်မှန်ရင် ပညတ်သဘော ပေါ်လို့မရပါ ပရမတ်မစစ်လို့ ပညတ်တွေ ပေါ်နေတာပါ၊ ဒါက သညာဝိညာဏ်နယ်ပါ၊ ဒါကို ဥဒယဗ္ဗယဉာဏ်ကြီးက ကြိတ်ချေတယ်။

ပရမတ် အစစ်ကျတော့ ပညတ်ပေါ်လို့မရပါ၊ ဒါမှ နိဗ္ဗာန ဓာတ်ကို ဝင်လို့ရပါတယ်၊ နောက်တခါ ရိတ္တ, ပရိတ္တ ဆိုပြီး ပြလာပြန်တယ်၊ ရိတ္တဆိုတာက အချီးနှီးပါ၊ ဒါက အကျိုး တရားကို ကောက်ပါ၊ ပရိတ္တဆိုတာက ဘာမှမဆိုင်တဲ့ အချီးနှီး ဆိုပြီး ချလိုက်တယ်၊ ဒီ သဘော ၄-ချက်ကိုယူပြီး အခု အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကိုလဲ ဆွဲထုတ်လိုက်ရေ သမူဟပညတ် ပေါင်းနေတဲ့ သဘာဝကြီးဟာ ရိတ္တထဲကျသွားပြီ၊ ဒါဟာ ပညာမြင် ဒုက္ခထဲမှာ ဥက္ကောင်းချပါတယ်၊ ဘာ့ကြောင့်လဲ၊ အဲဒါ ပရိတ္တအနေနဲ့မြင်သွားလို့ပညာမြင်ဒုက္ခနဲ့ပယ်ချလိုက်ပြီ၊ ဒါဟာ ဘယ်လိုဒုက္ခလဲဆိုတော့ အနတ္တလက္ခဏာသုတ် အစပိုင်းက ပါတဲ့ဒုက္ခမျိုးပါ၊ အနတ္တကိုမြင်ရင် ဒုက္ခမှာ ဥက္ကောင်းချပါတယ်၊ အချို့သုတ္တန်မှာက ဒုက္ခကိုမြင်အောင်လို့ အနတ္တကိုဖော်ပြ

လာတယ်၊ အချို့သုတ္တန်က အနတ္တကိုမြင်အောင် ဒုက္ခကို ဖေါ်ပြလာတယ်။

ဒီတော့ ရုပ်တရားဟာ အနတ္တဖြစ်တဲ့အတွက် "အာဗာဓာယ ဆင်းရဲနာကျင်ခြင်းငှါ" လို့ ဒီလိုပြလာတယ်၊ (ဝါ)ကြောင့်ကြ စိုက်၍ ရခြင်းငှါ မဖြစ်နိုင်ရာတကားလို့ ဒီလိုပြလာတယ်၊ ဒါဟာ ဒုက္ခတရားဘဲ၊ နောင်တဖန် မဖြစ်တဲ့တရားမို့ အစဉ်အားဖြင့် ဆင်းရဲနာကျင်နေတယ်၊ ပညာမြင် ဒုက္ခဟာ ကြောင့်ကြစိုက်လို့ မရတဲ့သဘောပါ၊ ကြောင့်ကြစိုက်လို့ရရင် သုခအနေနဲ့ ယူထား တော့မယ်၊ ယခု ပညာမြင်ဒုက္ခကျတော့ ကြောင့်ကြစိုက်လို့ မရတော့ပါ၊ ဒါဟာ နောင်တဖန် ပြန်မဖြစ်တဲ့ သဘောပါ၊ ဒီလို မြင်တာသည် နိဗ္ဗာနဓာတ်ကို ဝင်တော့မယ်။

ဒီလောက်ဘဲ လောကီဉာဏ်က (ဝါ) ဝိပဿနာဉာဏ်က ထွက်လို့ရပါတယ်၊ မဂ်ကိုဝင်ရင် အစဉ်ငြိမ်းတဲ့ နိဗ္ဗာနဓာတ် ကိုဝင်သွားမယ်၊ ဒီတော့ သံသရာကြီးဟာ လက်တွင်းတဆုပ်သာ ရှိတော့တယ်၊ ဒီဓာတုမနသိကာရ အပိုင်းက ပညာမြင်ဒုက္ခ၊ ကြောင့်ကြစိုက်လို့မရတဲ့ ဒုက္ခကို ပြလာတယ်၊မဂ်ကျမှ ငြိမ်းတဲ့ နိဗ္ဗာနဓာတ်ကိုဝင်မယ်၊ ဒီကနေ ဒီလောက်ဘဲထားကြဦးစို့။

# ည ဟော စ ဉ်။

အခုဖွင့်တဲ့အာနာပါနလုပ်ငန်းစဉ်ဟာ ဓမ္မစကြာတရားကနေ အခြေခံထားပြီး ဖွင့်တဲ့ အာနာပါနကြီးပါ၊ ဒီအာနာပါနကြီးကို လုပ်ငန်းစဉ်အနေနဲ့ ဆုံးအောင်တက်နိုင်ရင် ဘယ်မှာဆုံး သလဲ ဆိုတော့ ဓမ္မစကြာအနုသာသနိနည်းမှာ ဆုံးပါတယ်၊ ဓမ္မစကြာ အနုသာသနိ နည်းကိုပြောပြပါအုံးမယ်၊ သစ္စာ ၄-ပါးမှာ သစ္စ ဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် ၃-ပါးနဲ့ထားပြီး ဟောတာဖြစ် ခြင်းကြောင့် သစ္စာတပါးမှာ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် ဆိုပြီး ဉာဏ် ၃-ပါးဖြစ်လာတယ်၊ သစ္စာ ၄-ပါးကျတော့ (၁၂) ဉာဏ်ဖြစ်လာတယ်၊ ဒါကို "သဃမ္ဘူဉာဏ်စွမ်း ဆဲ့နှစ်ခမ်း" လို့ ခေါ်တယ်၊ ဒါဟာ ဘယ်သူမှ မဟောကြားဘဲနဲ့ မိမိအလိုလို ထိုးထွင်း၍ သိတော်မူတဲ့ဉာဏ်ပါ။

ဒီတော့ ဒုက္ခသစ္စာနဲ့သမုဒယသစ္စာကို ဝေဘန်ပြီးဟောလိုက် တာနဲ့ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာပါ တခါထဲပါသွားပါတယ်၊ ဒါပေမဲ့ မဂ္ဂသစ္စာနဲ့နိရောဓသစ္စာကို တခါထပ်ပြီးဉာဏ် ၃-ဉာဏ် နဲ့ပြန်ဟောလာပါတယ်၊ ဒါကိုအနုသာသနိနည်းလို့ ခေါ်တယ်၊ အနုသာသနိနည်းဆိုတာ တဖန်ထပ်ပြီး (ဝါ) တဖန်ပြန်ပြီးဆုံးမ တာပါ၊ ဒီတော့ ဒုက္ခဉာဏ်မှာလဲ သစ္စဉာဏ် (၁၆) ချက်၊ သမုဒယ,နိရောခနှင့် မဂ္ဂမှာလဲ သစ္စဉာဏ် (၁၆)ချက်နဲ့ဝေဘန် ပြီးဟောသွားတာပါ။

အခုအာနာပါနကြီးဟာ ဓမ္မစကြာ အနုသာသနိ နည်းကို ဆင်ခြင်နိုင်အောင်လို့ လုပ်ငန်းစဉ်ပေးနေတာပါ၊ ဒီတော့အာနာ ပါနကြီးကို အားထုတ်လို့ထွက်လေ,ဝင်လေမြဲလာရော အနုသာ

သနီးနည်းကို ဝင်ကိုင်လာတယ်၊ ဘယ်လိုဝင်ကိုင်သလဲ ဆိုတော့ အဲဒါမဂ္ဂသစ္စာမှာ သစ္စာအနက် ၄-ချက်ထုတ်လာတယ်မဟုတ်လား "ဒဿနဋ္ဌ, နိယျာနဋ္ဌ, ဟေတုဋ္ဌ, အဓိပတေယျဋ္ဌ" ဆိုတဲ့ ဒီသစ္စာအနက် ၄-ချက်ကိုဝင်ကိုင်ပြီး ဆင်ခြင်လာတာကိုမမှစကြာ အနုသာသနီးနည်းလို့ခေါ်တာပါ။

ဒီကနေ့ ပြောလိုတာက သဏ္ဌာန်, အရိပ်, နိမိတ်, လက္ခဏာယူပုံကိုပြောပြမယ်၊ ဖယောင်းတိုင်မီးလေးမြင်နေရင် သညာအမှတ်မြဲတယ်လို့ယူရတယ်၊ (ထွက်လေ ဝင်လေဒီအတိုင်းဘဲ) သမထ ၄၀ ဆိုတာဟာ ပုဂ္ဂိုလ်တွေရဲ့စရိုက်ကို ကြည့်ပြီးပြထားတာပါ၊ သဘာဝချင်းကတော့ အတူတူပါဘဲ၊ မီးကိုကြည့်တာနဲ့ ထွက်လေ ဝင်လေကို မှတ်တာနဲ့ဟာ အတူတူပါဘဲ၊ ဒီတော့ ကမ္မဋ္ဌာနာစရိယတွေနဲ့ အသေအချာတရားပေးတဲ့အခါမှာ ထွက်လေ ဝင်လေကို မှတ်မဲ့အစား ပသာဒမျက်စေ့နဲ့မြင်ရတဲ့ မီးလေးကို ကြည့်လိုက်တာနဲ့ မြင်လွယ်ထင်လွယ်ပါတယ်၊ ဒါ့ကြောင့်မီးကို အရင်ကြည့်ခိုင်းတာပါ။

မီးရောင်ကိုမျက်စေ့နဲ့ကြည့်တဲ့အခါမှာ သညာအမှတ်လေးဟာမြဲလာရတယ်၊ ဒီလိုဖမ်းနေတဲ့အခါမှာ ကမ္မဋ္ဌာနာစရိယတွေကလဲ "စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ" စတဲ့ ဥဒပါဒိ ၅-ချက်နဲ့လဲပေးလိုက်ရော ဒီ-ဥဒပါဒိ ၅-ချက်ကလဲ မျက်စေ့အကြည်ရိပ်မှာကို မီးလေးကိုလိုက်ပြီး ဖမ်းပေးလာတယ်၊ ဒီတော့မှ သညာကလဲလိုက်မှတ်လာတယ်၊ "အာစရိယဿ သီဝါဟံ မေတ္တံ ဂဏှာမိ" လို့ဆိုတဲ့အတိုင်း ဆရာသမားတို့ရဲ့ မေတ္တာဓာတ်ကို ခံယူရမယ်။

မေတ္တာဓာတ်ဘယ်လိုခံယူမလဲ?

အာနာပါနတရားဖြင့် ခံယူနည်းကိုပြောပြမယ်၊ မီးလေးမြဲလာရင်ဘဲ "ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် ဤမီးလေးပေါ်သို့ ကြွပါဘုရား" လို့ အာရုံယူလိုက်တာနဲ့ မီးဓာတ်လေးအပေါ်မှာ မြင်လာရမယ်၊ မြင်လာရင် 'အရှင်ဘုရား၊ အရှင်ဘုရားကို ကာယကံမှု ၀စီကံမှု မနောကံမှုဖြင့်ရင် ဆရာတော်ဘုရား၏ မေတ္တာဓာတ်ကို အစဉ်ခံယူပါ၏ဘုရား၊ တပည့်တော်ကိုလေကြောင်းနိမိတ်နဲ့ မီးလေးဝင်သွားအောင် မေတ္တာဓာတ်ပေးတော်မူပါဘုရား" လို့တောင်းပါ၊ တောင်းပြီး ဆရာတော်ပျောက်သွားတာနဲ့ တခါထဲ လေကြောင်းနိမိတ်မှာကို မီးလေးဟာထင်လာပြီးဝင်သွားတော့မယ်၊ ဒီလိုဆရာသမားကြီးတွေရဲ့ မေတ္တာဓာတ်ကို အစဉ်ခံယူကြရပါတယ်၊ ဒါမှဘေးအန္တရာယ်တွေကင်းရှင်းပြီး လိုရာခရီးရောက်နိုင်ပါတယ်ဆိုတာကို ယုံကြည်ပြီး အားထုတ်ကြပါ။

ကိုင်း....သာဓုခေါ်ကြပါတော့၊

သာဓု....သာဓု....သာဓု။

" ဤတွင်ဓာတုမနသိကာရအပိုင်းလုပ်ငန်းစဉ်ပြီးပြီ "

သိတင်းကျွတ်လဆန်း ( ၆ )ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၃၁)

# အသမ္မောဟသမ္ပဇညအပိုင်း။

ဒီတော့ " သမ္ပဇာနကာရီ-အပြားအားဖြင့် ဆင်ခြင်၍သာ ပြုလေ့ရှိသည်၊ (ဝါ) ပညာဖြင့် ဆင်ခြင်၍သာပြုလေ့ရှိသည်၊ ဟောတိ-ဖြစ်၏ "လို့ ဟောကြားလာတဲ့အတိုင်း " အသမ္မောဟ၊ တွေဝေခြင်းမှ ကင်းသည်ဖြစ်၍။ သမ္ပဇည၊ အပြားအားဖြင့် ဆင်ခြင်တဲ့ "အပိုင်းပါ၊ ဒီတော့ ဒါကို အဆစ်အပိုင်းလေး တွေကို စစ်ပေးရမယ်၊ ဒီတော့ တွေဝေတယ်ဆိုတာ မောဟပါ၊ ဒီတော့ မောဟ ဟာ အတိတ် မောဟ, အနာဂတ် မောဟ, ပစ္စုပ္ပန် မောဟ ဆိုပြီး "၃" မျိုးရှိတယ်၊ ဒီတော့ " အညာဏ လက္ခဏာ၊ မသိခြင်းလျှင်လက္ခဏာရှိတယ်၊ (တနည်း) အန္ဓဘာဝ လက္ခဏာ၊ မိုက်မဲထုံဝေခြင်းလျှင် လက္ခဏာရှိတယ်" ဒါက အတိတ်မောဟပါ၊ ဒါဟာ ဘာကိုဘဲလုပ်လုပ် အာရုံသဘောကို မောဟကဖုံးကွယ်ပေးတယ်၊ နောက် သဘာဝ စ္ဆာဒနရသ၊ ဒါက အနာဂတ် မောဟပါ၊ နောက် အန္ဓကာရပစ္စုပဋ္ဌာန၊ အာရုံ သဘောကို ဖုံးလွှမ်းခြင်းလျှင် ရှေ့ရှုထင်ခြင်းရှိတယ်၊ ဒါက ပစ္စုပ္ပန်မောဟပါ။

ဒီတော့ အတိတ်မောဟကို ပညာ၊မြင် ဥဒယဗ္ဗယဉာဏ်ဖြစ်တဲ့ ဣရိယာပထလုပ်ငန်းစဉ်အပိုင်းက ပယ်တယ်၊ ဓာတုမနသိကာရ အပိုင်းကျတော့ အနာဂတ်မောဟကို သတ်တယ်၊ ဒါက အနိစ္စာ နုပဿနာဉာဏ်က ပယ်သတ်တာပါ၊ အခု အသမ္မောဟသမ္ပဇည

ပုံစံနံပါတ် (၃၁)



အပိုင်းက ဒုက္ခာနုပဿနာဉာဏ်ဖြင့် ပစ္စုပ္ပန်မောဟကို ပယ်သတ်မယ်၊ ဒီတော့ ပစ္စုပ္ပန်မောဟကို မိမိရဲ့ ခန္ဓာကိုယ်ကြီးထဲမှာ လိုက်ရှာစမ်းပါ၊ ဒီတော့ ပစ္စုပ္ပန်ဆိုတာက ယခု ရနေတဲ့ ခန္ဓာကောင်ကြီးပါ၊ ဒီလူကောင်ကြီးမှာ ပစ္စုပ္ပန်မောဟဟာ ဘယ်လို ဖုံးလွှမ်းနေသလဲ၊ ဒါကို လိုက်ရှာစမ်း၊ ဒီတော့ သွားတဲ့အခါ၊ အိပ်တဲ့အခါမှာကော ဘယ်လိုဖုံးလွှမ်းထားသလဲ။

ဒီမောဟတွေကို ထုတ်လိုက်စမ်းဆိုတော့ ဘုရားရှင်က ထုတ်ပြလာတယ်၊ အဲဒါ (၇) ပါးရှိတယ်ဆိုပြီး ထုတ်ပြလာတယ် ဒီပစ္စုပ္ပန်မောဟတွေ ဖုံးလွှမ်းထားတဲ့ အတွက်ကြောင့် အဲဒါ လောဘ၊ ဒေါသတရားတွေ ဖြစ်လာတာပါ၊ ဒီတော့ ဘုရားရှင် ထုတ်ပြထားတဲ့ (၇)ပါးဟာ "အဘိက္ကန္တေ၊ ရှေ့သို့တက်တယ်။ ပဋိက္ကန္တေ၊ နောက်သို့ဆုတ်တယ်။" ဒါက တချက်၊ နောက် "အာလောကိတေ၊ တူရူကြည့်တယ်။ ဝိလောကိတေ၊ တစောင်းကြည့်တယ်။ ဒါက တချက်၊ နောက်..."သမိဉ္ဇိတေ၊ လက်ခြေတို့ကို ကွေးတယ်။ ပသာရိတေ၊ လက်ခြေတို့ကိုဆန့်တယ်။ ဒါက တချက်၊ ဒီ ၃-ချက်ဟာ ရူပက္ခန္ဓာမှာဖြစ်တဲ့ဟာပါ။

နောက် နာမကာယမှာ ဖြစ်တာကျတော့ ၄-ချက်ထုတ်ပြလာတယ်၊ အဲဒါ "သင်္ဃာဋိ ပတ္တ စီဝရ ဓာရဏေ၊ ဒုကုဋ်၊ သပိတ်၊ သင်္ကန်းတို့ကို ဆောင်ရာ၌" ဒါက တချက်၊ ဒီဟာက သညာက္ခန္ဓာမှာ ပြတာပါ၊ နောက်တခါ " အသိတေ၊ ပိတေ၊ ခါယိတေ၊ သာယိတေ - စားတယ်၊ သောက်တယ်၊ ခဲတယ်၊ လျက်တယ်" ဒါကတချက်၊ ဒီဟာက ဝေဒနက္ခန္ဓာမှာ ပြတာပါ၊ နောက် " ဥစ္စာရ၊ ပဿာဝကမ္မ၊ ကျင်ကြီးကျင်ငယ်အမှုကို ပြုရာမှာ"

ဒါက တချက်၊ ဒီဟာက သမ္ပဇဉ်ကဏ္ဍမှာ ပြတာပါ၊ နောက်.... "ဂတေ, ဌိတေ, နိသိန္နေ, သုတ္တေ, ဇာဂရိတေ, ဘာသိတေ, တုဏှီဘာဝေ၊ သွားတယ်, ရပ်တယ်, ထိုင်တယ်, အိပ်တယ်, နိုးတယ်,စကားဆိုတယ်, စကားမဆိုဘဲဆိတ်ဆိတ်နေတယ်"ဒါက တချက်၊ ဒီဟာက ဝိညာဏကဏ္ဍမှာပြတာပါ၊ ဒီ (၇) ချက်ကို အသမ္မောဟသမ္ပဇဉ်အပိုင်းမှာထုတ်ပြီး ဟောလာတယ်။

ဒီအချက်တွေမှာရှိတဲ့ မောဟကိုပယ်သတ်နိုင်ရင် ပညာမြင် ဒုက္ခာနုပဿနာ ဉာဏ်ကိုဝင်မယ်၊ ဉာဏ်စဉ်အားဖြင့်ဆိုရင် ဘယ ဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိန္ဒဉာဏ် ဒီဉာဏ် ၃-ဉာဏ်သဲဝင်မယ်၊ ယခုဟောလိုက်တာကို သဘောမပေါက်ကြသေးပါ၊ သဘော ပေါက်လာအောင် ဝေဘန်ပြအုံးမယ်၊ ဒီတော့ ရှေ့တက်တယ်, နောက်ဆုတ်တယ်ဆိုတာကို သမ္ပဇဉ်အပိုင်းထဲမှာထည့်ပြီး ဟော ထားတယ်၊ ဒီတော့ သွားတယ်, ရပ်တယ်, ထိုင်တယ်, လျောင်း တယ်-ဆိုတဲ့ဣရိယာပုထ် ၄-ပါးကိုလဲ ဒီသမ္ပဇဉ်အပိုင်းမှာ ထည့် ဟောထားတယ်၊ နောက် ဒီဣရိယာပုထ် ၄-ပါးကိုဘဲ ဣရိယာ ပထပိုင်းမှာ ထုတ်ပြီးဟောထားပြန်တယ်၊ ဘာ့ကြောင့်ဒီလိုထုတ် ပြီးဟောထားရသလဲ၊ ဒါကိုစဉ်းစားပါ။

ဒီတော့ ထွက်လေ,ဝင်လေဟာလဲ ကာယဘဲ ဣရိယာပထပိုင်း ကျတော့လဲကာယဘဲ၊ ဓာတုမနသိကာရအပိုင်းကျတော့လဲ ကာ ယဘဲ၊ သမ္ပဇဉ်အပိုင်းကျတော့လဲကာယဘဲ၊ ပဋိကူလမနသိကာရ အပိုင်းကျတော့လဲ ကာယဘဲ၊ ဒါဟာ သူ့သဘာဝတွေနဲ့သူ သီးခြားပြီးရှိနေတဲ့ ကာယတွေပါ၊ဒီတော့ ဣရိယာပုထ် ၄-ပါးကို ဣရိယာပထပိုင်းဆိုပြီး တပိုင်းဘုတ်ထားတယ်၊ ယခုသမ္ပဇဉ

အပိုင်းကျတော့လဲ ဣရိယာပုထ် ၄-ပါးကို ထည့်ထားပြန်တယ်၊ ဒီတော့ ဘာ့ကြောင့် ၂-ခုခွဲပြီးထားသလဲ၊ ဒီတော့ ဣရိယာပုထ်လုပ်ငန်းစဉ်ဟာ ထင်ရှားတယ်၊ သူ့မှာ အားထုတ်ပြုလုပ်ရတဲ့ ကြောင့်ကြ ဗျာပါရရှိရတယ်၊ သူ့မှာ ထင်ရှား ရှိသည်ဖြစ်၍ ကြောင့်ကြဗျာပါရစိုက်ပြီး ပြုလုပ်ရတာဖြစ်ခြင်းကြောင့် တဒ္ဒါနုထုတ်ပြီး ဥဒယဗ္ဗယဉာဏ်မှာ လုပ်ငန်းစဉ်အနေနဲ့ အားထုတ်ရတာပါ။

အနုအသမ္မောဟ သမ္ပဇဉ်အပိုင်းကျတော့ မထင်ရှားပါ၊ အမှတ်တမဲ့နဲ့ သာဖြစ်ပါတယ်၊ အဲဒါကြောင့်ကြဗျာပါရ မစိုက်ရဘဲနဲ့ ဖြစ်သွားတဲ့အတွက်ကြောင့်ပါ၊ ဒါ့ကြောင့် ဒီသဘာဝတွေကို တကဏ္ဍထားပြီး ထုတ်ပြတော်မူတာပါ၊ ဒါဖြင့်ရင် အသမ္မောဟ သမ္ပဇဉ်အပိုင်းကို ပွါးများကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်အကျိုးတရားတွေကို ရမလဲဆိုတော့ အဲဒါ ဒုက္ခာနုပဿနာဉာဏ်မှာ ဥက္ကောင်းချနိုင်ပါတယ်၊ ဒီတော့ ပညာမြင်-ဒုက္ခအစစ်ဟာ ဘယ်ဟာလဲ၊ ဒီပုံစံကြီးကို သဘာဝပိုင်သွားရင် ပညာမြင်ဒုက္ခကို တွေ့တော့မယ်၊ ဒီတော့ ပညာမြင်ဒုက္ခကို ရေတွင်းတကာကြီး တွေ့ပြီလား၊ ဒုက္ခကို မြင်အောင် ဘယ်လိုရှုမလဲ၊ ဒီကနေစပြီး တက်ရမယ်။

ဒီတော့မေ့စကြာတရားတော်ကြီးမှာအကြောင်းဒုက္ခ၄-ချက်၊ အကျိုးဒုက္ခ ၄-ချက်ဆိုပြီး ဒုက္ခ ၈-ချက်ဟောထားတယ်၊ ဒီဒုက္ခတွေဟာ သဘာဝဒုက္ခတွေပါ၊ ဘယ်ပုဂ္ဂိုလ်တွေမှ ငြင်းလို့မရတဲ့ သဘာဝဒုက္ခတွေပါ၊ ဒီတော့ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဒီဒုက္ခ ၄-ချက်ကို ဘယ်သညာဝိညာဏ်သမားတွေမှ သုခလို့မပြောပါ၊ ဒုက္ခလို့သာပြောကြတယ်- ဒီဒုက္ခတွေဟာ သဘာဝဒုက္ခတွေပါ၊

ဒါကို အန္ဓတွေက (ဝါ) သတ္တဝါတွေက ဘယ်အနေလောက် သာသိကြသလဲ၊ ဘုရားရှင်က ဒီသဘာဝဒုက္ခသာထုတ်ပြပါတယ်၊ သညာဝိညာဏ်လုပ်ကြံတဲ့ ဒုက္ခတွေကို ထုတ်မပြပါ။

ဘာ့ကြောင့်လဲ့ သညာဝိညာဏ် လုပ်ကြံတဲ့ ဒုက္ခကျတော့ တပေါင်းတည်း တူညီစွာယူနိုင်မှာမဟုတ်ခြင်းကြောင့်ပါ၊ ဒီတော့ သဘာဝအနေနဲ့ရှိနေတဲ့ ဒုက္ခကိုသာ ဘုရားရှင်က ထုတ်ပြတာပါ၊ ဒါကို အန္ဓတွေက သညာဝိညာဏ်ဖြင့်သာ ယူလာကြတယ်၊ အဲဒါ ပဋိသန္ဓေနေခြင်း၊ ဆံဖြူသွားကျိုးခြင်း၊ ဖျားနာခြင်း၊ သေခြင်း ဒီအနေလောက်သာ သိကြတယ်၊ ဘုရားရှင်ကတော့ သဘာဝဒုက္ခကို ပညာဖြင့် သိစေ၊မြင်စေချင်တယ်၊ ဒါကို အန္ဓတွေက သညာဝိညာဏ်နဲ့သာ ရှုနေကြတယ်၊ ဒီတော့ ဒီဒုက္ခဟာ ပညာမြင်ဒုက္ခဖြစ်မလား၊ သဘာဝကဖြစ်သော်လဲ အသိတရားက မဖြစ်ပါ။

ဒီတော့ ယခု မဟာသတိပဋ္ဌာန် ပဋ္ဌိပတ် လုပ်ငန်းစဉ် တရားကြီးထဲ ဝင်နိုင်အောင် ပညာမြင်ဒုက္ခကို ရှာရမယ်၊ ဒီတော့ ပညာမြင်ဒုက္ခဟာ ဘယ်ဟာလဲ၊ ပညာမြင်ဒုက္ခကိုမြင်အောင် ဘယ်လို ရှုမလဲ၊ ဒီတော့ ဒုက္ခကို ၃-မျိုးခွဲရမယ်၊ အဲဒါ သညာသိဒုက္ခ၊ ဝိညာဏ်သိဒုက္ခ၊ ပညာသိဒုက္ခဆိုပြီး ခွဲရမယ်၊ ဒီတော့ သညာသိဒုက္ခဆိုတာ ဘာလဲဆိုတာကို ရှာရမယ်၊ ဒီတော့ ဘုရားရှင်က "ဇာတိ၊ဇရာ၊ဗျာဓိ၊မရဏ" လို့ ဒီလိုဟောလိုက်တာကိုတကာကြီးတို့က ပညာဖြင့်မသိတော့ရင် အဲဒါ ပညတ်ပေါ် တင်ပြီးတော့ သိလာကြတယ်၊ ဇာတိဒုက္ခ ဆိုရင်ဘဲ ပဋိသန္ဓေ နေခြင်းဟာ ဒုက္ခလို့ ပညတ်ပေါ်တင်ပြီးသိလာတယ်၊ ဒါကို သညာသိဒုက္ခလို့ ခေါ်တယ်။

ဒီတော့ ဘာပညတ်တွေလဲ၊ (ဥပမာ) မျက်စေ့အမြင်မှာ ပေါ်လာတဲ့အခါမှာ အဲဒါ ကောင်း၊ မကောင်း ဆိုပြီးတော့ ပေါ်လာတဲ့အပေါ်မျိုးတွေပါ၊ ဒါဟာ ၅-ပါးသောပသာဒက ပညတ်ပေါ်ဘင်ပြီး ဆွဲလာတယ်၊ အဲဒါ ကောင်းတာကျတော့ သုခ၊ မကောင်းတာကျတော့ ဒုက္ခ ဒီလိုယူလာတဲ့ဟာကို သညာသိ ဒုက္ခလို့ခေါ်တယ်၊ (ဥပမာ) လဘက်ရေပုဂံ ၂-လုံးယှဉ်ပြီး ချထားရင်ဘဲ ကောင်းတဲ့အလုံးကို ယူမှာဘဲ မဟုတ်လား၊ မကောင်းဘဲ့လဘက်ရေပုဂံလုံးကျတော့ ဒုက္ခအနေနဲ့ ထားခဲ့ပြီ၊ ဒါဟာ သညာသိဒုက္ခမျိုးပါ၊ ဒီတော့ သတ္တဝါတွေဟာ သညာက မှတ်လာတဲ့ဟာကိုသာ စွဲယူနေကြတယ်၊ ဒီတော့ ဒီသညာဟာ ပညတ်ပေါ်မှာသာမှတ်ပါတယ်၊ ဒီတော့ သက္ကာယဒိဋ္ဌိဟာမလွတ်သေးပါ၊ ဒီတော့မကောင်းတဲ့အနေနဲ့ ဆွဲကိုင်တာကျတော့ ဒုက္ခလို့ပြောတယ်၊ ဒါဟာ သညာသိဒုက္ခမျိုးပါ။

နောက်ဝိညာဏ်သိ ဒုက္ခဆိုတာဘယ်ဟာလဲ၊ ဒီတော့ သမ္မောဟဝိနောဒနီ အဋ္ဌကထာကြီးက ဒုက္ခဒုက္ခ၊ သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခ ဆိုပြီးပြလာတယ်၊ ဒုက္ခဒုက္ခဆိုတာက ခလုတ်တိုက်လိုက်တဲ့အခါမှာ ဒုက္ခဒုက္ခလို့ "တ"လိုက်တဲ့ဒုက္ခကို ခေါ်တယ်၊ ဒါက သညာသိဒုက္ခပါ၊ နောက်သင်္ခါရဒုက္ခဆိုတာက ပြုပြင်ခြင်းမကင်းတဲ့ဟာတွေမှန်ရင် သင်္ခါရဒုက္ခမျိုးပါ၊ (ဝါ) ပြုပြင်တဲ့သဘောတရားမှန်ရင်သင်္ခါရဒုက္ခမျိုးပါ၊ ဒါက ရုပ်တရား၊ နာမ်တရားတို့ရဲ့ ဖြစ်ခြင်း ပျက်ခြင်း မကင်းတဲ့ဒုက္ခမျိုးပါ၊ ဒါဟာ ဝိညာဏ်သိ ဒုက္ခပါ၊ ဒါဟာသညာသိဒုက္ခနဲ့ အဆင့်အတန်း မြင့်ပါတယ်၊ ဒီတော့ ဝိညာဏ်သိဒုက္ခဟာ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကျမှ ဆုံးပါတယ်၊ (ဝါ) ပညာမြင်- ဥဒယဗ္ဗယဉာဏ်ထိအောင် လိုက်ပါတယ်။

ဒီတော့ ဝိညာဏ် သိဒုက္ခကို နှိုက်နိုင်လာရင် ပညာမြင်-ဥဒယဗ္ဗယဉာဏ်ကျမှသုံးပါတယ်၊ နောက်ပညာသိ ဒုက္ခဟာဘယ်ဟာလဲ၊ ဒါကိုပဋိစ္စသမုပ္ပါဒ်ကြီးမှာ ပြုပြင် နှိပ်စက် ပူပန်ဖေါက်ပြန်ဆိုပြီး ပြလာတယ်၊ ဒါကိုပညာသိဒုက္ခလို့ခေါ်တယ်၊ ဒါကိုသမ္မောဟဝိနောဒနီ အဋ္ဌကထာကျမ်းက ဝိပရိဏာမဒုက္ခ, ဖေါက်ပြန်ပျက်စီးတဲ့သဘော၊ ဒါဟာ နောင်တဖန်ပြန်-ဖြစ်တဲ့သဘောကို ဒုက္ခလို့ပြလာတာပါ၊ ဒီတော့ ဒုက္ခဒုက္ခက သညာသိဒုက္ခပါ၊ သင်္ခါရဒုက္ခက ဝိညာဏ်သိဒုက္ခပါ၊ ဝိပရိဏာမဒုက္ခက ပညာမြင်ဒုက္ခပါ၊ ဒီတော့ ဒုက္ခ ၃-ချက်ကိုနားလည်ပြီ။

ထပ်ပြောပြအုံးမယ်၊ ဒီတော့ထိုင်လိုက်တဲ့အခါမှာ ညောင်းညာကိုက်ခဲလာတော့ မညောင်းညာအောင် တခုခုပြောင်းပြီး ထိုင်လိုက်ပြန်တယ်၊ ဒါဟာလဲဝိညာဏ်သိဒုက္ခပါဘဲ၊ ပညာမြင်ဒုက္ခကျတော့ ဒီသဘာဝတွေဟာ ဖေါက်ပြန်ပျက်စီးတဲ့ သဘောပါလို့ယူသွားပြီ၊ ဒီတော့ ပညာသိဒုက္ခကိုမြင်ရင် သညာဝိညာဏ်နယ်ကြီးဟာ တဖြေးဖြေးကျဉ်းလာပြီ၊ ကိုင်းဒုက္ခ ၃-ချက်မှာ အခုပုံစံမှာ ပြထားတာက ပညာမြင်ဒုက္ခမှာ ဥက္ကောင်းချမယ်၊ ဒီတော့ ဝိပရိဏာမဒုက္ခဟာ ဝိပဿနာဉာဏ်တွေက နောက်ဆုံးပြောတဲ့ ဒုက္ခပါဘဲ၊ မဂ်ကျတော့ ဒုက္ခလို့မပြောတော့ပါ။

ပုံစံမှာကြည့်ပါ၊ "အဘိက္ကန္တေ ပဋိက္ကန္တေ" ဒီတော့ခြေထောက်လေးတလှမ်းမှာကို ရှေ့တက်တယ်, နောက်ဆုတ်တယ် ဆိုတာမှာ ပညာနဲ့ဆင်ခြင်ရမယ်၊ ဒါဟာဘယ်လိုဆင်ခြင်မလဲ၊ ဆင်ခြင်ပြပါ၊ ဒီတော့ ငါတက်တာမဟုတ်ဘူး၊ ဓာတ်၄-ပါး, ဓာတ် ၈-ပါးကတက်တာပါ၊ ငါဆုတ်တာမဟုတ်ဘူး၊ ဓာတ် ၄

ပါး၊ ဩဇာ ၈-ပါးတို့ဆုံတာပါလို့ ဆင်ခြင်မလား၊ ဒီလိုဆင်ခြင်ရင် အောက်ကိုပြန်ကျသွားပြီ၊ ဒီတော့ ပညာဖြင့် ဘယ်လိုဆင်ခြင်မလဲ၊ ဒါကိုဘဲမှန်အောင်တွေးကြစမ်းပါ၊ ဒီတော့ရှေ့တက်တယ် နောက်ဆုတ်ဘယ်ဆိုတာမှာ ဘယ်သဘာဝလေးရှိနေသလဲ၊ ဒီတော့ရှေ့တက်တယ် နောက်ဆုတ်တယ် ဆိုတာဟာ သဏ္ဍာန်ဆိုတဲ့အမူအယာလေး ပြောင်းနေတာဘဲ မဟုတ်လား။

ဒီအမူအယာလေးဟာ ဘယ်ကနေထွက်လာတာလဲ၊ ဒီတော့ ရှေ့တက်တယ် နောက်ဆုတ်တယ် ဆိုတာဟာ ပစ္စုပ္ပန်မောဟရိုပ်လေးပါ၊ ဒီမောဟရိုပ်လေးကင်းသွားအောင် ဘယ်လိုလုပ်မလဲ၊ သဘာဝကိုမြင်ရင် မောဟကင်းတာဘဲ၊ ဒီတော့ ရှေ့တက်တယ် နောက်ဆုတ်တယ်ဆိုတာမှာ ဘယ်သဘာဝ ရှိသလဲ၊ ဒီတော့ လက်ဝါးလေးကို ဆုတ်တယ် ဖြန့်တယ်၊ လက်ခြေတို့ကို ကွေးတယ် ဆန့်တယ်၊ ဒီမှာရှိတဲ့သဘာဝဟာ ဘယ်သဘာဝလဲ၊ ဒီသဘာဝတွေကိုမြင်ရင် မောဟတရားကင်းတာဘဲ၊ ဒါကိုတကာကြီးတို့မှတ်မိအောင် အဆိုလေးနဲ့ ချပြမယ်။

ဒီတော့ မနေ့က မာတုမနသိကာရအပိုင်းမှာ သမူဟပညတ်ရုပ်ကြီးကိုအုပ်ချုပ်ထားတဲ့ ဝိညာဏက္ခန္ဓာကြီးဟာ ဇာတ်သိမ်းသွားပြီ၊ ဒီတော့ စိတ္တာနုပဿနာ သတိပဋ္ဌာန်မှာ ဥဒ္ဒေါင်းကျတယ်၊ ဒီတော့ အခုခန္ဓာဟာ ၃-ကောင်ဘဲ ရှိတော့တယ်၊ အခုသမ္ပဇညအပိုင်း လုပ်ငန်းစဉ်မှာ သင်္ခါရက္ခန္ဓာကြီးကို သတ်မယ်၊ ရှေ့ပဋိကူလ မနသိကာရအပိုင်း လုပ်ငန်းစဉ်ကျတော့ သညာက္ခန္ဓာကို သတ်မယ်၊ နောက်ဆုံး ဝေဒနက္ခန္ဓာလေးကနေမှ မဂ်တရားကိုတက်ယူသွားတော့မယ်။

ဒီခန္ဓာလေး၃-ခုကောင်ဟာ နာမ်တရားဖြစ်တဲ့အတွက်ကြောင့် သူတို့ကိုသတ်ချင်တော့ ရုပ်တရားနဲ့ကပ်ပြီးဖမ်းရမယ်၊ ဒီတော့ ခန္ဓာကိုယ်ကြီးမှာရှိတဲ့ အမူအယာတွေကို လိုက်ရှာလိုက်တော့ အဲဒါ ရှေ့တက်တယ့်နောက်ဆုတ်တယ်-ဒါကတချက်၊ တူရူကြည့်တယ်၊ တစောင်းကြည့်တယ်-ဒါကတချက်၊ လက်ခြေတို့ကိုကွေးတယ့်ဆန့်တယ်-ဒါကတချက်၊ ဒီ ၃-ချက်ဟာ ရူပက္ခန္ဓာမှာရှိတဲ့ သဘာဝပါ၊ ဒါကို ရုပ်နဲ့ကပ်ပြီးဖမ်းလာတာပါ၊ ဒီတော့ နာမ်လေးကို ဒီအတိုင်းလိုက်ဖမ်းနေရင်မရပါ၊ ဘာ့ကြောင့်လဲ၊ နာမ်တရားဟာ အင်မတန်မှလျှင်မြန်တဲ့အတွက်ကြောင့်ပါ၊ ဒါ့ကြောင့် သူတို့ကိုဖမ်းချင်ရင်ရုပ်တရားတွေနဲ့ကပ်ပြီးဖမ်းရမယ်၊ ဒါ့ကြောင့် ရုပ်ဘက်ကနေပြီး ၃-ချက်ထုတ်ပြလာတာပါ။

ဒီတော့ ရှေ့တက်တယ့် နောက်ဆုတ်တယ် — ဆိုတာက သညက္ခန္ဓာကို ဖမ်းတဲ့ကဏ္ဍပါ၊ ဒီတော့ ရှေ့တက်ဘယ့်နောက်ဆုတ်တယ်ဆိုဘာမှာ သညက္ခန္ဓာလေးရှိနေလို့ပါ၊ အခုဒီနေရာမှာ သဏ္ဌာန ပညတ်လေး ရှိနေတယ်၊ ဒါဟာ အမူအယာလေးကို သဏ္ဌာနပညတ်လို့ ခေါ်တယ်၊ ဒီသညက္ခန္ဓာလေးကို ထုတ်ယူရမယ်၊ နောက်တခါ တူရူကြည့်တယ့်တစောင်းကြည့်တယ်၊ ဒီမှာ ဝေဒနက္ခန္ဓာလေးကိန်းနေတယ်၊ နောက်လက်ခြေတို့ကို ကွေးတယ့်ဆန့်ဘယ်၊ ဒီမှာကား သင်္ခါရက္ခန္ဓာလေး ကိန်းနေတယ်၊ ဒီခန္ဓာလေးတွေကို ထုတ်ပြီးဘော့သတ်ရတော့မယ်။

သင်နည်းမှတ်ချက်။
ရူပက္ခန္ဓာ၏သမ္ဗဇညနေပုံ။

၁။ ရှေ့သို့တက်သည်ဟုဆိုသော နာမပညတ်၌ နောက်သို့ဆုတ်သည်ဟုဆိုသော သဏ္ဌာနပညတ်ရိပ်သည် အစဉ်ကိန်းလျက်

ရှိ၏၊ ထိုနာမသညာက္ခန္ဓာ အရိပ်ဖြစ်ပေါ်လာခြင်းသည် သညာက္ခန္ဓာ အစဉ်ကိန်းလျက် ရှိသောကြောင့် ဖြစ်ပေါ် လာလေရကား အသမ္မောဟသမ္ပဇဉ်ဖြင့် သညာက္ခန္ဓာကို မြင်အောင်ရှုအပ်၏။

၂။ တည့်တည့်ကြည့်သည်ဟုဆိုသောနာမပညတ်၌တစောင်း ကြည့်သည်ဟူသော သဏ္ဌာနပညတ်ရိပ်သည် အစဉ်ကိန်းလျက် ရှိ၏။ ထိုနာမသဏ္ဌာန်၌ ဝေဒနက္ခန္ဓာသည် အဝဉ်ကိန်းလျက် ရှိလေရကား ဝေဒနက္ခန္ဓာကို အသမ္မောဟ သမ္ပဇဉ်ဖြင့် မြင် အောင်ရှုအပ်၏။

၃။ လက်ခြေတို့ကို ကွေးသည်ဟုဆိုသော နာမပညတ်၌ လက်ခြေတို့ကို ဆန့်သည်ဟုဆိုအပ်သော သဏ္ဌာနပညတ်ရိပ်သည် အစဉ်ကိန်းလျက်ရှိ၏၊ ထိုနာမသဏ္ဌာန်အရိပ်၌ သင်္ခါရက္ခန္ဓာသည် အစဉ်ကိန်းလျက်ရှိလေရကား ထိုသင်္ခါရက္ခန္ဓာကို အသမ္မောဟ သမ္ပဇဉ်ဖြင့် မြင်အောင်ရှုအပ်၏။

ဒါကို အခွဲပေါ်ပြောပြမယ်၊ ဒီတော့ ဘယဉာဏ်, အာဒီနဝ ဉာဏ်, နိဗ္ဗိန္ဒဉာဏ်-ဒီ ဉာဏ် ၃-ဉာဏ်မှာ အာဒီနဝဉာဏ်က အလုပ်သမားဘဲ၊ ဒီနေရာမှာ အာဒီနဝဉာဏ်ကနေပြီး ထိုး ကြည့်ရမယ်၊ ဒီတော့ ရှေ့သို့တက်တယ်, နောက်သို့ဆုတ်တယ်လို့ ဘာ့ကြောင့်ဟောသလဲလို့ အာဒီနဝဉာဏ်ကနေကြည့်ရင် ဘယ် သဘာဝကို မြင်စေလို၍ ပညာဖြင့်ဆင်ခြင်ရမယ်လို့ ဘုရားရှင် ဟောလာတာပါလားဆိုတာကို သိလာဘော့မယ်၊ ဒီနေရာမှာ သတိပဋ္ဌာန်ဝင်ပုံကို ပြောပြမယ်၊ ဒီတော့ ရှေ့တက်တယ်ဆိုတာ သည် နာမပညတ်လေး ပေါ်လာတယ်၊ နောက်တခါ နောက် ပြန်ဆုတ်တော့ သဏ္ဌာနပညတ်ရိပ်လေး ပေါ်လာတယ်။

ဒီတော့ နာမပညတ်နဲ့ သဏ္ဌာနပညတ်ရိပ်ဟာ အမှုအယာလေး ပြောင်းလို့ ပေါ်တာပါ၊ ဒီတော့ အမှုအယာလှုပ်ရှားတဲ့ ဟာလေးဟာ နာမပညတ်ရိပ်နဲ့ သဏ္ဌာနပညတ်ရိပ်ဘဲ ရှိတော့တယ်၊ ဒါကို ပညာအနေနဲ့ ထပ်ပြောပြအုံးမယ်၊ ဒီတော့ ရှေ့တက်တယ်ဆိုတဲ့ နာမပညတ်ရိပ်မှာကို နောက်ဆုတ်တယ်ဆိုတဲ့ သဏ္ဌာနပညတ်ရိပ်က ကိန်းပြီးပါလာတယ်၊ အဲဒါ တစင်ထောင်ပြီး မပါတော့ပါ၊ ဘာ့ကြောင့်လဲ၊ ဓာတုမနသိကာရအပိုင်းက သန္တတိပညတ်နဲ့ သမူဟပညတ်ကို သတ်ခဲ့ပြီ၊ ဒီပညတ်ရိပ်တို့က ပရမတ်သဘောတွေ ရှိနေတယ်၊ နာမပညတ်ရိပ်နဲ့ သဏ္ဌာနပညတ်ရိပ်တို့ကျတော့ ပရမတ်သဘောမရှိတဲ့ပညတ်တွေဖြစ်ခြင်းကြောင့် သူတို့မှာ တစင်ထောင်ပြီး မပေါ်နိုင်တော့ပါ။

ဒီတော့ ရှေ့သို့တက်တယ်ဆိုတဲ့ နာမပညတ်လေးမှာ နောက်သို့ဆုတ်တယ်ဆိုတဲ့ သဏ္ဌာန ပညတ်လေးက ကိန်းပြီးပါလာတယ်၊ ဘာ့ကြောင့် ပါလာရသလဲ၊ အဲဒါ သညာကွန္ဒာလေးရှိနေလို့ ကိန်းပြီးပါလာတာပါ၊ ဒီတော့ ရှေ့တက်တယ်၊ နောက်ဆုတ်တယ်ဆိုတဲ့ဟာကို ဘုရားရှင်က ဖျက်ပစ်လိုက်ပါလားလို့ ပြလာတာပါ၊ ဒီလို ဖျက်လိုက်တော့မှ သညာကွန္ဒာလေးဟာ ငုတ်တုတ်လေး ပေါ်လာတော့မယ်၊ ဒီ သညာကွန္ဒာလေးကို မိအောင်ဖမ်းရမယ်၊ ဒီတော့ နာမပညတ်နဲ့ သဏ္ဌာနပညတ်တို့ မျက်တောင်မခတ်အောင် မောင်းထုတ်ရမယ်၊ ဘယ်လိုမောင်းထုတ်ရမလဲ၊ ဒီတော့ အာဒိနဝဥာဏ်မှာ " ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနံ " လို့ ပြလာတယ်။

ဒီတော့ ဖြစ်ပေါ်သမျှ သင်္ခါရတရားကြီးဘဲ၊ ဘာဘဲဖြစ်ပေါ်လာ ဖြစ်ပေါ်လာ ကုသိုလ်ဘဲလုပ်လုပ်၊ အကုသိုလ်ဘဲလုပ်

လုပ်-ဖြစ်ပေါ်လာသမျှ သင်္ခါရကြီးဘဲ၊ ဘာဘဲဖြစ်ဖြစ်, ဖြစ်ချင် ရာဖြစ်၊ ဖြစ်ပေါ်လာသမျှ သင်္ခါရတရားကြီးဘဲ ဒီဉာဏ်မှာ ပညာစခမ်းကို မြင်ရမယ်၊ ဒီတော့ ဒိဋ္ဌိနဲ့ ပေါက်ဖွားတဲ့သဘာဝ တွေမှန်ရင် ဒီနေရာမှာ ပယ်ရတော့မယ်၊ မဖြစ်ပေါ်မှ နိဗ္ဗာန်လို့ ပြလာတယ်၊ တခါထဲနယ်ခမြန်နှင်းခဲ့လာပြီ၊ မဂ်သဘာဝဟာ ဘယ် လောက်ကပ်နေပြီလဲ၊ ဒီတော့ ဆုပ်တယ်ဆိုတာရှိတော့ ဖြန့်တယ် ဆိုတာဟာ ရှိနေပြီ၊ ဒီအရိပ်လေးနေပုံကို ဘုရားရှင်က ပြလာ တယ်၊ ဒီတော့ ဆုပ်တယ်,ဖြန့်တယ် ဒါဟာ သင်္ခါရဘဲမဟုတ်လား၊ ဒီသင်္ခါရကို ဘယ်သူကပြုပြင်နေသလဲ၊ အဲဒါ သညာက္ခန္ဓာလေး ရှိနေလို့ ပြုပြင်နေတာပါ၊ ဒီသညာက္ခန္ဓာကိုဖမ်းဘို့ရာ ယန္တရားကြီး ခံနေသေးတယ်။

ဒီတော့ ဒီဆုပ်တယ်,ဖြန့်တယ်ဆိုတာကိုဘဲ အရင်ရိုက်ချိုးပါ အုံး၊ ဒီတော့ "ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနံ" လို့ ပြလာတဲ့အတိုင်း ဆုပ်တယ်ဆိုတဲ့အထဲမှာ ဖြန့်တာလေး ကိန်း မပါလာအောင် အဲဒါ အနတ္တအနေနဲ့ မြင်အောင်ရှုရမယ်၊ ဒီတော့ အနတ္တနဲ့တကယ်မြင်ရင် ဖြန့်တယ်ဆိုတဲ့ဟာ ကိန်းမပါ လာတော့ဘဲ ဒုက္ခမှာ ဥက္ကောင်းကျသွားမယ်၊ ဒီတော့ ဆုပ်တယ် ဆိုတာကို အနတ္တလို့မမြင်လို့ အဲဒါ အနတ္တအနေနဲ့ ဆုပ်တယ် ဆိုတဲ့ဝိညာဏ်ရိပ်ရှိနေတာပါ၊ ဒီတော့ ဆုပ်ဘာကို တကဲ့အနတ္တ နဲ့လဲ မြင်အောင်ကြည့်လိုက်ရော ဆုပ်တယ်ဆိုတဲ့အထဲမှာ ဖြန့် တယ်ဆိုတာလေးဟာ မပါတော့ဘဲ ဒုက္ခထဲကျပြီး ပြန်မဖြန့်နိုင် တော့တာကို "အနုပ္ပါဒေါ နိဗ္ဗာနံ" လို့ ပြလာတာပါ၊ ဒီတော့ ဘာပြန်ပြန်ပြီး မလုပ်နိုင်ခြင်းဟာ နိဗ္ဗာန်လို့ ဆရာတော် ပြောခဲ့ ပြီဘဲ မဟုတ်လား၊ ဒါက ရူပက္ခန္ဓာမှာ ဆင်ခြင်ပုံပါ၊ နက်ဖြန် ကျမှ နာမက္ခန္ဓာ ၄-ပါးမှာ ဆင်ခြင်ပုံကို ဟောပြမယ်။

# ညဟောစဉ်။

ဒီတော့ ချက်တိုင်မှာရှိတဲ့ မီးခွက်ဟာ ဒီဂရီ ၂၅၀-အား ရှိတယ်၊ ဥဿမမီးခွက်အားကျတော့ ၄၀၀-၄၅၀-အားရှိတယ်၊ သန္တပ္ပနမီးခွက်ကျတော့ ဒီဂရီ ၇၅၀-အားရှိတယ်၊ ဒီ သန္တပ္ပန မီးခွက်ကနေပြီး ၅-ပါးသော အကြည်ခွက်တို့ကို အားပေး နေရတယ်၊ ဒီအကြည်ခွက် ၅-ပါးမှာလဲ မျက်စေ့အားက ဒီဂရီ ၅၀၀-ရှိတယ်၊ နားက ဒီဂရီ ၃၅၀-အားရှိတယ်၊ ကာယ ပသာဒကျတော့ ၁၅၀-ဒီဂရီအားရှိတယ်၊ လျှာကလဲ ၃၅၀-အားရှိတယ်၊ နှာခေါင်းကလဲ ၃၅၀-ဒီဂရီအားရှိတယ်၊ဒီလောက် သာ ရှိပါတယ်၊ အရိယာပုဂ္ဂိုလ်တွေကျတော့ သန္တပ္ပနမီးခွက် ဟာ ဒီဂရီအား ၁၀၀၀-ရှိတယ်၊ ဒီမီးခွက် ဒီဂရီတွေကို အရင်းခံထားပြီး အခု အာနာပါနတရားကြီးကို ဖွင့်လာတာပါ။

ဒီတော့ မီးကိုကြည့်လို့ မီးကိုမြင်သွားရင် (၀၁) ဖွင့်ကြည့် သလို မှိတ်ပြီးကြည့်သော်လဲ မြင်လာရင် ပဌမတံခါးရဲ့လုပ်ငန်း စဉ်ဟာ ပြီးပါပြီ၊ ဒီလိုမြင်လာရင် အဲဒါ ရုပ်သဏ္ဍာန်လေးအနေ နဲ့ မီးရောင်လေးဟာ အမျိုးမျိုးပေါ်လာနေတာတယ်၊ ဒီလိုလဲ မြင်လာနေရာ ဒီမီးလေးကို ထွက်နေလေ့ဝင်လေကနေပြီး ဦးနှောက် အိမ်ထဲသွင်းရမယ်၊ ဒီတော့ ရုပ်ရုံဆိုတာ " အဆင်း၊ အလင်း၊ အရောင် " ဒီ ၃-ပါးရတယ်၊ ဒီမီးခွက်လေးမှာ ဥဒ္ဒပါဒ် ၅-ချက် နဲ့လဲ ချလိုက်ရော ဓမ္မစကြာမီးခွက်အားလေးဖြစ်သွားပြီး

ဒီမီးခွက်လေးဟာ ရုပ်ခွက်၊ မျက်စေ့အကြည်ကလဲ ရုပ် ခွက်၊ ဒီ ၂-ပါးဆုံလိုက်တော့ ဒီထဲမှာ သညာအမှတ်လေးက

မီးခွက်လေးကို ဝင်ဆွဲလာတယ်၊ ဒီတော့ ဥဒပါဒီ ၅-ချက်ကလဲ ဝင်ဆွဲလာတယ်၊ ဒီတော့မှ မျက်စေ့အကြည်မှာ ဘုံဆိပ်လေးဟာ ခတ်လာတယ်၊ ဒီတော့မှ မျက်စေ့အကြည်မှာ မီးခွက်လေးဟာ ထင်လာတော့တယ်၊ ဒါဟာ နာမ်သဏ္ဌာန်လေးပါ၊ ဒါဟာ(ဥပမာ)ကြေးမုံပြင်ထဲမှာမိမိရဲ့အသွင်ရိပ်လေးထင်နေတဲ့ သဘောမျိုးပါ၊ ဒီ နာမ်သဏ္ဌာန်လေး အကြည်ရိပ်ထဲမှာ ထင်နေရင် မျက်စေ့အကြည်မှာ ကွန့်မြူးနေပြီ။

ဒီကနေ လေကြောင်းနိမိတ်ထဲ သွင်းတဲ့အခါမှာ ဖြုန်းကနဲ သွင်းလို့မရပါ၊ ဘာ့ကြောင့်လဲ၊ ဒီထဲမှာ ဥဒပါဒီ ၅-ချက်ဟာ ရှိနေတယ်၊ ဒီဘော့ ထွက်လေ့ဝင်လေခေါ်တဲ့ လေကြောင်း နိမိတ်လေးထဲကိုလဲ သွင်းလိုက်ရော ဒီမီးခွက်လေးဟာပါသွားပြီ၊ ဒီထဲမှာ ဥဒပါဒီ ၅-ချက်လဲပါသွားပြီ၊ဒီတော့ ဒီဥဒပါဒီ ၅-ချက် ပါသွားတဲ့အတွက်ကြောင့် သန္တပ္ပနမီးခွက်က ဖမ်းရတော့မယ်၊ ဒီတော့ သန္တပ္ပနမီးခွက်ဟာတောင်တောင်လေး ဖမ်းရခက်ပါတယ်၊ အဲဒါ ကြက်သီးမွေးညှင်းတွေထလာလိမ့်မယ်၊ ထိတ်လန့်သလိုလို ဖြစ်လာလိမ့်မယ်၊ အဲဒါ အောင်ခါနီးနေပြီ၊ ဒီအခါမှာ ဆရာသမားတွေရဲ့ မေတ္တာခွက်ကို အာရုံပြုပြီးခံယူရပါတယ်၊ ဒီလို ခံယူလာမှ ဒီကနေကျေးဇူးပြုပြီး ဒုတိယတံခါးမှာ သဏ္ဌာန် အရိပ်နိမိတ်လက္ခဏာတွေပေါ်လာမယ်။

ဒီလိုပေါ်လာတော့မှ သန္တပ္ပနမီးခွက်ကနေ မီးရောင်ဟာ မီးရှူးတန်ဆောင်ကြီးပမာ ထွက်လာတော့မယ်၊ အထက်တန်းပါရမီရှိကြတဲ့ပုဂ္ဂိုလ်တွေကျတော့ ကြယ်တန်ခွန်ကြီးလို့သက်တန့်ရောင်ကြီးလို ပေါက်လာတယ်၊ ဒီလိုပေါက်လာရင် တန်ဘိုး

ရှိလာပြီ၊ ဒီကနေ ရုပ်နာမ်ကူးဆိုတော့ ပဌမတံခါးက နာမရူပ ပရိစ္ဆေဒဉာဏ် ရုပ်နာမ်, ဒုတိယတံခါးက ပစ္စယပရိဂ္ဂဟဉာဏ်ရဲ့ ရုပ်နာမ်ကို ကူးရမယ် ဆိုတာ သိနေကြပြီဘဲမဟုတ်လား၊ ဒီကနေ ရုပ်နာမ်မကူးသေးဘဲနဲ့ တတိယတံခါးနဲ့ စတုတ္ထတံခါးကျမှ ကူးမယ်ဆိုရင်လဲရပါတယ်၊ ဒါက မခဲယဉ်းပါ၊ မီးခတ်ပေါက် ဖို့ရာသာ အရေးကြီးပါတယ်၊ ဒါ့ကြောင့် သာသနာ့ခေတ်ကြီး တွေ့ကနေပြီး ထုတ်ပြလာတဲ့ အာနာပါနတရားကြီးကို ကြိုးစား ပြီး အားထုတ်ကြပါဆိုတာ အသူးတိုက်တွန်းလိုက်ပါတယ်။

ကိုင်း....သာဓု ခေါ်ကြပါတော့

**သာဓု....သာဓု....သာဓု**

သီတင်းကျွတ်လဆန်း ( ၇ ) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၃၁)

အသမ္မောဟ သမ္ပဇဉ် အပိုင်းဟာ အလွန်သိမ်မွေ့ပါတယ်၊ ဝိညာဏက္ခန္ဓာကြီးဟာ ပြုတ်ကျသွားပြီ၊ ဒီတော့ တစင်ထောင်ပြီး မပေါ်နိုင်ပါ၊ ခန္ဓာလေး ၃-ကောင် ပေါင်းနေတဲ့နေရာမှာ ဝိညာဏက္ခန္ဓာကြီးဟာ မကင်းဘဲအနေနဲ့ ပါနေသေးတယ်၊ ဒီတော့ စေတသိက်တွေပေါင်းစုလာမှ စိတ်ဟာ ဖြစ်လာရတယ်၊ စေတသိက်တို့က ပုရမတ်နယ်မှာရှိတဲ့သဘာဝတရားတွေပါ၊ စိတ်က ပညတ်နယ်မှာ ပေါ်နေတဲ့တရားပါ၊ ဒီတော့ အာဒိနဝဉာဏ်ထဲဝင်အောင် နှိုက်ပြအုံးမယ်၊ ဒီတော့ ဒုက္ခာနုပဿနာကိုစာဆင်ခြင်ပြစမ်းပါအုံး၊ အပြောသာလွယ်တယ် အလုပ်ကျတော့ခက်ပါတယ်။

"အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ" လို့ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူလာပါတယ်၊ ဒီက လေလေးကို ယူပြီးတော့ ထမင်းတလုပ်မှာကို ၄၉-ချက် ရအောင်မှတ်ရမယ်ဆိုပြီး မှတ်ခိုင်းလာတယ်၊ ဒီလိုပြလာတဲ့ဟာတွေဟာလဲ နောက်ဆုံးမှာ သမထ ဘရားထဲကျပါတယ်၊ ဒီတော့ ရူပက္ခန္ဓာဆိုတာ အမူအယာလေးဘဲ (ဝါ) ဆုပ်တယ်, ဖြန့်တယ်ဆိုတဲ့ သဏ္ဍာနပညတ်မျှသာ ရှိတော့တယ်၊ ဒါဟာ ပစ္စုပ္ပန်အရိပ်လေးပါ၊ ပစ္စုပ္ပန်ဟာ အဒ္ဓါနပစ္စုပ္ပန်, ခဏပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်ဆိုပြီး ၃-မျိုးရှိတယ်။

အဒ္ဓါနပစ္စုပ္ပန်ဆိုတာက အရှည်ရှည်တဲ့ကာလကို ခေါ်တယ်။ ဥပမာ....အမိဝမ်းကစပြီး ဖွားမြင်လာတဲ့ အခါမှာ ပဋိသန္ဓေ

စိတ်ကနေ စုတိစိတ်မဖြစ်မီအတွင်းကို ခေါ်တယ်။ "တနည်း" ခန္ဓဥတုသည် မိုးဥတုသို့ မပါမူ၍ ခန္ဓဥတု၌သာ ကုန်ဆုံး ချုပ်ပျောက်လေသောကြောင့် အနိစ္စ ဒါကိုလဲ အဒ္ဓါနပစ္စုပ္ပန်လို့ခေါ်တယ်၊ ဒီ အဒ္ဓါနပစ္စုပ္ပန်ကို ဖြတ်လိုက်တော့မှ ရုပ်က ထွက်လာတဲ့ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတွေ ထွက်လာတယ်၊ နောက် ခန္ဓာကလဲ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတွေထွက်လာတယ်၊ နောက် ပဋိစ္စသမုပ္ပါဒ်ကလဲ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတွေ ထွက်လာတယ်၊ မဂ်ကပယ်တဲ့ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိကျတော့ အတ္တဒိဋ္ဌိနဲ့ ယှဉ်တွဲပြီးဖြစ်လာတဲ့ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိကို ပယ်တာပါ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဟာ အင်မတန်မှ ကျယ်ဝန်းပါတယ်။

နောက် သန္တတိ ပစ္စုပ္ပန်ဆိုတာက တအာရုံနဲ့တအာရုံ ဆက်နေတာကို ခေါ်တယ်၊ ခဏပစ္စုပ္ပန်ဆိုတာက စက္ခုနဲ့ရူပါရုံ ဆုံလိုက်တဲ့အခါမှာ ပေါ်တဲ့သဘာဝလေးကိုခေါ်တယ်၊ ဒါဟာ သမ္မောဟဝိနောဒနီအဋ္ဌကထာကြီးက ပြလာတာပါ၊လုပ်ငန်းစဉ် အနေနဲ့ကျတော့ ပိုပြီးကျယ်ဝန်းလာပါတယ်၊ ဒါ့ကြောင့် ပိဋကတ်တော်က ၆၂-ပါးသော ဒိဋ္ဌိဆိုပြီး ပြထားပါတယ်။

ယခု တကာကြီးရနေတဲ့ ခန္ဓာကောင်ကြီးဟာ ဘာပစ္စုပ္ပန်လဲ အကျိုးပစ္စုပ္ပန်လို့ ခေါ်တယ်၊ ဒီ လူကောင် အကျိုးပစ္စုပ္ပန်ကို အမှီပြုပြီးတော့မှ အဒ္ဓါနပစ္စုပ္ပန်၊ သန္တတိပစ္စုပ္ပန်၊ ခဏပစ္စုပ္ပန်တို့ ဖြစ်ပေါ်လာရတာပါ၊ ဒီပစ္စုပ္ပန် ၃-မျိုးဟာ ဥဒယဗ္ဗယဉာဏ်မှာ လုပ်ငန်းစဉ်ပြီးခဲ့ပါပြီ၊ ဒီအကျိုးပစ္စုပ္ပန်က ပေါ်လာတဲ့ အမူအယာလေးတွေကို သဏ္ဌာနပညတ်လို့ ယခုပြောနေတာပါ၊ အမူအယာလေးတွေပြောင်းနေတာကို ရှုရမယ်။

ဒီအကျိုးပစ္စုပ္ပန်ကြီးမှာပေါ်နေတဲ့ အမူအယာလေးတွေက ရုပ်ခမ္မ၊ နာမ်ဓမ္မလေးတွေကို ဖုံးကွယ်ထားတယ်၊ ဒီလိုဖုံးကွယ်ထားတဲ့မောဟကို မောင်းထုတ်ရမယ်၊ ဥဒယဗ္ဗယဉာဏ်ရဲ့ ဒီဘက်မှာ အကျိုးပစ္စုပ္ပန်သာရှိတော့တယ်၊ ဒီအကျိုးပစ္စုပ္ပန်က အမူအယာဆိုတဲ့ သဏ္ဌာနပညတ်လေးထွက်နေတယ်၊ ဒါဟာသညာက္ခန္ဓာလေးရှိလို့ ထွက်နေတာပါ၊ ဒါဖြင့် ဒီနေရာမှာ ဝေဒနာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတွေထားလို့ မရဘူးလား၊ ဒီလိုကိုနှိုက်လာရမယ်။

ဒီတော့ 'အဘိက္ကန္တေ ပဋိက္ကန္တေ"ကသညာက္ခန္ဓာ၊ "အာလောကိတေ ဝိလောကိတေ" ကဝေဒနာက္ခန္ဓာ၊ "သမိဉ္ဇိတေ ပသာရိတေ"က သင်္ခါရက္ခန္ဓာ၊ ဒါကိုလက်ထဲထည့်ပြအုံးမယ်။ ဥပမာ ဒီလက်ဝါးလေးဖြန့်ထားတဲ့ သဘောဟာ ဝေဒနာရဲ့သဘောလေးပါ၊ပေါ်ထွက်နေတာမှန်သမျှ ဝေဒနာဘဲလို့ ပညာနယ်က ပြောပါတယ်၊ ဝေဒနာဆိုတာအကြည်ဓာတ်ပါ၊ ဒါဟာ နိဗ္ဗာနဓာတ်က ထွက်လာတဲ့အကြည်ဓာတ်ပါ၊ သညာဝိညာဏ်သမားတွေကသာ ခံစားလို့ရမှ ဝေဒနာလို့ ပြောနေတယ်၊ ပညာနယ်ကဆိုရင် ပေါ်နေသမျှဝေဒနာဘဲ၊ ဒီတော့နိဗ္ဗာနဓာတ်ရဲ့ လျှပ်စစ်ဓာတ်ကနေ အကြည်ဓာတ်တွေဖြစ်လာတယ်၊ဒီအကြည်ဓာတ်တွေကနေမှ ဝေဒနာဖြစ်လာတာပါ၊ ဒီလောက်ဘဲကိုင်လို့ရပါတယ်။

ဒီတော့ ဝေဒနာဟာ အကြည်ဓာတ်က ပေါ်လာတာပါ၊ အကြည်ဓာတ်ဟာ လျှပ်စစ်ဓာတ်ကပေါ်လာတာပါ၊ လျှပ်စစ်ဓာတ်ဟာ နိဗ္ဗာနဓာတ်ကပေါ်လာတာပါ၊ နိဗ္ဗာနဓာတ်ကြီးဟာ ဘယ်ကထွက်လာသလဲ၊ ဒီထိအောင်ကို လိုက်နှိုက်ရမှာဘဲမဟုတ်

လား၊ ဒီသဘာဝတွေကို နားလည်လာမှ ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ်တရားတော်တွေရဲ့ဂုဏ်ကို ထိုးနိုင်လာမယ်။

ကိုင်း....ခန္ဓာအနေနဲ့ ခွဲပြီးရှုလာတော့ ပေါ်နေတာဟာ ဝေဒနာက္ခန္ဓာလေးပါ၊ ဆုပ်လိုက်တော့ သညာက္ခန္ဓာ၊ဖြန့်လိုက်တော့ သင်္ခါရက္ခန္ဓာ၊ ဒီသညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာ မျက်တောင်ခတ်တော့ သဏ္ဍာန်ပညတ်ရိပ်လေးပေါ်လာတယ်၊ မျက်တောင်ခတ်တာဟာပညတ်သဘောကျတော့ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာ ၂-ပါးမျက်တောင်ခတ်တာပါ၊ ပရမတ်သဘောကျတော့ ဝေဒနာက္ခန္ဓာက မျက်တောင်ခတ်ပါတယ်၊ ဒါကို ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ် တရားသင်တန်းတွေကို တက်လာမှ နားလည်လာမယ်။

ဒီတော့ ဆုပ်တယ်ဆိုတဲ့ သညာက္ခန္ဓာအထဲမှာကို ဖြန့်တယ်ဆိုတဲ့ သင်္ခါရက္ခန္ဓာလေးဟာ ကိန်းပါနေတယ်၊ နောင် ပြန်ဖြန့်လိုက်တော့မှ သင်္ခါရက္ခန္ဓာဆိုပြီး ပေါ်လာတယ်၊ဒီအသမ္မေ့ာဟသမ္ပဇဉ်အပိုင်းဟာလဲ သမထရော ဝိပဿနာပါ ၂-လမ်းလုံးဝင်လို့ရတယ်၊ ဝင်ပုံကိုပြောပြမယ်၊ ဒီတော့ ပေါ်နေတာက ဝေဒနက္ခန္ဓာပါ၊ ဆုပ်တာက သညာက္ခန္ဓာ၊ ဖြန့်တာက သင်္ခါရက္ခန္ဓာ၊ ဒီ ၂-ခုမှာ ရုပ်နာမ်ခွဲစမ်းပါ၊ ဒီခေတ်တွင်းဘာဘာကြီးရနေတဲ့ ခန္ဓာကောင်ကြီးကို အကျိုးပစ္စုပ္ပန်လို့ မြင်အောင်ရှုသွားပါ၊ ဒီတော့ ရုပ်နာမ်ခွဲ၊ ပညတ်နဲ့ ပရမတ် ခွဲနိုင်သာမှရမယ်။

ဒီတော့ ဆုပ်တယ်ဆိုတဲ့ သညာက္ခန္ဓာက ပညတ်သဘောရုပ်၊ တခါ ပြန်ဖြန့်တယ်ဆိုတာက ပရမတ်သဘောနာမ်၊ ဒါက သင်္ခါ

ရက္ခန္ဓာ ဒီလိုကို သမထယာနိကလမ်းဘက်က ရှုလာရပါတယ်၊ ဒါက ရူပက္ခန္ဓာကနေ သမ္ဗုဇ္ဈဉာဝင်ပုံပါ၊ ဒါကို မနေ့ကဟောခဲ့ပြီ။

ယခု နာမ်ခန္ဓာလေးဘွဲ့ကနေ သမ္ဗုဇ္ဈဉာဝင်ပုံကို ပြောပြအုံးမယ်၊ ဒီတော့ မသိတဲ့အခွဲတွေ့ကသာ လူကောင်ကြီး ထိုင်နေတယ်လို့ ပြောတာပါ၊ တရားအားထုတ်လာတဲ့လူတွေကျတော့ လူကောင်ကြီးလို့ မပြောတော့ပါ၊ အကျိုးပစ္စုပ္ပန်လို့သာ ယူသွားတော့မယ်၊ ၃၁-ဘုံကြီးမှာ ဒီအတိုင်းဘဲမြင်နေရမယ်။

ဝေဒနာဆိုတာ ပစ္စုပ္ပန်အရိပ်ပါ၊ ဒါကို ခန္ဓာကိုယ်ကြီးမှာ မူထားပြီး "အတိက္ကန္တေ ပဋိက္ကန္တေ"လို့ လုပ်ငန်းစဉ်ပေးလာတာပါ၊ အခု ဒီကလွှားရောက်သာရင် ဘယ်အဆင့်အတန်းမှာ ရှိရမလဲဆိုတော့ ဒီခန္ဓာကိုယ်ကြီးမှာ အကြည်ဓာတ်တွေဆိတ်ပြီး ဝေဒနာအနေနဲ့ ပေါ်နေရမယ်၊ ဒီကနေမှ သမ္ဗုဇ္ဈဉာအပိုင်းကို ဖွင့်နေ့ရတာပါ၊ ဒါမှ ဝိပဿနာယာနိကလမ်းကနေ ဒုက္ခာနုပဿနာကို ရှုလို့ရမယ်။

သညာဝိညာဏ်မှမကင်းရင် ဘယ်ဒုက္ခကိုတွေ့မလဲ၊ သညာဝိညာဏ်ဒုက္ခသာတွေ့မယ်၊ ဒီတော့ ဘုရားရှင်က သညာဝိညာဏ်ဖြင့်ရှုဘို့ ဟောထားတာမဟုတ်ပါ၊ ပညာဖြင့်ရှုဘို့ ဟောထားတာပါ၊ ဒါ့ကြောင့် အာနာပါနဘက်က အကြည်ဓာတ်လဲဆိုက်ဘူးရမယ်၊ ဝေဒနာလဲ ပေါ်ဘူးရမယ်၊ သညာဝိညာဏ်လဲ ချုပ်ဘူးရမယ်၊ ဒါကို အတ္တသုညတ သုဉ်းဆိတ်တယ်လို့ ခေါ်တယ်၊ ဒီလိုဖြစ်ဘူးလာမှ ဒီသဘာဝလေးတွေကို ရှုလို့ရမယ်။

ဒီတော့ လက်ဝါးလေးဖြန့်ထားတာက (ဝါ) ပေါ်နေတာက အကျိုးပစ္စုပ္ပန်ပါ၊ ယခုခန္ဓာကိုယ်ကြီးထိုင်နေတာလဲ အကျိုး

ပစ္စုပ္ပန်လို့ခေါ်တယ်၊ ရှေ့တက်တယ်, နောက်ဆုတ်တယ်ဆိုတာမှာ သညာက္ခန္ဓာလေးရှိနေတယ်၊ ယခု ဝိညာဏက္ခန္ဓာကြီးဟာ သုဉ်းဆိတ်သွားပြီ၊ အဲဒါ မပြုပြင်တဲ့အနေနဲ့ (ဝါ)မပြင်ဆင်တဲ့ အနေနဲ့ (ဝါ)မလုပ်ကြံနိုင်တဲ့အနေနဲ့သာ ရှိတော့တယ်၊ ယခု ခန္ဓာလေး ၃-ကောင်ဘဲ ရှိတော့တယ်။

ဒီတော့ ရှေ့တက်တယ်, နောက်ဆုတ်တယ်ဆိုတာက သဏ္ဍာနပညတ်ရိပ်တချက်၊ တူရှုကြည့်တယ် တစောင်းကြည့်တယ်ဆိုတာက သဏ္ဍာနပညတ်ရိပ်တချက်၊ နောက်လက်ခြေတို့ကိုကွေးတယ်, လက်ခြေတို့ကို ဆန့်တယ်ဆိုတာက သဏ္ဍာနပညတ်ရိပ် တချက်၊ ဒီသဏ္ဍာနပညတ်ရိပ် ၃-ချက်မှာ ရှေ့တက်တယ်, နောက်ဆုတ်တယ်ဆိုတာက ခန္ဓာကိုယ်ကြီးတခုလုံးမှာဖြစ်လို့ ပဌမဆုံးထင်ရှားပါတယ်၊ တူရှုကြည့်တယ်, တစောင်းကြည့်တယ်ဆိုတာက ခန္ဓာရဲ့ အပေါ်ပိုင်းမှာသာဖြစ်လို့ ဒုတိယထင်ရှားတယ် နောက်လက်ခြေတို့ကိုကွေးတယ်, ဆန့်တယ် ဆိုတာက ကိုယ်အင်္ဂါ အစိတ်အပိုင်းမှာဖြစ်လို့ တတိယထင်ရှားပါတယ်။

ယခုဝိညာဏက္ခန္ဓာကြီးလဲသေသွားရောဒီခန္ဓာလေး ၃-ကောင်ဟာဘယ်သူကပြင်ဆင်ဦးသလဲ၊ သညာကပဌမပြင်ဆင်ဘယ် နောက်စေတနာ, ဒီ ၂-ချက်ရမှ သင်္ခါရကလုပ်လို့ရပါတယ်၊ သင်္ခါရဟာဝိညာဏ်ကြီးရဲ့ အတွင်းရေးမှူးဖြစ်သော်လဲ ဝိညာဏ်ကြီး မရှိတော့လို့သူဟာ အလကားကောင်ကြီး ဖြစ်သွားပြီ၊ ဒီတော့ သညာကစပြီးလုပ်ရတယ်၊ဒါ့ကြောင့် အမူအယာသဘာဝတွေကို ကြည့်ပြီးတော့ ခန္ဓာလေးတွေတပ်လာတာပါ။

အပြင်စက်ဝိုင်းကိုသွားကြဦးစို့၊ ရူပက္ခန္ဓာမှာပြတဲ့ ၃-ချက်ပြီးသွားပြီ၊ ဒါကအစဉ်အတိုင်းတက်လာတဲ့ ပုဂ္ဂိုလ်များအတွက်

(ဝါ) ဝိပဿနာယာနိကလမ်းပုဂ္ဂိုလ်များအတွက်ပါ၊ ဒီသမ္မာဒိဋ္ဌိ အပိုင်းဟာ အာနာပါန ဘယ်တံခါးက ထွက်သလဲဆိုတော့ တတိယတံခါး နှလုံးအိမ် ရင်ချိုင့်ကနေပြီး ဆင်ခြင်တဲ့ အပိုင်းပါ၊ ဒါ့ကြောင့်ဘုရားရှင်က "ပုနစပရံ" ပုဒ်တွေကို ထုတ်ပြီးဟော ကြားတော်မူသွားတာပါ။

ယခုပြလိုက်တဲ့ခန္ဓာတွေကို သတ်ဆေးထုတ်ရအုံးမယ်၊ သတ်လိုက်တော့မှ အကျိုးတရားအနေနဲ့ အာဒီနဝဉာဏ်ကြီးကိုဝင်မယ်၊ ဒီတော့ ဒုက္ခာနုပဿနာဉာဏ်ကို ဘယ်လိုဆင်ခြင်မလဲဆိုတာကို ထုတ်ရတော့မယ်၊ အဲဒါ ဒုက္ခဝေဒနာလေးတခုကိုသညာဝိညာဏ်ရိမ်လွှတ်အောင် ဆင်ခြင်ပြစမ်းပါ၊ ဘယ်လိုဆင်ခြင်မလဲ၊ မလွယ်ကူပါ၊ သညာဝိညာဏ်ကနေ ဆင်ခြင်တဲ့ ဒုက္ခဝေဒနာက လွယ်ပါတယ်။

ဒီဒုက္ခဝေဒနာကို သညာဝိညာဏ်နဲ့ ဆင်ခြင်ရင် ၂၉-ပါးသောကံတရားတွေထွက်လာတဲ့အတွက်ကြောင့် ဘုရားရှင်ကမဖွင့်ပြပါ၊ သညာဝိညာဏ်လွှတ်ပြီးတော့ ပညာဖြင့် ဒုက္ခဝေဒနာကိုဆင်ခြင်ပြစမ်းပါ၊ ဒီတော့ ဘုရားရှင်က ဒုက္ခာနုပဿနာ ဒုက္ခဝေဒနာကို ပွါးများပါလို့ ဟောကြားလာပါတယ်၊ ဒါကိုနက်ဖြန်အချိန်ရရင်ပြောပြမယ်။

ယခုလုပ်ငန်းစဉ်အားဖြင့်ဆိုရင် တတိယတံခါးကနေ တက်တယ်၊ ဉာဏ်အားဖြင့် ဆိုရင် ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်ကို တက်ပါတယ်၊ ယခုပြလိုက်တာက ဝိပဿနာယာနိကလမ်းအတွက် ပညာမြင်ဥဒယဗ္ဗယကနေ အနုပဿနာဉာဏ်ကို ထိုးတက်လာတာကို ယူလိုက်ပါ။

နောက်စျာနလာဘီပုဂ္ဂိုလ်တွေကျတော့ကော (ဝါ) သမထယာနိက လမ်းသမားတွေကျတော့ကော အစနေ့ပါနတတိယ တံခါးကနေ ဘယ်လိုတက်မလဲ၊ (ဝါ) သမ္မာဉာဏ်အပိုင်းကြီးကို ဘယ်လိုကိုင်မလဲ၊ အဲဒါ နာမ်ခန္ဓာလေးတွေကို ကိုင်ရပါတယ်၊ အဲဒါနာမ်ခန္ဓာ ၄ ကောင်ကိုထုတ်လာတယ်၊ ဝိညာဏက္ခန္ဓာကြီးဟာ မပြဋ္ဌာန်းတော့ပါ၊ နောက်ကသာ လိုက်နေရတော့တယ်။

ရှင်းပြမယ်၊ သမ္မာဉာဏ်အပိုင်းကို တက်တဲ့ပုဂ္ဂိုလ်မှာ ဝိပဿနာယာနိကလမ်းကနေ တက်ရင် ရူပက္ခန္ဓာကနေ နာမ်ခန္ဓာလေး ၃-ကောင်ကို ကိုင်တက်ရတယ်၊ ဥဒယဗ္ဗယဉာဏ်ကို မပိုင်သေးဘဲ စျာန်သမာပတ်ရနေတဲ့ သမထယာနိကလမ်းသမားတွေကျတော့ နာမ်ခန္ဓာလေး၄ ကောင်ကနေတက်ရတယ်၊ ဒါမှဒုက္ခာနုပဿနာကို ပွါးလို့ရမယ်။

ကိုင်း....ဒါဖြင့်ဘယ်လိုတက်မလဲ၊ ဘုရားရှင်က ဒုဂ္ဂရ္ဓ, သပိတ်, သင်္ကန်းကိုဆောင်ရာ၌ ပညာဖြင့်ဆင်ခြင်ရမယ်၊ဒီတော့ တခုခုကို သွားသုံးသပ်လိုက်တာနဲ့ အမူအယာလေးတခုပေါ်လာတာဘဲ မဟုတ်လား၊ ဒီပေါ်လာသမျှကို သဏ္ဌာနပညတ်ရိပ်လို့ မြင်အောင် ပညာဖြင့်ဆင်ခြင်ရမယ်၊ နောက်စားတယ်, သောက်တယ်,ခဲတယ်, လျက်တယ်ဆိုတဲ့ အမူအယာတွေကိုလဲ ပညာဖြင့် ဆင်ခြင်ရမယ်၊ နောက်ကျင်ကြီး, ကျင်ငယ်အမှုကို ပြုရာမှာလဲ ပညာဖြင့် ဆင်ခြင်ရမယ်၊နောက်သွားဘယ်, ရပ်တယ်,ထိုင်တယ်, လျောင်းတယ် (ဝါ) အိပ်တယ်,နိုးတယ်ဆိုတဲ့နေရာမှာလဲ,စကားမပြောဘဲနေတဲ့နေရာမှာလဲ, စကားပြောနေတဲ့နေရာမှာလဲ ဒီမှာဖြစ်လာတဲ့ အမူအယာသဏ္ဌာန ပညတ်ရိပ်လေးကို ထင်အောင်

ပညာဖြင့် ဆင်ခြင်ရမယ်၊ ဒီလိုဘုရားရှင်က ဟောလာတာ ဟာ ဘာကိုမြင်အောင်လို့လဲ ?

ပြောပြမယ်၊နာမ်ခန္ဓာ၄–ကောင်ကိုဖွဲ့လိုက်ပါ သညာက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဆိုပြီး ဖွဲ့လိုက်ပါ၊ ဝိညာဏက္ခန္ဓာကြီးဟာဒီနေရာမှာခေါင်းတဲ့အနေနဲ့မဆဲ့တော့ပါ၊ နောက်ကသာ လိုက်တော့တယ်၊ ဒီတော့ သမထယာနိကလမ်းက နေ အားထုတ်တဲ့ပုဂ္ဂိုလ်ဟာ (၀၁) ဥဒယဗ္ဗယဉာဏ်ကို မပိုင် သေးတဲ့ ပုဂ္ဂိုလ်ကျတော့ သညာ, ဝေဒနာ, သင်္ခါရ, ဝိညာဏ် ဒီဟာက တကဏ္ဍထုဘ်သတ်မယ်၊ ဝိပဿနာယာနိက လမ်းက သဘာဝတခုထုတ်သတ်မယ်၊ အချိန်ရရင်သတ်ပြပါမယ်။

ဥဒယဗ္ဗယဉာဏ်ကို မပိုင်သေးတဲ့သမထယာနိက လမ်းပုဂ္ဂိုလ် ဟာ ဈာန်သမာဓိနဲ့ ဆင်ခြင်ရမယ်၊ ဆင်ခြင်ပြမယ်၊ ဒုဂ္ဂန္ဓိ, သပိတ်,သက်န်းကိုယူရာမှာ သညာက္ခန္ဓာလို့ ဆင်ခြင်လို့ရပါ တယ်၊ ဘာ့ကြောင့်လဲ၊စိတ်ဝိညာဏ်ကို သမာဓိနဲ့ ထိန်းထားတာ ဖြစ်လို့ ဆင်ခြင်လို့ရပါတယ်၊ ကိုင်တယ်,ယူတယ်ဆိုတဲ့ သညာ ရဲ့အမှတ်လေးပေါ်လာအောင်ရှုတာပါ၊ သမာဓိမရှိတဲ့သူတွေလဲ အားထုတ်လို့ရပါတယ်၊ ကြာတော့ကိုယ့်စိတ်ဟာ အထိန်းလေးရှိ လာတဲ့အတွက် အာရုံတခုနဲ့တွေ့တဲ့အခါမှာ ထိန်းလို့ရလာပြီ၊ ဒါကြောင့်အန္ဓတွေလဲ အားထုတ်လို့ရပါတယ်၊ သမာဓိရှိတဲ့သူ တွေလဲ အားထုတ်နိုင်ပါတယ်၊ ၅-ပါးသော မဟာသတိပဋ္ဌာန်နဲ့ ပြည့်စုံနိုင်တယ်။

ရှေ့ကိုတခါသွား....၊စားတယ်,သောက်တယ်, ခဲတယ်, လျက် တယ်ဆိုတာ ဝေဒနာက္ခန္ဓာပါ၊ ဒါဟာ ဝေဒနာက္ခန္ဓာကို ဆင်

ခြင်တဲ့အပိုင်းပါ၊ ဒီတော့ စားတယ်ဆိုတာ သဏ္ဌာန်ပညတ်ရုပ်လေးပေါ်လာတယ်၊ ဒါဝေဒနက္ခန္ဓာကိုရှုတာပါ၊ ဒါကိုမရှုနိုင်မလုပ်နိုင်ဘူးလား၊ စားတယ် သောက်တယ် ခဲတယ် လျက်တယ် ဒီ ၄-ချက်ဟာ သူ့ကဏ္ဍနဲ့သူရှိနေလို့ ဆင်ခြင်လို့ လွယ်ပါတယ်၊ ဒါကိုဆင်ခြင်နိုင်လာရင် ရုပ်တရား နာမ်တရားကို မထင်စေနဲ့ အုံးတော့ သန္တတိ သမ္ဘာလတရားတွေပြည့်စုံလာနိုင်တယ်၊ ဒါဟာ ရဟန်းတရားတွေဘဲမဟုတ်လား၊ အဲ့ဒါ ရသမျှနဲ့ ရောင့်ရဲတင်းတိမ်လာတော့တယ်။

ဒီတော့ ဒါဟာ အစာအာဟာရဘွဲ့ကို တန်ဘိုးထားပြီး အနှစ်အသားအနေနဲ့ မစွဲတော့ပါ၊ တန်ဘိုးထားပြီး အနှစ်အသားအနေနဲ့ သုံးဆောင်နေရင် ရဟန်းတရားမဟုတ်တော့ပါ၊ ဒါ့ကြောင့် ဘုရားရှင်က "ဇီးဖြူရစ်ရှား သဖန်းခါးစသည့် အသီးတွေနဲ့ နွားကျင်ငယ်ပုတ်နဲ့ စိမ်ပြီး စားရမယ်" ဆိုတာဟာ အစာအာဟာရဥ္စမာန်ရစ်တဲ့အနေနဲ့ မစားရဘူးဆိုတဲ့ အနေနဲ့ လဲပြထားတာဖြစ်ပါတယ်၊ ဒီလိုခံစားတာကို ဝေဒနက္ခန္ဓာလေးဘဲလို့ ဆင်ခြင်လာတာကို မဟာပစ္စဝေက္ခဏာလို့ခေါ်တာပါ။

နောက်သင်္ခါရကျတော့ ပြုပြင်တဲ့သဘော ကံမျိုးခစ လေးပါလာမယ်၊ ဒီသင်္ခါရကနေ ကုသိုလ် အကုသိုလ်တွေ ဖြစ်လာတာပါ ဒီတော့ စေတနာနဲ့သင်္ခါရကွာခြားပုံကို ပြောပြမယ်၊ စေတနာကစေ့ဆော်တာ၊ ဒါက အပြန်သဘောအနေနဲ့ ဝိညာဏ်ကြီးထနေ သင်္ခါရ၊ ဝေဒနာ၊ သညာဆိုပြီး အားပေးလာတာပါ၊ ဒါက အထွက်သဘောပါ။

အသွားသဘော ( ဝါ ) အဝင်သဘောကျတော့ အဆင်း၊ အကြည်၊ အမြင်၊ အသိဆိုတဲ့ သဘာဝတွေဖြစ်လာတာပါ၊ ဒီဟာ

ကသင်္ခါရပါ၊ ဒီလို အဝင်သဘောနဲ့ အထွက်သဘော ၂-ပါးရှိနေလို့ ကံမျိုးစေ့တွေထွက်နေတာပါ၊ ဒီတော့သင်္ခါရကအဆင်းနဲ့ အကြည်ဆုံခိုင်းတာပါ၊ ဒီတော့မှ စေတနာစေ့ဆော်တာလေးရှိပြီး အဆင်းနဲ့ အကြည်ကို တဖန်ပြန်ဆုံခိုင်းပြန်တယ်၊ ဒါကို သင်္ခါရက္ခန္ဓာလို့ ခေါ်တယ်၊ ဒီကနေကံမျိုးစေ့တွေ ထွက်နေတာပါ။

ဒီတော့ ကံမျိုးစေ့မပါတဲ့ သင်္ခါရကျတော့ ကျောင်းကြီး၊ ကျောင်ယ်အမှုကိုပြုရာဖြစ်တဲ့ အမူအယာလေးကို သင်္ခါရက္ခန္ဓာလို့ ရှုရမယ်၊ ဒီသင်္ခါရက္ခန္ဓာက ကံမျိုးစေ့မကျတော့ပါ၊ ဝိညာဏ်ကြီးကျတော့လဲ ကံမျိုးစေ့မပါတဲ့ ဝိညာဏ်ကြီးကို ခွဲပြအုံးမယ်။

# ညဟောစဉ်။

“သဒ္ဓေါ ဟောတိ၊ အပ္ပါဗာဓော အမာယာဝီ အာရဒ္ဓဝီရိယော ဝိဟာရတိ၊ ပညဝါ ဟောတိ” လို့ ပဥ္စင်္ဂတို့ရဲ့ ပါဠိတော်ကြီးမှာ ဟောကြားတော်မူခဲ့တဲ့အတိုင်း ယုံကြည်မှုသဒ္ဓါတရားသည် ဗုဒ္ဓဘာသာတွေရဲ့ အရေးအကြီးဆုံးတရားကြီးပါ၊ သဒ္ဓါတရားရှိမှ ဘာမဆိုလုပ်လို့ရပါတယ်၊ ဒီတော့ ယုံကြည်မှုသဒ္ဓါတရားနဲ့ ပြည့်စုံလာရင်ဘဲ အလုပ်ဟာတဝက်လောက်ပိုင်သွားပြီ၊ ဒီတော့ ပဓာနိယင်္ဂတရား ၅-ပါးနဲ့ ပြည့်စုံလာရင် ဒီဘဝနဲ့ မဂ်ကို ရမယ်ဆိုတာဆုံးဖြစ်ပါ။

ဒီတော့အာနာပါနတရားကြီးဟာနိရောဓသစ္စာနှင့် မဂ္ဂသစ္စာ, ဓမ္မစကြာအနုသာသနီနည်းက ထုတ်လာတဲ့ အာနာပါနတရားကြီးပါ၊ ဒါ့ကြောင့် “ဋ္ဌိ-၅ ချက်” ဆိုတဲ့အချုပ်အနှောင်မရှိပါ၊ အဲဒါ အာနာပါနမီးခွက်ကိုလဲ ဥဒပါဒ် ၅-ချက်နဲ့ ပေးအပ်လာပါတယ်။

ကိုင်း....သာဓုခေါ်ကြပါတော့၊

သာဓု....သာဓု....သာဓု။

သီတင်းကျွတ်လဆန်း ( ၈ )ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၃၁)

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် မဟာသတိပဋ္ဌာန်တရားတော်ကြီးကို ၂၁-ပိုင်းထား၍ ဟောကြားခဲ့ မူပါတယ်၊ ဒီတော့ ကာယာနုပဿနာသတိပဋ္ဌာန်မှာ ၁၄-ပိုင်းဟောတယ်၊ ဒီ ၁၄-ပိုင်းထဲမှာ အခုပြတဲ့ အသမ္မောဟ သမ္ပဇညအပိုင်းဟာ အခက်ဆုံးပါဘဲ၊ ဒီ အသမ္မောဟ သမ္ပဇညအပိုင်းဟာ ဒုက္ခာနုပဿနာဉာဏ်ရဲ့ လုပ်ငန်းစဉ်ပါ၊ ဒါဟာ ဉဒယဗ္ဗယဉာဏ်ရဲ့ အထက်မှာရှိနေတယ်၊ အခု ကမ္ဘာဟာ ပညာမြင်ဒုက္ခကိုပြတဲ့ ကမ္ဘာပါ ဒီပညာမြင်ဒုက္ခကို ဘုရားရှင်ဘယ်လိုပြသလဲ၊ ဒီတော့ ရှေ့တက်တယ်, နောက်ဆုတ်တယ်ဆိုတာကို ဘယ်လိုရှုမလဲ၊ ဒီတော့ ငါတက်တာမဟုတ်ဘူးခွတ် ၄-ပါးခွတ်ဂ-ပါးတက်တာပါလို့ ရှုမလား၊ ဒီလိုရှုဆင်ခြင်လို့ မရပါ၊ ဒါဟာသညာသိအလုပ်ပါ။

အခု ကမ္ဘာက ပညာဖြင့်သာ ဆင်ခြင်ရမယ်၊ ဒီတော့ ဒီအပိုင်းဟာ သိမ်မွေ့နက်နဲ ခက်ခဲလှပါတယ်၊ ဒီတော့ ဘယ်လိုဆင်ခြင်မလဲ၊ "အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ" ဒါကို ဘယ်လိုဆင်ခြင်မလဲ၊ ဒီနေရာမှာ သညာဝိညာဏ်ရိပ်မပါဘဲ ပညာဖြင့်သာ ဆင်ခြင်ရမယ်၊ ဒါမှ ပညာမြင်ဒုက္ခကိုမြင်မယ်၊ ဒီသဘာဝတွေကို မနေ့ကလဲ တင်ဆက်ပြခဲ့ပါပြီ၊ ဒီနေ့ နာမက္ခန္ဓာမှာ ရှိတဲ့သဘာဝတွေကို ပြောရမယ်၊ ဒီတော့ သပိတ်သင်္ကန်းတို့ကို ဆောင်ရာမှာ သညက္ခန္ဓာလေးရှိတယ်၊ စားတယ်, သောက်တယ်, ခဲတယ်, လျက်တယ်ဆိုတဲ့ဟာ့မှာ ဝေဒနက္ခန္ဓာ

လေးရှိတယ်၊ ကျင်ကြီးကျင်ငယ်အမှုကို ပြုရမှာ သမ္ပဇဉ်ရက္ခန္ဓာ လေးရှိတယ်၊ သွားတယ်, ရပ်တယ်, ထိုင်တယ်, အိပ်တယ်, နိုးတယ်, စကားဆိုတယ်, စကားမဆိုဘဲ ဆိတ်ဆိတ်နေတယ် ဒီမှာက ဝိညာဏက္ခန္ဓာရှိနေတယ်၊ ဒါကို ဒိနေ့ဆင်ခြင်ပြမယ်။

ဒီနေ့ ဥပုသ်လာစောင့်ကြတဲ့ တကာမကြီးတွေအတွက် ငါးပါးသော အကြည်ခါတ်မှ သတိပဋ္ဌာန်တရားတွေ ဆင်ခြင်ပုံကို အနည်းငယ် ဟောကြားအုံးမယ် ဒီတော့ ဒီမဟာသတိပဋ္ဌာန်တရားနဲ့လွတ်တဲ့တရားဟာမရှိပါ၊ သိသခံယူပြီးတဲ့အဆုံးမှာတောင် "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ" လို့ မှာကြားလိုက်သေးတယ် မဟုတ်လား၊ ဒီလို ရှင်တော်မြတ် ဟောကြားလာတာဟာ မေထုံငယ် (၇)ပါးမကပ်ငြိဘဲ ဝေါဒါန်သီလဖြစ်အောင်(၀၁) ဖြူစင်တဲ့သီလဖြစ်အောင်လို့ ဟောကြားလာတာပါ၊ ဒီတော့ မျက်စေ့သတိပဋ္ဌာန်ကို အနည်းငယ်ပြောပြမယ်။

"စက္ခုံ စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" လို့ ဟောကြားလာတဲ့အတိုင်း လုပ်ငန်းစဉ်အနေဖြင့် မျက်စေ့ကို သတိပဋ္ဌာန်တရားနဲ့ ဘယ်လိုပိတ်မလဲ၊ ဒီတော့ ရူပါရုံနဲ့ စက္ခုအကြည်နဲ့ ၂-ပါးဆုံလိုက်တဲ့အခါမှာ မြင်မှုပေါ်လာတယ်၊ ဒီတော့ မြင်မှုဟာ ဘယ်မှာပေါ်တာလဲ၊ အဆင်းမှာပေါ်တာလား၊ မျက်စေ့အကြည်မှာ ပေါ်တာလား၊ စက္ခုဝိညာဏ်မှာ ပေါ်တာလား၊ ဒီတော့ အဆင်းဆိုတာကလဲရပ်,စက္ခုအကြည်ဆိုတာကလဲရပ်ဘဲ၊ ဒီ ၂-ပါးဆုံလိုက်တော့မှ နာမ်သဘော မြင်မှုလေးပေါ်လာတယ်၊ ဒီတော့ အဆင်းနဲ့ အကြည် ဆုံတဲ့အခါမှာ နာမပညတ်နဲ့ သဏ္ဌာနပညတ် ၂-ပါး ပေါ်လာတယ်၊ ဒီလိုပေါ်လာတော့မှ

ရူပ, အနိဋ္ဌ, ကောင်း, မကောင်းတွေ ဖြစ်လာတယ်၊ အဲဒါ ကောင်းတာကျတော့ သုခဝေဒနာ၊ မကောင်းတာကျတော့ ဒုက္ခဝေဒနာ ဖြစ်လာတယ်။

ဒီတော့ ကောင်းတဲ့သဘော သုခဝေဒနာကျတော့ အဘိဇ္ဈာ လောက, မကောင်းတဲ့ဒုက္ခဝေဒနာကျတော့ ဒေါမနဿလောက ဖြစ်လာတော့တယ်၊ ဒါဟာ အန္ဓတွေရဲ့နှလုံးအိမ်ထဲမှာ အာရုံ တွေနဲ့တွေ့တဲ့အခါတိုင်း အခါတိုင်းမှာ ဒီ အဘိဇ္ဈာဒေါမနဿ ချစ်ခြင်း, မုန်းခြင်းဆိုတဲ့ လောကဟာ အမြဲပေါ်နေတယ်၊ ဒီလို ပေါ်နေတဲ့ အဘိဇ္ဈာ ဒေါမနဿလောကကို မပေါ်အောင် မျက်စေ့,နား,နှာခေါင်း, လျှာ, ကိုယ်တို့နဲ့ ဘယ်လို ပိတ်မလဲ၊ ပိတ်တဲ့အခါမှာ အပြင်အာရုံတွေကိုသာ လိုက်နေရင် ပိတ်လို့ မရပါ၊ ဒီတော့ အဆင်းနဲ့ အကြည်ဆိုတာဟာ ပေါင်းဆုံမြဲ ဓမ္မတာဘဲ၊ အဲဒါ မျက်စေ့ကိုမှိတ်ထားမှဘဲ မပေါင်းဆုံနိုင်မှာ၊ မျက်စေ့အကြည်ရှိနေရင် ရူပါရုံနဲ့ပေါင်းဆုံမှာဘဲ။

ဒီတော့ မျက်စေ့နဲ့ရူပါရုံ ပေါင်းဆုံပါစေ၊ ပေါင်းဆုံရင် သညာဝိညာဏ်ပေါ်မှာဘဲ ပေါ်ပါစေ၊ ဒါတွေဟာ တားဆီးလို့ မရတဲ့သဘာဝတွေပါ၊ ဒီနေရာမှာ သွားမထိန်းပါနဲ့၊ ဒါဖြင့် ဘယ်လိုထိန်းရမလဲ၊ ပြောပြမယ်၊ မျက်စေ့နဲ့ရူပါရုံဆုံလိုက်တဲ့ အခါမှာ....(ဥပမာ) လဘက်ရေပုဂံနဲ့ မျက်စေ့အကြည်နဲ့ ဆုံ လိုက်တဲ့အခါ လဘက်ရေပုဂံဘဲလို့ သွားဆွဲတာဟာ အခုတွေ့မှ ဆွဲတာလား၊ မဟုတ်ပါ၊ ဒီတော့ လဘက်ရေပုဂံနဲ့ မဆုံတဲ့အခါ မှာလဲ လဘက်ရေပုဂံဆိုတဲ့ဟာလေးဟာ ဘယ်အနေနဲ့ရှိနေ သလဲ၊ ဒီတော့ အခုတွေ့မြင်လိုက်တဲ့အခါမှ သိတာမဟုတ်ပါ၊ ဘယ်ထဲကသိလာသလဲဆိုတော့ မိဘဘိုးဘွား အစဉ်အဆက်က

မှတ်လာတဲ့ဟာကို ငယ်ရွယ်စဉ်အခါထဲက သိမှတ်လာတဲ့သညာ အမှတ်လေးဟာ မိမိရဲ့နှလုံးအိမ်ထဲမှာ အစဉ်ရှိနေတယ်၊ ဒါကို သညာက္ခန္ဓာလို့ ပြောနေတာပါ။

ဒီတော့ ဒီနှလုံးအိမ်ထဲမှာကို ခံစားတဲ့ဝေဒနာက္ခန္ဓာ, စေ့ဆော်တဲ့သင်္ခါရက္ခန္ဓာ, သိမှုဖြစ်တဲ့ဝိညာဏက္ခန္ဓာတို့ဟာရှိနေတယ်၊ ဒါဟာ သာမည်နဲ့ မသိနိုင်, မမြင်နိုင်ပါ၊ သူတို့ဟာ အပြင်ကို မထွက်ကြပါ၊ အဲဒါ အာရုံနဲ့ဆုံမှသာ သူတို့ဟာ ထွက်လာကြပါတယ်၊ ဒီတော့ အာရုံတခုခုကို မြင်လိုက်တဲ့အခါမှ သိမှုပေါ်လာတာ မှုတ်ပါ၊ အဲဒါ နှလုံးအိမ်ထဲမှာ သိမှုဆိုတဲ့အမှတ်လေးဟာ အစဉ်ရှိနေတယ်၊ အာရုံနဲ့တွေ့လိုက်တော့မှ ဒီနှလုံးအိမ်ထဲမှာရှိနေတဲ့ ခန္ဓာလေးတွေက ထွက်ပြီးဆွဲတာပါ၊ ဒီသဘောမှ သိတယ်ဆိုပြီး ဖြစ်လာတာပါ၊ ဒါကို မသိကျတော့ရင် အဲဒါ အဆင်းကဘဲ ဆွဲသလိုလို, အကြည်ကဘဲဆွဲသလိုလို ဖြစ်နေကြတာပါ။

ဒီတော့ ဒီသဘာဝတွေကို သိလာရင်ဘဲ အဆင်းနဲ့အကြည်ဆုံတဲ့အခါမှာ သတိထားလာတော့မယ်၊ ဒီတော့ သတိဘယ်လိုထားမလဲ၊ (ဥပမာ) ပစ္စည်း ၂-ခုကို ရှေ့မှာချထားရင်ဘဲ ဒီဟာကကောင်းတယ်, ဟိုဟာကကောင်းတယ်လို့ မခွဲခြားတော့ဘဲ လောကကြီးမှာ သုံးဆောင်တဲ့အနေနဲ့ ပေါ်နေတာဘဲဆိုတာကို သိလာတော့မယ်၊ ဒီလိုသိလာရင် အဲဒါ သညာက္ခန္ဓာ မပွရအောင် ထိန်းသိမ်းလာတော့မယ်၊ ဒီလိုထိန်းနိုင်လာရင်ဘဲ အဲဒါ ကောင်းမကောင်းဆိုတာ မထွက်တော့ဘဲ မျက်စေ့နားသတိပဋ္ဌာန်တွေ ပိတ်လာပြီ၊ ဒီအနေနဲ့ ၅-ပါးသော အကြည်ဓာတ်တွေကို

ပိတ်ကြပါ၊ ဒါက ယခုနေ့လာကြတဲ့ ဥပုသ် သီတင်းသည်တွေ အတွက်ပါ။

ကိုင်း လုပ်ငန်းစဉ်တရားကို ဆက်ကြဦးစို့ရဲ့၊ အခု ပညတ်ရုပ် ၄-ပါးမှာ သန္တတိပညတ်နဲ့ သမူဟပညတ်ဟာ မရှိတော့ပါ၊ နာမပညတ်နဲ့ သဏ္ဌာနပညတ်သာရှိတော့တယ်၊ ယခုဒီနေရာမှာ သဏ္ဌာနပညတ်ဟာ အမှုအယာလေးလောက်သာ ရှိတော့တယ်၊ ဒီအမှုအယာလေးကို မြင်အောင်လို့ ဘုရားရှင်က "အတိက္ကမန္တေ ပဋိက္ကမန္တေ သမ္ပဇာနကာရီ ဟောတိ" လို့ဟောကြားလာဘာပါ၊ ဒီခဘာ့ ဥပမာအနေနဲ့ တင်ပြမယ်၊ (ဥပမာ) လက်ဝါးပြင် လေးကိုဘဲ ကြည့်ပါ၊ ဒီလက်ဝါးပြင်လေး ဖြန့်ထားတာက အကျိုးပစ္စုပ္ပန် ဝေဒနာရဲ့သဘောလေးပါ၊ ဒီလက်ဝါးပြင်လေး ဆုပ်လိုက်တာကျတော့ သညက္ခန္ဓာ၊ နောက် ပြန်ပြီး ဖြန့်လိုက် တာကျတော့ သင်္ခါရက္ခန္ဓာပါ၊ အဲဒါ သညက္ခန္ဓာနဲ့သင်္ခါရက္ခန္ဓာ ၂-ပါး မျက်တောင်ခတ်နေတာပါ။

• ဒီတော့ ဆုပ်ဘယ်ဆိုတဲ့ သညက္ခန္ဓာက ရုပ်သဘော၊ ဖြန့်တယ် ဆိုတဲ့ သင်္ခါရက္ခန္ဓာက နာမ်သဘော၊ ဒီတော့ ဆုပ်ဘယ်ဆိုတဲ့ အထဲမှာ ဖြန့်တယ်ဆိုတဲ့ အမှုအယာလေးဟာ ကိန်းပါသွားတဲ့ အတွက် နောက်ဘခါ ဖြန့်ဘယ်ဆိုပြီး ပြန်ဖြစ်လာဘာပါ၊ ဒါကို ဝိပဿနာဉာဏ်ထဲသွင်းရင် အာဒီနဝဉာဏ်ပါ၊ ဒီဉာဏ်မှာ ဘုရား ရှင်က "ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနံ" လို့ဟောကြား ထားဘယ်၊ ဒီတော့ လက်ဝါးပြင်လေး ဖြန့်ထားတာဟာ ဝေဒနာသေးဘဲ၊ ဒါဟာ အကျိုးဝေဒနာလေးပါ၊ ဒီတော့ ဝေဒနာဟာ ပေါ်တဲ့သဘောဝေဒနာ၊ သဘာဝဝေဒနာ၊ ခံစား တဲ့ဝေဒနာဆိုပြီး ၃-မျိုးရှိဘယ်။

ဒီတော့ သင်္ချာလောကကြီးမှာ ပေါ်နေတဲ့ သဘာဝမှန်ရင် ပေါ်သဘောဝေဒနာပါ၊ ဒါကို အကျိုးပဋ္ဌပွန် ဝေဒနာလို့ ခေါ်တယ်၊ အဲဒါ လူကောင်၊ သတ္တဝါကောင်၊ ခေါ်တော်ကောင် စသည်တွေဖြစ်ပေါ်နေတဲ့သဘောပါ၊ နောက် သဘာဝဝေဒနာ ဆိုတာက သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာ စတဲ့ ဝေဒနာတွေကို သဘာဝဝေဒနာလို့ခေါ်တယ်၊ နောက် ခံစားတဲ့ဝေဒနာဆိုတာက ထမင်းလျှက်ကို စားလိုက်တဲ့အခါမှာ ချိုတယ်လို့ပြောတဲ့ ပလောင်သီလရှင်မလေးတွေရဲ့ ဝေဒနာမျိုးပါ ဒီတော့ ဒီဝေဒနာသုံးပါးမှာ ချိုတယ်လို့ ပလောင်သီလရှင်မတွေ ပြောတဲ့ဝေဒနာဟာ ဥပယဉ်ညာဏ်ရဲ့အောက်မှာ သိမ်းဆည်းခဲ့ပြီ ဒါဟာ သညာဝိညာဏ်ပြောတဲ့ ဝေဒနာမျိုးတွေပါ၊ သညာဝိညာဏ်ပြောမရမှ သဘာဝဝေဒနာပါ။

ဒီတော့ ဒီ သညာဝိညာဏ်ဝေဒနာတွေကို ဘုရားရှင်က ရှုဘို့ မဟောပါ၊ ဘာ့ကြောင့်လဲ၊ သဘာဝချင်းမတူခြင်းကြောင့်ပါ၊ ဒီတော့ ဘယ်ပုဂ္ဂိုလ်တွေဘဲရှုရှု သဘာဝချင်းတူလာမှ တရားအနေနဲ့ ရှုလို့ရမယ်၊ နောက် သဘာဝဝေဒနာကျတော့(ဥပမာ) အဆင်းနဲ့ အကြည်ဆုံလိုက်တဲ့အခါမှာ အဆင်းက ကြမ်းထမ်းဘဲ ရုပ်သဘော၊ အကြည်က နူးညံ့သိမ်မွေ့တဲ့ရုပ်သဘော ဖြစ်ခြင်းကြောင့် အဆင်းမှ သုခ ဒုက္ခမပေါ်ပါ၊ အကြည်ဓာတ်မှာသာ သုခ၊ ဒုက္ခအနေနဲ့ ပေါ်ရမယ်၊ ဒါကို သဘာဝဝေဒနာလို့ ခေါ်တယ်၊ ဒီသဘာဝဝေဒနာမျိုးကို ဆင်ခြင်နိုင်ရင်ရုပ်တရား၊ နာမ်တရားကို တွေ့မယ်။

အခုတော့ သညာဝိညာဏ်ဝေဒနာကိုသာ ရှုနေတဲ့အတွက်ကြောင့် ရုပ်တရား၊ နာမ်တရားတွေကို မတွေ့တာပါ၊ အခုလက်

ခါးပြင်လေး ဖြန့်ထားတာက ပေါ်သဘော အကျိုးဝေဒနာ လေးပါ၊ ဒီကနေပြီးတော့မှ ဆုပ်တယ်၊ ဖြန့်တယ်ဖြစ်လာတာပါ၊ ဒီတော့ ဆုပ်တာက နာမပညတ်ပါ၊ ဖြန့်တာကျတော့ သဏ္ဍာန ပညတ်ပါ၊ ဒီတော့ ဆုပ်တယ်ဆိုတဲ့အထဲမှာ ဖြန့်တယ်ဆိုတဲ့ သဏ္ဍာနပညတ်လေးဟာ ကိန်းပြီးပါလာတယ်၊ ဒီလိုပါလာလို့ နောက် ဖြန့်တယ်ဆိုတာပေါ်တာပါ၊ ဒီတော့ ဆုပ်တယ်၊ ဖြန့် တယ်လို့ ပြောတာ ဘယ်သူကြောင့်လဲ၊ အဲဒါ သဏ္ဍာနပညတ် လေးရှိနေလို့ပါ၊ ဒီ သဏ္ဍာနပညတ်လေး ပျောက်သွားရင် နိဗ္ဗာန်ကိုရောက်ပြီ၊ ဒီ သဏ္ဍာနပညတ်ရိပ်လေးကို မပေါ်အောင် လုပ်နိုင်ရင်၊ အနုပ္ပါဒ ဒါ နိဗ္ဗာန်ဖြစ်သွားပြီ။

ဒီတော့ သဏ္ဍာနပညတ် မပေါ်အောင် ဘယ်လိုလုပ်မလဲ၊ ပြောပြမယ်၊ ဒီတော့ ဆုပ်တယ်လို့ဆိုတာသည် ဖြန့်တယ်ဆိုတဲ့ သဏ္ဍာနပညတ်လေးရှိနေတယ်၊ ဒီတော့ သံသရာရဲ့အဆုံးဟာ ဒုက္ခနဲ့ အနတ္တတရားပါ၊ ပညတ်ကို ဒုက္ခနဲ့ သတ်ရမယ်၊ ပရမတ် တရားကို အနတ္တနဲ့ သတ်ရမယ်၊ ဒီတော့ "သွားတယ်၊ သွားတယ်၊ စားတယ် စားတယ်" လို့ ဆိုတာကို ဘုရားရှင် ရှုခိုင်းတာဟာ ဒုက္ခကိုမြင်အောင်လို့ပါ၊ ဒုက္ခကိုမြင်ရင် အနတ္တကိုထင်တယ်၊ အနတ္တကိုမြင်ရင်လဲ ဒုက္ခကိုထင်ပါတယ်၊ ဒီတော့ ဆုပ်တယ်ဆိုတဲ့ နာမပညတ်အမူအယာလေးကို ပညာမြင်ဒုက္ခနဲ့ သတ်ရမယ်၊ ဒီတော့ ပညာမြင်ဒုက္ခ ဘုရားဘယ်သို့ပြောသလဲ၊ အဲဒါ "ပြုပြင် နှိပ်စက်၊ ပုပန်၊ ဖေါက်လွဲ ဒုက္ခတဲ့" လို့ ပြလာတယ်။

ဒီတော့ ဆုပ်တယ်ဆိုတာ ... ည်ပင်ပြုပြင်နေတာတဲ့မဟုတ်လား ... ဘုကြီးမှာ ပြုပြင်နေတာမှန်ရင် ဒုက္ခတွေ့တဲ့၊ ဒီတော့ ကိုယ် အမူအယာတွေ ဖြစ်ပေါ်လာသမျှ ပြုပြင်တဲ့ဒုက္ခလို့မြင်အောင်

ရှုနိုင်လာရင် ဆုပ်တယ်ဆိုတဲ့အထဲမှာ ဖြန့်တယ်ဆိုတဲ့ဟာ ကိန်းမပါတော့ပါ၊ ဘာ့ကြောင့်လဲ၊ အဲဒါ ဘာကိုဘဲလုပ်လုပ်ပြုပြင်တဲ့ သဘော ဒုက္ခကိုမြင်နေလို့ပါ၊ အဲဒါ မနေသာလို့ လုပ်ရသော်လဲ မသာယာတော့ပါ၊ ဒါ့ကြောင့် ဆုပ်တယ်ဆိုတဲ့အထဲမှာ ဖြန့်တယ်ဆိုတာဟာ ကိန်းမပါလာတော့ပါ၊ဒီတော့ဖြန့်တယ်ဆိုတာလဲကိန်းမပါလာရော နောက်တခါပြန်ဖြန့်လို့မရတော့ဘဲ၊ "အနုပ္ပါဒေါ နိဗ္ဗာနံ" တဖန်ပြန်ပြီး မဖြစ်ခြင်းဟာ နိဗ္ဗာန်ဘဲ မဟုတ်လား၊ ဒီနေရာမှာ နိဗ္ဗာန်ဆိုတာ တဖန်ပြန်ပြီးမဖြစ်တဲ့ သဘောပါ။

ဒီတော့ ဒီလောက်သာ အာဒိနဝဉာဏ်က နိဗ္ဗာန်ကို ရှုလို့ရသေးတယ်၊ မဂ်ကျမှငြိမ်းအေးတဲ့သဘော နိဗ္ဗာန်ကို ရှုလို့ရမယ်၊ ဒီသဘာဝတွေကို မြင်သွားရင် တနေ့ထက်တနေ့ ခန္ဓာ့ဝန်ကြီးကို ပြုပြင်တဲ့ သဘောဘာင်းအောင် နေနိုင်သာရင် ထိုပုဂ္ဂိုလ်ဟာ ဒုက္ခကိုမြင်နေပြီ၊ ဒီအာဒိနဝဉာဏ်ကနေပြီး "သန္တိပဒ ၅ချက်" ငြိမ်းအေးတဲ့နိဗ္ဗာန်ဟာ ဒီနေရာဘာ ပေါ်မယ်ဆိုတာကို ပြနိုင်လာပြီ၊ ဒါကတကဏ္ဍပါ။

နောက် ဒုဂ္ဂဋ္ဌိ,သပိတ်,သက်န်းတို့ကို ဆောင်ရာ၌ ဆိုတာမှာ သညက္ခန္ဓာလေးကို မြင်အောင်ပညာဖြင့် ရှုရမယ်၊ နောက်စားတယ်, သောက်တယ်, ခဲတယ်, လျက်တယ်ဆိုဘာမှာ ဝေဒနက္ခန္ဓာကို မြင်အောင်ရှု၊ နောက် ကျင်ကြီး, ကျင်ငယ်အမှုကို ပြုရာမှာ သင်္ခါရက္ခန္ဓာကို မြင်အောင်ရှု၊ နောက် သွားတယ်, ရပ်တယ်, ထိုင်တယ်, အိပ်တယ်, နိုးတယ်, စကားဆိုတယ်,စကားမဆိုဘဲ ဆိတ်ဆိတ်နေတဲ့နေရာတွေမှာလဲ ဝိညာဏက္ခန္ဓာကို မြင်အောင်ရှုရမယ်။

ဒီတော့ ကျောင်းကြီး, ကျောင်းငယ်အမှုကို ပြုတဲ့နေရာမှာ သင်္ခါရက္ခန္ဓာကို မြင်အောင်ရှုရမယ်၊ ဒီတော့ သင်္ခါရက္ခန္ဓာဟာ အဆင်း, အကြည်အမြင်တို့ကိုသာ တာက အဝင်သဘော သင်္ခါရက္ခန္ဓာပါ၊ ဒီလိုအဝင်သဘောလဲရော ဝိညာဏက္ခန္ဓာကြီးက အဆင်းနဲ့ အကြည်ဆုံအောင် သင်္ခါရက္ခန္ဓာကို အားပေးလာတယ်၊ ဒါက အထွက်သဘောသင်္ခါရက္ခန္ဓာပါ၊ ဒီတော့ အဝင်သဘော, အထွက်သဘော ဒီလိုလုပ်နေကြတယ်၊ ဒီလိုလုပ်လာတဲ့ သင်္ခါရက္ခန္ဓာကို ကံမျိုးစေ့လို့ ပြောတယ် ဒီတော့ ပဋိစ္စသမုပ္ပါဒ်မှာပြန်ကြည့်ပါ၊ အဝိဇ္ဇာ, သင်္ခါရ, ဒါက အဝင်သဘောကိုသုံးတာပါ၊ နောက်ပိုင်းကျတော့ စေတနာ ၂၉-ပါးသောကံတရားကို ပြလာတယ်၊ ဒါက အထွက်သဘောသင်္ခါရပါ၊ ဒီတော့ ယခုဒီနေရာမှာပြလာတဲ့ သင်္ခါရက္ခန္ဓာဟာ အဝင်သဘော သင်္ခါရက္ခန္ဓာ, အထွက်သဘောသင်္ခါရက္ခန္ဓာ မဟုတ်တော့ပါ၊ ဒီတော့ ကံမျိုးစေ့မချနိုင်တော့ပါ။

ဒီတော့ သင်္ခါရက္ခန္ဓာကို ၂-မျိုးခွဲလိုက်ပါ၊ ကံမျိုးစေ့ကို ချနိုင်တဲ့ သင်္ခါရက္ခန္ဓာ, ကံမျိုးစေ့မချနိုင်တဲ့ သင်္ခါရက္ခန္ဓာဆိုပြီး ၂-မျိုးခွဲလိုက်ပါ ဒီတော့ ကံမျိုးစေ့မချနိုင်တဲ့ သင်္ခါရက္ခန္ဓာကျတော့ ဘုရားရှင်က ကျောင်းကြီး,ကျောင်းငယ်အမှုပြုရာမှာ ပညာဖြင့်ဆင်ခြင်ရမယ်လို့ ဟောလာတယ်၊ ဒါဟာ ကံမျိုးစေ့မချနိုင်တဲ့သင်္ခါရက္ခန္ဓာပါ၊ ဒီတော့ ကျောင်းကြီး, ကျောင်းငယ်အမှုပြုတဲ့ သင်္ခါရက္ခန္ဓာဟာ ကံမျိုးစေ့မချနိုင်ပါ၊ ဒီတော့ မသိတဲ့ခန္ဓာတွေ လုပ်ချင်ရာလုပ် ကံမျိုးစေ့ကျတာကြီးဘဲ၊ ဒီတော့ ဘုရားရှင်က ကံမျိုးစေ့မကျတဲ့ သင်္ခါရက္ခန္ဓာကို ကျောင်းကြီး, ကျောင်းငယ်အမှုပြုတဲ့ နေရာမှာ ရှုရမယ်လို့ပြလာတာပါ၊ နောက် သွားတယ်, ရပ်တယ်,

ထိုင်တယ်, အိပ်တယ်, နိုးတယ်, စကားဆိုတယ်, စကားမဆိုဘဲ ဆိတ်ဆိတ်နေတယ်၊ ဒီမှာဝိညာဏက္ခန္ဓာကြီးပါ။

ဒီတော့ဝိညာဏက္ခန္ဓာကြီးကိုဓာတုမနသိကာရအပိုင်းလုပ်ငန်းစဉ်တသတ်လိုက်တဲ့အတွက် အခုခန္ဓာခလေး "၃" ကောင်ကို မစိမ့်မအုပ်ချုပ် နိုင်တော့ပါ၊ အဲဒါ ဘိုင်ရှောကြီး ဖြစ်သွားပြီ၊ ဒီတော့ ဝိညာဏက္ခန္ဓာကြီးရဲ့ သမ္ဗဇဉ်ကို ဘယ်လိုဆင်ချင်မလဲ ဆိုရင် သွားတယ်, ရပ်တယ်-ဆိုတဲ့ဋ္ဌာနတွေမှာ ဆင်ခြင်ရမယ်၊ ဒီတော့ ဓမ္မာစရိယ ပုဂ္ဂိုလ်တွေအတွက် ပြောပြလိုသေးတယ်၊ ဒီတော့....ဂတေ-သွားတာနဲ့ ဂစ္ဆန္တ-သွားဘာဟာတွေပါ၊ ဂစ္ဆန္တ သွားတယ်ဆိုတာက ဝိညာဏက္ခန္ဓာကြီးပြဋ္ဌာန်းနေတယ်၊ ဂတေ၊ သွားတာကျတော့ ဝိညာဏက္ခန္ဓာကြီး မပြဋ္ဌာန်းပါ၊ ဒီသဘာဝတွေကို နားလည်ထားရမယ်၊ ဒီတော့....ဂတေ-သွားတယ်ဆိုတဲ့ နေရာမှာဘိုင်ရှောကြီးဖြစ်သွားတဲ့ ဝိဏက္ခန္ဓာကြီးကို မြင်အောင် ရှုရမယ်။

နောက် ရပ်တယ်, ထိုင်တယ်, အိပ်တယ်, နိုးတယ်, စကားပြောတယ်, စကားမပြောဘဲ ဆိတ်ဆိတ်နေတယ်- ဒီနေရာတွေမှာ ဗျာပါရမရှိတဲ့ ဝိညာဏက္ခန္ဓာကြီးဖြစ်ပုံကို ပညာဖြင့်ဆင်ခြင်ရမယ်၊ ဒီတော့ ဝိညာဏက္ခန္ဓာကြီးကို ဆင်ခြင်တာဟာ "၇" ဋ္ဌာနပါ၊ ဒီတော့ နာမ်ခန္ဓာလေး ၄-ကောင်ကို သူ့နေရာနှင့်သူဖမ်းလိုက်တော့ မိမိရဲ့ခန္ဓာကိုယ်ကြီးမှာ ပေါ်နေဘာကိုမြင်လာပြီ၊ ဒီလိုမြင်နေရင် ဒီခန္ဓာလေး ၄-ကောင်ကို သတ်ရတော့မယ်၊ သတ်လိုက်မှ နိဗ္ဗာနဓာတ်ကြီးကို ဒီသမ္ဗဇဉ်အပိုင်းက ထိုးပြတော့မယ်၊ ဒီတော့ ပညာမြင်ဒုက္ခကို ရေတွင်းတကာကြီးမြင်လာတော့မယ်၊ ကိုင်းနက်ဖြန်ကျမှ ဒီခန္ဓာလေး ၄-ကောင်ကို သတ်ဘို့ သတ်ဆေးထုတ်ပေးမယ်။

# ည ဟော ၁ စဉ်။

ဒီတော့ ထွက်လေ ဝင်လေမှာလဲ မီးရောင်လေး ပါလာသလားဆိုတာကိုမှတ်ပါ၊ မှတ်လို့မြင်လာရင် ဒါဟာ သက်တန့်ရောင်ပါ၊ အဲဒါ သက်တန့်ရောင် နုပါသေးတယ်၊ ဦးကျော်အိမ်ကနေ ဒီမီးရောင်ပေါက်လာမှ တကယ့်သက်တန့်ရောင်ကြီးပါ၊ ဒီတော့ တရားဆိုတာဟာ အရှည်လိုက်မှ မဟုတ်ဘူး၊ အတိုလိုက်မှ မဟုတ်ဘူး၊ အချိန်လိုက်မှမဟုတ်ဘူး၊ ကူးလမ်းဖြောင့်ရင် ရောက်လွယ်တယ်၊ ဘယ်တရားမဆို ကူးလမ်းဖြောင့်ရင် ရောက်လွယ်, ပေါက်လွယ်တယ်။

အချိန်သာကုန် ဆန်တဆုံမဖြစ်စေကြပါနဲ့.

ကိုင်း....သာဓု ခေါ်ကြပါတော့

သာဓု....သာဓု....သာဓု

သီတင်းကျွတ်လဆန်း ( ၉ ) ရက် နေ့ဟောခဉ်။

# ပုံစံနံပါတ် (၃၂)

အသမှောဟ သမ္ပဇဉ် အပိုင်းမှာ အသွားအပြန်လေးကို ခေါ့ရမယ်၊ ခေါ့ဘို့ရာမလွယ်ပါ။ ခေါ့ဘို့ရာခုံရှဲးရှာရမယ်၊ အသွားအပြန် ဖြစ်နေတာဟာ သဏ္ဌာနပညတ်ရိပ်ပါ။ ဒါဟာ အမူအယာလေးမျှသာရှိတော့တယ်၊ ဒီတော့ ဘုရားရှင်က ရုပ်တရား, နာမ်တရား, ခန္ဓာတရားကို ပွားများလာတဲ့ ပုဂ္ဂိုလ်တွေဟာ သင်္ခတလောကကြီးမှာ နေမ်းသာစရာရယ်လို့ မမြင်တော့ဘဲ အပြစ်တွေကိုသာ မြင်လာပြီ ဒီတော့ သူ့မှာဘဝကိုအလိုမရှိတော့ပါ၊ ဘဝဆိုတာ ပူပြင်နေတဲ့ သဘောဘဲလို့ မြင်နေပြီ၊ ဒီတော့မဘာတွေက လွတ်ပြီးတော့ ငြိမ်းနေတဲ့ နိဗ္ဗာန်ဓာတ်ကို ဒီအာဒီနဝဉာဏ်က လှန်းမြင်နေပြီ၊ ဒါကို သန္တိပဒဉာဏ်လို့ ဝိသုဒ္ဓိမဂ်ကြီးက ပြလာတယ်။

ကိုင်း သဏ္ဌာနပညတ်ရိုင်ကို လုတ်ပြမယ်၊ ဝိညာဏက္ခန္ဓာကြီး ဇာတ်သိမ်းသွားသော်လဲ သညာက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဒီ ၃-ကောင်ရှိနေသေးတယ်၊ ဒီခန္ဓာ ၃-ကောင်မှာ သင်္ခါရက္ခန္ဓာက လူကြီးလုပ်နေတယ်၊ ဒါ့ကြောင့် သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာဟာ အသွားအပြန်လုပ်နေတာပါ၊ ဘယ်လိုအသွားအပြန်အနေနဲ့ သဏ္ဌာနပညတ်ရိပ်ဟာ ထွက်နေသလဲဆိုတော့ ဣဋ္ဌ, အနိဋ္ဌ အရိပ်လေးရှိနေတယ်၊ ဒီအရိပ်ကိုဖြတ်လိုက်မှ ငြိမ်းသွားမယ်။

ဣဋ္ဌ, အနိဋ္ဌ သဏ္ဌာနပညတ်ရိပ်ဟာ ဘယ်လိုဟာလဲဆိုတော့ ဥပမာ....တကာကြီး "ဦးဘိုးစွန်" အိမ်မှာ အိမ်ထောင်ပရိဘောဂ

ပုံစံနံပါတ် (၃၂)



တွေ အမျိုးမျိုးသွားတယ်၊ ဖရိုဖရဲထားသွားတာ မဟုတ်ပါ၊ သူ့နေရာနဲ့သူ တော်သလိုထားတာဟာ ဣဋ္ဌ၊ အနိဋ္ဌ သဏ္ဌာနပညတ်ရိပ်လို့ ခေါ်တာပါ၊ ဒီလိုထွက်နေတဲ့ ဣဋ္ဌ၊ အနိဋ္ဌ သဏ္ဌာနပညတ်ရိပ်ကို သတ်ရမယ်၊ ဒါ့ကြောင့် ဘုရားရှင်က ဒီသမ္ပဇညအပိုင်းကို ဟောတာပါ၊ ဒါဟာ သညာက္ခန္ဓာပါ။

ဒီတော့ ဝိညာဏက္ခန္ဓာကြီး သေသော်လဲ သညာက္ခန္ဓာလေးဟာ ရှိနေသေးတယ်၊ အာရုံ ၆-ပါးမှာကို ဣဋ္ဌ၊ အနိဋ္ဌ အနေနဲ့ ဆွဲတော့မယ်၊ ဒါဟာ သဏ္ဌာနပညတ်ရိပ်ပါ၊ ဒါဟာသင်္ခါရက္ခန္ဓာ ရှိနေလို့ ထွက်နေတာပါ၊ ဒီအရိပ်လေးကို ဘုရားရှင်က ဒီသမ္ပဇည အပိုင်းနဲ့ သတ်ရမယ်လို့ ဟောနေတာပါ၊ ဒီသဘာဝလေးတွေ ရှိနေလို့ ခန္ဓာလေး ၄-ကောင်ပေါ်နေတာပါ၊ အရင်က ဣဋ္ဌ၊ အနိဋ္ဌကနေ ဘဝတွေဖြစ်ပုံကို သာမညလောက်သာ ပြောလာခဲ့တယ်၊ ယခု ဣဋ္ဌ၊ အနိဋ္ဌဟာ ဘယ်ကထွက်လာသလဲဆိုတော့ ဒီ သဏ္ဌာနပညတ်လေးရှိနေလို့ ထွက်နေတာပါ၊ ဒီဟာကို သတ်လိုက်မှ ဝေဒနာကဦးစီးပြီး တိဟိတ်ခန္ဓာပေါ်လာမယ်၊ ဒီတော့မှ ပညာမြင် ဒုက္ခဉာဏ်ကနေပြီး သန္တိပဒ ၅-ချက်နဲ့ နိဗ္ဗာနဓာတ်ကို လက်ညှိုးထိုး ပြနေပြီ။

အချုပ်မှာ ဒီသဏ္ဌာနပညတ်ရိပ်လေးကို မြင်အောင်သာ ရှုပေတော့၊ ရှေ့တက်တယ်၊ နောက်ဆုတ်တယ်ဆိုတာဟာ သဏ္ဌာနပညတ်ရိပ်ကို ပြတာပါ၊ ဒါဟာ ဣဋ္ဌ၊ အနိဋ္ဌ ဖြစ်နေသေးတယ်၊ ဘာ့ကြောင့်ဖြစ်နေတာသလဲဆိုတော့ သင်္ခါရက္ခန္ဓာလေးရှိနေလို့ပါ။

ကိုင်း....ရှေ့တကဏ္ဍတက်ကြစို့....။

ဒီသဏ္ဌာနပညတ်ရိပ်လေးကို ဘယ်လိုပယ်မလဲ ?

တနေ့က ဒီသဏ္ဌာနပညတ်ရိပ်ကို ပယ်ပုံမှာ ဒုက္ခကိုမြင်ရင် အနတ္တကိုထင်ပါတယ်လို့ ပြောတာက သဘာဝအနေနဲ့ ပြောတာပါ၊ ယခု လက်တွေ့အနေနဲ့ လုပ်ပြမှ (ဝါ) လုပ်ငန်းစဉ် အနေနဲ့ပြမှ အားထုတ်တတ်လာမယ်၊ ဒီတော့ လက်ဝါးပြင် လေးကို ဆုပ်တယ် ဖြန့်တယ်ဆိုတာ သဏ္ဌာနပညတ်ရိပ်ပေါ် ပြီး ဃနတ္တ၊ အနိစ္စ အနေနဲ့ ထွက်နေတယ်၊ ဒီထဲမှာ သင်္ခါရဟာ ဘယ် အနေနဲ့ရှိနေသလဲ၊ ဒါကို လိုက်ရှာရမယ်၊ သင်္ခါရဟာ ဒီနေရာ မှာ ကံမဖြစ်တော့ပါ။

ရှာပြမယ်၊ ပုံစံမှာကြည့်ပါ၊ အတီတသဘော နာမပညတ်၊ အနာဂတ်သဘော သဏ္ဌာနပညတ်ရှိနေလို့ သင်္ခါရဟာ ဇာတ် မသိမ်းသေးတာပါ၊ ဒါ့ကြောင့် မျက်တောင်ခတ်နေသေးတာ ပါ၊ ဒါ့ကြောင့် ဒီအတီတသဘော နာမပညတ်၊ အနာဂတ် သဘော သဏ္ဌာနပညတ်ကို ရှင်းရမယ်၊ ဒီနေရာမှာ ကာလကို မယူနဲ့တော့။

ကိုင်း–အတီတသဘော နာမပညတ်လေးဟာ၊ အနာဂတ် သဘော သဏ္ဌာနပညတ်လေးဟာ ဘယ်အနေနဲ့ ရှိနေကြသလဲ၊ ဒီတော့ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိကို မျက်ချေမပြတ်စေနဲ့လို့ ဆရာတော် ပြောလာခဲ့တယ် မဟုတ်လား၊ ဒီအတီတသဘော နာမပညတ်ဟာ ဘယ်အနေနဲ့ရှိနေသည်း ?။

ပြောပြမယ်၊ ဘယ်အနေနဲ့ရှိတယ်ဆိုတာကို မျက်စေ့အမြင် နဲ့ဘဲ ထောက်ကြည့်လိုက်စမ်းပါ၊ အသုံးအဆောင်တွေမှန်သမျှ နာမပညတ်တပ်ပြီး ခေါ်ဝေါ်နေတာဟာ တကာကြီးတို့ရဲ့ သညာဝိညာဏ်နဲ့တပ်ပြီးခေါ်တာလား၊ မဟုတ်ပါ၊ ဘယ်အချိန်

အခါထဲက ဘယ်သညာဝိညာဏ်သမားက မှည့်ခေါ်တာလဲဆိုတာ မသိပါ၊ မိမိရဲ့ သညာဝိညာဏ်နဲ့တပ်ပြီးခေါ်တာ တနည်းမှမရှိပါ၊ ဒီခေါ်ဝေါ်သုံးစွဲနေတဲ့ နာမပညတ်လေးကို အတိတ်သဘော နာမပညတ်လို့ ပြောတာပါ၊ ဒါဟာ ရှေ့က လူတွေ အမည်မှည့် ခေါ်ပြီး သွားတာကို အတိတ်သဘော နာမပညတ်လို့ ပြော တာပါ။

အနာဂတ်သဘော သဏ္ဍာနပညတ်ကျတော့ "ဥပမာ"နတ် ရုပ်ထုမယ်ဆိုရင်ဘဲ နတ်ပတ်တန်းဆာပလာတွေကိုပါ လုပ်လာ ရတယ်၊ ဒီလိုလုပ်လာမှ နောင်လာနောက်သားတွေ မှတ်မိလာ မယ် မဟုတ်လား၊ အဲဒီလို တွေးကြံပြီးလုပ်လာကာကို အနာဂတ် သဘော သဏ္ဍာနပညတ်လို့ခေါ်တာပါ၊ ဥပမာ ဘုရားရှင်ရဲ့ ရုပ်ပွားတော်ကို ကိုးကွယ်တာလဲ မိမိက ရှင်ဂေါတမဘုရားကို မမြင်ဘူးဘဲနဲ့ ပုံတော်အမျိုးမျိုးထုပြီး ကိုးကွယ်နေတာဟာ သဏ္ဍာနပညတ်တွေကိုကိုးကွယ်နေတာဘဲမဟုတ်လား၊ ဒီနာမနဲ့ သဏ္ဍာနပညတ်တို့ဟာ အတိတ်နဲ့ အနာဂတ်သဘောတွေပါ၊ ဒါကိုစွဲယူနေတာဟာ သီလဗ္ဗတပရာမာသ ဒိဋ္ဌိလို့ခေါ်တယ်။

ဒီအတိတ်သဘောနာမပညတ်နဲ့ အနာဂတ်သဘောသဏ္ဍာန ပညတ်တို့ မျက်တောင် ခတ်လိုက်တာကို သီလဗ္ဗတပရာမာသ ဒိဋ္ဌိဖြစ်လာတယ်၊ ဒီသီလဗ္ဗတ ပရာမာသဒိဋ္ဌိကို " ဂေါဝတ, ဂေါသီလ" အကျင့်လောက်သာ မကြည့်ပါနဲ့၊ (ဝါ) နွားလို စား, နွားလိုကျင့်တဲ့ အကျင့်မျိုးလောက်သာ မကြည့်ပါနဲ့၊ ဒီတော့ အတိတ်သဘော နာမပညတ်နဲ့ အနာဂတ်သဘော သဏ္ဍာန ပညတ်တို့မျက်တောင်ခတ်နေလို့ ဣဋ္ဌ, အနိဋ္ဌထွက်နေ တာပါ။

ကိုင်း....တရားခံကို ရှာလိုက်ပြီ၊ သတ်ဘို့ဘဲ ရှိတော့ဘယ်၊ ဒီအတိတ်သဘောနာမပညတ်နဲ့ အနာဂတ်သဘော သဏ္ဌာန ပညတ်ဟာရှာရခက်ပါတယ်၊ ဒီဟာကို "ပြုပြင်, နှိပ်စက်, ပူပန်, ဖေါက်ပြန်" ဒီ ၄-ချက်နဲ့သတ်လို့မရပါ၊ ဒါက ပဋိစ္စသမုပ္ပါဒ် ကြီးလည်တဲ့အခါမှပြဒါပါ၊ ဒါကကြမ်းတမ်းပါတယ်၊ အခုဒီနေ ရာမှာ ဝိညာဏက္ခန္ဓာကြီး မရှိတော့တဲ့အတွက်ကြောင့် ပဋိစ္စ သမုပ္ပါဒ်ဟာ အသွားအပြန်သောက်သာ ခတ်နေတော့တယ်။

ယခုတရားခံကနုံနေဘယ်၊ သတ်ဆေးက ကြမ်းတမ်းနေလို့ သတ်လို့မရပါ၊ဒါပေမဲ့ သဘာဝဆိုက်ဘာကျတော့ ဝိပရိဏာမ မှာဘဲဆိုက်ရပါတယ်၊ အခုဒီနေရာမှာ သဘာဝက ဘယ်လောက် သိမ်မွေ့နေသလဲ၊ ဇလ္လု့အနိဋ္ဌလေးလောက်သာ ရှိတော့တယ်၊ ဒါဟာ အပြန်အလှန်သောက်သာ ရှိတော့တယ်၊ ကံမချနိုင်တဲ့ သင်္ခါရလေး ရှိနေလို့ပါ၊ အပြန်အလှန် မဖြစ်ချင်သဘာဘဲ၊ ယခု ဒီနေရာမှာဝိပဿနာက သတ်လို့မရတော့ပါ၊ ဥက္ကောင်း ချဘာကတော့ သန္တိပဒ ၅-ချက်မှာ ဥက္ကောင်းချရပါတယ်။

ကိုင်း....ဘယ်လိုသတ်မလဲ ?

အတိတ်သဘောနာမပညတ်, အနာဂတ်သဘော သဏ္ဌာန ပညတ်တို့ဟာ တကာကြီး "ဦးဘိုးစွန်" ရဲ နှလုံးအိမ်ထဲမှာရှိနေ တယ်၊ ဒီဟာကို အနှစ်အသားအနေနဲ့ စွဲယူထားတာကို သီလဗ္ဗ တပရာမာသဒိဋ္ဌိလို့ခေါ်တယ်၊ ဒီကျအောင် ယူစေချင်ပါတယ်။

အဋ္ဌကထာဆရာကြီးတွေက "ဂေါစတုဂေါသီလ"လောက် သာဖွင့်ပြကြပါတယ်၊ ဒီအလေ့မှား အကျင့်မှားကြီးတွေဟာ ဘယ်ကစပြီး ဖြစ်လာရသလဲဆိုတော့ ဒီအတိတ်သဘော နာမ

ပညတ်နဲ့ အနာဂတ်သဘောသဏ္ဌာနပညတ် ဒီ ၂ ပါးကထွက်လာတယ်ဆိုတာကို တွေ့ရပါတယ်၊ ဒါ့ကြောင့် သီလဗ္ဗတပရာမာသဒိဋ္ဌိကို ဒီကျအောင် ယူစေချင်ပါတယ်၊ သောတာပန်ဖြစ်သွားရင်ဘဲ ဒီဟာတွေအားလုံးကို ပယ်လိုက်ပြီ။

ဒီတော့လူတွေမှာ အသက်အန္တရာယ်၊ အရှက်အန္တရာယ်၊ စည်းစိမ်ဥစ္စာအန္တရာယ်ဆိုပြီး ၃-မျိုးရှိတဲ့အနက်မှာ သောတာပန်ပုဂ္ဂိုလ်ဟာ အသက်အန္တရာယ်သာ ကာကွယ်သော့တယ်၊ အရှက်နဲ့စည်းစိမ်ဥစ္စာအန္တရာယ်ကို မကာကွယ်တော့ပါ၊ အန္ဓတွေကျတော့ ၃-ချက်လုံးကာကွယ်နေသေးတယ်၊ သောတာပန်ပုဂ္ဂိုလ်မှာ ဘာ့ကြောင့်အသက်အန္တရာယ်ကို ကာကွယ်နေသေးတာလဲဆိုတော့ သူတို့မှာ အထက်မဂ်ရအောင်ဆိုတဲ့ ဆန္ဒရာဂလေးရှိနေသေးတယ်၊ ဒါ့ကြောင့်အသက်အန္တရာယ်ကို ကာကွယ်နေသေးတာပါ၊သူများက ဘာဘဲပြောပြော သည်းခံခနိုင်ပြီ၊သူများကရိုက်ရအောင်လာရင် သူကအရင်ကာကွယ်ဦးမယ်၊ ရဟန္တာကျတော့မှ ဘယ်လိုမှပြန်မလုပ်တော့ဘဲ သူများပြုသမျှခံနေတော့တယ်၊ ဒါကိုမြင်အောင်လို့ အခုပြောနေတာပါ။

ယခုဝိပဿနာကသတ်တာက ကြမ်းနေတယ်၊ တရားခံကနူးနေတယ်၊ ဒီတော့ သတ်ဘိုရာဘာ့ယ်ကိုတင်မလဲ၊ အနတ္တလက္ခဏာသုတ်အဆုံးပိုင်းကိုတင်ရမယ်။

တသ္မာတိဟ ဘိက္ခဝေ ယံကိဉ္စိ ရူပံ အတီတာနာဂတ
ပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ
ဟီနံဝါ ပဏီတံဝါ ယံဒူရေ သန္တိကေဝါ၊ သဗ္ဗံ ရူပံ
နေတံမမ၊ နေသော ဟမသ္မိ၊ နမေသော အတ္တာ၊ ဧဝ
မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ဒီလိုပြလာတဲ့ ခုံရုံးကိုတင်ရမယ်၊ ဒီခုံရုံးကိုတင်ရင် ဘယ်သဘာဝနဲ့ညီညွတ်သလဲဆိုတာကို ပြောပြမယ်။

အတွင်းအပြင်လို့ ခေါ်တာနဲ့ ဆုပ်တယ် ဖြန့်တယ်လို့ပြောတာဟာ အတူတူဘဲ၊ အဘင်းအပြင်ဆိုတာဟာလဲ သူ့ငါစွဲ ငါ့သူစွဲပြီး ပေါ်နေတာဘဲ၊ ဒါဟာ အတိတ် အနာဂတ်သဘောတွေရှိနေလို့ပါ၊ ပစ္စုပ္ပန်သဘောကတော့ မရှိတော့ပါ၊ ဒါကို အနုတ္တလက္ခဏာသုတ်ကိုဟောတုံးကအာရမ္မဏိကသဘောမရှိဘော့ ပါ၊ အာရုံသဘောမျှသာရှိတော့တယ်လို့ပြောလာခဲ့ပါတယ်။

ယနေ့လို မျက်းတောင်ခတ်နေတာဟာ သေမလို့မျက်တောင် ခတ်နေတာပါ၊ တဖန်ပြန်ဖြစ်မလို့ (ဝါ) တဖန်ပြန်ရှင်မလို့ မျက်တောင်ခတ်နေတာမဟုတ်ပါ၊ ဒီလိုဟောလာခဲ့တယ် မဟုတ်လား၊ အသက်ထွက်ခါလို့မျက်တောင်ခတ်နေတာကို ဝိပဿနာက သတ်သလို "ပြုပြင်နိုပ်စက်ပူပန်ဖေါက်ပြန်"နဲ့ သတ်လို့မရပါ၊ ဒါက ဝိညာဏက္ခန္ဓာကြီးရှိနေတဲ့ ပဋိစ္စသမုပ္ပါဒ်ကို သတ်တာပါ၊ အခုသတ်ရမှာက အနုတ္တလက္ခဏာသုတ် နောက်ဆုံးပိုင်းခုံရုံးကို တင်ပြီးသတ်ရတော့မယ်။

ယခု ဒီနေရာမှာ အာရမ္မဏိက သဘောမရှိဘော့ပါ၊ အာရုံ ရိပ် သညာရိပ် အကျိုးရိပ်လေးမျှသာ ရှိတော့တယ်၊ သူ့မှာ မျက်တောင်ခတ်နေပြီ၊ သေတော့မယ်၊ သေသွားရင် နိဗ္ဗာနဓာတ် ကိုမြင်ရပြီ၊ ယခုမျက်တောင်ခတ်နေတာကို မသိတဲ့သူတွေက တဖန်ပြန်ရှင်အုံးမယ်လို့ ထင်နေကြတယ်၊ သူ့မှာထောက်ခံတဲ့ ပစ္စုပ္ပန်သဘောမရှိဘော့ပါ၊ ပစ္စုပ္ပန်သဘောထောက်ခံပြီး မျက် တောင်ခတ်တာက....

ဥပမာ.... လတက်ရေပုဂံလေးမှာ နာမနဲ့သဏ္ဍာန ပညတ် မျက်တောင်ခတ်နေတာမျိုးပါ၊ သူကပြန်ရှင်မှလို့ မျက်တောင်

ခတ်တာမျိုးပါ၊ ယခုမျက်တောင်ခတ်တာက ပြန်မရှင်တော့ပါ၊ သေတော့မယ်၊ ဘာ့ကြောင့်လဲ၊ သူတို့မှာထောက်ခံတဲ့ ပဋိပ္ပန္န သဘောပရမတ်မရှိတော့ပါ၊ ပညတ်သာလျှင်ရှိတော့တဲ့အတွက် ကြောင့်ပါ၊ ဒါဟာအာရုံရိပ်၊ သညာရိပ်၊ အကျိုးရိပ်လေးသာ ကျန်နေတော့တယ်၊ ဒါကို သတ်လိုက်တာနဲ့ သေတော့မယ်၊ သတ်ဆေးထုတ်ဆိုရင် " ယံကိဉ္စိ ရူပံ ( လ ) ဒဋ္ဌဗ္ဗံ " လို့ပြသာ ပါတယ်။

ဘယ်လိုရှာမလဲဆိုတော့ " နေတံ မမ၊ နေသောဟမသ္မိ၊ န မေသောအတ္တာတိ" လို့ဟောလာပါတယ်၊ ဒီတော့ အနတ္တလက္ခ ဏသုတ်အလယ်ပိုင်းမှာတုံးကတော့ "တေံမမ၊ သောဟမသ္မိ၊ သော မေအတ္တာတိ" လို့ဟောလာတယ်၊ ဘာ့ကြောင့်ဒီလို ဟောလာသလဲ၊ အဲဒီလိုဟောလာတာက အာရမ္မဏိကသဘော ရှိနေသေးလို့ "တေံမမ၊ သောဟမသ္မိ၊ သောမေအတ္တာတိ" လို့ဟောလာတာပါ။

ယခု အနတ္တလက္ခဏသုတ် အဆုံးပိုင်း ယခုဒီ[illegible] အာရမ္မဏိကတသဘောမရှိတော့လို့ ' နေတံမမ၊နေသောဟမသ္မိ၊ နမေသောအတ္တာတိ ' လို့ နဲ့ သဒ္ဒါမြစ်ပြီး တချက်ထဲဟောချ လာတယ်၊ ဒါဟာ အကျိုးရိပ်၊ သညာရိပ်၊ [illegible]လေးမျှသာ ရှိတော့လို့ မစစ်တော့ဘဲ တချက်ထဲနဲ့ ပုဒ်တွေခံပြီးထိုးချလိုက် တယ်၊ ဒီတော့မှ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတွေပြုတ်ပြီး သန္တိ ပဒ ၅-ချက်ထွက်လာတယ်၊ ယခုဘုရားခံကိုလဲ အနတ္တလက္ခဏ သုတ် အဆုံးပိုင်းကို တင်ပြီးသတ်မှ တချက်ထဲသေမယ် နက်ဖြန် ကျမှသတ်ပြမယ်၊ သန္တိပဒ ၅-ချက်ထွက်ပုံကိုပါ ပြောပြမယ်။

ကိုင်း....သာဓုခေါ်ကြပါတော့၊

သာဓု....သာဓု....သာဓု။

သီတင်းကျွတ်လဆန်း (၁၀)ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၃၂)

ဒီတော့ ယခု သန္ဓိပဒ ၅-ချက်၊ သန္ဓိ-ဆိုတာက ငြိမ်းဘော ပါ၊ ပဒ-ဆိုတာက အကြောင်းကိုလဲ ဟောတယ်၊ နောက် နိဗ္ဗာန် လို့လဲဟောတယ်၊ ဒီတော့ အာဒီနဝဉာဏ်ကနေအပြစ်ကိုရှာတဲ့ အခါမှာ သန္ဓိပဒ ၅-ချက်ကို လာတွေ့တယ်၊ ဒီတော့ သတ္တာဝါ တွေမှာ အာရုံနဲ့တွေ့တဲ့အခါမှာ မျက်စေ့အကြည်ရိုပ်ထဲမှာ ရှိတဲ့ သဏ္ဌာနပညတ်ရိပ်လေးက မျက်တောင်ခတ်လိုက်တာနဲ့ (ဝါ) ဣဋ္ဌ,အနိဋ္ဌ အနေနဲ့ မျက်တောင်ခတ်လိုက်တာနဲ့ ကိလေ သာတွေ ထွက်လာတယ်၊ ဒီတော့ ဝိညာဏက္ခန္ဓာ သန္တတိပညတ် အသိသဘော, သင်္ခါရက္ခန္ဓာ သမူဟပညတ် အမြင်သဘော, သညာက္ခန္ဓာ သဏ္ဌာနပညတ် အကြည်သဘော, ဝေဒနာက္ခန္ဓာ နာမပညတ် အဆင်းသဘောဆိုပြီး ခန္ဓာ ၄-ပါး, ပညတ် ၄-ပါး, ဓမ္မ ၄ ချက်ဆိုပြီး သူ့သဘာဝလေးတွေနဲ့သူ ဖြစ်လာတယ်။

ယခု အကြည်ရိုပ်ထဲမှာရှိတဲ့ သဏ္ဌာနပညတ်ရိပ် ဣဋ္ဌ,အနိဋ္ဌသာ ဇာတ်သိမ်းသွားရင် ကိလေသာတွေ မဖြစ်တော့ပါ၊ ဣဋ္ဌ,အနိဋ္ဌ အခြေခံရမှ သုခဝေဒနာ, ဒုက္ခဝေဒနာတွေ ဖြစ်လာပြီး တဏှာ, ဥပါဒန်,ဘဝတွေ ဖြစ်လာတော့မယ်၊ ဒီတော့ ကိလေသာဟာ ဘယ်ကစပြီး ထောက်လာသလဲဆိုရင် အကြည်ဓာတ်မှာရှိနေတဲ့ သဏ္ဌာန ပညတ်ရိပ်ကစပြီး ထောက်လာတာပါ၊ ဒီ သဏ္ဌာန ပညတ်ရိပ်ကိုမြင်အောင် ဘုရားရှင်က "အတီတ္တန္တေ ပဋိက္ကန္တေ သမ္မဇာနကာရီ ဟောတိ" လို့ ပြလာတာပါ။

ဓမ္မစကြာနည်းနဲ့ဆိုရင် အဆင်းနဲ့အကြည် ၂-ပါးဆုံလိုက်တဲ့ အခါမှာ အကြည်ဓာတ်မှာရှိနေတဲ့ နာမ်သဏ္ဌာန် အရိပ်လေးက ရူပ၊အနိဋ္ဌအနေနဲ့ မျက်တောင်ခတ်လိုက်တော့မှ ကိလေသာ တွေ ပွထလာတာပါ၊ အာနာပါန တတိယ တံခါးပေါက်ကို ဟောတဲ့အခါမှာ အရောင်၊ အဆင်း၊ အလင်း၊ အကြည်တို့မှာ အဆင်းဆိုတာ သဏ္ဌာန်ပါ၊ ဒါကို နာမ်သဏ္ဌာန်ဘဲလို့ ဟောလာ ခဲ့ပြီဘဲ မဟုတ်လား။

ဒီတော့ မျက်စေ့အကြည်က တဏှာမဖြစ်နိုင်ပါ၊ ဝိညာဏ် ကြီးထဲရောက်သွားမှ ဖြစ်နိုင်ပါတယ်၊ မျက်စေ့အကြည်က မျက်တောင်ခတ်ရုံသာရှိပါတယ်၊ ဒါကို ဒုတိယတံခါးမှာ ပစ္စုပ္ပန် သညာလို့ပြလာတယ်၊ အဆင်း၊အကြည်၊အမြင် ဒီ၃ ပါးဟာလဲ ပစ္စုပ္ပန်သညာဘဲ၊ ဒီကနေ မနောဝိညာဏ်ကြီးထဲကိုဝင်တဲ့သညာ ကျတော့ မနောသင္ခတနာလို့ပြလာပါတယ်၊ ဒါဟာ အဘိဓမ္မာ ဘာဇနီယနည်းအနေနဲ့ အဋ္ဌကထာဆရာကြီးတွေ ဖွင့်ပြသွား တာပါ။

ဒီတော့ ဆုံလိုက်တဲ့ သညာလေးမှာ အတိတ်၊အနာဂတ်ဟိတ် လေးရှိနေလို့ ရူပ၊အနိဋ္ဌအနေနဲ့လဲ ခတ်လိုက်ရော ပစ္စုပ္ပန် သပ္ပဋိဃသညာမှာ ဗျာပါဒ ၂-ခုရှိတယ်၊ ဒီကနေ မနောဝိညာဏ် ကြီးကို မနောသင္ခတနာအနေနဲ့လဲ ငုံလာတယ်၊ ဒီတော့မှ သုခ ဝေဒနာ၊ ဒုက္ခဝေဒနာတွေ ဖြစ်လာတာပါ၊ မပို့ဘဲနဲ့ သူ့ဟာသူ နေရင် စက္ခုသမ္ဖဿလို့ ဘုရားရှင်က ဟောလာတယ်၊ မနော သင္ခတနာ အနေနဲ့ မနောဝိညာဏ်ကြီးထဲ ပို့လိုက်မှ သုခ ဝေဒနာ၊ ဒုက္ခဝေဒနာအနေနဲ့ ခံစားလာတော့မယ်၊ ဒီတော့ လောဘ၊ ဒေါသ၊ မောဟတွေ ဖြစ်လာတယ်၊ အန္တတွေမှာ

ဒီအတိုင်းဘဲ ရှိနေကြတယ်. ဒါဟာ အကြည်ခံတတ်မှာရှိနေတဲ့ သဏ္ဌာနပညတ်ရိပ်လေးက ဣဋ္ဌအနိဋ္ဌအနေနဲ့ မျက်တောင်ခတ်လိုက်တဲ့အတွက် ဖြစ်လာတာပါ၊ ဒါကို မြင်အောင်လို့ဘုရားရှင်က "အဘိက္ကန္တေ ပဋိက္ကန္တေသမ္ပဇာနကာရီ ဟောတိ' လို့ဟောကြားလာတာပါ၊ ဒါက ကိလေသာဖြစ်ပုံပါ။

နောက် ဥရုနင်ဋ္ဌ ရှင်ယောင်တထောင်ကို ဟောကြားတာကျတော့ "အာဒိတ္တပရိယာယသုတ်" ကိုဟောကြားလာတယ်၊ ဒါဟာလဲကိလေသာဖြစ်ပုံကို အခြေခံထားပြီး ဟောကြားလာတာပါ၊ ယခုပြလိုက်တဲ့သဘာဝတွေကိုမြင်ရင် ကိလေသာတွေဟာ တဖြေးဖြေးနဲ့ ခေါင်းပါးလာတော့မယ်၊ ဒီမျက်တောင်ခတ်နေတဲ့ သဏ္ဌာနပညတ်ရိပ်ကိုလဲ သတ်လိုက်ရော အာဒီနဝဉာဏ်က သန္တိပဒ ၅ ချက်ကိုမြင်လာရပြီ၊ ဒီတော့ "ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနံ၊ ဥပ္ပါဒေါ ဘယံ၊ အနုပ္ပါဒေါ ခေမံ" လို့ လဲဟောကြားလာပါသေးတယ်၊ ဒီသဘာဝတွေကို မြင်လာရင် ၃၁-ဘုံကြီးမှာ ဘယ်သဘာဝမဆို ပုပြင်တဲ့သဘောက မလွတ်ပါလို့ မြင်လိုက်ရင် မပုပြင်တဲ့သဘောကို ပြေးကြည့်လာတယ်၊ ဒီတော့မှ သန္တိပဒ ၅-ချက်ကိုမြင်လာမယ်။

သင်နည်းမှတ်ချက်။
သန္တိပဒ ၅-ချက်ပေါ်ပုံ။

၁။ အနာယူဟန = ၂၉-ပါးသော ကံတို့ကို အားမထုတ်ခြင်းသဘော။

၂။ အပ္ပဝတ္တ = ပဋိသန္ဓိဝမ္ပါဒ်အတိတ်အကြောင်းစက်၏ မဖြစ်ခြင်းသဘော။

၃။ အနုပ္ပါဒဓမ္မ = ပစ္စုပ္ပန် အကျိုးစက်၏ မဖြစ်ခြင်းသဘော။

၄။ အနိမိတ္တဓမ္မ = ပစ္စုပ္ပန်အကြောင်း စက်ခေါ်ကံမျိုးစေ့တို့၏ သုဉ်းဆိတ်ခြင်းသဘော။

၅။ အပဋိသန္ဓိကဓမ္မ = အနာဂတ် အကျိုးစက်ဖြင့် တဖန် ပဋိသန္ဓေကို မဖြစ်ခြင်းသဘော။

ဒီ ၅-ချက်ဟာ အနာယူဟနက စပြီးဖြစ်လာတာပါ၊ ၂၉-ပါးသောကံတွေကို အားထုတ်နေတာသည်ပင် ဒုက္ခသစ္စာကြီးဖြစ်လာအောင် (ဝါ) ပဋိစ္စသမုပ္ပါဒ်ကြီးလည်အောင် အားထုတ်နေတာကဲ့ဟုတ်လား၊ ဒါဟာ အန္ဓတွေလုပ်တဲ့ ၂၉-ပါးသောကံတရားတွေကို ဆိုလိုတယ်၊ ဒီတော့ အန္ဓဘဝကနေပြီး ကလျာဏဖြစ်အောင် ကြိုးစားရမယ်၊ ကလျာဏကနေ စူဠသောတာပန်ဖြစ်လာအောင်, နောက်မဟာသောတာပန် ဖြစ်လာအောင်ကြိုးစားရမယ်၊ မဟာသောတာပန်ဖြစ်သွားရင် ၂၉-ပါးသောကံတွေမဖြစ်တော့ပါ။

ဒီတော့ ဒီနေ့ရာမှာ ပြဿနာတချက်ထွက်လာမယ်၊ ဝိသာခါကျောင်းအမကြီးဟာ ဆု ၈-ချက်တောင်းပြီး အသက်ထက်ဆုံး လှူဒါန်းသွားတယ်၊ ဒီဝိသာခါ ကျောင်းအမကြီးဟာ ဘယ်လိုကြောင့် အားထုတ်နေသေးသလဲ၊ ယခုအနာယူဟန-၂၉-ပါးသောကံတွေကို အားမထုတ်ရဘူးဆိုရင်ဝိသာခါဟာဘာ့ကြောင့် ဆု ၈-ချက်ကို လှူဒါန်းနေရတာလဲ၊ ယခုပြောတာဟာ တကာကြီး "ဦးဘိုးစွန်" အတွက်ပြောနေတာပါ။

ဒီတော့ သဒ္ဓါလွန်တော့ တဏှာဖြစ်တယ်၊ ဝိရိယလွန်တော့ ကောသဇ္ဇဖြစ်တယ်၊ သမာဓိလွန်တော့ ဥဒ္ဓစ္စဖြစ်တယ်၊ ပညာလွန်တော့ ကိဋ္ဌာရိပက္ခကောက်ကျစ်တယ်လို့ သောဏသူဌေးသားကို ဘုရားရှင်ဟောကြားလာပါတယ်၊ဒီတော့တကာကြီး "ဦးဘိုးစွန်" ဟာ အစဉ်အတိုင်းနဲ့ ဝိပဿနာဉာဏ်ကို တက်လာတော့ ပညာလွန်သွားရင် ဒီအနာယူဟာနကိုယူပြီးတော့ ၂၉ ပါးသောကံတွေကို အားမထုတ်တော့ဘဲပယ်လာတော့မယ်၊ ဒီလိုပယ်လာတာကို ကိဋ္ဌာရိပက္ခ - ကောက်ကျစ်စဉ်းလဲလာတယ်လို့ ပြောတာ။

ဒီတော့ ဒီလိုမဖြစ်ရအောင် ဝိသာခါ ကျောင်းအမကြီးဟာ ဒီ ဆု ၈-ချက်တောင်းပြီး လှူဒါန်းတာဟာ လူနတ်ဗြဟ္မာစည်းစိမ်ချမ်းသာတွေကိုလို၍ ဒီ ကုသိုလ်ကို ပြုတာမဟုတ်ပါ၊ ဒီတော့ ဝိသာခါကျောင်းအမကြီးကို ဘုရားရှင်က "ချစ်သမီး ဝိသာခါ သင်တောင်းတဲ့ဆုဟာ ရှေးရှေးသော ဘုရားရှင်တွေ ရော ပေးနိုင်တဲ့ သဘောတရားရှိသလား၊ နောက် ငါဘုရားရှင် ရော ပေးနိုင်ပါသလား၊ နောက် သင်တောင်းတဲ့ဆုဟာ ဘာကို လို၍ တောင်းသလဲ" လို့ ဘုရားရှင်ကမေးတဲ့အခါမှာ ဝိသာခါ ကျောင်းအမကြီးက "အရှင်ဘုရား တပည့်တော် တောင်းတဲ့ ဆုဟာ ရှေးဘုရားရှင်တွေရော, အရှင်ဘုရားရော ပေးနိုင်တဲ့ဆု ဖြစ်ပါတယ်ဘုရား၊ နောက် ဒီ ဆု ၈-ချက်ကို တပည့်တော် တောင်းတာဟာ အရှင်ဘုရား၏ သာသနာတော်ကြီးဟာ အရှည်ရှည်စွာ တည်ပါစေခြင်းအကျိုးငှါ,သာသနာ့ဝန်ထမ်းရှင်ရဟန်းတွေမှာလဲ စိတ်ချမ်းသာ, ကိုယ်ချမ်းသာနဲ့ မဂ်တရား,ဖိုလ်တရားကို လွယ်ကူစွာ အားထုတ်နိုင်ပါစေခြင်းအကျိုးငှါ၊ ဒီဆု ၈-ချက်ကို တပည့်တော် တောင်းပါတယ်ဘုရား" လို့ လျှောက်တော့မှ ဘုရားရှင် ခွင့်ပြုတော်မူတယ်။

ဒီတော့မှ ဘုရားရှင်က အနုမောဒနာပြုပြီး " သင်တောင်းတဲ့ ဆုဟာ အထက်မဂ်တို့ကို လွယ်ကူစွာတက်နိုင်မယ် " လို့ အမိန့်ရှိတော်မူပါတယ်၊ ဒီလိုပြလာတဲ့ကုသိုလ်ဟာ ကံမဖြစ်တော့ဘဲ ပါရမီကုသိုလ်မျိုး အနေနဲ့ ဖြစ်သွားပြီ၊ ဒီလိုကုသိုလ်မျိုးကို မပယ်ကောင်းပါ၊ (ဝါ) ပယ်လို့မရပါ၊ ဒါတွေကိုပယ်လိုက်ရင် အဲဒါ ကိဋ္ဌာဒိုပက္ခ - ကောက်ကျစ်လာတော့မယ်၊ ဒါ့ကြောင့် ဒီသဘာဝတွေကို သတိထားပြီး အထူးဆင်ခြင်ကြပါ၊ဒါ့ကြောင့် ဒါန သီလတွေကို အရိယာသူတော်ကောင်းတွေဟာ ဘယ်အနေနဲ့ပြုကြတယ်, အန္ဓတွေဟာ ဘယ်အနေနဲ့ပြုကြတယ် ဆိုတာကို နားလည်ရမယ်။

ယခု တကာကြီး " ဦးဘိုးစွန် " ဟာ ဥဒယဗ္ဗယဉာဏ်ကို ရောက်အောင် ပါရမီကုသိုလ်ကို အားထုတ်ရမယ်၊ နောက် ဥဒယဗ္ဗယဉာဏ်ရဲ့အထက်ကိုလဲ ဒီပါရမီကုသိုလ်တွေနဲ့ စပ်ပြီး တော့ အားထုတ်ရမယ်၊ ဘာ့ကြောင့်လဲ၊ဘကာကြီး "ဦးဘိုးစွန်" မှာ အသက်အရွယ်ကြီးရင့်ပြီဖြစ်တဲ့အတွက် ဒီလိုပါရမီကုသိုလ်နဲ့ ယှဉ်ပြီး တက်ရတော့မယ်။

ကိုင်း....ဣဋ္ဌ အနိဋ္ဌကို ဘယ်လိုဖြတ်မလဲ၊ ဒီတော့ အနတ္တလက္ခဏာသုတ်အဆုံးပိုင်းကို ဝင်ရတော့မယ်၊ ဒီတော့....ဣဋ္ဌ-အတိတ်သဘော နာမပညတ်, အနိဋ္ဌ-အနာဂတ်သဘော သဏ္ဌာန ပညတ်မှာ ဘယ်ဒိဋ္ဌိကပ်နေသလဲဆိုတာကို မြင်အောင်ကြည့်ပြီး တချက်ထဲသတ်ပြမယ်၊ အတိတ်,အနာဂတ် ၂-ပါးပေါင်းတာကို ပစ္စုပ္ပန်လို့ ငါခေါ်တယ်၊ နောက် ပစ္စုပ္ပန်ကြောင့်လဲဘဲ အတိတ် အနာဂတ်ဟာပေါ်ပြန်တယ်၊ ယခု ဒီနေရာမှာက ပစ္စုပ္ပန်ထီးထီး လေးအနေနဲ့ မရှိတော့ပါ၊ ဘာ့ကြောင့်လဲ၊ ဝိညာဏက္ခန္ဓာကြီး ဇာတ်သိမ်းသွားတဲ့အတွက်ကြောင့်ပါ။

ယခု ဒီနေရာက ခန္ဓာလေးတွေဟာ အတိတ်၊ အနာဂတ် သဘောသားရှိတော့တယ်၊ သံသရာ လည်တယ်ဆိုတာ အဝင်၊ အထွက်ရှိမှ အဝင်သဘောက အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အထွက်သဘောက ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ ဒီ ၂-ပါးရှိမှ သံသရာလည်လို့ ရပါတယ်၊ ယခုဒီနေရာမှာ ဖော်ပြသော ပစ္စုပ္ပန်မရှိတော့ပါ၊ ဒီသဘာဝတွေကို ဉာဏ်စဉ်အနေနဲ့ သွင်းကြည့်ရမယ်၊ ယခု ဒီနေရာမှာ ဇကျိုးထဲမှာရှိနေတဲ့ ယည်းမျိုးလေးပါ၊ ဒီတော့ ခေတုမနသိကာရ အပိုင်းက ဝိညာဏက္ခန္ဓာကြီးကို သတ်ခဲ့တဲ့အတွက် ပရမတ္ထသဘာဝတွေဟာ အနတ္တဖြစ်ကုန်ပြီ၊ ဒီသဘာဝတွေကို ဉာဏ်ကုန်နိုက်နိုင်ရင် အနာဂါမိမဂ်မှာ ဥက္ကောင်းကျနိုင်ပါတယ်၊ ဉာဏ်ကုန် မနိုက်နိုင်လို့ သာအောက်မဂ်မှာ ဥက္ကောင်းချရတာပါ။

ဒီတော့အောက်မဂ်ကနေ အထက်မဂ်ကို တက်ချင်ရင် ပညာမြင် ဥဒယဗ္ဗယကနေပြီး ပြန်ကိုင်လာပါကလည်း၊ အောက်ဉာဏ်တွေကို မကိုင်တော့ပါ၊ ဒါဟာသတိပေးတာပါ၊ သကဒါဂါမိမဂ်ပုဂ္ဂိုလ်ကျတော့ ပညာမြင်အနိစ္စဉာဏ်၊ အနာဂါမိပုဂ္ဂိုလ်ကျတော့ ပညာမြင်ဒုက္ခဉာဏ်၊ ရဟန္တာကျတော့ ပညာမြင်အနတ္တဉာဏ်ထဲအထိဆင်းကြပါတယ်။

ယခုအတိတ်၊ အနာဂတ်မှာ ပရမတ်သဘောဟာ ဒ ကျိုးတရားရဲ့ အဆင်းရိပ်လောက်သာ ရှိတော့တယ်၊ ဘာရယ်လို့မရှိတော့ပါ ယခုအထွက်သဘောလုံးဝမရှိတော့ပါ၊ အဝင်သဘောသာရှိတော့တယ်၊ ယခုဝိညာဏ်သဘော မရှိတော့ပါ သညာသဘောသာရှိတော့တယ်၊ နောက်တဏှာသဘော မရှိတော့ပါ၊ အဝိဇ္ဇာသဘောသာ ရှိတော့တယ်၊ ဒ ကျိုးသဘောသာ ရှိတော့

တယ်၊ အကြောင်းသဘောဟူက မြူမျှမရှိတော့ပါ၊ အားလုံးဖြတ်ချလိုက်ပြီ။

သဘာဝနယ်ကို ပိုင်လာရင်ဘဲသဘာဝတရားဟာဘာဖြေးဖြေးလုပ်ရင်းကိုင်ရင်းဘဲမြင်လာပြီ၊ အားနာပါနမလုပ်ဘဲနဲ့ ၅-နှစ်လောက်နဲ့ ဥဒယဗ္ဗယဉာဏ်ကို တက်နိုင်လာပြီဆိုတာကို ဝန်ခံနိုင်ပါတယ်၊ ဒီတော့ သဘာဝတရားကသာ နိဗ္ဗာန်သို့ပို့ပါတယ်ဆိုတာကို ဂါထစ်ကျမှတ်ထားပါ၊ ဒါ့ကြောင့်သဘာဝကို ဘယ်သောအခါမှ လက်မလွှတ်ပါနဲ့၊ ယခုပယ်သတ်တဲ့ အခါမှာလဲ သဘာဝနည်းဖြင့်သာပြသွားပါမယ်။

ယခုအာဝင်သဘောမှာ အတိတ်နဲ့အနာဂတ်, နာမနဲ့သဏ္ဌာန ပညတ်သာရှိတော့တယ်၊ ဒီအတိတ်အနာဂတ်အာရုံတွေဟာ နှိုင်းယှဉ်ကြောင်းအနေနဲ့ ပါလာမှ ဣဋ္ဌ, အနိဋ္ဌအနေနဲ့ တွက်လို့ရပါတယ်၊ ယခုဒီနေရာမှာ အတိတ်အနာဂတ် ၂-ပါးပေါင်းနေတဲ့ သဘောသာရှိဘဲအတွက် ပစ္စုပ္ပန်ပရမတ်သဘောဟာ ချုပ်မဲ့အကျိုးရုပ် အခြေအနေလောက်သာ ရှိတော့တယ်၊ သေတော့မယ်၊ ဒီအနေမျိုးရှိတာလေးကို တကာကြီး "ဦးဘိုးစွန်" လို့ချင်တာက မြန်မြန်ချုပ်မှုဘဲလိုချင်တယ်။

ယခုအတိတ်နဲ့ အနာဂတ် မျက်တောင်ခတ်နေတဲ့ အတွက် သေမဲ့ (ဝါ) ချုပ်မဲ့ပရမတ်က မချုပ်သေးဘဲ နိဗ္ဗာနဓာတ်ကိုသာ လက်ညှိုးထိုးပြနေသေးတယ်၊ မငင်နိုင်သေးပါ၊ ဒီနေရာမှာ ပညာဖြင့် ဝင်ကြည့်လိုက်ရင် တချက်ထဲသေသွားမယ်၊ ဒီတော့ ပရမတ်သဘောကို အနုတ္တအနေနဲ့မြင်အောင်ကြည့်ပါ။

ဒီအကျိုးရုပ်လေးဟာ နာမနဲ့သဏ္ဌာန်ပညတ် မျက်တောင်ခတ်နေလို့ မချုပ်သေးတာပါ၊ ဒီချုပ်မဲ့အကျိုးစက်လေးကို အဝသာတ္တနုအနုတ္တသဘောအနေနဲ့ မြင်အောင်ကြည့်ပါ၊ ဒီက

နေ နိဗ္ဗာန်ခတ်ကို ဝင်တော့မယ်၊ ဒီသဘာဝတွေကို မြင်ရင် တနေ့မှာလိုရာရောက်မှာဘဲ၊ ဘယ်လောက်ပင် သစ်ငုတ်တိုဟာ ခိုင်ခံ့သော်လဲ တိုက်ပါများလာရင် လှုပ်မှာဘဲ၊ ပညာနဲ့သာ ဆေးရင် တကယ်ပြောင်လာပါတယ်။

နာမပညတ်အတိတ်သဘော၊ သဏ္ဌာနပညတ်အနာဂတ်သဘော၊ ဒီ ၂-ခုပေါင်းပြီးညာနေတဲ့ ပစ္စုပ္ပန်၊ဒီ ၃-ကောင်ကိုခွဲလိုက်တော့ ဒီဟာတွေဟာ ပညတ်တွေဘဲ၊ ဒီနေရာမှာ ချုပ်မဲ့အကျိုးအစဉ် ပရမတ်သဘောနဲ့ ပညတ်တရားဟာ နှောက်ဆုံးခွဲခြင်းဘဲ။

ဒီတော့ အတိတ်သဘောသဿတဒိဋ္ဌိ၊ အနာဂတ်သဘော ဥစ္ဆေဒဒိဋ္ဌိ ဒီ ၂-ပါးပေါင်းနေတဲ့ ပစ္စုပ္ပန်ကျသော့ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ဒီ ၃-ချက်ကို ဘုရားရှင်က "ဇော၊ ဤအတိတ်သဘောနာမပညတ်သဿတဒိဋ္ဌိသည်။ နမမ၊ ငါ၏ဥစ္စာမဟုတ်ပါတကား" လို ပရမတ်မရှိတဲ့ပညတ်ကို တချက်ထဲထိုးချလိုက်တယ်၊ ပရမတ်ရှိနေရင်ဒီလိုပြောလို့မရပါ၊ ယခုပရမတ်သဘော မရှိတဲ့အတွက်ကြောင့် တချက်ထဲထိုးချလိုက်ပြီ။

"ဘော၊ ဤအနာဂတ်သဘော ဥစ္ဆေဒဒိဋ္ဌိ သဏ္ဌာနပညတ် ရုပ်သော့သည်။ အဟံ နအသ္မိ၊ ငါမဖြစ်ပါတကား။ ဘော၊ ဤပစ္စုပ္ပန်သဘောဖြစ်တဲ့ သဿတ ဥစ္ဆေဒဒိဋ္ဌိ အတိတ်အနာဂတ် ပေါင်းချထားတဲ့သဘောသည်။ မေ၊ ငါ၏။ နအတ္တာ၊ အစိုးမရ၊ အလိုသို့ မလိုက်ပါတကား" လို့ တချက်ထဲ ထိုးချလိုက်တယ်၊ ဒါတော့မှ အကျိုးသဘောအစဉ်လေးကို ဒုက္ခလို့ ရှုလာရတော့တယ်။

ကိုင်း....သာဓု ခေါ်ကြပါတော့။

သာဓု....သာဓု....သာဓု။

ဤတွင်အသမ္မောဟသမ္ပဇညအပိုင်းလုပ်ငန်းစဉ်ပြီးပြီ။

ပုံစံနံပါတ် (၃၃)



သီတင်းကျွတ်လဆန်း (၁၁) ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၃၃)

မဟာသတိပဋ္ဌာန်တရားတော်ကြီးကို လုပ်ငန်းစဉ်ဖြင့်ဝေဘန် လိုက်တဲ့အခါမှာ သတိပဋ္ဌာန် ၄-ပါးလို့ပင် ဟောသော်လဲ ကာယာနုပဿနာသတိပဋ္ဌာန်ကိုသာ လုပ်ငန်းစဉ်အနေနဲ့ လုပ်ရ ပါတယ်၊ ကျန်တဲ့အပိုင်းတွေဟာ ဒီထဲလာဝင်တာဘဲ၊ ဒါ့ကြောင့် ကာယာနုပဿနာသတိပဋ္ဌာန်ကို လုပ်ငန်းစဉ်နဲ့ လုပ်ရပါတယ်၊ ဘုရားရှင်က ကာယာနုပဿနာ သတိပဋ္ဌာန်ကို ဟောကြားတဲ့ အခါမှာ ၁၄-ပိုင်းထားပြီး ဟောကြားပါတယ်၊ ဒီထဲမှာသမထ ယာနိကလမ်းနဲ့ဆိုင်တဲ့ နဝသိဝထိက အပိုင်းဟာ ၉-ပိုင်းပါပါ တယ်၊ ဒီအပိုင်း ၉-ပိုင်းကို ဝိပဿနာသမားတွေကျတော့ ပယ် ရပါတယ်၊ ဒီတော့ ၅-ပိုင်းသာ ကျန်တော့တယ်၊ ဒီ၅-ပိုင်းသာ လုပ်ငန်းစဉ်အနေနဲ့ လုပ်ရမယ်။

ယခု အဆုံးပိုင်းကိုရောက်လာပြီ၊ ဒီတော့ ပဋိကူလမနသိကာရ အပိုင်းဆိုတာ စက်ဆုတ်ရွံရှာဘွယ်ဖြစ်အောင် ဆင်ခြင်တာပါ၊ ဒါဖြင့် ဘယ်လိုဆင်ခြင်မလဲ။

အတ္ထိ ဣမသ္မိံ ကာယေ ကေသာ, လောမာ, နခါ, ဒန္တာ, တစော, မံသံ, နှာရု, အဋ္ဌိ, အဋ္ဌိမိဉ္ဇံ, ဝက္ကံ, ဟဒယံ, ယကနံ, ကိလောမကံ, ပိဟကံ, ပပ္ဖါသံ, အန္တံ, အန္တဂုဏံ, ဥဒရိယံ, ကရီသံ, မတ္ထလုင်္ဂံ, ပိတ္တံ, သေမှံ, ပုဗ္ဗော, လောဟိတံ, သေဒေါ, မေဒေါ, အဿု, ဝသာ, ခေဠော, သိင်္ဃာနိကာ, လသိကာ, မုတ္တန္တိ။

လို့ ဟောလာပါတယ်၊ ဒါကို ဘယ်လိုဆင်ခြင်မလဲ၊ သညာ ဝိညာဏ်ဖြင့်ဆင်ခြင်မလား။

ဒီတော့ တကာကြီး "ဘိုးစွန်ရဲ့" ခန္ဓာကိုယ်ဟာ ၃၂-ကောဋ္ဌာသတွေ ပေါင်းစုနေတယ်၊ ဒီ ၃၂-ကောဋ္ဌာသ အပေါင်းအစု အဖွဲ့ကြီးဖြစ်တဲ့ ခန္ဓာကိုယ်ကြီးကို ပညာဖြင့်ဆင်ခြင်ရမယ်၊ ဘယ်လိုဆင်ခြင်မလဲ၊ စက်ဆုတ်ရွံရှာဘွယ်ဖြစ်အောင် ဆင်ခြင်ရမယ်၊ ဒီလိုမြတ်စွာဘုရားက ဟောလာတော့ ခေမာမိဖုယားကြီးတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်လာတော့တယ်၊ ရှင်ဂေါတမကြီးဟာသူတပါး လှတာကို မနာလိုလို့ ခန္ဓာကိုယ်ကြီးဟာ ရွံရှာဘွယ်ကောင်းတယ်, ပိုးတွေအတိပြည့်နေတယ်, အသုံးမကျဘူးလို့ အဲဒါ အပြစ်တွေ ပြောလာတာပါလို့ ဆန့်ကျင်ဘက် ဖြစ်လာတော့တယ်။

ကိုင်း....ဘာနဲ့ ဆင်ခြင်မလဲ ပညာဖြင့်ဆင်ခြင်ရမယ်၊ သညာ ဝိညာဏ်ဖြင့်ဆင်ခြင်တာက အလကားပါ၊ ဘယ်သူမဆိုဆင်ခြင်နိုင်ပါတယ်၊ ပညာဖြင့်ဆင်ခြင်တာက ခက်ပါတယ်၊ ဒီတော့ ဘုရားရှင် ဝါတော် ၂၀-တိုင်တိုင် ရဟန်းတော်တွေကို ကာယဂတာသတိကမ္မဋ္ဌာန်းကိုသာ လုပ်ငန်းစဉ်အနေနဲ့ ပေးပါတယ်၊ ဒါဟာ ပဌမသစ္စာ ၄-ပါးတရားကိုသာ ပေးပို့တော်မူတဲ့ ပဌမ ဗောဓိလို့ အဋ္ဌကထာဆရာကြီးတွေက ရေးလာကြတယ်။

ဘုရားရှင် ဝါတော် ၂၀-ပြည့်လာတော့မှ ဝဋ်ကျွေးမကောင်းကြတဲ့ ရဟန်းတော် ၅၀၀-ဟာ ဒီကာယဂတာသတိကမ္မဋ္ဌာန်းကိုစီးဖြန်းလိုက်တဲ့အခါမှာ မိမိရဲ့ခန္ဓာကိုယ်ကြီးကိုရွံမုန်းလာကြပြီးတယောက်တလှည့်စီသတ်ကြတယ်၊ကိုယ်တိုင်လဲသတ်ကြတယ်၊ အချို့ကိုယ်တိုင်မသတ်ရဲလို့ "မိဂလဏ္ဍိကကြီး"ကိုသတ်ခိုင်းလာတယ်၊ ဒါ့ကြောင့် တတိယပါရာဇိကသိက္ခာပုဒ်တော်ကိုပညတ်ပြီး ဒီကာယဂတာသတိကမ္မဋ္ဌာန်းကို ရုပ်သိမ်းပြီး အာနာပါနကို ဟောကြားလာပါတယ်။

ဒီတော့ ကာယဂတာသတိ ကမ္မဋ္ဌာန်းဆိုတာ ဒီပဋိကူလမနသိကာရအပိုင်းပါ၊ ဒီအပိုင်းဖြင့် ပဌမဗောဓ်သို့ ရောက်စေတော်မူပါတယ်၊ နောက်သမထ ၄၀-ထဲမှာအသုဘ ၁၀-ပါးဆိုတာလဲရှိသေးတယ်၊ ဒါဟာလူသေတဲ့အခါမှာ ရှုတာပါ၊ ဒါကိုဖယ်ထားပြီး ယခု ၃၂-ကောဋ္ဌာသတို့ကိုလဲ အသုဘကထာလို့ခေါ်ပါတယ်၊ ဒါကိုသာယခုဟောကြားတာပါ၊ ဘုရားရှင်နှင့်တွဲပြီး ကမ္ဘာတသိန်း ပါရမီဖြည့်တဲ့ပုဂ္ဂိုလ်တွေကို ဒီအသုဘကထာဖြင့် မဂ်တရားဖိုလ်တရားသို့ ရစေတော်မူပါတယ်။

ဒီအသုဘကထာကို မဟာသတိပဋ္ဌာန်ထဲမှာ ပဋိကူလမနသိကာရအပိုင်းဆိုပြီး ထည့်ထားတာပါ၊ သမထထဲမှာလဲ ကာယဂတာသတိကမ္မဋ္ဌာန်းဟာရှိသေးတယ်၊ ဒါနဲ့ မဟာသတိပဋ္ဌာန်ထဲမှာ ထည့်ထားတဲ့ ပဋိကူလမနသိကာရ အပိုင်းနဲ့ဟာဘယ်လိုကွာခြားသလဲ၊ ဘယ်လိုပွါးများရမလဲ၊ ပွါးများတာချင်းအတူတူဘဲလား၊ အမည်သာတူပေမဲ့ သဘာဝ လုပ်ငန်းစဉ်ကတော့ ကွာခြားပါတယ်၊ သမထထဲမှာပါတဲ့ ကာယဂတာသတိကမ္မဋ္ဌာန်းဟာ ၃၂-ကောဋ္ဌာသကို ပဌမ ၆-လလောက် ရွတ်ရပါတယ်၊ နောက်မှ နိမိတ်ကိုယူရတယ်၊ နောက်မှဈာန်ကိုကူးတယ်၊ ဈာန်ကနေမှ မဂ်ကိုတဆင့်ကူးပါတယ်၊ ဒါကသမထထဲမှာပါတဲ့ ၃၂ ကောဋ္ဌာသရဲ့ လုပ်ငန်းစဉ်ပါ။

ယခုမဟာသတိပဋ္ဌာန်ထဲမှာပါတဲ့ ၃၂-ကောဋ္ဌာသရဲ့ လုပ်ငန်းစဉ်ကျတော့ ဒီလိုဘဲရွတ်နေအုံးမလို့လား၊ ဒီလိုလုပ်တာဟာ သညာဝိညာဏ်ဖြင့်အားထုတ်တာပါ၊ အခုပဋိကူလ မနသိကာရအပိုင်းဟာ ပညာဖြင့်ဆင်ခြင်ရမှာပါ၊ ဒီမဟာသတိပဋ္ဌာန်ထဲမှာပါတဲ့ ပဋိကူလမနသိကာရအပိုင်းဟာလဲ သမထယာနိကလမ်းက

နေလဲ ဝင်လို့ရပါတယ်၊ ဝိပဿနာယာနိကလမ်းကလဲ ဝင်လို့ ရပါတယ်၊ ဒီလို ၂-လမ်း ၂-သွယ်ရှိပါတယ်။

ဒီတော့ ၃၂-ကောဋ္ဌာသကို ပုတီးစိပ်မလား၊ ရွတ်မလား၊ ဒါတွေဟာ သညာဝိညာဏ်ရဲ့ အလုပ်တွေပါ၊ ယခုမဟာသတိ ပဋ္ဌာန်မှာပါတဲ့ ပဋိကူလမနသိကာရအပိုင်းဟာပညာဖြင့်ဆင်ခြင် ရမှာပါ ဘယ်လိုဆင်ခြင်မလဲ၊ သမထအနေနဲ့ ဆင်ခြင်တာက တော့ သညာဝိညာဏ်ဖြင့်ဆင်ခြင်တာပါ၊ ပညာဖြင့်ဆင်ခြင်တာ က ခက်ပါတယ်၊ ဒါဟာ မြန်မာနိုင်ငံတော်မှာ မပေါ်သေးပါ၊ ယခု မွေစကြာပဋိပတ်သာသနာပြုရိပ်သာကြီးက ဖွင့်ပြနေပါပြီ။

ဥပမာ....သလေးစပါး၊ ပဲနောက်၊ ပဲလွန်း၊ နှမ်း၊ ဆန် အစရှိ သည်တို့ဖြင့် ပြည့်နေသော အိတ်ကြီးကို ဖြေ၍ မျက်စိအမြင်နဲ့ ပြည့်စုံသောယောကျ်ားသည် တခုစီ၊ တခုစီ ဆင်ခြင်ရမယ်ဆိုတဲ့ ဥပမာအတိုင်းပင် မိမိရဲ့ခန္ဓာကိုယ်ကြီးမှာ ဦးခေါင်းမှ ခြေဖဝါး တိုင်အောင်၊ အောက်ခြေဖဝါးမှ အထက်ဆံဖျား တိုင်အောင် ၃၂-ပါးသောကောဋ္ဌာသတို့ကို အသွားအပြန် ဆင်ခြင်ရမယ်။

ယခုသမထယာနိက လမ်းဖြစ်တဲ့ ကာယဂတာသတိကမ္မဋ္ဌာန်း ကိုပယ်ထုတ်ရမယ်၊ ဘာ့ကြောင့်ပယ်ထုတ်ရသလဲ၊ ဒီဟာသမာဓိ အနေ ဈာန်လမ်းကိုတက်တာဖြစ်ခြင်းကြောင့်ပါ၊ ယခုဟောနေ တာက ဝိပဿနာယာနိကလမ်း သက်သက်ဖြစ်တဲ့အတွက် ပယ် ထုတ်ရတာပါ၊ ဒီတော့ ဝိပဿနာယာနိကလမ်း ဖြစ်တဲ့ပဋိကူလ မနသိကာရအပိုင်းကို လုပ်ငန်းစဉ်အနေနဲ့တက်ကြအုံးစို့။

ကိုင်း....ဘုရားရှင်မဟာသတိပဋ္ဌာန်ပါဠိတော်မှာ ဟောကြား တော်မူသော ပဋိကူလမနသိကာရအပိုင်း ၃၂-ကောဋ္ဌာသဖြစ်

တဲ့ ခန္ဓာကိုယ်ကြီးကို ပညာဖြင့် ဘယ်လိုပွါးများ ဆင်ခြင်မလဲ၊ အလုပ်ကိုပြောပြမယ် သူ့ကိုလဲမပွါးရပါ၊ ရွတ်လဲမရွတ်ရပါ၊ ပုတီးလဲ မစိပ်ရပါ၊ ဒီတော့ စက်ဆုပ်ရွံရှာဘွယ် ဖြစ်တာဟာ သညာဝိညာဏ်ဖြင့်ဖြစ်တာကတမျိုး, ပညာဖြင့် ဖြစ်တာကတမျိုး, သညာဝိညာဏ်ဖြင့် စက်ဆုတ်ရွံရှာဘွယ်ဖြစ်တာက ဒီခန္ဓာကိုယ်ကြီးကို ၃၂-ကောဋ္ဌာသဖြစ်အောင် ပုံလိုက်ရင် စက်ဆုတ်ရွံရှာဘွယ်ဖြစ်လာတာဘဲမဟုတ်လား။

ဥပမာ....ဆံပင်ကို မဖီးမလိမ်းဘဲ ၇-ရက်လောက် ထားလိုက်ရင်စက်ဆုတ်ရွံရှာဘွယ်ဖြစ်လာတာဘဲမဟုတ်လား၊ ဒါကသညာဝိညာဏ်ရဲ့သဘောပါ၊ ဒါဟာလဲ ကာယဂတာသတိ ကမ္မဋ္ဌာန်းအနေနဲ့ယူသွားနိုင်ပါတယ်၊ ဒီတော့ ပြုပြင်လိုက်တော့ သုဘဖြစ်လာတယ်၊မပြုပြင်ဘဲထားတော့ အသုဘဖြစ်လာတယ်၊ဒါဟာ သညာဝိညာဏ်ရဲ့ သဘောပါ၊ ပညာသဘောဆိုတာက ပြုပြင်သည်ဖြစ်စေ, မပြုပြင်သည်ဖြစ်စေ အသုဘသာ ဖြစ်နေရမယ်၊ ဒါမှ ပညာရဲ့သဘောပါ။

ဒီအပိုင်းဟာ ပွါးများရတာခက်ပါတယ်၊ ပညာဖြင့်ပွါးမည့် ပုဂ္ဂိုလ်ဟာ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ပြီးသား ဖြစ်ရမယ်၊ နောက် အနုပဿနာ ၇-ဉာဏ်ကိုပိုင်ပြီးသားဖြစ်ရမယ်၊ ဒီတော့ ကမ္မာတသိန်းကပါရမီဖြည့်လာတဲ့ ပုဂ္ဂိုလ်တွေဟာ ကံအား,ဉာဏ်အား, ပါရမီအားတွေ ပြည့်စုံလာတဲ့အတွက်ကြောင့် ဒီကာယဂတာသတိကမ္မဋ္ဌာန်းကို ပွါးများလိုက်တာနဲ့ တချက်ဘဲမဂ်ဖိုလ်ကိုရကြပါတယ်။

ဒီတော့ အနုပဿနာ ၇-ဉာဏ်အနေနဲ့ ၃၂-ကောဋ္ဌာသရဲ့ လုပ်ငန်းစဉ်ကို ဘယ်လိုယူမလဲဆိုတာကိုပြောပြမယ်၊ ပဋိစ္စသမုပ္ပါဒ်

၄ပါးမှာသန္တတိပညတ်ကိုဥဒယဗ္ဗယဉာဏ်ကဣရိယာပထလုပ်ငန်းစဉ်ဖြင့် သိမ်းဆည်းတယ်၊ သမူဟပညတ်ကိုပညာမြင်အနိစ္စဉာဏ်က ဓာတုမနသိကာရ အပိုင်းဖြင့် သိမ်းဆည်းပါတယ်၊ သဏ္ဌာန ပညတ်ကို အသမ္မောဟ သမ္ပဇည အပိုင်းဖြင့် သိမ်းဆည်းတယ်၊ ဒါက ပညာမြင် ဒုက္ခဉာဏ်ပါ၊ နောက်နာမ့်ပညတ်ကို ပညာမြင် အနတ္တဉာဏ်ဖြင့် အခု ပဋိကူလမနသိကာရအပိုင်းက သိမ်းဆည်းမယ်။

ဒီတော့ နာမပညတ်ဟာ ဘယ်နှစ်မျိုးရှိသလဲ ?

ဒီနာမပညတ်ကို ဖြတ်လိုက်တာနဲ့ တခါသဲ ပြီးသွားပြီ၊ ယခု နာမပညတ်လေးကို ဖြတ်ရုံဘဲရှိတော့တယ်၊ ဒါဟာ ဝိပဿနာ အဆုံးဉာဏ်တွေက နေပြီးတော့ ကိုင်ပါတယ်၊ ဟိုဘက်မှာ ဝိပဿနာဉာဏ်မရှိတော့ပါ၊ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကနေ တရကာ ဝိပဿနာလေးဟာ သင်္ခါရုပေက္ခာ ဉာဏ်လဲရောက်ရော တရှိန်ထဲ ထိုးတက်တော့မယ်၊ ဝိသုဒ္ဓိမဂ်မှာ သင်္ခါရုပေက္ခာဉာဏ်ကို မဂ် ၄-ပါးနှင့်ယှဉ်ပြီး ၈-မျိုးပြလာတယ်၊ လုပ်ငန်းစဉ်အနေနဲ့ကျတော့ သင်္ခါရုပေက္ခာဉာဏ်ဟာ ၂-ပါးသာ ရှိပါတယ်။

ဒီတော့ ဝိပဿနာတရား တက်လာတာဟာ သင်္ခါရုပေက္ခာဉာဏ်လဲကျရော အားကောင်းရင် (ဝါ) ဗလဝဝိပဿနာဖြစ်လာရင် တရှိန်ထဲနဲ့ မဂ်ကိုဝင်ရပါတယ်၊ ဒီလိုမှတရှိန်ထဲနဲ့ မဝင်နိုင်ရင် သင်္ခါရုပေက္ခာဉာဏ်မှာရပ်တည်၍မနေနိုင်ဘဲ ပဋိသင်္ခါဉာဏ်ကို ပြန်ဆင်းရပါတယ်၊ အဲဒါ အောက်ဉာဏ်တွေကို ပြန်ပြီးဆင်ခြင်သုံးသပ်ရတယ်၊ ဒီလိုသုံးသပ်လာပြီး တခါသင်္ခါရုပေက္ခာဉာဏ်ကြီးကို ပြန်တက်ပြီးမဂ်ကို တရှိန်ထဲဝင်နိုင်ရင်ဝင်,

မဝင်နိုင်ရင် အောက်ကို ပြန်ဆင်းရတယ်၊ ဒါ့ကြောင့် သင်္ခါရုပေက္ခာဉာဏ်ကြီးဟာ အရေးကြီးပါတယ်။

သင်္ခါရုပေက္ခာဉာဏ်ကနေ ပြန်ကျရင် ပဋိသင်္ခါဉာဏ်ကိုဘဲ ပြန်ကျတာဘဲ၊ ဒါဟာ အောက်ကပယ်သတ်လာတဲ့ သဘာဝတွေဟာ ကျန်နေတဲ့အတွက်ဆွဲထားတာဖြစ်ခြင်းကြောင့်မဂ်ကိုမတက်နိုင်ဘဲ ပြန်ကျတာပါ၊ဒီနေရာမှာ ဝိသုဒ္ဓိမဂ်ကြီးက "ဒိသာကာကကျီး"ကိုဥပမာပြုပြီး ဖွင့်ပြထားပါတယ်။

ဒီတော့ အောက်ကဉာဏ်တွေနဲ့ သိမ်းဆည်းလို့ ပညာမြင် အနိစ္စဉာဏ်, ပညာမြင်ဒုက္ခဉာဏ်, ပညာမြင်အနတ္တဉာဏ်ကိုပိုင်ပြီဆိုရင်ဘဲ ငါမဂ်ကိုတက်တော့မယ်ဆိုတော့ စတုရင်္ဂကဝီရိယဆိုတာဟာ သမ္မပဓာန်တရား၄-ပါးတပ်ပြီး ကျလာတဲ့ဝီရိယခေါတ် ဖြင့်ရင် မဖြစ်မနေဘဲ ကြိုးစားအားထုတ်လိုက်တာနဲ့ ,,တောဘူမက သင်္ခါရတရားတွေကိုပယ်ပြီးတော့ ချလိုက်တာနဲ့ သင်္ခါရုပေက္ခာဉာဏ်ကနေပြီး ဝုဋ္ဌာနဂါမိနီ ဇောတပ်ပြီး တက်လိုက်တာနဲ့ ဥပစာ, အနုလုံ, ဂေါတြဘူ, မဂ်ဆိုပြီးတော့ မဂ်ကိုရောက်သွားတော့တယ်။

ယခုပဋိကူလမနသိကာရအပိုင်းဟာ ဝိပဿနာအဆုံး ဉာဏ် (၁၀) မဂ်နဲ့အနီးကပ်ဆုံးဉာဏ်ပါ၊ အခုနာမပညတ်ရိပ်ကို သတ်ရတော့မယ်၊ ဒီနေရာမှာ ခက်ပါတယ်၊ ပြီးခဲ့တဲ့အတိတ်အနာဂတ်ကို သတ်ရတာကလွယ်ပါတယ်၊ ဒါ့ကြောင့် ဘုရားရှင်က"နေတံမမ နေသော ဟုမသို""လို့ တချက်ထဲထိုးချလိုက်တာပါ။ယခုနာမပညတ်ရိပ်က ပစ္စုပ္ပန်အရိပ်မှာကပ်နေသေးတယ်၊ အဲဒါ "ကေသာ,လောမာ" စသည်ဖြင့် ၃၂-ကောဋ္ဌာသဖြစ်တဲ့ နာမပညတ်တွေဟာ ပစ္စုပ္ပန်အရိပ်မှာ ကပ်နေသေးတယ်၊ ဒီပစ္စုပ္ပန်မှာကပ်နေတဲ့နာမပညတ်ကိုအရင်ရှာရမယ်၊ ရှာပြီးမှသတ်ရမယ်။

နာမ ဉာဏ်ကို ရှာတဲ့နည်းလေးတခုကို ပြောပြမယ်၊ ဒီတော့ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် ၄-ဉာဏ်ကိုတက်လာခဲ့တယ်၊ နာမရူပ ပရိစ္ဆေဒဉာဏ်က အကောင်၊ ပစ္စယပရိဂ္ဂဟဉာဏ်က အရောင်၊ သမ္မသနဉာဏ်က အရိပ်၊ ဥဒယဗ္ဗယဉာဏ်ကအခိုးအငွေ့ကိုဖမ်းလာကြတယ်၊ ဒီကျအောင်မြင်လာရင် ဒီ "ကောသာ့လောမာ" စတဲ့ နာမပညတ်ကို ဖမ်းလို့ရလာမယ်။

သမထသမားတွေက အကောင်နဲ့အရောင်ကိုသာ ဖမ်းနေကြတာပါ၊ အရိပ်နဲ့အခိုးအငွေ့ကို ဖမ်းလို့မရပါ၊ ဝိပဿနာသမားတွေကျမှ အရိပ်နဲ့အခိုးအငွေ့ကို ဖမ်းလာကျတော့တယ်၊ အခိုးအငွေ့ဖြစ်တဲ့နာမပညတ်လေးကို ဖမ်းရတော့မယ်၊ ဒါဟာ အကျိုးပစ္စုပ္ပန်အရိပ်လောက်သာ ရှိတော့တယ်၊ ဒီတော့ လူသေသွားသော်လဲ အမည်ဆိုတဲ့နာမပညတ်ရိပ်လေးဟာ ကျန်နေတယ် မဟုတ်လား၊ ဒါကိုအကျိုးပစ္စုပ္ပန်အရိပ်ဆိုပြီး ဖမ်းလာတာပါ၊ ဒီတော့ နာမပညတ်ကို ၄-မျိုးရှိပါ၊ အဲဒါ နာမပညတ်ကို ဌာန် ၄-ပါး၊ အောက်ဉာဏ် ၄-ဉာဏ်နဲ့ ဓဝဘန်လိုက်ပါ၊ ဒါကိုအတ္ထပဋိသမ္ဘိဒါ ဉာဏ်လို့ ခေါ်တယ်၊ ဒါကိုပေါက်ရင် အဘိဓမ္မာ ၇-ကျမ်းကို ရပြီးပေါက်သွားပြီ၊ ကိုင်း နာမပညတ်ကို ဌာန် ၄ ပါး ဉာဏ် ၄-ပါးနဲ့ကြံကြပါအုံး။

ကိုင်း....သာဓု ခေါ်ကြပါတော့

သာဓု....သာဓု....သာဓု

သိတင်းကျွတ်လဆန်း (၁၂)ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၃၃)

ဒီတော့ ဌာန် ၄-ချက် ထုတ်ထားတာဟာလဲ အကြောင်း တရား ၄-ပါးကို ရည်ပြီးထုတ်ထားတာပါ၊ ဒီတော့ ဘယ်သဘာဝ မဆို တဖက်ဖက်က ပေါက်အောင်အားထုတ်ပါ၊ တဖက်ဖက်က ပေါက်သွားရင် ကျန်တဲ့ဟာတွေကို ကျေးဇူးပြုသွားပါတယ်၊ ဒီတော့ နာမပညတ်ကို အကောင်သဘောနာမပညတ်, အရောင် သဘော နာမပညတ်, အရိပ်သဘော နာမပညတ်, အခိုးအငွေ့ သဘော နာမပညတ်ဆိုပြီး ခွဲပါ၊ ဒီတော့ အကောင်သဘော နာမပညတ်ဆိုတာက (ဥပမာ) ဒီလာဘက်ရေဆိုတဲ့ နာမပညတ် ဟာ အကောင်သဘော နာမပညတ်ပါ၊ ဘာ့ကြောင့်လဲဆိုတော့ သူ့မှာ ဓာတ် ၄-ပါး, ဓာတ် ၈-ပါးတို့ထောက်ခံနေတဲ့အတွက် ကြောင့်ပါ၊ သူ့ကို လက္ခဏာသဘော၊ ဒါက ဥတုပြဋ္ဌာန်းနေ တယ် ဒါကို နာမရူပပရိစ္ဆေဒဉာဏ်နဲ့ သတ်တယ်။

အရောင်သဘော နာမပညတ်ကျတော့ ရသသဘော, အာ ဟာရပြဋ္ဌာန်းတယ်၊ ဒါကို ပစ္စယပရိဂ္ဂဟဉာဏ်က သတ်တယ်၊ နောက် အရိပ်သဘောနာမပညတ်ကျတော့ ပစ္စုပဋ္ဌာန်သဘော၊ ဒါက စိတ်ပြဋ္ဌာန်းနေတယ်၊ ဒါကို သမ္မသနဉာဏ်နဲ့ သတ်တယ်၊ နောက် အခိုးအငွေ့သဘော နာမပညတ်ကျတော့ ပဒဋ္ဌာန် သဘော၊ သူကျတော့ ကံပြဋ္ဌာန်းတယ်၊ ဒါကို ဥဒယဗ္ဗယဉာဏ်က သတ်တယ်၊ ဒီတော့ ကံပြဋ္ဌာန်းနေတဲ့ ပဒဋ္ဌာန်သဘော နာမ ပညတ်ကို ဘယ်လိုအမည်ထုတ်မလဲ၊ ဒီလိုထုတ်နိုင်လာမှ ပဋိကူလ

မနသိကာရအပိုင်းကို တက်လို့ရမယ်၊ ဒီတော့မှ တခါထဲချေရ တော့မယ်၊ ဒီတော့ မဟာသတိပဋ္ဌာန် တရားတော်ကြီးဟာ ပညတ်ကိုသတ်တဲ့တရားပါ။

ဒီတော့ ပညတ်တရားဟာ သတ္တဝါတွေကို ဒုက္ခအမျိုးမျိုး ပေးနေတယ်၊ဒီပညတ်တရားရဲ့အဆုံးဟာ ဒုက္ခတရားမှာဥက္ကောင်း ချတယ်၊ ပရမတ်တရားရဲ့အဆုံးဟာ အနတ္တတရားမှာ ဥက္ကောင်း ချတယ်၊ ဒီ ၂-ပါးသာရှိတယ်၊ ဒီတော့ သံသရာရဲ့အစဟာ အနတ္တတရားပါ၊ သံသရာရဲ့အဆုံးဟာ ဒုက္ခတရားပါ၊ ဒီတော့ ၁၁-ပါးသောမီးတွေတောက်လာတာဟာ ဒီပညတ်တရားတွေကို သွားဆွဲလို့ဘဲမဟုတ်လား၊ ဒီတော့ ဒီပညတ်တွေကို သိမ်းလိုက် တာနဲ့ မီး "၁၁"ပါးတွေငြိမ်းပြီး နိဗ္ဗာနဓာတ်ကို ဆိုက်ရောက် မယ်၊ ဒီတော့ သိထားဘို့က ဒီပညတ်တရားတွေကို သွားဆွဲရင် "၁၁"ပါးသောမီးတွေ တောက်မှာဘဲဆိုတာ မှတ်ထားပါ။

ဒီတော့ ဒီမီးတွေငြိမ်းအောင် ဘုရားရှင်က ဒီပညတ်တရား တွေကို ဒုက္ခလို့မြင်အောင်ရှုရမယ်၊ ဒုက္ခလို့မြင်ပြီး သိမ်းဆည်းမှ ၁၁-ပါးသောမီးတွေ ငြိမ်းမယ်ဆိုပြီး ဒီမဟာသတိပဋ္ဌာန်တရား တော်ကြီးကို ဟောကြားတော်မူခဲ့တာပါ၊ ဒီတော့ ယခုရောက် နေတဲ့ ပဋိကူလမနသိကာရအပိုင်း လုပ်ငန်းစဉ်ဟာလဲ ဒုက္ခ တရားကိုမြင်အောင်လို့ ပြတာပါ၊ ဒီပဋိကူလမနသိကာရအပိုင်း ရဲ့ရှေ့မှာ ဝိပဿနာဉာဏ်ဟာ မရှိတော့ပါ၊ ဒီအပိုင်းဟာ အထက်တန်းကျပါတယ်၊ ကိုင်းဒီတော့ နာမပညတ်ဆိုတဲ့ လှက် ရေပုဂံရဲ့အမည်လေးဟာ ဘယ်ကစပြီးဖြစ်လာတာလဲ၊ မျက်စေ့ အမြင်လောက်သာ ကြည့်ပြီးပြောတဲ့ အနွတွေကျတော့ ဓာတ် ၄-ပါး၊ ဓာတ် ၈-ပါးက စဖြစ်လာတာပါလို့ ပြောမှာဘဲ၊ ဒါဖြင့်

ဒီ ခွတ် ဂပါးတို့ဟာကော ဘယ်ကစပြီး ဖြစ်လာသလဲဆိုရင် အဲဒါ မဆိုးတော့ပါ၊ ဒါဟာ ပညာနု့်နေးတဲ့သူတွေကို ဟောတဲ့ တရားမျိုးပါ။

ဒီတော့ ပညာဉာဏ်ထက်တဲ့ ခေမာတို့ ဥပ္ပလဝဏ်တို့ကျတော့ ဒီလဘက်ရေပုဂ်ဆိုတဲ့ နာမပညတ်လေးဟာ ဘယ်ကထွက်လာတာလဲလို့ မေးလိုက်ရင် အဲဒါ အာရုံသဘောလေးက ထွက်လာတာပါလို့ ဖြေမယ်၊ ဒီအာရုံသဘောလေးဟာလဲ သညာရဲ့ အမှတ်လေးပါ၊ ဒီသညာရဲ့ အမှတ်လေးကို ဖျောက်ပစ်လိုက်တာနဲ့ တခါထဲကိစ္စပြီးတာဘဲ၊ ဒီသဘာဝတွေကို မြင်လာရမယ်၊ ဒီတော့ ဒီနာမပညတ်လေးဟာ အာရုံသဘောလောက်သာ ရှိတော့တယ်၊ ဒါဟာအကျိုးအစဉ်လေးပါ၊ ဒီနာမပညတ်ရိပ်လေးဟာ ခွတ် ဂ-ပါးမှာ လာကပ်နေလို့ ဘုရားရှင်က "ကာယေ ကေသာ, လောမာ, နခါ, ဒန္တာ, တစော" လို့ ၃၂-ကောဋ္ဌာသ ဖြစ်သွားအောင် ခွဲခိုင်းလာတာပါ။ ဒါကို ဘုရားရှင်က မျက်နှာ၁၀ ၂-ဖက်ရှိတဲ့ အိတ်ကြီးထဲကို ဆံတို့ ပဲနောက်တို့ ပဲလွန်းတို့ထည့်ပြီး၊ နောက် .. ပြန်ဖြေပြီးကြည့်တဲ့အခါမှာ ဒီသဘာဝတွေကို တခုစီ တခုစီ တွေ့ရသလိုဘဲလို့ ဥပမာပြပြီး ဟောကြားထားပါတယ်။

ဥပမာ.... လှည်းကို တခုစီတခုစီ ဖျက်ဆီးလိုက်တဲ့ အခါမှာ လှည်းဆိုတဲ့ အမည်လေးဟာ ရှိသေးသလား၊ မရှိတော့ပါ၊ ဒီဥပမာလိုဘဲ ယခုလဲ တကာကြီးရဲ့ ခန္ဓာကိုယ်ကြီးကို ၃၂-ကောဋ္ဌာသ အစုအပုံတွေဖြစ်အောင် တခုစီ တခုစီလဲ ခွဲလိုက်ရော တကာကြီး "ဦးစွန်" ဆိုတဲ့ အမည်လေးဟာပျောက်ပြီး အနတ္တခွတ်မှာ ဥက္ကောင်းကျတာဘဲမဟုတ်လား၊ ဒီတော့ နာမပညတ်လေးဟာ ဘယ်အနေနဲ့ပေါ်လာတာလဲဆိုတော့ အဲဒါ ၃၂-

ကောင်္ဂသတွေ ပေါင်းစုလိုက်မှ ပေါ်လာတဲ့နာမပညတ်လေး ပါ၊ ဒါဟာ အာရုံသဘောဘဲမဟုတ်လား၊ ဒီ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်းတို့က စုပေါင်းလိုက်မှ တကာကြီး ဦးစွန် ဆိုပြီး လာဖြစ်ဘာဘဲ မဟုတ်လား။

ပေါင်းစုလိုက်တဲ့ အခါကျတော့မှ ဒိဋ္ဌိစွဲရှိကြတဲ့ပုဂ္ဂိုလ်တွေမှာ အာရုံသဘောအနေနဲ့ "ဦးစွန်" "ဦးဘသိန်း" ဆိုတဲ့ အမည်လေး (ဝါ) နာမပညတ်လေး လာထင်နေတာပါ၊ ဒီတော့ ကိုယ့်ရဲ့ အာရုံကိုသာ ဖြတ်လိုက်ရင် ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ ဆိုတာတွေ အကုန်လုံးသုဉ်းဆိတ်သွားမယ်၊ ဒီကျအောင် အာရုံ သဘောလေးကို သတ်ရတော့မယ်၊ ထပ်ပြောပြအုံးမယ်၊ ဒီနာမ ပညတ်လေးဟာ အာရုံသဘောအနေနဲ့ ကျန်နေတာဟာ သာမညာ လို့မထင်ပါနဲ့ ဒီအာရုံသဘောလေးဟာ မိမိရဲ့ခန္ဓာကိုယ်ကြီးမှာ ဘယ်အနေနဲ့ ကုတ်ထားသလဲ၊ အဲဒါ ပစ္စုပ္ပန်အကျိုးကံလေး အနေနဲ့ကုတ်ထားတယ်။

ဒီတော့ ဇနကကံ ဥပထမ္ဘကကံအနေနဲ့တော့ မကုတ်နိုင်ပါ၊ ဘာ့ကြောင့်လဲ၊ အဲဒါ ဥတုအကြောင်း၊ အာဟာရအကြောင်း၊ စိတ်အကြောင်းတို့ မရှိတော့တဲ့ အတွက်ကြောင့်ပါ၊ ဒီတော့ ဒီပစ္စုပ္ပန် အကျိုးကံလေးဟာ ဘယ်လိုဟာလဲဆိုတော့ အဲဒါ မျက်စေ့အကြည်ဓာတ်မှာ လာထင်တဲ့အနေနဲ့သာရှိတယ်၊ ဒါကို သေသေချာချာတွေးပါ၊ ဒီလိုမှ မဟုတ်ဘဲ အမြင်သဘော၊ အသိ သဘောတွေ အနေနဲ့ ရှိနေရင် (ဝါ) ကုတ်နေရင်၊ အဲဒါ အကျိုးကံတွင် မဟုတ်တော့ဘဲ အကြောင်းကံ ကုတ်ထားတဲ့ သဘောတွေဖြစ်သွားပြီ ဒီတော့ အခုပြောတဲ့ ဒီပစ္စုပ္ပန်အကျိုးကံ ကုတ်ထားတာလေးကို အနာဂါမ်ပုဂ္ဂိုလ်ဟာ တချက်ထဲ ဖြုတ် ချမယ်။

ဒီတော့ နာမပညတ်ရိပ်လေးဟာ အဲဒါ အာရုံသဘောလေး အနေနဲ့သာ ရှိတော့တယ်၊ ဒါဟာ အာပေါင်းသဘောကြီးမှာ တံဆိပ်လေးခတ်ထားတဲ့သဘောပါ၊ ဒါကို ဘုရားရှင်က သတ်တဲ့ အခါမှာ အဲဒါ ဖျက်ဆီးပြီးမှ သတ်ရမယ်၊ ဆရာတော်တို့က အနတ္တလက္ခဏသုတ်နည်း, မဟာသတိပဋ္ဌာန်နည်း ဒီနည်း ၂-နည်း နဲ့ သတ်ပြမယ်၊ ဒီတော့ ပစ္စုပ္ပန်အကျိုးရိပ်ကို တကဏ္ဍသိမ်းရမယ်၊ နောက် တံဆိပ်ခတ်ထားတဲ့ သဘောဖြစ်တဲ့ နာမပညတ် ရိပ်လေးကို တချက်သိမ်းပြမယ်၊ ဒီလိုသိမ်းပြလိုက်မှ တကာကြီး "ဦးစွန်" နားလည်သွားမယ်၊ ဒီတော့ ဒီနေရာမှာ နာမပညတ် ရိပ်ဟာ ဘာမှမထောက်ခံတော့ပါ၊ ဘာ့ကြောင့်လဲ အောက် ဉာဏ်တွေက အဆင့်ဆင့်ချေလာခဲ့တဲ့အဘွက်ကြောင့်ပါ။

ဒီတော့ အဲဒါအကျိုးရုပ်စဉ်လေး မချုပ်သေးလို့သာ ဒီနာမ ပညတ်ရိပ်လေးရှိနေသေးတာပါ၊ ယခုဒီနေရာက သိမ်းပြလိုက်လို့ သဘာဝတွေပေါ်သာရင် မင်္ဂကိုတချက်ထဲ ဝင်နိုင်သွားပြီ၊ ဒါ ဟာ အနတ္တာနုပဿနာဉာဏ်ရဲ့ လုပ်ငန်းစဉ်ပါ၊ ဒါက ခမ္မ ၄- ချက်ကနေ တရားတက်မိုပါ၊ (တနည်း) အာရုံသဘော နာမ ပညတ်ရိပ်လေးကနေ တက်တာပါ၊ နောက် အကြောင်းတရား ၄-ပါး ပရမတ်သဘောကနေ တရားဘက်ပုံကို ပြောပြအုံး မယ်၊ ယခု ပြောသွားတာက သတိပဋ္ဌာန်နည်းပါ၊ ဝိပဿနာ နည်းနဲ့ ယခုထပ်ပြောပြအုံးမယ်၊ ဒီတော့ ဒီအာရုံသဘောလေး ဟာ အာရမ္မဏိကသဘော မရှိဘဲနဲ့ ဘာ့ကြောင့် ပေါ်နေသလဲ ဆိုတာကို ရှာရအုံးမယ်။

ဒီတော့ ဆိုလိုရင်းက ပညတ်နဲ့ပရမတ်ဟာ အစဲ့ရှိတဲ့ပုဂ္ဂိုလ် များမှာ အပိုင်အဆိုင်အနေနဲ့ တက်လာကြတယ်၊ ဘယ်လိုပြိုင်

ပြီး တက်လာသလဲဆိုတော့ သန္တာနလောကကြီးမှာ ပညတ်ရှိလို့ ပရမတ်ဟာလဲရှိဘာတယ်၊ အဲဒါပရမတ်က အကောင်အထည်ကြီးနဲ့ ရှိနေရင် ပညတ်ကလဲ အကောင်အထည်ကြီးနဲ့ လိုက်လာတယ်၊ ဒါကိုဝိပဿနာဉာဏ်တွေကလဲ တဖြေးဖြေးချေလာတာဟာ မဂ်နားကျတော့ ပရမတ်သဘောဟာ အခိုးအငွေ့သဘောလောက်သာ ရှိတော့တယ်ဆိုရင် ပညတ်သဘောကလဲ အခိုးအငွေ့သဘောအနေနဲ့ လိုက်နေသေးတယ်။

ဒီတော့ ဝိပဿနာဉာဏ်တို့က ပရမတ်တရားတွေကို အခိုးအငွေ့ပြတ်ပြီး အနုတ္တဓာတ်ဖြစ်သွားအောင် မဆင်ခြင်နိုင်ပါ၊ ဒီလိုမဆင်ခြင်နိုင်တဲ့အတွက်ကြောင့် ပညတ်တရားဟာလဲ လိုက်ကပ်နေတာပါ၊ ဒီတော့ ဘာ့ကြောင့် အခိုးအငွေ့ပြတ်အောင် မဆင်ခြင်နိုင်သလဲဆိုတော့ ဥဒပါဒီ ၅ချက်မှာ မဂ်သဘာဝက အာလောကောဥဒပါဒိ၊ ကျန်တဲ့ဥဒပါဒိ ၄-ချက်က ဝိပဿနာဉာဏ် ဘက်ကပါ၊ ဒီတော့ ဝိပဿနာဉာဏ်ဟာ ဘယ်လောက်ပင်ဆင်ခြင်သော်လဲ ပညတ်သဘောဟာ ကျန်ကျန်နေတယ်၊ အဲဒါ ဥဒပါဒိ ၅-ချက် မပြည့်စုံတဲ့အတွက်ကြောင့် ကျန်နေတာပါ၊ ဒီတော့ (ဥပမာ)တိုင်နားကပ်ပြီးမီးထွန်းရင် ၃-ဘက်သာလင်းပြီး ကျန်ဘဖက်ဟာမှောင်နေမယ်၊ ဘာ့ကြောင့် မှောင်နေတာလဲ၊ တိုင်ခံနေလို့ပါ၊ ဒါက သညာဝိညာဏ်သဘောအနေနဲ့ ပြောလိုက်တာပါ။

ပညာအနေနဲ့ ပြောမယ်ဆိုရင် ဒီအမှောင်ဓာတ်တာ ဘယ်က ဖြစ်လာတာလဲဆိုတော့ အလင်းဓာတ်ကနေ ဖြစ်လာတာဘဲ မဟုတ်လား၊ ဒါကပညာရဲ့သဘောပါ၊ (ဥပမာ) ကေသရာဇာ ခြင်္သေ့မင်းဟာ ဟောက်လိုက်တဲ့အခါ သတ္တဝါတွေဟာ နားအုံ

ကွဲပြီးသေတယ်၊ဒါ့ကြောင့်ကောသရာဇာခြင်္သေ့မင်းကိုသားကောင်အားလုံးဟာကြောက်ကြတယ်၊ သူကခမ္မ်းထားတဲ့သူ့ရဲ့သားငယ်ကျတော့ သူဟောက်တာကို ကြောက်မလား၊ ဒီသဘာဝကိုမြင်အောင်ကြည့်ပါ၊ ဒီတော့ ဝိပဿနာထဲမှာလဲ သညာဝိညာဏ်အရိပ်ဟာ အနုသယအနေနဲ့ လိုက်နေတဲ့အတွက်ကြောင့် သူ့မှာကို အမှောင်ဓာတ်ရှိနေသေးတယ်၊ ဒါဟာ အလင်းဓာတ်ကနေထွက်လာတဲ့ အမှောင်ဓာတ်ပါ၊ ဒါကိုအနုသယလို့ ခေါ်တယ်။

ဒီတော့ အနုတွေဟာ သူများရဲ့အပြစ်ကိုသာရှုပြီး သူ့ရဲ့အပြစ်ကျတော့ မမြင်တော့ပါ၊ ဒါ့ကြောင့်သူ့အပြစ်ကို မရှုတော့ပါ၊ ဒါဟာဘယ်လောက် ကောက်ကျစ်သလဲ၊ ဒါဟာအနုသယအခိုးမို့လို့မမြင်တာပါ၊ ဒီအနုသယကို ဝိပဿနာဉာဏ်တွေကမပယ်နိုင်ပါ၊ အဲဒါ ဥဒပါဒိ ၄-ချက်နဲ့ဘယ်လိုဘဲ သတ်သတ်မသေပါ၊ "အာလောကောဥဒပါဒိ" ဆိုတဲ့ မဂ်ဉာဏ်ကြီးကလဲအလင်းဓာတ်ကြီးထိုးလိုက်ရော အဲဒါ အပေါ်ကနေပြီး ထိုးလိုက်တာနဲ့အမှောင်ဓာတ်ပျောက်ပြီး (ဝါ)အနုသယတွေပျောက်ပြီးအလင်းဓာတ်ကြီးသာရှိတော့မယ်၊ ဒီလိုကိုပညတ်နဲ့ပရမတ်တွဲပြီးတက်လာလိုက်တာဟာ နောက်ဆုံးတော့ ပရမတ်ထဲကို ပညတ်ကဝင်ပြီးပုန်းနေတော့တယ်၊ ဒါကိုဝိပဿနာဉာဏ်က မသတ်နိုင်ပါ၊ မဂ်ဉာဏ်ကတချက်ထဲဝင်ပြီးသတ်ရမယ်။

ဒီတော့ ကံကျွေး, ဝဋ်ကျွေးကင်းစင်မှ မဂ်တရားကိုရတယ်၊ ဒီတော့ ကံကျွေးဆိုတာက ဘုန်းရှင်, တန်ခိုးရှင်တွေထံမှာဆုတောင်းလာခဲ့တဲ့ဟာတွေကို ခေါ်တယ်၊ ဒီဆုတောင်းလာခဲ့တာတွေကို ပြုလုပ်ရအုံးမယ်၊ ဒါတွေမပြုရမခြင်း မဂ်ကိုမရသေးပါ၊ဒီတော့ တန်ခိုးရှင်များရဲ့အမိန့်ဟာ ဘယ်လောက်ပြင်း

ထန်သလဲ၊ အဲဒါ ရုပ်နာမ်မှာကို တံဆိပ်လေး ခတ်လိုက်သလို အမြဲပါသွားတယ် ဘယ်တော့မှ မပျောက်ပျက်ပါ ဒါဟာအခု နာမပညတ်ရိပ်လေးဘဲ၊နောက်တခါ ဝဋ္ဋကျွေးဆိုတာက ဟုသက် ပန်ရှယ်ကိုးပြီး ရိုးမြေကျပေါင်းမယ်ဆိုပြီး ပြုလာခဲ့တဲ့မေတ္တာ ဓာတ်တွေကို ဝဋ္ဋကျွေးလို့ ခေါ်တယ်။

ဒါဟာ ဝိပဿနာဘာရားကို အားမထုတ်သေးဘဲသူတွေမှာမရှိ ဘူးလို့ထင်ရသေ်လဲ ဝိပဿနာတရားကိုအားထုတ်လို့ ဉဒယဗ္ဗ ယဝဲကြီးလဲရောက်လာရော ဒီဝဋ္ဋကျွေး၊ ကံကျွေးတွေဟာ လာကပ် တော့မယ်၊ ဒါကိုဥဒယဗ္ဗယဝဲလို့ ပြောတာပါ၊ အခုဒီနေရာမှာ အဲဒါ အပြတ်တောင်းတော့မယ်၊ ဝဋ္ဋကျွေး, ကံကျွေးရှိသမျှ အားသုံးတောင်းလာတော့မယ်၊ ဒီကံကျွေး, ဝဋ္ဋကျွေးတွေကိုလဲ နားလည်ထားရမယ်၊ ဒီတော့ ပညတ်တရားဟာ ပရမတ်တရား ဆီမှာ ဉဒယဗ္ဗယဝဲတုန်းကတချက်, အခုသင်္ခါရုပေက္ခာဉာဏ်မှာ တချက်, ကံကျွေး, ဝဋ္ဋကျွေးတောင်းလာတယ်၊ တောင်းလို့ရ သွားမှ ပရမတ်နဲ့ပညတ်ဟာ တခါထဲကွဲသွားမယ်၊ ကိုင်း.... ပညတ်ဟာ အာရုံသဘောမျှသာရှိတော့တယ်၊ ဘာ့ကြောင့်လဲ၊ အဲဒါပရမတ်သဘော အကျိုးပစ္စုပ္ပန်လေးရှိနေသေးတဲ့ အတွက် ကြောင့် လာကပ်နေသေးတာပါ၊ ဒီအနေလောက်သာ ရှိတော့ တယ်။

ဒီဘော့ အခိုးအငွေ့သဘော နာမပညတ်ဟာ ပြုပြင်တဲ့သ ဘောအနေနဲ့သာရှိတော့တယ်၊ နောက်အရိပ်သဘောကျတော့ ဆက်စပ်တဲ့သဘော၊ အဲဒါအတိတ်နဲ့ အနာဂတ်, ပစ္စုပ္ပန်သဘော တို့ဟာဆက်စပ်တဲ့ အနေလောက်သာ ရှိတော့တယ်၊ အရောင် သဘောကျတော့ ထောက်ပံ့တဲ့သဘော ( ဝါ ) တည်ပေးတဲ့

သဘောအနေနဲ့ရှိတယ်၊ အကောင်သဘောနာမပညတ်ကျတော့ မှတ်ကြောင်းသဘော၊ အဲဒါ ထင်ထင်ရှားရှားအနေနဲ့ ရှိနေတယ်၊ ဒါဟာ ဌာန် ၄-ချက်ကနေ အမည်လေးတွေထုတ်ယူလာတာပါ၊ ဒီတော့ နာမပညတ်မှာ အမည်လေးမျိုး ဖြစ်နေပြီ၊ အနုဒီနေရာက နာမပညတ်လေးဟာ ပြုပြင်တဲ့သဘော, အာရုံသဘောအနေနဲ့သာရှိတော့တယ်၊ ပရမတ်သဘောက အကျိုးပစ္စုပ္ပန် ပေါ်သဘောလေးအနေနဲ့ရှိတော့တယ်၊ ဒါကိုဘုရားရှင်က ပေါ်နေတဲ့ပရမတ်သဘောလေးကို အရင်ဖြတ်ရမယ်၊ ဒါဖြင့် ဘယ်လိုဖြတ်ရမလဲ၊ အဲဒါ "ကာယေ-ကေသာ, လောမာ, နခါ, ဒန္တာ, တစော" လို့ဟောလာတဲ့အတိုင်း ဖြတ်ရမယ်၊

ဒီတော့ ပေါင်းနေတဲ့သဘောရှိနေလို့ နာမပညတ်အာရုံသဘောလေးလေးကပ်နေတာပါ၊ ဒါမကပ်နိုင်အောင် ၃၂-ကောဋ္ဌာသကို တခုစီတခုစီ ခွဲပြီးချထားလိုက်ပါ၊ ဒီတော့ နာမပညတ်ဟာပေါ်လို့ရသေးသလား မရတော့ပါ၊ ဘာ့ကြောင့်လဲ အဲဒါ ပေါင်းစုနေတဲ့ ပရမတ်ပေါ်သဘောလေး ပျက်သွားလို့ပါ၊ ဒီတော့ ဒီပရမတ်ပေါ်သဘောကိုလဲ ဖျက်လိုက်ရော နာမပညတ်အာရုံသဘောလေးဟာ သုဉ်းဆိတ်သွားပြီ၊ ဒီလိုပြောရမယ်၊ မရှိဘူး, ရှိတယ်လို့ပြောနေရင် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိတွေက ဆွဲလိမ့်မည်၊ ဒီတော့ ပေါင်းနေတဲ့သဘောသာမရှိတော့လို့ လှည်းလို့မရှိတော့သော်လဲ အဲဒါဖျက်ထားတဲ့ လှည်းဘီးတို့ လှည်းတံတို့ ဆိုတာတွေက သူ့အမည်လေးတွေနဲ့သူ ရှိနေသေးတယ်၊ ဒါဟာလဲ အကျိုးပစ္စုပ္ပန်လေးဘဲမဟုတ်လား၊ ကမ္ဘာတသိန်းကပါရမီဖြည့်လာတဲ့ပုဂ္ဂိုလ်တွေဟာ ဒီနေရာကနေပြီး ၃၁-ဘုံကြီးဟာ အနတ္တကောင်ကြီးတွေပါလားဆိုတာ တချက်ထဲ မြင်သွားတော့တယ်။

ဒီတော့ဒီပညတ်တွေကိုလဲသုဉ်းဆိတ်တဲ့အနေနဲ့လဲဆွဲလိုက်ရော သောတာပတ္တိမဂ်ကိုတချက်ထဲ အာရုံပြုလိုက်တော့တာဘဲ၊ အခု ပုဂ္ဂိုလ်တွေကျတော့ အဲဒါ ဆံပင်, မွေးညှင်း, ဆိုတဲ့ အမည်လေး တွေဟာ အနုတ္တတဲမဝင်သေးပါ၊ ဒီတော့ နာမပညတ်ကိုသာ သုဉ်းဆိတ်တဲ့ အနေနဲ့ ယူနိုင်ပြီး အဲဒါပရမတ် အကျိုးပစ္စုပ္ပန် လေးကို အနုတ္တလို့ မယူနိုင်သေးဘဲ ကျန်နေသေးတယ်၊ ဒါကျန် နေသေးရင်အကြောင်းပစ္စုပ္ပန်ဟာဝင်လာတော့မယ်၊ ဒါ့ကြောင့် ဒီအကျိုးပစ္စုပ္ပန်လေးကို ဝိပဿနာဉာဏ်နဲ့ ခွဲရတော့မယ်၊ သတိ ပဋ္ဌာန်ကြီးက မခွဲပြတော့ပါ၊ အဲဒါ ဝိပဿနာဉာဏ်ဖြစ်တဲ့ အနုတ္တာနုပဿနာဉာဏ် (ဝါ) မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါ ဉာဏ်, သင်္ခါရုပေက္ခာဉာဏ်တွေနဲ့ ခွဲရတော့မယ်။

ဒီတော့ ခွဲတော့မယ်ဆိုတော့ ခန္ဓာဖွဲ့ရမယ်၊ ဒီတော့မှ အာရုံ သဘောလေးမှာ ရေသောက်မြစ် ၄-ချက်ကို လာတွေ့မယ်၊ဒီအာ ရုံသဘောရေသောက်မြစ် အကျိုးပစ္စုပ္ပန်ထွေကို တဏှာမဂ်ကို တင်ပို့လိုက်မှ တရားဥက္ကောင်းကျမယ်၊ ဒီတော့ ဘယ်မဂ်ကို တင်မလဲ၊ အဲဒါ အရဟတ္တမဂ်ကိုတင်ရမယ်၊ ဒီတော့ ဒီအရဟတ္တ မဂ်ကို ဘယ်လိုတန်ဆာဆင်ပြီးတက်ရမလဲ၊ ဒီတော့ မဟာသတိ ပဋ္ဌာန်တရားတော်က ၄-မဂ်ကိုထိအောင် ဖွင့်လာတာဖြစ်ခြင်း ကြောင့် ၄-မဂ်လုံးကို သွင်းလို့ရပါတယ်။

ကိုင်း....သာဓု ခေါ်ကြပါတော့။

သာဓု....သာဓု....သာဓု။

ပုံစံနံပါတ် (၃၄)




ပဋိကူလမနသိကာရ·ခန္ဓာပေါ်ပုံ

သီတင်းကျွတ်လဆန်း (၁၃) ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၃၄)

ဒီနာမပညတ်ကို ၄-လွှာ လွှာပြခဲ့ပြီ၊ ဒီတော့ ခေတုမနသိကာရ အပိုင်းမှာပြခဲ့တဲ့ ဝါးလုံး ၄-လုံးရဲ့ဥပမာကို ပြန်ကြည့်ပါ၊ ယခုလဲ နာမပညတ်ရိပ်လေးကိုလဲ ခွါလိုက်ရော ပစ္စုပ္ပန်အကျိုးရိပ်လေးသာ ကျန်တော့တယ်၊ ဒါဟာ ဘယ်သဘာဝလေးလဲ ဆိုတာ ဖေါ်ပြရအုံးမယ်၊ ဒီတော့မှ မဂ်ကိုဝင်လို့ရမယ်။

ယခု ဒီနေ့ရာမှာ အကျိုးရုပ်စဉ်လေးသာ ရှိတော့တယ်၊ ဒါဟာ သညာကဆွဲထားတဲ့ အာရုံသဘောလေးပါ။ တနည်း....ရုပ်ရိပ်နာမ်ရိပ်၊ တနည်း....ရုပ်ရေသောက်မြစ် နာမ်ရေသောက်မြစ်မှာ နာမ်ရေသောက်မြစ်ပြတ်ပြီး ရုပ်ရေသောက်မြစ် အရိပ်လောက်သာ ရှိတော့တယ်၊ ဒါကို တရားကိုယ် ကောက်ရမယ်၊ ဒီအကျိုးရုပ်စဉ်လေးကို ခန္ဓာကိုယ်ကြီးမှာ ပြန်ကြည့်လိုက်ပါ၊ ဒီတော့ မီးခဲတွေမှ ပေါက်ထွက်လာတဲ့တရားတွေမှာ ဘယ်သဘာဝတွေချုပ်ပြီး ဘယ်သဘာဝတွေ ကျန်သေးသလဲ။

ဒီတော့ နှလုံးအိမ်ကာလ ၃-ပါးရုပ်နာမ် သညာကိုလဲ သိမ်းလာခဲ့ပြီ၊ နောက်ချက်တိုင်မှာရှိတဲ့ ဖြစ်ပျက်သဘောကိုလဲ ဣရိယာပထ လုပ်ငန်းစဉ်နဲ့ သိမ်းလာခဲ့ပြီ၊ နောက် သန္တာပ္ပနမီးခဲတက ထွက်လာတဲ့ ပစ္စုပ္ပန်သညာလေး ၃-လုံးကိုလဲ အသမ္မောဟသမ္ပဇဉ်အပိုင်းက အားလုံးသိမ်းလာခဲ့ပြီ၊ ယခု ဘာကို သိမ်းရမလဲဆိုတော့ အာနာပါနဆိုရင်လဲ ပဋ္ဌမဘံခါး လက္ခဏာနဲ့ရသ ပေါ်တဲ့ဟာကို သိမ်းရတော့မယ်၊ ဒါကိုလဲ နာမရူပပရိစ္ဆေဒ

ဉာဏ်က ခေတ်တပါးကရုပ်၊ ခေတ် ၃-ပါးက နာမ်ဆိုပြီးတော့ အနတ္တနဲ့ သိမ်းလာခဲ့သေးတယ်၊ ဒီအခါမှာ အာရမ္မဏိကသဘော ဟာ ပါသွားတယ်၊ အာရုံသဘောဟာ ကျန်နေတယ်၊ ယခု ကျန်နေတဲ့ အာရုံသဘောကို ထုတ်ပြနေတာပါ၊ ဒီထိအောင် သဘာဝဉာဏ် ကြီးထွားလာရမယ်။

ဒီတော့ ကျန်နေတဲ့ အာရုံသဘောနိုပ်လေးကို ဒီဘက်ကို ယူလာခဲ့ပါ၊ ဒီတော့ ဝါးလုံးလေး ၄-လုံးကိုလဲ ဖျက်ခဲ့လိုက်ရော ဝါးလုံးလေးတွေဟာ လဲနေပြီ၊ ဒါပေမဲ့ ဝါးလုံးလေးတွေမှာ ထောင်ချင်တဲ့သဘော (ဝါ) ထောင်ချင်တဲ့သတ္တိ မရှိဘူးလား ဆိုရင် ရှိသေးတယ်၊ သူ့မှာ မထောင်နိုင်သေးလို့ပါ၊ တဦး တယောက်နဲ့တွေ့ရင် ထောင်အုံးမှာဘဲ၊ ဒါကို အာရုံသဘောလို့ ပြောတာပါ၊ အကျိုးပစ္စုပ္ပန်လို့လဲ ပြောတယ်၊ ဒီလို အာရုံ သဘောလေး မပြတ်သေးပါ၊ သူ့မှာထောင်ချင်တဲ့ ဗျာပါရ လေးဟာ မပြတ်သေးပါ၊ ဒါကို အခုသတိရတော့မတ်၊ ဒီအာရုံ လေး မပြဝ်သမျှ စင်ကြယ်တဲ့ ဝိပဿနာထဲ မရောက်သေးပါ သမထအလုပ်ဆိုတာဟာ မစင်ကြယ်တဲ့အတွက်ကြောင့် သညာ ဝိညာဏ်သာ ကြီးထွားပြီး နောက်ဆုံးတောက်ကျစ်တဲ့ သဘာဝ သာ ဖြစ်လာတော့မယ်။

ဒီတော့ အာရုံသဘောဆိုတာဟာ အကျိုးချုပ်စဉ်လေး ကျန် နေတာပါ၊ ဒါဟာ ဘာလဲဆိုတော့ နာမရူပ ပရိစ္ဆေဒဉာဏ်ကို ပြန်ဆင်းကြည့်ပါ၊ ပထဝီခေတ်ကို အနတ္တလို့ချ,လို့ ကျ,သွား သော်လဲ သူကဝန်မခံသေးပါ၊ ချ,သွားလို့သာ အနတ္တလို့ ပြောရသော်လဲ မာတယ်ဆိုတဲ့ သတ္တိလေးဟာ, မာဝယ်ဆိုတဲ့

ဗျာပါရလေးဟာ ရှိနေသေးတယ်၊ တခုခုနဲ့တွေ့ရင် ပြန်ပြီး မာအုံးမှာဘဲ မဟုတ်လား၊ ဒါကို အာရုံသဘောလို့ ခေါ်တယ်။

ဒီတော့ သတ်ချင်တာနဲ့သတ်၊ သဘာဝအာရုံသဘောလေး ဟာ ကျန်အုံးမှာဘဲ၊ ဒီကျန်နေတဲ့ အာရုံသဘောကို ယခု ပဋ္ဌိ ကူလမနသိကာရအပိုင်းက သတ်မယ်၊ ဒါဟာ အာရုံသဘော လေးပါ၊ (ဝါ) ပစ္စုပ္ပန်အကျိုးလေးပါ၊ (ဝါ) သညာကဆွဲ ထားတဲ့ ရုပ်ရိပ်လေးပါ၊ ဒီအကျိုးရိပ်လေးပြတ်သွားမှ တကယ့် အနတ္တဖြစ်ပြီး တန်ဘိုးရှိလာမယ်၊ ဒီအာရုံလေးကျတော့ ချေရ တာ ခက်ပါတယ်။

ဒီကော့ ဘယ်အလုပ်မဆို ကိုယ့်အားရှိက ကျေလာမှ ဖြစ်မှာ ဘဲ မဟုတ်လား၊ ဒီအာရုံလေးကို ဘုရားရှင်က သတ်ဆေးထုတ် လာတယ်၊ ဒီအာရုံသဘောလေးဟာ နာမပညတ်ရိပ်လေးသာ ရှိတော့တဲ့အတွက်ကြောင့် မျက်တောင်မခတ်နိုင်တော့ပါ၊ ဒါပေ မဲ့ သူ့မှာ မျက်တောင်ခတ်ချင်နေသေးတဲ့ အာရုံလေးရှိနေ သေးတယ်၊ ဒီအာရုံလေးကို ယခုသိမ်းရမယ်၊ ဘယ်လိုသိမ်း မလဲ ?

ဥပမာ....ပေါင်းနေတဲ့အခါမှာ လှည်းလို့ပေါ်လာတဲ့ နာမ ပညတ်လေးကို ဖျက်ချင်တော့ လှည်းရဲ့အစိတ်အပိုင်းတွေကို တခုစီဖြုတ်ပစ်လိုက်တာနဲ့ လှည်းဆိုတဲ့နာမပညတ်ဟာ မပေါ် နိုင်တော့ပါ၊ ဒါပေမဲ့ လှည်းရဲ့အစိတ်အပိုင်းဖြစ်တဲ့ လှည်းဘီး၊ လှည်းတံစတဲ့ အစိတ်အပိုင်းတွေက ပစ္စုပ္ပန်အကျိုးရိပ်တွေ (ဝါ) အာရုံရိပ်တွေဟာ ကျန်နေသေးတယ်၊ ဒီကျန်နေတာကို မဟာ သတိပဋ္ဌာန်တရားတော်ကြီးက အထူးမဖွင့်တော့ပါ။

ဒီတော့ ပစ္စုပ္ပန်အကျိုးရိပ်လေးကို ဓမ္မစကြာ ဝိသာခါတရား ခေတ်တွေနဲ့ လိုက်ရှာရအုံးမယ်၊ ဒီတော့ အဆင်းရိပ်၊ အကြည်ရိပ်၊ အမြင်ရိပ်၊ အသိရိပ် ဒါတွေဟာ မပေါင်းနိုင်တော့ပါ၊ အဲဒါ နာမပညတ်ရိပ် ဖြတ်လိုက်လို့ မပေါင်းနိုင်သော်လဲ အဲဒါအကျိုး ရိပ်အာရုံသဘောအနေနဲ့ ကျန်နေတယ်၊ ဒါကို ဘာလုပ်မလဲဆို တော့ ကျူပြင်ခုတ် ကျူငုတ်ပါမကျန်ရဆိုတာလို အားလုံးကို ဖြတ်ပစ်ရမယ်။

ဒီတော့ အဆင်းရိပ်လေးဘဲ မေးပါအုံး၊ မင်း အကြည်လေး နဲ့ ပေါင်းချင်သေးသလားလို့ မေးရင် သူ့မှာပေါင်းချင်တဲ့ ဗျာ ပါရလေး ရှိနေသေးတယ်၊ သူတို့မှာ မပေါင်းနိုင်တဲ့ အတွက် ကြောင့် ပစ္စုပ္ပန်အကျိုးရိပ်လေးအနေနဲ့ (ဝါ) အာရုံရိပ်(ဝါ) ရုပ်ရိပ်(ဝါ) သညာရိပ်လေးအနေနဲ့ ကျန်နေသေးတယ်၊ ဒီကျန် နေတာကို ဖြတ်ပစ်ရမယ်၊ သူ့ကိုဖြတ်မယ်ဆိုရင် အဆင်းရိပ် လေးကို ကြည့်လိုက်စမ်းပါ၊ အဆင်းရိပ်လေးမှာ ပေါင်းချင်တဲ့ ဗျာပါရလေး ရှိနေတာဟာ ဘယ်သူရှိနေသေးလို့လဲ၊ ဒါကို ခန္ဓာ အနေနဲ့ ဆွဲတင်ရမယ်၊ ဒါဟာ ဉပါဒါနက္ခန္ဓာလေးတွေပါ။

ဒီတော့ အဆင်းရိပ်လေးမှာရှိနေတဲ့အကျိုးဉပါဒါန် ရိပ်လေး ကို ခန္ဓာဖွဲ့ဆိုရင် ဘယ်လိုဖွဲ့မလဲ၊ ခန္ဓာဖွဲ့စမ်းပါ၊ ဒီတော့အဆင်း ရိပ်လေးက အကြည်ရိပ်လေးနဲ့ ပေါင်းချင်နေသေးတဲ့ ဉပါဒါ နက္ခန္ဓာလေးရှိနေသေးတယ်၊ အဲဒါ အကျိုးရိပ်လေးအနေနဲ့ ဖြစ် နေလို့ မဆွဲနိုင်တာပါ။

ကိုင်း... ဒီတော့ အဆင်းရိပ်၊ အကြည်ရိပ်၊ အမြင်ရိပ်၊ အသိရိပ် တို့ကနေ ခန္ဓာတွေထွက်ပြစမ်းပါ၊ ခန္ဓာတွေထွက်လာမှ ဒီခန္ဓာ

တွေကို ပညာမြင် အနုတ္တာနုပဿနာဉာဏ်ကနေ သတ်တော့မယ်၊ ဒီတော့မှခန္ဓာလေးတွေဇာတ်သိမ်းသွားပြီးရေသောက်မြစ်ဖြစ်တဲ့ ဥပါဒါနက္ခန္ဓာအရိပ်လေးကို မင်္ဂကိုတင်ရတော့မယ်၊ ဒါမှမင်္ဂက ဖြတ်မယ်။

ကိုင်း....ယခုအရေးကြီးတာက အဆင်းရိပ်မှာ ဘယ်ခန္ဓာလေး ရှိသလဲ၊ ဒီခန္ဓာတွေကို အနုတ္တာနုပဿနာဉာဏ်က သုည ၄-လုံးနဲ့ သတ်တော့မယ်၊ ဒီတော့ အကြောင်းတရားကို သိမ်းတဲ့အခါမှာ သုညတအနုတ္တကနေ စပြီးတော့သိမ်းရတယ်၊ အကျိုးတရားကို သိမ်းတာကျတော့ ပရတ္တအနုတ္တကနေပြီးတော့ သိမ်းရတယ်၊ဒါမှ ခန္ဓာတွေ ဇာတ်သိမ်းပြီး မင်္ဂကိုရေသောက်မြစ်ဖြစ်တဲ့ ဥပါဒါ နက္ခန္ဓာရိပ်လေးကို တင်ရမယ်။

ကိုင်း....ဒီတော့ အဆင်းရိပ်လေးကို ဝေဒနက္ခန္ဓာ ပေါ်တယ် ဆိုတော့ ဘာ့ကြောင့်ပေါ်ရတာလဲ၊ သဘာဝဉာဏ်တွေနဲ့ ထွင်းဖေါက်သာရမယ်၊ ဆရာတော်ဘခုပြောပြမယ်၊ အာရုံနဲ့ အာရမ္မဏိကမှာအာရုံကအကျိုးရိပ်, အာရမ္မဏိကက-အကြောင်း ရိပ်၊ ဒီ ၂-ခုကပ်မှ ငါအဆင်းလေးဘဲဆိုပြီး ပြောနိုင်တာပါ၊ ဒီတော့ ယခု အာရမ္မဏိကသဘောလဲမရှိရော၊ ငါ့အဆင်းဘဲလို့ မပြောနိုင်တော့ပါ၊ ဒီတော့ သူ့မှာအရင်ကရလာတဲ့ အဆင်း လေးသာ ရှိတော့တယ်၊ ဆွဲတတ်တဲ့အာရမ္မဏိက သဘော မရှိ တော့ပါ။

ဒီတော့ အာရမ္မဏိကသဘော မရှိခြင်းကြောင့် အကျိုးရိပ် အနေနဲ့သာရှိတော့တယ်၊ သူ့အပြစ်ကို သူခံစားနေရပြီး သူ့မှာ အားကိုးစရာမရှိတော့ပါ၊ သူ့မှာမျက်တောင်မခတ်နိုင်တော့ပါ၊

အနတ္တာ နုပဿနာဉာဏ်မှာ ဥကြောင်းချတော့မယ်၊ ဒီလိုလဲ ဥကြောင်း ကျလိုက်ရော သင်္ခါရလောကကြီး တခုလုံးဟာ "အနတ္တနဝါ အတ္တနိယေနဝါ အယံသေည ကောသုညော" ဆိုပြီး တုစ္ဆ၊ ရိတ္တ၊ ပရရိတ္တဖြစ်ပြီး နောက်ဆုံးမဂ်ထဲဝင်တော့မယ်၊ ဒါဟာ အသင်္ခတဓာတ် မပြုပြင်တဲ့ နိဗ္ဗာနဓာတ်ထဲ ရောက်တော့မယ်၊ ဒီတော့မှ သင်္ခါရုပေက္ခာဉာဏ်ကြီးက ရှုစရာကို မရှိတော့ပါ၊ ယခု ဒီတောင်လေးတွေက ရှုစရာအကောင်လေးတွေပါ၊ ဒါကို သတ်ရတော့မယ်။

ဒီတော့ သင်္ခါရုပေက္ခာဉာဏ်မှာ ရှုစရာလဲမရှိရော ဗလဝ ဝိပဿနာဖြစ်ပြီး မဂ်ကိုတချိန်ထဲဝင်တော့မယ်၊ ဒီတော့ အဆင်း ရိပ်မှာ ဝေဒနာက္ခန္ဓာ၊ အကြည်ရိပ်မှာ သညာက္ခန္ဓာ၊ အမြင်ရိပ် မှာ သင်္ခါရက္ခန္ဓာ၊ အသိရိပ်မှာ ဝိညာဏက္ခန္ဓာပေါ်ရမယ်၊ ဒါဟာ သူတို့ပိုင်တဲ့ ဥစ္စာလေးတွေပါ၊ ဒီ ခန္ဓာ ၄-ကောင်ဟာ မဆက် စပ်နိုင်တော့ပါ၊ ဘာ့ကြောင့်လဲ သန္တတိပညတ်၊ သမူဟပညတ်၊ သဏ္ဌာနပညတ်တို့ မရှိတော့လို့ပါ၊ နာမပညတ် အရိပ်လေးမျှ သာ ရှိတော့တဲ့ အကောင်လေးတွေပါ၊ သူတို့မှာ ခေသယ်ဇောနဲ့ မျောနေပြီ၊ ယခု ဒီနေရာကနေ ခန္ဓာလေးတွေကို မြင်သွားမှ နက်ဖြန့်သတ်တဲ့အခါမှာ သတ်လို့ရမယ်၊ အဲဒါ သဘာဝကို မြင်မှ သတ်လို့ရမယ်။

ဒီတော့ သညာ ၄-လုံးမှာ ဘယ်သူကပြဋ္ဌာန်းသလဲ၊ (ဝါ) ဘယ်သူကလူကြီးလဲ၊ ဒါကိုလဲ ဝေဘန်ထားပါ၊ ဒီတော့ အဆင်း ရိပ်က ဝေဒနာက္ခန္ဓာပေါ်တယ်၊ ဘာ့ကြောင့်ပေါ်ရသလဲ၊ ဒီတော့ ဝေဒနာက္ခန္ဓာကို ခွဲလိုက်တဲ့အခါမှာ သညာပြဋ္ဌာန်းတဲ့ဝေဒနာ၊

စိညာဏ်ပြဋ္ဌာန်းတဲ့ ဝေဒနာ, ပညာပြဋ္ဌာန်းတဲ့ ဝေဒနာ ဆိုပြီး အရင်ကခွဲပြလာခဲ့တယ်၊ ပညာမြင်ဝေဒနာဆိုတာက ပေါ်တဲ့ သဘောလေးသာ ရှိတော့တယ်။

ဒီတော့ အဆင်းရုပ်လေးဟာ အကြည်, အမြင်, အသိတို့နဲ့ ဆက်စပ်ပြီး ပေါ်နေတာမဟုတ်ပါ၊ သူ့သဘာဝအတိုင်း ပေါ် နေတာပါ၊ ဘာ့ကြောင့်လဲ၊ အာရမ္မဏိကသဘောတွေ ကင်းနေ တဲ့အတွက်ကြောင့်ပါ၊ ဒါဟာ သူ့သဘာဝ အကျိုးရုပ်လေး အနေနဲ့ ပေါ်နေတာ ဖြစ်ခြင်းကြောင့် ဝေဒနက္ခန္ဓာလို့ပြော တာပါ။

တိဟိတ်ခန္ဓာ ပေါ်တုံးက ဝေဒနာက္ခန္ဓာဟာ အဆက် အတောက်တွေဟာ လိုက်နေသေးတယ်၊ ယခု မင်္ဂနားကပ်နေတဲ့ ခန္ဓာကျတော့ အဆက်အတောက်တွေ မရှိတော့ပါ၊ ဒါ့ကြောင့် သင်္ခါရုပေက္ခာဉာဏ်ကြီးက လျစ်လျူရှုတယ်လို့ ပြောတာပါ၊ ဒီသဘာဝတွေကို ပညာမြင် အနုတ္တာနုပဿနာဉာဏ်ဖြင့် သိမ်းရ တော့မယ်။

ဒီတော့ အကြောင်းတွေရှိနေတုံးကတော့ "ဥ၁"ဘုံကြီးက လွှတ်ချင်တယ်ဆိုတာဟာ တကယ်မဟုတ်သေးပါ၊ ယခုတော့ အကြောင်းတရားတွေ သုဉ်းဆိတ်ပြီး အကျိုးတရားလေးသာ ရှိနေတာဖြစ်ခြင်းကြောင့် မုစ္စိတုကမျတာဉာဏ်ထဲ သွင်းလို့ ရပြီ၊ အကျိုးလေးရှိနေသေးလို့ သင်္ခါရုပေက္ခာဉာဏ်က သွင်း မရသေးပါ၊ ဒီတော့ အကျိုးသဘော အာရုံလေးကို ပဋိသင်္ခါ ဉာဏ်ကနေ အနုတ္တာနုပဿနာဉာဏ်နဲ့ သိမ်းရအုံးမယ်၊ သိမ်း ပြီးတော့မှ သင်္ခါရုပေက္ခာဉာဏ်ကြီးက လျစ်လျူပြုနိုင်လာမယ်။

ဒီတော့ အဆင်းရိပ်ကို ဝေဒနာက္ခန္ဓာ၊ ဒါဟာ အကျိုးရိပ်စဉ် အနေနဲ့ ပေါ်နေတဲ့အတွက် (၀၁) အရင်က အကြည်, အမြင်, အသိတို့ကနေ ဆွဲပြီးခံစားနေတဲ့အတွက်ကြောင့် ဝေဒနာက္ခန္ဓာပါ၊ နောက် အကြည်ရိပ်မှာ သညာက္ခန္ဓာ ဘာ့ကြောင့်ပေါ်သလဲ၊ အမြင်ရိပ် သင်္ခါရက္ခန္ဓာ, အသိရိပ် ဝိညာဏက္ခန္ဓာ ဘာ့ကြောင့်ပေါ်ရသလဲ၊ ဒီခန္ဓာလေးတွေကို ပေါ်နိုင်လာ့မှ သင်္ခါရုပေက္ခာဉာဏ်ကြီးကို ဆွဲထုတ်သို့ရမယ်၊ ဒါကို သေသေချာချာ တွေးတွေးကြံစည်ပါ၊ ဒါမှ သဘာဝဉာဏ်တွေပေါ်လာမယ်။

ကိုင်း....သာဓုခေါ်ကြပါတော့၊

သာဓု....သာဓု....သာဓု။

သီတင်းကျွတ်လဆန်း ( ၁၄ ) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၃၄)

ကိုင်း....အဆင်းရုပ်က ခန္ဓာပေါ်သွားပြီးနောက် အကြည်ရုပ်, အမြင်ရုပ်, အသိရုပ်တို့က ဘယ်ခန္ဓာတွေ ပေါ်ကြသလဲ၊ အဲဒါ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတွေ ပေါ်ရမယ်၊ ဘာ့ကြောင့်ပေါ်ရသလဲ၊ အကြောင်းပြပါ၊ ခန္ဓာရဲ့သဘာဝကို မြင်ရင် မဂ်ဝင်တရားခံကို တွေ့လာပြီ၊ ဒီတော့ မဂ်ဆိုတာဟာ ဆန်ချည်ဘယ်ဟွာခန့်မှ ခရီး ပြောင်းခြင်းသဘောမရှိပါ၊ ဒီတော့ " နိယျာနဋ္ဌ, ဟေတုဋ္ဌ, ဒဿနဋ္ဌ, အဓိပတေယျဋ္ဌ " ဒီမဂ်သဘာဝ ၄-ချက်ရဲ့ လုပ်ငန်းစဉ်နဲ့ အခုသိမ်းရတော့မယ်၊ ဒီတော့ အဆင်းရုပ်က ဝေဒနက္ခန္ဓာပေါ်တယ်၊ အကြည်ရုပ်က သညက္ခန္ဓာ အမြင်ရုပ်က သင်္ခါရက္ခန္ဓာ, အသိရုပ်က ဝိညာဏက္ခန္ဓာပေါ်တယ် ဆိုပြီး သညာဝိညာဏ်ဖြင့် ထောက်လာတယ်။

ဒါကိုသညာဝိညာဏ်ဖြင့် မထောက်နိုင်ဘဲ ပညာသဘောဖြစ်လာအောင် ဒီခန္ဓာတွေ ဘာ့ကြောင့်ပေါ်ရသလဲ၊ ဒီလိုကိုလိုက် ထောက်လာမှ ပညာရဲ့သဘာဝဖြစ်မယ်၊ ဒီတော့ အရင်တုန်းက အဆင်းလေးကို အခြေခံထားပြီးတော့ "အကြည်,အမြင်,အသိ" တို့ပေါ်လာတယ်လို့ ပြောလာတာဟာ သမ်တလောကကြီးရဲ့ ဖြစ်ပွါးပုံပါ၊ ဒီလိုဘဲ အဆင်းခါတ်က ဝေဒနက္ခန္ဓာပေါ်ရင် သညာ,သင်္ခါရ, ဝိညာဏ်တို့ဟာ သမ်တလောကကြီးရဲ့ သဘာဝ ပေါ်စဉ်အတိုင်း လိုက်ပေါ်ရတာပါ၊ အခုဒီနေရာမှာ ဒီလိုပြောလို့မရတော့ပါ၊ ဘာ့ကြောင့်လဲ၊ အာရမ္မဏကသဘောတွေမရှိတော့ဘဲ၊ အာရုံသဘောနာမပညတ်ရုပ်လေးမျှသာ ရှိတော့တဲ့ အတွက်ကြောင့်ပါ၊ သဏ္ဌာနပညတ်ဟာမရှိတော့ပါ။

ဒါကြောင့် ဘုရားရှင်က "ကေသာ, လောမာ, နခါ, ဒန္တာ, တစော-စသည်ဖြင့်ဟောကြားလာတာပါ၊ ဒီလို "၃၂"ကောဋ္ဌာသကိုလဲ ခွဲချုံလိုက်ရော နာမပညတ်လေးဟာ ပျောက်သွားတော့မယ်၊ နာမပညတ်လေးပျောက်သွားတာနဲ့ သင်္ခါရုပေက္ခာဉာဏ်ကြီးတနေ မဂ်ကိုတရှိန်ထဲထိုးတက်သွားတော့မယ်၊ ဒီတော့ သင်္ခါရုပေက္ခာဉာဏ်ဟာ သင်္ခါရတရားတွေကို လျစ်လျူပြုတဲ့ဉာဏ်ပါ၊ ဒီတော့ လျစ်လျူပြုတာဟာသညာဝိညာဏ်ဖြင့်လျစ်လျူပြုတာလဲရှိတယ်၊ ပညာဖြင့်လျစ်လျူပြုတာလဲရှိတယ်၊ ဒီလို ၂-မျိုးရှိတယ်၊ သညာဝိညာဏ်ဖြင့် လျစ်လျူပြုတာက အဲဒါ ရှိလျှက်သားနဲ့ သုခ,ဒုက္ခဝေဒနာအနေနဲ့ဆွဲပြီး လျစ်လျူပြုတာမျိုးပါ။

ပညာဖြင့်လျစ်လျူပြုတာမျိုးကျတော့ အာမှမရှိတော့မှပညာဖြင့် လျစ်လျူပြုတာပါ၊ ဒီသဘာဝလေးတွေကိုလဲ မှတ်ထားပါ၊ ဒီတော့ အခုနာမပညတ်ရိပ်လေးပျောက်သွားမှ ပညာဖြင့်လျစ်လျူပြုတယ်လို့ခေါ်တယ်၊ ဒီတော့ မုဉ္စိတုကမျတာဉာဏ် လွတ်ခြင်းငှါ အလိုရှိတဲ့ဉာဏ်၊ ဒါဟာ အခုအကျဉ်းထောင်မှာကျနေတဲ့ သူတွေလွတ်ချင်တာမျိုးလား မဟုတ်ပါ၊ ဒါက သညာဝိညာဏ်သဘောပါ၊ ပညာသဘောကျတော့ ဒီအာရုံသဘော နာမပညတ်ရိပ် အကျိုးရိပ်လေးက အာရမ္မဏ်ကသဘောနဲ့ လွတ်ခြင်းငှါအလိုရှိတဲ့သဘောပါ၊ ဒီတော့ သင်္ခါရုပေက္ခာဉာဏ် ပေါ်လာအောင် ပဋိသင်္ခါဉာဏ်ဖြင့် အလုပ်လုပ်နေရတယ်၊ အဲဒါ သင်္ခါရတရားတွေကို အကြိမ်ကြိမ် အဖန်ဖန်ဆင်ခြင်သုံးသပ်လာရတယ်၊ ဒီတော့ အဆင်း,အကြည့်,အမြင်,အသိတို့ ခန္ဓာပေါ်နိုင်အောင်က ပဋိသင်္ခါဉာဏ်ရဲ့ကိစ္စပါ၊ ဒီလိုခန္ဓာပေါ်လာမှ သင်္ခါရုပေက္ခာဉာဏ်ကြီးက အနန္တဘေတ်တွေနဲ့ ဒီခန္ဓာတွေကို ပယ်သတ်သွားမယ်။

ဒီတော့မနေ့က 'အဆင်းရုပ်ကနေ ဝေဒနက္ခန္ဓာ ပေါ်ပုံကို ပြောပြခဲ့ပြီ၊ ဒီနေ့ အကြည့်ရုပ်က သညာက္ခန္ဓာ၊ အမြင်ရုပ်က သင်္ခါရက္ခန္ဓာ၊ အသိရုပ်က ဝိညာဏက္ခန္ဓာတွေ ဘာ့ကြောင့်ပေါ် ရသလဲဆိုတာကိုပြောပြမယ်၊ အခုအာရမ္မဏိက သဘောမှန်ရင် အားလုံးဓာတ်သိမ်းသွားပြီ၊ အာရုံသဘော သက်သက်လေးသာ ကျန်တော့တယ်၊ ဒါဟာ အကျိုးရုပ်လေးအနေနဲ့သာ ရှိတော့ တယ်၊ ဒါဟာ နာမ်ညတ်ရုပ်လေးပေါ်နေတဲ့ အနေလောက်သာ ရှိတော့တယ်၊ ဒီတော့ အာရမ္မဏိကသဘော ဓာတ်သိမ်းပြီး အာရုံ သဘောသာရှိရင် အဆင်းရုပ်လေးတခုသာ ယူထားပါလား၊ ဘာ့ကြောင့် အကြည့်ရုပ်၊ အမြင်ရုပ်၊ အသိရုပ်တို့ကို ထည့်ထားရ သလဲ၊ ဒီလိုမေးရင်ဘယ်လိုပြောမလဲ၊ အဲဒါ တရားနာတဲ့ပုဂ္ဂိုလ် တွေရှုပ်ထွေးသွားမှာစိုးလို့ ဆရာတော် အကျယ်မပြောတာပါ။

ဒီတော့ ဒီဟာတွေကို ဘာ့ကြောင့် ထုတ်ထားရသလဲဆိုတော့ ခန္ဓာလေးတွေပေါ်တဲ့အခါမှာ မြင်လွယ်အောင်လို့ထုတ်ပြထား တာပါ၊ (တနည်း ; သူတို့ဘတွေဟာ ဓာတ်သိမ်းတော့မှာဖြစ် ခြင်းကြောင့် အားလုံးထုတ်ပြထားတာပါ၊ ဒီတော့ ၃၁-ဘုံကြီး မှာ ဒီ ၄-ကောင်ပေါင်းပြီး ဓာတ်ထောင်လာတာဟာ အခု သင်္ခတလောကကြီးမှာ ဓာတ်သိမ်းတော့မှာ ဖြစ်ခြင်းကြောင့် ဒီကောင်တွေကို ထုတ်ပြသာရတာပါ၊ ဒီလိုထုတ်ပြလိုက်တော့ ဘယ်မှာ အကျိုးလာပေါ်သလဲဆိုတော့ ခန္ဓာပေါ်တဲ့နေရာမှာ အကျိုးလာပေါ်တယ်၊ ဒီတော့ ရုပ်ရှိရင် နာမ်ရှိတယ်၊ အာရုံ သဘောရှိရင် အာရမ္မဏိကသဘောလဲရှိတယ်၊ သညာသဘော ရှိရင် ဝိညာဏ်သဘောလဲရှိတယ်၊ အတိတ်သဘောရှိရင် အနာ ဂတ်သဘောလဲရှိတယ်၊ အကြောင်းရှိရင် အကျိုးလဲရှိတယ်၊

အဝိဇ္ဇာရှိရင် တဏှာလဲရှိတယ်၊ ပဋိဃက္ခန္ဓာရှိရင် ဥပါဒါနက္ခန္ဓာလဲ ရှိတယ်ဆိုပြီး ၂-ခုစီတွဲပြီးတက်လာကြတယ်။

ဒီတော့ အခုဒီနေရာလဲကျရော ပစ္စုပ္ပန်သဘော, ပရမတ် ထောက်ခံတဲ့ သဘော မရှိသော်လဲ အတိတ်, အနာဂတ် အနေနဲ့ ကပ်ပြီး လိုက်နေသေးတယ်၊ ဒါကို ဂေါတြဘူဉာဏ် ကြီးက သခ်ၤတနယ်ကို (၀၁) ပုထုဇဉ်အနွယ်ကိုဖြတ်ပြီး အသခ်ၤ တနယ်ကို (၀၁) အရိယာနွယ်ဘက်ကို သွင်းတော့မယ်၊ ဒီတော့ မင်းရှိလို့ ငါရှိတယ်ဆိုတဲ့ အဝိဇ္ဇာတဏှာတို့ရဲ့ အာဏာစက်ကို ဂေါတြဘူဉာဏ်ကြီးက ဖြတ်လိုက်မှ အသခ်ၤတနယ်မြေထဲ (၀၁) အရိယာနွယ်ထဲဝင်သွားမယ်၊ ဒီတော့မှ သခ်ၤတနယ်ဟာ မလိုက် နိုင်တော့ဘဲ ကျန်နေတော့မယ်။

ဒီတော့ အဆင်းရိပ်လေးဟာအခုဒီနေရာမှာ အကျိုးရိပ်သက် သက်သာ ရှိတော့တယ်၊ သို့သော်လဲ အကြည်ရိပ်, အမြင်ရိပ်, အသိရိပ်တို့က အာရမ္မဏိကသဘောအကြောင်းရိပ်အနေနဲ့ လိုက် နေသေးတယ်၊ အဲဒါ မင်းရှိလို့ ငါရှိတယ်ဆိုတဲ့အနေနဲ့ လိုက်နေ သေးတယ်၊ ဒီလိုလိုက်လာတာကို အဆင်းရိပ်မှာရှိတဲ့ နာမပညတ် ရိပ်ကိုလဲ ပယ်လိုက်ရော ဝေဒနက္ခန္ဓာလေးဟာ ထွက်လာတယ်၊ ဒီဝေဒနာက္ခန္ဓာလေးကိုလဲ မြင်အောင်ရှုပြီး ပယ်သတ်လိုက်ရော နာမပညတ်ရိပ်လေးဟာ တခါထဲ ပျောက်သွားမယ်၊ ဒီတော့မှ အကြည်ရိပ်, အမြင်ရိပ်, အသိရိပ်တို့ဟာ မလိုက်တာပ်နိုင်တော့ဘဲ အဲဒါ ခန္ဓာလေးတွေပေါ်ရတော့မယ်။

ဒီတော့ ဒီ ၃-ကောင်ဟာ ဘာမှ ပညတ်ရိပ်မရှိတော့ပါ၊ ဒီတော့ အကြည်ရိပ်က သညာက္ခန္ဓာပေါ်ရမယ်၊ ဘာ့ကြောင့်လဲ၊ သူတို့ဟာ အကြောင်းရိပ်အာရမ္မဏိက သဘောတွေမို့လို့ပါ၊

ဒီတော့ အဆင်းရိပ်က ပရမတ်သဘောဘက်ကရှိတယ်၊ ကျန်တဲ့ အကြည်ရိပ်၊ အမြင်ရိပ်၊ အသိရိပ်တို့က ပညတ်သဘောဘက်ကနေ လိုက်ပါလာတယ်၊ ဒီတော့ အခု အဆင်းရိပ်ဟာ ပစ္စုပ္ပန်ဆတ် ဆတ် ပရမတ်သဘော ဝေဒနက္ခန္ဓာလို့လဲ ဝန်ခံလိုက်ရော သူ့ နောက်က လိုက်ပါလာတဲ့ "၃" ကောင်ဟာလဲ သူ့သဘာဝ တွေကို အခြေခံထားပြီး အကြည်ရိပ် သညက္ခန္ဓာ၊ အမြင်ရိပ် သင်္ခါရက္ခန္ဓာ၊ အသိရိပ် ဝိညာဏက္ခန္ဓာဆိုပြီး ခန္ဓာလေးတွေ ပေါ် လာတယ်၊ ဒါက အာရုံအာရမ္မဏိကသဘော သိမ်းပုံပါ၊ ဒါက ပဋိသင်္ခါဉာဏ်က သိမ်းတာပါ။

ယခု ပြောလိုက်တဲ့သဘာဝတွေကို သဘောပေါက်သွားရင် တကာကြီး ကိုးကွယ်နေတဲ့ ဘုရားပုံတော်လေးကနေ ပစ္စုပ္ပန် ဆတ်ဆတ်အနေနဲ့ ထွက်ပြစမ်း၊ ဒီတော့ ဘုရားဆိုတဲ့ အတိတ် သဘော နာမပညတ်လေးကို တကာကြီးတို့ ကြည်ညို ကိုးကွယ် ဆည်းကပ်နေတဲ့ အာရမ္မဏိကသဘောတွေကိုပါ အခုသိမ်းလိုက် တော့ တကာကြီးတို့ ကိုးကွယ်နေတဲ့ ရုပ်ပွါးဆင်းထုတော်မှာ ပစ္စုပ္ပန်ဆတ်ဆတ် ဘုရားဆိုတာ ဘယ်ဟာလဲ၊ ဒီတော့ ဘုရား စစ်ကို ခွေ့ပြီဆိုတာဟာ ဘယ်သဘာဝတွေ ပြုတ်သွားလို့လဲ၊ ဒါကိုတွေးပါ၊ ဒီတော့ ဘုရားစစ်ဆိုတာဟာ ပစ္စုပ္ပန်ဆတ်ဆတ် ပရမတ္ထသဘာဝအနတ္တခေတ်ပါ၊ ဒါကို လုပ်ငန်းစဉ်အနေနဲ့ ရှာရင် တော်တော်ရှာရကြပ်ပါတယ်။

ဒီတော့ ဒီသဘာဝဟာ ဘယ်မှာရှိသလဲဆိုတာကို ထုတ် လိုက်ရင် တကာကြီးတွေ မခံနိုင်မှာစိုးလို့ မထုတ်ပြသေးတာပါ၊ ဒါကို နောက်ကျမှဘဲ ပြောပြတော့မယ်၊ ကိုင်း....ခန္ဓာလေး ၄-ကောင်ကို သတ်ရတော့မယ်၊ ဒီတော့ ဘာနဲ့သတ်မလဲဆို

တော့ အဲဒါ အကျိုးသုညတနဲ့ သတ်ရမယ်၊ ဒီတော့ သုည ၄-လုံးမှာ (ဝါ) အနတ္တ ၄-လုံးမှာ ပရတ္တအနတ္တကို လှူကြီးထား ပြီး သိမ်းရမယ်၊ ဒီလိုသိမ်းလိုက်တော့မှ အဲဒါ ပဋ္ဌကနွှာ ဉပါဒါ နက္ခနွှာလေး ထွက်လာမယ်။

ဒီတော့ အကျိုးရုပ်စဉ်ဆိုတာ ဘာကိုခေါ်တာလဲဆိုတော့ ယခုရနေတဲ့ ခန္ဓာ ၅-ပါး အကောင်ကြီးကို ခေါ်တာပါ၊ ဒီခန္ဓာ ကောင်ကြီးဇာတ်သိမ်းသွားလို့ အနာဂတ်ဘဝမှာ ဘဝယန္တရား ကြီး မလည်ရင် (ဝါ) ဘဝပြန်မဖြစ်ရင် ဇာတ်သိမ်းတာဘဲ၊ ဒီတော့ အာနာပါန တရားနည်းနဲ့ဆိုရင် အကြောင်းတရား ၄-ပါးကြောင့်ဖြစ်လာတဲ့ မီးခတ် ၄-ပါးမှာ အခုအကြောင်း တရား ၄-ပါးဟာ မရှိတော့ပါ၊ အဲဒါ မီးခတ် ၄-ပါးသာ ရှိတော့တယ်၊ ဒီ မီးခတ် ၄ ပါးရှိနေတာကို အကျိုးရုပ်စဉ်လို့ ခေါ်တာပါ၊ (တနည်း) ဒီ ခန္ဓာကောင်ကြီး ဇာတ်သိမ်းပြီး အနာဂတ်ဘဝကို မသွားတာကို အကျိုးရုပ်စဉ်လို့ ခေါ်တာပါ၊ ဒါ့ကြောင့် ယခု အနာဂတ်ဘဝကို မသွားနိုင်အောင် သတ်နေ တာဘဲ မဟုတ်လား၊ ဒါဟာ ဝိပဿနာဉာဏ် ဓမ္မစကြာ တရား၊ အနတ္တလက္ခဏသုတ် တရားတော်တွေရဲ့ အလုပ်တွေဘဲ မဟုတ်လား။

ဒီတော့ ဘယ်တရားမဆို အနတ္တလက္ခဏသုတ်တရားတော်မှာ ဉာဏ်ကွောင်းချပြီး ဟောရတာကြီးဘဲ၊ ဒီတော့ ဒီအကျိုးရုပ်စဉ် လေးကို မဂ်နဲ့သတ်လိုက်ရင် ဘယ်သဘာဝလေးတွေ ထွက်လာ မလဲ၊ ဒီတော့ ဒီအကျိုးရုပ်စဉ်ကြီးကတော့ တနေ့နေ့မှာ သုသာန် ရောက်မှာဘဲ၊ ဒီတော့ ပစ္စုပ္ပန်အကျိုးရုပ် မီးခတ် ၄-ပါးက နိဗ္ဗာနခတ် ထွက်ရမယ်၊ ဘယ်လိုထွက်မလဲ၊ ဒါကိုရှာပါ၊ ဒီတော့

နိဗ္ဗာနဓာတ်ထွက်ပုံကို အနတ္တလက္ခဏာသုတ် ၃•သသင်ဟန်း ဟော
စဉ်မှာ အကျယ်ဝေဖန်ဟောကြားခဲ့ပါပြီ။

**သတိ** ထွက်ပေါ်လတံ့ဖြစ်သော ဓမ္မစကြာ ပဋိပတ် သာသနာပြု
ရိပ်သာ၌ ဝါတွင်း ၃-လပတ်လုံး ဟောကြားထားသော အနတ္တ
လက္ခဏာသုတ် ဟောစဉ်ကျမ်း၌ ရှုကြပါကုန်။

ဒီတော့ ပစ္စုပ္ပန်အကျိုးရိပ်မှာ နိဗ္ဗာနဓာတ်ကိုရှာရင် အနုပါ
ဒိသေသ နိဗ္ဗာနဓာတ်ကို သွားမယူပါနဲ့၊ ဒါက ပရိဗ္ဗာန်ပြုမှ
ရတဲ့နိဗ္ဗာန်ပါ၊ ဒီတော့ အခု ပစ္စုပ္ပန်အကျိုးရိပ်ကနေ နိဗ္ဗာန
ဓာတ်ကိုရှာရင် မဂ်မှာရှိတဲ့ (ဝါ) မဂ်ကနေရတဲ့ စာဂနိဗ္ဗာန်,
ပဋိနိဿဂ္ဂ နိဗ္ဗာန်, မုတ္တိ နိဗ္ဗာန်, အနာလယနိဗ္ဗာန် - ဒီနိဗ္ဗာန်ကို
ရှာရမယ်၊ ဒါကို သတိပဋ္ဌာန်တရား ၄-ပါးနဲ့ပွါးပြီးရှာရင်
ဈာန်သမာပတ်ကို မရနိုင်သော်လဲ ဒီ ပစ္စုပ္ပန်အကျိုးရိပ်မှာရှိတဲ့
နိဗ္ဗာနဓာတ်ကို ရနိုင်ဘယ်ဆိုပြီး ဘုရားရှင်က.... "နိဗ္ဗာနသာ၊
မျက်မှောက် ပစ္စုပ္ပန်နိဗ္ဗာန်ကို။ သစ္စိကိရိယာယ၊ မျက်မှောက်
အာရုံပြုခြင်းငှါ။ ဧကာယနော၊ တကြောင်းတည်းသာဖြစ်သော
ခရီးတည်း"လို့ ဟောကြားလာတာပါ။

ဒီတော့ ဒီနေရာမှာ ဓမ္မ ၄ ချက်တို့ဟာ အကျိုးရိပ်အနေနဲ့
သာ ရှိဘော့ဘယ်၊ အားလုံးအကျိုး ရိပ်အနေနဲ့သာရှိတော့တယ်၊
ပေါ်တာဟော့ သူ့သဘာဝအနေနဲ့ သူ့ဟာသူပေါ်နေတာဘဲ၊
ဒီတော့ အဆင်းကို အကျိုးရိပ်အနေနဲ့ တကာယ်မြင်သွားရင်
အဆင်းမှာကပ်ပြီး ပေါ်နေတဲ့အကြည်ရိပ်ဟာလဲ အကျိုးရိပ်ဘဲ
ရှိဘော့တယ် ဒီဘော့ သခ်တခမ္မတွေမှန်ရင် အားလုံးအကျိုးရိပ်
တွေဘဲ ဖြစ်ကုန်ပြီ၊ ဒီအကျိုးရိပ်တွေပြတ်တာနဲ့ အဲဒါ "ခီဏာ

ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာ ယာတိ ပဇာနာတီတိ" လို့ အနုတ္တလက္ခဏသုတ်မှာ ဟောကြား တဲ့အတိုင်း ဖြစ်သွားပြီ။

ဒီတော့ ခန္ဓာကိုယ်ကြီးကို ဒုက္ခလို့မြင်အောင်ရှုလိုက်မှ ၃၁-ဘုံကြီးဟာ အနုတ္တရာတ်မှာ ဥက္ခောင်းချနိုင်မယ်၊ ဒါမှ ဘဝ ဇာတ်ပြတ်မှာ၊ ဒီတော့ ဒီခန္ဓာလေး ၄-ကောင်ကို တခါထပ်ပြီး သတ်ရတာ၊ ဘာ့ကြောင့်သတ်ရသလဲဆိုရင် ခန္ဓာလေးတွေပေါ် လာတာဟာ အနာဂတ်ကိုသွားမဲ့ ခန္ဓာသေးတွေ ဖြစ်ခြင်း ကြောင့် သတ်ရတာပါ၊ ဒါဟာ အနုသယမျိုးလေးတွေပါ၊ ဒီခန္ဓာလေးတွေကို ဝိပဿနာနဲ့သတ်လိုက်မှ ၃၁-ဘုံကြီးဟာ အတုံးတုံးဖြစ်သွားမယ်၊ ဒီခန္ဓာလေးတွေကိုသတ်လိုက်တော့ ဘာ ကျန်မလဲ၊ အဲဒါ ဥပါဒါနက္ခန္ဓာ, ပဉ္စက္ခန္ဓာ တို့ရဲ့ နယ်မြေ,ဩဇာ အာဏာလွှမ်းမိုးပိုင်ဆိုင်တဲ့ နယ်မြေသာကျန်တော့မယ်၊ (ဝါ) ဥပါဒါန် အစီးအပွားနယ်ကြီးသာ ကျန်တော့မယ်၊ ဒါကို မဂ်က ပယ်သတ်မယ်၊ ဒီလိုမဂ်ကပယ်သတ်လိုက်တော့မှ ဥပါဒါန်အစီး အပွါးနယ်ကြီးပြတ်ပြီး ဒီနေရာမှာဘဲ အရိယာနယ်ကြီးဖြစ်သွား မယ်၊ ဒါဟာ မဂ်ကရတဲ့နိဗ္ဗာနဓာတ်ပါ၊ နက်ဖြန်တရားဥက္ခောင်း ချရတော့မယ်။

ကိုင်း....သာဓု ခေါ်ကြပါတော့

သာဓု....သာဓု....သာဓု

ပုံစံနံပါတ် (၃၅)



သိတင်းကျွတ်လပြည့်နေ့ ဟောစဉ်။

# ပုံစံနံပါတ် (၃၅)

ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြား ဆုံးမတော်မူခဲ့သော မဟာသတိပဋ္ဌာန်တရားတော်ကြီးကို "မန္တလေးမြို့အရှေ့ပြင်ဓမ္မစကြာပဋ္ဌိပတ်သာသနာပြုရိပ်သာကြီး"၌ ဟောကြားလာခဲ့တာဟာ ဒီနေ့မှာကို တရားဥက္ကောင်းကျပါပြီ၊ ဒီတော့သတိပဋ္ဌာန်တရားဆိုရင်တဲ ဗုဒ္ဓဘာသာတမျိုးသားလုံးဟာ ဘယ်အနေနဲ့သာသိနေကြသလဲ၊ အဲဒါ"သွားတယ်၊ သွားတယ်၊ စားတယ်၊ စားတယ်"ဆိုတာတွေကိုဘဲ သတိပဋ္ဌာန်တရားလို့ မှတ်ထင်နေကြတယ် တရားပေးတဲ့ပုဂ္ဂိုလ်တွေကလဲ အဲဒါပညာရဲ့ သဘာဝကို မပြနိုင်တာကဘာမျိုး၊ နောက် အားထုတ်တဲ့ ပုဂ္ဂိုလ်တွေကလဲ ရက်အနည်းငယ်သာ အားထုတ်ကြတဲ့ အတွက်ကြောင့် အဲဒါ ပညာရဲ့သဘာဝတွေပေါ်လာအောင်မသိကြတော့ပါ။

ဒီတော့ မဟာသတိပဋ္ဌာန်တရားတော်ရဲ့ အဆီအနှစ် အရသာကို မတွေ့ကြတော့ပါ၊ ဒီတော့ ဒီလိုအသိမျိုးတွေနဲ့သာ တင်းတိမ်မနေကြပါနဲ့၊ ဘုရားရှင်ဟောကြားဆုံးမထားတဲ့ မဟာသတိပဋ္ဌာန်တရားတော်ကြီးဟာ ပုဂ္ဂိုလ်တိုင်းနဲ့ထိုက်သင့်တဲ့တရားတော်ကြီးဖြစ်ပါတယ် ဒီတော့ မဟာသတိပဋ္ဌာန်တရားလုပ်ငန်းစဉ်အစမှ မျက်စေ့သတိပဋ္ဌာန်၊ နားသတိပဋ္ဌာန်၊ နှာခေါင်းသတိပဋ္ဌာန်၊ လျှာသတိပဋ္ဌာန်၊ ကိုယ်သတိပဋ္ဌာန်တွေကို အရှင်သင်တန်းပေးရတယ်၊ ဒီတော့ ဘာ့ကြောင့် ၅-ပါးသော သတိပဋ္ဌာန်တွေကို အရင်သင်တန်း ပေးရသလဲဆိုရင် အန္ဓဘွေမှာ

အာရုံ ၅ ပါးနဲ့ ဒွါရ ၅-ပေါက်နဲ့ ဆုံလိုက်တဲ့အခါမှာ လျှပ်ပေါ်လော်လီတဲ့ လောလုပ္ပတဏှာတွေဟာ အစဉ်ပြေးသွားနေကြတယ်။

ဒီတော့ဥပမာ ချည်တိုင်ရှိတဲ့နွားနဲ့ချည်တိုင်မရှိတဲ့နွားမှာ ချည်တိုင်ရှိတဲ့ နွားဟာဆုံးမရလွယ်ပြီး ချည်တိုင်မရှိတဲ့နွားဟာ ဆုံးမရခက်သလိုဘဲ အခုလဲ အန္ဓတွေဟာလဲ ဝိပဿနာတရားဘက်ကိုအားထုတ်လာရင် ဆုံးမလို့ လွယ်လာတယ်၊ ဒီတော့ အိမ်ထောင်ရှိတဲ့ပုဂ္ဂိုလ်များမှာ လောလုပ္ပတဏှာတွေ ခေါင်းပါးလာတယ်၊ ဘာ့ကြောင့်လဲ အဲဒါသားချင်းသမီးချင်းစာနာတာကတကြောင်း၊ သားရေးသမီးရေး စီးပွါးရေးတွေ ရှိနေတာက တကြောင်း၊ ဒါ့ကြောင့်ကိုယ်ချင်းစာမှုတွေရှိပြီး ထိန်းသိမ်းလာနိုင်တယ်၊ သူတို့မှာ တဏှာရိုးရိုးသာရှိတယ်၊ လောလုပ္ပတဏှာမရှိပါ။

အိမ်ထောင်မှုမရှိ၊ သားသမီးများမရှိတဲ့ ပုဂ္ဂိုလ်များကျတော့ အဲဒါချည်တိုင်မရှိတဲ့နွားလိုဘဲ သူရဲ့စိတ်ဟာ သွားချင်တိုင်းသွားပြီးလောလုပ္ပတဏှာတွေ ပွထနေတော့တယ်၊ ဒီတော့ နောက်လာမဲ့အနာဂတ်ရေးမှာ အိမ်ယာထောင်ပုဂ္ဂိုလ်တွေဟာ မဂ်တရား ဖိုလ်တရားကို အရင်ရမယ်၊အမျိုးသား အမျိုးသမီးတောင်မှ အိမ်ယာထောင် အမျိုးသမီးများဟာ အရင်ရမယ်၊ ဘာ့ကြောင့်လဲ၊ သူတို့မှာ ဒုက္ခတရားတွေနဲ့ အမြဲရင်ဆိုင်နေရတဲ့ အတွက်ကြောင့် ဒုက္ခတရားကို အရင်မြင်လွယ်မယ်၊ ဒါ့ကြောင့်ပါ၊ ဒီတော့အမျိုးသမီးတွေမှာ မလွဲရှောင်နိုင်တဲ့ အာဝေနိက ဒုက္ခ ၅-ပါးရှိနေတဲ့အတွက်ကြောင့် ဒုက္ခတရားကို မြင်လွယ်ပါတယ်၊ ဒါ့ကြောင့် အမျိုးသမီးတွေဟာ အမျိုးသားများထက် မဂ်တရား၊

ဖိုလ်တရားကို အရင်ရမယ်၊ ဒါဟာ ပါရမီပါလာတဲ့ ပုဂ္ဂိုလ်များ အတွက်ကိုသာပြောတာပါ။

ဒီတော့ တရားရတယ်ဆိုတာဟာ ဘာကိုရတာလဲ၊ တရားဆိုတာဘာကိုခေါ်တာလဲ၊ ဒီတော့ ဒုက္ခတရားကိုမြင်တာ တရားရတယ်လို့ခေါ်တယ် ဒီတော့ ဒုက္ခကိုမြင်ကြသလား၊ အဲဒါလူသေမှ၊ ဆွေမျိုး မိဘသေမှ ဒုက္ခလို့မြင်တာလား၊ ဒါဟာလူမဆိုထားနဲ့ ခွေးတို့ဝက်တို့တောင်သိတဲ့ ဒုက္ခမျိုးပါ၊ ဒီလိုသိတာကိုပြောတာမဟုတ်ပါ၊ ဒီတော့ ဒုက္ခတရားကိုမမြင်ရင် တရားမရသေးပါ၊ ဒုက္ခတရားကိုမြင်မှ တရားရမယ်၊ ဒီတော့သွားရင်းလာရင်း စားရင်းသောက်ရင်းနဲ့ ဒုက္ခတရားဟာ ဘယ်ဟာလဲဆိုတာကို စဉ်းစားဆင်ခြင် တွေးတောကြံစည်လာရင် ပဋ္ဌမသညာ ဝိညာဏ်သိဒုက္ခကို မြင်လာမယ်၊ ဒီဒုက္ခကို ကြပ်ကြပ် ဆင်ခြင်ပါများလာရင် မိမိရဲ့စိတ်ဟာရင့်သန်လာပြီး ဒီကနေပညာမြင် ဒုက္ခကိုမြင်လာမယ်။

ဒီတော့ မိမိရဲ့ခန္ဓာကိုယ်ကြီးမှာ ဖြစ်ပေါ်ပြုပြင်နေတာမှန်ရင် ဒုက္ခဘဲ၊ ဒီလိုမြင်လာရင် အဲဒါ ရသမျှနဲ့ ရောင့်ရဲတင်းတိမ်လာတော့မယ်၊ ဒါ့ကြောင့်ဒုက္ခကို မြင်အောင်သာရှုကြပေတော့၊ ဒုက္ခတရားကိုမြင်အောင် ဘယ်ပုဂ္ဂိုလ်တွေဟာဆိုးမလို့ လွယ်သလဲဆိုတော့ (၀၁) တရားဟောလို့ လွယ်သလဲဆိုတော့ အိမ်ယာတည်ထောင်နေတဲ့ သူတွေဟာ ဆိုးမလို့လွယ်တယ်၊ အိမ်ယာမထောင်တဲ့ ပုဂ္ဂိုလ်ဘွေကျတော့ အဲဒါ သူ့ကိုယ်သူတောင်မဆိုးမနိုင်ပါ၊ ဒါ့ကြောင့်ဘုရားရှင်က မျက်စေ့မှာ ဖြစ်ပေါ်နေတဲ့ လောလုပ္ပတဏှာကို မျက်စေ့သတိပဋ္ဌာန်တရားနဲ့ အရင်ပိတ်

ဆို့ရမယ်လို့ ဟောကြားခဲ့တာပါ၊ ဒါက နောက်ကတရားနာကြတဲ့ပုဂ္ဂိုလ်တွေအတွက် ဆုံးမလိုက်တာပါ။

ဒီတော့ ဒုက္ခတရားရှိလာရင် မဟာသတိပဋ္ဌာန်တရားတော်ကြီးဟာ မိမိရဲ့နှလုံးအိမ်ထဲမှာ ရှိနေပြီ ဆိုတာကို ဒီကနေလက်ဆောင်အနေဖြင့် ပေးလိုက်ပါပြီ၊ ဒီတော့ ဒီနေ့ဟောရမှာက ပုံစံမှာပြထားတဲ့ ဥပါဒါနက္ခန္ဓာနဲ့ ပဉ္စက္ခန္ဓာကို မဂ်ကပယ်သတ်ရမယ်၊ မနေ့က ခန္ဓာလေး ၄-ကောင်ကို သုည ၄-လုံးနဲ့သတ်လိုက်တဲ့အခါ ခန္ဓာလေးတွေဟာ သုဉ်းဆိတ်သွားပြီလား၊ ဒီတော့ မဂ်က ခန္ဓာလေးတွေကို ပယ်တယ်ဆိုတော့ ဘယ်ခန္ဓာကိုပယ်သလဲ၊ ဘယ်ခန္ဓာထွက်လာသလဲ၊ ဒီတော့ခန္ဓာလေးတွေကို သုည ၄-လုံးနဲ့ ပယ်သတ်လိုက်တော့ ဘယ်သဘာဝထွက်လာသလဲ။

ဒီတော့ ပစ္စုပ္ပန်အကျိုးရိပ်နဲ့ အကျိုးပစ္စုပ္ပန်ရိပ်ဆိုတာ ဘယ်လိုကွာခြားသလဲ၊ ဒါဟာ သင်္ခါရုပေက္ခာဉာဏ်ကနေ မဂ်ကို ဝင်တော့မယ်၊ ဒီတော့ စကားလေးတွေဟာ ပြောင်းလာပြီ၊ အဲဒါ ဝုဋ္ဌာနဂါမိနီ ဇောကြီးတပ်ပြီး ၃၁-ဘုံကြီးမှ နိဗ္ဗာနဓာတ်ကြီးသို့ဝင်တော့မယ်၊ ဒီတော့အရင်က ပစ္စုပ္ပန်ရိပ်လို့ ခေါ်လာတယ်၊ အခုမဂ်ကိုဝင်တော့မယ်ဆိုတော့ အကျိုးပစ္စုပ္ပန်ရိပ်ဆိုပြီးတော့ ပြောလာပြီ၊ ဒါဟာ ဘယ်လိုကွာခြားသလဲ၊ ဒီတော့ မဂ်ကိုရတယ်ဆိုတာ နင်လား ငါလားနဲ့ ထမ်းပိုး နေရတာမျိုး မဟုတ်ပါ၊ ဝိပဿနာအလုပ်သာလျှင် ပင်ပင်ပန်းပန်း လုပ်လာရတာပါ၊ မဂ်လဲကျရော အဲဒါ ကြွေတလှန်,ကြက်တခုန်လောက်သာရှိတော့တယ်၊ ဒီတော့အခု မဂ်ခဏမှာ မဂ်တရားခံလေးတွေဟာဝင်လာကြပြီ၊ ဒါကို သဘာဝဉာဏ်တွေနဲ့တွေးကြံရတော့မယ်။

ဒီတော့ ပစ္စုပ္ပန်အကျိုးရိပ်နဲ့ အကျိုးပစ္စုပ္ပန်ရိပ်ဟာ ဘယ်လို ကွာခြားသလဲ၊ ပြောပြမယ်၊ ပစ္စုပ္ပန်ဆိုတာ ၃၁-ဘုံကြီးမှာ ပေါ်နေတဲ့ သဘာဝတွေမှန်ရင် ပစ္စုပ္ပန်ကြီးဘဲ၊ အတိတ်၊ အနာဂတ် ဖြစ်လာတာဟာ ပစ္စုပ္ပန်ချင်း ပစ္စုပ္ပန်ချင်းတိုက်လာမှ ဖြစ်လာတာပါ၊ ဒီတော့မှ အမည်အမျိုးမျိုးထွက်ပြီး သင်္ခတ လောကကြီး ကျယ်လာတာပါ၊ ဒီတော့ အခုပစ္စုပ္ပန်ဆိုတာက ပေါ်တဲ့သဘောလေးဘဲရှိတော့တယ်၊ နောက်အကျိုးရိပ်ဆိုတာ က အကျိုးလို့ပြောတာသည်ပင် အကြောင်းတရားကို လက်ညှိုး ထိုးပြီး ပြောနေတာဘဲ မဟုတ်လား၊ ဒီတော့ပြောနေသေးတာ သည်ပင် အဲဒါ လက်ညှိုးထိုးနေသေးတယ်၊ ဒါဟာ အကျိုး ထဲမှာရှိနေတဲ့ အကြောင်း သဘောလေးကို လက်ညှိုးထိုး နေတာပါ။

ဒီတော့ အကျိုးနဲ့အကြောင်းဟာ တည်းဘည်း (ဒိုးဒိုး)လေး အနေနဲ့ မရှိတော့ပါ၊ အဲဒါ တခုကိုတခု စွဲပြီးသာ ရှိနေတော့ တယ်၊ (ဥပမာ) ဆင်းရဲတယ် ချမ်းသာတယ်၊ ဆိုတာမှာ ဆင်းရဲ တာဟာ ချမ်းသာတာကိုထောက်ပြီး (သါ) စွဲပြီးပေါ်နေတာ ပါ၊ ဒါကို သညာဝိညာဏ်ရိပ်လို့ခေါ်တယ်၊ ဒီတော့အကျိုးရိပ် လို့ဆိုတာသည် အကြောင်းကိုလက်ညှိုးထိုးနေသေးတယ်၊ ဒါကို သုည ၄-လုံးနဲ့သတ်လိုက်မှ အကျိုးရိပ်လေး ပျောက်သွားမယ်၊ အကျိုးရိပ်ပျောက်သွားမှ အကြောင်းမလိုက်နိုင်တဲ့ အကျိုးလေး ဖြစ်သွားမယ်၊ ဒါဟာ ပဋ္ဌက္ခန္ဓာနဲ့ ဥပါဒါနက္ခန္ဓာမှာရှိနေတဲ့ ကံမျိုးစေ့လေးကို အကျိုးပစ္စုပ္ပန်ရိပ်လို့ပြောတာပါ။

ဒါဟာ မျိုးစေ့လေးအနေနဲ့သာရှိတော့တယ်၊ ဒါကိုမဂ်က ဖြတ်လိုက်တာနဲ့ အကျိုးဆိုတာတောင်မရှိတော့ဘဲ ပစ္စုပ္ပန်သာ

လျှင်ရှိတော့မယ်၊ ဒီပစ္စုပ္ပန်လေးကို ခွဲစိတ်ဝေဖန်လာမှ အထက် မဂ်တွေကိုရောက်မယ်၊ နားလည်ရင် ရှေ့တခါသွား ဒီအကျိုး ပစ္စုပ္ပန်ကိုလဲ မဂ်ကိုတင်လိုက်တော့ မဂ်ခဏမှာ ပဉ္စက္ခန္ဓာနဲ့ ဥပါဒါနက္ခန္ဓာငြိမ်းသွားယ်ဆိုတာ ခန္ဓာလေး ၄-ကောင်ကို ထပ်ထုတ်ရ တယ်၊ ဒီတော့ ဒီမျိုးစေ့တွေကို သတ်တဲ့အခါမှာ မျိုးစေ့ဟာ ဘယ်လိုဖြစ်သွားသလဲ၊ ပြောပြမယ်၊ ဒီတော့ ဖခင်အဝိဇ္ဇာနဲ့ မိခင်တဏှာ ဒီ ၂-ပါးဆက်ဆံနေသေးရင် ကံမျိုးစေ့တည်းဟူ သော သားလေးဖြစ်လာမှာဘဲ၊ ဒါကို လောကကြောင်းမှချပြီး ဝေဖန်ပါ။

ဒီတော့ အဝိဇ္ဇာနဲ့တဏှာ ဆက်ဆံတာဟာ ပစ္စုပ္ပန်အရိပ် ရှိနေရင် အဲဒါ ဆက်ဆံနေတယ်လို့ခေါ်တယ်၊ ဒီလိုဆက်ဆံနေ သေးရင် မျိုးစေ့တွေပေါ်လာတော့မယ်၊ ဒီတော့ အဝိဇ္ဇာနဲ့ တဏှာဆက်ဆံနေတာကို ပစ္စုပ္ပန်အရိပ်လို့ခေါ်တယ်၊ ကံမျိုး စေ့လေးတွေ ထွက်လာတာက အကျိုးသဘောပါ၊ ဒါက ကံမျိုး စေ့ဖြစ်ပေါ်လာပုံကို ပြောတာပါ၊ ဒါဖြင့် အဝိဇ္ဇာနဲ့တဏှာတို့ ဟာ ဘယ်လိုပေါင်းနေသလဲ၊ အဲဒါပဉ္စက္ခန္ဓာနဲ့ဥပါဒါနက္ခန္ဓာကို မြင်မှ ပေါင်းနေတာကို မြင်မယ်၊ ဒီတော့ ဝေဒနာက္ခန္ဓာမှာ ရေသောက်မြစ်ချနေတာက ဥပါဒါနက္ခန္ဓာ တဏှာသဘောပါ၊ သင်္ခါရလောကကြီးမှာ ပင်လုံးပင်မကြီးအနေနဲ့ထွက်လာတာက ပဉ္စက္ခန္ဓာ အဝိဇ္ဇာသဘောပါ၊ ဒီအနေနဲ့ပေါင်းနေကြတယ်။

ဒါကိုမဂ်က ဥပါဒါနက္ခန္ဓာကိုဖြတ်လိုက်တာက မဂ္ဂသစ္စာပါ၊ ဒီလိုလဲဖြတ်လိုက်ရော ပဉ္စက္ခန္ဓာဟာ ငြိမ်းသွားတော့တယ်၊ ဒါက နိရောဓသစ္စာပါ၊ အဲဒါ နိဗ္ဗာနဓာတ်ကြီးထွက်လာပြီ၊ ဒီတော့

မဂ်ခဏမှာ တရားခံရှာဆိုတော့ ပေါ်နေတာက ပဋိက္ခန္ဓာ၊ ရေသောက်မြစ်ချထားတာက ဥပါဒါနက္ခန္ဓာ၊ ဒီလိုရှာရမယ် ဒါကို မဂ်ကသတ်လိုက်တော့မှ ဥပါဒါနက္ခန္ဓာချုပ်၊ ဒါကမဂ္ဂသစ္စာပါ၊ ပဋိက္ခန္ဓာငြိမ်းဆိုတာက နိရောဓသစ္စာဆိုက်တာပါ၊ ဒီတော့ သဘာဝတချက်မှာကို ဥပါဒါနက္ခန္ဓာ၊ ပဋိက္ခန္ဓာဆိုပြီး ၂-ချက်ဖြစ်နေတယ်၊ ထပ်ပြောမယ်၊ ဒီ ၂-ချက်ရှိနေလို့ သင်္ခါရလောကကြီးမှာ ပေါ်နေတာ၊ ဒီထဲမှာ ကံမျိုးစေ့လေးဟာ ဘယ်သဘာဝလေးလဲ၊ အဲဒီကံမျိုးစေ့လေးကိုရှာရမယ်။

ဒီကံမျိုးစေ့လေးကိုရှာပြီး မဂ်ကဖြတ်လိုက်မှ ဥပါဒါနက္ခန္ဓာရော ပဋိက္ခန္ဓာပါ ချုပ်ငြိမ်းသွားမယ်၊ ဒီတော့ ကံမျိုးစေ့ကို ရှာပြီးသတ်ရတော့မယ်၊ ဒါမှပညာရဲ့သဘောပါ၊ ဒီတော့အပင်ကြီးကိုဖြတ်တာက မဂ္ဂသစ္စာပါ၊ ဒီအပင်ကြီး လဲသွားတာက နိရောဓသစ္စာပါ၊ ဒါဟာ ဥဒယဗ္ဗယဉာဏ်ကနေ ပြောတာပါ၊ အခု မဂ်ကဒီလိုမသတ်ပါ၊ ဒီ ၂-ချက်ကိုမသတ်တော့ဘဲ၊ ဒီ ၂-ချက်ထဲမှာရှိနေတဲ့ ကံမျိုးစေ့လေးကိုသတ်မယ်၊ဒါမှတချက်ထဲနဲ့ သေမယ်၊ ဒါမှပညာရဲ့သဘောဖြစ်တယ်၊ ဒီတော့ ကံမျိုးစေ့လေးဟာ ဘယ်အနေနဲ့ရှိသလဲ၊ ဒါကိုမြင်သွားရင် ဓမ္မတာစဲ့မှာရှိနေတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေမှာ အနုသယအနေနဲ့ ရှိနေတဲ့ကံတွေကို သတ်နိုင်လာပြီ၊ ဒါကြောင့်မို့ ဒီပုဂ္ဂိုလ်ဟာ အပါယ် ၄-ပါးသို့ မကျနိုင်တော့ဘူးလို့ ပြောတာပါ။

ဒီတော့ အဝိဇ္ဇာနဲ့ တဏှာခေါင်းနေတာသည်ပင် မျိုးစေ့ကျလာမှာဘဲ၊ ဒီတော့မဂ်ခဏမှာ ဒီမျိုးစေ့ကိုဖျက်ဆီးလိုက်မှ အနာဂတ်မှာ မျိုးစေ့မကျတော့ဘဲ အပင်မပေါက်နိုင်တော့မှာ၊

ဒီတော့ မဂ်ဆိုတာဟာ အစဉ်ထာဝရ သင်္ခါရလောကကြီးထူထောင်နေတာကို ဖျက်ဆီးပစ်တာဘဲ၊ ဒီတော့ မဂ်ဟာ ကံမျိုးစေ့လေးကိုသတ်တယ်၊ ကံမျိုးစေ့ဆိုတာဟာ အနာဂတ်မှာ အညွန့်အညှောက်လေးတွေပေါက်မဲ့ သဘာဝကို ကံမျိုးစေ့လို့ ခေါ်တယ်၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ်မှာ ပစ္စုပ္ပန်အကျိုးစက်ရဟတ်ကြီးလည်နိုင်အောင် အတိတ်အကြောင်းစက်မှာ အဝိဇ္ဇာသင်္ခါရဆိုပြီးပြလာတယ်။

ဒီတော့ အဝိဇ္ဇာက တိုက်ရိုက်မလှည့်နိုင်လို့ သင်္ခါရကိုလှည့်ခိုင်းတာပါ၊ ဒီတော့မှ ပစ္စုပ္ပန်အကျိုးစက်ရဟတ်ကြီး လည်ပြီး အနာဂတ်အတွက် မျိုးစေ့တွေချလို့ရတာပါ၊ ဒီတော့ ယခုရနေတဲ့ ခန္ဓာကောင်ကြီးကို ပစ္စုပ္ပန်အကျိုးစက်လို့ ခေါ်တယ်၊ သဘာဝနည်းနဲ့ဆိုရင် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဆိုပြီး ကောက်လာတယ်၊ ဒီလိုပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးလည်တာပါ၊ ဒီတော့ အနာဂတ်ဘဝကိုထွက်မှာက ကံမျိုးစေ့ပါ၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ်ရှေ့စက်မှာ သင်္ခါရကိုထားပြီးဖွဲ့တယ်၊ နောက်စက်မှာ ကမ္မဘဝ, စေတနာ ၂၉-ပါးထားဖွဲ့တယ်၊ ဒါဟာကံမျိုးတွေ ချထားတာဘဲမဟုတ်လား၊ ဒါက ဓမ္မာစရိယ သံဃာတော်များအတွက် ပြောလိုက်တာပါ။

ဒီတော့ အခု ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို ကျဉ်းကျဉ်းလာတာဟာ အခု ကံမျိုးစေ့လေးကို သတ်ဆိုပြီးပြသာပြီ၊ ဘယ်လိုသတ်မလဲ၊ (ဥပမာ) အပင်ပေါက်မဲ့သရက်စေ့ကိုယူပြီး ထက်ခြမ်းခွဲပြီး ဖျက်ဆီးလိုက်ရင် ဒီသရက်စေ့ဟာ အပင်မပေါက်နိုင်သလိုဘဲ၊ ဒီတော့ ကံမျိုးစေ့ဆိုတာ ဘာကိုခေါ်ဘာလဲ၊ အဲဒါ

ဥပဗ္ဗဇ္ဇာရဟ ဖြစ်ခြင်းငှါထိုက်တဲ့ ကိလေသာလေးပါ၊ ဒါဟာ မဖြစ်သေးပါ၊ ဒါကို ဖြစ်ခြင်းငှါ ထိုက်တဲ့ကိလေသာလို့ ခေါ်တာပါ၊ ဒါကို ပဋိစ္စသမုပ္ပါဒ်ကနေ ပြန်ကြည့်ရင် အဝိဇ္ဇာနဲ့ တဏှာဘဲ၊ ဒီ ၂-ခု မဆက်ဆံနိုင်ရင် (ဝါ) ကွဲကွာသွားရင် ပဋိစ္စသမုပ္ပါဒ်ကြီး ရပ်သွားမယ်၊ ဒီအဝိဇ္ဇာနဲ့ တဏှာဟာအစမထင်တဲ့ ဘဝကစပြီး သံသရာလောကကြီးမှာ အဝိဇ္ဇာကရှေ့ တဏှာက နောက်ကပ်ကာ ပြေးလွှားပြီး ဘဝအမျိုးမျိုး, ပုဂ္ဂိုလ်အမျိုးမျိုး တွေနဲ့ သံသရာလည်လာတာဟာ ယခု မဂ်ခဏမှာ ဥပါဒါနက္ခန္ဓာနဲ့ ပဉ္စက္ခန္ဓာဆိုပြီး ပြောလာတာပါ။

ဒီတော့ မဂ်ခဏမှာ ဥပါဒါနက္ခန္ဓာနဲ့ ပဉ္စက္ခန္ဓာဟာ ပစ္စုပ္ပန် အကျိုးရုပ်မှာ ပင်လုံးနဲ့ ရေသောက်မြစ်အနေနဲ့ ရှိနေသေးတယ်၊ ဒီတော့ ဒီ ၂-ခုကို မသတ်နဲ့၊ ဒီတော့ ပေါင်းနေတာကို ပစ္စုပ္ပန် လို့ခေါ်တယ်၊ ဒီပေါင်းနေတာကို မပေါင်းနိုင်အောင် လုပ်ရမယ်၊ မပေါင်းနိုင်ရင် တနေ့သေမှာဘဲ၊ ဒီတော့ ကံမျိုးစေ့ဟာ ၂-ခုပေါင်းနေတာရှိရင် ကံမျိုးစေ့ရှိနေမှာဘဲ၊ ဒီပေါင်းနေတဲ့ သဘောကိုဘဲ ကံမျိုးစေ့လို့ခေါ်တာပါ၊ ဒီတော့ အဝိဇ္ဇာနဲ့ တဏှာပေါင်းပြီး ပစ္စုပ္ပန်ဖြစ်နေရင် ကံမျိုးစေ့တွေကျနေမှာဘဲ၊ အကျိုးဆိုဘာက ကံမျိုးစေ့လေးရှိနေတာပါ၊ ဒီတော့ မပေါင်းအောင် ဘယ်လိုလုပ်မလဲ၊ သညာဝိညာဏ်သဘော အနေနဲ့က သရက်စေ့ကို ၂-ခြမ်းခွဲလိုက်ရင် အပင်မပေါက်နိုင်တော့တဲ့ သဘောမျိုးပါ။

ပညာသဘောကျတော့ သူတို့ပေါင်းချင်ရင် ပေါင်းပါစေ၊ ဒီ ၂-ခုထဲမှာ ရှိနေတဲ့ ကံမျိုးစေ့လေးကို ဖျက်ဆီးပစ်ရမယ်၊

ဒီတော့ ယခု ရနေတဲ့ခန္ဓာကောင်ကြီးကို မကြောက်ပါ၊ အနာဂတ်ကိုထွက်မဲ့ ကံမျိုးစေ့ကိုသာ ကြောက်တာပါ၊ ဒါဟာ ဘုရားရှင်ရဲ့ အလိုတော်ကျပါ၊ ဒီတော့ မဂ်က အနာဂတ်သွားမဲ့ ကံမျိုးစေ့ လေးကို သတ်မယ်၊ အချုပ်မှာ ဗုဒ္ဓဘာသာတရားဟာ မျိုးစေ့ကိုသုဉ်းပစ်တာဘဲ၊ ဒါကို "ခီဏာ ဇာတိ ဝုသိတံ၊ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတီတို့" လို့ ဟောကြားလာတာပါ၊ ဒီတော့ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဒီ ၄-ကောင်ဟာ ပဉ္စက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ ပဋိသန္ဓေအနေနဲ့ ဆက်ဆံနေလို့ ကံမျိုးစေ့ ထွက်နေတာပါ။

ဒီကံမျိုးစေ့လေးကို သတ်လိုက်မှ (ဝါ) ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ပဋိသန္ဓေမှာရှိနေတဲ့ မျိုးကောင်လေးတွေကို သတ်လိုက်မှ ဥပါဒါနက္ခန္ဓာချုပ်၊ ပဉ္စက္ခန္ဓာငြိမ်းဆိုပြီး နိဗ္ဗာနဓာတ်ကို အာရုံပြုနိုင်မယ်၊ ဒီ ခန္ဓာတွေဟာ အကျိုးခန္ဓာတွေပါ၊ ဒါဟာ ကံမျိုးစေ့ပါ၊ ဒီကံမျိုးစေ့ကို သတ်လိုက်မှ ဥပါဒါနက္ခန္ဓာချုပ်၊ ပဉ္စက္ခန္ဓာငြိမ်းသွားပြီး အဲဒါ ပဋိသန္ဓေဆိုပြီး သောတာပတ္တိမဂ်က ယူသွားမယ်၊ ပဋိသန္ဓေဆိုတာ ဗျာပါရမရှိဘဲနဲ့ ပေါ်လာတဲ့ သဘာဝ အတိုင်း ခံစားသုံးဆောင်သွားတာကိုခေါ်တယ်၊ ဒီပဋိသန္ဓေ မှာကို ငကာကြီး "ဦးစွန်" အိမ်ဆောက်ပြီးနေပါတော့၊ ခန္ဓာ သတ်ပုံကို ညကျမှ ဆက်ပြတော့မယ်။

# ညဟောစဉ်။

"တိက္ခ ဟာသ၊ ဇဝနဂမ္ဘီ၊ ဉာဏ်လေးလီဖြင့်၊ အခွံကိုခွါ၊ အကာကိုရှား၊ အသားကိုချေ၊ အနှစ်ကိုတေနိုင်မှ သဘာဝ အနတ္တဉာဏ် ထင်မြင်နိုင်မည်၏ အဖြစ်ကိုရင်း" လို့ တရားပိုင်၊ ခေတ်ပိုင်တော်မူကြသော ပုဂ္ဂိုလ်ကြီးများ မိန့်တော်မူခဲ့သည့် အတိုင်း ယခုဟောကြားခဲ့တဲ့ မဟာသတိပဋ္ဌာန် ပဠိပတ်လုပ်ငန်း စဉ်ဘုရားတော်ကြီးကို လုပ်ငန်းစဉ်နဲ့ ကြည့်လိုက်တဲ့အခါမှာ ပဋ္ဌမရှုပ်နာမ်ပိုင်းက အခွံကိုခွါခဲ့တယ်၊အာနာပါနပိုင်းမှာအကာ ကိုရှားခဲ့တယ်၊ ဣရိယာပထပိုင်း, ခေတုမန်သိကာရ အပိုင်း, အသမ္မောဟ သမ္ပဇညအပိုင်းတွေက အသားကိုချေခဲ့တယ်၊ အခု ပဋိကူလအပိုင်းကနေမဂ်ကို ဝင်တာကျတော့အနှစ်ကိုတေနေရပြီ၊ ဒီနေ့မှာ တရားဥက္ကောင်းချပါပြီ၊ အခုဟာက ကာယာနုပဿနာ သတိပဋ္ဌာန် တရားဥက္ကောင်းအနေနဲ့သာ ချတာပါ၊ မဟာသတိ ပဋ္ဌာန် တရားဥက္ကောင်းအနေနဲ့မချသေးပါ။

ဒီတော့ ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားဟာ သောတာပန် ပုဂ္ဂိုလ်အတွက်, စိတ္တာနုပဿနာသတိပဋ္ဌာန်တရားကျတော့ သက ဒါဂါမ်ပုဂ္ဂိုလ်အတွက်, ဝေဒနာနုပဿနာသတိပဋ္ဌာန်ကို အနာ ဂါမ်ပုဂ္ဂိုလ်များအတွက်, ကာယာနုပဿနာ သတိပဋ္ဌာန်ကို ရဟန္တာပုဂ္ဂိုလ်များအတွက် တရားဥက္ကောင်းချပုံကို တန်ဆောင် မုန်းလဆန်း ( ၁ ) ရက်နေ့မှစပြီး တန်ဆောင်မုန်းလဆန်း(၁၀) ရက်နေ့ထိအောင် ဟောကြားရပါအုံးမယ်၊ ကိုင်း....နေ့ခင်းက တရားကို ပြန်စဉ်းစားပါအုံး၊ ဒီတော့ ပဋ္ဌက္ခန္ဓာနဲ့ ဥပါဒါ နက္ခန္ဓာဟာ တဦးနဲ့တဦး ဆက်ဆံနေသေးတယ်၊ တဦးနဲ့တဦး

ဆက်ဆံနေသေးရင် ပစ္စုပ္ပန်ရှိပြီး ကံမျိုးစေ့လေးဟာလဲ ရှိနေသေးတယ်။

ဒီတော့ မဂ်ခဏမှာ ခန္ဓာ ၂-ပါးဇာတ်သိမ်းရမယ်လို့ ပိဋကတ်တော်ကပြလာတယ်၊ ဒီတော့ ဒီခန္ဓာ ၂-ပါးကို ဘယ်လိုသတ်မလဲ၊ ဒီတော့ဥပါဒိန္နကခန္ဓာချုပ်ဆိုတာက မဂ္ဂသစ္စာပါ၊ ပဋ္ဌကခန္ဓာငြိမ်းဆိုတာက နိရောဓသစ္စာပါ၊ နိဗ္ဗာန်ဓာတ်ထဲ ဝင်လာတယ်၊ ဒါက ဥဒယဗ္ဗယဉာဏ်ကနေပြောတာပါ၊ ဒါဟာ သညာဝိညာဏ်ရိပ်မကင်းသေးပါ၊ အခုမဂ်ခဏမှာ သညာဝိညာဏ်ရိပ် ကင်းအောင် ဘယ်လိုသတ်မလဲ၊ ဒီတော့ အကျိုးပစ္စုပ္ပန်ဆိုသည်မှာ အကျိုးဆိုတာက ဘယ်သဘောလဲ၊ ပစ္စုပ္ပန်ဆိုတာက ဘယ်သဘောလဲ၊ ဒါကိုစဉ်းစားရမယ်။

ဒီတော့ သဘာဝအတိုင်းရှိလာမှ ပညတ်တင်ပြီး ပြလို့ရပါတယ်၊ ယခု ဒီနေရာမှာ သုံးလိုက်တဲ့စကားဟာ သဘာဝနယ်မှာရှိလို့ ပညတ်နယ်မှာ ထွက်လာတာပါ၊ ကိုင်းဒီတော့ အကျိုးပစ္စုပ္ပန်ဆိုတာ ဘာကိုခေါ်သလဲ၊ ဒီတော့ဒီနေရာမှာ လုပ်ငန်းစဉ်အနေနဲ့ယှူလိုက်ရင် ကြွေတလက်၊ ကြက်တခုန်လောက်ဘဲရှိတော့တယ်၊ အဲဒါ သဘာဝလေးကိုမြင်လိုက်တာနဲ့ အဲဒါသဘာဝတွေဟာ မန်ကျည်းရွက်များသတ်လိုက်သလို သုတ်ဟာသူပြီးသွားတော့မယ်၊ ဒီတော့ အကျိုးဆိုတာက ဘာကိုခေါ်တာလဲ ပစ္စုပ္ပန်ဆိုတာက ဘာကိုခေါ်တာလဲ၊ ဒီတော့ ပစ္စုပ္ပန်ဆိုတာက အဝိဇ္ဇာနဲ့တဏှာ ၃၁-ဘုံကြီးမှာ အတူတူပေါင်းပြီး ဖန်ဆင်းလာတဲ့သဘောကိုခေါ်တယ်၊ ဒီ ၂-ကောင်ကို ကွဲအောင် ခွဲနိုင်တာဟာ မဂ်တရား၊ ဖိုလ်တရားပါ။

ဒီတော့ အစမထင်တဲ့ဘဝကစပြီး အဝိဇ္ဇာနဲ့တဏှာတို့ပေါင်း လာတာဟာ အခုမင်္ဂကျတော့ အဝိဇ္ဇာက ပဋ္ဌမက္ခန္ဓာ, တဏှာက ဥပါဒါနက္ခန္ဓာ-ဆိုပြီးဖြစ်လာတယ်၊ဒီ ၂-ကောင်ပေါင်းနေတာကို ပစ္စုပ္ပန်လို့ခေါ်တယ်၊ ဒီ ၂-ကောင်ပေါင်းနေသေးရင် ကံမျိုး စေ့တွေကျလာနေတော့မယ်၊ ဒီတော့ ကံမျိုးစေ့ကို သမ္မောဟ ဝိနောဒနီအဋ္ဌကထာကြီးက ဥပ္ပဇ္ဇာရဟ ဖြစ်ခြင်းငှါထိုက်တဲ့ ကိလေသာလို့ပြလာတယ်၊ ဒီတော့ သောတာပတ္တိမဂ်ဟာ အတိတ် ကိလေသာကိုပယ်သလား၊ ဒါဟာလဲ ဖြစ်ပြီးသားမို့လို့ ပယ်လို့ မရပါ၊ အနာဂတ်ကိလေသာကို ပယ်သလား၊ ဒါဟာလဲမဖြစ်ရ သေးတဲ့အတွက် ပယ်လို့မရပါ။

ဒါဖြင့် ပစ္စုပ္ပန်ကိလေသာကို ပယ်သလား၊ ဒီတော့ လောဘ စိတ် ဖြစ်နေတဲ့အခါမှာ မင်္ဂစိတ်ကျလို့ရမလား၊ မရပါ၊ အဲဒါ လောဘစိတ်ဖြစ်ပြီးမှ မင်္ဂစိတ်ဟာဖြစ်လို့ရပါတယ်၊ ဒါ့ကြောင့် ပစ္စုပ္ပန်ကိလေသာကိုလဲ ပယ်လို့မရပါ၊ ဒီတော့ ဘယ်ကိလေသာ ကို ပယ်သလဲဆိုရင် ပစ္စုပ္ပန်မှာဘဲ ဖြစ်ခြင်းငှါထိုက်တဲ့ ကိလေ သာကို ပယ်တယ်လို့ပြလာတယ်၊ ဒီတော့ ဖြစ်ခြင်းငှါထိုက်တဲ့ ကိလေသာဟာ ကံမျိုးစေ့ဘဲမဟုတ်လား၊ ဒါဟာ ဥပါဒါ နက္ခန္ဓာနဲ့ ပဋ္ဌမက္ခန္ဓာပေါင်းနေတဲ့ ပစ္စုပ္ပန်အကျိုးရိပ်ဘဲ မဟုတ် လား၊ ဒီပစ္စုပ္ပန်ဟာ အလကားမဟုတ်ပါ၊ သူ့မှာ ဥပါဒါ နက္ခန္ဓာနဲ့ပဋ္ဌမက္ခန္ဓာတို့ ပေါင်းနေသေးတယ်၊ ဒါဟာ ပေါင်းတဲ့ ပစ္စုပ္ပန်ဖြစ်ခြင်းကြောင့် ကံမျိုးစေ့လေးတွေ ထွက်အုံးမယ်၊ ဒါကို အကျိုးလို့ခေါ်တယ်။

ဒီတော့ အကြောင်းတရားတွေကို ဥဒယဗ္ဗယဉာဏ်ကသတ်ခဲ့ ပြီ၊ အခု အကျိုးတရားတွေကို သတ်နေတာပါ၊ သို့သော်လဲ

သောတာပတ္တိမဂ်ဟာ အကြောင်းတရားကိုသာ ဦးစီးပြီး သိမ်းပါတယ်၊ အထက်မဂ် ၃-ပါးကျမှ အကျိုးတရားတွေကို ထပ်ထပ်ပြီး သိမ်းဆည်းပါတယ် ဒီတော့ အခုမဂ်ခဏမှာ အကျိုးတရားတွေကို သိမ်းနေတာဘဲ မဟုတ်လား ဒီတော့ ပစ္စုပ္ပန်ကံမျိုးစေ့လေးရှိနေလို့ အကျိုးတရားလေးက လက်မောင်းဘန်းနေတာပါ၊ ဒီကံမျိုးစေ့လေးဟာ အဲဒါ ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဆိုပြီး ရှိနေသေးတယ်၊ ဒါဟာဘယ်ထဲမှ ရှိတာလဲ၊ အဲဒါ ပဋ္ဌိစ္စသမုပ္ပါဒ်အကျိုးစက်ထဲမှာ ရှိနေတဲ့ ခန္ဓာကောင်လေးတွေပါ၊ ဒါက ပဋ္ဌိပတ်ရဲ့သဘောပါ။

ဒီတော့ အကြည်ရိပ် ၆-ပါးထဲမှာကို အကျိုးတရားလေးတွေဟာ ရှိနေသေးတယ်၊ ဒါက လက်တွေ့နည်းပါ၊ ဒါကို ကံမျိုးစေ့လို့ခေါ်တာပါ၊ ဒီတော့ အကြည်ရိပ် ၆-ပါးမှာ နာမပညတ်နဲ့ သဏ္ဌာနပညတ်ရိပ်တွေရှိနေတော့ အကျိုးတရားတွေဟာ ပေါ်လာတယ်၊ ဒါကို ဒုက္ခလို့မထင်ဘဲနဲ့ သုခလို့ထင်နေကြတယ်၊ ဒီတော့ ဒီပညတ် ၂-ပါးဟာ အကြည်ခါတ်မှာကို မျက်တောင်ခတ်နေသေးတယ်၊ အဲဒါ သညာဝိညာဏ်မှာသာ မရှိတော့တာပါ၊ အဲဒါ အကြည်ဓာတ် ၆ ပါးထဲမှာတော့ ရှိနေသေးတယ်၊ ဒါဟာ အကျိုးတရားလေးပါ၊ ဒီအကျိုးတရားဟာ အဆင်းရိပ်လေးရှိနေလို့ပါ၊ (တနည်း) ပဋ္ဌက္ခန္ဓာနဲ့ ဥပါဒါနက္ခန္ဓာတို့ဟာ ပဋ္ဌိပ္ပန်ဆိုတဲ့ ပေါင်းတဲ့အရိပ်လေး ရှိနေလို့ အကျိုးတရားတွေ ရှိနေတာဘဲ မဟုတ်လား။

ဒီတော့ မျိုးကျလာတာဟာ အတိတ် အနာဂတ်ကနေပြီး ကျလာတာပါ၊ မျိုးကျပြီး အပင်ပေါက်လာတာ ကျတော့မှ

ပစ္စုပ္ပန်လို့ယူပါ၊ ဒီတော့ ပစ္စုပ္ပန်ကို နားလည်ပြီ အကျိုးတရား ကိုလဲ နားလည်ပြီ၊ ဒီပစ္စုပ္ပန်အကျိုးတရားကို ဘယ်လိုပယ်မလဲ၊ ဒီတော့ ဥပါဒါနက္ခန္ဓာနဲ့ ပဥ္စက္ခန္ဓာ ပေါင်းနေတာကို အဘင်း ရိုက်ခဲ့လို့မရပါ၊ ဒီနေရာမှာ သဘာဝကိုမြင်ပြီး သတ်မှ ပညာ သတ်ဖြစ်ပြီး သတ်လို့ရမယ်၊ ဒီတော့ ဘာကိုသတ်မလဲ၊ ဒီတော့ ထွက်နေတဲ့အကျိုးလေးကို သတ်ရမယ်၊ ဒီတော့ ပေါင်းနေတာက အလကားဘဲ အကျိုးတရားသေရင် ပေါင်းနေတာဟာအလကား ဖြစ်သွားပြီ၊ အကျိုးတရားမှမသေသေးရင် ပေါင်းနေတာဟာ မျိုးစေ့ကျမလို့ ပေါင်းနေတာ၊ ဒီတော့ ကံမျိုးစေ့မကျအောင် အကျိုးတရားကိုသတ်ရမယ်။

ဒီတော့ ဥပါဒါနက္ခန္ဓာနဲ့ ပဥ္စက္ခန္ဓာပေါင်းနေသော်လဲ ကံ မျိုးစေ့မကျရင် ပြီးဘာဘဲ၊ ဒီတော့ အကျိုးကိုသာပယ်လိုက် တာနဲ့ ကံမျိုးစေ့ဟာ မကျနိုင်တော့ပါ၊ ယခု ဒီနေရာမှာ သညာဝိညာဏ်ဖြင့် သတ်လို့မရပါ၊ ပညာဖြင့် သတ်ရမယ်၊ ဒီတော့ ကံမျိုးစေ့မကျရင် ဥပါဒါနက္ခန္ဓာချုပ်၊ ပဥ္စက္ခန္ဓာငြိမ်း ဆိုပြီး ဥက္ကောင်းချရတော့မယ်၊ ဒီတော့ ကံမျိုးစေ့ဟာ ဝေဒ နက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဒီကောင်တွေ ပေါင်းနေတာပါ၊ ဒါဟာ ဖြစ်ခြင်းငှါထိုက်တဲ့ ကိလေသာပါ၊ ဒီတော့ နိဗ္ဗာနဓာတ် ထွက်တဲ့အခါမှာ ဘယ်မှာထွက်သလဲ၊ ပစ္စုပ္ပန်မှာထွက်မယ်၊ အဲဒါ ပစ္စုပ္ပန်ခဏမှာ လာထွက်မယ်၊ဒါကို တန်ဆောင်မုန်းလ မဟာသတိပဋ္ဌာန်တရား ဥက္ကောင်းချတဲ့အခါ ကျမှ ပြောပြပါတော့မယ်။

ဒီတော့ ကံမျိုးစေ့လေးဟာ ခန္ဓာလေး ၄ ကောင် ပေါင်း နေတာပါ၊ ဒါဟာ မျက်စေ့အကြည်ထဲမှာ ရှိနေတဲ့ နာမပညတ်

နဲ့ သဏ္ဌာနပညတ်ရိပ်တွေပါ၊ ဒါဟာ အတိတ်၊ အနာဂတ်တွေ ထွက်နေတာပါ၊ ဒါကို ဘယ်လိုသတ်မလဲ၊ သတ်ဆေးထုတ်ရမယ်၊ ဒီတော့ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့ကို ဘယ်လိုသတ်မလဲ၊ သတ်ဆေးကိုပြမယ်၊ မဂ်က သတ်တဲ့အခါမှာ အဲဒါ သဘာဝ ၄-ချက်ပြလာတယ်၊ အဲဒါ နိယျာနဋ္ဌော၊ ဟေတုဋ္ဌော၊ ဒဿနဋ္ဌော၊ အဓိပတေယျဋ္ဌောဆိုပြီး သမ္မာဟာဝိနောဒနီအဋ္ဌကထာကြီးက ထုတ်ပြလာတယ်၊ ဒါက မဒသနာနည်းပါ၊ လက်တွေ့နည်းလုပ်ငန်းစဉ်ကို ဖေါ်တော့မယ်ဆိုတော့ ဒီ ၄-ချက်မှာ ကံမျိုးစေ့လေးဟာ အကြည်ဓာတ်ထဲမှာရှိနေလို့ ဒဿနဋ္ဌောနဲ့ အရင်ကိုင်ရမယ်။

နိယျာနဋ္ဌောနဲ့ ဟေတုဋ္ဌောက အတိတ်နဲ့ အနာဂတ်ကို သတ်တာပါ၊ ဒီအတိတ်နဲ့ အနာဂတ်ဟာ ပစ္စုပ္ပန်ကနေ ထွက်နေတာပါ၊ ဒီတော့ ပစ္စုပ္ပန်ရှိနေရင် အတိတ်၊ အနာဂတ်ဟာ တကယ်ပြတ်မလား၊ အဲဒါ ပစ္စုပ္ပန်ရှိနေသေးရင် တခါထပ်ပြီး ဖန်ဆင်းလာအုံးမှာဘဲ မဟုတ်လား၊ ဒါ့ကြောင့် ပစ္စုပ္ပန်ကို အရင်သတ်ရမယ်၊ အဲဒါ အကျိုးပစ္စုပ္ပန်ကို အရင်သတ်ရမယ်၊ ဒါမှ အတိတ်အနာဂတ်ဟာ မထွက်နိုင်ဘဲ သေသွားတော့မယ်၊ ဒီတော့ မဂ်နဲ့ သတ်မယ်ဆိုတာနဲ့ ဒဿနဋ္ဌနဲ့ အရင်သတ်ရမယ်၊ သတ်ပြမယ်၊ ဒဿနဋ္ဌ အမှန်မြင်ခြင်း၊ ဒါဟာ မပြုပြင်နိုင်တဲ့ သဘာဝကို ဒဿနဋ္ဌလို့ ခေါ်တယ်၊ ဒါဖြင့်ရင် အကျိုးတရားဟာ သံသရာလောကကြီးမှာ ပြုပြင်နိုင်သေးသလား၊ မပြုပြင်နိုင်တော့ပါ၊ သူ့မှာ တဖန်ပြန်ပြီး မဖြစ်နိုင်တော့ပါ။

ဘာ့ကြောင့်လဲ၊ အကြောင်းမျိုးတွေမရှိတော့လို့ပါ၊ ဒီတော့ ပေါင်းနေတဲ့ ပစ္စုပ္ပန်ဟာ အကြောင်းမျိုး မပေါ်နိုင်တော့တဲ့

အတွက် ဒီအကျိုးဟာ တကဲ့အကျိုးပါ ဒီတော့ အကြောင်းဟာ မြူမျှမရှိတော့ပါ၊ ဒီတော့မှ ဂေါတြဘူဉာဏ်ကြီးက ဒီအကျိုးလေးကိုကြည့်လိုက်တော့ အကြောင်းဟူက မြူမျှမရှိတော့ဘဲ၊ အကျိုးသက်သက်အနေနဲ့ မြင်လာတာကို ဂေါတြဘူဉာဏ်က နိဗ္ဗာန်ကို အာရုံပြုပြီလို့ ပြောတာပါ၊ ဒီတော့မှ မဂ်ကဒဿနဠ အဲဒါ အကျိုးသက်သက်လေးကို မြင်လိုက်တာကို မဂ်လို့ပြောတာပါ၊ ပညာရဲ့သဘောဆိုတာ သဘာဝအတိုင်း မြင်တာကို ခေါ်တယ်။

ဒီတော့ ဒဿနဠ-မပြုပြင်တဲ့ သဘောကို အမှန်မြင်နေပြီ၊ ဒီလိုလဲ မြင်လိုက်ရော ဝေဒနက္ခန္ဓာလေးကိုလဲ မပြုပြင်နိုင်တဲ့ အနေနဲ့ အမှန်မြင်နေပြီ၊ ဒီလိုမြင်ရင် သူကထောက်ခံမှ သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ ဖြစ်လာတာပါ၊ ဒီတော့ ဝေဒနက္ခန္ဓာက မထောက်ခံနိုင်တော့တဲ့ အတွက်ကြောင့် သညက္ခန္ဓာ အတိတ်မျိုးက နိယျာနဠ, သင်္ခါရက္ခန္ဓာ အနာဂတ်မျိုးက ဟေတုဠထဲကျသွားပြီ၊ အတိတ်အနာဂတ်မျိုး ပြတ်သွားရင် ဘယ်မှာမျိုးရှိသေးသလဲ၊ အတိတ်အနာဂတ်က မျိုးချမှ မျိုးကျတာပါ၊ အခုအတိတ် အနာဂတ်မျိုးမရှိတော့ရင် မျိုးမကျနိုင်တော့ပါ။

ဒီတော့ ပစ္စုပ္ပန်ကိုသာ ဖမ်းပြီးစစ်လိုက်တာနဲ့ ၃-ချက်လုံး ပျက်သွားမယ်၊ ပျက်သွားရင် သခ်တလောကကြီး ဇာတ်သိမ်းတယ်လို့ ခေါ်တယ်၊ (ဝါ) သညာဝိညာဏ်နယ် (ဝါ) အဝိဇ္ဇာတဏှာနယ် (ဝါ) ၂၉-ပါးသောကံတွေ ပြုပြင်ချယ်လှယ်နေတဲ့ သခ်တလောကနယ်ကြီး ဇာတ်သိမ်းတယ်လို့ခေါ်တယ်၊ ဒီတော့ ပစ္စုပ္ပန်ဝေဒနက္ခန္ဓာ ကို ဒဿနဠနဲ့ အတိတ်

သညက္ခန္ဓာကို နိယျာနဉ္စနဲ့, အနာဂတ်သင်္ခါရက္ခန္ဓာကို ဟေတုဉ္စနဲ့လဲ့သိမ်းလိုက်ရော သင်္ခတဓမ္မတွေဇာတ်သိမ်းပြီး အသင်္ခတဓမ္မကို ဝိညာဏက္ခန္ဓာကြီးက အဓိပတေယျဉ္စနဲ့ ကြီးမှူးစိုးရတဲ့ သဘောတရားကြီးဖြစ်သွားပြီ။

သောတာပတ္တိမဂ်စိတ်သည် ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့ခြံရံခါ သစ္စာအနက် ၁၆-ချက်ဖြင့် အသင်္ခတနိဗ္ဗာနဓာတ်ကို မျက်မှောက်အာရုံပြုလိုက်ပြီ၊ အဲဒီလိုအမြုတေကြီးလဲ ထွက်လာရော သောတာပတ္တိမဂ်ကြီးဟာ အနုပါဒိသေသနိဗ္ဗာန်ကို အာရုံပြုနိုင်တာကိုမဂ်ဝင်ပြီလို့ပြောတာ၊ (ဝါ) မဂ်ဆိုက်ပြီလို့ပြောတာ၊ (ဝါ) မဂ်တရားကိုရပြီလို့ပြောတာပါ။ ကိုင်း....ကာယနုပဿနာတရားဥကြောင်းကျပါပြီ တန်ဆောင်မုန်းလဆန်း (၁) ရက်နေ့ကစပြီး မဟာသတိပဋ္ဌာန်တရားဥကြောင်းချပြပါမယ်။

ကိုင်း....သာဓုခေါ်ကြပါတော့၊

သာဓု....သာဓု....သာဓု။

၁၃၂၈-ခုနှစ်-ဝါဆိုလပြည့်နေ့မှစပြီး ဟောကြားလာသော မဟာသတိပဋ္ဌာန်တရားတော်မြတ်ကြီးသည် ယနေ့ကာယာနုပဿနာသတိပဋ္ဌာန်တရားဥကြောင်းကျပါပြီ။

ပုံစံနံပါတ် (၃၆)



တန်ဆောင်မုန်းလဆန်း ( ၁ ) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၃၆)

မဟာသတိပဋ္ဌာန်တရားဉကြောင်းဝင်ပုံ။

ဒီတော့ တရားဥကြောင်းချတဲ့ သဘာဝကို နားလည်ရမယ်၊ အခုတရားနာကြတဲ့ပုဂ္ဂိုလ်တွေဟာ ဓမ္မဘာစဲ့ ဒါန, သီလ, ဘာဝနာအနေကနေတက်လာတဲ့ ပုဂ္ဂိုလ်တွေဖြစ်နေကြတယ် ဒီတော့ ဒါဟာ ရှေးဘုရားရှင်တွေရဲ့ အစဉ်အဆက်ကနေပြီးတော့ ပရိယတ်ကနေပြောနေတဲ့ သဘာဝတွေဟာ အနုတကာကြီးတို့မှာ ရှိနေကြတယ်၊ ဒီတော့တကာကြီးတို့ဟာတရားဥကြောင်းချတာကို မခံဝတန်တော့ဘဲ မသိကြတော့ပါ၊ သူတို့ရဲ့ဦးခေါင်းဆံမှာ ဒါန, သီလတွေကိုအားထုတ်ရင်ရမယ်ဆိုတဲ့ အဲဒါ လူပျင်းတွေရဲ့ အသိတွေဝင်နေကြတယ်။

ဒီတော့ အခုရှင်ဂေါတမ သာသနာမှမကုန်သေးဘဲ ဒီနေ့ လုပ်ရင် ဒီနေ့ရမှာဘဲ၊ ဒါ့ကြောင့် လုပ်ငန်းစဉ်အနေနဲ့ အခု တရားဥကြောင်း ချပေးဘာပါ၊ ဒီတော့ သုဘဒ္ဒရဟန်းကြီးကို ရဟန္တာမဆိတ်ကြောင်း ဘုရားရှင် ဟောကြား ထားပါတယ်၊ ဒီတော့ ဒီစကားကိုယုံကြည်သလား၊ ဒီတော့ လောကကြီးမှာ ရဟန္တာမဆိတ်ဘူးဆိုတဲ့ စကားကိုဘဲ ပြန်ကြည့်ပါ၊ အဋ္ဌကထာကြီးတွေရေးဆွဲထားတဲ့ အနှစ်၅၀၀၀ကိုဘဲ ပြန်ကြည့်ပါ ဒီတော့ သတိပဋ္ဌာန်တရားကို ပွါးများနေရင် အနှစ် "၂၀၀၀" ပတ်လုံး ရဟန္တာ ဆိတ်မလား၊ မဆိတ်ပါ။

ဒီတော့ တရားယူတာဟာ သရဏဂုံနဲ့ ယူလို့ရမလား၊ ဒါဟာ ဓမ္မတာတရားဘဲရမယ်၊ ဒီတော့ သဘာဝရှိမှ အလုပ်လုပ်လို့ ရပါတယ်၊ ဒီတော့ သဘာဝတည်းဟူသော အနက်သာလျှင် ကိုးကွယ်ရာရှိတယ်ဆိုပြီး ဟောလာပါတယ်၊ ဒီတော့ ဓမ္မတာစွဲ ရှိတဲ့သူတွေဟာ အခုတရားဥက္ကောင်းချမဲ့ဟာကို ဘယ်လိုခံယူ နိုင်မှာလဲ၊ ဒီတော့ ဘယ်လိုခံယူမလဲ၊ ဒါကိုဘဲတွေးပါ။

ဒီတော့ ဥတုဓာတ်၊ အာဟာရဓာတ်၊ စိတ်ဓာတ်၊ ကံဓာတ် အကြောင်းတရား ၄-ပါးကို ဘုရားရှင် ဟောကြားပါတယ်၊ ဒီတော့ အခုဟောကြားတဲ့ သတိပဋ္ဌာန် တရားတော်ကြီးကို ဥက္ကောင်းချတဲ့အခါမှာ ဥတု၊ အာဟာရ၊ ရေဓာတ်၊ မြေဓာတ် အနေကနေ ဥက္ကောင်းချရမယ်၊ ဒါက ကမ္မဋ္ဌာန်းကြောင်း အနေနဲ့ ဥက္ကောင်းချရမယ်၊ နောက် ကံပိုင်း၊ စိတ်ပိုင်းအနေနဲ့ ချရမယ်၊ ဒီတော့ တကာကြီး "ဦးဘိုးစွန်"ရဲ့ စိတ်ဝိညာဏ်မှာကို သိအောင် ဥက္ကောင်းချပေးရအုံးမယ်၊ ဒီတော့ ငါတို့ဘယ်လို တရားဥက္ကောင်းခံယူမလဲ၊ ဒါကိုသဲစဉ်းစားပါ။

ကိုင်း....သဘာဝတခုကို နှိုက်ပြအုံးမယ်၊ ဒီတော့တကာကြီး တို့မှာ ဓမ္မတာစွဲသာရှိသော်လဲ အသိဉာဏ်တွေက ရှိနေတယ်၊ (ဝါ) တိဟိတ်မျိုးတွေရှိနေတယ်၊ ဒီတော့ အခုတရားဥက္ကောင်း ဟာ ဓမ္မာနုပဿနာမှာ ဥက္ကောင်းချရမယ်၊ဓမ္မ ဆိုတာက သဘော တရား၊ အနု ကအဖန်ဖန်၊ ပဿနာရှုတာ၊ သဘောတရားကို အဖန်ဖန်ရှုတာပါ၊ ဒီတော့ ဒီအထဲကိုဥက္ကောင်းချရမယ်၊ ဒီတော့ ဒီထဲမှာ "၃၇"ပါးသောဗောဓိပက္ခိယ တရားတွေဟာ ရှိနေပါ တယ်။ ဓမ္မာနုပဿနာဟာကျယ်ဝန်းပါတယ်။

ဒီတော့ ဒီသဘာဝနယ်ထဲကို မကျတာဟာ နာမပညတ်နဲ့ သဏ္ဌာနပညတ်ရိပ်တို့က နှောက်ယှက်နေတယ်၊ ဒီပညတ်ရိပ် ၂-ခုကိုတွေ့လို့ဖြတ်လိုက်တော့မှ သဘာဝနယ်ထဲကျပြီး မဂ်ကို ရတယ်လို့ပြောတာပါ၊ ဒီတော့ သောတာပတ္တိမဂ်ဟာ ဒိဋ္ဌိစွဲ ခန္ဓာကိုသတ်တယ်၊ သကဒါဂါမိမဂ်နှင့်အနာဂါမိမဂ်က တဏှာစွဲ ခန္ဓာကိုသတ်တယ်၊ အရဟတ္တမဂ်က မာနစွဲခန္ဓာကို သတ်တယ်။

ဒီတော့ သဘာဝနယ်ထဲမကျအောင် နာမပညတ်နဲ့သဏ္ဌာန ပညတ်ရိပ် ၂-ပါးက နှောက်ယှက်နေတယ်၊ ဒါကိုခန္ဓာအနေနဲ့ ထုတ်တော့ ဒိဋ္ဌိစွဲခန္ဓာပါ၊ ဒီတော့ ခန္ဓာ ၅-ပါးကို ၃-ပုံပုံကြည့် ပါ၊ ဒိဋ္ဌိစွဲခန္ဓာ, တဏှာစွဲခန္ဓာ, မာနစွဲခန္ဓာလို့ ၃-ပုံပုံပါ၊ ဒီတော့ ဒိဋ္ဌိကဘာ့ကိုစွဲပြီး ခန္ဓာဖြစ်သာသလဲ ဒါကို တွေ့အောင်ရှာ၊ ဒါကိုတွေ့မှ သဘာဝနယ်မှာ ဥကျောင်းချနိုင်မယ်၊ ဒီတော့ သဘာဝနယ်ကြီးရောက်လို့ သောတာပန်ဖြစ်သွားရင်ဘဲ အဲဒါ နာမပညတ်နဲ့သဏ္ဌာနပညတ်တို့ဟာ မတာပ်တော့ပါ၊ ဒီတော့ နာမပညတ်နှင့် သဏ္ဌာနပညတ် ၂-ပါး မျက်ခတောင်မခတ်လျှင် ကံမဖြစ်တော့ကြောင်းကို ဥပမာသုတ္တန်ကြောင်း ထုတ်ပြလိုပါ သေးတယ်။

ဒီတော့ ရာဇဂြိုဟ်ပြည်မှာ အလှန်အဆင်းလှတဲ့ သူဌေးသမီး တဦးဟာ ဆုံ (၇)ဆင့်ရဲ့အထက် ပြာသာဒ်၌နေပြီး လေသာ ပြူတင်းကနေ ကြည့်နေတဲ့အခါမှာ သားသမင်တို့ကိုသတ်ပြီး အသက်မွေးမှုနေတဲ့ မုဆိုးဟာ သားကောင်တွေကို လှည်းနဲ့ တင်ပြီး လာရောက်ရောင်းတာကို သူဌေးသမီးမြင်တော့ သူရဲ့ အစေခံ ကျွန်မတယောက်ကို ဒီမုဆိုးမှာ မယား ရှိ, မရှိကို သွား မေးခိုင်းတယ်၊ ဒီတော့ နောက်ဆုံးမှာ သူရဲ့ပစ္စည်းလေးတွေကို

ယူပြီး အဲဒီ မုဆိုးနောက်သို့ လိုက်သွားတော့တယ်၊ သူဌေးသမီးဟာ မုဆိုးနဲ့ အိမ်ထောင်ပြုပြီး နေတယ်။

အဲဒါ သူဌေးသမီးဟာ ( ၇ ) နှစ်အရွယ်ထဲက သောတာပန်ဖြစ်နေတယ်၊ သို့သော်လဲ သူရဲ့လင်က မုဆိုးဖြစ်နေလေတော့ မြှားချွန်ပေးခြင်း၊ မြှားဖြောင့်ပေးခြင်း၊ ရလာသောသားကောင်များကို ဈေးသို့သွားရောင်းရခြင်းစတဲ့ အမှုတွေကိုပြုနေရတယ်၊ ဒီတော့ရင် အဲဒါ အလုပ်ကသာ မကောင်းသောအလုပ်လို့ ထင်ရသော်လဲ သူရဲ့ပါးစပ်ကတော့ တရားစကားကိုသာ ပြောဆိုနေတယ်၊ ဒါကို နောက်ဆုံးမှာ ဘုရားရှင်ထံသို့ အကြောင်းစုံရောက်သွားတဲ့အခါ ဘုရားရှင်က " ချစ်သမီးမှာ အပြစ်မရှိ၊ ကံမထိုက်ပေ၊ ဘာ့ကြောင့်လဲဆိုတော့ သူ့မှာသေစေလိုသောစိတ်မရှိဘဲ လင်ဝတ္တရားကို ဆောင်ရွက်တဲ့အနေနဲ့သာ လုပ်ပေးနေခြင်းဖြစ်တယ်။

ဥပမာ....ဆိုရင် အနာမရှိတဲ့လက်နဲ့အဆိပ်ကိုကိုင်ရင် ဒီအဆိပ်ဟာ ဘာမှမဖြစ်သလိုဘဲ၊ ချစ်သမီးမှာလဲ အနာမရှိတဲ့အတွက်ကြောင့် အဆိပ်မသင့်တော့ပါ၊ အန္ဓပုထုဇဉ်ဖြစ်တဲ့ သူများကျတော့ လက်မှာအနာရှိနေတဲ့အတွက်ကြောင့် အဆိပ်ကိုကိုင်လိုက်တာနဲ့ အဆိပ်သင့်မှာဘဲ၊ ဒါ့ကြောင့် ချစ်သမီးမှာ ကံမဖြစ်ပါ" လို့ ဟောကြားတော်မူတယ်၊ ဒါဟာ ထိုသူဌေးသမီးမှာ နာမပညတ်နဲ့ သဏ္ဌာနပညတ်ရိပ် ၂-ပါး မျက်တောင်မခတ်တော့တဲ့အတွက်ကြောင့် ကံမဖြစ်တာဘဲ မဟုတ်လား၊ (ဝါ) ကံမထိုက်တော့ပါ။

ဒီတော့ နာမပညတ်နဲ့ သဏ္ဌာနပညတ်ရိပ် ဆိတ်နေတာဟာ ဒိဋ္ဌိစွဲခန္ဓာကို ပယ်လို့ပါ၊ ဒီတော့ ခန္ဓာ ၅-ပါးမှာ ဒိဋ္ဌိစွဲခန္ဓာကို

ထုတ်ပြမ်းပါ၊ ဒီ ဒိဋ္ဌိစွဲ ခန္ဓာကိုထုတ်ပြီး ပယ်နိုင်ရင် သောတာပန်ဖြစ်ပြီး ဓမ္မာနုပဿနာထဲ ပြေးဝင်တော့တာဘဲ ဒီတော့ သဘာဝနယ်မှာ တကာကြီးရဲ့ စိတ်ဝိညာဏ်ချနိုင်အောင် လုပ်ရမယ်၊ ဒီတော့ သဘာဝနယ်ကို မတွေ့အောင် နာမပညတ်နဲ့ သဏ္ဌာနပညတ်ရိပ် ၂ ပါးက ခံနေတယ်၊ ဒီတော့ ဒါကို ဒိဋ္ဌိစွဲခန္ဓာထုတ်ပြပါ၊ ဒီတော့ နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် ဒီ ၄ ဉာဏ်နဲ့ ရှာတင်ရင် သဘာဝဝင်ရင် လက္ခဏ်မှာဘဲ၊ ဒီတော့ ဒီဉာဏ်တွေပေါ်ကနေ ရှာပြီးတင်ရင်လဲရပါတယ်၊ စာရွတ်သလိုရွတ်နေရင် သဘာဝမဝင်သေးပါ၊ ဒါ့ကြောင့် စာရွတ်သလိုရွတ်ပြီး ဖြေမယ်လို့ စိတ်မကူးပါနဲ့။

ဒီ နာမရူပပရိစ္ဆေဒ, ပစ္စယပရိဂ္ဂဟ, သမ္မသန, ဥဒယဗ္ဗယဉာဏ်တွေကနေသာ ရှာပြီး ဒီ ဒိဋ္ဌိစွဲခန္ဓာဟာ ဘယ်ဟာလဲဆိုတာကို တင်ပါ၊ သဘာဝဝင်ရင်လက္ခဏ်မယ်၊ ဒီတော့ ဒိဋ္ဌိစွဲခန္ဓာမှ မပြုတ်သေးရင် နာမပညတ်နဲ့ သဏ္ဌာနပညတ်ဟာ နှောက်ယှက်နေအုံးမှာဘဲ၊ ဒီလိုနှောက်ယှက်နေသေးရင် အဲဒါ ဒိဋ္ဌိစွဲရှိနေသေးလို့ပါ၊ ဒီတော့ အလုပ်တခု ပြီးလာတာနဲ့ ကောင်း, မကောင်း ဝေဘန်နေသေးရင် ဒိဋ္ဌိစွဲခန္ဓာရှိနေသေးတယ်၊ ဒီတော့ ဒိဋ္ဌိစွဲခန္ဓာကိုဖြုတ်ချလိုက်မှ နာမပညတ်နဲ့ သဏ္ဌာနပညတ်ဟာ မလိုက်တော့ဘဲ ရောင့်ရဲတင်းတိမ်လာတော့မယ်။

ကိုင်း....ဒိဋ္ဌိစွဲ ခန္ဓာကိုဘဲ ရှာရတော့မယ်၊ ဒါကို အနုသယခန္ဓာလို့ပြလာတာပါ၊ ဒါဟာ နာမပညတ်နဲ့ သဏ္ဌာနပညတ်ရိပ်လေး ၂ ပါး ရှိနေတာပါ ဒါကိုဖြုတ်လိုက်မှ ဓမ္မာနုပဿနာထဲမှာ ဥက္ကောင်းချနိုင်မယ်၊ ဒီတော့ ဒီဓမ္မာနုပဿနာမှာ ဥက္ကောင်

ချနိုင်အောင် နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် ဒီ ၄-ဉာဏ်နဲ့ ဒိဋ္ဌိစွဲခန္ဓာကိုရှာပါ၊ ဒါမှ သတ်လို့ရမယ်၊ ဒီတော့ ခန္ဓာ ၅-ပါးကို ၃-ပုံပုံ ဒိဋ္ဌိစွဲခန္ဓာ, တဏှာစွဲခန္ဓာ, မာနစွဲခန္ဓာ ဒါကို ခွဲစမ်း၊ ဒိဋ္ဌိက ဘယ်ဟာကို ဆွဲသလဲ၊ ခန္ဓာ ၅-ပါးမှာ ဆွဲစမ်းပါ။

အခု ပြမှာက သညာနဲ့ ဝိညာဏ်, နောက် နာမပညတ်နဲ့ သဏ္ဌာနပညတ်, နောက် ဣဋ္ဌနဲ့ အနိဋ္ဌ, နောက်မှ သုခ, ဒုက္ခ ဒီ ၄-ချက်ဘဲ ရှိတော့တယ်၊ အရင်ကသဲ ပြလာခဲ့ဘယ်၊ ဒါပေမဲ့ သူ့ကဏ္ဍမဟုတ်လို့ စင်ကြယ်အောင် မပြလာရသေးပါ၊ အခု ခမ္မာနုပဿနာကို ငင်ရတော့မှာဖြစ်ခြင်းကြောင့် ဒီ ၄-ချက်ကို ဖြုတ်ရတော့မယ်၊ ဒီတော့ ခံစားတာရှိသော်လဲ အဲဒါ ဒိဋ္ဌိစွဲပါ, မပါသာလျှင် ရှိတာဘဲ၊ဒီတော့ ဒိဋ္ဌိစွဲနယ်ကြီးကို လက်ခံလိုက်ရင် ကောခ = အမျက်ထွက်လာမယ်၊ ဥပနာဟ = အမျက်ကို ရှေ့ထားပြီး ရန်ငြိုးဖွဲ့လာမယ်၊ မက္ခ = ကျေးဇူးကိုချေဖျက်လာမယ်၊ နောက် ပလာသ- အပြစ်သာ ပြောလာတော့မယ်၊ ဒီလို ဝိသုဒ္ဓိမဂ်ကြီးက ( ၁၄ ) ချက်ထိအောင် ပြလာတယ်၊ ဒီလို ပေါက်ဖွားလာရင် အပါယ်၄-ပါးကိုကျတော့မှာဘဲမဟုတ်လား။

ဒီတော့ အခုဒိဋ္ဌိစွဲခန္ဓာကို ဖမ်းတော့မယ်ဆိုရင် သညာနဲ့ ဝိညာဏ်,နာမပညတ်နဲ့ သဏ္ဌာနပညတ်, ဣဋ္ဌနဲ့ အနိဋ္ဌ,သုခနဲ့ ဒုက္ခ- ဒီ ၄-ချက်ကိုမှတ်ထားပါ၊ ပဌမသညာနဲ့ ဝိညာဏ်ကိုတင်ပြမယ်၊ ဒီတော့ ဒီ ၄-ချက်ကို အနှစ်အသားအနေနဲ့ ဆွဲထားတဲ့ဟာတွေကို ပယ်နိုင်သွားရင် ခမ္မာနုပဿနာထဲဝင်လို့ရပြီ၊ ဒီတော့သညာနဲ့ ဝိညာဏ်ကို နာမရူပပရိစ္ဆေဒဉာဏ်ကပယ်သတ်တယ်၊ နာမ

ပညတ်နဲ့ သဏ္ဌာနပညတ်ကျတော့ ပစ္စယပရိဂ္ဂဟဉာဏ်က ပယ်သတ်တယ်၊ ဃနဂ္ဂသည်ကျတော့ သမ္မသနဉာဏ်ကပယ်သတ်တယ်၊ သုခဒုက္ခကို ဝိညာဏ်မြင်-ဥဒယဗ္ဗယဉာဏ်ကပယ်တယ်။

ဒီတော့ ဉာဏ်စဉ်အနေနဲ့ တက်သော်လဲ၊ ဒီ ၄-ချက်လိုက် ကပ်နေသေးရင် ဘယ်မှာရမလဲ၊ ဒါ့ကြောင့်ဒိဋ္ဌိစွဲမပြုတ်တာပါ၊ ရှင်တော်မြတ်သည် ဥရုဝေဠကဿပအား တန်ခိုးအမျိုးမျိုး ပြသော်လဲ ဥရုဝေဠကဿပက ရဟန်းကြီးသည် တန်ခိုးတော့ ကြီး၏ သို့သော်လဲ ငါတို့ကဲ့သို့ ရဟန္တာကား မဟုတ်သေးဟု ကြံစည်ပြောဆိုနေခြင်းသည် ဒီဒိဋ္ဌိစွဲခန္ဓာကြီးရှိနေလို့ဘဲ မဟုတ်လား။

ကိုင်း....အန္တတွေဟာ သညာဝိညာဏ်အထုပ်ကြီး ထုပ်လာတာကို နာမရူပ ပရိစ္ဆေဒဉာဏ်က ဖြေချလိုက်တယ်၊ ဘယ်လိုဖြေချလိုက်သလဲ၊ နာမရူပပရိစ္ဆေဒဉာဏ်က ချတော့မယ်လို့ ကြံတော့ သညာဝိညာဏ်ကို ရှေ့နောက် အထုပ် ၂-ထုပ် ထုပ်လာတယ်၊ ဒီလိုနဲ့ သံသရာကြီးလည်လာကြတယ်၊ ဒါကိုမမှတာစွဲ ဆရာတွေက အဲဒါ ဒါနသီလလုပ်ခိုင်းပြီး အထုပ်သေးတာကို ကြီးအောင် ထုပ်ပေးလိုက်တယ်၊ မမှတာစွဲက ဒါဘဲရှိတယ်၊ အခုဝိပဿနာ ဘက်ရောက်လာတော့ နာမရူပ ပရိစ္ဆေဒဉာဏ်က....ကဲအထုပ်ကြီးတွေကိုချလိုက်စမ်း ချပြီးတော့ "ရုပ်သည်ငါ၊ ငါသည်ရုပ်၊ ရုပ်၌ ငါရှိ၏၊ ငါ၌ရုပ်ရှိ၏" ဆိုပြီး ၄-ခုခွဲလာတယ်၊ ဒီအထုပ်ကြီးကို ဖြေလိုက်ရင် ဒီ ၄-ချက်ဘဲလာထွက်မယ်။

ရုပ်သည်သညာသဘောဆိုရင် ငါက ဝိညာဏ်သဘော၊ ငါသည် သညာသဘောဆိုရင် ရုပ်ကဝိညာဏ်သဘော၊ ရုပ်၌သညာ

သဘောဆိုရင် ငါ့ရှိ၏ဆိုတာက ဝိညာဏ်သဘော ငါ၌ သညာ သဘော ရုပ်ရှိ၏ ဆိုတာက ဝိညာဏ်သဘော ဒီအနေနဲ့ စွဲလာ ကြတယ်၊ ဘယ်သတ္တဝါမဆို အဲဒါ ဒီအထုပ်တွေနဲ့ သံသရာ လည်နေကြရတယ်၊ ဒီတော့ ဒီအထုပ်ကို စွဲလိုက်ရင် ဒီအစွဲ ၄-ချက်သာရပါတယ်၊ ဒီတော့ မာတယ်၊ပူတယ်ဆိုပြီး ယူထားတဲ့ သညာ အမှတ်တွေ ( ဝါ ) ကျက်ထားတဲ့စာတွေမှန်ရင် သညာ သဘောခေါ်တယ်၊ ဒါဟာလက္ခဏာလေးဘဲ၊ ဒါဟာသညာက ပြောတဲ့ပရမတ်တွေပါ၊ဒါကိုပင်တကဲ့မာတာကြီး ရှိနေတယ်လို့ မှတ်လိုက်တာက ဝိညာဏ်ရဲ့အမှားပါ။

ဒီတော့ ရုပ်သည်....ဒါကအနေထိုင်နေတဲ့ရုပ်ကြီးကို စွဲပြီးတော့ ငါဆိုတဲ့ အစွဲကြီးထွက်လာတယ်၊ ဒါက အစွဲတချက်၊ နောက် ငါသည်ရုပ်ဆိုပြီးပြန်စွဲလာတော့မယ်၊ ဒီတော့ဘယ်မှာလွတ်တော့ မလဲ၊ ဒီတော့ ဒါတွေဟာ သညာဝိညာဏ်နဲ့ ကျက်စားနေတဲ့ သညာသဘောပရမတ်တွေ၊ ဒါတွေနဲ့ သံသရာလည်နေကြတယ်၊ မွေ့နေ့အနေနဲ့ ဒါန သီလ ဝိပဿနာကဖြေလိုက်တော့ အစွဲ ၄- ချက်ကိုလာတွေ့တယ်၊ ဒါကို နာမရူပပရိစ္ဆေဒဉာဏ်က ပယ်တဲ့ အခါမှာ လက္ခဏာနဲ့ရုပ်သည်ဆိုတာကိုပယ်တယ် ရသက ငါကို ပယ်တယ်၊ ရုပ်၌ငါရှိ၏ဆိုတာကို ပစ္စုပ္ပဋ္ဌာန်နဲ့ပယ်တယ်၊ ငါ၌ ရုပ်ရှိ၏ဆိုတာကို ပဒဋ္ဌာန်ကပယ်လိုက်တယ်၊ ဒီလိုပယ်လာတယ်။

'ရုပ်သည်ငါ၊ ငါသည်ရုပ်-ဆိုတာကို အဟုတ်ရှိ၊ အမှန်ရှိတယ် ဆိုပြီးစွဲနေတာဟာ သညာရဲ့အမှတ်ပါ၊ ပရမတ်သဘောဟာ သညာနဲ့မှတ်လို့မရပါ၊ ပညာဖြင့်မှတ်လို့ရပါတယ်၊ ဒီတော့ ဒါဟာလက္ခဏာနဲ့ ရသအနေနဲ့သာ ရှိတယ်ဆိုပြီး မြင်လာတော့ ဒီရုပ်သည်ငါ၊ ငါသည်ရုပ်-ဟာပြုတ်သွားတော့ အဲဒါ နာမပညတ်

ဟုသာထွက်လာတယ်၊ နောက်တခါ ရုပ်ဥပ္ပါဒ်ရှိ၏၊ ဥပ္ပါဒ်ရုပ်ရှိ၏-ဆိုတာကိုသဲ ပစ္စုပ္ပဋ္ဌာန်နဲ့၊ ပဒဋ္ဌာန်ကသဲ ဖြတ်လိုက်ရော သဏ္ဌာနပညတ်ဟာ ထွက်လာတော့တယ်၊ ဒီတော့ နာမရူပ ပရိစ္ဆေဒဉာဏ်က ဌာန် ၄-ချက်နဲ့ မွေ့လိုက်တော့ ရုပ်နာမ်တရားတို့ရဲ့ အနတ္တဓာတ်ဟာ ထွက်လာတယ် နာမပညတ်နဲ့ သဏ္ဌာနပညတ် ၂-ပါးကိုတော့ ဒီဉာဏ်က မချေနိုင်တော့ပါ။

ဒီတော့ လက္ခဏာမှတ်ကြောင်း သဘောလေးကို ဉာဏ်တွေနဲ့ ချေသော်သဲ ဥဒယဗ္ဗယဉာဏ်ကျတော့ ရုပ်သည်-ဆိုတဲ့သညာရဲ့ အမှတ်လေးက သညာက္ခန္ဓာဆိုပြီးထွက်လာတယ်၊ ဒါ ဒိဋ္ဌိစွဲခန္ဓာလေး တချက်ပေါ်လာတယ်၊ ရုပ်ပေါ်မှာ မှတ်တုံးကသညာ၊ နှလုံးအိမ်ကျတော့ သညာက္ခန္ဓာဆိုပြီး ဖြစ်လာတယ်၊ ဒါကိုမဂ်ခုံရုံးက အနုသယမျိုးလေးဆိုပြီးတော့ ဒါကိုမဂ်ကသတ်မယ်၊ ဒီခန္ဓာကို ဒိဋ္ဌိစွဲခန္ဓာလို့ ဘာ့ကြောင့်ခေါ်သလဲ၊ အရင်သညာက မာတယ်၊ ပူတယ်လို့မှတ်ပြီး ပြောနေတာဟာ ပျောက်မသွားတဲ့ အခုပြောနေတာ ဒိဋ္ဌိစွဲ ခန္ဓာဘဲဟုတ်လား။

နောက်တခါ ငါသည်ရုပ်ဆိုတာကရော ဒီနေရာမှာ ပြောပြအုံးမယ်၊ ရုပ်သည်ဆိုတာက သညာ၊ ငါဆိုတာက ဝိညာဉ်၊ ဒီတော့ ဒီဝိညာဉ်ဟာ သညာပြဋ္ဌာန်းသလား၊ သင်္ခါရ၊ ဝေဒနာ ဘယ်ဟာပြဋ္ဌာန်းသလဲ၊ ဒါကိုကြည့်လိုက်ပါ၊ သဘာဝကိုပြောပြမယ်၊ ရုပ်သည် သညာပြဋ္ဌာန်းပြီးစွဲရင် ဝိညာဉ်က ငါကိုစွဲတာကျတော့ သင်္ခါရပြဋ္ဌာန်းပြီးစွဲတယ်၊ မဂ်ကိုသွင်းတဲ့အခါမှာ သင်္ခါရကို သွင်းရမယ်၊ ဒါ့ကြောင့် ငါသည်ဆိုတာကို သင်္ခါရကိုကောက်ပါ၊ သင်္ခါရဆိုတာဟာ ပုံပြင်တယ် ဒီသင်္ခါရဟာ ဝိညာဉ်ကနေတိုက်ရိုက်ထွက်တာပါ၊ ဒါ့ကြောင့် ဒိဋ္ဌိစွဲခန္ဓာကိုထုတ်ရင် ရုပ်သည်

ဆိုတာက သညာက္ခန္ဓာ၊ ငါဆိုတာက သင်္ခါရက္ခန္ဓာကို ထုတ်ရပါတယ်၊ နောက်ရုပ်၌ ငါရှိ၏၊ ငါ၌ရုပ်ရှိ၏လို့ပြောတာဟာလဲ သညာနဲ့ သင်္ခါရ အနုသယလေးရှိနေလို့ပါ။

ဒီတော့ ခန္ဓာတွေစေ့အောင်လို့ သညာက္ခန္ဓာနောက်ကို ဝေဒနာက္ခန္ဓာထည့်ထားတယ်၊ သင်္ခါရက္ခန္ဓာနောက်ကို ဝိညာဏက္ခန္ဓာထည့်ထားတာပါ၊ ဒါ့ကြောင့်သာ ခန္ဓာ ၄-ပါးဆိုပြီး ပြထားတာပါ၊ တကယ်ပြဋ္ဌာန်းတာက သညာနဲ့ သင်္ခါရပါ၊ ဒါဟာ ဒိဋ္ဌိစွဲခန္ဓာ (၀ါ) အနုသယခန္ဓာပါ၊ ဒါကိုပယ်နိုင်မှ မဂ္ဂါနုပဿနာထဲကို ဝင်နိုင်မယ်၊ ဒါက နာမရူပ ပရိစ္ဆေဒဉာဏ်ကနေ ဒိဋ္ဌိစွဲခန္ဓာကို ဖေါ်ပြလိုက်တာပါ၊ ညပိုင်းမှာပစ္စယပရိဂ္ဂဟဉာဏ်ကနေပြီး တင်ပြမယ်၊နောက်နေ့မှာ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်တွေကနေပြီးထုတ်ပြအုံးမယ်။

---

# ည ဟော စ ဉ်။

ဣစ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ
ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ
လောကေ အဘိဇ္ဈာဒေါမနဿံ။

လို့မဟာ သတိပဋ္ဌာန်ပါဠိတော်ကြီးမှာ ဟောကြားတော်မူတဲ့ အတိုင်း အခုဝါတွင်း ၃–လတိုင်တိုင် ဟောကြားလာတာဟာ ယခုတရားဥက္ကောင်းချရပါတော့မယ်၊ ဒီတော့ "ယောဟိ ကောစိ ဘိက္ခဝေ" လို့ တရားဥက္ကောင်း ချသာပါတယ်၊ ဘာ့ကြောင့် ၇-နှစ်,၆-နှစ်,၅-နှစ်,၄-နှစ်,၃-နှစ်,၂-နှစ်,၁-နှစ်၊ နောက်... ၇-လ, နောက် ၇-ရက်,ဆိုပြီး ဥက္ကောင်းချတာဟာ ဘယ်သဘာဝကို မြင်စေလို၍ ချတာလဲ၊ ဒီထိအောင် အဋ္ဌကထာကြီးတွေက မဖွင့်ပါ။

ဒီတော့ ဘုရားရှင်ပွင့်တဲ့အခါမှာ ဂဏာနို့ဆွမ်းကို ၄၉-လုပ် ဘုဉ်းပေးပြီး ၄၉-ရက်ဘာမှမလုပ်ဘဲ ဘာ့ကြောင့် သတ္တ, သတ္တ ဋ္ဌာန စံမြန်းသလဲ၊ ယခုလဲ ၇-နှစ်, ၇-လ, ၇-ရက်ကိုအခြေခံ ထားပြီး ဥက္ကောင်းချတာဟာ ဘယ်သဘာဝကို သတ္တဝါတွေ မြင်စေလို၍ချတာလဲ၊ ဒါကိုပညာရှိတဲ့သူတွေ ဝေဘန်နိုင်ပါ တယ်၊ ဒီတော့ အခုတရားဥက္ကောင်းချရတော့မယ်၊ ပဋ္ဌမဓမ္မာနု ပဿနာမှာ ဥက္ကောင်းချရမယ်၊ အဲဒါ သဘောတရားတွေကို အဘန်တလဲလဲဆင်ခြင်ဘာကိုခေါ်တယ်။

ဒီတော့ သဘာဝနဲ့ယ်ဟာ အင်မတန်မှ ကျယ်ဝန်းလာတယ်၊ ဒီတော့ သဘာဝနယ်ကိုမြင်ရင် သောတာပန်ဖြစ်တာဘဲ၊ ဒီတော့

သဘာဝနယ်ကြီးကို သဘာဝနယ်အတိုင်း အပိုင်မြင်လာတာကို ရုပ်တရား နာမ်တရားလို့ ထုတ်ဖော်လာပါတယ်၊ "ယာထာဝ သရသလက္ခဏ ပဋိဝေဓဝသေန" လို့ ဆိုတဲ့အတိုင်း သဘာဝ နယ်ကိုမြင်လာရင် အဲဒါ ကြောင့်ကြမှုတွေဟာ တဖြေးဖြေး ပျောက်လာမယ်၊ ဒီတော့ ချစ်ခြင်း မုန်းခြင်း ၂-ပါးကိုပယ် ဖျောက်ရမယ်လို့ ဘုရားရှင်ဟောလာတဲ့ မဟာသတိပဋ္ဌာန်တရား တော်ကြီးကို ယခုဥက္ကောင်းချတဲ့အခါမှာ မေ့ာနုပဿနာမှာ ဘာ့ကြောင့် ဥက္ကောင်းချရသလဲ၊ ဒီလိုဥက္ကောင်း ချမှုပုဂ္ဂိုလ်ဟာ ဘယ်သဘာဝကို မြင်ရမှာလဲဆိုတော့ နာမပညတ်နဲ့ သဏ္ဌာန ပညတ်နယ်ကိုမြင်ရမယ်။

သဘောတရားနယ်မှာ မကျတာဟာ နာမပညတ်နဲ့ သဏ္ဌာန ပညတ်တွေက လိုက်ဖုံးနေတဲ့အတွက် မကျတာပါ၊ ဒီနာမပညတ် နဲ့ သဏ္ဌာနပညတ်ကို ပယ်ဖျောက်လိုက်မှ သဘာဝနယ်မှာကျ လို့ရပါတယ်၊ ဒီတော့ နာမပညတ်နဲ့ သဏ္ဌာနပညတ် ၂-ပါးကို ပယ်နိုင်ရင် သောတာပန်ဖြစ်ပါတယ်၊ သောတာပန်ဟာသညာနဲ့ သင်္ခါရ ၂-ပါးကိုပယ်ဘယ်၊ သကဒါဂါမိမဂ်ကျတော့ ဝိညာ ဏက္ခန္ဓာကို ပယ်တယ်၊ ဘယ်လိုပယ်သလဲ၊ ဝိညာဏ်ကြီးမှာသညာ က အဝင်၊ သင်္ခါရက အသွက်အနေနဲ့ ဝင်ပြီး လှည့်နေကြတယ်၊ ဒီသညာနဲ့ သင်္ခါရကို သောတာပတ္တိမဂ်က သတ်တယ် သကဒါ ဂါမိမဂ်ကျတော့ ဝိညာဏ်ကြီးကို သတ်တယ်၊ စိတ္တာနုပဿ နာပါ။

ဝေဒနာက္ခန္ဓာကို သတ်တာက အနာဂါမိမဂ် ဝေဒနာနု ပဿနာပါ၊ ရူပက္ခန္ဓာကိုသတ်တာကျတော့ အရဟတ္တမဂ် ကာ ယာနုပဿနာကသတ်တယ်၊ ယခုသတိပဋ္ဌာန်တရားတော်ကြီးဟာ

တောင်ထိပ်ကနေပြီး အခုတရားဥကျွောင်း ချနေတာပါ၊ ဒီလို ခန္ဓာ ၅-ပါးကို အစီအစီနဲ့ ဥကျွောင်းချရမယ်၊ ဒီတော့နာမ ပညတ်နဲ့ သဏ္ဌာနပညတ်ရိပ် ၂-ပါးကနေပြီး သညာနဲ့ သင်္ခါရလို့ ထွက်လာတာပါ၊ ဒါကိုပယ်သတ်မယ်။

ဒီတော့ နာမပညတ်နဲ့ သဏ္ဌာနပညတ်ရိပ် ၂-ပါးကိုဘယ် လိုပယ်သတ်မလဲ ? ဒါကိုပယ်သတ်လိုက်ရင် သညာနဲ့ သင်္ခါရ ဇာတ်သိမ်းပြီး အတိတ်၊ အနာဂတ် မလှည့်ပတ်နိုင်တော့ဘဲ သဘာဝနယ်မှာကို ဝိညာဏ်ကြီးဟာ ထိုင်နိုင်လာတယ်၊ ဒီတော့ သဘာဝနယ်မှာ မထိုင်နိုင်လို့ သညာဝိညာဏ်နယ်ကြီး ကျယ် လာတာပါ၊ ဒါ့ကြောင့် နာမပညတ်နဲ့ သဏ္ဌာနပညတ်ရိပ် ၂-ပါး ကို သတ်ရမယ်၊ ဘယ်လိုသတ်မလဲ ? ဒီတော့ နာမပညတ်နဲ့ သဏ္ဌာနပညတ်ကို ပြောပြမယ်။

ဥပမာ....လဘက်ရေပုဂံ ဆိုတာနာမပညတ်ပါ၊ အိုးသဏ္ဌာန်၊ ခွက်သဏ္ဌာန်ဆိုတာက သဏ္ဌာနပညတ်ပါ၊ ဒီနာမပညတ်နဲ့ သဏ္ဌာနပညတ်ကိုသတ်နိုင်ရင် သညာနဲ့ သင်္ခါရဟာ ဇာတ်သိမ်း တယ်၊ ဒီတော့ ဒါဟာ တရားဥကျွောင်းချတာဘဲ၊ ဒီတော့ လဘက်ရေပုဂံဆိုတဲ့ နာမပညတ်၊ လဘက်ရေအိုးဆိုတဲ့ သဏ္ဌာန် ဖြစ်တဲ့ သဏ္ဌာန်ပညတ်ဟာ ဘယ်မှာရှိသလဲလို့ မေးရင် ဘယ်လို ပြောမလဲ၊ အဲဒါ ခါတ် ၄-ပါး၊ ခါတ် ၈-ပါးမှာ ရှိတယ်ဆို တာကို သွားထင်မှာဘဲ မဟုတ်လား၊ စဉ်းစားပါ။

ဒီတော့ ဒီလိုကိုကိုယ်က အစမထင်တဲ့ဘဝတစပြီး ယူလာ ခဲ့ကြတယ်၊ ဒီတော့ဖြစ်တဲ့ဘဝမှာကို နာမပညတ်နဲ့ သဏ္ဌာန ပညတ်တွေကို ကျောပိုးလက်ဆွဲပြီး လာကြတယ်၊ ဒီအယူဝါဒ

ကြီးကို ဘယ်အခါမှ မစွန့်တာကို ဘုရားရှင်က ဒိဋ္ဌိစွဲလို့ဟော လာတာပါ၊ ဒါဟာ နာမပညတ်နဲ့သဏ္ဌာနပညတ် ၂-ပါးကို စွဲနေတာကို ဒိဋ္ဌိစွဲလို့ခေါ်တာပါ၊ ဒီတော့ ဘယ်လိုစွဲသလဲ၊ နာမပညတ်နဲ့ သဏ္ဌာနပညတ်ဟာ ခေတ် ၄-ပါး, ခေတ် ၈-ပါး မှာရှိတယ်လို့စွဲနေတာပါ။

ဒီတော့ ဒီလိုခန္ဓာမှာကို လိုက်စစ်လိုက်တဲ့အခါမှာ နောက်ဆုံး သညာနဲ့ သင်္ခါရလာတွေ့တယ်၊ ဒါဟာ အနုသယခန္ဓာပါ၊ ဒီခန္ဓာ ၂-ပါးကို မဂ်ကပယ်ပါတယ်၊ ဒီခန္ဓာ ၂-ပါးဟာ အတိတ်နဲ့ အနာဂတ်ကထွက်လာတာပါ၊ ဒါဟာ ရုပ်နာမ်က ထွက်လာတာပါ၊ (ဝါ) နာမပညတ်နဲ့ သဏ္ဌာနပညတ်က ထွက် လာတာပါ၊ ဒါဟာ တပည့်တော်တို့ရဲ့ ခန္ဓာကြီးက (ဝါ)ခေတ် ၄-ပါး ခေတ် ၈-ပါးမှာရှိပါတယ်လို့ယူလာတာပါ၊ဒီတော့ ဒီက နေစပြီးတော့ ယူလာရပါတယ်၊ အခုနာမပညတ်နဲ့ သဏ္ဌာန ပညတ်ရုပ် ၂-ပါးဟာ အခိုးအငွေ့အနေနဲ့ နှလုံးအိမ်ထဲမှာ ရှိနေသေးတယ်၊ ဒါကိုသတ်လိုက်မှ ဓမ္မာနုပဿနာမှာ ဥက္ကောင်း ကျမှာယ်။

ကိုင်း....သာခုခေါ်ကြပါတော့

သာဓု....သာဓု....သာဓု

---

တန်ဆောင်မုန်းလဆန်း (၂) ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၃၆)

ခန္ဓာ ၅-ပါးကို ရေတွက်ပြပါဆိုရင် အစဉ်အတိုင်း ရေတွက်ပြနိုင်တယ်၊ ဒိဋ္ဌိစွဲခန္ဓာကို ထုတ်ပြပါဆိုတော့ မပြနိုင်တော့ပါ၊ ဒီ တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲခန္ဓာတွေကို ထုတ်ပြတတ်ရမယ်၊ ညာက လဘက်ရေပုဂံကို ဥပမာထားပြီး ပြလာခဲ့ပြီ၊ ဒီတော့ လဘက်ရေပုဂံဆိုရင်ဘဲ ခွက် ၄-ပါး၊ ခွက် ဂ ပါးမှာ ရှိနေတယ်လို့ ယူထားတယ်၊ ဒီလို ယူနေတာသည်ပင် အယူမှားဘဲမဟုတ်လား၊ ဒါဟာ ဒိဋ္ဌိစွဲဘဲ၊ ဒီတော့ မာတယ်၊ ပူတယ်ဆိုတာကို သိတာဟာ တကယ့်ပရမတ်အနေနဲ့ ယူနေကြတယ်၊ ဒီတော့ သိတာဟာ ဘာနဲ့သိတာလဲ၊ သညာအမှတ်ဖြင့် သိတာဖြစ်ခြင်းကြောင့် ဒါဟာ လက္ခဏာသဘောဘဲမဟုတ်လား၊ ဒါဟာ တကယ့်ပရမတ်အစစ်မဟုတ်ပါ၊

ဒီတော့ တရားဥက္ကောင်းခံယူတယ်ဆိုတာဟာ ပစ္စည်း ၄-ပါးနဲ့ထောက်ပံ့ပြီး သာသနာတော်ကို ဝင်တာကဘမျိုး၊ ပါရမီမျိုးစေ့ချပြီး ခံယူတာကတမျိုး၊ အကျင့်သီလဖြင့် ခံယူတာကတမျိုးလို့ ၃-မျိုးဆိုပြီး ပိဋကတ်မှာရှိတယ်၊ ဒီတော့ အပါဒါန်ကျမ်းတွေကို လေ့လာ၊ လာမှ ဘုရားရှင်ကို ဆည်းကပ်မှုကြည်ညိုမှုတွေကို သိလာတော့မယ်၊ ဒီတော့ တကာကြီးတို့ အခုတရားဥက္ကောင်းကို ဘာနဲ့ခံယူမလဲ၊ တကာကြီး "ဘိုးစွန်" အတွက်ဆိုရင် အကျင့်သီလဖြင့် ခံယူရမယ်၊ ဘယ်လိုခံယူရမလဲ လောကရေးရာဖြစ်တဲ့ သားရေး၊နားရေးစတဲ့အမှုတွေကို ပယ်ထုတ်ပြီး ဥပါသကာဂုဏ် ၆-ပါးနဲ့ခံယူရမယ်။

ဒီတော့ ၅-ပါးသီလမှာ အပြဲဟွစရိယတပါးထည့်ရင် ဒါဟာ ပြဲဟွစရိယသိက္ခာ ၆-ပါးလို့ခေါ်တယ်၊ ဒါကို စောင့်ရှောက်ရမယ်၊ နောက် ဝတ်ကြောင်ကိုယ်ပြီး ဝတ်ဖြူစင်ကြယ်ဝတ်ရမယ်၊ ဒါကို လုပ်နိုင်ရင် တရားဥကင်္ကောင်းခံယူတယ်လို့ ခေါ်တာဘဲ၊ ဒီလိုလုပ်နိုင်ရင်.... တိဏ္ဏံ၊ သုံးပါးကုန်သော။ သံယောဇနာနံ၊ ဒိဋ္ဌိသံယောဇဉ်, သီလဗ္ဗတပရာမာသသံယောဇဉ်, ဝိစိကိစ္ဆာသံယောဇဉ်လို့ဆိုတဲ့ သံယောဇဉ် ၃-ပါးမှာ သီလဗ္ဗတပရာမာသသံယောဇဉ်ကို ဖြတ်နိုင်ပြီ၊ ဒီတော့ ဝတ်ဖြူစင်ကြယ်မဝတ်နိုင်ဘူးဆိုတာဟာ နာမနဲ့ သဏ္ဍာနပညတ် ၂-ပါးကနေ ဝိညာဏ်မျက်စေ့နဲ့ လှည့်နေတာဘဲ မဟုတ်လား၊ ဒီ ပညတ် ၂-ပါးက ခံနေသေးရင် ဘယ်မှာ တရားရဦးမှာလဲ၊ ဒီတော့ ဥပါသကာတောင်မှ ပြဲဟွစရိယ ၆-ပါးဟာ ဝတ်ဖြူစင်ကြယ်နဲ့ နေရတယ်၊ (ဝါ) ထိန်းရတယ်၊ ဂ-ပါး, ၉-ပါး သီလတွေကျတော့ သစ်ခေါက်ဆိုးကိုဝတ်ရတယ်၊ ဒီလိုလုပ်လာမှ သီလဗ္ဗတပရာမာသသံယောဇဉ်ဟာ ပြုတ်မယ်၊ ဒီလိုမှမလုပ်နိုင်သေးရင် ဒိဋ္ဌိစွဲရှိနေသေးတယ်။

ဒီတော့ နာမနဲ့သဏ္ဍာနပညတ်ရိပ်ဟာ သညာဝိညာဏ်ကနေထွက်လာတယ်၊ သညာဝိညာဏ်ဟာရုပ်နာမ်ကနေ ထွက်လာတာပါ၊ ရုပ်နာမ်ဟာလဲ အကြောင်းနဲ့အကျိုးကနေ ထွက်လာတာပါ၊ ဒီအကြောင်းနဲ့အကျိုးတွေဟာ အတိတ်, အနာဂတ်ကနေထွက်လာတာပါ၊ အတိတ်အနာဂတ်ကျတော့ ဖြစ်ပျက်ကနေထွက်လာတာပါ၊ ဒီ ဖြစ်ပျက်ကို တခါထပ်ရှာလိုက်ရင် သညက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာကို လာတွေ့မယ်၊ ဒီသညာက္ခန္ဓာနဲ့သင်္ခါရက္ခန္ဓာ ၂-ပါးဟာ နှလုံးအိမ်ထဲမှာအစဉ်ကိန်းနေတဲ့အတွက် ဒီလိုထွက်နေတာပါ၊ ဒါက ဥဒယဗ္ဗယဉာဏ်ကနေ ပြောတာပါ။

မဂ်အနေနဲ့ပြောပါဆိုရင် အတိတ်မျိုးစေ့နဲ့ အနာဂတ်မျိုးစေ့ကို ဖြတ်ရမယ်၊ အတိတ်မျိုးစေ့ဟာ အကြည်ခါတ် ၆-ပါးမှာ ကိန်းနေတယ်၊ သညာ ၅-လုံးဟာ အတိတ်မျိုးစေ့ပါ၊ အနာဂတ်မျိုးစေ့ကျတော့ ဝိညာဏ်ကြီးပါ၊ ဒါဟာ ပစ္စုပ္ပန်ဖြစ်တဲ့ အကြည်ဓါတ် ၆-ပါးမှာ ရှိနေတယ်၊ ပဋိစ္စသမုပ္ပါဒ်ကို ဖွင့်တဲ့အခါမှာ သင်္ခါရဆိုပြီး ဖွင့်လာတယ်၊ ဒီတော့ အကြည်ဓါတ် ၆-ပါးထဲမှာ သညာလေး ၅-လုံးက သညာက္ခန္ဓာအနေနဲ့ရှိနေတယ်၊ ဝိညာဏ်က သင်္ခါရက္ခန္ဓာအနေနဲ့ရှိနေတယ်၊ ဒါက ဥဒယဗ္ဗယဉာဏ်အနေနဲ့ပြောတာပါ။

မဂ်အနေနဲ့ပြောရင် အတိတ်မျိုးနဲ့အနာဂတ်မျိုးပါ၊ ဒါကို သောတာပန်ပုဂ္ဂိုလ်ပယ်ဘာယ်၊ ဒါ့ကြောင့် "ချစ်သား ချစ်သမီးတို့မှာ အနာမရှိတဲ့အတွက် အဆိပ်ကို ကိုင်သော်လဲ ဘာမှမဖြစ်တော့ဘူး" လို့ ဟောလာတာပါ၊ ဒီတော့ နာမနဲ့ သင်္ခါနပညတ် ၂-ပါး ဘယ်ကဖြစ်၊ သညာဝိညာဏ်ကဖြစ် သညာဝိညာဏ်ဘယ်ကဖြစ်၊ ရုပ်နာမ်ကဖြစ်၊ ရုပ်နာမ် ဘယ်ကဖြစ်၊ အကြောင်းနဲ့အကျိုးကဖြစ်၊ အကြောင်းအကျိုး ဘယ်ကဖြစ်၊ အတိတ်အနာဂတ်ကဖြစ်၊ အတိတ်အနာဂတ် ဘယ်ကဖြစ် ဖြစ်ပျက်ကနေ ဖြစ်လာတာပါ၊ ဒီဖြစ်ပျက်ရော ဘယ်ကဖြစ်လာသလဲ၊ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာကနေဖြစ်လာတယ်၊ ဒါကို ကြိတ်ချေလိုက်မှ အတိတ်မျိုးနဲ့အနာဂတ်မျိုးကို လာတွေ့မယ်၊ ဒါကိုမှ သောတာပတ္တိမဂ်က သတ်တယ်။

ဒီတော့ ဒါကို အနုသယခန္ဓာဖြစ်တဲ့ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာလို့ခေါ်တယ်၊ ဒါဟာ အကြည်ဓါတ် ၆-ပါးထဲမှာ ကိန်းနေတယ်၊ ဒါကို အဘိဓမ္မာနည်းက ဝိညာဏ် ၆-လုံးလို့

ပြောတာပါ၊ သုတ္တန်နည်းကျတော့ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာလို့ ပြောတာပါ၊ ဒီတော့ မဂ်က ဒီ အတိတ်မျိုးနဲ့ အနာဂတ်မျိုးကိုလဲ သတ်လိုက်ရော သောတာပန်ဖြစ်သွားပြီ၊ ဒီတော့ အနာဂတ်မျိုး မချနိုင်တော့ပါ၊ အတိတ်ကယူလာတဲ့ အကုသိုလ်ကံတွေကိုပါ အားလုံးပယ်လိုက်ပြီ၊ နောက် ဝိညာဏ်ကြီးကလဲ အတိတ်မျိုးရှိမှ လူ့ဘဝနတ်ဘဝဆိုပြီး လုပ်ကြံနိုင်တာ၊ အခု အတိတ်မျိုးမရှိတဲ့အတွက် ဝိညာဏ်ကလဲ မလုပ်ကြံနိုင်တော့ပါ။

ဒီတော့ ပဋိသန္ဓေမျိုးသာ ကျန်နေတော့တဲ့ အတွက်ကြောင့် ဒီပဋိသန္ဓေမျိုးကနေ ကောဝိဇ သောတာပန် ကောလံကောလ သောတာပန်ဆိုပြီး ပြောလာတာပါ၊ ဒီ အကြည်မှာရှိတဲ့ ရေသောက်မြစ်တွေကို ဖြတ်လိုက်တာနဲ့ တဖြေးဖြေးမျိုးစေ့တော် ပြတ်သွားမယ်၊ ဒါ့ကြောင့် သောတာပန် ပုဂ္ဂိုလ်ဟာ ရုပ်ရေသောက်မြစ်, နာမ်ရေသောက်မြစ် ၂-ပါးကို ဖြတ်တာပါ၊ ဒီတော့ ဒိဋ္ဌိစွဲခန္ဓာကို ဒီနေ့ သုတ္တန်နည်းနဲ့ ရှာပြလိုက်ပြီ၊ ဒီတော့ အနုသယခန္ဓာကို မဂ်တင်ပြီးဖြတ်မယ်၊ ဒီတော့ သောတာပန် ဖြစ်သွားရင်ဘဲ ဘုရားရှင်က ရတနသုတ်မှာ....

" ကိဉ္စာပိ သော ကမ္မံ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတ သာဝါ။
အဘဗ္ဗသော တဿ ပဋိစ္ဆဒါယ။
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိဟောတု"

လို့ဟောကြားလာပါတယ်။

ဒီတော့ လူမှန်ရင် အသက်အန္တရာယ်, အရှက်အန္တရာယ်, စည်းစိမ်ဥစ္စာနဲ့ ယှဉ်တဲ့အန္တရာယ်ဆိုပြီး ဘယ်သူမဆို ဒီ ၃-ချက်ဟာ ရှိတယ်၊ အန္ဓတွေကျတော့ ဒီ ၃-ချက်လုံးကို ကာကွယ်နေတယ်၊ သောတာပန်ပုဂ္ဂိုလ်ကျတော့ အရှက်အန္တရာယ်နဲ့ စည်းစိမ်ဥစ္စာ အန္တရာယ်ကိုပယ်နိုင်တယ်၊ အသက်အန္တရာယ်ကိုသာ ကာကွယ်တော့တယ်၊ ကျန် ၂-ခုဟာမရှိတော့ပါ၊ ဒါ့ကြောင့်သောတာပန်ပုဂ္ဂိုလ်ဟာ ဒီ ၂-ချက်ကိုမကာကွယ်တော့ရင် လောကမှုနဲ့ တွေ့တဲ့အခါမှာ အတိတ်အနာဂတ် ပြတ်နေတဲ့အတွက် အဲဒါသူရဲ့အပြစ်ကို မဖုံးကွယ်တော့ပါ၊ အမှန်အတိုင်း ဝန်ခံနိုင်ပြီ၊ အန္ဓတွေကျတော့အတိတ် အနာဂတ်တွေရှိနေတဲ့အတွက် မာယာနဲ့ သာဌေယျဖြစ်ပြီး သူရဲ့အပြစ်ကိုဝန်မခံဘဲ ဖုံးကွယ်နေသေးတယ်။

ဒီတော့ အတိတ် အနာဂတ်မျိုးဟာ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာ ဒီ ၂-ကောင်ပါ၊ ဒါကို ဥဒယဗ္ဗယဉာဏ်က နေအောက်ကို ပြန်ကြည့်ရင် သညာနဲ့ ဝိညာဏ်ကနေပြီးရုပ်နဲ့ နာမ်ဖြစ်လာတယ်၊ ရုပ်နာမ်ကနေပြီးအကြောင်းနဲ့ အကျိုးဖြစ်လာတယ်၊ အကြောင်းနဲ့ အကျိုးကနေ အတိတ် အနာဂတ်ဖြစ်လာတယ်၊ အတိတ် အနာဂတ်က ဖြစ် ပျက် ဖြစ်လာတယ်၊ ဖြစ်ပျက်ကနေ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာဖြစ်လာတယ်၊ အဲဒီကနေ နောက်ဆုံးအတိတ်မျိုးနဲ့ အနာဂတ်မျိုးဆိုပြီးဖြစ်လာတယ်၊ ဒီဒိဋ္ဌိစွဲခန္ဓာကို မဂ်ကပယ်လိုက်တော့မှ မေ့ာန်ပဿနာမှာ ဥက္ကောင်းချလို့ရမယ်။

ဒီတော့ ဒိဋ္ဌိစွဲခန္ဓာဆိုတာက နာမ်ခန္ဓာ ၄-ကောင်ပါ၊ ဝိစိကိစ္ဆာဆိုတာက အာရုံတခုခုပေါ်တော့မယ်ဆိုတာနဲ့ ဒီနာမ်ခန္ဓာ ၄-ကောင်က အာရုံသဘောရုပ်ကို သွားဖမ်းရတယ်၊ ဒါက

ဝိစိကိစ္ဆာပါ၊ ဒီအနေနဲ့တကာကြီး "ဘိုးစွန်" ရဲ့ အကြည်ဓာတ်ထဲမှာ ခန္ဓာလေး ၅-ကောင်ဟာ တဖွါးဖွါးပေါ်နေတယ်၊ နာမ်ခန္ဓာ ၄-ကောင်က ဒိဋ္ဌိစွဲခန္ဓာပါ၊ အာရုံသဘော ရူပက္ခန္ဓာက ဝိစိကိစ္ဆာပါ၊ ဒီဒိဋ္ဌိစွဲခန္ဓာကိုပယ်ဘို့ဘဲရှိတော့တယ်။

ဒီတော့ အတိတ်မျိုးနဲ့ အနာဂတ်မျိုးကို ဖြုတ်လိုက်ရင် ပစ္စုပ္ပန်ဖြစ်တဲ့ ဒီခန္ဓာကောင်ကြီးဟာ အကျိုးထဲကျပြီး ဘဝမျိုးဇာတ်တွေပြုတ်သွားမယ်၊ ဒါ့ကြောင့် "ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ" လို့အနတ္တလက္ခဏသုတ် နောက်ပိုင်းမှာ ဟောလာတာပါ၊ တဖန်ထပ်ပြီးဖြစ်တာဟာ အတိတ်မျိုးနဲ့ အနာဂတ်မျိုးဘဲမဟုတ်လား၊ ဒါကို ဖြုတ်လိုက်တာနဲ့ ဘဝဇာတ်ရပ်သွားပြီ၊ ဒီတော့ အတိတ်မျိုးနဲ့ အနာဂတ်မျိုးကို ဘယ်လိုသိမလဲ၊ ဒါဟာ နာမ်နဲ့သဏ္ဌာနပညတ်တွေကိုအနှစ်အသားနဲ့ ဝိညာဏ်ကဆွဲထားတဲ့အတွက်ကြောင့် ဒိဋ္ဌိစွဲလို့ခေါ်တယ်၊ ဒီဒိဋ္ဌိစွဲခန္ဓာကို ဖြုတ်ရတော့မယ်။

ဒီနေရာမှာ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာကို ဓမ္မာနုပဿနာက ပယ်တယ်လို့ သမ္မောဟဝိနောဒနီ အဋ္ဌကထာကြီးကပြလာတယ်၊ ဒီတော့ ဘာ့ကြောင့် သညာက္ခန္ဓာနောက်မှာ သင်္ခါရက္ခန္ဓာကို ထုတ်ရသလဲ၊ ဝေဒနာက္ခန္ဓာကို ဘာ့ကြောင့် မထုတ်တာလဲ၊ ဒီအကြောင်းကိုသိရင် ပြီးတာဘဲ (ဝါ) မြင်ရင်ပြီးတာဘဲ၊ ဒီတော့ ၃၁-ဘုံကြီးတည်လာရင်ဘဲ သညာနဲ့ဝိညာဏ်က စတည်လာတယ်၊ ဒီသညာဝိညာဏ်ကို အဘိဓမ္မာက ဝိညာဏ် ၆-လုံးလို့ပြလာတယ်၊ ဒါဟာ ဘယ်ကဖြစ်လာတာလဲ၊ အကြည်ဓာတ် ၆-ပါးကနေဖြစ်လာတာပါ၊ သညာဝိညာဏ်က ၃၁-ဘုံ

ကြီးကိုတည်ထောင်တာဟာ ပညတ်ကိုသာဆွဲပြီး တည်ထောင်ရတယ်။

ဒီတော့ သညာက နာမပညတ်၊ ဝိညာဏ်က သဏ္ဍာနပညတ်ကို ဆွဲပြီး ၃၁ ဘုံကိုတည်ထောင်လာတယ်၊ နာမနဲ့ သဏ္ဍာနပညတ်ဆိုရင်ဘဲ အန္ဓတွေက လဘက်ရေးအိုး၊ လဘက်ရေပုဂံမှာဘဲ ရှိတယ်လို့ ထင်နေတယ်၊ ကလျာဏမျက်စေ့ ပေါက်တဲ့သူကျတော့ ဒီနာမနဲ့ သဏ္ဍာန်ဟာ သူ့ဟာသူ ဖြစ်လာတာမဟုတ်ဘဲ အကြောင်းတရား ၄-ပါးကနေ ဝိညာဏ်ကလုပ်ကြံလို့ ဖြစ်လာတာပါလားလို့ ဆိုဘာကိုမြင်လာတယ်၊ ဘယ်လိုပင်သဏ္ဍာန်တွေ ကွဲနေသော်လဲ့ အချုပ်မှာ ဝိညာဏ်ကလုပ်ကြံတဲ့ သဘောတွေပါ၊ ဒါကိုမသိတဲ့အန္ဓတွေက နာမနဲ့ သဏ္ဍာန် ဘယ်မှာရှိသလဲဆိုရင်ဘဲ လဘက်ရေအိုး၊ လဘက်ရေပုဂံမှာရှိတယ်လို့ ယူနေကြပြီး ဒီလိုနာမနဲ့ သဏ္ဍာန်လှည့်ပတ်ထားတာကို ယူလာတော့ ရုပ်တရားမှာ သညာ နာမပညတ်၊ နာမ်တရားမှာဝိညာဏ် သဏ္ဍာနပညတ်ဆိုပြီး ဒီလိုဘည်လာတယ်။

ဒါကို လက်ခံလာနိုင်ရင် ခန္ဓာပေါ်စမ်းဆိုတော့ ရုပ်တရားက သညာပြဋ္ဌာန်းလို့ သညာက္ခန္ဓာဆိုပြီးပေါ်တယ်၊ နာမ်တရားက ဝိညာဏ်ပြဋ္ဌာန်းပြီး ပုံပြင်နေတဲ့အတွက် သင်္ခါရက္ခန္ဓာ၊ ဒါက အန္ဓတွေမှာ အစဉ်ရှိနေတဲ့ ခန္ဓာပါ၊ ကလျာဏကျတော့ နာမပညတ်နဲ့ သဏ္ဍာနပညတ်တွေပြုတ်နေတဲ့အတွက် သညာက္ခန္ဓာနေရာက ဝေဒနက္ခန္ဓာဆိုပြီး ပေါ်ရတယ်၊ ဒီသညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာထွက်ပုံကိုရေမှတ်၊ မြေမှတ်ကနေ ထွက်လာတာကို တွေ့လို့ အပိုင်ပြောနေတာပါ။

ဒီတော့ ရုပ်သညာနာမပညတ်က သညာက္ခန္ဓာ၊ နာမ်ဝိညာဏ် သဏ္ဍာနပညတ်က သင်္ခါရက္ခန္ဓာဆိုပြီး ပေါ်လာတယ်၊ ဒါကိုမဂ်

ကျတော့ အတိတ်မျိုး, အနာဂတ်မျိုးဆိုပြီး ပေါ်လာတယ်၊ ဒါဟာ ပစ္စုပ္ပန်အကြည်ခေတ်မှာရှိနေတယ်၊ ဒီမျိုးစေ့ကိုသတ်ရမယ်၊ ကိုင်း....ပစ္စုပ္ပန်အကြည်ခေတ် ၆-ပါးက ဝေဒနက္ခန္ဓာ, အတိတ်က သညက္ခန္ဓာ, အနာဂတ်က သင်္ခါရက္ခန္ဓာ-ဒီ၃-ကောင်ကို တချက်ထဲသတ်လိုက်တာနဲ့ ဝိညာဏက္ခန္ဓာကြီးက နိဗ္ဗာနခေတ်ထဲဝင်တော့မယ်။

ကိုင်း....ဘယ်လိုသတ်မလဲ ?

ပုံစံအောက်စက်ဝိုင်းကိုကြည့်ပါ၊ ဒီခန္ဓာ ၃-ကောင်ကသမုတိသစ္စာနယ်, ဝိညာဏက္ခန္ဓာကြီးက ပရမတ္ထသစ္စာနယ်၊ (ဝါ) မဂ်ဖိုလ်နယ်ပါ၊ ဒါကိုဘယ်လိုသတ်မလဲ၊ ဒီခန္ဓာ ၃-ကောင်က တကာကြီး "ဦးစွန်"ရဲ့ အကြည်ခေတ် ၆-ပါးထဲမှာ လှည့်နေသေးတယ်၊ ဒါ့ကြောင့်နာမနဲ့သဏ္ဌာနပညတ်တွေ ထွက်လာတာပါ၊ တဏှာဟာအကြည်ခေတ် ၆-ပါးကနေ ထွက်လာတာဘဲ မဟုတ်လား။

ကိုင်း....ဒီတော့ သညာက္ခန္ဓာအတိတ်မျိုး, သင်္ခါရက္ခန္ဓာအနာဂတ်မျိုး, ဝေဒနာက္ခန္ဓာပစ္စုပ္ပန်မျိုး-ဒီ၃-ချက်ကိုသတ်တော့မယ်ဆိုတော့ ဒီ ၃-ကောင်မှာ ဘယ်သူ့ကိုတရားခံအနေနဲ့ ဖမ်းမလဲ၊ တကောင်ကိုတရားခံအနေနဲ့ ဖမ်းလိုက်တာနဲ့ ဒီခန္ဓာတွေချုပ်ပြီး မဂ်ခဏမှာ သစ္စာ ၄-ပါးကို တပြိုင်နက်ထဲ မြင်လာမယ်။

ခန္ဓာ ၃-ကောင်မှာ ဘယ်သူ့ကိုတရားခံအနေနဲ့ ဆွဲပြီးပစ်မလဲ၊ အပစ်မှန်ရင်တချက်ထဲသေမှာဘဲ၊ အပစ်မှန်တာနဲ့ ကျန်တဲ့အကောင်တွေဟာလဲ တခါထဲပြီးတာဘဲ၊ ဒီ ၃-ကောင်ပြုတ်သွားမှ ဝိညာဏက္ခန္ဓာကြီးက မဂ်ဖိုလ်ကိုဝင်သွားမယ်၊ ကိုင်း....ဘယ်သူ့ကိုဆွဲပြီး ပစ်မလဲ၊ ဝေဒနက္ခန္ဓာ ပစ္စုပ္ပန်သဘောကို ဆွဲပြီးပစ်ရမယ်။

# ညဟောစဉ်။

"တိက္ခပညာသ၊ ဇဝနဂမ္ဘီ၊ ဉာဏ်လေးဖြင့်၊ အခွံကိုခွါ၊ အကာကိုရှား၊ အသားကိုချေ၊ အနှစ်ကိုတေနိုင်မှ သဘာဝအနတ္တ ဉာဏ်ထင်မြင်နိုင်သည်၏ အဖြစ်ကိုရင်း" လို့ ရှေ့ကပုဂ္ဂိုလ်ကြီးတွေ မိန့်မှာတော်မူခဲ့သည့်အတိုင်း ဤမဟာသတိပဋ္ဌာန်တရားတော်ကြီးကို ဝါဆိုလပြည့်နေ့ကစပြီး ရုပ်နာမ်ပိုင်း, ခန္ဓာပိုင်း, ပဋိစ္စသမုပ္ပါဒ်ပိုင်းဆိုပြီး ၃-ပိုင်း,ပိုင်းပြီး ဖွင့်လာတာဟာ ယခုတန်ဆောင်မုန်းလမှာ တရားဥကြောင်းချနေပါပြီ၊ ဟောသာတဲ့တရားရဲ့ အနတ္တခေတ်ကို ကွက်ကွက်ကွင်းကွင်း သိမြင်လာရင် အခုဘုရားဥကြောင်းဟာ နှလုံးအိမ်ထဲမှာဝင်သွားမယ် ဒီနေ့ခမှာ နုပဿနာကို ဥကြောင်းချရတော့မယ်။

ဒီတော့ မဟာသတိပဋ္ဌာန်တရား ၄-ပါးမှာ သတိတရားဟာ အရေးကြီးပါတယ်၊ ဒီသတိဟာ မဂ္ဂင် ၈-ပါးထဲမှာပါတဲ့ သမ္မာသတိမဂ္ဂင်ပါ၊ မဖေါက်မပြန် အမှန်အောက်မေ့ရမယ်ဆိုတော့ ဘယ်လိုအောက်မေ့ရမလဲ၊ ကာယဂတာမှာ အောက်မေ့တာလဲ သတိဘဲ၊ အာနာပါနကစနေ အကြည်ခေတ်တွေဆိုက်သာအောင် အောက်မေ့တာလဲ သတိဘဲ၊ နောက် သညာဝိညာဏ်တွေကို အောက်မေ့တာလဲ သတိဘဲ၊ ဓမ္မာနုပဿနာ, စိတ္တာနုပဿနာ, ဝေဒနာနုပဿနာမှာ အောက်မေ့တာလဲသတိဘဲ၊ ဒီတော့ သတိပဋ္ဌာန်တရား ၄-ပါး, သတိ ၄-ပါးဆိုပြီးဖြစ်လာတယ်။

ဒီ သတိပဋ္ဌာန်တရား၄-ပါးမှာ ကာယာနုပဿနာသတိပဋ္ဌာန်သာ လုပ်ငန်းစဉ်အနေနဲ့ လုပ်ရပါတယ်၊ ဒါကို အားထုတ်ချင်ကျန်ဘာတွေဘာလဲ တခါထဲ ဝင်လာတာဘဲ၊ ဒီတော့ ဓမ္မာ

နုပဿနာဟာ ကျယ်ဝန်းပါတယ်၊ ဒီနေ့ ဓမ္မာနုပဿနာကို ဥက္ကောင်းချမယ်၊ လူမှုရေးရုန်ယ်ကြီးကိုလဲ ဓမ္မလို့ခေါ်တယ်၊ လောကုတ္တရာဘက်ကျတော့လဲ ဓမ္မက္ခန္ဓာပေါင်း "၈၄၀၀၀" ကိုလဲ ဓမ္မသဘောတရားလို့ခေါ်တယ်၊ ဒီလောက် ကျယ်ဝန်း ပါတယ်။

ဒီ ဓမ္မာနုပဿနာထဲကို ဘယ်လို ဥက္ကောင်းချမလဲ၊ ကျယ်တဲ့ ဟာကို ကျဉ်းတဲ့အနေနဲ့ ဥက္ကောင်းချပြမယ်၊ ကျယ်တဲ့သဘော ဟာ သညာဝိဉာဏ်ရဲ့ လုပ်ငန်းစဉ်ပါ၊ ကျဉ်းတဲ့သဘောဟာ ပညာရဲ့လုပ်ငန်းစဉ်ပါ၊ မဂ်ဖိုလ်တရားကို ရဘယ်ဆိုတာ ထမင်း ချက်ရင်း၊ ထင်းခွေရင်းနဲ့လဲ ရတာဘဲ၊ ဒါဟာ ဘယ်လောက် ကျဉ်းသလဲ၊ ဒီတော့ ဓမ္မာနုပဿနာကို ဥက္ကောင်းချတဲ့အခါမှာ ကျဉ်းတဲ့အထဲမှာ ဥက္ကောင်းချမယ်၊ သဘာဝကိုမြင်ရင် ကျယ် တာနဲ့ ကျဉ်းတာဟာ အတူတူပါဘဲ၊ ဓမ္မာနုပဿနာသတိပဋ္ဌာန် ကို ပညာဖြင့် ဥက္ကောင်းချပြမယ်။

အတ္တနဲ့ယှဉ်တဲ့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဆိုတာဟာ ဒိဋ္ဌိဆိုတာက ခန္ဓာ ၅-ပါး ရုပ်နာမ်တရားကို ငါ့ငါလို့စွဲကိုင်တာကိုခေါ်တယ်၊ မနေ့က နာမနဲ့သဏ္ဌာနပညတ် ၂-ပါးကို ပြောလာခဲ့ပြီ၊ ဒီတော့ ပညတ်ရိပ်ထွက်နေတာက ဒိဋ္ဌိစွဲပါ၊ ဒိဋ္ဌိစွဲမဖြစ်အောင် ဒီခန္ဓာ ၅-ပါးကောင်ကြီးကို ချေဖျက်မလား၊ ဒါက သညာဝိဉာဏ်ရဲ့ သဘောပါ၊ ပညာသဘောကျတော့ ဒီလိုမဟုတ်ပါ၊ မဂ်ကျတော့ ရုပ်ကောင်ကြီးကို မချေရတော့ပါ၊ ဒါကို လုပ်လို့မရတော့ပါ၊ အဲဒါ သဘာဝနယ်ကိုသာ ကိုင်ရမယ်။

ဒီတော့ ဒိဋ္ဌိဆိုတာက ယခုရနေတဲ့ ခန္ဓာ ၅-ပါးကောင်ကြီးကို ငါ့ငါလို့စွဲနေတာကိုခေါ်တယ်၊ ဝိစိကိစ္ဆာဆိုတာက သို့လော

သို့လာ တွေးတောသုံးမှားနေတာကိုခေါ်တယ်၊ ဒီ ၂-ခုကို တခုထဲဖြစ်အောင် ပြောပြမယ်။

ဥပမာ....စွဲတယ်ဆိုတာဟာ ဘာ့ကြောင့်စွဲရသလဲ၊ အမြင်မှန်မတွေ့လို့ပါ၊ ဘာ့ကြောင့်အမြင်မှန်မတွေ့သလဲ၊ အမြင်မှားကိုလိုက်နေလို့ပါ၊ ဒါကို ဝိစိကိစ္ဆာလို့ခေါ်တာပါ၊ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဟာ ဘယ်ကထွက်လာသလဲ၊ ဒိဋ္ဌိဟာ ဝိစိကိစ္ဆာက ထွက်လာတာပါ၊ (ဝါ) အဝိဇ္ဇာကြောင့် တဏှာထွက်လာတာပါ၊ အမှန်မတွေ့တာဟာ ဝိစိကိစ္ဆာဘဲ၊ ဝိစိကိစ္ဆာကလဲ အမှန်မတွေ့တဲ့သဘောကနေ ထွက်လာတာပါ၊ ဒီဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဟာ အရင်းနဲ့အဖျားပါဘဲ၊ ဒီ ၂-ပါးကို သောတာပန်ပုဂ္ဂိုလ် ပယ်ပါတယ်၊ စွဲတယ်ဆိုတာကို တွေးလိုက်ရင် တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲဆိုပြီး ၃-မျိုးရှိတယ်၊ ဒီခန္ဓာကောင်ကြီးကို စွဲတာက ဒိဋ္ဌိစွဲပါ၊ စီးပွါးဥစ္စာတွေအပေါ်မှာ စွဲတာက တဏှာစွဲပါ၊ ဒီ ၂-ပါးအပေါ်မှာ စွဲနေတာက မာနစွဲပါ၊ သောတာပန်ပုဂ္ဂိုလ်ဟာ ဒိဋ္ဌိစွဲကိုသာ ပယ်ပါတယ်၊ တဏှာစွဲနဲ့ မာနစွဲဟာ ကျန်နေသေးတယ်။

သဘာဝတရားကို ပညာဖြင့်မြင်တာဟာ သဘောတရားကို အဖန်တလဲလဲ ရှုတယ်လို့ခေါ်တယ်၊ သညာဝိညာဏ်နယ်ကြီး ဘာ့ကြောင့်ကျယ်သလဲဆိုရင် နာမနဲ့ သဏ္ဌာနပညတ်ရိပ် ၂ ပါး ရှိနေလို့ပါ၊ ဒါကို အနှစ်အသားအနေနဲ့စွဲနေလို့ သညာဝိညာဏ်နယ်ကြီး ကျယ်နေတာပါ၊ ဒီ ပညတ် ၂-ပါး မထွက်မှ ပညာနယ်ပါ၊ ဒီတော့မှ သညာဝိညာဏ်နယ်ဟာ တဖြေးဖြေးကျဉ်းလာပြီ။

ဒီတော့ နာမနဲ့ သဏ္ဌာနပညတ် ဘယ်ကထွက်သလဲ၊ သညာဝိညာဏ်ကထွက်တယ်၊ သညာဝိညာဏ် ဘယ်ကထွက်သလဲ၊ ရုပ်

နာမ်ကထွက်တယ်၊ ရုပ်နာမ် ဘယ်ကထွက်သလဲ၊ အကြောင်းနဲ့ အကျိုးကနေ ထွက်တယ်၊ အကြောင်း၊အကျိုး ဘယ်ကထွက်သလဲ၊ အတိတ်၊ အနာဂတ်ကနေ ထွက်တယ်၊ အတိတ်၊အနာဂတ် ဘယ်ကထွက်သလဲ၊ ဖြစ်—ပျက်ကနေ ထွက်တယ်၊ ဖြစ်—ပျက် ဘယ်ကထွက်သလဲ၊ သင်္ခါရက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာကနေ ထွက်တယ်၊ ဒါက ဥဒယဗ္ဗယဉာဏ်ရဲ့သဘောပါ။

ဒီတော့နာမပညတ်နဲ့သဏ္ဌာနပညတ် ၂-ပါးဟာသင်္ခါရက္ခန္ဓာနဲ့သင်္ခါရက္ခန္ဓာ ၂-ပါးကနေ ထွက်လာတယ်၊ ဒါက အတိုနည်းပါ၊ ဒီတော့ သင်္ခါရဝိညာဏ်နယ်မှာ သင်္ခါရဝိညာဏ်ကို မလိုက်ဘဲနဲ့ သင်္ခါရဝိညာဏ်ဖြင့်သတ်ပါ၊ ဒါမှ နာမနဲ့သဏ္ဌာနပညတ်ရိပ် ၂-ပါး မထွက်မှာ၊ ဒီပညတ်ရိပ် ၂-ပါးဟာ သင်္ခါရဝိညာဏ်ကျယ်စေတဲ့သဘောဘဲလို့ မြင်လာရင် သင်္ခါရဝိညာဏ်နယ်ဟာ ကျဉ်းလာတော့မယ်။

ယခု မဂ်ဝင်တရားခံမှာကို နာမနဲ့သဏ္ဌာနပညတ်ရိပ် ၂-ပါးကို သတ်တော့မယ်ဆိုတော့ အနုသယခန္ဓာဖြစ်တဲ့ သင်္ခါရက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာ ၂-ပါးကို လာတွေ့ပြီ၊ အစဉ်ကိန်းအောင်းနေတဲ့ သဘောတရားကို အနုသယလို့ခေါ်တယ်၊ ဥပမာ မီးခြစ်ဆံနှင့် ကာပတ်တို့မှာ မီးဟာအစဉ်ကိန်းနေတယ်၊ တခုနဲ့တခု မထိတွေ့သော် မီးဟာမတောက်ဘဲ ထိတွေ့လိုက်မှ မီးဟာတောက်လာပါတယ်၊ ဒါဟာ ဒီမီးခြစ်ဆံနဲ့ကာပတ်ထဲမှာ မီးဟာ အနုသယအနေနဲ့ ကိန်းနေလို့ ထိလိုက်တဲ့အခါ ထတောက်လာတာဘဲ မဟုတ်လား၊ အဲဒီဥပမာလိုဘဲ ဒီအနုသယခန္ဓာဟာ ဘယ်မှာကိန်းနေသလဲဆိုတော့ အကြည်ဓာတ် ၆-ပါးထဲမှာကိန်းနေတယ်၊

ဒါကြောင့် အာရုံနဲ့တွေ့တဲ့အခါမှာ သညာဝိညာဏ်တွေ ထွက်ပြီး ကိလေသာတွေ ဖြစ်လာတော့တယ်၊

ဒီတော့ အကြည်ဓာတ် ၆-ပါးထဲမှာ အနုသယဓာတ်ဟာ ဘယ်လိုကိန်းနေသလဲ၊ ဒီကိန်းနေတဲ့သဘာဝကို ရှာမယ်ဆိုတော့ မျိုးစေ့ကိုသိထားရမယ်၊ (ဝါ) ရှာရမယ်၊ ကိန်းတယ်ဆိုတာ အစဉ်သဘောအနေနဲ့ ဖြစ်နေတာကို ခေါ်တယ်၊ အစဉ်သဘော ဆိုတာ ဥပမာ....အတိတ်သဘောကြီးဟာ အစဉ်သဘောလို့ ခေါ်တယ်၊ အတိတ်သဘောဟာ ပစ္စုပ္ပန်သဘောမှာ လာဆုံတယ်၊ နောက် အနာဂတ်သဘောမှာ သွားပေါ်ပြန်တယ်၊ ဒီကနေ တခါ အတိတ်သဘောထဲ ပြန်ရောက်ပြန်တယ်၊ ဒီလို လှည့်ပြီး အစဉ်ကြီးဖြစ်နေတယ်၊ ဒီလိုအစဉ်သဘောကြီး ဖြစ်နေလို့ မျိုးစေ့ဟာ ပါလာတယ်။

ဒီအစဉ်ကြီးလဲ ရှိလာရော မျိုးစေ့ဟာဖြစ်သွားတယ် ဒီအစဉ်သဘောဟာ ဘာ့ကြောင့် ဖြစ်နေသလဲဆိုရင် ဖဿနဲ့ ဝေဒနာ၊ ဝေဒနာနဲ့ ဖဿ သဘောရှိနေလို့ပါ၊ ပေါင်းတဲ့သဘောဖဿရှိလို့ ပေါ်တဲ့သဘော ဝေဒနာဖြစ်လာတယ်၊ ဒီတော့ အစဉ်သဘောရှိနေလို့ ဖဿနဲ့ ဝေဒနာပေါ်လာတာပါ၊ ဒါဟာ မျိုးစေ့ပါ၊ မျိုးစေ့ဆိုတာ ဖဿနဲ့ ဝေဒနာပါ၊ ဒါဟာ အစဉ်သဘောကနေ ဖြစ်လာတာကို မြင်အောင်ကြည့်ပါ။

ထပ်ပြောပြမယ်၊ ဥပမာ....အကြည်ဓာတ်တွေဟာ ပစ္စုပ္ပန်သဘောပါ ပစ္စုပ္ပန်ဆိုတာ ဖြစ်ဆဲ၊ ဖြစ်ခိုက်၊ ဖြစ်နေတုန်းသဘောကိုခေါ်တယ်၊ ဒါဖြင့်ရင် ဖြစ်ဆဲဆိုတာ ဘာကိုခေါ်တာလဲ၊ ထပ်စစ်ပါ၊ ဖြစ်ပြီးတဲ့သဘောလေးရှိနေလို့ ခေါ်တာပါ၊ ဥပမာ....

အဖြူလို့ခေါ်ရင်ဘဲအမဲဟာရှိနေပြီ မဟုတ်လား၊ ဒီလိုသက်ညှိုးထိုးနေ ဘာဟာ အတိတ်နဲ့ပစ္စုပ္ပန်ဟာ အစဉ်သဘောအနေနဲ့ ဆက်နေလို့ပါ။

အနာဂတ်မဖြစ်သေးတဲ့သဘောဟာဖြစ်ပြီးဖြစ်ဆဲသဘောကို ထောက်ပြီးပြောဘာဘဲ မဟုတ်လား၊ ဒါကို အစဉ်သဘောလို့ ခေါ်တယ်၊ ဒါဟာ အကြည်ခံတ် ၆-ပါး ပစ္စုပ္ပန်အရိပ်ထဲမှာကိုထောက်ပြီး ပြောနေတာပါ၊ မထောက်ရင် မပေါ်ပါ၊ အမှန်ရှိနေတာက ပစ္စုပ္ပန်သာ ရှိနေတယ်၊ အတိတ်နဲ့အနာဂတ်တို့ဟာ ဒီပစ္စုပ္ပန်ထဲမှာကို အနုသယအနေနဲ့ကိန်းနေတယ် ဒါကို သောတာပတ္တိမဂ်က သိမ်းတဲ့အခါမှာ ဘယ်လိုသိမ်းမလဲ၊ ပစ္စုပ္ပန်ကိုမိအောင်ဖမ်းပြီး သိမ်ရမှာဘဲ မဟုတ်လား။

အတိတ်နဲ့ အနာဂတ်ဟာ ထောက်မှ ပေါ်လာတဲ့သဘောပါ၊ မထောက်ရင်မပေါ်ပါ၊ ဒီနေရာမှာ ပစ္စုပ္ပန်သဘောကိုသာဖမ်းပါ၊ ဒါဖြင့်ရင် ပစ္စုပ္ပန်ထဲမှာ အတိတ်နဲ့အနာဂတ်ဟာ ဘယ်အနေနဲ့ရှိသလဲ၊ ပညာသဘောဖြင့် ပြောပြမယ်၊ အတိတ်ဟာ သုဉ်းတဲ့အနေနဲ့ ရှိနေတယ်၊ အနာဂတ်ဟာ ဆိတ်တဲ့သဘောအနေနဲ့ရှိနေတယ်၊ ဒါဟာ ပညာရဲ သဘောပါ၊ သညာဝိညာဏ်သဘောနဲ့ကျတော့ ထောက်မှပေါ်လာတာပါ၊ မထောက်ဘဲပညာသဘောနဲ့ကြည့်ရင် အတိတ်သဘောဟာ သုဉ်းနေတယ်၊ ဒါဟာ မရှိတဲ့သဘော မဟုတ်ပါ၊ အကြောင်းညီညွတ်မှုမရလို့ မပေါ်သေးတဲ့သဘောကို သုဉ်းဘယ်လို့ခေါ်တာပါ။

အနာဂတ်သဘော ဆိတ်နေတာကျတော့ ဘာမှမရှိဘူးလို့ ပြောတာမဟုတ်ပါ၊ နောင်တဖန် ပြန်ပြီးမဖြစ်တဲ့ သဘောကို

ပြောတာပါ၊ ဒီ သဘာ၁၀ ၂-ခုကို မင်္ဂကကိုင်ပြီး ပစ္စုပ္ပန်ကိုလဲ ဖမ်းလိုက်ရော အတိတ်သဘောအစဉ်ကြီးကို မရှိဘူး၊ ရှိတယ်လို့ မပြောတော့ဘဲ သုဉ်းတဲ့အနေနဲ့ သာ ရှိတယ်လို့ မြင်လာပြီ၊ ဒါကို မြင်ရင်ဘဲ နာမနဲ့ သဏ္ဌာနပညတ် ၂-ပါးကို အနှစ်အသားနဲ့ မဆွဲတော့ပါ၊ ဒီတော့ ကံတွေဟာ မလိုက်နိုင်တော့ပါ၊ ၂၉-ပါး သောကံတွေကို သုဉ်းတဲ့အနေနဲ့ ယူထားပြီ၊ မရှိဘူးလို့ ပယ်ရင် ဥစ္ဆေဒဒိဋ္ဌိထဲကျမယ်၊ ရှိတယ်လို့ ယူပြန်ရင်လဲ သဿတဒိဋ္ဌိထဲ ကျမယ်၊ ဒီတော့ ဒီလိုမယူတော့ဘဲ သုဉ်းတဲ့အနေနဲ့ ယူရင် ဒီသဿတ, ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးက လွတ်သွားပြီ၊ မရှိဘူး, ရှိတယ် ဆိုတာကို မယူပါနဲ့တော့။

ဒီတော့ သုဉ်းဆိတ်တဲ့ အနတ္တခေတ်ကိုလဲမြင်ရော အတိတ် သဘောသုဉ်း, အနာဂတ်သဘော ဆိတ်ဆုံပြီး နောင်တဖန် ထပ်မဖြစ်တော့ပါ၊ ဒီလိုသိရင် သညာဝိညာဏ် သဘောဟာ မလိုက်တော့ဘဲ အနုလောမ ဂေါတြဘုဉာဏ်ကိုဖမ်းတာ ဟော တဉ္ဆပါ၊ ပစ္စုပ္ပန်သဘော, မပြုပြင်တဲ့သဘောကို အမှန်မြင်တာကို ဒဿနဉ္စလို့ခေါ်တယ်၊ ဒီတော့မှ အဝိပေတေယျဉ္စက ၃၇-ပါး သော ဗောဓိပက္ခိယတရားနှင့်ဘက္ခ သစ္စာအနက် ၁၆ ချက်ပါ ပြည့်စုံပြီး သောတာပတ္တိမဂ်ကြီး ပေါ်ထွက်လာတာကို ဓမ္မာ နုပဿနာ ဝင်တယ်လို့ခေါ်တယ်၊ ကိုင်း ဓမ္မာနုပဿနာ သတိ ပဋ္ဌာန်ကို ဥက္ကောင်းချလိုက်ပါပြီ နိဗ္ဗာနခေတ်ကို အာရုံပြုတာ ဟာ ဒီဓမ္မာနုပဿနာပါ။

## အာရုံပြုကြတော့။

ဥပါဒါန၊ သက္ကာယ၊ တလွဲဘေးထူ၊ ငါတည်းဟူသော၊
မသူတော်ရွာ၊ ဤခန္ဓာမှ၊ ငည်ကာပြသ၊ အရိမဟူ၊

ဘုံထွဋ်ညီးညီး၊ မြို့ရပ်ကြီးသို့၊ လင့်စီးထောက်ထောက်၊ မရောက်သောကြား ခြောက်ထပ်နားရှုံရထားခြောက်ဆူ၊ သိဒ္ဓိဟူသား၊ ယာဉ်ဖြူလှည့်စီး၊ ဆူလှည့်စီး၍၊ ပြည်ကြီးဝင်ကျယ်၊ သင်းပုံလယ်နှင့်၊ ရှင်ငယ်သံဃာရင်၊ ထံဦးဖြစ်သော၊ အစစ်နှင်နှင်၊ သူတော်ခွင်ဝယ်၊ ညာတင်စက်ကြိုး၊ ပညာမျိုးသည်၊ ကျင့်ရိုးမှန်စွာ၊ ဝိသာခါဟု၊ ခန္ဓာနှာမ်ရုပ်၊ မချုပ်သမျှ၊ နှိုးလုလှဖြင့်၊ နေ့ညကြိုးစား ကုန်ရာသကဲ့သို့ရင်း။

လို့ဆိုလိုက်တဲ့ ဆောင်ပုဒ်ကြီးအတိုင်း အလွန်တရာမှ တွေ့ကြုံကြားနာရခဲ့တဲ့ ဤယခုဖွင့်ပြလိုက်တဲ့ မဟာသတိပဋ္ဌာန်တရားတော်ကြီးကို ယခုဘဝနှင့်ပင်... ဝစုန္နု၊ အဘိဝစုန္နု၊ ပဝစုန္နု၊ သဒ္ဓါပညာအဖြာဖြာဖြင့် ပွားစ ပွားလွယ် ပွားဆုံးတွေ ကြွယ်အောင် ပင်လယ်ရေစု မြေထုအလား တကယ်တန်း ပွားများနိုင်ကြ၊ ကြိုးစားနိုင်ကြ၊ အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု

"ဤတွင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားတော်ကြီးသည် သောတာပတ္တိမဂ်၌ ဥက္ကောင်းချုပ်ပြီး၏"

ပုံစံနံပါတ် (၃၇)



တန်ဆောင်မုန်းလဆန်း ( ၃ ) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၃၇)

ဒီနေ့ စိတ္တာနုပဿနာသတိပဋ္ဌာန်....စိတ်ကို အဖန်တလဲလဲရှု ရှုရမယ် ( ဝါ ) အာရုံနဲ့တွေ့တဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ စိတ်လေးကို အဖန်တလဲလဲရှုရမယ်၊ ဒါဖြင့်ဘယ်လိုရှုမလဲ၊ ဘုရားရှင်က....

> ကထဉ္စ ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု သရာဂံဝါ စိတ္တံ သရာဂံ စိတ္တန္တိပဇာနာတိ၊ ဝီတရာဂံဝါ စိတ္တံ ဝီတရာဂံစိတ္တန္တိ ပဇာနာတိ (လ) ဧဝမ္ပိခေါ ဘိက္ခဝေ ဘိက္ခုစိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။

လို့ မဟာသတိပဋ္ဌာနသုတ်မှာ ဟောကြားတော်မူလာပါတယ်။

ကိုင်း....ဘယ်လိုရှုမလဲ ?

ဒီတော့ မဟာသတိပဋ္ဌာန်တရားပေးဘဲ့ဆရာတွေက "သွားရင်သွားတယ်လို့သိ၊ ရှေ့စိတ်က နောက်စိတ်ကို လိုက်ရှုရမယ်" လို့ဟောလာကြတယ်၊ ဒီအနေနဲ့သာ မြန်မာနိုင်ငံတော်မှာ အားထုတ်နေကြသေးတယ်၊ ဒီလိုအားထုတ်ရင်ဘဲ စိတ္တာနုပဿနာဖြစ်တယ်လို့ပြောလာကြတယ်၊ဒါကို ပိဋကတ်ကိုဘဲတင်ကြည့်ပါအုံး၊ လောဘစိတ်ဖြစ်နေတဲ့အခါမှာ လောဘစိတ်ဖြစ်တယ်လို့သိနိုင်ပါမလား၊ စိတ်ဆိုတာ ဟာတခုသာဖြစ်လို့ရတယ်၊ ၂-ခုပြိုင်ပြီးဖြစ်လို့မရပါ၊ ဒီတော့ ဘယ်လိုလုပ်ပြီး သိနိုင်ပါမလဲ၊

ဘုရား၊ ရဟန္တာ သမာပတ်ဝင်စားတဲ့ပုဂ္ဂိုလ်တွေမှ သိနိုင်၊ ရှုနိုင်တယ်၊ ဒီပြင်ပုဂ္ဂိုလ်တွေဟာ သိလို ရှုလို့မရပါ၊ အပြောအနေနဲ့ သာရမယ်။

ဒီတော့ ဘုရားရှင်က "သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ၊ ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ" လို့ဟောလာတယ်၊ ယခုပြောခဲ့တဲ့ဟာတွေဟာ သဘာဝမရှိတဲ့အတွက်မှောင်းထုတ်လိုက်ပါ၊ သဘာဝရှိလာမှ ( ဝါ ) အဘိဓမ္မာသုတ္တန်ကြောင်းတွေက လက်ခံလာမှ၊ ထောက်ခံလာမှဟုတ်မှာဘဲမဟုတ်လား၊ ဒါမှလက်ခံနိုင်မယ်၊ အခုတော့ ဘာမှသဲမထောက်ခံ၊ သဘာဝကလဲ မရှိတဲ့အတွက်ကြောင့် ဒီဟာတွေကို အကုန်လုံးမှောင်းထုတ်လိုက်ပါ။

တအားရုံနဲ့ တအာရုံဖြစ်နေတဲ့ဟာကို ဖမ်းလို့ရမသား၊ ဆယ်ခါလောက်ဖြစ်ပြီးမှတခါလောက်ဖမ်းလို့ရမယ်၊ ဘာ့ကြောင့်လဲ၊ စိတ်ဆိုတာဟာ အင်မတန်လျှင်မြန်ပါတယ်၊ ဥပမာ....ဘုရားရှင်ကိုယ်တော်မြတ် တန်ခိုးပြာဋိဟာပြတော့ ကောင်းကင်ထက်၌ စင်္ကြံသွားနေ စတုတ္ထဈာန်ကို ဝင်စားတော်မူပြီးလျှင် ထက်ဝန်းကျင်ကိုယ်တော်မှ မီးအလျှံဖြစ်စိမ့်သောငှာ တေဇောကသိုဏ်းကို အာရုံပြုလျက် ပဉ္စဝေက္ခဏာဇော ၃-ကြိမ်, ၄-ကြိမ်, ရေအယဉ်ဖြစ်စိမ့်သောငှာ အာပေါကသိုဏ်းကို အာရုံပြုလျက် ပဉ္စဝေက္ခဏာဇော ၃-ကြိမ်, ၄ ကြိမ် နောက်ဘခါ ရောင်ခြည်တော် ၆-သွယ်ဖြစ်စိမ့်သောငှါ နီလာဒိကသိုဏ်းကို အာရုံပြု၍ ပဉ္စဝေက္ခဏာဇော ၃-ကြိမ်, ၄-ကြိမ်အားဖြင့် များစွာသော ဝိထိစိတ်တွေကို ဖြစ်ခစေတော်မူရပါတယ်၊ ဒီတော့မှ ရေမီးအစုံအစုံသော တန်ခိုးပြာဋိဟာဖြစ်ပါတယ်၊ ဒါဟာ စိတ်အစဉ်ဘယ်လောက် လျှင်မြန်

သလဲ၊ ဒီလိုလျှင်မြန်တဲ့စိတ်ကို ရှေ့စိတ်ကို နောက်စိတ်က ရှုလို့ ရပါ့မလား။

ဒါဖြင့် စိတ္တာနုပဿနာဖြစ်အောင် ဘယ်လိုလုပ်မလဲ၊ ဒီစိတ္တာနုပဿနာသတိပဋ္ဌာန်ဟာဘယ်ပုဂ္ဂိုလ်တွေရဲ့ တရားဥက္ကောင်းလဲ၊ ဒါကိုဝေဘန်ပါ၊ သကဒါဂါမိမဂ်ဉာဏ်ရဲ့ တရားဥက္ကောင်းပါ၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ဘယ်လိုအားထုတ်မလဲ ဆိုတာကို ပြောပြမယ်၊ဒီတော့ သကဒါဂါမိပုဂ္ဂိုလ်မှာ ဘယ်အညစ်အကြေးတွေရှိနေသေးသလဲ၊ ဘယ်သဘာဝကိုပယ်သလဲ၊ ဒါကိုထုတ်ပါအုံး၊ ပြောပြမယ်၊ သောတာပန်ဖြစ်လာရင် သံယောဇဉ် ၆-ပါးထဲက သုပ္ပဋိပန္နဂုဏ်ကိုရတယ်၊ ကောင်းစွာကျင့်တယ် သူလုပ်တဲ့ အလုပ်မှန်ရင် မဂ်ဖိုလ်နှင့်ယှဉ်တဲ့အလုပ်သာလျှင် လုပ်တော့တယ်၊ သံသရာလည်မဲ့ဟာကိုမလုပ်တော့ပါ။

သကဒါဂါမိမဂ်ပုဂ္ဂိုလ်ကျတော့ ဖြောင့်မတ်စွာ ကျင့်လာပြီးတော့အဋ္ဌကထာကြီးတွေက လ,ရေးကောက်၊ ထွန်ရေးကောက်၊ နွားသေးကောက် (ဝါ) ကာယကံကောက်၊ ဝစီကံကောက်၊ မနောကံကောက်ဆိုပြီး အကောက် ၃-မျိုးပြလာတယ်၊ သကဒါဂါမိပုဂ္ဂိုလ်ဟာ ဒီအကောက် ၃-မျိုးလုံးကိုပယ်လိုက်ပြီ၊ အချုပ်မှာ ဒုစရိုက်ကံ ၁၀-ပါးကို ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် မပြုကျင့်တော့ပါ၊ ဘာ့ကြောင့် မပြုကျင့်သလဲဆိုတော့ စိတ္တာနုပဿနာထဲမှာ ဥက္ကောင်းကျနေတဲ့ အတွက်ကြောင့်ပါ၊ ဒီတော့ အန္တတွေမှာ ကာယကံကောက်၊ ဝစီကံကောက်၊ မနောကံကောက်တွေရှိနေတဲ့အတွက်ကြောင့် ဒီစိတ္တာနုပဿနာကို မပွါးများနိုင်တာပါ။

ဒီတော့ အနှပုထုဇဉ်တွေ ပွါးများလာနိုင်အောင် သကဒါဂါမ်ပုဂ္ဂိုလ်တွေက ဘယ်လိုပွါးသလဲ၊ အနှတွေပွါးချင်လို့ပွါးပြစမ်းပါ၊ ဒါကိုပြောပြမယ်၊ မဟာသတိပဋ္ဌာန် တရားတော်ကြီးဟာနက်နဲခြင်း ၄-ပါးနဲ့ ပြည့်စုံတယ် နက်နဲပုံကိုဝေဘန်ပြမယ်၊ ပါဠိတော်၏ နက်နဲခြင်းဟာ စိတ္တာနုပဿနာ သတိပဋ္ဌာန်မှာ "သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ၊ ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ"လို့ဆိုပြီး အသွားအပြန်ဟောထားတယ်၊ ဒီလိုဟောလိုက်တာသည် ပါဠိတော်၏ နက်နဲခြင်းပါ။

ဘာ့ကြောင့်လဲ၊ တခါထဲဘန်းပြီး ဒေါသစိတ်ဖြစ်ရင် ဖြစ်တယ်လို့သိ မောဟစိတ်ဖြစ်ရင် ဖြစ်တယ်လို့ သိလို မဟောဘဲနဲ့ အသွားအပြန် အနေနဲ့ ဟောထားတာဖြစ်ခြင်းကြောင့်ပါ၊ ဒီလို အသွားအပြန်ဟောထားတဲ့အတွက် လောဘစိတ်ဖြစ်ရင်ဖြစ်တယ်လို့သိရမယ်လို့ ရှုရမှာမဟုတ်ပါ၊လောဘစိတ်ဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ လောဘကင်းတဲ့စိတ်ဟာ ကိန်းပါလာတယ်။

ဥပမာ....ကောင်းတယ်လို့ စွဲတဲ့အာရုံကို သောဘစိတ်လို့ ပြောရင် မကောင်းဘူးလို့ပြောလိုက်တဲ့ လောဘကင်းတဲ့ စိတ်လေးဟာ ကိန်းပါလာတာဘဲ မဟုတ်လား၊ အဲဒီလို အာရုံလေးတွေအပေါ်မှာ ဖြစ်ပေါ်လာတဲ့စိတ်တွေဟာ လောဘစိတ် ဖြစ်ရင် လောဘကင်းတဲ့စိတ်ဟာလဲ ကိန်းပြီးပါလာဘယ်၊ လောကကြောင်းကိုတင်ကြည့်ပါ၊ အလိုကျတဲ့အခါမှာတော့ တဲ့နေတယ် (ဝါ) ချစ်ခင်နေကြတယ်၊ အလိုလဲမကျရော မုန်းလာကြတယ်၊ ဒါဟာ ကိန်းတဲ့အနေနဲ့ဖြစ်နေတာဘဲမဟုတ်လား။

ဒီလိုကိန်းနေတဲ့စိတ်ကို (၀၁) လောဘစိတ်ဖြစ်တဲ့ အခါမှာ လောဘကင်းတဲ့စိတ်လေး ကိန်းပါလာတာကိုမြင်အောင်ရှုနိုင်ရင် ချစ်တဲ့အပေါ်မှာရော, မုန်းတဲ့အပေါ်မှာပါ အနှစ်အသား အနေနဲ့ မဆွဲတော့ဘဲ အာရုံနဲ့ တွေ့လို့ ပေါ်လာတာဘဲ ဆိုတာကို သိလာပြီ၊ ဒီတော့ အာရုံပေါ်တိုင်းပေါ်တိုင်း ဥပေက္ခာထား ပြီးတော့ ခံစားလာနိုင်ပြီ၊ အန္ဓတွေမှာ ဥပေက္ခာထားပြီးမခံစား နိုင်ဘဲ သုခ,ဒုက္ခအနေနဲ့ ခံစားနေကြတယ်၊ ဒီနေရာကနေကြည် ညိုမှုတွေကို ကြည့်လိုက်ရင်လဲ အန္ဓတွေကြည်ညိုဘာကို ဒါငါ့ တဏှာတွေဘဲလို့ သွားမဆွဲလေနဲ့ အလိုမကျတဲ့အခါ အမြှုအမဲ တွေပေါ်လာလိမ့်မယ်။

ကလျာဏမျက်စေ့ ပေါက်တဲ့သူတွေ ကြည်ညိုတာကျတော့ မပျက်တော့ပါ၊ တည်ကြည်လာပြီ၊ ရာဂဖြစ်တဲ့စိတ်မှာကို ရာဂ ကင်းတဲ့စိတ်လေးပါလာတာကို သိလာရင်ဘဲ အာရုံမှာကို တဏှာ မာန, ဒိဋ္ဌိတွေမပါတော့ပါ၊ အာရုံရဲ့အပေါ်မှာ ဥပေက္ခာအနေ နဲ့ခံစားသွားနိုင်ပြီ၊ ဒီလိုသိစေလို၍ ဘုရားရှင်က အသွားအပြန် ထားပြီး စိတ္တာနုပဿနာမှာ ဟောတာပါ၊ ဒါကိုနားလည်ရင် ဘယ်လိုဥက္ကောင်းချမလဲ၊ ဘယ်သတိလေးကတက်မလဲ၊ ဒါဘဲရှိ တော့တယ်။

ယခုဝိညာဏက္ခန္ဓာကြီးကို သေအောင်သတ်နိုင်ရင် စိတ္တာနု ပဿနာထဲဝင်ပြီ၊ ဒီတော့ တခုမေးမယ်၊ ဝိညာဏက္ခန္ဓာနဲ့မနော ဝိညာဏ်နဲ့ဟာ ဘယ်လိုကွာခြားသလဲ၊ ဒါကိုရှာပြပါ၊ ပြောပြ မယ်၊ မနောဝိညာဏ်ဆိုတာက မနောအကြည်ဓာတ်ကပေါ်တဲ့ အသိပါ၊ ဒါကို "မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ"လို့

ပြလာတဲ့အတိုင်း အဲဒါ နှလုံးအကြည်, ဓမ္မာရုံ, ဘဝင်စိတ် ဒီ ၃-ပါးပေါင်းပြီးပေါ်တာကို မနောဝိညာဏ်လို့ ခေါ်တယ်၊ အခု ကတ္တာက ဒါကိုမကိုင်တော့ပါ၊ ဒါဖြင့် ဝိညာဏက္ခန္ဓာကြီးကို လိုက်ရှာ၊ ဒါကိုတွေ့မှ သတ်လိုက်တဲ့အခါမှာ စိတ္တာနုပဿနာ သတိပဋ္ဌာန်ထဲမှာ ဥက္ကောင်းကျမယ်။

ကိုင်း....သာဓုခေါ်ကြပါတော့၊

သာဓု....သာဓု....သာဓု။

တန်ဆောင်မုန်းလဆန်း (၄) ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၃၇)

ဝိညာဏက္ခန္ဓာဆိုတာဘာကိုခေါ်သလဲ ?

ဝိညာဏက္ခန္ဓာကို ဘာသာပြန်လိုက်တော့ သိမှုအပေါင်းအစုလို့ ခေါ်တယ်၊ အဘိဓမ္မာက စိတ်တခုယုတ် ကိုးဆယ်ကို ဝိညာဏက္ခန္ဓာဖွဲ့ထားပါတယ်၊ ဝိပဿနာအနေနဲ့ ကျတော့.... ဥပမာ....အာရုံဘခုမှာကို သညာကခေါင်းတွဲတပ်ပြီး သိဘာလဲ ရှိတယ်၊ ဝေဒနာတို့သင်္ခါရတို့က ခေါင်းတွဲတင်ပြီး သိဘာလဲ ရှိတယ်၊ "တနည်း" ဝေဒနာ, သညာ, သင်္ခါရတို့ စုံပေါင်းပြီး ဖြစ်ပေါ်လာတာကို ဝိညာဏက္ခန္ဓာလို့ ခေါ်တယ်၊ ဒါကိုနား လည်ပြီ။

ဒါဖြင့် မနေ့ကဟာကို စကားပြန်တက်ပြကြဦးစို့....။

သောတာပတ္တိမဂ်က ဓမ္မာနုပဿနာမှာ ဉာဏ်ကွာင်းချတော့ ဘာကိုရိုက်ချိုးပြီးချခဲ့သလဲ၊ အနုသယခန္ဓာဖြစ်တဲ့ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာ ၂-ပါးကို ရိုက်ချိုးပြီး ဉာဏ်ကွာင်းချခဲ့တယ်၊ စက်ရဟတ်၄-ပါးမှာရော ဘယ်စက်ရဟတ်ကိုရိုက်ချိုးခဲ့သလဲ? အကျိုးထင်ရမယ်၊ မဂ်ဘရား, ဖိုလ်တရားဆိုတာ စက်ရဟတ်ကိုရိုက်ချိုးတာပါ၊ ဘယ်စက်ရဟတ်ကို ရိုက်ချိုးသလဲဆိုတော့ အတိတ်အကြောင်းစက်ရဟတ်နဲ့ အနာဂတ်အကျိုးစက်ရဟတ်ကို ရိုက်ချိုးပါတယ်၊ အတိတ်အကြောင်းစက် သညာက္ခန္ဓာနဲ့ အနာဂတ်အကျိုးစက်သင်္ခါရက္ခန္ဓာကို သောတာပန်ပုဂ္ဂိုလ်ဟာ ရိုက်ချိုးလိုက်တယ်။

ဒီတော့ သောတာပန်ပုဂ္ဂိုလ်ဟာပစ္စုပ္ပန်အကျိုးစက်ရဟတ်နဲ့ ပစ္စုပ္ပန်အကြောင်းစက်ရဟတ်သာ ကျန်တော့တယ်၊ ဒါကို အခု သကဒါဂါမိပုဂ္ဂိုလ်က ပစ္စုပ္ပန်အကြောင်းစက်ရဟတ်ကို ရိုက်ချိုးမယ်၊ အနာဂါမ်နဲ့ ရဟန္တာပုဂ္ဂိုလ်ကျတော့မှ ပစ္စုပ္ပန်အကျိုး စက်ရဟတ်ကို ရိုက်ချိုးမယ်၊ ဒီတော့ သောတာပန်ပုဂ္ဂိုလ်ဟာ ဘာကိုဘဲလုပ်လုပ်, နိဗ္ဗာနဓာတ်ကိုသာ အာရုံပြုပြီး လုပ်တော့ တယ်၊ အခုသကဒါဂါမိမဂ်က ပစ္စုပ္ပန်အကြောင်းစက်ကို ရိုက် ချိုးတော့မယ်၊ ဒါ့ကြောင့် ယခုဝိညာဏက္ခန္ဓာကြီးကို လိုက်ရှာ နေတာပါ။

ဝိညာဏက္ခန္ဓာကြီးမှာ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာတို့မပါ တော့ပါ၊ ဝေဒနာက္ခန္ဓာသာ ဝိညာဏက္ခန္ဓာထဲမှာ ရှိတော့တယ်၊ ဒီတော့ ဝိညာဏ်ရိပ်ထဲမှာ သာရမရှိတော့ပါ၊ ဘာ့ကြောင့်လဲ၊ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာတို့ မရှိတော့တဲ့ အတွက်ကြောင့်ပါ၊ ဒီတော့ ဝိညာဏက္ခန္ဓာကြီးဟာ ဘယ်လိုပေါင်းစုသလဲ၊ ဒါကို ရှာပါ။

ဝိညာဏက္ခန္ဓာမှာ ဝေဒနက္ခန္ဓာသာရှိတော့တယ်၊ စက်ရဟတ် အနေနဲ့ကျတော့ ပစ္စုပ္ပန်အကျိုးနဲ့ အကြောင်း စက်ရဟတ် ၂-ပါးသာရှိတော့တယ်၊ ဒီတော့ အာရုံနဲ့တွေ့တဲ့အခါမှာ နာမ နဲ့သဏ္ဌာနပညတ်ရိပ် မရှိတော့တဲ့အတွက် လူ ၄ မဇ္ဈတ္တာရုံအနေနဲ့ (ဝါ)အားလုံးကောင်းတဲ့အနေနဲ့ သာယူသွားနိုင်ပြီ၊ဘာ့ကြောင့် လဲ ? သညာက္ခန္ဓာနဲ့သင်္ခါရက္ခန္ဓာ နာမနဲ့သဏ္ဌာနပညတ်ရိပ်တို့ မရှိတဲ့အတွက်ကြောင့်ပါ၊ အဲဒါ ဝိညာဏက္ခန္ဓာ, ဝေဒနက္ခန္ဓာ အနေနဲ့သာ ခံစားသော့တယ်၊ (ဝါ) အာရုံမှာကို နာမနဲ့ သဏ္ဌာန်, သညာက္ခန္ဓာနဲ့သင်္ခါရက္ခန္ဓာ မထွက်တော့ဘဲ ပေါ်တဲ့

အနေနဲ့သာ ခံစားတော့ဘယ်၊ အခု သတိပဋ္ဌာန်ထဲ သွင်းတော့မယ်ဆိုတော့ ဝိညာဏက္ခန္ဓာကြီး ခံစားတာဟာ ဝေဒနာက္ခန္ဓာအနေနဲ့ ဘယ်လိုခံစားသလဲ၊ ဒီလိုစစ်သာရမယ်။

ဘယ်လိုခံစားသလဲဆိုတော့ နိစ္စရိပ်၊ သုခရိပ်၊ သုဘရိပ်၊ အတ္တရိပ် ဒီအနေနဲ့ ခံစားနေတယ်၊ သာရအနေနဲ့ မပါတော့ပါ၊ အတိတ်၊ အနာဂတ်အနေနဲ့မခံစားတော့ပါ၊ ပစ္စုပ္ပန်အကျိုးထဲမှာရှိနေတဲ့ဟာကိုသာ (ဝါ) ဝေဒနာက္ခန္ဓာထဲမှာရှိတဲ့ သညာ၊ သင်္ခါရတို့ကိုဆွဲပြီး နိစ္စရိပ် သညာက္ခန္ဓာ၊ သုခရိပ် သင်္ခါရက္ခန္ဓာ၊ သုဘရိပ် ဝေဒနာက္ခန္ဓာ၊ အတ္တရိပ် ဝိညာဏက္ခန္ဓာကိုသာ ခံစားတော့တယ်၊ အတိတ်အနာဂတ်အနေနဲ့မခံစားတော့ပါ။

သောကကြောင်းအနေနဲ့တင်ပြပါဆိုရင်.... ဥပမာ....နွားများ စားမြုပ်ပြန်သလိုဘဲ၊ ဝေဒနာထဲမှာရှိတဲ့ ခံစားမှုတွေဟာလဲ မကင်းသေးပါ၊ ပေါ်လွင်အောင် ပြောရရင်.... ဥပမာ ဟင်းချိုဟင်း ဆားပေါ့နေသေးရင် ဆားဘောင်းပြီးခတ်သေးတယ်၊ ဒါဟာ ပစ္စုပ္ပန်အကျိုးခန္ဓာကြီးရဲ့ ကျွန်းမာရေးကို ရှေးရှုပြီး ခံစားသေးတယ်၊ ဒါကို ပယ်တာဟာ ရဟန္တာကျမှ ပယ်တော့တယ်။

ဒီတော့ ဝေဒနာမှာရှိတဲ့ ခံစားမှုတွေကို ထုတ်လိုက်ရင် နိစ္စရိပ်ခန္ဓာကျတော့ သညာက္ခန္ဓာ၊ ရုပ်ပေါ်မှာ ခံစားတာကျတော့ သုခရိပ် ဝေဒနာက္ခန္ဓာ၊ နာမ်ပေါ်မှာ ခံစားတာကျတော့ သုဘရိပ် သင်္ခါရက္ခန္ဓာ၊ အတ္တရိပ်ကျတော့ ဝိညာဏက္ခန္ဓာ ဒီအနေနဲ့ရှိနေသေးတယ်၊ ဝိညာဏ်ရိပ် ၄-ချက်ကိုဖြတ်လိုက်မှ စိတ္တာနုပဿနာမှာ ဥက္ကောင်းချသို့ရမယ်။

ကိုင်း....ဘာနဲ့ဖြတ်မလဲ ? ဖြေကြစမ်းပါ၊ ဒါကို ဖြတ်နိုင်ရင် မနေ့ကပြောခဲ့တဲ့အကောက် ၃-ပါးမရှိတော့ဘဲ ဈာနမဂ္ဂတွေရဲ့ မှာသာ ခံစားသွားနိုင်ပြီ၊ အခုသတ်ရတော့မယ်၊ ဒီတော့ အခု နိစ္စရိပ်ကို ဘာနဲ့သတ်မလဲ၊ သုခရိပ်, သုဘရိပ်, အတ္တရိပ်တို့ကို ဘာနဲ့သတ်မလဲ၊ ဒီနေရာမှာ " ကုန်-ပျက်-ကင်း ချုပ် " နဲ့သတ်လို့မရတော့ပါ၊ ဒီလိုသတ်တာမျိုးက သာရှိတဲ့အခါမှာသတ်တာမျိုးပါ၊ သုည ၄-လုံးနဲ့လဲသတ်လို့မရပါ ဒီလိုသတ်တာက သောတာပတ္တိမဂ်အတွက် သတ်တာပါ၊ ဒါဖြင့်ရင် ဘယ်ဟာနဲ့သတ်မလဲ ?

ဒီတော့ မနေ့ကပြောခဲ့သလို ခလားစိတ် ဖြစ်လာရင်ဘဲ လောဘကင်းနေတဲ့စိတ်ဟာရှိနေတာကိုမြင်နေတဲ့အတွက်ကြောင့် သူ့မှာပြင်းပြင်းထန်ထန်ကြီး မစွဲတော့ပါ၊ စိတ်ကိုထိန်းနိုင်သွားပြီ၊ ဒါဟာ စိတ္တာနုပဿနာထဲ ဝင်နေပြီ။

ကိုင်း.... သတ်ဆေးထုတ်ပါ၊ ဆရာတော် တခုပြောပြမယ်၊ ဝေဒနာရိပ်ထဲမှာ နိစ္စရိပ်ဟာ ဘယ်အနေနဲ့ရှိနေသလဲ၊ ဒါကို အရင်ကြည့်ပါ၊ အခု ဝိညာဏက္ခန္ဓာကြီးကို သတ်တော့မယ်ဆိုတော့ အကျိုးရိပ်ထဲမှာ နိစ္စရိပ်ဟာ ဘယ်အနေနဲ့ရှိသလဲဆိုတာကိုကြည့်ပါ၊ ဥပမာ....သူများတခုခုဖြစ်လာရင် (ဝါ) ရာထူးတိုးလာရင်, စီးပွားဥစ္စာ တိုးပွားလာရင် အနှင့်တွေမှာမနာလိုတဲ့ စိတ်တွေ ဖြစ်လာကြတယ်၊ ဒါဟာ ဘယ်ကနေပေါ်လာတာလဲ၊ ဘယ်အနုသယလေးအနေနဲ့ ရှိသလဲ၊ ဒါကိုပြန်ကြည့်ပါ၊ ဒီလိုရှိတဲ့ အနုသယဟာ အကျိုးရိပ်ထဲမှာရှိတဲ့ အနုသယပါ၊ ဒါကို မြင်အောင်ကြည့်ပါ။

ဒီအနုသယကို ယခု ဆွဲနုတ်ရမယ်၊ ဒါကို နိစ္စရိပ်, သုခရိပ်, သုဘရိပ်, အတ္တရိပ်လို့ ပြောတာပါ ဒါကို အနတ္တလက္ခဏာသုတ် နည်း, သတိပဋ္ဌာန်နည်းတွေနဲ့ ဆွဲထုတ်ရအုံးမယ်၊ ဆွဲထုတ် ပြီးမှ မဂ်ကိုတင်မယ်၊ ဒါဖြင့် ဘယ်လိုဆွဲထုတ်မလဲ၊ ဒီ အနုသယ ကို ကြပ်ကြပ်ဖမ်းပါ ဒီလို ဖမ်းလာမှ စင်ကြယ်သွားမယ်၊ ဒီအနုသယကို ဖြတ်လိုက်တာနဲ့ ဣဿာ, မစ္ဆရိယတို့ဟာ မထွက် တော့ပါ။

ဒါကို ယခု တင်လိုက်တော့ နိစ္စရိပ်, သုခရိပ်, သုဘရိပ်,အတ္တ ရိပ်တို့ဟာ အကျိုးဝေဒနာထဲမှာရှိနေတဲ့ အကြောင်းအနုသယ အရိပ်လေးတွေပါ၊ ဒါဖြင့်ရင် မေးမယ်၊ ဒီဟာတွေဟာ ပညတ် သဘောလား, ပရမတ်သဘောလား, ဒီကောင်လေးတွေဟာ ဝေဒနာက္ခန္ဓာနဲ့ ဘယ်လိုဆက်စပ်သလဲ၊ ဒါကိုမြင်အောင်ရှုပါ၊ နက်ဖြန်ကျမှ ခွဲစိတ်ပြီး မဂ်ကိုင်မယ်။

ကိုင်း....သာဓု ခေါ်ကြပါတော့။

သာဓု....သာဓု....သာဓု။

တန်ဆောင်မုန်းလဆန်း(၅)ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၃၈)

အခုသညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာ မရှိတော့တဲ့အတွက် သာရကို မထည့်တော့ဘဲ နိစ္စရိပ်, သုခရိပ်, သုဘရိပ်, အတ္တရိပ်လို့ပြောတာပါ၊ ပဋိစ္စသမုပ္ပါဒ်မှာပြန်ကြည့်ရင် အတိတ်နဲ့ အနာဂတ်တို့သာရှိတော့တယ်၊ အကြောင်းစက်, အကျိုးစက်ဟာမရှိတော့ပါ၊ ဒီတော့ စိတ္တာနုပဿနာမှာ စိတ်ကိုအဖန်တလဲလဲ ရှုရမယ်ဆိုတာဟာ ရှေ့စိတ်ကိုနောက်စိတ်က လိုက်ရှုရမှာမဟုတ်ပါ၊ အာရုံတခုမှာကို ဥစ္စ,အနိစ္စမပေါ်အောင်ရှုနိုင်ရင် (၀ါ) ဘယ်အာရုံနဲ့ဘဲတွေ့တွေ့ ပျော်မွေ့စွာနေနိုင်ရင် စိတ္တာနုပဿနာထဲဝင်တာဘဲ။

သောတာပတ္တိမဂ်က နာမနဲ့ သဏ္ဌာနပညတ်ရိပ် သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာ ၂ ပါးကို ရိုက်ချိုးလိုက်တော့ အခုနိစ္စရိပ်, သုခရိပ်, သုဘရိပ်, အတ္တရိပ်သာရှိတော့တယ်၊ သာရမရှိတော့ပါ၊ ပဋိစ္စသမုပ္ပါဒ်ကျတော့လဲ အတိတ်စက်နဲ့ အနာဂတ်စက်သာရှိတော့တယ်၊ အကြောင်းနဲ့ အကျိုးဟာ မရှိတော့ပါ၊ ယခုပစ္စုပ္ပန်အကျိုးစက်နဲ့ အကြောင်းစက်သာရှိတော့တယ်၊ ပစ္စုပ္ပန်အကျိုးစက်က ပရမတ်သဘော,ပစ္စုပ္ပန်အကြောင်းစက်ကပညတ်သဘော။

ဒီတော့ ဒီခန္ဓာကိုယ်ကြီးတခုလုံးမှာရှာရင် ပရမတ်သဘောအကျိုးတရားသာ တွေ့မှာဘဲ မဟုတ်လား၊ အကြောင်းစက်ဆိုတာက ဒီအပေါ်မှာပညတ်ချပြီး စွဲထားတာပါ၊ ဒါဟာနိစ္စရိပ်, သုခရိပ်,သုဘရိပ်,အတ္တရိပ်အနေနဲ့ သာရှိတော့တယ်၊ ဒါကိုဘာနဲ့

ပုံစံနံပါတ် (၄၈)



သတ်မလဲဆိုတော့ အကျိုးနဲ့ အကြောင်းကပ်နေတာကို ပဋ္ဌမ ခွါရအုံးမယ်၊ ပုံစံမှာ ခွါပြထားတယ်၊ ပုံစံမှာကြည့်ပါ။

ဝိညာဏက္ခန္ဓာဆိုတာဟာ ခန္ဓာလေး ၃ ကောင် ပေါင်းစုနေတာပါ၊ သညာက္ခန္ဓာက အတိတ်ရိုပ်ပါ၊ ဒါဟာမိမိရဲ့နှလုံးအိမ်မှာ ဘယ်အနေနဲ့ ရှိသလဲဆိုရင် သဿတအနေနဲ့ ရှိနေတယ်၊ သဿတ ဒိဋ္ဌိဆိုတာ တခါခံစားဘူးတဲ့အာရုံကို အကြိမ်ကြိမ် ပြန်ပြီး ခံစားနေတာကိုခေါ်တယ်၊ ဒါဟာ ဏှဒ္ဓာရုံကုသိုလ်က ထွက်လာတဲ့ တဏှာငါ့ပါ၊ ဝေဒနက္ခန္ဓာက အနာဂတ်အရိပ်ပါ၊ ဥစ္ဆေဒဒိဋ္ဌိအနေနဲ့ ရှိနေတယ်၊ ဒါက အကုသိုလ်အနိဋ္ဌာရုံက ထွက်လာတာပါ၊ ဒါက ဒိဋ္ဌိငါ ပါ၊ သင်္ခါရက္ခန္ဓာကျတော့ သုဘရိုပ်ပစ္စုပ္ပန်သဘောပါ၊ ဒါက ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိ အနေနဲ့ ရှိနေတယ်၊ ဒါက မာနငါ့ပါ၊ ဒါကို သေသေချာချာတွေးပါ၊ ဒါကို သတ်လိုက်ရင် စိတ္တာနုပဿနာမှာ ဥက္ကောင်းကျပါတယ်။

ကိုင်း....သာခု ခေါ်ကြပါတော့

သာဓု....သာဓု....သာဓု။

" စိတ္တာနုပဿနာတရား ဥက္ကောင်းပြီး၏ "

---

တန်ဆောင်မုန်းလဆန်း ( ၆ ) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၃၉)

ပုံစံကို တက်မယ်ဆိုရင် တခုမေးမယ်၊ အန္ဓတွေ ခံစားတဲ့ ဝေဒနာ, သောတာပန်ခံစားတဲ့ဝေဒနာ, သကဒါဂါမ်ခံစားတဲ့ ဝေဒနာ, အနာဂါမ် ခံစားတဲ့ ဝေဒနာ, ရဟန္တာ ခံစားတဲ့ ဝေဒနာဟာ ဘယ်လိုခံစားကြသလဲ၊ ဒါကို ရှင်းရမယ်၊ ဘုရားရှင်က ဝေဒနာကို ထုတ်ဟောတဲ့အခါမှာ ရိုးရိုးဝေဒနာ, သာမိသ ဝေဒနာ, နိရာမိသ ဝေဒနာဆိုပြီး ၃-ချက်ထုတ်ဟောလာတယ်၊ ဒီတော့ အန္ဓတွေဟာ ဝေဒနာကို ဘယ်လိုခံစားသလဲ၊ ဒါကို ပြန်စဉ်းစားပါ။

ကိုင်း....သာဓု ခေါ်ကြပါတော့။

သာဓု....သာဓု....သာဓု။

ပုံစံနံပါတ် (၃၉)



မဟာသတိပဋ္ဌာန် ပဋိပတ်လုပ်ငန်းစဉ် (၁) ၄

တန်ဆောင်မုန်းလဆန်း (၇) ရက်နေ့

# ဆရာတော်မိန့်မှာချက်။

ဤမဟာသတိပဋ္ဌာန် တရားတော်ကြီး၏ တရားဥဒ္ဒေသကို ၄-မင်္ဂ, ၄-ဖိုလ်ထိအောင်ချပေးသွားပါမည်။ ယခု ၂-မင်္ဂကိုစ္စဥဒ္ဒေသချပြီးပါပြီ၊ ကျန် ၂-မင်္ဂအတွက် ဝေဒနာနှိပ်စက်နေပါသဖြင့်တရားမဟောနိုင်သော်လည်း မှတ်ချက်အနေနှင့် လိုရင်းကို စာရေးခိုင်း၍ ဥဒ္ဒေသ ချပေးပါမည်၊ ဒီကနေ့ အောက်သို့ မဆင်းနိုင်အောင် ဝေဒနာနှိပ်စက်နေသဖြင့် သည်းခံကြပါ၊ နက်ဖြန်ဆက်လက်၍တရားပေးနိုင်ပါလိမ့်မည်။

သံသရာ ထွက်လမ်းကို ရှာသော ပုဂ္ဂိုလ်များသည် အနှောက်အယှက်နှင့်တွေ့သောအခါနောက်သို့မဆုတ်ဘဲ ရှေ့ကိုသာတိုးနိုင်အောင်လုပ်ရပါသည်။

ပြီးပါပြီ။

ကိုင်း....သာဓုခေါ်ကြပါတော့၊

သာဓု....သာဓု....သာဓု။

၃၉၄ (ဂ) မဟာသတိပဋ္ဌာန်ပဋိပတ်လုပ်ငန်းစဉ်

တန်ဆောင်မုန်းလဆန်း (၈) ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၃၉)

"ဝေဒနာနုပဿနာ သတိပဋ္ဌာန်အကျဉ်းချုပ်ဥဒ္ဒေသကျ"

မဟာသတိပဋ္ဌာန်၌ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူဖသာ ဝေဒနာသည်၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှာ ဖြစ်ပေါ်သောဝေဒနာကို ဟောကြားတော်မူသည်၊ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့ခံစားကြသော သညာဝိညာဏ်စွဲဝေဒနာကို မဟာသတိပဋ္ဌာန်တရားတော်၌ မဟောကြားပါ၊ ပဋိစ္စသမုပ္ပါဒ်ဝေဒနာဆိုသည်မှာ အကြောင်းတရား ၄-ပါးနှင့်ဇာတ ၂၉-ပါးသော ကံတရားတို့၏ ဖြစ်ပေါ်မှု သဘောတရားကို ခေါ်သည် အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့နှင့် ဝိပဿနာအောက်ဉာဏ်တို့၏ ခံစားကြသောအာရုံနှင့်အာရမ္မဏိက ပေါင်းဆုံသဖြင့် သုခ, ဒုက္ခ, ဥပေက္ခာ ထွက်ပေါ်လာခြင်းမျိုး မဟုတ်ပါ။

## မဂ်ပုဂ္ဂိုလ် ၄-ပါးခံစားပုံ။

၁။ သောတာပန်ပုဂ္ဂိုလ်သည် အတိတ်,အနာဂတ် ၂-ပါးကို ဆွဲကိုင်၍ ခံစားခြင်းအလျဉ်းမရှိပါ၊ ပစ္စုပ္ပန်အာရုံ အရိပ်ကိုသာ ခံစားတော်မူသည်။

၂။ သကဒါဂါမိပုဂ္ဂိုလ်သည် သောတာပန်ပုဂ္ဂိုလ်နှင့် ခံစားခြင်းအတူ မခြားနားသော်လည်း ပစ္စုပ္ပန်အရိပ်၌ သဿတ, ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးလွတ်အောင် ခံစားတော်မူသည်။

၃။ အနာဂါမိပုဂ္ဂိုလ်သည် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၌ ပစ္စုပ္ပန် အကြောင်းရိပ်ခေါ် အတိတ်သဘော အကြောင်းကံ

အနာဂတ်သဘောအကြောင်းကံ၊ ပစ္စုပ္ပန်သဘောအကြောင်းကံ ဝေဒနာကိုပယ်နှုတ်တော်မူသည်၊ ပစ္စုပ္ပန်အကျိုးရိပ်၌ ခံစားခြင်း မျှသာရှိသည်၊ ဥပမာ....လူမှုရေးရာ ၄-မျိုးတို့တွင် စားမှုတခု ပေါ်မှာသာ အသက်ကိုစောင့်ရှောက်ခြင်းအတွက် ပစ္စုပ္ပန်အရိပ် ဝေဒနာကို ခံစားခြင်းဟုမှတ်ပါ။

၄။ ရဟန္တာပုဂ္ဂိုလ်သည် ပစ္စုပ္ပန်သက်သက်အကျိုးဝေဒနာ ကိုသာ သားယားမှုအနေနှင့် ခံစားခြင်းရှိသည်၊ ဥပမာ ကျန်းမာ ရေးအတွက် ဆေးဝါးမှီဝဲခြင်းမျိုးကို ဆိုလိုသည်။

"တနည်း" အာရုံနှင့်တွေ့၍ ခံစားကြသော အာရမ္မဏ ကသဘောတရားတို့ကို အကျဉ်းခေါ်တန်သော် အာရုံသဘော၌ခံစား ခြင်းသည် ၄ မျိုးရှိ၏။

၁။ နာမပညတ်နှင့် သဏ္ဌာနပတ်ကို အနှစ်အသားဆွဲ၍ ခံစားခြင်းသည် အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ခံစားခြင်းဟုမှတ်။

၂။ ရူပ, အနိစ္စ အရိပ် ၂-ပါးကိုသားဆွဲ၍ အနှစ်အသား အနေနဲ့ ခံစားခြင်း၊ ဤခံစားခြင်းမျိုးကား သောတာပန်ပုဂ္ဂိုလ် တို့၌မရှိဟုမှတ်ပါ၊ သကဒါဂါမ်ပုဂ္ဂိုလ်မှာလည်း ဤနည်းအတူ မှတ်ပါ။

၃။ သုခ, ဒုက္ခဝေဒနာအနေဖြင့် ခန္ဓာကိုယ်အပေါ်၌ အနှစ် အသားစွဲ၍ ခံစားခြင်းသည် အနာဂါမ်ပုဂ္ဂိုလ်တို့၌မရှိ ဤခံစား ခြင်းမျိုးကား သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးမှ ဖြစ်ထွက်ပေါ် လာသော ခံစားခြင်းမျိုးပင်ဖြစ်၏၊

၄။ ဖဿအရိပ် ဖြစ်ပေါ်အောင် ပစ္စုပ္ပန်ခန္ဓာကိုယ်ပေါ်၌ အနှစ်အသားစွဲ၍ ခံစားခြင်းသည် ရဟန္တာပုဂ္ဂိုလ်တို့၌ မရှိ၊

ရဟန္တာပုဂ္ဂိုလ်သည် ခန္ဓာကိုယ်ပေါ်၌ ပစ္စုပ္ပန်ဝေဒနာရိပ် ကင်းပြတ်နေသောကြောင့် တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ အစရှိသောတရားတို့ကို အလုံးစုံဇာတ်သိမ်းတော်မူသည်ဟု မှတ်။

မှတ်ချက်။ ။အနာဂါမ် ပုဂ္ဂိုလ်တောင်မှ ဝေဒနာ အရိပ်ကို ဇာတိမသိမ်းနိုင်သေးသဖြင့် ၃၁-ဘုံ၏ဝဋ်မြစ်ငုတ်မပြတ်သေး၊ အကျိုးဝေဒနာလို့ ဆိုနိုင်ပါသည်၊ ဝဋ်မြစ်ငုတ်ကိုလက်တွေ့နည်းဝေဘန်ပါ၊ ဤဝေဒနာနံ့ပဿနာ၌ ရှိသော ကံအကြောင်းရိပ် "၃"ပါးတို့သည် ပစ္စုပ္ပန်ဖဿအရိပ်တွင် စွဲနေကြပါသည်၊ ကံအကြောင်းရိပ် ၃-ပါးပယ်လိုက်လျှင် ပစ္စုပ္ပန်မှာ ဖဿအရိပ်မရှိတော့ပါ၊ ဝေဒနာအရိပ်ကို ဝဋ်မြစ်ရိပ်ဟု ခေါ်သည်။

ရဟန္တာပုဂ္ဂိုလ်သည် ပစ္စုပ္ပန်ဝေဒနာအရိပ်ကို အလုံးစုံသိမ်းဆည်းတော်မူနိုင်သဖြင့် ရဟန္တာပုဂ္ဂိုလ်၌ရှိသော ဝေဒနာသည် တခဲနက်ဝေဒနာ, တုန်လှုပ်ခြင်းတင်းသောဝေဒနာ, ခံစားခြင်းကင်းသောဝေဒနာ, နိဗ္ဗာနဓာတ်ကိုယူနိုင်သောဝေဒနာဟုမှတ်၊ အကျိုးတရားကင်းဆိတ်နေ၍၊ ဤဝေဒနာနုပဿနာ၌အကြောင်းကံရိပ် ၃-ချက်ကို ခွဲခြားပါ၊သဿတနှင့်ယှဉ်သော ကံအကြောင်းရိပ် အတိတ်သဘောဘဏ္ဍာငါ ခေါ်သည်၊အနာဂတ်အကြောင်းကံရိပ်ကား ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်သော မာနငါ-ခေါ်သည်၊ ပစ္စုပ္ပန်အကြောင်းကံရိပ်ကား သဿတ,ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးနှင့်ယှဉ်သော ဒိဋ္ဌိငါခေါ်သည်၊ ဤ ၃-ပါးကိုခွဲခြားယူပါ၊ ပုံစံတွင် ဖေါ်ပြထားသည်။

ဤကံရိပ် ၃-ပါးကို ဖဿရိပ်ဟုခေါ်သည်၊ အာရမ္မဏိကအရိပ်ဟုလည်းခေါ်သည်၊ ရုပ်ရိမ် ၃-ပါးဟုလည်းခေါ်သည်၊ ဖဿရိပ်

၃-ပါးကို ပယ်လိုက်သျှင် ပစ္စုပ္ပန်အကြောင်း စက်ရဟတ်ကင်း ပြတ်ပါသဖြင့် အကျိုးစက်ရဟတ်တပါးသာ ကြွင်းကျန်ပါတော့ သည်၊ မဂ်သတ်ပုံကို သဘောပိုင်အောင်စေဘန်ပါ။

"အနာဂါမိမဂ်ဉာဏ်ပယ်သတ်ပုံ"

ဒသာနဋ္ဌ-ဆိုသည်မှာ မဖေါက်မပြန် အမှန်မြင်ခြင်း သဘော တရားကိုဆိုလိုသည်၊ ပစ္စုပ္ပန်အကြောင်းကံရိပ်သည်။ ၃၁-ဘုံ၌ ပြန်လည် ဖြစ်ပေါ်လာနိုင်ခြင်းမရှိပါ၊ အတိတ်အကြောင်းစက်, အနာဂတ် အကျိုးစက် ၂-ပါး ပြတ်ပြီးသားဖြစ်၍ ပစ္စုပ္ပန် အကြောင်းတရားသည် အနာဂတ်ချိုး မချနိုင်ပါ၊ ပစ္စုပ္ပန် အကြောင်းကံရိပ်၏ သဘာဝကို သဘာဝအတိုင်း အမှန်မြင် ခြင်းကို ဒသာနဋ္ဌဟု ခေါ်ဆိုနိုင်ပါသည်။

နိယျာနဋ္ဌ ဆိုသည်မှာ ၃၁-ဘုံမှလွတ်မြောက်ခြင်းကို ခေါ် ဆိုပါသည်၊ ပုံစံတွင် ဖေါ်ပြထားသော အတိတ်အကြောင်း ကံရိပ်ကို ပယ်သတ်ပါသည်၊ အတိတ်အကြောင်း ကံရိပ်သည် ပစ္စုပ္ပန်အကြောင်းကံရိပ်နှင့် ဆက်စပ်နိုင်မှသာလျှင် အတိတ် အကြောင်းကံရိပ်ကို တစင်ထောင်နိုင်သည်ဟု မှတ်ပါ၊ ပစ္စုပ္ပန် အကြောင်းကံရိပ်မှာဆက်စပ်နိုင်တဲ့ ပရမတ်သဘောတရား သုဉ်း ဆိတ်နေပါသဖြင့် အတိတ်အကြောင်းကံရိပ်နှင့် ဆက်စပ်လို့မရ နိုင်ပါ၊ ပညတ်အရိပ် အစဉ်မပြတ်မစဲသေး၍သာ ဆက်စပ်သည် ဟု ထင်မှတ်နေကြခြင်းပါ၊ သဘာဝဓာတ်အမှန်ကား အတိတ် အကြောင်းကံရိပ်သည် သုဉ်းဆိတ်တဲ့ အနတ္တမှာ ဥက္ကောင်း ကျနေခြင်းကို နိယျာနဋ္ဌဟု ခေါ်ဆိုပါသည်။

ဟေတုဋ္ဌဆိုသည်မှာ အသင်္ခတမှသို့ ဆိုက်ရောက်ကြောင်းကို ဆိုလိုသည် အနာဂတ်အကြောင်းကံရိပ်သည် သူ့သဘာဝအား

ဖြင့် သဘာဝအတိုင်းဝေဘန်ပါလျှင် ဒိဋ္ဌိသော သဘာဝသို့ ဥက္ကောင်းကျနေပါပြီ၊ ၃၁-ဘုံ၌ တဖန်ပြန်သည်၍ မပေါ်နိုင်ခြင်းကို ဆိုသည်ဟူ၍၎င်း၊ ဖေ့တူ၌ အသင်္ခတဓမ္မသို့ ရောက်ကြောင်းဟူ၍၎င်း ခေါ်ဆိုနိုင်သည်။

အဓိပတေယျ ဆိုသည်မှာ ကြီးမှူးစိုးရခြင်း သဘောတရား နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်း၊ နိဗ္ဗာနဓာတ်သို့ ဝင်နိုင်ခြင်းကို ဆိုလိုပါသည်။

ဒဿနစသော သဘောတရား ၃-ပါးတို့အား သင်္ခတ လောကကြီးတခုလုံးကို ပယ်သတ်နှုတ်သိမ်း ဇာတ်သိမ်းလိုက်ခြင်းသည် အကျိုးတရားပေါ် အဓိပတေယျ သဘောတရား အသင်္ခတဓာတ်သို့ ဆိုက်ရောက်ဝင်သွားခြင်းပင်ဖြစ်သည်၊ ဆိုလိုရင်းမှာ ပစ္စုပ္ပန်အကြောင်းရုပ် အာရုမ္မဏိကသဘောတရား ၃-ချက် ဇာတ်သိမ်းလိုက်ခြင်းသည် သမုဒယသစ္စာနယ်၊ အဝိဇ္ဇာ တဏှာနယ်၊ ဖဿနယ်ကြီး ဇာတ်သိမ်းသည်ဟုမှတ်ပါ၊ ပစ္စုပ္ပန် အကျိုးရုပ်ပေါ် ဝေဒနာကို သိမ်းပိုက်လိုက်ခြင်းသည် နိဗ္ဗာန ဓာတ်ကို သိမ်းဆည်းသည်ဟုမှတ်၊ ဤအား အဓိပတေယျ သဘောတရားပင်တည်း။

“အနိမိတ္တော စ ဝိဟရတိ” ဟူသော အကျိုးတရား သတိပဋ္ဌာန်တွင် အနာဂါမိမဂ်ဉာဏ်သည် ဥက္ကောင်းဆိုက်၍ မဟာသတိပဋ္ဌာန်တရားတော် ဥက္ကောင်းခံယူတော်မူသည်ဟု ရှုမြင်တော်မူကြပါ၊

“ဤတွင် ပုံစံနံပါတ် ၃၉ အဖွင့်မှတ်ချက်ပြီး၏”

# ညဟောစဉ်။

ဝေဒနာနုပဿနာမှာ ၃ မျိုးပိုင်းပြီး ဟောကြားပါတယ်၊ အနုပုထုဇဉ်ပုဂ္ဂိုလ်တွေမှာ ဝေဒနာဆိုရင်ဘဲ ထန်းလျက်ကို စားတဲ့အခါမှာ ချိုတယ်ဆိုတဲ့ ဝေဒနာမျိုးကိုသာ ယူနေကြတယ်၊ ဒါမျိုးကို ယခုဝေဒနာနုပဿနာသတိပဋ္ဌာန်က မကိုင်ပါ၊ သူ့သဘာဝအတိုင်းပေါ်လာတဲ့ ပဋိစ္စသမုပ္ပါဒ်မှာရှိတဲ့ ဝေဒနာမျိုးကိုသာ ကိုင်သွားတော့တယ်၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ်ထဲမှာရှိတဲ့ ဝေဒနာမျိုးကိုသာ ဝေဘန်ပါ။

ဒီတော့ သာမိသဝေဒနာ = ဝိညာဏ်ရုပ်နှင့် တကွဖြစ်သော ဝေဒနာလို့ ဘာသာပြန်ထားတယ်၊ ဒါကို မကြိုက်သေးပါ၊ သာမိသဝေဒနာဆိုတာ အချုပ်စကားပြောရရင် သဿတဒိဋ္ဌိနှင့် ယှဉ်ပြီး ခံစားတဲ့ဝေဒနာပါ၊ ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်ပြီး ခံစားတဲ့ ဝေဒနာကျတော့ နိရာမိသဝေဒနာပါ၊ အတ္တဒိဋ္ဌိနှင့် ယှဉ်တဲ့ ဝေဒနာကျတော့ ရိုးရိုးဝေဒနာမျိုးပါ၊ (ဝါ) သာမညဖြင့်သာ ဟောကြားတော်မူတဲ့ ဝေဒနာပါ၊ ဒီလို ဒိဋ္ဌိ ၃-ပါးနဲ့ ဝေဒနာကို ခွဲစိတ်လိုက်ရင်ဘဲ ကျေသွားနိုင်ပါတယ်။

ဒီနေ့ ဥဒ္ဒေသကျွင်းချတဲ့ဝေဒနာနုပဿနာဟာ သမ္မဇဉ်အပိုင်းက နေတက်ပြီး ချလာပါတယ်၊ ဒီဝေဒနာကို ပဋိစ္စသမုပ္ပါဒ်ထဲမှာ ကြည့်တဲ့အခါမှာ သာမိသ၊ နိရာမိသ ဝေဒနာဟာ ပဋိစ္စသမုပ္ပါဒ် အကြောင်းကံရုပ်တွေပါ၊ ဒီတော့ ဝေဒနာဆိုတာဟာ ၂၉-ပါး သောကံတွေကို အားထုတ်နေတာကိုလဲဝေဒနာလို့ မှတ်လိုက်ပါ၊ (ဝါ) ၃၁-ဘုံမှ မလွတ်အောင် လုပ်နေတဲ့ကံတွေမှန်ရင် ဝေဒနာလို့ ခေါ်တယ်။

ယခု အတိတ်အကြောင်းကံရိပ်, အနာဂတ်အကြောင်းကံရိပ်, ပစ္စုပ္ပန်အကြောင်းကံရိပ်တွေကနေ ဥပါဒန်ကံရိပ်ဟာ ထွက်လာတယ်၊ ဒီ ကံရိပ်မပြတ်သေးရင် အနာဂါမိမဂ်မှာသာ ရှိနေသေးတယ်၊ ဒီကံရိပ်ပြတ်မှ ရဟန္တာဖြစ်သွားမယ်၊ နက်ဖြန်ကျမှ အာနာပါန ကာယာနုပဿနာသတိပဋ္ဌာန်ကနေ အရဟတ္တမဂ်ကို ဥက္ကောင်းချပြမယ်၊ ဒီတော့ သောတာပတ္တိမဂ်က သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာ ၂-ပါးကို ပယ်သတ်တယ်၊ သကဒါဂါမိမဂ်က သဿတနှင့်ဥစ္ဆေဒဒိဋ္ဌိအရိပ်ဖြစ်တဲ့ ဝိညာဏက္ခန္ဓာကို ပယ်သတ်တယ်၊ အနာဂါမိမဂ်က ယခုဝေဒနက္ခန္ဓာကို ပယ်သတ်တယ်၊ အရဟတ္တမဂ်က ရူပက္ခန္ဓာဖြစ်တဲ့ သာတရိပ်, ပီယရိပ်ကို ပယ်သတ်မယ်၊ ဒီနေ့ ဝေဒနာနုပဿနာကို ဥက္ကောင်းချလိုက်ပါပြီ၊နက်ဖြန် ရူပက္ခန္ဓာ ပယ်သတ်ပုံကို ပြပါမယ်။

ကိုင်း.... သာဓု ခေါ်ကြပါတော့။

သာဓု....သာဓု....သာဓု

ပုံစံနံပါတ် (၄၀)



တန်ဆောင်မုန်းလဆန်း(၉)ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၄၀)

မဟာသတိပဋ္ဌာန်တရား ဥဒ္ဒေါင်းချတဲ့အခါမှာ နောက်ကြောင်းကို ပြန်ပြီးကြည့်ပါဦး၊ အဆင်း,အကြည်,အမြင်,အသိ ဒီ ၄-ချက်မှာ ဘယ်အချက်တွေပြီးလို့ ဘယ်အချက်သာ ကျန်သေးသလဲ၊ ဒါကို ပြန်ကြည့်ပါ၊ ဓမ္မ ၄-ချက် ပေါင်းလိုက်တဲ့အခါမှာ ပဋိစ္စသမုပ္ပါဒ်လည်တယ်လို့ ခေါ်တယ်၊ ဒီ ၄-ချက်မှာ အခု ဘာတွေပြတ်လို့ ဘာတွေကျန်သေးသလဲ၊ တနည်း သောတာပန်ပုဂ္ဂိုလ်ဟာ ဒီဓမ္မ ၄ ချက်မှာ ဘယ်ဟာကို ပယ်သလဲ၊ သကဒါဂါမ်, အနာဂါမ်, ရဟန္တာတို့ဟာ ဘယ်ဓမ္မတွေကို ပယ်ကြသလဲ၊ ဒါက တချက်၊ နောက် အရဟတ္တမဂ်ဟာ မဟာသတိပဋ္ဌာန်နည်းဖြင့် ဘာကိုပယ်သတ်သလဲ ?

သောတာပန်ပုဂ္ဂိုလ် သတိပဋ္ဌာန်ထဲ ဝင်တဲ့အကျိုးတရားဟာ "ယာဝဒေဝ ဉာဏမတ္တာယ" ဉာဏ်၏ပွားစီးခြင်း အကျိုးငှါရင်း....လို့ ပြလာတယ်၊ ဒါဟာ ဓမ္မာနုပဿနာမှာ ဥက္ကောင်းချတယ်၊ သကဒါဂါမ်ပုဂ္ဂိုလ်ကျတော့ "ပဋိဿတိမတ္တာယ" သတိ၏ပွားခြင်းအကျိုးငှါရင်း၊ သတိတရားတွေဟာ ပွားစီးလာတော့တယ်၊ ဒါဟာ စိတ္တာနုပဿနာမှာ ဥက္ကောင်းချတယ်၊ အနာဂါမ်ပုဂ္ဂိုလ်ကျတော့ ဝေဒနာနုပဿနာမှာ ဥဒ္ဒေါင်းချတယ်၊ ဘော မဟာသတိပဋ္ဌာန် အကျိုးတရားကျတော့ "အနိဿိတောစ ဝိဟရတိ" တဏှာဒိဋ္ဌိတို့ကို မမှီမူ၍ ကမ္မဋ္ဌာန်းအာရုံ၌မွေ့လျော်၍နေ၏....လို့ ပြလာတယ်၊ ရဟန္တာပုဂ္ဂိုလ်ကျတော့ ကာယာ

နုပဿနာမှာ ဥက္ကောင်းချတယ်၊ သတိပဋ္ဌာန် အကျိုးကျတော့ 'နစကိစ္စိ လောကေ ဥပါဒိယတိ" ပညတ်စွဲလောကဥ္စ တစုံတခု ကိုမျှ မစွဲလန်းတော့ပါ၊ ဒီလို သတိပဋ္ဌာန်ပါဠိတော်မှာ ပြထား ပါတယ်။

ကိုင်း....ဒီတော့ အဆင်း၊ အကြည်၊ အမြင်၊ အသိ ဒီ ၄-ချက်မှာ သောတာပတ္တိမဂ်ဟာ အသိကိုပယ်တယ်၊ သကဒါဂါမိကျတော့ အမြင်ကိုပယ်တယ်၊ အနာဂါမိကျတော့ အကြည်ကို ပယ်တယ်၊ ရဟန္တာပုဂ္ဂိုလ်ကျတော့ အဆင်းကိုပယ်တယ်၊ ဒါဖြင့်ရင် ယခု အဆင်းတခုသာ ကျန်တော့တယ်၊ ဒီအဆင်းရိပ်လေးဟာ ဘယ် အနေနဲ့ ရှိသလဲ၊ ဒါကို ရှာပြစမ်းပါ။

နောက်တခါ ခန္ဓာအားဖြင့်ရင် သောတာပန် ပုဂ္ဂိုလ်ဟာ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာကိုပယ်တယ်၊ သကဒါဂါမိကျတော့ ဝိညာဏက္ခန္ဓာ၊ အနာဂါမိကျတော့ ဝေဒနက္ခာ၊ ရဟန္တာပုဂ္ဂိုလ် ကျတော့ ရူပက္ခန္ဓာကိုပယ်တယ်၊ ဒါဖြင့်ရင် ဒီရူပက္ခန္ဓာဟာ ဘယ် လို ရူပက္ခန္ဓာမျိုးလဲ၊ အခု ရနေတဲ့ခန္ဓာကောင်ကြီးကို ရူပက္ခန္ဓာ လို့ယူမလား မဟုတ်ပါ၊ နာမ်ပညတ်ရိပ်မျှသာ ရှိတော့တဲ့ ရူပက္ခန္ဓာပါ၊ အာရုံသဘောလောက်သာ ယူနိုင်တော့တယ်။

## " ပုံစံအလယ်စက်ဝိုင်း၏ မှတ်ချက် "
## " အရဟတ္တမဂ်ဉာဏ်၏ ပယ်ပုံ "

၁။ ရူပက္ခန္ဓာ ဆိုသည်မှာ နာမ်ခန္ဓာ ၄-ပါးတို့၏ အာရုံ သဘောကို ဆွဲကိုင်သဖြင့် ပေါ်ထွက်လာရသော အာရမ္မဏိက မပါဘဲ အာရုံသက်သက်သဘောမျှကို ရူပက္ခန္ဓာဟု ခေါ်သည်၊

ဤရူပက္ခန္ဓာမျိုးသည် သခ်ံတလောကကြီး၌ တစဉ်ထောင်ပြီး မပေါ်နိုင်သော ရူပက္ခန္ဓာဖြစ်၏၊ ဆိုလိုရင်းမှာ ရုပ်တရားမျိုး၌ ဥတုအကြောင်း, အာဟာရအကြောင်း, စိတ်အကြောင်း ဤ ၃-ပါး ကင်းဆိတ်၍ ကံအကြောင်းခေါ် ပစ္စုပ္ပန်သက်သက် သဘောတရားမျှကို ရူပက္ခန္ဓာဟုခေါ်သည်၊ အဘိဓမ္မာနည်းအရ ရူပက္ခန္ဓာကို တရားကိုယ်ကောက်သော် ပညတ်ရိပ် ၃-ပါးပေါင်း စုသော အာရုံသဘောသက်သက်ကို ကောက်ယူနိုင်သည်။

ထိုအာရုံသဘောတို့၌ သဏ္ဌာနဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, သဿတ ဥစ္ဆေဒဒိဋ္ဌိ ထိုဒိဋ္ဌိတို့ ကိန်းဝပ်လျက်ရှိနေသေး၏၊ ဤဒိဋ္ဌိ ၃-ပါး ပညတ်ရိပ် ၃-ပါးတို့သည် အာရုံသဘော၌ အစဉ်ရှိနေသော ကြောင့် ပစ္စုပ္ပန်ခဏဟု ခေါ်ဆိုခြင်း၌ ထိုပစ္စုပ္ပန်သည် အကျိုး ရိပ်မပြတ်သေးသဖြင့် မဂ်ဉာဏ်သို့ မဝင်နိုင်ပါ။

ကိုင်း....ဒီတော့ အခု နာမပညတ်သက်သက်သာ ကျန်တော့ တယ်၊ ဒီ နာမပညတ် အာရုံသဘောသာ ရှိတော့တဲ့ဟာကို အခု အရဟတ္တမဂ်ကြီးက ပယ်သတ်ရတော့မယ်၊ ဒီနာမပညတ်ရိပ် လေးဟာ ဘယ်အနေနဲ့ ရှိသလဲဆိုတော့ ဥပမာ....လူသေသွားတဲ့ အခါမှာ သူရဲ့အမည်ဟာကျန်ပြီး သားစဉ်မြေးဆက် ဒီနာမည် နဲ့ အလုပ်လုပ်နေသလိုဘဲ၊ ယခုလဲ ဒီနာမပညတ်ရိပ်လေးဟာ ပရမတ်သဘောမရှိတော့ဘဲ ပညတ်သက်သက်မျှသာ ရှိတော့ တယ်၊ ဒီ နာမပညတ်ရိပ်ဟာ အာရုံသဘောမျှသာ ရှိတော့တယ်၊ ဒီ နာမပညတ် အာရုံသဘောကိုသတ်လိုက်တာနဲ့ နိဗ္ဗာနဓာတ်ကို ခံစားသွားနိုင်ပြီ (ဝါ) နိရောဓသမာပတ်ဝင်စားနိုင်ပြီ၊ ဒါကို အခု အရဟတ္တမဂ်ဉာဏ်က သတ်ရတော့မယ်။

ဒီတော့ နမ္မစကြာနည်းဖြင့် ပြန်ကြည့်ရင်အဆင်းသာ ကျန်တော့တယ်၊ အဲဒါ ယခု အတိတ်၊ အနာဂတ်အာရုံလေးသာကျန်တော့တယ်၊ ဒီအနေမျိုးနဲ့သာ ကျန်နေတဲ့ အာရုံရုပ်လေးပါ၊ ဒါကိုလောကကြောင်းမှာဖွင့်ကြည့်ပါ၊ ဒီအာရုံသဘောလေးကိုဘဲ ချဉ်ဖတ်ထည့်စားနေတာဘဲ မဟုတ်လား၊ ဒီတော့ ယခု နာမ ပညတ်ရုပ်လေးဟာ သညာရဲ့အမှတ်မပြတ်သေးလို့ ထွက်နေတာပါ၊ ဒါဟာ ယခု ပစ္စုပ္ပန်မှာ ထွက်နေတာဟုတ်ပါ၊ အတိတ်၊ အနာဂတ် ဘယ်တုန်းက တက်လာတာမှန်းမသိပါ၊ ဒီအာရုံလေးက အခု ချုပ်ကိုင်နေတာပါ၊ ဒါ့ကြောင့် ဒီအာရုံသဘောလေးကို သတ်ရတော့မယ်။

ဒီအာရုံသဘောလေးမချုပ်သမျှ ၃၁-ဘုံကြီးဟာ ဇာတ်မသိမ်းနိုင်သေးပါ၊ ဒီအာရုံသဘောမှမသေရင် တနေ့အာရမ္မဏိက သဘောတွေ ပေါက်ဖွားပြီး ပဋိစ္စသမုပ္ပါဒ်ကြီး လည်အုံးမှာဘဲ မဟုတ်လား၊ ဒီအာရုံသဘောကို အခု အရှင်မဟာတုန်းက ပညတ်နာမ်သဘောလို့ပြလာခဲ့တယ်၊ ဒီအာရုံသဘောကို အခုအရဟတ္တမဂ်ကြီးက ပယ်သတ်တော့မယ်၊ ဒါက တကဏ္ဍပါ။

နောက် တကဏ္ဍထပ်ပြောပြမယ်၊ ဒီအာရုံသဘောလေးကို ခွဲစိတ်လိုက်တဲ့အခါမှာ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဥစ္ဆေဒဒိဋ္ဌိ ပညတ်ရုပ် ၃-ပါးကို လာတွေ့တယ်၊ ဒါကို သတ်ဖို့ဘဲရှိတော့တယ်၊ ဒါဖြင့် ဘယ်လိုသတ်မလဲ၊ ဘာနဲ့သတ်ရမလဲ၊ ဒါကို စဉ်းစားပါ။

ပဋိစ္စသမုပ္ပါဒ်ကြီးကို ဖောန်လိုက်ရင် သောတာပတ္တိမဂ်ဟာ အတိတ်အကြောင်းစက်နဲ့ အနာဂတ်အကျိုးစက် ဒီ ၂-ပါးကို

ပယ်တယ်၊ သကဒါဂါမိမဂ်က ပစ္စုပ္ပန်အကြောင်းစက်ကို ပယ်တယ်၊အနာဂါမိမဂ်ကပစ္စုပ္ပန်အကျိုးစက်ထဲမှာရှိတဲ့ အကြောင်းစက်ကို ပယ်တယ်၊ အရဟတ္တမဂ်ကျတော့ ပစ္စုပ္ပန်အကျိုး စက်ရဟတ်ကို ပယ်မယ်၊ ဒါဖြင့် ဒီပစ္စုပ္ပန်အကျိုး စက်ရဟတ်ကို ဘယ်မှာရှာရမလဲ ? ရှာပြစမ်းပါ၊ ခန္ဓာကိုယ်ထဲမှာ ရှိနေတဲ့ ပစ္စုပ္ပန်အကျိုးစက်ကိုရှာပြစမ်းပါ။

ဆရာတော်ရှာပြမယ်၊ ခန္ဓာကိုယ်ကြီးထဲမှာ မီးခဲတ်ကြီး ၄-ပါးရှိနေတယ်၊ ပရိပါစကမီးခဲတ်မှာ ရုပ် ၉-ပါးနဲ့ ဇနက အကြောင်းကံရှိတယ်၊ ဒါကိုအနာဂါမိမဂ်က ပယ်သတ်သွားပြီ၊ ယခုပရိပါစက မီးခဲတ်မှာ ပစ္စုပ္ပန်အကျိုး သက်သက်ကံရုပ် ဝေဒနာသဘောလေးသာ ကျန်နေတယ်၊ ဒီကနေနိဗ္ဗာနခဲတ်ကိုတက်မယ်။

ဒီပရိပါစကမီးခဲတ်ဟာနိဗ္ဗာနခဲတ်ဝင်သော်လဲဒီပရိပါစက မီးခဲတ်မှာ နာမပညတ်ရိပ်ဆိုတဲ့ အကျိုးရိပ်လေးဟာ မပျောက်သေးပါ၊ ကျန်နေသေးတယ်၊ ကျန်ခဲ့နေပေမဲ့ ဥတု အာဟာရ, စိတ်ပိုင်းတို့နဲ့လဲ မဆက်တော့ပါ၊ ဒီနာမပညတ် ရိပ်လေးဟာ သညာရဲ့အမှတ်လေးမျှသာ ရှိတော့တယ်၊ဒါကိုဘုရားရှင်က ပဋ္ဌိကူလမနသိကာရအပိုင်းမှာ "ကာယေကေသာ, လောမာ, နခါ, ဒန္တာ, တစော" လို့ဟောလာပါတယ်၊ ဒါဟာအမည်သက်သက်ကိုသာ ဘုရားရှင်က ယူစေချင်တယ်၊ ဒီနာမပညတ်လေးဟာ ပေါင်းနေတဲ့အတွက်ကျန်နေတာပါ၊ ဒါ့ကြောင့် ဒီပေါင်းနေတဲ့ဟာကို ခွဲလိုက်ဆိုပြီး ခွဲလိုက်မှဒီနာမပညတ်ရိပ်လေးဟာ ပျောက်သွားပါတယ်၊ ဒီနာမပညတ်ရိပ်ကို ဇာတ်သိမ်းနိုင်ရင် ရဟန္တာဖြစ်ပြီ။

ဒီနာမပညတ်ရိပ်လေးကိုဘယ်လိုသတ်မလဲ ၊ ဒါပြတ်သွားရင် ၃၁-ဘုံကြီးဟာ ပြတ်သွားတာဘဲ၊ ဒီနာမပညတ်ရိပ် အာရုံသဘောလေးမပြတ်လို့ ၃၁-ဘုံကြီးမှာ ခန္ဓာအိမ်တွေ ဆောက်နေရတာပါ၊ ဒီအာရုံသဘောလေးဟာ သူ့အလိုလိုရှိနေတာလို့ မထင်နဲ့၊ အရင်အာရမ္မဏိက သဘောနဲ့ပေါင်းစဉ်က အဆင်းမှာ အာရုံရိပ်လေးချုပြီးပြနေတာပါ၊ ဒါဟာဘယ်သူက ချခဲ့တာလဲ၊ နာမ်ခန္ဓာ ၄-ကောင်ကချခဲ့တာပါ၊ အခုနာမ်ခန္ဓာလေးတွေ သေသော်လဲ ဒီအာရုံသဘော နဲ့မပညတ်ရိပ်လေးဟာ မသေဘဲ ကျန်နေသေးတယ်၊ ဒါကိုတကာကြီးတို့က လိုက်စစ်ပါလား၊ ဒါကိုလိုက်စစ်လိုက်ရင် သူ့ရဲ့သဘာဝဟာ ပေါ်လာတော့မယ်၊ ဒီအာရုံသဘောလေးဟာ ၃၁-ဘုံကြီးမှာလှုပ်ရှမ်းကောင်းလေးဘဲ၊ ဒီနေ့အာရုံသဘော နာမပညတ်ရိပ်ကို ပုံစံအလယ်စက်ဝိုင်းကနေပြီး ပြလိုက်ပါပြီ။

# ညဟောစဉ်။

"တိက္ခဟာသ၊ ဇဝနဂမ္ဘီ၊ ဉာဏ်လေးလီဖြင့်၊ အခွံကိုခွါ၊ အကာကိုရှား၊ အသားကိုချေ၊ အနှစ်ကိုတွေနိုင်မှ သဘာဝအနတ္တ ဉာဏ်ထင်မြင်နိုင်သည့် အဖြစ်ကိုရင်း" လို့ ဆိုတဲ့ဆောင်ပုဒ်ကြီး အတိုင်း သောတာပန်ပုဂ္ဂိုလ်ဟာ အခွံတွေကို ခွါချလိုက်သလို အတ္တဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ-ဆိုတဲ့ ရုပ်တရား, နာမ်တရား၊ တွေက ထွက်လာတဲ့ဒိဋ္ဌိတွေကို ခွါနိုင်သွားပြီ။

ဒီတော့ ရုပ်နာမ်တရားဆိုတာ ဘာကိုခေါ်သလဲ၊ ဒါကို ကျီး နဲ့ ကြေနီး ဥပမာထားပြီး ဝိသုဒ္ဓိမဂ်ကြီးက ပြထားတယ်၊ ဒီရုပ် နဲ့ နာမ်ပေါင်းစပ်ပြီးတော့ အခွံတွေဖွဲ့ထားတယ်၊ ဒါဟာ အတ္တ ဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတွေပါ၊ ဒါကိုသောတာပတ္တိမဂ်က ခွါချလိုက်ပြီ။

ဒုတိယ တခါထပ်ပြီး ဝေဘန်လိုက်ပါအုံး၊ ဒိဋ္ဌိတွေဟာ ရုပ်တရား, နာမ်တရားပေါ်မှာရှိနေတယ်၊ ရုပ်တရားဟာသဿ တဒိဋ္ဌိ သာယာတဲ့တဏှာ အပေါ်မှာရှိနေတယ်၊ သတ္တဝါတွေဟာ ဒီရုပ်တရားပေါ်မှာတင်ပြီး လှချင်, ပချင်ကြတယ်၊ နာမ်တရား ကျတော့ ပသာဒနဲ့ကြည့်လို့ မမြင်တဲ့အတွက် ဖြစ်ချင်သလိုဖြစ် ဆိုပြီး ဥစ္ဆေဒဒိဋ္ဌိအနေနဲ့ ပစ်ထားကြတယ်၊ ဒီလိုအခွံတွေရှိ နေတယ်။

ဒီတော့ တဏှာကို ဖွင့်တဲ့အခါမှာ ကာမရာဂနဲ့ယှဉ်တဲ့ တဏှာ,ဘဝတဏှာ,ဝိဘဝတဏှာဆိုပြီး ဖွင့်ပြလာတယ်၊ "တနည်း" သဿတဒိဋ္ဌိနဲ့ယှဉ်တဲ့တဏှာ, ဥစ္ဆေဒဒိဋ္ဌိနဲ့ ယှဉ်တဲ့တဏှာ,အတ္တဒိဋ္ဌိ

နဲ့ယှဉ်တဲ့တရားဆိုပြီး ပြလာတယ်၊ ဒီတော့ ရုပ်တရားအပေါ်မှာ အလှ အပပြုပြင်သလို နာမ်တရားအပေါ်မှာကော ပြုပြင်သလား....၊ ပြုပြင်တာက သီလ စောင့်ထိန်းတာပါ၊ သီလ မစောင့်ထိန်းတာက နာမ်တရားကို ဥစ္ဆေဒဒိဋ္ဌိအနေနဲ့ ပယ်ထား တဲ့အတွက်ကြောင့်ပါ။

ဒီသဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးပေါင်းပြီး ပေါ်တဲ့ဒိဋ္ဌိကို အတ္တဒိဋ္ဌိတရားလို့ခေါ်တယ်၊ ဒီတရားဒိဋ္ဌိတွေကို သောတာပတ္တိ မဂ်က ပယ်သတ်တယ်၊ ဒါကအောက်ရုပ်နာမ်ပိုင်းကနေပြီးပြော တာပါ၊နေ့ခင်းကပြောလာခဲ့တဲ့ ခန္ဓာပိုင်းကနေပြောတာကျတော့ အခုမဟာသတိပဋ္ဌာန် တရားဥဒ္ဒေသမှာကို ဒိဋ္ဌိတရားတွေပယ် သင်ပုံကို ပြောပြခဲ့ပါပြီ၊ ပြောလိုတာက ဝိပဿနာအား ထုတ်ပြီးမှ (ဝါ) ဝိပဿနာတရား အသိဉာဏ်ရပြီးမှ ဒါန,သီလ တွေကို ပြုလုပ်အားထုတ်လို့ရှိရင် အချိုးအနှိုးမဖြစ်တော့ဘဲ သုည တွေနောက်ကပွါးတိုးလာသလို ပွါးတိုးလာတော့မယ်၊ဒါကြောင့် ဒါန, သီလ, ဘာဝနာတို့ကို ပညာဖြင့် အားထုတ်ရမယ်၊ ပညာ ဖြင့်အားထုတ်ကြပါ။

ကိုင်း....သာဓုခေါ်ကြပါတော့၊

သာဓု....သာဓု....သာဓု။

တန်ဆောင်မုန်းလဆန်း(၁၀)ရက် နေ့ဟောစဉ်။

# ပုံစံနံပါတ် (၄၀)

အခုအာရုံလေးကျန်နေတာဟာဘယ်အနေနဲ့ကျန်နေတာလဲ၊ ဒါကိုထပ်စစ်ရမယ်၊ ဥဋ္ဌါဠ္ဓိတညှုပုဂ္ဂိုလ်တွေကို ဒီနေရာကနေ ဘုရားရှင်ဟောလိုက်တာနဲ့ တခါထဲပြီးသွားတာဘဲ၊ ဒီအာရုံလေးကိုထပ်ခွဲရအုံးမယ်၊ ဘယ်အနေနဲ့ ရှိနေတာလဲ၊ ဒီတော့ အဆင်းနဲ့ အကြည်ဆုံလိုက်တဲ့အခါမှာ အာရမ္မဏိကသဘောတွေဟာ အဆင်းမှာကပ်ပြီး ပေါ်လာကြတယ်၊ ဒါကိုအာရုံလို့ခေါ်တယ်၊ အဲဒါကို "ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ"လို့ပြလာတယ်။

ဥပမာ....ထပ်ပြမယ်၊ တံဆိပ်တုံးလေးဟာ စက္ကူဖြူပေါ်မှာ ရိုက်လိုက်ရင် စက္ကူဖြူပေါ်မှာလာထင်နေတယ်၊ တံဆိပ်တုံးမှာ ရှိတဲ့သဘာဝတွေက အာရမ္မဏိကသဘော, စက္ကူဖြူပေါ်မှာလာထင်နေတာက အာရုံသဘောပါ၊ အခုအာရမ္မဏိကသဘောတွေဟာသုဉ်းဆိတ်သွားပြီ စက္ကူဖြူပေါ်မှာရှိတဲ့တံဆိပ်စာလေးဖြစ်တဲ့ အာရုံသဘောသာ ကျန်တော့တယ်၊ ဒါကိုသိမ်းဆည်းနိုင်ရင် ရဟန္တာဖြစ်တာဘဲ။

ဒီတော့ စက္ကူဖြူပေါ်မှာတင်နေတဲ့ တံဆိပ်စာလေးဟာရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံလား၊ မဟုတ်ပါ၊ ဒါဖြင့်သူဟာ ဘယ်သဘာဝကြောင့်ထင်လာတာလဲ၊ ဒီလိုမေးရင် ဘယ်လိုဖြေမလဲ ဒါကို အရဟတ္တမဂ်ကျမှပယ်ပါတယ်၊ အောက်မဂ်ပုဂ္ဂိုလ် ၃-ယောက်ဟာ ဒီပညတ်တံဆိပ်ဖြစ်တဲ့ အာရုံသဘောလေးကို မသုဉ်းဆိတ်နိုင်သေးပါ၊ ဒါကို ဥပါဒိခန္ဓာလို့ခေါ်တယ်၊

( ၀ါ ) ပညာတ် ၃-ပါးအရိပ် ( ၀ါ ) နာမ်ခန္ဓာ ၄-ပါးတို့ရဲ့ အာရုံရိပ်, ဓမ္မာကြာနည်းဖြင့်ဆိုရင် ပဋိပ္ပန်အကျိုးရိပ်, အနတ္တလက္ခဏာသုတ်နည်းဖြင့်ပြောရင် သညာရိပ်လို့ခေါ်တယ်၊ ဒါကို အရဟတ္တမဂ်က ပယ်သတ်ပါတယ်။

ဒီပညာတ်စွဲလေးကို ငြိမ်းခြင်းအဖြစ်သို့ရောက်အောင် ဒီအာနာပါန ကာယာနုပဿနာ သတိပဋ္ဌာန်တရားတော်ကြီးကို ဟောကြားတာပါ၊ အနတ္တလက္ခဏာသုတ်ကျတော့ "အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ" လို့ ဂ-ချက်ထုတ်ပြလာတယ်။

ကိုင်း....အာရုံလေးကို ဘယ်ဟာနဲ့သတ်မလဲဆိုတော့ ဘုရားရှင်က ရုပ်နာမ်တရားကို ပယ်သတ်တဲ့အခါမှာ ဒုက္ခနဲ့အနတ္တကို ပြလာပါတယ်၊ အခုဒီနေရာမှာ ဘာနဲ့သိမ်းမလဲဆိုတော့ ဒုက္ခနဲ့သိမ်းရမယ် ဟို ၃-ပါးက ပရမတ္ထနယ်မှာ ထင်ရှားတဲ့ဟာတွေဖြစ်လို့ အနတ္တနဲ့သိမ်းရမယ်၊ အခုဟာက ပညာတ်နယ်မှာဖြစ်လို့ ဒုက္ခနဲ့သိမ်းရမယ်။

ဒီတော့ ရဟန္တာပုဂ္ဂိုလ်ဟာ ဒုက္ခကိုမြင်နေတဲ့အတွက် လောကဓံနဲ့တိုက်သော်လဲမထုန်လှုပ်ဘဲ ရပ်တည်နေနိုင်ပြီ၊ ဒါ့ကြောင့် ရဟန္တာပုဂ္ဂိုလ်ဟာ သုခဟူ၍ရှင်း, ဒုက္ခဟူ၍ရှင်း မခံစားတော့ပါလို့ သဓမ္မာဘာဝိနေဒနီ အဋ္ဌကထာကြီးက ပြလာပါတယ်၊ မိလိန္ဒပဉှာမှာလဲပြထားတယ်။

ကိုင်း....ဒီတော့ ဒီအာရုံသဘောကို ခွဲစိတ်ပါအုံး၊ သတ္တဝါတွေမှာ ကမ္ဘာတည်လာကထဲက သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, အတ္တဒိဋ္ဌိတွေနဲ့ တည်လာကြတယ်၊ ဒါ့ကြောင့် ဒီဒိဋ္ဌိတွေကို မြင်အောင်ရှုရမယ်၊ ဒီတော့ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဟာ ဘယ်နှစ်မျိုးရှိသလဲ၊ အားလုံးကျေနပ်လောက်အောင် ပြောပြမယ်။

"သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ ပေါ်ထွက်ခြင်းသဘော"

သင်နည်း-မှတ်ချက်။

၁။ ရုပ်တရား နာမ်တရား ၂-ပါးတို့မှလည်း သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ထွက်ပေါ်၏၊ တိုဒိဋ္ဌိမျိုးကား အန္ဓပုထုဇဉ်တို့၏ သန္တာန်၌ ရှိသောဒိဋ္ဌိမျိုးဟူ၍မှတ်။ (ကလျာဏမျက်စေ့ပေါက် သောပုဂ္ဂိုလ်များပယ်နိုင်သည်။)

၂။ ခန္ဓာ ၂-ပါး၌ရှိသောသဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိတို့ကိုကား သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် ၂-ပါးပိုင်သော ပုဂ္ဂိုလ်များပယ် နိုင်သည်၊ ဆိုလိုရင်းမှာ ရုပ်တရား၊နာမ်တရားမှ ထွက်သောဒိဋ္ဌိ၊ ခန္ဓာမှထွက်သောဒိဋ္ဌိဟူ၍ ၂-မျိုးရှိကြောင်းကိုဆိုလိုသည်။

၃။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ၄-ပါးမှလည်း သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့သည်ထွက်ပေါ်လျက်ရှိနေကြလေ၏၊အတိတ် အကြောင်းစက်မှထွက်ပေါ်လာသော သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့ကို အရင်းထား၍ သောတာပန်ပုဂ္ဂိုလ်ပယ်တော်မူသည်။

၄။ အနာဂတ်အကျိုး စက်ရဟတ်မှထွက်သော သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတို့ကိုကား သကဒါဂါမ်ပုဂ္ဂိုလ်သည် အရင်းထား၍ ပယ်တော်မူသည်။

၅။ ပစ္စုပ္ပန်အကြောင်း စက်ရဟတ်မှ ထွက်ပေါ်လာသော သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့ကိုကား အနာဂါမ်ပုဂ္ဂိုလ်သည် အရင်းထား၍ပယ်တော်မူသည်။

၆။ ပစ္စုပ္ပန်အကျိုး စက်ရဟတ်မှ ထွက်ပေါ်လာသော သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့ကိုကား ရဟန္တာပုဂ္ဂိုလ်သည် အရင်းထား၍ ပယ်တော်မူသည်၊ဤကဲ့သို့ သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့ကို ပယ်တော်မူသည်၊ ဒီလိုခွဲပြီးရှုရမယ်။

သဘာဝထုတ်ပြီးရှုနိုင်လာရင် ပယ်နိုင်တာဘဲ၊ ဒီတော့ ပိဋကတ်တော်မှာတော့ "သဿတော လောကော"ဒီလောက်သာပြလာပါတယ်၊ ဒါဟာအနန္တတွေရဲ့ နှလုံးအိမ်မှ ပေါ်ထွက်လာတဲ့ သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိတွေပါ၊ နောက် "၂၈"ပါးသောကံတွေကိုကြည့်ပြီး သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ ဖွင့်ကြတယ်၊ နောက်သမာပတ် ၈-ပါးနဲ့ဆိုင်တဲ့ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ တွေကိုသာဖွင့်ပြသွားကြပါတယ်၊ ဝိပဿနာပဋိစ္စသမုပ္ပါဒ်မှာပါတဲ့ သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိတွေကိုတော့မဖွင့်ပြကြပါ။

ဒီတော့ အခု ပစ္စုပ္ပန်အကျိုးထဲရှိနေတဲ့ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးကိုပယ်ရမယ်၊ဒါဟာအာရုံသဘောပါ၊ဒီအာရုံသဘောဟာပညတ်ရုပ် ၃-ပါးပေါင်းပြီး ပစ္စုပ္ပန်အကျိုးမှာထင်နေတဲ့သဘောပါ၊ ဒီတော့ ပစ္စုပ္ပန်ဟာသူ့အလိုလို ပေါ်နေတဲ့ ပစ္စုပ္ပန်, ၂-ခုပေါင်းပြီးပေါ်နေတဲ့ပစ္စုပ္ပန်, ၃-ခု-၄-ခု-ပေါင်းပြီး ပေါ်နေတဲ့ပစ္စုပ္ပန်လို့ ၃-မျိုးရှိတယ်၊ ယခုပစ္စုပ္ပန်က သူ့သဘာဝအတိုင်း "ထီးထီး" လေးအနေနဲ့ပေါ်နေတာပါ။

ဥပမာ....လဘက်ရေပုဂံလေး ပေါ်နေသလိုဘဲ၊ ဒါကို ခဏပစ္စုပ္ပန်လို့ခေါ်တယ်၊ ခဏဆိုတာ အကျိုးဆိုတဲ့ စကားကိုပြောတာပါ၊ ဘာ့ကြောင့်အကျိုးပစ္စုပ္ပန်ခေါ်သလဲ၊ သူ့ဟာသူပေါ်နေတဲ့အတွက်ကြောင့်ပါ၊ သူ့မှာဥပါဒါန်တွေ ပွါးစီးလာအောင်မလုပ်နိုင်တော့ပါ၊ ဥပါဒါန်တွေဖြစ်နေတာက သန္တတိပစ္စုပ္ပန်ပါ၊ အဒ္ဓါနပစ္စုပ္ပန်ကျတော့ ဘယ်တော့မှမပြတ်တော့ဘဲ အစဉ်ကြီးဖြစ်နေပြီ၊ ယခုရှိနေတာက ခဏပစ္စုပ္ပန် (ဝါ) အကျိုးပစ္စုပ္ပန်သာရှိတော့တယ်။

အာရုံတွေနဲ့ဆုံတဲ့အခါမှာ မပေါ်နိုင်တော့ပါ၊ အဆင်း, အကြည်နောက်သို့မလိုက်နိုင်တော့ပါ၊ ဘာ့ကြောင့်လဲ၊ အာရမ္မဏိကသဘော ဇာတ်သိမ်းနေလို့ပါ၊ အာရမ္မဏိကသဘောဆိုတာ သခ်ိတပရမတ်သဘောပါ၊အခုရှိနေတာက အကျိုးပစ္စုပ္ပန်(ဝါ) ခဏပစ္စုပ္ပန်ပါ၊ ဒါကဇာတ်မသိမ်းသေးပါ၊ ကျန်နေသေးတယ်၊ ဒီအာရုံသေးမှာ အသခ်ိတမှသို့ ဝင်မဲ့ ပရမတ် သဘောလေး သာရှိတော့တယ်၊ ဒါကိုမြင်အောင်ရှုပါ။

ဒီတော့တရားရှာနေကြတာဟာ နိဗ္ဗာန်ကိုတွေ့အောင်လို့ရှာနေကြတာပါ၊ နိဗ္ဗာန်ကိုတွေ့ချင်ရင် ဒုက္ခကိုမြင်အောင်ရှု ဒုက္ခကိုမြင်ရင် နိဗ္ဗာန်ကိုမြင်ပြီ၊ ဒီတော့ နိဗ္ဗာနဓာတ်ကို အဇ္ဈတ္တ, ဗဟိဒ္ဓနဲ့ကောက်တဲ့အခါမှာ ဗဟိဒ္ဓအနေနဲ့ ကောက်ပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ အာရုံသဘောလေးမျှသာရှိနေတဲ့အတွက်ကြောင့်ပါ၊ အာရမ္မဏိကသဘောကို ရှာလို့ မရတော့ပါ၊ ဒီအာရုံသဘောကိုသာမိအောင်ချေလိုက်ရင် နိဗ္ဗာနဓာတ်ကို တွေ့မှာဘဲ၊ နိဗ္ဗာနဓာတ်ကို တွေ့အောင် ဘယ်လိုလုပ်မလဲ၊ အာရုံသဘောပညတ်ရိပ်လေးကို ခွဲရမယ်။

ပုံစံမှာကြည့်ပါ၊ သူတို့ဟာဘယ်အနေနဲ့ပေါင်းသလဲဆိုတော့ နာမပညတ်ဟာ အတိတ်သဘောအနေနဲ့ သညာရိပ် ဝင်လာတယ်၊ ဒါက အာရုံတချက်၊ နောက် သဏ္ဍာန ပညတ်ရိပ်ကလဲ အနာဂတ်သဘော သညာရိပ် အနေနဲ့ ဝင်လာတယ်၊ ဒါက အာရုံတချက်၊ နောက်....သမူဟပညတ်ရိပ်ကလဲ ပစ္စုပ္ပန်သဘော သညာရိပ်အနေနဲ့ဝင်လာတယ်၊ ဒါကအာရုံတချက်၊ ဒီတော့ အာရုံထဲမှာကို ဒီပညတ်ရိပ် ၃–ပါး ပေါင်းနေသေးတယ်။

အဘိဓမ္မာဘက်ကို ပါအောင် ပစ္စုပ္ပန်အဆင်း သညာရိပ်၊ အကြည်သညာရိပ်၊ အမြင်သညာရိပ်၊ အသိသညာရိပ်လို့ ပြလာကာပါ၊ ဒီအာရုံလေးမှာလဲ အတိတ်၊အနာဂတ်၊ပစ္စုပ္ပန် အနေနဲ့ ရှိနေသေးတယ်၊ ပျောက်ပျက် မသွားသေးဘူး ဒီအာရုံရိပ်ကြေသွားမှ နိဗ္ဗာနဓာတ်ကိုတွေ့မယ်၊ ဒီအာရုံရိပ်မကြေသမျှ နိဗ္ဗာနဓာတ်ကိုမတွေ့ပါ၊ ကမ္ဘာတသိန်း ပါရမီဖြည့်တဲ့ အဂ္ဂသာဝက မဟာသာဝကတွေဟာ အခု ဒီအာရုံရိပ် ကြေသွားနေပြီး ပြလိုက်တာနဲ့ နိဗ္ဗာနဓာတ်ကို တချက်ထဲဝင်သွားတာဘဲ။

ဒီတော့ ဒီအာရုံသဘောမှာ ထောက်ထားတဲ့ ပဋ္ဌာတ်ရိပ် ၃-ပါးကို ရိုက်ချိုးလိုက်တာနဲ့ အကျိုးပစ္စုပ္ပန်ဟာ အကျိုးပြုတ်ပြီး ပစ္စုပ္ပန်ဆုံးပြီးဖြစ်လာပြီ၊ နိဗ္ဗာနဓာတ်ထဲကို ဝင်ရောက်တော့ ပစ္စုပ္ပန်ခဏဆုံးပြီး ဝင်သွားတယ်၊နိဗ္ဗာနဓာတ်ထဲကို မဝင်သေးရင် ခဏပစ္စုပ္ပန်လို့ ခေါ်တယ် ဒီအနေနဲ့ သုံးသွားတယ်၊ ဒါကို မြင်အောင်ရှုရမယ်၊ အခုပြောနေတာက လက်တွေ့နည်းပါ။

ဒီတော့ ပစ္စုပ္ပန်ခဏမှာ ခဏဆိုတာက သန္တိသုခ ငြိမ်းတဲ့ နိဗ္ဗာနဓာတ်ကို ခေါ်တယ်၊ ဒီပစ္စုပ္ပန်မှာ သန္တိသုခ နိဗ္ဗာနဓာတ်ဟာ ဘယ်အနေနဲ့ ရှိနေသလဲ ဆိုတာကို မေ့ကြာ၊အနတ္တလက္ခဏာ သုတ်တွေနဲ့တကွ ရှာရတယ်၊ ဒီတော့ ငြိမ်းတာကို ခဏလို့ ခေါ်တယ် ဒီတော့ ခဏဆိုတာဟာ အတိတ်၊အနာဂတ်၊ပစ္စုပ္ပန် မရှိတာကိုလဲ ခဏ၊ ဒီအနေနဲ့လဲ သုံးတယ်၊ နောက်တခါ အတိတ် အနာဂတ်၊ပစ္စုပ္ပန်ရှိတာကိုလဲ ခဏလို့ သုံးတယ် ယခု ဒီနေရာမှာ ခဏဆိုတာ ကာလ ၃-ပါးကင်းတဲ့ သန္တိသုခခေါ်တယ်ပါ။

ဒီနေရာမှာ သုံးတဲ့ခဏဟာ အတိတ်၊အနာဂတ်၊ပစ္စုပ္ပန်၊ မရှိတဲ့ သဘောပါ၊ ပစ္စုပ္ပန်ဆိုတာက မျက်မှောက်သဘောလို့ ခေါ်တယ်၊ "တနည်း"ပစ္စုပ္ပန်ခဏ သန္တိသုခ- ငြိမ်းတဲ့ နိဗ္ဗာနဓာတ်

အတိတ်,အနာဂတ်,ပစ္စုပ္ပန်တို့နှင့် ယှဉ်တွဲဆက်စပ်တဲ့သဘောပါ၊ ဒီနေ့ နိဗ္ဗာနဓာတ်ကြီးဟာ မကြောင့်မကြဘဲနဲ့ ထွက်သွားပါပြီ၊ ဒါက အကျိုးတရားကိုပြတာပါ။

ကိုင်း ... အတိတ်သဘော နာမပညတ်, အနာဂတ်သဘော သဏ္ဌာနပညတ်,ပစ္စုပ္ပန်သဘောသမူဟပညတ် ရေသောက်မြစ်ကို ဘာနဲ့ နှုတ်မလဲဆိုတော့ အနတ္တလက္ခဏာသုတ်အဆုံးပိုင်းကိုတင်ပြီး နှုတ်ရမယ်၊ ဒီတော့ "နေတံ မမ နေသော ဟမသ္မိ နမေသော အတ္တာတိ" တဲ၊ ဤပညတ်ရိပ် ၃ ပါးသည်၊ နမမ၊ ငါ၏ ဥစ္စာမဟုတ်ပါတကား။ ဧသော၊ ဤပညတ်ရိပ် ၃-ပါးသည်။ အဟံနအသ္မိ၊ ငါမဖြစ်ပါတကား။ ဧသော၊ ဤပညတ်ရိပ် ၃-ပါး သည်။ မေ၊ ငါ၏။ နအတ္တာ၊ အစိုးမရ, အလိုသို့မလိုက်ပါ တကား....လို့ပြလာတယ်၊ ဒါကြောင့် ပညတ်ရိပ် ၃-ပါးကို ငါ–၃-ငါနဲ့ ကွဲအောင်ရှုပါ၊ အတိတ်သဘော နာမပညတ်ရိပ် လေးဟာတဏှာငါ၊ဒီတော့ ပညတ်ရဲ့တည်ရာအစဟာအတိတ်ဘဲ၊ ပရမတ်သဘောရဲ့တည်ရာအစဟာ ပစ္စုပ္ပန်ဘဲ၊

ဒီတော့ အတိတ်သဘောနာမပညတ်ရိပ်မှာ တဏှာငါ သဿတ ဒိဋ္ဌိ အနာဂတ်သဘော,သဏ္ဌာနပညတ်ရိပ်မှာ မာနငါဥစ္ဆေဒ ဒိဋ္ဌိ ပစ္စုပ္ပန်သဘော, သမူဟပညတ်ရိပ်မှာ ဒိဋ္ဌိငါ သဿတ, ဥစ္ဆေဒဒိဋ္ဌိပါ၊ ဒါကိုမြင်အောင်ရှုပါ၊ ဒါကိုအခုနှုတ်ရတော့မယ်၊ ဘာနဲ့ နှုတ်မလဲ၊ ဒီနေရာမှာ သုတ္တန်နည်းနဲ့ ဟောရင် ကျယ်ဝန်း နေမှာစိုးသည့်အတွက် အခုအကျဉ်းမျှသာ သဘောဝဆက်မိ ဟောလိုက်ပါပြီ။

ဒီရေသောက်မြစ် ၃-ချက်ကိုအရဟတ္တမဂ်ဉာဏ်ရဲ့ ရေသောက် မြစ်ဖြစ်တဲ့ "ဒသနေဋ္ဌ,နိယျာနဋ္ဌ,ဟေတုဋ္ဌ, အဓိပတေယျဋ္ဌ" နဲ့ သတ်ရမယ်၊အတိတ်သဘောနာမပညတ် တဏှာငါသဿတဒိဋ္ဌိကို

ဒဿနငွှနဲ့ သတ်ရမယ်၊ အနာဂတ်သဘော သညာနပညတ်မာနငါ ဥစ္စာဒိဋ္ဌိကို နိယျာနငွှနဲ့ သတ်ရမယ်၊ ပစ္စုပ္ပန်သဘော သမူဟပညတ်ဒိဋ္ဌိငါ သဿတ, ဥစ္ဆေဒဒိဋ္ဌိကို ဟေတုငွှနဲ့ သတ်ရမယ်၊ နောက်ဆုံးအဋ်ပစ္စယငွှနဲ့ နိဗ္ဗာနဓာတ်ကို ယူသွားမယ်၊ ဒါဟာ ကာယာနုပဿနာမှာ ဥက္ကောင်းချပါတယ်၊ အကျိုးတရားကျတော့ " နစ ကိုဒ္ဓိ လောကေ ဥပါဒိယတိ" ပညတ်စွဲလောကဥ်တစုံတခုကိုမျှ မစွဲလမ်းတော့ဘဲ ရဟန္တာဖြစ်သွားပြီ၊ ကိုင်း.... မဟာသတိပဋ္ဌာန်တရားတော်မြတ်ကြီးကိုဥက္ကောင်းချလိုက်ပါပြီ။

ကိုင်း.... သာဓုခေါ်ကြပါတော့။

သာဓု....သာဓု....သာဓု

---

၁၃၂၉-ခုနှစ် ဝါဆိုလပြည့်ကျော်နေ့မှစ၍ တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့တိုင်အောင် မန္တလေးမြို့ အရှေ့ပြင် မင်္ဂလာဥယျာဉ်ရပ် "မေ့မစကြာ ပဋိပတ်သာသနာပြု ရိပ်သာ-နာယကဆရာတော်ဘုရားကြီး" ဟောကြားဆုံးမတော်မူအပ်သော မဟာသတိပဋ္ဌာန်ပဋိပတ်လုပ်ငန်းစဉ် တရားတော်မြတ်ကြီးသည် ဤတွင်တရားဥက္ကောင်းချ၍ ပြီးဆုံးခြင်းသို့ ရောက်ပါပြီ။

(သု) တေသီနံ သုမိတ္တာနံ၊
( ခ ) ဏေန အတ္ထသာဓကာ။
( ၀ ) ဓေနုတ္တံ သုခုမာပညာ၊
(တိ) ရေနုတ္တံ ဘာ၀အဏ္ဏ၀ါ။

သုတေသီနံ၊ အနာကုလ တတ်သိပ္ပကို လုံ့လအားသီး ဖွေရှာမှီးကြကုန်သော။ သုမိတ္တာနံ၊ ငါးပါး မလွတ် မိတ်ကောင်းဝတ်မှ မချွတ်ယွင်းပေ ချစ်မိတ်ဆွေတို့အား။ ခဏေန၊ နှောင့်ယှက် လွတ်ကင်း ခဏခြင်းဖြင့်။ အတ္ထသာဓကာ၊ လောကခမ္မ နှစ်ဖ အကျိုးဆောင်ပိုး ပြီးမြောက်စေတတ်ကုန်သော။ သုခုမာပညာ၊ သမုဒ်နက်ကျယ် ယှန်သူငယ်သို့ နိုင်းဘွယ် မရှေ့ သိမ်မွေ့ နက်နဲ ခက်ခဲလှစွာ မြတ်ပညာတို့သည်။ ၀ဓေနုတ္တံ၊ တနေ့တခြား ကျယ်ပြန့်ပွါး၍ ဖွံ့ထွား တိုးတက်တော်မူကြပါစေကုန်သတည်း။ ဘာ၀အဏ္ဏ၀ါ၊ သုံးပါးဘ၀ ဒုက္ခပြောကျယ် ၀ဋ်ပင်လယ်မှ။ တိရေနုတ္တံ၊ မဂ်ပေါက် ဖိုလ်ပေါက် နိဗ္ဗာန်ရောက်အောင် ကူးမြောက်တော်မူနိုင်ကြပါစေကုန်သတည်း။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၃၀၈၂)

---

ပုံနှိပ်သူ– ဦးစိန်တင် ( ပ/၀၈၇၄ ) သုခ၀တီစာပုံနှိပ်တိုက်
၈၄-ဗိုလ်ချုပ်လမ်း မန္တလေးမြို့တွင်-ရိုက်နှိပ်၍
ထုတ်ဝေသူ– ဦးစိန်တင် ( ထ-မြဲ/၀၆၄၂ ) သုခ၀တီစာပေတိုက်
၈၄-ဗိုလ်ချုပ်လမ်း မန္တလေးမြို့မှ ထုတ်ဝေသည်။
ဖုံးနံပါတ် (၆၇၆)
ဘီ-၇/၆၅၂